စစ်အာဏာသိမ်းမှုသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်မှုကို မြင့်တက်စေရုံမျှမက စစ်ပွဲစီးပွားရေးနှင့် ကျဆင်းနေသည့် နိုင်ငံ့စီးပွားရေးကို ဆွဲတင်နိုင်ရန် စစ်တပ်၏ အသည်းအသန်ကြိုးပမ်းမှုများကြောင့် သယံဇာတ အလွန်အကျွံသုံးစွဲမှု ဖြစ်ပေါ်နေသည်။ သစ်လုပ်ငန်းနှင့် သတ္တုတွင်းလုပ်ငန်းများသည် သစ်တောပြုန်းတီးမှု၊ လေထုညစ်ညမ်းမှု၊ မြေပြိုမှုများနှင့် ရေအရင်း အမြစ်ရှားပါးလာမှုကဲ့သို့ စိုးရိမ်ဖွယ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များကို ဖြစ်ပေါ်စေပါသည်။[11] ဤသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များသည် ဒေသခံလူထုအတွက် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများကို ပိုမိုဆိုးရွာလာစေမည်ဟုခန့်မှန်းရပြီး ထိခိုက်လွယ်သော လူအုပ်စုများ၏ အသက်မွေးဝမ်းကျောင်းများ အထူးသဖြင့် သတ္တုတွင်းလုပ်ငန်းများအနီးရှိ ပြည်သူများနှင့် သစ်တောထွက်ပစ္စည်းများအပေါ် မှီခိုနေရသည့် ပြည်သူများကိုလည်း ခြိမ်းခြောက်နေသည်။[12] တစ်ဆက်တည်းမှာပင် ပဋိပက္ခနှင့် မရေရာလာသည့် အသက်မွေးဝမ်းကျောင်းမှုများကြောင့် နေရပ်စွန့်ခွာ ပြောင်းရွှေ့ခြင်းများသည် ဒေသတွင်း သဘာဝပတ်ဝန်းကျင် အကျိုးဆက်များကို ဖြစ်ပေါ်လာစေပြီး ရေ၊ သစ်တော၊ ဒီရေတောကဲ့သို့သော ရှားပါးလာနေပြီဖြစ်သည့် သဘာဝအရင်းအမြစ်များအပေါ် ဖိအားပိုမိုဖြစ်စေသည်။[13] စစ်အာဏာ မသိမ်းမီကတည်းက ဆောင်ရွက်နေကြသည့် သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားမှုများနှင့် စောင့်ကြည့်မှုများသည် ယခုအခါ ဖိနှိပ်ခံနေကြရသည်။ မြောက်မြားစွာသော သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူများသည် ဖမ်းဆီး ခံနေခြင်း၊ တိတ်တဆိတ်သာ လှုပ်ရှားကြတော့ခြင်း၊ စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ထွက်ပြေးနေကြရခြင်း သို့မဟုတ် ပြည်သူ့ကာကွယ်ရေးတပ် (ပီဒီအက်ဖ်) ကဲ့သို့သော တော်လှန်ရေးအုပ်စုများထဲသို့ ဝင်ရောက်သွားကြခြင်းများရှိသည်။[14]

ထိုနည်းတူ စစ်အာဏာသိမ်းမှုသည် ရာသီဥတုပြောင်းလဲမှုကို လိုက်လျော ညီထွေဖြစ်အောင် ပြုပြင်ရေးနှင့် လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အဟန့်အတားဖြစ်စေခဲ့သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပြည်တွင်း ပရဟိတအသင်းများအနေဖြင့် စစ်အာဏာ မသိမ်းမီက ပြုလုပ်ခဲ့သည့် ပလတ်စတစ် ကောက်ခြင်းမှသည် အများပြည်သူပိုင်သစ်တော စိုက်ပျိုးခြင်းအထိ လုပ်ဆောင်မှုများသည် ဆက်လက်ဆောင်ရွက်ရန် ခက်ခဲနေကြပြီး အထူး

---

[10] Nayt Thit, 2024.
[11] Cowan, 2021; Erickson-Davis, 2021; Global Witness, 2024; Hein Thar, 2023; Luu, 2022; Simpson, 2024.
[12] Dawei Watch, 2023.
[13] Min Khant, 2024.
[14] All Burma Indigenous Peoples Alliance, 2023; Kyed & Chambers, 2023; Naw Htee Ku & Hoffman, 2026 [this issue]; Simpson, 2024, pp. 150-151.

သဖြင့် စစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) အုပ်ချုပ်နေသည့် ဒေသများတွင် ပိုမိုခက်ခဲနေသည်။[15] အဘယ်ကြောင့်ဆိုသော် နစက၏ အုပ်ချုပ်ရေးယန္တရား လည်ပတ်နေသည့် သို့မဟုတ် တိုက်ပွဲများ ပြင်းထန်နေသည့် ဒေသများတွင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခနှင့် စစ်တပ်၏ ဖိနှိပ်မှုများကြောင့်ဖြစ်သည်။[16] ထို့ပြင် စစ်အာဏာသိမ်းမှုသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်ချက်များအတွက် နိုင်ငံတကာမှ ပေးအပ်သည့် ရန်ပုံငွေများ နည်းပါးမှု ဖြစ်ပေါ်စေသလို နိုင်ငံတော်မှ ကမကထပြုသည့် အစီအစဉ်များလည်း အဆမတန် နည်းပါးသွားစေသည်။ လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းများသည်လည်း ထိရှလွယ် နေရာများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများသို့ မရောက်နိုင်တော့ခြင်း သို့မဟုတ် ရောက်ရှိရန် ခက်ခဲခြင်းများဖြစ်ပွားနေသည်။ အာဏာသိမ်းမှုမတိုင်မီက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် နိုင်ငံတကာကူညီရေးအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာဘဏ်များမှ ထောက်ပံ့ပေးအပ်သော ရန်ပုံငွေ အများစုသည် ဗဟိုအစိုးရမှတစ်ဆင့် စီးဆင်းခဲ့ခြင်းဖြစ်သော်လည်း[17] ကုလသမဂ္ဂနှင့် အနောက်နိုင်ငံများသည် လက်ရှိစစ်အာဏာရှင်အစိုးရကို တရားမဝင်အစိုးရအဖြစ် သတ်မှတ်ထားသောကြောင့် အဆိုပါရန်ပုံငွေအတော်များများ ရပ်ဆိုင်း သွားခဲ့သည်။ ယခုအခါ ကုလသမဂ္ဂအဖွဲ့များနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့များသည် မြန်မာပြည်တွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လှုပ်ရှားမှုများအတွက် ရန်ပုံငွေများကို ပြည်တွင်းအဖွဲ့အစည်းများသို့ တိုက်ရိုက်ပေးအပ်နေသည်။ သို့သော် ပဋိပက္ခဘေးသင့်နိုင်ငံများတွင် ဘဏ္ဍာရေး ဆိုင်ရာကိစ္စများ၌ တင်းကျပ်စွာ လိုက်နာရမည့် စည်းကမ်းချက်များနှင့် စာရွက်စာတမ်း အထောက်အထား လိုအပ်ချက်များကြောင့် ဤလုပ်ငန်းစဉ်တွင် အကန့်အသတ်များရှိနေသည်။[18]

နစကသည် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ အပါအဝင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ ဆောင်ရွက်နေကြောင်း စစ်တပ်ထိန်းချုပ် မီဒီယာများတွင် ပုံဖော်ပြနေသော်လည်း ထိုအရာများသည် လက်တွေ့မြေပြင်တွင် အမှန်တကယ် လုပ်ဆောင်နေခြင်းထက် ဟန်ပြသက်သက်သာဖြစ်သည်။[19] နစကအနေဖြင့် သဘာဝဘေးသင့်ပြည်သူများကို ကူညီပေးလိုပြီး သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး လုပ်ငန်းများကို အမှန်တကယ် လုပ်ဆောင်လိုစေကာမူ နိုင်ငံ၏ ဒေသအများစုတွင် ၎င်း၏ အုပ်ချုပ်ရေးယန္တရား မလည်ပတ်နိုင်ဖြစ်နေသည်။ အမှန်တကယ်တွင် အာဏာသိမ်းပြီးနောက်ပိုင်း အထူးသဖြင့်

[15] စစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ၂၀၂၅ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပြီးနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည်။ လက်တွေ့တွင် စစ်အုပ်ချုပ်ရေးစနစ်မှာ ကွာခြားချက် မရှိသလောက်ပင်။

[16] See Kyed et al. (2026) [this issue].

[17] See Mosberg, 2026 [this issue].

[18] Chambers & Kyed, 2024.

[19] See Chambers et al. (2026) [this issue] and Nway Kant Kaw (2026) [this issue].

ပြည်သူ့ကာကွယ်ရေးတပ်မတော် (ပီဒီအက်ဖ်) များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ၏ လက်နက်ကိုင်ခုခံမှု ကျယ်ပြန့်လာပြီးနောက်ပိုင်းကတည်းက နကစ၏ နယ်မြေနှင့် အုပ်ချုပ်မှုယန္တရားများမှာ ဆက်လက်ကျဉ်းမြောင်းလာနေသည်။ ဤဆောင်းပါး ရေးနေစဉ်ကာလတွင် နယ်စပ်ဒေသအများစုရှိ မြို့ပေါင်း (၇၀-၈၀) ခန့်နှင့် ကျေးလက်ဒေသအများစုတို့မှာ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ၊ စင်ပြိုင်အစိုးရဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ (အန်ယူဂျီ) နှင့် အာဏာသိမ်းပြီးနောက် အသစ်ပေါ်ပေါက်လာသည့် နယ်မြေအဆင့် စီမံအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့များက ရောနှောအုပ်ချုပ်နေခြင်းဖြစ်သည်။[20]

အရေးကြီးသည်မှာ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ကြသည့် အုပ်ချုပ်ရေးအဖွဲ့များ တိုးပွားလာသည့် ဤအခင်းအကျင်းအသစ်သည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားမှုများကို လက်တွေ့မြေပြင်တွင် ပြုလုပ်နိုင်ရန် အခွင့် အလမ်းအသစ်များကို လမ်းဖွင့်ပေးနိုင်လာခြင်းဖြစ်သည်။ တရားဝင်ဗဟိုအစိုးရ မရှိနေခိုက် အရပ်ဘက်လူမှုအဖွဲ့များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ ဌာနတိုင်းရင်းသားကွန်ရက် များနှင့် နယ်မြေအဆင့်ရှိ စစ်အာဏာရှင်ဆန့်ကျင်ရေး အဖွဲ့အစည်းများသည် ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို မိမိတို့အနေဖြင့် မြင်တွေ့နေရသည်။ အချို့သော အဖွဲ့အစည်းများဆိုလျှင် ဤရာသီဉ တုဆိုင်ရာလုပ်ငန်းစဉ်များသည် ကာလရှည်ကြာနေပြီဖြစ်သော အုပ်ချုပ်မှုယန္တရားထဲတွင် ပါဝင်နေပြီးဖြစ်သည်။ မြန်မာ့သက်တမ်းအရင့်ဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) သည် ကိုယ်ပိုင်မြေယာ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများနှင့် ဌာနများဖြင့် သစ်တောထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲကာကွယ်ရေးလုပ်ငန်းများကို ကာလရှည်ကြာ လုပ်ဆောင်လာခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့များနှင့် ပူးပေါင်းပြီး ကေအန်ယူအနေဖြင့် ဌာနတိုင်းရင်းသားများဦးဆောင်သော ကမ္ဘာ့အသိအမှတ်ပြု ထိန်းသိမ်းရေးနယ်မြေဖြစ်သည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကိုလည်း တည်ထောင်ထားသည်။[21] ကေအန်ယူအနေဖြင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်းကတည်းက စစ်တပ်အား တော်လှန်တိုက်ခိုက်ခြင်းတွင် အသာစီးရလာသည်နှင့်အမျှ ၎င်းတို့၏ ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ဆောင်လာနေခြင်းဖြစ်သည်။ ထိုလုပ်ငန်းများထဲတွင် လူဦးရေ ခုနှစ်သောင်းခန့်နေထိုင်သည့် သောသီတောအူး ဌာနေလူမျိုးစုများဥယျာဉ် တည်ထောင်ခြင်းလည်း တစ်ခု

[20] Jolliffe, 2023; Michaels, 2024. နယ်မြေစိုးမိုးမှု အပိုင်းအခြားများသည် အမြဲပြောင်းလဲနေသည်ဟူသောအချက်ကို သတိပြုရန်လိုအပ်ပြီး ဒစ်ဂျစ်တယ်မြေပုံအများစုသည် မြေပြင်ရှိ ရှုပ်ထွေးလှသော ပဋိပက္ခအခင်းအကျင်းများကို တိကျမှန်ကန်စွာ ပုံဖော်ပြသနိုင်ခြင်း မရှိကြပေ။ အသေးစိတ်ကို Han Ya (2024) တွင် ဖတ်ရှုနိုင်ပါသည်။

[21] Chambers & Kyed, 2024; Cowan, 2023; South, 2023.

အပါအဝင်ဖြစ်သည်။ အဆိုပါဥယျာဉ်သည် "ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ထူးခြားဆန်းသစ်သော သဘာဝနှင့် အခွင့်အရေးအခြေပြု ဖြေရှင်းနည်း" တစ်ခုဖြစ်ကြောင်း ယူနက်စကိုက ဆိုထားသည်။[22] အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အသစ်ပေါ်ထွက်လာသည့် နယ်မြေအဆင့် အာဏာရှင်တိုက်ဖျက်ရေးအဖွဲ့များသည် ဤသို့သော လုပ်ငန်းစဉ်များတွင် ကေအန်ယူလောက် လုပ်ဆောင်နိုင်ခြင်း မရှိသေးကြသော်လည်း အချို့အဖွဲ့များသည် ကေအန်ယူကို စံနမူနာထားကြသည်။[23] အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရန်ပုံငွေနှင့် လုပ်ဆောင်နိုင်စွမ်း အကျပ်အတည်းများ ရှိနေသည့်ကြားကပင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှေ့ပြေးလုပ်ငန်းများကို လုပ်ဆောင်ရန် ကြိုးပမ်းနေသလို အသစ်ရေးဆွဲထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အညီ နိုင်ငံတော်အဆင့် ရာသီဥတုဆိုင်ရာမူဝါဒကို ပြန်လည်ရေးဆွဲရန် အားထုတ်လျက်ရှိသည်။[24] ထို့ကြောင့် စစ်အာဏာသိမ်းမှုနှင့် လတ်တလော ပဋိပက္ခများသည် ယေဘုယျအားဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ခုခံနိုင်စွမ်းကို ပိုမိုဆိုးရွားစေသော်လည်း မြန်မာပြည်တစ်ဝန်း ပေါ်ပေါက်နေသည့် ဘက်ပေါင်းစုံမှ တော်လှန်ရေး လှုပ်ရှားမှုများ ပေါ်ပေါက်လာခြင်းသည် ဗဟိုအစိုးရအလွန် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ အစားထိုးလှုပ်ရှားမှုများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးနေသည်။

ဤအထူးထုတ်စာစောင်တွင် စာရေးသူများအနေဖြင့် မြန်မာပြည် ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခဖြစ်စဉ်များကို တစ်ဆစ်ချိုးအပြောင်းအလဲဆိုသည့် သဘောတရားရေးရာရှုထောင့်မှ လေ့လာထားပါသည်။ မနုဿဗေဒသဘောတရားအမြင်အရ တစ်ဆစ်ချိုးအပြောင်းအလဲ ဆိုသည်ကို "အခြေအနေတစ်ခုတစ်ခန်းရပ်ကာ အသစ်ပြန်စခြင်း" ဟူ၍ ဖြစ်စဉ်နှစ်ခုပါ အဓိပ္ပာယ်သက်ရောက်သော အရေးကြီးသည့် "အချိုးအကွေ့" အဖြစ် နားလည်ထားကြသည်။[25] ကျွန်ုပ်တို့အနေဖြင့် တစ်ဆစ်ချိုးအပြောင်းအလဲဆိုသည့် ဖြစ်ရပ်ကို ပစ္စက္ခဖြစ်စဉ်များ ပြိုလဲသွားသည့် ရှုထောင့်မှရော လွတ်လမ်း၊ လမ်းကြောင်းသစ်၊ ဖြစ်စဉ်သစ်များဆီသို့ ဦးတည်နေသည့် ဖြစ်တန်ရာ တွန်းအားအဖြစ် ရှုမြင်ချက်မှပါ ချဉ်းကပ်လေ့လာထားပါသည်။[26] ဤစာစောင်ပါ အရည်အသွေးအခြေပြုသုတေသနဆောင်းပါး (၇) ပုဒ် စလုံးသည် စစ်အာဏာသိမ်းကာလ အလွန် မြန်မာနိုင်ငံ၏ ရာသီတုဥတု ပြောင်းလဲမှုနှင့် ပဋိပက္ခတို့အကြား အချိတ်အဆက်အပေါ် တစ်ဆစ်ချိုးအပြောင်းအလဲ ဆိုသည့်ရှုထောင့်မှ နက်ရှိုင်းစွာနားလည်စေရန် အားထုတ်ထားပါ

[22] UNESCO, 2024.
[23] South, 2024.
[24] Saint Sann Aye, 2026 [this issue].
[25] Holbraad et al., 2019, p. 2.
[26] Holbraad et al., 2019, p. 1.

သည်။ ရာသီဥတုပြောင်းလဲမှုသည် ပြည်တွင်းပဋိပက္ခများနှင့် လူအများလုံခြုံရေးအား မည်သို့ ထိခိုက်စေကြောင်း အချက်အလက်သုတေသနများရှိပြီးဖြစ်သော်လည်း[27] ကျွန်ုပ်တို့အနေဖြင့် ထိုအချင်းအရာကို ပြောင်းပြန်စဉ်းစားကာ "အကြမ်းဖက် ပဋိပက္ခနှင့် နိုင်ငံရေးတစ်ဆစ်ချိုး အပြောင်းအလဲ ဖြစ်စဉ်များသည် ရာသီဥတု ပြောင်းလဲမှုနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ ရှုမြင်မှုများနှင့် နိုင်ငံရေး အခြေအနေများအပေါ် မည်သို့လွှမ်းမိုးမှုရှိသနည်း" ဆိုသည်ကို အဓိကဦးတည်ထားပါသည်။

ကွင်းဆင်းလေ့လာမှုများ၊ ဝေးလံခေါင်ဖျားဒေသများရှိ ရပ်ရွာအခြေပြုလူမှုဘဝအလေ့ အထသရုပ်ခွဲလေ့လာသုံးသပ်မှုများ၊ ဒစ်ဂျစ်တယ်နည်းဖြင့် လူမှုဘဝအလေ့အထ သုံးသပ်မှု သုတေသနများကို အခြေခံ၍ ဤစာစောင်ပါဆောင်းပါးများသည် ပဋိပက္ခဒဏ်သင့်လူ့အဖွဲ့ အစည်းများ၏ အတွေ့အကြုံများနှင့် ထိုသူများအနေဖြင့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် အပြောင်းအလဲကို မည်သို့ရင်ဆိုင်နေကြပုံနှင့် ထိုအခြေအနေအပေါ် သူတို့၏ နားလည် သဘောပေါက်ပုံတို့ကို လေ့လာထားပါသည်။ ထို့အပြင် ကျွန်ုပ်တို့အနေဖြင့် ရာသီဥတုပြောင်း လဲမှုဆိုင်ရာ နိုင်ငံရေးဟု ကျွန်ုပ်တို့ ညွှန်းဆိုထားသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြောဆို ဆွေးနွေးမှုများ၊ မူဝါဒများနှင့် ဆောင်ရွက်ချက်များကို စစ်အာဏာသိမ်းပြီးနောက်တွင် ပြိုင်ဆိုင် မှုပြင်းထန်နေသော နိုင်ငံရေးအခြေအနေအတွင်း စင်ပြိုင်အုပ်ချုပ်သူများက မည်သို့ဆောင် ရွက်နေကြသည်ကို လေ့လာထားပါသည်။ ဤလေ့လာမှုတွင် စစ်အစိုးရအနေဖြင့် 'စိမ်းလန်း စိုပြေရေးဗန်းပြ' ကာ သူ၏အာဏာရှင်လုပ်ရပ်ကို မည်သို့လုပ်ဆောင်နေကြောင်းနှင့် တော်လှန် အင်အားစုများနှင့် လူမှုရေးအဖွဲ့အစည်းများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗျူဟာများကို အခြားတစ်ဖက်မှ မည်သို့ အကောင်ထည် ဖော်နေကြကြောင်းကို လေ့လာဖော်ထုတ်ထားပါသည်။ သီအိုရီအရ ကျွန်ုပ်တို့ သည် ၂၀၂၁ အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော တစ်ဆစ်ချိုးအပြောင်းအလဲနှင့် ယခင်ကတည်းက "အမြစ်တွယ်ကျန်နေသော အကျပ်အတည်းများ၏ ဆိုးမွေများ" မည်သို့ဆက်နွယ်နေသည်ကို လေ့လာခြင်းဖြင့် "ရာသီဥတုနှင့် ပဋိပက္ခဆက်နွယ်မှု" (climate-conflict nexus) ဆိုင်ရာ အငြင်းပွားမှုများကို ခေတ်ပြိုင်ဆွေးနွေးချက်များဖြစ်သည့် "တစ်ဆစ်ချိုး အပြောင်းအလဲ" နှင့် "သက်ဆိုးရှည်ပဋိပက္ခ" တို့နှင့် ချိတ်ဆက်တင်ပြထားပါသည်။[28]

ဤစာစောင်ပါ ဆောင်းပါးများကို "မြန်မာပြည် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်၊ ပဋိ ပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု စီမံကိန်း" (MyCClimate) တွင် ပါဝင်ကြသည့် မြန်မာ့ အရေးကျွမ်းကျင်သူများ၊ ဘွဲ့လွန်နှင့် ပါရဂူကျောင်းသားကျောင်းသူများက အဓိကရေးသား ထားသည်။ MyCClimate ငါးနှစ် စီမံကိန်းကို ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ

[27] Ide & Scheffran, 2014; Koubi, 2019; von Uexkull & Buhaug, 2021.
[28] Vigh, 2008.

ဒိန်းမတ်ဖွံ့ဖြိုးရေးသုတေသနထောက်ပံ့ကြေးဖြင့်လုပ်ဆောင်နေခြင်းဖြစ်သည်။[29] ဤစီမံကိန်းကို ဒိန်းမတ်အပြည်ပြည်ဆိုင်ရာလေ့လာရေးအင်စတီကျူ (Danish Institute for International Studies) မှ ဥဏ်ဏစကြိုး၊ ချင်းမိုင်တက္ကသိုလ်၊ အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ တောင်တန်းဒေသအင်စတီကျူ (Highland Institute) တို့နှင့် ပူးပေါင်းကာ အကောင်အထည် ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဖြစ်ပေါ်လျက်ရှိသည့် မလုံခြုံမှုနှင့် ဖိနှိပ်မှုများကြောင့် မြန်မာစာရေးသူများသည် မိမိကိုယ်ကိုယ်နှင့် မိသားစုဝင်များ၏ လုံခြုံမှုကို ကာကွယ်ရေးအတွက် ကလောင်နာမည်ဖြင့်သာ ရေးသားထုတ်ဝေကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ပွင့်လင်းမြင်သာမှု၊ သဘောတူညီချက်ရယူခြင်း၊ အမည်မဖော်ပြခြင်း၊ လျှို့ဝှက်ချက်ကို ထိန်းသိမ်းခြင်း၊ အချက်အလက်များကို လုံခြုံစွာသိမ်းဆည်းခြင်းနှင့် ယုံကြည်စိတ်ချရသော ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်သည့် "ဘက်ပေါင်းစုံမှ ကျင့်ဝတ်ဆိုင်ရာချဉ်းကပ်မှု (embedded ethics approach)"[30] ကို ကျင့်သုံးပါသည်။ သုတေသနလုပ်ငန်းစဉ် အဆင့်တိုင်းတွင် ကျင့်ဝတ်နှင့် လုံခြုံရေးဆိုင်ရာ အခြေအနေများကို စဉ်ဆက်မပြတ်ထည့်သွင်းစဉ်းစားခဲ့ပြီး အထူးသဖြင့် ထိခိုက်လွယ် လူအုပ်စုရှိရာ အားပြိုင်နေသည့်ဒေသများတွင် သုတေသနပြုသူများအတွက် ပိုမိုအလေးထား ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကိုပေဟေဂင်တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်နေသော "မြန်မာပြည် ငြိမ်းချမ်းရေးတည်ဆောက်မှု၊ လူထုအာဏာ၊ သစ်တောများ" စီမံကိန်းမှ သုတေသီများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့သလို MyCClimate အစီအစဉ်အဖွဲ့ဝင် နော်ဝေအင်စတီကျူ၊ ရေအရင်းအမြစ် သုတေသနမှ ပါရဂူတန်းတက်ရောက်နေသူတစ်ဦးလည်း ပါဝင်ပါသည်။

ဤအထူးထုတ်စာစောင်ကို "သုတသယာယ" (သိမှုရှာဖွေထုတ်လုပ်မှု၌ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်း) ဆိုသည့် မူဘောင်ပေါ်တွင် အခြေခံထားပါသည်။ ထိုသို့ပြုလုပ်ရခြင်း မှာ ကျွန်ုပ်တို့၏ သုတေသနလုပ်ငန်းစဉ်တွင် ကိုလိုနီအယူဝါဒကို ချေချွတ်ရန်ဖြစ်သည်။[31] ဤ သို့ဆောင်ရွက်ရာတွင် မြန်မာနှင့် မြန်မာမဟုတ်သူ သုတေသီများသည် သုတေသနမေးခွန်း ထုတ်ခြင်း၊ အချက်အလက်ကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းစဉ်များကို အတူ တကွ အပြန်အလှန်မေးမြန်းစူးစမ်းကြရုံမျှမက ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ တွေး ခေါ်စဉ်းစားရာတွင်လည်း ဒေသခံများတွေးခေါ်သလို ဝင်ရောက်တွေးခေါ်ပါသည်။ သိပ္ပံနည်း ကျ တွေးခေါ်ပုံများကိုသာ ခိုင်မာမှန်ကန်ဟု ဦးစားပေးမည့်အစား ဒေသခံများ၏ ရာသီဥတု ပြောင်းလဲခြင်းနှင့်ဆိုင်သော ရှိမှုနှင့် သိမှုဆိုင်ရာသဘောတရားများအပါအဝင် ၎င်းတို့၏ အတွေ့အကြုံများ၊

[29] Danish Institute for International Studies, 2024.
[30] Meskell & Pels, 2005.
[31] Goldman at al., 2018.

လုပ်ဆောင်ချက်များ၊ ပုံဖော်မှုများကို ဗဟိုပြု၍လေ့လာပါသည်။ တစ်ချိန် တည်းမှာပင် ဒေသခံတို့၏ ရာသီဥတုဆိုင်ရာ အသိပညာနှင့် အတွေ့အကြုံများကို ပိုမိုကျယ် ပြန့်သော နိုင်ငံရေးတည်ဆောက်ပုံများ၊ ကာလရှည်ကြာရှိနေသည့် ဖယ်ကြဉ်ခံရမှုနှင့် ခေါင်းပုံ ဖြတ်ခံရမှု သမိုင်းကြောင်းများကိုလည်း ထည့်သွင်းဆန်းစစ်ထားပါသည်။ ဤအချက်များသည် မြန်မာပြည်သူများအပေါ် သက်ရောက်နေသော ပဋိပက္ခနှင့် ရာသီဥတုဆက်နွှယ်မှုကို နားလည် သဘောပေါက်ရန် အလွန်အရေးကြီးကြောင်း တင်ပြထားပါသည်။ ဤမိတ်ဆက်စာ၏ နောက် အပိုင်းတွင် ရာသီဥတုနှင့် ပဋိပက္ခဆက်နွှယ်မှုအပေါ် ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံ၊ နိုင်ငံရေး တစ် ဆစ်ချိုး အပြောင်းအလဲအပေါ် ကျွန်ုပ်တို့ နားလည်ပုံနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံ ရေးကို အသုံးပြုပုံတို့အား အသေးစိတ်ရှင်းလင်းတင်ပြသွားမည်ဖြစ်ကာ ထိုအရာများကို ဤ အထူးထုတ်ပါ ဆောင်းပါးများ၌ ဘက်ပေါင်းစုံမှ ပုံဖော်ပြထားပါသည်။ ထို့နောက် ဤထုတ်ဝေ မှုတွင် ပါဝင်သည့် ဆောင်းပါးများ၏ အကျဉ်းချုပ်ကို ဆက်လက်ဖော်ပြပေးပါမည်။

ရာသီဥတုအပြောင်းအလဲနှင့် ပဋိပက္ခများကြားဆက်နွှယ်မှု

ရာသီဥတုအပြောင်းအလဲနှင့် ပဋိပက္ခများကြားဆက်နွှယ်မှုနှင့်ပတ်သက်သည့် ပညာရပ်ဆိုင်ရာ စာပေအများစုသည် ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခတို့ကြား အကြောင်းအကျိုး အချိတ် အဆက်များကို ဖော်ထုတ်ရန်သာ အပတ်အကုတ် အားထုတ်ခဲ့ကြပါသည်။ အဆိုပါ စာပေများ တွင် လွှမ်းမိုးထားသည့် တစ်ခုတည်းသော ဦးတည်ချက်မှာ ရာသီဥတုပြောင်းလဲမှုသည် ပဋိ ပက္ခများဖြစ်ပွားရန် အခြေအနေများကို မည်၍မည်မျှ တွန်းပို့နေသနည်းဟူသော အချက်ဖြစ် သည်။ ဤအချက်သည် ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခညွှန်းကိန်းများအကြား ဆက်စပ်မှု များကို စူးစမ်းလေ့လာသည့် နိုင်ငံရေးသိပ္ပံနှင့် လုံခြုံရေးဆိုင်ရာ လေ့လာမှုများရှိ အရေအတွက် အခြေပြုသုတေသနများတွင် အထူးထင်ရှားပြီး ၎င်းသည် ရာသီဥတုပြောင်းလဲမှုကြောင့် တစ်ဦးချင်းနှင့် အစုအဖွဲ့များအကြား ပဋိပက္ခဖြစ်နိုင်ခြေ မည်သို့မြင့်တက်လာကြောင်း သက်သေပြရန် ကြိုးပမ်းခဲ့ကြသည်။ သာဓကအားဖြင့် Hsiang နှင့် Burg တို့၏ လေ့လာမှု[32] အရ အပူချိန်မြင့်တက်မှုသည် အစုအဖွဲ့များအကြား ပဋိပက္ခဖြစ်နိုင်ခြေကို (၁၁ ဒသမ ၃) ရာခိုင်နှုန်းထိ တိုးစေပြီး Witmer နှင့်အဖွဲ့၏ စံထားတွက်ချက်မှု ခန့်မှန်းချက်အရ အာဖရိက တွင် အပူချိန်မြင့်တက်ခြင်းနှင့် မိုးရွာသွန်းမှုပုံမမှန်ခြင်းတို့ကြောင့် ပြည်တွင်းပဋိပက္ခများ ပိုမို ဆိုးရွားလာနိုင်ကြောင်းဆိုသည်။[33] ဤသုတေသနအများစုသည် ဆာဟဲလ်ဒေသနှင့် အာဖရိက ဦးချိုဒေသတို့ကဲ့သို့သော အာဖရိက နိုင်ငံများအပေါ် အဓိကအာရုံစိုက်ထားသော်လည်း

[32] Hsiang & Burg, 2013.
[33] Witmer et al., 2017.

အရှေ့တောင်အာရှရှိ နိုင်ငံအလိုက်လေ့လာမှုများတွင်လည်း မိုးရွာသွန်းမှု ရုတ်ချည်း အပြောင်းအလဲများ (ဆိုင်ကလုန်းမုန်တိုင်းများနှင့် ပိုမိုခြောက်သွေ့သော ရာသီဥတုအခြေအနေများ) နှင့် ပဋိပက္ခမြင့်တက်လာခြင်းတို့အကြား ဆက်စပ်မှုကို ဖော်ထုတ်ထားပါသည်။ [34] ဤသို့ အကြောင်းအကျိုးအချိတ်အဆက်များအပေါ် အလွန်အကျွံ အာရုံစိုက်နေခြင်းမှာ အချည်းနှီး လုပ်ရပ်ဟု ဝေဖန်ခံနေရပြီး ရာသီဥတုပြောင်းလဲမှုက နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပဋိပက္ခကို ဖြစ်စေသည်ဟူသော ထောက်ပြချက်အတွက် သတ္တုချနိုင်လောက်သည့် သက်သေအထောက်အထားများ ရှာဖွေရန်မှာ မဖြစ်နိုင်သလောက်ပင် ဖြစ်သောကြောင့်ဖြစ်သည်။[35]

ရာသီဥတုဆိုင်ရာအကြောင်းရင်းခံများသည် ပဋိပက္ခကိုဖြစ်စေသည့်အရာ ဖြစ်သည်ဟူသည့်အချက်ကို ငြင်းခုံဆွေးနွေးကြရင်း အဆိုပါလေ့လာမှုအများစုသည် ပဋိပက္ခကို အမှန်တကယ်ဖြစ်စေသည့် အရင်းခံနိုင်ငံရေးအခြေအနေကို လျစ်လျူရှုမိလျက်သားဖြစ်နေတတ်ပြီး အစုအဖွဲ့အချို့ကို ဖယ်ကြဉ်ထားပြီး ထိုသူတို့၏ မြေယာနှင့် သယံဇာတ ရပိုင်ခွင့်များကို ဟန့်တားခဲ့သည့် နိုင်ငံတော်အခြေပြု ကိုလိုနီခေတ်နှင့် ကိုလိုနီခေတ်လွန် အကြမ်းဖက်မှုများ၏ ရှည်လျားသော သမိုင်းကြောင်းများကိုလည်း သေချာအလေးထားခြင်း မပြုကြပေ။[36] ထိုကိစ္စနှင့်ပတ်သက်၍ Siddiqi ကထောက်ပြသည်မှာ ရာသီဥတုနှင့် ပဋိပက္ခ အချိတ်အဆက် သုတေသနများတွင် အသုံးပြုသည့် အရေအတွက်အခြေပြု နည်းလမ်းများသည် လွဲမှားသောကောက်ချက်များ (ဥပမာ အပူချိန်မြင့်တက်လာခြင်းများနှင့် စစ်ပွဲကြောင့် သေဆုံးမှုများကို ချိတ်ဆက်ကောက်ချက်ချခြင်း) ကို ဖြစ်ပေါ်စေပြီး ၎င်းသည် ပဋိပက္ခဖြစ်ရခြင်း၏ နိုင်ငံရေးဇာစ်မြစ်နှင့် ပုံစံတို့ကို ဂရုမထားမိဖြစ်ကာ ပဋိပက္ခများအား နိုင်ငံရေးနှင့် မသက်ဆိုင်တော့ သကဲ့သို့ ဖြစ်စေသည့် အန္တရာယ်ရှိသည်။[37] ဤအယူအဆကို အခြေခံ၍ ပညာရှင်များနှင့် မူဝါဒချမှတ်သူ အများအပြားသည် ယခုအခါ ရာသီဥတုပြောင်းလဲမှုကို “အန္တရာယ်ဆင့်ပွားစေသူ” အဖြစ် ဖော်ပြကြပြီး ၎င်းသည် အခြားသော ပဋိပက္ခ ဖြစ်ပွားစေသည့် အကြောင်းအချက်များနှင့် ပေါင်းစပ်ကာ လက်ရှိဒေသတွင်း အငြင်းပွားမှုများနှင့် ပြည်တွင်းအကြမ်းဖက်ပဋိပက္ခများကို ပိုမိုဆိုးရွားစေနိုင်သည့်အပြင် နိုင်ငံတကာလုံခြုံရေးအတွက်လည်း စိုးရိမ်စရာများ ဖြစ်ပေါ်စေနိုင်ပါသည်။[38]

အချို့သောပညာရှင်များက ထောက်ပြသည်မှာ ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခကြား ကျိုးကြောင်းဆက်နွယ်မှုသည် တစ်ဖက်သတ်ပုံစံ မဟုတ်ဘဲ (ဆိုလိုသည်မှာ ရာသီဥတုပြောင်း

[34] Eastin, 2018.
[35] Siddiqi, 2022, p. 2.
[36] Borras et al., 2020; Buhaug & von Uexkull, 2021; Wischnath & Buhaug, 2014.
[37] Siddiqi, 2022.
[38] Abel et al., 2019; Causevic, 2017; Huntjens & Nachbar, 2015; Ide & Scheffran, 2014; Mach, 2019.

လဲမှုကြောင့် ပဋိပက္ခဖြစ်စေခြင်းမျိုး) အပြန်အလှန်ပုံစံ[39] သို့မဟုတ် ဆိုးကျော့သံသရာပုံစံ အဖြစ် မှတ်ယူသင့်ကြောင်းဆိုကြသည်။[40] ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ထိခိုက်လွယ်ခြင်းသည် ရာသီဥတုနှင့် ပဋိပက္ခဆက်နွယ်မှုများကို ဖြစ်ပေါ်စေသော အခြေအနေများ ကြောင့်ဖြစ်ပြီး ထိုအခြေအနေများကို အကြမ်းဖက်ပဋိပက္ခများ၏ သက်ရောက် မှုများက ပိုမိုဆိုးရွားသွားစေသည်။ ထို့ကြောင့် အကြမ်းဖက်ပဋိပက္ခများသည် ထိခိုက်လွယ်မှုကို ဖြစ်စေသည့် အကြောင်းတရားအဖြစ် ရှုမြင်သင့်ပြီး ၎င်းသည် သဘာဝဘေးအန္တရာယ်များကြောင့် ပိုမိုဆိုးသည့် သက်ရောက်မှုများ ရှိနိုင်ပါသည်။ သို့သော် ယနေ့အချိန်အထိ ပဋိပက္ခများက ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များကို မည်သို့ပိုမိုဆိုးရွားစေသနည်း ဆိုသည့်အချက်အပေါ် လက်တွေ့ကျကျ လေ့လာထားမှု အနည်းငယ်သာ ရှိသေးပြီး အများစုမှာ နေရပ်စွန့်ခွာထွက်ပြေးလာရသူများ သို့မဟုတ် ဒုက္ခသည်စခန်းများ၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကိုသာ အထူးပြုလေ့လာထားကြသည်။ [41]

Siddiqi ထောက်ပြထားသည့် ဟာကွက်နောက်တစ်ခုမှာ[42] ရာသီဥတုဆိုင်ရာ ပဋိပက္ခ သုတေသနအများစုမှာ ပြည်တွင်းနှင့် ဒေသတွင်း ပဋိပက္ခများအပေါ် အလေးထားလေ့ရှိခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ဆာဟဲလ်နှင့် အရှေ့အာဖရိကဒေသများရှိ မွေးမြူရေးခြံသမားများနှင့် လယ်သမားများအကြား သို့မဟုတ် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၊ သူပုန်များနှင့် အကြမ်းဖက်သမားများနှင့် ဆက်နွယ်နေသော ပဋိပက္ခများကိုသာ အလေးပေးကြသည်။ [43] ဤလုပ်ရပ်သည် နိုင်ငံတော်နှင့် နိုင်ငံတကာအင်အားစုများကြောင့် ဖြစ်ပွားသော အကြမ်းဖက်မှုနှင့် တင်းမာမှုများကို လျစ်လျူရှုရုံသာမက ဥရောပဗဟိုပြု ပုံသေကားကျစဉ်းစားမှုဖြစ်သည့် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများရှိ ပြည်သူများ သည် အကြမ်းဖက်မှုကို လိုလားကြသည်ဟူသော အတွေးအမြင်များကိုလည်း ပိုမိုအားကောင်းစေကာ ဒေသခံပြည်သူများ၏ အတွေ့အကြုံနှင့် အမြင်များကို လျစ်လျူရှုရာ ရောက်ပါသည်။[44] စင်စစ် ဒေသခံများသည် ရာသီဥတုနှင့် ပတ်သက်သော ပဋိပက္ခများကို ဒေသတွင်း တင်းမာမှုများထက် နိုင်ငံတော်၏ ဖိနှိပ်သော သို့မဟုတ် အမြတ်ထုတ်သော လုပ်ရပ်များ၊ မူဝါဒများနှင့် ပိုမိုချိတ်ဆက်မြင်ကြသည်။ ထိုလုပ်ရပ်များသည် တစ်ခါတစ်ရံ စစ်တပ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် နိုင်ငံတကာ

---

[39] Abrahams & Carr, 2017; Branch, 2018; Neef et al., 2023; Peters, 2021; Su & Gagné, 2019, p. 19.

[40] Buhaug & von Uexkull, 2021.

[41] Barbieri et al. (2017) ကိုလည်း ဖတ်ရှုပေးပါရန်။

[42] Siddiqi, 2022, pp. 3-4.

[43] အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နှင့်ပတ်သက်၍ Su နှင့် Gagné (2019) တို့ ပြုစုထားသော စာပေလေ့လာဆန်းစစ်ချက်ကိုလည်း နှိုင်းယှဉ်လေ့လာနိုင်ပါသည်။

[44] Siddiqi, 2022, p. 4.

အဖွဲ့အစည်းများ ပူးပေါင်းလုပ်ဆောင်မှုများ ဖြစ်သည်။ ဤအကြောင်းနှင့်စပ်လျဉ်းပြီး Siddiqi ထပ်မံထောက်ပြသသည်မှာ ရာသီဥတုပြောင်းလဲမှု အကြောင်းပြချက်ဖြင့် နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့များ ဆောင်ရွက်သည့် လျှော့ချခြင်း၊ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်အောင် လုပ်ဆောင်ခြင်းတို့သည်ပင် အခြေခံလူတန်းစားများနှင့် ပဋိပက္ခဖြစ်ပွားစေနိုင်ကြောင်း သိရှိထားရန်လိုအပ်သည်ဟုဆိုသည်။[45] သာဓကပြရသော် နိုင်ငံတော်နှင့် ကုမ္ပဏီများက ဖော်ဆောင်သော သစ်တောထိန်းသိမ်းရေး၊ ဆည်မြောင်းစီမံကိန်းများ၊ လေအားလျှပ်စစ် သို့မဟုတ် ဆိုလာ စွမ်းအင်သုံးနေရာများသည် ဒေသခံများ၏ မြေယာနှင့် သယံဇာတများကို သိမ်းဆည်းသကဲ့သို့ ဖြစ်စေပြီး တင်းမာမှုများနှင့် ခေတ်အဆက်ဆက်ဖယ်ကြဉ်ခံရမှုများကို ပိုမိုနက်ရှိုင်းစေပါသည်။[46] ထို့အပြင် မိုးခေါင်ခြင်းနှင့် ရေကြီးရေလျှံခြင်းကဲ့သို့သော ရာသီဥတုအပြောင်းအလဲသက်ရောက်မှုများသည် တစ်ခါတစ်ရံ နိုင်ငံတော်က ဖန်တီးသည့် ပဋိပက္ခဖြစ်စဉ်များနှင့် သယံဇာတများကို အလွန်အကျွံ ထုတ်ယူသုံးစွဲစေသည့် စစ်ပွဲစီးပွားရေးတို့နှင့် ဆက်နွယ်နေပါသည်။[47] ဤနောက်ဆုံးအချက်မှာ မြန်မာပြည်အနေအထားနှင့် ပိုမိုသက်ဆိုင်ပါသည်။ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုသည် လက်ရှိလက်နက်ကိုင်ပဋိပက္ခ၏ လက်သည်မဟုတ်သော်လည်း ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်တပ်၏ အာဏာအလွဲသုံးစားမှုနှင့် ဒီမိုကရေစီလိုလားသည့် တော်လှန်ရေးအင်အားစုများအပေါ် အကြီးအကျယ် တိုက်ခိုက်မှုများကြောင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ပိုမိုနက်ရှိုင်းစွာ ခံစားနေရခြင်း ဖြစ်ပါသည်။ ဤပဋိပက္ခသည် လူနည်းစု တိုင်းရင်းသားများအပေါ် ဆယ်စုနှစ်ပေါင်းများစွာ ပြုလုပ်ခဲ့သော အကြမ်းဖက်မှုများနှင့် သယံဇာတခေါင်းပုံဖြတ်မှုများအပေါ်တွင် ထပ်ဆင့်ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှု၊ ပဋိပက္ခနှင့် အကြမ်းဖက်မှုတို့အကြား ရှုပ်ထွေးလှသော ဆက်နွယ်မှုအမြောက်အမြားကို အရေအတွက်အခြေပြု ပုံစံတူတွက်ချက်မှုဆိုင်ရာသုတေသနကြီးများတွင် တွေ့ရခဲ့ပါသည်။ ယင်းအစား ဤစာစောင်တွင် ပါဝင်သော ဆောင်းပါးများကဲ့သို့ပင် မတူညီသော သမိုင်းနောက်ခံများအတွင်း အခြေတည်နေသည့် ဒေသခံပြည်သူများ၏ အတွေ့အကြုံများ၊ အမြင်များနှင့် ဆောင်ရွက်နိုင်စွမ်းများကို အလေးထားသည့် ဒေသအခြေအနေအလိုက် နက်ရှိုင်းသော အရည်အသွေးအခြေပြုလေ့လာမှုများမှတစ်ဆင့်သာ ထိုဆက်နွယ်မှုများကို အဓိကဖော်ထုတ်နိုင်သည်။[48] ဤဆောင်းပါးများသည် ရာသီဥတုဆိုင်ရာဘေးအန္တရာယ်များနှင့် လက်နက်ကိုင်ပဋိပက္ခတို့အကြား ကြောင်းကျိုးဆက်စပ်မှုကို ခွဲခြမ်းစိတ်ဖြာခြင်း

[45] Mikulewicz, 2020; Nightingale, 2017; Sovacool 2018.

[46] Borras et al., 2020; Dunlap et al., 2024; Fairhead et al., 2015; Nightingale, 2017

[47] Branch, 2018. Kyed et al., 2026 [this issue] ကိုလည်း ဖတ်ရှုပေးပါရန်။

[48] Abrahams & Carr, 2017; Goldman et al., 2018; Peluso & Watts, 2001; Siddiqi, 2022, pp. 3-6.

သို့မဟုတ် ရာသီဥတု ပြောင်းလဲမှုမှ ပဋိပက္ခသို့ဖြစ်စေ၊ ပဋိပက္ခမှ ရာသီဥတုပြောင်းလဲမှု ပိုမိုဆိုးရွားလာခြင်း သို့ဖြစ်စေ ဦးတည်စေသည့် လမ်းကြောင်းများကို ဖော်ပြသည့် စံနမူနာပုံတစ်ခု ဖော်ဆောင်ခြင်းမျိုး မပြုလုပ်ပါ။ ယင်းအစား ဤဆောင်းပါးများသည် ဒေသခံတို့၏ အတွေ့အကြုံနှင့် အမြင်များကို ရှေ့တန်းတင်ထားသော မနုဿဗေဒဆိုင်ရာ နည်းစနစ်များနှင့် သီအိုရီများကို အသုံးပြု၍ ရာသီဥတုနှင့် ပဋိပက္ခ ကြားဆက်နွယ်မှု၏ လူသားနှင့် နိုင်ငံရေးဆိုင်ရာ ရှုထောင့်များကို စုပေါင်းလေ့လာထားကြပါသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခ ဖြစ်စဉ်များကို ပုံဖော်ပေးနေသည့် နိုင်ငံရေးနှင့် အာဏာဆက်ဆံရေးများကိုလည်း လေ့လာထားပါသည်။ ဤအထူးထုတ်ပါ ဆောင်းပါးများသည် အဓိကအချက် နှစ်ခုကို ကိုင်တွယ်ဖြေရှင်းထားပါသည်။ ကြာမြင့်နေပြီဖြစ်သည့် အကျပ်အတည်းများ၏ နောက်ခံသမိုင်းကြောင်းတွင် အာဏာသိမ်းပြီးနောက်ပိုင်း ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခတို့၏ ဘူးလေးရာဖရုံဆင့်သည့် ဒဏ်ကို ဒေသခံပြည်သူများက မည်သို့လက်ခံကြုံတွေ့ပြီး မည်သို့ရင်ဆိုင်ဖြေရှင်းနေသနည်း။ နောက်တစ်ချက်မှာ ပဋိပက္ခကာလအတွင်း အင်အားစုအသီးသီးက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြောဆိုဆွေးနွေးမှုများနှင့် မူဝါဒများကို မိမိတို့ ကိုယ်ကျိုးအတွက် မည်သို့အသုံးချနေကြသနည်း။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေ သော အကြမ်းဖက်ပဋိပက္ခများ၏ အခြေအနေတွင် ကျွန်ုပ်တို့သည် ရာသီဥတုနှင့် ပဋိပက္ခ ကြားဆက်နွယ်မှုကို တစ်ဆစ်ချိုးအပြောင်းအလဲနှင့် သက်ဆိုးရှည်အကျပ်အတည်းဟူသော အယူအဆများနှင့် ချိတ်ဆက်ကာ ခွဲခြမ်းစိတ်ဖြာထားပါသည်။

တစ်ဆစ်ချိုးအပြောင်းအလဲနှင့် သက်ဆိုးရှည်အကျပ်အတည်း

မနုဿဗေဒနှင့် နိုင်ငံရေးသီအိုရီများတွင် (အင်္ဂလိပ်ဝေါဟာရကို တိတိကျကျပြန်ဆိုရလျှင် "ပွင့်ကွဲပေါက်ထွက်မှု" ဟုပြန်ဆိုနိုင်သော) "Rupture" ဆိုသည့်စကားလုံးကို နိုင်ငံရေး၊ လူမှုရေး၊ ယဉ်ကျေးမှု သို့မဟုတ် ဂေဟစနစ်အရ "ပြင်းထန်လေ့ရှိတတ်ပြီး နက်ရှိုင်းသည့် အသွင်ပြောင်းသဘောကိုဆောင်သော တစ်ဆစ်ချိုးအပြောင်းအလဲ" ဟူ၍ အဓိပ္ပာယ်ဖွင့်ကြသည်။[49] ထိုဖြစ်စဉ်သည် စစ်အာဏာသိမ်းမှု၊ တော်လှန်ရေးနှင့် ကိုလိုနီပြုမှုတို့ကဲ့သို့ လူသားတို့ ဖန်တီးသော နိုင်ငံရေးဖြစ်ရပ်များ ဖြစ်နိုင်သလို Mahanty နှင့်အဖွဲ့က ဖော်ပြသကဲ့သို့[50] ဆည်မြောင်းတည်ဆောက်ခြင်းကဲ့သို့သော အမြဲတစေ စိုးထိတ်နေရပြီး မလုံခြုံမှုကို မြင့်တက်စေကာ ဘာမဆိုဖြစ်သွားစေနိုင်သည့် သဘာဝနှင့် လူ့အဖွဲ့အစည်းအကြား ပြင်းထန်ပြီး ဆိုးကျိုးဖြစ်စေသော လုပ်ရပ်များလည်း ဖြစ်နိုင်သည်။ ဤအချက်များကို ထောက်ရှုကြည့်ပါက

[49] Holbraad et al., 2019, p. 1.
[50] Mahanty et al., 2023.

rupture ဆိုသည်ကို အရေးပါသော အလှည့်အပြောင်းတစ်ခုနှင့် ဖျက်အားပါသော တွန်းအား တစ်ခုကြောင့် ရှိရင်းစွဲအခြေအနေများမှ သိသာထင်ရှားစွာ ပြောင်းလဲကွဲထွက်သွားခြင်းအဖြစ် ဟူ၍ ရှုမြင်နိုင်သည်။[51] ကျွန်ုပ်တို့ ဆိုခဲ့သည့်အတိုင်း ၂၀၂၁ စစ်အာဏာသိမ်းမှုနှင့် ၎င်း၏ နောက် ဆက်တွဲ သက်ရောက်မှုများကို rupture တစ်ခုအဖြစ် ဖော်ပြနိုင်ပါသည်။ အကြောင်းမှာ ထို ဖြစ်ရပ်ကို ယခုစာစောင်ပါ ဆောင်းပါးရှင်များ အပါအဝင် ပြည်သူများ၏ နေ့စဉ်ဘဝများကို ပျက်စီးစေသည့် ဖြစ်ရပ်အဖြစ် ကြုံတွေ့ခဲ့ရသောကြောင့်ဖြစ်သည်။ Rupture ဆိုသည့် ဝေါဟာ ရနှင့် အတိအကျတူသည့် မြန်မာစကား မရှိပေ။ အနီးစပ်ဆုံး အဓိပ္ပာယ်မှာ “တစ်ဆစ်ချိုး အပြောင်းအလဲ” ဟူသည့်စကားလုံးဖြစ်ပြီး မမျှော်လင့်ဘဲ ရုတ်တရက်ဖြစ်ပေါ်လာသော သို့မဟုတ် ပြင်းထန်သော အချိုးအကွေ့ သို့မဟုတ် ပြောင်းလဲမှုဟု အဓိပ္ပာယ်ရသည်။ ဤ စကားလုံးကို လူတစ်ဦး၏ ဘဝတွင် မျှော်လင့်မထားသည့် သိသာသော ကောင်းဆိုးနှစ်တန် ရောနေသည့် ပြောင်းလဲချိန် သို့မဟုတ် အပြောင်းအလဲအခိုက်အတန့်ကို ရည်ညွှန်းရာတွင် အသုံးများသည်။ ပစ္စက္ခအခြေအနေများမှ ပေါက်ကွဲထွက်လာသည့် အသွင်ကူးပြောင်းမှုဟူ သော အဓိပ္ပာယ်သက်ရောက်စေသည့် အခြားစကားလုံးတစ်ခုမှာ ပွင့်ကွဲပေါက်ထွက်ခြင်းဖြစ် သည်။[52] Rupture ဆိုသည့် ဝေါဟာရအတွက် မည်သည့်မြန်မာစကားလုံးကို အသုံးပြုသည် ဖြစ်စေ အဆိုပါအခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ရပုံမှာ တစ်သတ်မှတ်တည်းမဟုတ်ဘဲ ပုဂ္ဂလ အတွေ့အကြုံအပေါ်တွင် မူတည်ကြောင်း သိရှိထားရန် အရေးကြီးပါသည်။[53]

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် “တစ်ဆစ်ချိုးအပြောင်းအလဲ (rupture) ဆိုသည့်ဖြစ်ရပ် ကို ရှုထောင့်စုံမှ ရှုမြင်ရန်” လိုအပ်လာသလို လူတစ်ဦးအနေဖြင့် ထိုကဲ့သို့သော ဖြစ်ရပ်တစ်ခု ကို ပုံစံအမျိုးမျိုးဖြင့် မည်သို့ကြုံတွေ့နိုင်ကြောင်း နားလည်ရန်လိုအပ်သည်။ ထိုဖြစ်ရပ်တစ်ခု သည် တစ်ဦးချင်းအဆင့်၊ နိုင်ငံတော်အဆင့်နှင့် ကမ္ဘာလုံးချီအဆင့်များအထိ မည်သို့ဆက်စပ် ဖြစ်ပေါ်စေသည်ကိုလည်း နားလည်ရန်ဖြစ်သည်။[54] ဥပမာ ပုဂ္ဂလအတွေ့အကြုံအဆင့်တွင် စစ် အာဏာသိမ်းမှုကို နိုင်ငံရေးအရ အချိုးအကွေ့တစ်ခုအဖြစ် ကြုံတွေ့ရနိုင်သော်လည်း တစ်ချိန် တည်းမှာပင် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ လျှပ်စစ်မီးပြတ်တောက်မှု၊ အလုပ်အကိုင်ဆုံးရှုံးမှု၊ နေရပ် စွန့်ခွာရမှုနှင့် ဖမ်းဆီးထိန်းသိမ်းခံရမှု စသည့် နေ့စဉ်ဘဝ၏ တစ်ဆစ်ချိုးအပြောင်းအလဲများ ကိုလည်း အမျိုးမျိုး ကြုံတွေ့ရကာ မလုံခြုံမှုများကို ပိုမိုခံစားရစေပါသည်။ မြန်မာ့အာဏာ

[51] Holbraad et al., 2019, pp. 1, 22.

[52] ဤစကားရပ်များအတွက် ဉာဏ်ပြည်သစ်နှင့် MyCClimate သုတေသနအဖွဲ့ကို ကျေးဇူးတင်ရှိပါ သည်။

[53] Holbraad et al., 2019.

[54] Holbraad et al., 2019, p. 14.

သိမ်းဖြစ်ရပ်သည် နိုင်ငံရေးအဝန်းအဝိုင်းတွင်သာ ဖြစ်ပေါ်သည့် အခြေအနေမဟုတ်ပေ။ လူအများစုအတွက် ၂၀၂၁ ဖေဖော်ဝါရီ (၁) ရက်နေ့ ဖြစ်ရပ်သည် ပြည်သူတို့၏ ဘဝများကို အပြီးတိုင်ပြောင်းလဲပစ်လိုက်သော ရှည်လျားလှသည့် တော်လှန်ရေးလမ်းကြောင်းပေါ်သို့ တွန်းတင်ပေးလိုက်သည်။[55] ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် တစ်ဆစ်ချိုးအပြောင်းအလဲများ၏ ရလဒ်များသည် ပုဂ္ဂလအဆင့် တွင်ဖြစ်စေ၊ နိုင်ငံလုံးချီအဆင့်တွင်ဖြစ်စေ ကြိုတင်သတ်မှတ်ထား၍ မရနိုင်ပေ။ ထိုဖြစ်ရပ်ကြီးအပေါ် အစုအဖွဲ့အသီးသီးက မည်သို့ရှုမြင်တုံ့ပြန်ပြီး မည်သို့ညှိနှိုင်းဆောင်ရွက်ကြသည်အပေါ် မူတည်ကာ “ကြိုတင်ခန့်မှန်းမရနိုင်သော နောက်ဆက်တွဲအကျိုးရလဒ်များ” ရှိနေမည် ဖြစ်ပါသည်။[56]

တစ်ဆစ်ချိုးအပြောင်းအလဲဟူသော အယူအဆသည် တော်လှန်မှုဖြစ်ရပ် သို့မဟုတ် အခြေအနေတစ်ခုမှ ဖြစ်ပေါ်လာသော အတွင်းကျကျ ပြောင်းလဲမှုဆိုင်ရာ နိုင်ငံရေးအတွေးအခေါ်နှင့် ချိတ်ဆက်နေပါသည်။[57] ဤဖြစ်စဉ်နှင့် စပ်လျဉ်း၍ မနုဿဗေဒပညာရှင်များက ထောက်ပြသည်မှာ တစ်ဆစ်ချိုးအပြောင်းအလဲတွင် တစ်ပြိုင်နက်တည်း ဒွန်တွဲတည်ရှိနေသော အပျက်သဘောနှင့် ပြန်လည်ဖြစ်တည်မှုသဘော နှစ်ရပ်စလုံးရှိနေခြင်းဖြစ်သည်။ တစ်ဆစ်ချိုးအပြောင်းအလဲသည် ပုံမှန်အားဖြင့် အဆိုးသဘောဆောင်ကာ တစ်ခါတစ်ရံ ရှိရင်းစွဲအခြေအနေများကို အကြမ်းဖက်ဖျက်ဆီးတတ်သော်လည်း တစ်ဖက်တွင်မူငင်းသည် “လွတ်မြောက်ခြင်း၊ ဦးတည်ချက်အသစ်ရှာဖွေခြင်း၊ အသစ်ပြန်လည်ဖွဲ့စည်းခြင်းနှင့် တစ်ခါတစ်ရံ အသစ်ပြန်လည်စတင်ခြင်းများဆီသို့ ဦးတည်စေသည့် အပြုသဘော ဆောင်သော သို့မဟုတ် အားကောင်းသော တွန်းအားတစ်ခု” လည်း ဖြစ်လာနိုင် ပါသည်။[58] Holbraad နှင့်အဖွဲ့က မနုဿဗေဒပညာရှင်များအနေဖြင့် “တစ်ခန်းရပ်ဇာတ်သိမ်းသွားခြင်းနှင့် အသစ်ပြန်လည်စတင်ခြင်းတို့ အပြန်အလှန်အကျိုးပြုဖြစ်တည်ရှိမှု” ကို အလေးထားကြည့်ရန် တိုက်တွန်းထားပါသည်။[59]

---

[55] Chambers & Cheesman, 2024. မြန်မာ့တော်လှန်ရေးအခြေအနေ” နှင့် ပတ်သက်၍ မကြာသေးမီက ထုတ်ဝေခဲ့သော အထူးထုတ်စာစောင်တစ်ခုတွင် စစ်အာဏာသိမ်းမှုကြောင့် လူငယ်များ (Chambers & Ner Dhu Da, 2024)၊ အမျိုးသမီးများ (Khin Khin Mra & Hedström, 2024)၊ တပ်မတော်သားဟောင်းများ (Kyed & Ah Lynn, 2024)၊ တရားဝင်အသိအမှတ်ပြု မခံရသည့် လူနည်းစုများ (Aung Ko Ko et al., 2024 ကိုကြည့်ပါ) နှင့် အခြားသောအုပ်စုများ၏ ဘဝများ မည်သို့ပြောင်းလဲခဲ့ရကြောင်း ဆောင်းပါးများ ပါဝင်ပါသည်။

[56] Holbraad, 2019, p. 21.

[57] Cherstitch et al., 2020; El-Ghobashy, 2021.

[58] Holbraad et al. 2019, p. 1.

[59] Holbraad et al. 2019, pp. 1-2.

အကယ်၍ အပျက်သဘောသည် တစ်ဆစ်ချိုးအပြောင်းအလဲ၏ အရေးပါသော ကဏ္ဍတစ်ခုဆိုပါလျှင် ထိုအပျက်သဘော၏ အတွင်းသန္တာန်၌ ဖန်တီးနိုင်စွမ်းနှင့် အသစ်ပြန်လည်မွေးဖွားနိုင်စွမ်းတို့ ကိန်းအောင်းနေပြီး မိတ္တူကူးသကဲ့သို့ ပုံစံတူပြန်လည်မွေးဖွားမှုမျိုး မဟုတ်ဘဲ ကွဲပြားခြားနားသော အခြေအနေတစ်ရပ်ကို ဖြစ်ထွန်းစေလေ့ရှိသည်။[60]

မြန်မာနိုင်ငံတွင် အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ပြင်းထန်သည့် တစ်ဆစ်ချိုးအပြောင်းအလဲသည် လူအများစုအတွက် အနုတ်သဘောဆောင်ပြီး ဖျက်အားပြင်းသည်ဟု ခံစားနေကြရသော်လည်း တစ်ချိန်တည်းမှာပင် ၎င်းသည် လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အတွင်းကျကျပြောင်းလဲမှုများအတွက် အဖိုးတန်မျှော်မှန်းချက်များရှိသည့် စစ်အာဏာရှင်ဆန့်ကျင်သူများ၊ ဒီမိုကရေစီလိုလားသူများ၏ တော်လှန်ရေးကြေညာချက်ကို ပေါ်ထွက်လာစေခဲ့ပါသည်။[61] ဤမျှော်မှန်းချက်များသည် စစ်အာဏာရှင်စနစ်ကို ဖြိုဖျက်ရန်နှင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက် မတိုင်မီက မူလအခြေအနေသို့ ပြန်သွားရန်ထက် ပိုမို ကျယ်ပြန့်ပြီး မြေယာ၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ စီမံခန့်ခွဲမှုများပါဝင်သော နိုင်ငံရေးပုံစံအသစ်တစ်ခုသို့ အသွင်ပြောင်းရန် တောင်းဆိုချက်များကို ဆိုလိုခြင်းဖြစ်ပါသည်။[62] ထို့ကြောင့် တစ်ဆစ်ချိုးအပြောင်းအလဲသည် စစ်တပ်ကို ဆန့်ကျင်ရုံသာမက ယခင်အခြေအနေနှင့်လည်း ပုံစံကွဲထွက်နေသည့် အသစ်ဖော်ဆောင်မှုများ၊ ဆက်ဆံရေးအသစ်များနှင့် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းသစ်များ ပေါ်ပေါက်လာရန် အလားအလာရှိနေ ပါသည်။[63] Christian Lund ၏ တစ်ဆစ်ချိုးပြောင်းလဲမှုဆိုင်ရာ သုတေသနသည် အဖွဲ့ အစည်းဆိုင်ရာ ယန္တရားများကို ပြန်လည်တည်ဆောက်ခြင်းအပေါ် အလေးပေးပြီး ဤကဲ့သို့ သော အသစ်ပြန်လည်ဖြစ်ထွန်းမှုများအကြောင်းကို ဦးတည်ရေးသားထားပါသည်။[64] သူက တစ်ဆစ်ချိုးအပြောင်းအလဲကို အာဏာပိုင်များ၏ ရာထူးခုံလှုပ်လာသည့် အခိုက်အတန့်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ အထူးသဖြင့် အာဏာသည် အစိတ်စိတ်အမွှာမွှာဖြစ် နေပြီး ပြိုင်ဆိုင်မှု ပြင်းထန်ကာ အသစ်တည်ဆောက်နေဆဲ အခြေအနေမျိုးဖြစ်ပြီး ထိုအခြေအနေသည် နိုင်ငံ ရေး၊ အဖွဲ့အစည်းများ၊ စံနှုန်းများနှင့် လူထု၏ သစ္စာခံယူမှုတို့ကို သိသိသာသာ ပြောင်းလဲသွား နိုင်သည့် အခြေအနေမျိုးထိ ဖြစ်နိုင်ပါသည်။[65] သို့ဆိုလျှင် ရာသီဥတုပြောင်းလဲမှုသည် ဤအရာ များနှင့် မည်သို့ဆက်စပ်နေသနည်း။

[60] Holbraad, 2019, p. 22. Emphasis in original.
[61] Chambers & Cheesman, 2024.
[62] All Burma Indigenous Peoples Alliance, 2022; Sonam Lama Hyolmo, 2024.
[63] See Jolliffe (2023) for example.
[64] Lund, 2016.
[65] Lund, 2016, p. 1202.

ဤစာစောင်တွင် ပါဝင်ရေးသားသူအများအပြား ဆိုထားသကဲ့သို့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝ ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးများသည် လက်ရှိတစ်ဆစ်ချိုး အပြောင်းအလဲကာလတွင် မတူညီသော အင်အားစုများနှင့် အဖွဲ့အစည်းများအကြား ပြိုင်ဆိုင်မှုနယ်ပယ်တစ်ခု ဖြစ်လာနေသည်။[66] ထို့အပြင် လူအများစုက စစ်အာဏာသိမ်းမှု၏ တစ်ဆစ်ချိုးအပြောင်းအလဲနှင့် ၎င်း၏ နောက်ဆက်တွဲ သက်ရောက်မှုများကို ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းများ ပိုမိုနက်ရှိုင်းလာခြင်းနှင့် တိုက်ရိုက်ချိတ်ဆက်ရှုမြင်လာကြသည်။[67] စင်စစ်အားဖြင့် အာဏာသိမ်းပြီးနောက်ပိုင်း လူထု၏ အခန်းကဏ္ဍနည်းလာခြင်း၊ လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်လာမှုသောနှင့် သယံဇာတများကို အထိန်းအကွပ်မဲ့ အလွန်အကျွံ ထုတ်ယူသုံးစွဲလာခြင်းတို့သည် ပြည်သူများ၏ ထိခိုက်လွယ်နိုင်စွမ်းကို ပိုမိုဆိုးရွားစေရုံသာမက မြန်မာနိုင်ငံ၏ သစ်တောများနှင့် ထိခိုက်လွယ်သော ဂေဟစနစ်များကို ကာကွယ်စောင့်ရှောက်ရန် လူထုအခြေပြု ကြိုးပမ်းအားထုတ်မှုများကိုပါ များစွာစိန်ခေါ်လျက်ရှိပါသည်။[68]

တစ်ချိန်တည်းမှာပင် ပြည်သူများ၏ တစ်ဆစ်ချိုးအပြောင်းအလဲဆိုင်ရာ အတွေ့အကြုံများကို နားလည်ရန်မှာ ထိုပြောင်းလဲမှုမတိုင်မီက ဖြစ်ပျက်ခဲ့သည် များကို ထည့်သွင်းစဉ်းစားမှု မပြုဘဲ မဖြစ်နိုင်ပါ။ Rhoads နှင့် Wittekind တို့၏ တစ်ဆစ်ချိုးအပြောင်းအလဲ အယူအဆ အရဆိုရသော် နောက်ခံအခြေအနေနှင့် သမိုင်းကြောင်းကို လျစ်လျူမရှုရန်မှာ အလွန်အရေးကြီးပြီး အာဏာသိမ်းမှုဟူသော "အခိုက်အတန့်" သည် အချိန်ကာလတစ်ခုအတွင်းက တစ်ဆစ်ချိုးပြောင်းလဲမှုဖြစ်သော်လည်း ၎င်းသည် "အတိတ်က တောင်းဆိုချက်များ၊ အာဏာပါဝါများနှင့် တစ်ဆစ်ချိုးပြောင်းလဲမှုများ" အတွင်း မည်သို့ အမြစ်တွယ်နေသည်ကို ကြည့်ရှုရန် လိုအပ်ပါသည်။[69] ထို့ကြောင့် ဤစာစောင်တွင် ကျွန်ုပ်တို့အနေဖြင့် သိသိသာသာလှုပ်ခတ်ပြီး ပြင်းထန်လှသည့် စစ်အာဏာသိမ်းမှု၏ နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲကို မြန်မာ့ ကာလရှည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်အကျပ်အတည်းများပေါ်တွင်လည်းကောင်း ပဋိပက္ခသမိုင်းကြောင်း၊ သယံဇာတခေါင်းပုံဖြတ်မှုနှင့် အာဏာရှင်အုပ်ချုပ်ရေး သမိုင်းကြောင်းများပေါ်တွင်လည်းကောင်း ဆင့်ကာဆင့်ကာ ဖြစ်ပေါ်လာသည့်အရာအဖြစ် ချဉ်းကပ်လေ့လာထားပါသည်။[70] မြန်မာ့ပဋိပက္ခဆိုင်ရာစာပေအများစုသည် လူမျိုးစုအခြေပြု အမျိုးသားနိုင်ငံရေးနှင့် တိုင်းရင်းသားနယ်စပ်ဒေသများရှိ အရေးပါသော သယံဇာတများကို ထိန်း

---

[66] See Nway Kant Kaw (2026) [this issue], Naw Htee Ku & Hoffmann (2026) [this issue] and Saint Sann Aye (2026) [this issue].

[67] Kyed et al., 2026 [this issue].

[68] Esther Wah, 2022; Kim, 2024; Thin Lei Win, 2022.

[69] Rhoads & Wittekind, 2018, p. 172.

[70] Sarma et al. (2022) and Saw Ner Dhu Da, (2026) [this issue] ကိုလည်း ဖတ်ရှုပေးပါရန်။

ချုပ်ရန် ကြိုးပမ်းမှုအပါအဝင် သယံဇာတခေါင်းပုံဖြတ်မှုပုံစံများ အပေါ်တွင်သာ အာရုံစိုက်လေ့ရှိကြသည်။[71] သို့သော် နိုင်ငံရေးပွင့်လင်းစပြုလာသောကာလ (၂၀၁၂-၂၀၂၀) အတွင်း ရာသီ ဥတုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးလာခဲ့သော်လည်း တစ်ဖက်တွင်လည်း လယ်ယာစီးပွားရေး၊ သတ္တုတူးဖော်ရေး၊ သယံဇာတထုတ်ယူရေး အကြီး စားစီမံကိန်းများနှင့် အခြေခံအဆောက်အအုံများ ဖော်ဆောင်မှုများ အရှိန်အဟုန်ဖြင့် တိုးချဲ့ လာခဲ့သည့်အတွက် ဒေသခံများ၏ မြေယာပိုင်ဆိုင်ခွင့်များ ဆုံးရှုံးခဲ့ရသည်ကိုလည်း ဂရုပြုရန် အရေးကြီးပါသည်။ ထို့အပြင် ၂၀၁၅-၂၀၂၀ ခုနှစ်များအတွင်း နိုင်ငံတကာအကူအညီပေးရေး အဖွဲ့များက စတင်ခဲ့သော ရာသီဥတုဆိုင်ရာလုပ်ဆောင်မှုအချို့သည်လည်း ဒေသအခြေပြု ရာသီဥတုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မျက်ကွယ်ပြုကာ နိုင်ငံတော်၏ ဗျူရိုကရေစီယန္တရားအာဏာကိုသာ ပိုမိုခိုင်မာစေခဲ့သည့်အတွက် တိုင်းရင်းသားနှင့် မျိုးနွယ်စု လူ့အဖွဲ့အစည်းများကို ပိုမိုထိခိုက်လွယ်စေခဲ့ပါသည်။[72] ရလဒ်အနေဖြင့် အဆိုပါ လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံ၏ သက်ဆိုးရှည်ပဋိပက္ခများနှင့် အာဏာရှင်အုပ်ချုပ်ရေးယန္တရားများ၏ အရင်းခံအကြောင်းတရားဖြစ်သော လူမှုနိုင်ငံရေးအရ ဖယ်ကြဉ်ထုတ်ခြင်းကို မရည်ရွယ်ဘဲ ပိုမို အားကောင်းစေခဲ့ပါသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် တစ်ဆစ်ချိုးအပြောင်း အလဲများသည် အခြေခံအကြောင်းတရားများ၌ အကြမ်းဖက်မှုများ အမြဲကိန်းအောင်းနေပြီး နေရာအနှံ့၌ အချိန်ကြာကြာနှင့် အဆက်မပြတ်ဖြစ်နေသော အကျပ်အတည်းများ၏ နောက်ကွယ်တွင် ဖြစ်ပေါ်လာလေ့ရှိသည်။ ဤအချက်ကို ထည့်သွင်းစဉ်းစားရန်အတွက် ဤစာစောင်တွင် “တစ်ဆစ်ချိုးအပြောင်းအလဲ” ဆိုသည့် အယူအဆကို Henrik Vigh ၏ “သက်ဆိုးရှည်အကျပ်အတည်း” ဆိုသည့်အယူအဆနှင့် ပေါင်းစပ်ထားသည်။[73] သက်ဆိုးရှည်အကျပ်အတည်း ဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခများသာမက ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊[74] လူတန်းစားအခြေပြု ဆင်းရဲမွဲတေမှု၊ မညီမျှမှုများနှင့် မြေယာနှင့် သဘာဝပတ်ဝန်း ကျင်အပေါ် အရင်းရှင်စနစ်၏ နောက်ဆက်တွဲ သက်ရောက်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာသော အသံတိတ်အကြမ်းဖက်မှုများ၏ ဆင့်ပွားရိုက်ခတ်မှုများပင်ဖြစ်သည်။[75] အာဏာသိမ်းမှု သို့မဟုတ် လေကြောင်းတိုက်ခိုက်မှုကဲ့သို့သော ရုတ်တရက်ဖြစ်ပွားသည့် အဖြစ်အပျက်များနှင့်

---

[71] Jones, 2018; Sadan, 2016; Woods, 2011; 2021.

[72] Faxon, 2021; Franco & Borras, 2019; Park, 2021; Woods, 2019; 2021; Woods & Naimark, 2020. Mosberg (2026) [this issue] ကိုလည်း ဖတ်ရှုပေးပါရန်။

[73] Vigh, 2022.

[74] Nixon, 2011.

[75] Ahmann, 2018.

ဆန့်ကျင်ဘက်အနေဖြင့် အသံတိတ်အကြမ်းဖက်မှုသည် မသိမသာနှင့် မယုံကြည်နိုင်လောက်အောင် ဝါးမျိုဖျက်ဆီးသော နည်းလမ်းများဖြင့် လှုပ်ရှားနေပါသည်။[76] Mahanty နှင့်အဖွဲ့ ပြောထားသကဲ့သို့[77] တစ်ဆစ်ချိုးအပြောင်းအလဲအပေါ် လူထု၏ တုံ့ပြန်ပုံကို လေ့လာရာတွင် ထိုမတိုင်မီကတည်းက တဖြည်းဖြည်း အနည်ထိုင်လာနေသည့် အသံတိတ်အကြမ်းဖက်မှုများနှင့် ယခင်ရှိခဲ့သော အာဏာစက်အခြေအနေများကို ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော တစ်ဆစ်ချိုးအပြောင်းအလဲကာလအတွင်း ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခတို့အပေါ် ပြည်သူများ၏ အတွေ့အကြုံများကို နှစ်ရှည်လများ အဆက်မပြတ်ဖြစ်ပွားနေသော အကျပ်အတည်းများနှင့် အသံတိတ်အကြမ်းဖက်မှုများ၏ နောက်ခံသမိုင်းကြောင်းနှင့် ချိတ်ဆက်နားလည်ရန် လိုအပ်သည်ဟု ကျွန်ုပ်တို့ ယူဆပါသည်။[78] တစ်ချိန်တည်းတွင် မြန်မာနိုင်ငံရှိ ပြည်သူများသည် အချိန်ကာလနှင့် နေရာဒေသအလိုက် အကျပ်အတည်းများကို ပုံစံအမျိုးမျိုးဖြင့် ကြုံတွေ့ခဲ့ကြရပြီး ထိုအချက်မှာ တစ်ဆစ်ချိုးအပြောင်းအလဲကို ပုံစံကွဲကာ ခံစားရပုံအပေါ် သက်ရောက်မှုရှိကြောင်း သိရှိထားပါသည်။ ဥပမာအားဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ပဋိပက္ခ၊ နေရပ်စွန့်ခွာရမှုနှင့် မြေယာသိမ်းဆည်းခံရမှုများကို ခါးစည်းခံခဲ့ရသည့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးစုများသည် ၂၀၂၁ အာဏာသိမ်းမှု၏ တစ်ဆစ်ချိုးအပြောင်းအလဲကို ရန်ကုန်ရှိ လူလတ်တန်းစားများ ခံစားရပုံနှင့် တူညီမည် မဟုတ်ပါ။[79] ထို့အတူ ယခင်က သဘာဝဘေးအန္တရာယ်၊ မြေယာသိမ်းဆည်းမှု၊ အလုပ်လက်မဲ့ဖြစ်မှု သို့မဟုတ် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် အခြေခံလူတန်းစား ရွှေ့ပြောင်းအခြေချသူများအတွက် ၂၀၂၁ နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲသည် နက်ရှိုင်းစွာ အနည်ထိုင်ကာ စနစ်တကျတည်ရှိနေသည့် အသံတိတ်အကြမ်းဖက်မှုဖြစ်စဉ်များအပေါ်တွင် ထပ်ဆင့်ဖြစ်လာခြင်းဖြစ်သည်။[80] ထို့ကြောင့် လက်ရှိတစ်ဆစ်ချိုးအပြောင်းအလဲအပေါ် ပြည်သူတို့၏ တုံ့ပြန်ပုံများသည် ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တဖြည်းဖြည်းချင်း ပြောင်းလဲမှုများ အပါအဝင် နှေးကွေးသော အပြောင်းအလဲများနှင့် ရုတ်တရက်ဖြစ်လာသော အပြောင်းအလဲကြား အပြန်အလှန်သက်ရောက်မှုများအပေါ် မူတည်ပြီး ဖြစ်ပေါ်လာခြင်းဖြစ်သည်။

---

[76] Gonda et al., 2023; Matthan, 2023; Paprocki, 2021; Shattuck et al., 2023; Sultana, 2022.

[77] Mahanty et al., 2023.

[78] Sturridge (2023, pp. 13-14) ကိုလည်း ဖတ်ရှုပေးပါရန်။

[79] Chambers (2026) ကိုလည်း ဖတ်ရှုပေးပါရန်။

[80] Nixon, 2011.

တစ်ဆစ်ချိုးအပြောင်းအလဲကာလအတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံရေး

ရာသီဥတုပြောင်းလဲမှုနှင့် ၎င်း၏ သက်ရောက်မှုများသည် သဘာဝဖြစ်စဉ်သက်သက် သို့မဟုတ် ရှောင်လွှဲမရသော ဖြစ်ရပ်များမဟုတ်ဘဲ နိုင်ငံရေးနှင့် နက်ရှိုင်းသော လူမှုနိုင်ငံရေး ဆိုင်ရာ နောက်ခံအကြောင်းတရားများနှင့် သမိုင်းကြောင်း များက ပုံဖော်ပေးထားခြင်း ဖြစ်ပါသည်။[81] ထို့ကြောင့် ဤစာစောင်တွင် ကျွန်ုပ် တို့သည် ရာသီဥတုပြောင်းလဲမှုနှင့် ၎င်းကို ကြုံတွေ့ခံစားရပုံကို မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ထွန်းမှုများနှင့် ပဋိပက္ခဖြစ်စဉ်များမှ ခွဲထုတ်ပြီး ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ခံစားမှုဆိုင်ရာသီးသန့်အဖြစ် ချဉ်းကပ်လေ့လာခြင်းပြုမည် မဟုတ်ပါ။ Sturridge ထောက်ပြထားသကဲ့သို့ "ရာသီဥတုကိုသာ ဗဟိုပြုသည့် ချဉ်းကပ်မှုများသည် တစ်ပိုင်းတစ်စဇာတ်ကြောင်းကိုသာ ပြောပြနိုင်ပြီး ယင်းတို့ကို နေ့စဉ်ဘဝနှင့် အသက်မွေးဝမ်းကျောင်းမှုများရှိ အာဏာဆက်ဆံရေးများ၊ မညီ မျှမှုများနှင့် သမိုင်းဝင် မတရားမှုဘောင်အတွင်း ထည့်သွင်းစဉ်းစားသင့်သည်" ဟု ဆိုပါသည်။[82] ကျွန်ုပ်တို့သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များအား နိုင်ငံရေးအရ မည်သို့အသုံးချခံရသည်ကို ဆက်လက်စူးစမ်းရန်နှင့် နိုင်ငံရေး တစ်ဆစ်ချိုးအပြောင်းအလဲကာလအတွင်း ၎င်းအချက်က မည်သို့ပေါ်ပေါက်လာသည်ကို ပြသရန် အရေးကြီးကြောင်း အကြံပြုလိုပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့သည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံရေးဟူသော အယူအဆကို အသုံးပြုထားပြီး ယင်းကို ကျွန်ုပ်တို့က အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော မရေမရာအခိုက်အတန့်များအတွင်း အာဏာနှင့် တရားဝင်မှုအတွက် အပြိုင်အဆိုင် ကြိုးပမ်းနေကြသော အင်အားစုအသီးသီးက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများ၊ ပြောဆိုဆွေးနွေးမှုများနှင့် လုပ်ဆောင်ချက်များကို မိမိတို့ အကျိုးအတွက် ရယူအသုံးချခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။[83]

Anthony Giddens က ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံရေးကို ရာသီဥတု ပြောင်းလဲမှု၏ အကြောင်းရင်းများနှင့် နောက်ဆက်တွဲရလဒ်များကို ဖြေရှင်းရန် အသုံးပြုသည့် နိုင်ငံရေး လုပ်ငန်းစဉ်များနှင့် မူဝါဒများဖြစ်ပြီး ယင်းတို့သည် မတူညီသော စီးပွားရေးအကျိုးအမြတ်များ၊ နိုင်ငံရေးအယူဝါဒများနှင့် လူမှုရေးဆိုင်ရာ အပြုအမူများအပေါ် မူတည်၍ ပုံဖော်ပြောင်းလဲမှုရှိသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။[84] သို့သော်လည်း Giddens သည် ဤအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ထုတ်ရာတွင် တည်ငြိမ်သော ဒီမိုကရေစီနိုင်ငံများအနေဖြင့် ၎င်းတို့၏ အမျိုးသားမူဝါဒများ

---

[81] Sturridge (2023) ကိုလည်း ဖတ်ရှုပေးပါရန်။

[82] Sturridge, 2023.

[83] Lund, 2016.

[84] Gidden, 2009.

အတွင်း ရာသီဥတုပြောင်းလဲမှု လျှော့ချရေးရည်မှန်းချက်များကို ပေါင်းစပ်ထည့်သွင်းရန် လိုအပ်ချက်အပေါ်တွင်သာ အဓိကထားခဲ့ ခြင်းဖြစ်သည်။ ထိုစဉ်က ထိုသို့လုပ်ဆောင်ရာတွင် သိပ္ပံနည်းကျထောက်ပြမှုနှင့် နိုင်ငံရေးအရ ကန့်ကွက်မှုများ (သံသယရှိသူများ၊ ရာဒီကယ်သမား များ စသည်ဖြင့်) ကို ရင်ဆိုင်နေရချိန်လည်းဖြစ်ပြီး သူ၏ အယူအဆတွင် ပြင်းထန်သော လက်နက်ကိုင်ပဋိပက္ခများနှင့် နိုင်ငံရေးအရ တစ်ဆစ်ချိုးပြောင်းလဲမှုများ၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားထားခြင်း မရှိပါ။

ယနေ့ခေတ်တွင် အခြေအနေမှာ ကွဲပြားသွားပြီဖြစ်သည်။ ရာသီဥတု ပြောင်းလဲမှုနှင့် ၎င်းနှင့် ဆက်စပ်နေသော "စိမ်းရောင်စိုနိုင်ငံရေး" များသည် ကမ္ဘာ့စင်မြင့်နှင့် ပြည်တွင်းဆွေးနွေးပွဲများတွင် ပင်မခေါင်းစဉ် ဖြစ်လာရုံမက[85] နိုင်ငံတကာ ရန်ပုံငွေနှင့် အသိအမှတ်ပြုမှုများ ရရှိစေသည့် မူဝါဒနယ်ပယ်လည်း ဖြစ်လာခဲ့သည်။ ဤအခြေအနေတွင် နိုင်ငံရေးအကျိုးစီးပွားရှိနေသည့် အင်အားစုများက ရာသီဥတုပြောင်းလဲမှုနှင့် 'စိမ်းလန်းစိုပြေရေး' တို့ကို မိမိတို့အကျိုးအတွက် ရယူအသုံးချခြင်းသည် နိုင်ငံတကာအသိအမှတ်ပြုမှု ရရှိရန်အတွက် သာမက မိမိတို့၏ အာဏာတည်မြဲရေးနှင့် ပြည်တွင်း၌ တရားဝင်မှု ရရှိရေးတို့အတွက်ပါ အားသာချက်တစ်ခု ဖြစ်လာနိုင်ပါသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံရေးကို Christian Lund ၏ နိုင်ငံရေး တစ်ဆစ်ချိုးအပြောင်းအလဲ ဆိုသည်မှာ အာဏာသည် အမျိုးမျိုးကွဲပြားနေခြင်း၊ ပြိုင်ဆိုင်မှုပြင်းထန်ခြင်းနှင့် အသစ်တည်ဆောက်နေဆဲဖြစ်ခြင်းဟူသော အယူအဆနှင့် ပေါင်းစပ်ပြီး[86] ဤ စာစောင်တွင် ပြိုင်ဘက်နိုင်ငံရေးအင်အားစုများက သူတို့ကိုယ်ကို "စိမ်းရောင်စို" ဖြစ်အောင် မည်သို့ဖော်ဆောင်ကြပုံနှင့် ၎င်းတို့သည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပြဿနာများကို အလေးထားကြောင်း၊ တုံ့ပြန်ဆောင်ရွက်နေကြောင်း ပြသရန် မည်သို့ ကြိုးပမ်းနေကြသည်ကို ဖော်ပြထားပါသည်။ ဤအင်အားစုများသည် ရာသီဥတုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများအပေါ် အမှန်တကယ် စိုးရိမ်ပူပန်မှုများ ရှိနိုင်သော်လည်း ၎င်းတို့၏ စိမ်းရောင်စိုလှုပ်ရှားမှုများသည် နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲနှင့် အကြမ်း ဖက်ပဋိပက္ခများအတွင်း အာဏာခိုင်မာစေရန်၊ တရားဝင်မှုရရှိရန်နှင့် "နိုင်ငံတော်သရုပ်ကို ဆောင်ခြင်း" တို့အတွက် ပိုမိုကျယ်ပြန့်သော ကြိုးပမ်းအားထုတ်မှုများ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာပါသည်။[87] မြန်မာနိုင်ငံ၏ အခြေအနေတွင် အဆိုပါ အင်အားစုများ၌ နစကအစိုးရ၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ပြီး တစ်

[85] Dunlap et al., 2024.

[86] Lund, 2016.

[87] Hansen & Stepputat, 2001. Nway Kant Kaw (2026) [this issue]; Saint Sann Aye (2026) [this issue] ကိုလည်း ဖတ်ရှုပေးပါရန်။

ခါတစ်ရံတွင် အရပ်ဘက်လူ့အဖွဲ့ အစည်းများ၊ ဌာနေတိုင်းရင်းသားကွန်ရက်များနှင့် စစ်ဘက် အင်အားစုများနှင့် လည်း ပူးပေါင်းဆောင်ရွက်လေ့ရှိသည်။

အမှန်စင်စစ် စိမ်းရောင်စိုပုံရိပ်ဆောင်ခြင်းသည် အဆိုပါအင်အားစုများက အာဏာနှင့် နိုင်ငံတကာအသိအမှတ်ပြုမှု ရရှိရန် ကြိုးပမ်းသည့် တစ်ခုတည်းသောနည်းလမ်း မဟုတ်သော် လည်း နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲ ဖြစ်နေချိန်တွင် ရာသီဥတုပြောင်းလဲမှု၏ အရေးပါ ပုံကို နားလည်နိုင်ရန်အတွက် ၎င်းကို အရေးပါသော နိုင်ငံရေးနယ်ပယ်တစ်ခုအဖြစ် ရှုမြင်ရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ တင်ပြလိုပါသည်။ ဤနယ်ပယ်တွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို နည်းလမ်းမျိုးစုံဖြင့် ရယူအသုံးချလေ့ရှိကြပါ သည်။ ဥပမာအားဖြင့် ပြိုင်ဆိုင်မှုပြင်းထန်သော နိုင်ငံတည်ဆောက်ရေး ကြိုးပမ်းမှုများ၏ အစိတ်အပိုင်းအဖြစ် အသုံးချခြင်း၊ စစ်တပ်၏ ဖိနှိပ်ချုပ်ချယ်မှုနှင့် ခေါင်းပုံဖြတ်မှုများကို ဖုံးကွယ်ရန် အသုံးချခြင်း၊ နိုင်ငံတကာ အလှူရှင်များ၏ မူဝါဒများကို ချဲ့ထွင်ခြင်းနှင့် ဌာနေ တိုင်းရင်းသားတို့၏ အသံနှင့် အမြင်များကို ရှေ့တန်းတင်လျက် နိုင်ငံတော်ဗဟိုပြုဝါဒနှင့် အရင်းရှင်စနစ်၏ ခေါင်းပုံဖြတ်မှုများကို တက်ကြွလှုပ်ရှားသူများက ဝေဖန်ထောက်ပြခြင်း စသည်တို့ ဖြစ်သည်။[88] စိမ်းရောင်စိုပုံရိပ်ဆောင်ခြင်းကို လွတ်မြောက်မှုဆီသို့ ဦးတည်သော အစီအစဉ်များအတွက်သာမက ဖိနှိပ်ချုပ်ချယ်ရေးသို့ ဦးတည်သော အစီ အစဉ်များအတွက်ပါ အသုံးတော်ခံနိုင်သောအရာအဖြစ် မြင်နိုင်သော်လည်း ထိုလုပ်ဆောင်မှုသည် အမြဲတစေ အာဏာဆက်ဆံရေးများအတွင်း၌ ဖြစ်ပေါ် နေသောကြောင့် ၎င်းသည် နိုင်ငံရေးပင်ဖြစ်သည်။

သုတေသနနည်းနာကို သုံးသပ်ခြင်း

ဤစာစောင်တွင် ကျွန်ုပ်တို့သည် သိပ္ပံနည်းကျနားလည်မှုကိုသာ ဦးစားပေးခြင်း သို့မဟုတ် နက်ရှိုင်းသော နိုင်ငံရေးဖြစ်စဉ်များကို လျစ်လျူရှုခြင်းမျိုး မပြုဘဲ ရာသီဥတုပြောင်းလဲမှုအပေါ် ဒေသခံတို့၏ အတွေ့အကြုံများနှင့် အမြင်များကို ဦးစားပေး တင်ပြထားပါသည်။ ထိုသို့လုပ် ဆောင်ရာတွင် ရာသီဥတုပြောင်းလဲမှုကို သိမြင်ပုံ၊ ကြုံတွေ့ပုံနှင့် လက်တွေ့ဆောင်ရွက်ပုံတို့ တွင် မတူညီမှုနှင့် မညီမျှ မှုများကို လျစ်လျူရှုထားသော နိုင်ငံရေးနှင့်ကင်းကွာအောင်ပြုခြင်းကို ဝေဖန်သည့် Goldman နှင့်အဖွဲ့၏ သုံးသပ်ချက်ကို ကျွန်ုပ်တို့ လိုက်နာကျင့်သုံးပါသည်။[89] ဤ ကဲ့သို့သော ပြုလုပ်ခြင်းများသည် အနောက်တိုင်းသိပ္ပံပညာကိုသာ အမှန်ကန်ဆုံးနှင့် အချက် အလက်အကျဆုံးအဖြစ် ရှေ့တန်းတင်လေ့ရှိပြီး ဒေသခံတို့၏ အသိပညာနှင့် အတွေးအမြင်များ ကိုမူ ဘေးဖယ်ထားလေ့ရှိပါသည်။ ဤသို့ "ရာသီဥတုပြောင်းလဲမှုကို သိနားလည်ခြင်းဆိုင်ရာ နိုင်ငံရေး" ၏ အကျိုး ဆက်တစ်ခုမှာ ရာသီဥတုပြောင်းလဲမှုအတွက် ဖြေရှင်းချက်များ ရှာဖွေရာ

[88] Esther Wah, 2021; 2023.
[89] Goldman et al., 2018, pp. 2-3.

တွင် ဒေသခံတို့၏ အတွေ့အကြုံနှင့် လက်တွေ့လုပ်ဆောင်မှုများကို လျစ်လျူရှုခြင်း သို့မဟုတ် ဒုတိယဦးစားပေးအဆင့်၌သာ ထားရှိခြင်းဖြစ်ပါသည်။ ယင်းကို နည်းပညာဆန်လွန်းသော၊ အထက်မှအောက်သို့ ညွှန်ကြားသောနှင့် နိုင်ငံတော်က ဦးဆောင်သော လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် တွေ့မြင်နိုင်ပါသည်။ ၎င်းတို့သည် ဒေသခံလူထု၏ အသိပညာစနစ်များကို ဖယ်ထုတ်ထားရုံသာမက ရာသီဥတုဒဏ်ကို ပိုမိုခံစားရစေသည့် အခြေခံအကြောင်းရင်းများဖြစ်သော နိုင်ငံရေးအရ မညီမျှမှု၊ ဖယ်ကြဉ်ခံရမှုနှင့် သယံဇာတများအပေါ် ခံစားခွင့်ကင်းမဲ့မှုစသည့် တည်ဆောက်ပုံဆိုင်ရာ အချက်အလက်များကိုပါ နိုင်ငံရေးကိစ္စမဟုတ်သကဲ့သို့ ဖုံးကွယ်ပစ်လေ့ ရှိပါသည်။

Goldman နှင့်အဖွဲ့[90]၏ အယူအဆနှင့်အညီ ယခုအခါ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မနုဿဗေဒနှင့် လူမှုပထဝီဝင်ဆိုင်ရာ လေ့လာမှုအတော်များများသည် ဒေသခံတို့၏ အသိပညာစနစ်များနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် ပြည်သူတို့၏ အတွေ့အကြုံနှင့် တုံ့ပြန်မှုများ ပါဝင်သော ကျယ်ပြန့်သည့် နိုင်ငံရေး နောက်ခံအခြေအနေများကို အသိအမှတ်ပြုလာကြပြီ ဖြစ်သည်။[91] သို့သော် ပဋိပက္ခဒဏ်သင့် ပြည်သူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခနှင့် ရာသီဥတုဘေးအန္တရာယ်ဟူသော နှစ်ထပ်ကွမ်းရိုက်ခတ်မှုကို မည်သို့ကြုံတွေ့ခံစားရပြီး မည်သို့ အဓိပ္ပာယ်ဖွင့်ကြသည်ဟူသော အချက်ကို လေ့လာသည့် သုတေသနမှာမူ အလွန်နည်းပါးနေသေးသည်။[92] ဤကဲ့သို့ နည်းပါးနေရသည့် အကြောင်းတစ်ခုမှာ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ကွင်းဆင်းသုတေသနပြုရန် ခက်ခဲခြင်းကြောင့်ဖြစ်သည်။[93] ဤသည်မှာ ဤစာစောင်တွင် ပါဝင်ရေးသားသူများ ပုံစံမျိုးစုံဖြင့် ရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှုကြီးတစ်ခုပင် ဖြစ်ပါသည်။

လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်စပ်နေသော ရုပ်ပိုင်းဆိုင်ရာ မလုံခြုံမှုများ အပြင် မြန်မာနိုင်ငံတွင် သုတေသနပြုလုပ်ခြင်းသည် လူကိုယ်တိုင် တွေ့ဆုံမေးမြန်းခြင်းနှင့် သက်ဆိုင်ရာနေရာဒေသ၌ အချက်အလက် စုဆောင်းခြင်းတို့နှင့် ဆက်စပ်နေသော အန္တရာယ်များ၏ စိန်ခေါ် မှုကိုလည်း ရင်ဆိုင်နေရပါသည်။ ဤအန္တရာယ်သည် သုတေသီများရော သုတေသနတွင် ပါဝင် ဖြေဆိုသူများကိုပါ သက်ရောက်မှုရှိပါသည်။ ဝေဖန်ဆန်းစစ်မှုပြုသည့် မည်သည့် သုတေသန မျိုးတွင်မဆို ပါဝင်ပတ်သက်ခြင်းသည် စစ်တပ်၏ ပစ်မှတ်ထားခြင်းနှင့် ၎င်း၏ ဖိနှိပ်ချုပ်ချယ် သော မူဝါဒများ၊ လုပ်ရပ်များကို ခံရနိုင်သည့် အန္တရာယ်ရှိပါသည်။ သုတေသန အချက်အလက် များ ဝေမျှခြင်း၊ သိမ်းဆည်းခြင်းနှင့် ထုတ်ဝေခြင်းတို့တွင်လည်း

[90] Goldman et al., 2018.

[91] Porcuna-Ferrer et al. (2023), Reyes-Garcías et al. (2024), Rosengren (2018), Salick et al. (2012) ကိုလည်း ဖတ်ရှုပေးပါရန်။

[92] ချွင်းချက်အချို့မှာ Augsten et al. (2022), Branch (2018), Sturridge (2023) တို့ဖြစ်ကြသည်။

[93] Augsten et al., 2022.

လုံခြုံရေးဆိုင်ရာ စိုးရိမ်စရာများ ရှိနေပါသည်။ ဤအကြောင်းအချက်များကြောင့် ဤစာစောင်တွင် ပါဝင်သော ဆောင်းပါး များသည် ထိန်းညှိထားသော အချက်အလက်စုဆောင်းမှု နည်းလမ်းများ၊ အချက် အလက်များ ကို သေသေချာချာချာထိန်းသိမ်းကာကွယ်မှုများနှင့် အမည်ဝှက်ထားခြင်းဆိုင်ရာ တင်းကျပ် သော လုပ်ထုံးလုပ်နည်းများကို အသုံးပြုခဲ့ကြရပါသည်။ ဤစာစောင်တွင် ပါဝင်ရေး သားသော မြန်မာပညာရှင်များသည်လည်း ထိုအကြောင်းပြချက်များကြောင့် ကလောင်အမည်များဖြင့် သာ ရေးသားထားခြင်း ဖြစ်ပါသည်။

ထိုသို့သော အခြေအနေများကြောင့် ဤစာမျက်နှာထက်တွင် ဖော်ပြထားသော သုတေ သနအတော်များများသည် သဘောသဘာဝအရ မနုဿဗေဒဆိုင်ရာ လေ့လာမှုများဟု ယူဆ နိုင်သော်လည်း ၎င်းတို့သည် သတ်မှတ်ထားသော ဒေသတစ်ခုတွင် အချိန်ကြာမြင့်စွာ အတူနေ ထိုင်လေ့လာသည့် သမားရိုးကျ မနုဿဗေဒ ကွင်းဆင်းနည်းလမ်းများအပေါ် အခြေခံထားခြင်း မဟုတ်ပါ။ အဆိုပါ သမားရိုးကျနည်းလမ်းသည် လက်နက်ကိုင်ပဋိပက္ခများကြားတွင် ရာသီ ဥတု ပြောင်းလဲမှုကို ပြည်သူများ မည်သို့ကြုံတွေ့နားလည်ပြီး တုံ့ပြန်ကျော်ဖြတ်ကြသည်ကို နက်နက်ရှိုင်းရှိုင်းနှင့် နောက်ခံအခြေအနေအလိုက် သိရှိနိုင်မည့် အကောင်းဆုံးနည်းလမ်းဟု ဆိုနိုင်ပါသည်။ သို့သော် ယင်းအစား ဤစာစောင်တွင် ပါဝင်သော သုတေသီများသည် နစက၏ ထိန်းချုပ်မှုအောက်တွင် မရှိသော ဒေသများသို့ ကာလတိုအတွင်း အကြိမ်ကြိမ် သွားရောက် လေ့လာခြင်း၊ ဒစ်ဂျစ်တယ်နည်းဖြင့် လူမှုအလေ့အထသဘာဝလေ့လာသုံးသပ်မှုပြုခြင်း သို့မဟုတ် တိုက်ပွဲပြင်းထန်နေသော ဒေသများနှင့် စစ်တပ်ထိန်းချုပ်ရာဒေသများတွင် နေထိုင် သည့် ဒေသခံသုတေသီများကို ဖုန်းဖြင့်ချိတ်ဆက်ကာ အချက်အလက်များကို အတူတကွ ပူးပေါင်းဖော်ထုတ်ခြင်း စသည့်နည်းလမ်းများကို အသုံးပြုခဲ့ကြရသည်။ ဤကဲ့သို့ ပြုပြင် ပြောင်းလဲမှုများသည် ဒေသတွင်း၌ ကိုယ်တိုင်ကိုယ်ကျ အချိန် ကြာမြင့်စွာ လုပ်ဆောင်ရသော ကွင်းဆင်းလေ့လာမှုများနှင့် နှိုင်းယှဉ်လျှင် သိသာထင်ရှားသော ကန့်သတ်ချက်များ ရှိပါသည်။ သို့သော်လည်း သုတေသီများသည် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် မြင့်မားသော "လူ့အဖွဲ့ အစည်းဆိုင်ရာ ခံစားသက်ဝင်မှု"[94] ကို ထိန်းသိမ်းရန် ရည်ရွယ်ခဲ့ကြသည်။ ဆိုလိုသည်မှာ ရာသီဥတုနှင့် ပဋိပက္ခ ဆက်နွယ်မှုအပေါ် ယေဘုယျကျပြီး ဓမ္မဓိဋ္ဌာန်ကျသော ဖော်ပြချက် များကိုသာ ဦးတည်ခြင်းထက် ဒေသခံတို့၏ ပြောဆိုဆွေးနွေးမှုများနှင့် အသိပညာများ၏ အရေးပါပုံကို ရှေ့တန်းတင်ခဲ့ကြသည်။ ပဋိပက္ခဒဏ်သင့် ပြည်သူများက ၎င်းတို့၏ ဘဝ အတွေ့အကြုံများနှင့် ၎င်းတို့ ရောက်ရှိနေသော နိုင်ငံရေးဖြစ်စဉ်များအပေါ် မည်သို့အဓိပ္ပာယ် ဖွင့်ဆိုကြသည်ကိုလည်း အထူးအလေးထား လေ့လာခဲ့ကြသည်။ ထို့ပြင် မတူညီသော သိမြင်မှု နှင့် ဖြစ်တည်မှုဆိုင်ရာ အယူအဆများအပေါ် အခြေခံကာ ဘာသာရေးဆိုင်ရာ ဆက်နွယ်မှုများ၊

[94] Pader, 2015.

ယုံကြည်မှုများနှင့် ယဉ်ကျေးမှုစံနှုန်းများက ရာသီဥတုပြောင်းလဲမှုအပေါ် ဒေသခံတို့၏ နားလည်မှုကို မည်သို့ပုံဖော်ပေးနေသည်ကိုလည်း ထည့်သွင်းလေ့လာ ထားပါသည်။[95] နောက်အပိုင်းတွင် ကျွန်ုပ်တို့သည် ဤအထူးထုတ်ပါ ဆောင်းပါးများအကြောင်းနှင့် တစ်ဆစ်ချိုးအပြောင်းအလဲကြားကာလ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခတို့ကို နားလည်စေရန် ၎င်းဆောင်းပါးများ၏ ပံ့ပိုးမှုများကို အကျဉ်းချုပ် ဖော်ပြပေးပါမည်။

ဆောင်းပါးများအကြောင်း

လေ့လာမှုတွင် ပါဝင်သူများသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတု ဖောက်ပြန်မှုကို သီးခြားစီခွဲ၍ ပြောကြသည်ကရှားသည်။ ၎င်းတို့သည် ပတ်သက်၍လည်း အကျပ်အတည်းတစ်ခုတည်း၏ အစိတ်အပိုင်းအဖြစ်သာ ဖော်ပြကြသည်။ ဤသို့ ပိုမိုဆိုးရွား လာသည်ဟု ခံစားရခြင်းမှာ အာဏာသိမ်းမှုနောက်ပိုင်း ဖြစ်ပေါ်လာသော စီးပွားရေး၊ နိုင်ငံရေး နှင့် လုံခြုံရေးဆိုင်ရာ အကျပ်အတည်းများကြားတွင် လူထုအနေဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လျော့နည်းလာခြင်းကြောင့် ဖြစ်သည်ဟု ယူဆရသည်။ တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေး ဆိုင်ရာ ကိစ္စရပ်များသည် ရှင်သန်ရေးနှင့် လုံခြုံရေးဟူသော ချက်ချင်း ဖြေရှင်းရမည့် ဦးစားပေး များ၏ အရိပ်အောက်တွင် မေးမှိန်သွားခဲ့သည်။ ၎င်းအခြေအနေမှာ နစက၏ ဖိနှိပ်မှုနှင့် စစ်တပ် နှင့် တော်လှန်ရေးအင်အားစုများအကြား ပဋိပက္ခများ နေ့စဉ်ဘဝအတွင်း ပျံ့နှံ့နေပြီး အုပ်ချုပ်မှု ယန္တရား ကင်းမဲ့ခြင်း၊ အားပြိုင်နေခြင်း သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို လျစ် လျူရှုထားခြင်း ခံရသည့် ဒေသများတွင် သိသိသာသာ တွေ့မြင်ရသည်။ အဆိုပါ ဒေသများတွင် အာဏာသိမ်းမှုမတိုင်မီက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများနှင့် လူထုအခြေပြု အဖွဲ့အစည်းများသည် စစ်တပ်၏ ဖိနှိပ်မှုများ ကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် အဓိကပါဝင်လှုပ်ရှားခဲ့ သည့် လူငယ်အများစုမှာ အခြားဒေသများသို့ တိမ်းရှောင်သွားကြခြင်းကြောင့်လည်းကောင်း လုပ်ငန်းများ ရပ်တန့်သွားခဲ့ရသည်။[2]

ဤဆောင်းပါးတွင် ရာသီဥတုပြောင်းလဲမှု၏ မူလအကြောင်းရင်းများအပေါ် ပြည်သူတို့၏ ရှုမြင်ပုံများကို ၎င်းတို့၏ လက်တွေ့ဘဝအကြောင်း နောက်ခံအရ ဖြစ်ပေါ်လာသောသိမှု (situated knowledge) အပေါ် အခြေခံ၍ လေ့လာတင်ပြထားသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် ရုပ်ပိုင်းဆိုင်ရာ (material) နှင့် နာမ်ပိုင်းဆိုင်ရာ (immaterial) ရှင်းလင်းချက်များကို မည်သို့ပေါင်းစပ်တွေးတောကြသည်ကို ကျွန်ုပ်တို့ ဖော်ပြ ထားသည်။ ယေဘုယျအားဖြင့် ၎င်းတို့သည် ရာသီဥတုပြောင်းလဲမှုကို ကမ္ဘာလုံးဆိုင်ရာ ကာဗွန် ထုတ်လွှတ်မှုများနှင့် သက်ဆိုင်သည် ဆိုသည်ထက် မိမိတို့ဒေသနှင့် မြန်မာနိုင်ငံအတွင်း ကြုံ တွေ့နေရသော ကျယ်ပြန့်သည့် အကျပ်အတည်း အတွေ့အကြုံများနှင့်သာ ဆက်စပ်ရှုမြင်ကြ သည်။ ဥပမာအားဖြင့် ပြည်သူများသည် သစ်တောပြုန်းတီးမှုနှင့် ညစ်ညမ်းမှုများကို ရာသီဥတု ပြောင်းလဲမှု၏ ရုပ်ပိုင်းဆိုင်ရာအကြောင်းရင်းများအဖြစ် ရှုမြင်ကြပြီး ယင်းတို့ကို စစ်တပ်၏ သယံဇာတထုတ်ယူရေးလုပ်ငန်းများနှင့် လောဘဇောတို့နှင့် ချိတ်ဆက်ထားကြသည်။ နေရပ် စွန့်ခွာရသူများနှင့် ဒေသခံလူထုအပေါ်တွင်မူ အပြစ်တင်မှု အကန့်အသတ်သာ ရှိနေပြီး ထိုသို့ ဖြစ်ရသည့်အကြောင်းမှာ ၎င်းတို့၏ လုပ်ရပ်များသည် လောဘကြောင့်မဟုတ်ဘဲ ပြင်းထန်

[2] Naw Htee Ku & Hoffman, 2026 [this issue].

သော အကျပ်အတည်းကာလအတွင်း ရှင်သန်ရပ်တည်ရေးအတွက် လိုအပ်ချက်အရ လုပ်ဆောင်ရခြင်းဖြစ်သည်ဟု ယူဆသောကြောင့်ဖြစ်သည်။ အချို့ကမူ ရာသီဥတု ပြောင်းလဲမှုကို သဘာဝတရားအား ရောင်းကုန်ပစ္စည်းအဖြစ် ပြောင်းလဲခြင်း (commodification of nature) နှင့် ရိုးရာဓလေ့ထုံးတမ်းများ ဆုတ်ယုတ်လာခြင်းတို့၏ ရေရှည်အကျိုးဆက်ကြောင့် ဖြစ်သော ပတ်ဝန်းကျင် ယိုယွင်းမှုအဖြစ် ရှုမြင်ကြသည်။ အခြားသူများကမူ ရာသီဥတု ပြောင်းလဲမှုကို ခရစ်ယာန်၊ ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်မှုဆိုင်ရာ ယုံကြည်ချက်များအလိုက် ဘာသာရေးနှင့် နာမ်ပိုင်းဆိုင်ရာ ရှုထောင့်များမှ အနက်ဖွင့်ဆိုကြသည်။ ဤဘာသာရေး အခြေပြု ရှင်းလင်းချက်များသည် ကိုယ်ကျင့်တရား ပျက်ပြားသော အပြုအမူများ အပါအဝင် ကိုယ်ကျင့်တရားဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အနက်ဖွင့်ဆိုချက် များနှင့် ရောယှက်နေတတ်လေ့ရှိသည်။

ဤထိုးထွင်းသိမြင်မှုများအပေါ် အခြေခံ၍ လူထု၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများကို ၎င်းတို့၏ ဘဝအပေါ် သက်ရောက်နေသည့် နိုင်ငံရေး၊ လူမှုစီးပွား၊ ပတ်ဝန်းကျင်နှင့် လုံခြုံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများမှ သီးခြားခွဲထုတ်၍ မရနိုင်ကြောင်း ကျွန်ုပ်တို့ ငြင်းခုံတင်ပြထားသည်။[3] လူအများအပြားအတွက် ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု မြင့်တက်လာခြင်းနှင့်တင် ထပ်တူကျခြင်း မရှိနေပေ။ ရာသီဥတုပြောင်းလဲမှုဆိုသည်မှာ မြန်မာနိုင်ငံရှိ ပြည်သူများ လက်တွေ့ကြုံတွေ့နေရသည့် ရာသီဥတု ဖောက်ပြန်မှုများ၊ သဘာဝဘေးအန္တရာယ်များ နှင့် ပတ်ဝန်းကျင် ပျက်စီးမှုများဖြစ်ပြီး ၎င်းတို့ကို ၎င်းတို့၏ ပတ်ဝန်းကျင်ရှိ သစ်ခုတ်ခြင်းနှင့် သတ္တုတူးဖော်ခြင်းကဲ့သို့သော လုပ်ဆောင်ချက်များနှင့် ဆက်စပ်ကြည့်မြင်ကြသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှု၏ အကြောင်းရင်းများအပေါ် လူထု၏ ရှုမြင်ပုံများသည် လက်ရှိဖြစ်ပွားနေသော ခပ်ကြမ်းကြမ်း တစ်ဆစ်ချိုးအပြောင်းအလဲများ (violent rupture) နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကြမ်းဖက်မှု၊ နိုင်ငံတော်မှ ကျူးလွန်သော အကြမ်းဖက်မှုဆိုင်ရာ သမိုင်း ကြောင်းများအပေါ် အခြေခံသည့် "နာတာရှည်အကျပ်အတည်း" (chronic crisis)[4] ဟူသော ပိုမိုကျယ်ပြန့်သည့် နားလည်မှုများ တွင် ကိန်းအောင်းနေကြောင်း ကျွန်ုပ်တို့တင်ပြထားသည်။ လူထု၏ ရာသီဥတုပြောင်းလဲမှု အပေါ် ရှုမြင်ပုံများသည် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်များမှ တစ်ဆင့် ရရှိ သော အကျပ်အတည်းနှင့် လူနှင့် သဘာဝ ဆက်နွယ်မှုဆိုင်ရာ နားလည်မှုများ၏ လွှမ်းမိုးမှုကို လည်း ခံရသည်။

သီအိုရီအရ ကျွန်ုပ်တို့သည် ပဋိပက္ခဖြစ်ပွားရာဒေသတွင် နေထိုင်သူများ၏ ဒေသန္တရ အတွေ့အကြုံများနှင့် ရှုမြင်ပုံများကို အဓိကထားခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခ ဆက်နွယ်မှု (climate change-conflict nexus) ကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန် ဆောင်

[3] Branch, 2018.

[4] Vigh, 2008.

ရွက်ထားသည်။ ဤအကြောင်းအရာသည် များသောအားဖြင့် ရာသီဥတုပြောင်းလဲမှုက ပဋိပက္ခဆီသို့ မည်သို့ဦးတည်စေသနည်းဟူသော အခြေအနေများကိုသာ အဓိကထားသည့် သိပ္ပံနည်းကျနှင့် အရေအတွက်အခြေပြုလေ့လာမှုများကြားတွင် လျစ်လျူရှုခံထားရလေ့ရှိသည်။ လူမှုအလေ့အထနှင့် လူမှုဘဝသရုပ်ခွဲလေ့လာမှုပညာနှင့် လူမှုပထဝီဝင်ဘာသာရပ်များက[5] မကြာသေးမီနှစ်များအတွင်း ဒေသခံပြည်သူများ၏ ဒေသန္တရအသိပညာကို ထည့်သွင်းစဥ်းစား အသိအမှတ်ပြုလာကြသည်။ ရာသီဥတုနှင့် ပတ်ဝန်းကျင်ပြောင်းလဲမှုများ[6]အပေါ် ကျွန်ုပ်တို့၏ နားလည်မှုသည် အဆိုပါပညာရပ်ဆိုင်ရာအချက်ကို အခြေခံသည့်အပြင် ခပ်ကြမ်းကြမ်း တစ်ဆစ်ချိုးအပြောင်းအလဲများ[7]နှင့် နာတာရှည်အကျပ်အတည်း[8]များက ရာသီဥတုပြောင်းလဲခြင်းနှင့်ဆိုင်သော ဒေသန္တရအသိအပေါ် မည်သို့သက်ရောက်မှုရှိသည်ကိုပါ ထည့်သွင်းပေါင်းစပ်ထားသည်။[9] ကျွန်ုပ်တို့သည် စစ်အာဏာသိမ်းမှုကို လူထု၏ လူနေမှုဘဝ၊ လုံခြုံရေးနှင့် ဒေသတွင်း အုပ်ချုပ်ရေးယန္တရားများအပေါ် ရုတ်တရက် အနှောင့်အယှက်ဖြစ်စေသော အပြောင်းအလဲများကို ဖြစ်ပေါ်စေသည့် ကြမ်းတမ်းသော တစ်ဆစ်ချိုးအပြောင်းအလဲတစ်ခုအဖြစ် ယူဆဖွင့်ဆိုထားသည်။ ဤတစ်ဆစ်ချိုး အပြောင်းအလဲသည် ဆယ်စုနှစ်ပေါင်းများစွာ ကြာရှည်ခဲ့သော စစ်အုပ်ချုပ်ရေး၊ လက်နက်ကိုင်ပဋိပက္ခနှင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ပါဝင်သည့် နာတာရှည် အကျပ်အတည်းများအပေါ်တွင် ထပ်ဆင့်ဖြစ်ပေါ် လာခြင်းဖြစ်ပြီး ၎င်းတို့အားလုံးသည် ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသော ရာသီဥတုပုံစံပြောင်းလဲမှုများနှင့် အပြန်အလှန် ဆက်နွယ်နေသည်။

ဤဆောင်းပါးကို အပိုင်းလေးပိုင်းနှင့် နိဂုံးတစ်ခုဖြင့် ဖွဲ့စည်းထားသည်။ ပထမဦးစွာ ကျွန်ုပ်တို့၏ ရပ်ရွာအခြေပြုလူမှုဘဝအလေ့သရုပ်ခွဲနည်းနာ (community ethnography methodology) ကို မိတ်ဆက်တင်ပြပါမည်။ ထို့နောက် ကျွန်ုပ်တို့၏ ဆန်းစစ်ချက်တွင် အသုံးပြုထားသော လေ့လာမှုများနှင့် သီအိုရီများအပြင် ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခ ဆက်နွယ်မှုဆိုင်ရာ လက်ရှိလေ့လာမှုများအပေါ် ကျွန်ုပ်တို့ ထပ်လောင်းဖြည့်စွက်ထားသည်များကို အကျဉ်းချုပ်ဖော်ပြပါမည်။ ၎င်းနောက်တွင် လက်တွေ့ကွင်းဆင်း တွေ့ရှိချက်များကို တင်ပြသွားမည်ဖြစ်ပြီး အာဏာသိမ်းမှုနောက်ပိုင်း ရာသီဥတုနှင့် ပတ်ဝန်းကျင်ပြောင်းလဲမှုများအပေါ် လူထု၏ စောင့်ကြည့်လေ့လာမိမှုများကို ပထမအချက်အဖြစ်လည်းကောင်း၊ အဆိုပါ ပြောင်းလဲမှုများ၏ မူလဇာစ်မြစ် အကြောင်းရင်းများအပေါ် ၎င်းတို့၏ ရှုမြင်ပုံများကို ဒုတိယအချက်

[5] See Kyed & Chambers (2026) [this issue].

[6] Goldman et al., 2018; Porcuna-Ferrer et al., 2023; Reyes-Garcías et al., 2024, p. 10; Rosengren, 2018; Salick et al., 2012.

[7] Holbraad et al., 2019, p. 248; Lund, 2016.

[8] Vigh, 2008.

[9] Branch, 2018.

အဖြစ်လည်းကောင်း အဓိကထား တင်ပြသွားမည်ဖြစ်သည်။ စာမျက်နှာ ကန့်သတ်ချက်ကြောင့် ပဋိပက္ခအတွင်း ရာသီဥတုပြောင်းလဲမှုအပေါ် လူထုက မည်သို့ လိုက်လျောညီထွေဖြစ်အောင် နေထိုင်သည် သို့မဟုတ် ရင်ဆိုင်ဖြေရှင်းသည်ဟူသော အချက်များကိုမူ ဤဆောင်းပါးတွင် ထည့်သွင်းဆွေးနွေးမည် မဟုတ်သော်လည်း မူလသုတေသန လေ့လာမှုများတွင်မူ ထိုမေးခွန်းများကို လွှမ်းခြုံလေ့လာမှုပြုခဲ့သည်။

ရပ်ရွာအခြေပြုလူမှုဘဝအလေ့အထသရုပ်ခွဲလေ့လာမှုနည်းနာအပေါ် ပြန်လည်သုံးသပ်ချက်များ

ဤဆောင်းပါးပါ တွေ့ရှိချက်များသည် “ရပ်ရွာအခြေပြုလူမှုဘဝအလေ့အထသရုပ်ခွဲလေ့လာမှုနည်းနာ” အပေါ် အခြေခံထားသည်။ ဤသည်မှာ မြန်မာနိုင်ငံအခြေစိုက် “ဉာဏ်စကြ်” အဖွဲ့မှ အကြီးတန်းသုတေသီများ ဖော်ထုတ်ထားသည့် သုတေသနနည်းနာတစ်ခု ဖြစ်ပါသည်။ ၂၀၂၁ စစ်အာဏာသိမ်းမှုနောက်ပိုင်း မတည်ငြိမ်မှုနှင့် ဘေးကင်းလုံခြုံမှုမရှိသော အခြေအနေများကြောင့် ဉာဏ်စကြ်အဖွဲ့သည် ၎င်း၏ သုတေသနချဉ်းကပ်ပုံကို အကြီးအကျယ် ပြောင်းလဲခဲ့ရသည်။ ဤနည်းနာသည် လူမှုဘဝအလေ့အထလေ့လာမှု နည်းနာတစ်မျိုးဖြစ်ပြီး ဒေသအခြေပြု သုတေသီများ၊ ဉာဏ်စကြ်အဖွဲ့မှ သုတေသီများနှင့် ဒိန်းမတ်နိုင်ငံတကာလေ့လာရေး အင်စတီကျူတို့အကြား အသိပညာဗဟုသုတများကိုပူးပေါင်းဖော်ထုတ်ခြင်း (coproduction of knowledge)[10] အပေါ် အခြေခံသည်။ လက်ရှိအခြေအနေတွင် စစ်တပ် ထိန်းချုပ်ရာဒေသများအတွင်း လူကိုယ်တိုင် ကွင်းဆင်းလေ့လာခြင်းသည် သုတေသီများအတွက် ဘေးမကင်းသလို သုတေသနကျင့်ဝတ်နှင့်လည်း မညီညွတ်ပေ။ တရားဝင်အင်တာဗျူးများနှင့် စစ်တမ်းကောက်ယူမှုများသည်လည်း သုတေသနတွင် ပါဝင်ဖြေဆိုသူများ၏ လုံခြုံရေးကို စိုးရိမ်ရစေပြီး အထူးသဖြင့် စစ်တပ်အင်အား အများအပြားရှိသော ဒေသများတွင် ဒေသခံအာဏာပိုင်များ၏ သံသယဖြစ်မှုကို နှိုးဆွနိုင်သောကြောင့်ဖြစ်သည်။ ထို့ပြင် ပဋိပက္ခအခြေ အနေနှင့် စစ်တပ်၏ ဖိနှိပ်မှုများကြောင့် တရားဝင်အင်တာဗျူးပြုလုပ်ခြင်းသည် အန္တရာယ်ရှိပြီး ယုံကြည်စိတ်ချရမှု မရှိတော့ပေ။ စစ်တပ်သတင်းပေးများကို ကြောက်ရွံ့ရခြင်းနှင့် မယုံကြည်မှု မြင့်မားနေခြင်းတို့ကြောင့် လူအများစုသည် အင်တာဗျူးများတွင် ၎င်းတို့၏ အမြင်အစစ်အမှန်နှင့် အတွေ့အကြုံများကို ပွင့်ပွင့်လင်းလင်း ပြောဆိုရန် ကြောက်ရွံ့နေကြသည်။

အဆိုပါအခြေအနေများကို ကျော်လွှားနိုင်ရန် ဉာဏ်စကြ်အဖွဲ့သည် ဒေသတွင်း၌ နေထိုင်ဆဲဖြစ်သော လူပုဂ္ဂိုလ်များကို “ရပ်ရွာအခြေပြု လူမှုဘဝအလေ့အထလေ့လာမှုသုတေသီများ” (community ethnographers) အဖြစ် လေ့ကျင့်သင်တန်းပေးရန်စုစည်းခဲ့သည်။ သုတေသီ

[10] Goldman et al., 2018.

အများစုမှာ အာဏာသိမ်းမှုမတိုင်မီကပင် ဉာဏ်စကြီအဖွဲ့နှင့် လုပ်ကိုင်ဖူးသူများ သို့မဟုတ် အဆက်အသွယ်ရှိသူများဖြစ်ကြပြီး ကျန်ရှိသူများကိုမူ ဉာဏ်စကြီနှင့် နှစ်ရှည်လများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် ရှာဖွေခဲ့သည်။ ဤချဉ်းကပ်ပုံသည် ယုံကြည်မှုနှင့် လျှို့ဝှက်ချက်ထိန်းသိမ်းမှုအပေါ် အခြေခံသည့် ဆက်ဆံရေးများ တည်ဆောက်ရာတွင် အလွန်အရေးကြီးသည်။ အချို့သော ရပ်ရွာအခြေပြုသုတေသီများသည် အရည်အသွေးအခြေပြု သုတေသနနည်းနာများတွင် အတွေ့အကြုံရှိပြီးဖြစ်သော်လည်း ပြောင်းလဲသွားသောအခြေအနေများအရ မတည်ငြိမ်သောဝန်းကျင်တွင် သုတေသနပြုရန် သုတေသနဝန်းကျင်တွင် သီးသန့်လေ့ကျင့်မှုများကို ထပ်မံရရှိခဲ့ကြသည်။ ၎င်းတို့သည် ရပ်ရွာအခြေပြု သုတေသီများအနေဖြင့် မိမိတို့၏ နေ့စဉ်ဘဝအတွင်း၌ပင် တင်းကျပ်သော လုံခြုံရေးနှင့် ကျင့်ဝတ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာလျက် မိမိတို့လူ့အသိုက်အဝန်းနှင့် ပတ်ဝန်းကျင်ဒေသများမှ သတင်းအချက်အလက်များကို စုဆောင်းရန် လေ့ကျင့်သင်ကြားခဲ့ကြသည်။ ၎င်းတို့သည် “ပါဝင်သူများကိုလေ့လာစောင့်ကြည့်ခြင်း” (participant observation) နှင့် “အလွတ်သဘော စကားပြောဆိုမှုများ” မှတစ်ဆင့် ၎င်းတို့၏ ကိုယ်တိုင်ခံစားရသော အတွေ့အကြုံများနှင့် ဒေသခံအချင်းချင်း ထိတွေ့ဆက်ဆံမှုများမှ အချက်အလက်များကို စုဆောင်းခဲ့ကြပါသည်။ အလွန်ရှားပါးသော အခြေအနေများတွင်သာ အချို့သော သုတေသီများသည် အင်တာဗျူးများ ပြုလုပ်ခဲ့သော်လည်း ၎င်းမှာ အလွန်ရင်းနှီးပြီး စိတ်ချ ယုံကြည်ရသူများနှင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရပ်ရွာအခြေပြုသုတေသီများကို ပဋိပက္ခနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှု အမျိုးအစား သုံးမျိုးရှိသည့် ဒေသ ရှစ်ခုမှ စုဆောင်းခဲ့သည်။[11] ၎င်းတို့တွင် နစက ထိန်းချုပ်မှုအောက်ရှိ မြစ်ကြီးနား (ကချင်ပြည်နယ်၊ မြို့ပြ)၊ တောင်ငူ (ပဲခူးတိုင်း၊ မြို့ပြ)၊ မုဒုံ (မွန်ပြည်နယ်၊ ကျေးလက်) နှင့် ဘားအံ (ကရင်ပြည်နယ်၊ မြို့ပြ) တို့ ပါဝင်သည်။ ထို့ပြင် နစကနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးတွဲထိန်းချုပ်ထားသော လေရှီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျေးလက်နှင့် မြို့ပြ)၊ နစကနှင့် တော်လှန်ရေးအင်အားစုများအကြား လက်နက်ကိုင်အားပြိုင်မှုများရှိသည့် ကလေးမြို့ (စစ်ကိုင်းတိုင်း၊ မြို့ပြ) နှင့် လောင်းလုံ (တနင်္သာရီတိုင်း၊ ကျေးလက်)၊ နစကနှင့် အာရက္ခတပ်တော် (အေအေ) တို့အကြား အားပြိုင်မှုများရှိသည့်

[11] ဉာဏ်စကြီသည်လည်း အာဏာသိမ်းပြီးနောက်ပိုင်း ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄) ခုရှိ လူ့အဖွဲ့အစည်း (၂၂) ခုတွင် နေ့စဉ်အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များကို စုဆောင်းရန်အတွက် ရပ်ရွာအခြေပြု သုတေသီချဉ်းကပ်မှုကို အသုံးပြုခဲ့သည်။

စစ်တွေ (ရခိုင်ပြည်နယ်၊ မြို့ပြ) တို့လည်း ပါဝင်သည်။[12] အချက်အလက်များ မကောက်ယူမီ ရပ်ရွာအခြေပြုသုတေသီများကို ဥဘဏ်စကြီးအဖွဲ့မှ ကိုးရက်ကြာ အွန်လိုင်းသင်တန်းပေးခဲ့ပြီး ၎င်းသင်တန်းတွင် သုတေသနဆိုင်ရာ ဒဿန၊ ရပ်ရွာအခြေပြုလူမှုဘဝအလေ့အထသရုပ်ခွဲ လေ့လာမှုနည်းနာ အချက်အလက်ကောက်ယူမှုနည်းလမ်းများနှင့် နည်းစနစ်များ၊ သုတေသန ဆိုင်ရာ လုံခြုံရေးလုပ်ထုံးလုပ်နည်းများနှင့် ကျင့်ဝတ်များကို သင်ကြားပေးခဲ့သည်။

ဤလူထုအခြေပြု သုတေသနစီမံကိန်းကို ၂၀၂၂၊ ဇွန်လတွင် စတင်ခဲ့ပြီး ၂၀၂၄၊ ဇူလိုင်လ အထိ လေ့လာမှု ငါးကြိမ် (၂၀၂၂ မေ-ဇွန်၊ ၂၀၂၃ ဒီဇင်ဘာ-ဇန်နဝါရီ၊ ၂၀၂၃ ဇူလိုင်-ဩဂုတ်၊ ၂၀၂၄ ဖေဖော်ဝါရီ-မတ်၊ ၂၀၂၄ ဇွန်-ဇူလိုင်) ဆောင်ရွက်ခဲ့သည်။ ဤသို့ဆောင်ရွက်ရခြင်းမှာ အချိန်နှင့် အမျှ ပြောင်းလဲလာသော အနုစိတ်အချက်အလက်များကို နားလည်ရန်နှင့် ပဋိပက္ခအခြေ အနေအတွင်း ရာသီဥတုပြောင်းလဲမှုအပေါ် ဒေသခံများ၏ အတွေ့အကြုံနှင့် ရှုမြင်ပုံများ အကြောင်း ဗဟုသုတကို ပိုမိုနက်ရှိုင်းစေရန် လိုအပ်သော "ရေရှည်လေ့လာရသော လူမှုဘဝ အလေ့အထသရုပ်ခွဲနည်းနာလမ်းကြောင်း" (longitudinal ethnographic approach) ကို လိုက်နာခြင်းဖြစ်သည်။ ရပ်ရွာအခြေပြုသုတေသီများ၏ ဘေးကင်းလုံခြုံမှုကို သေချာစေရန် အတွက် ၎င်းတို့အား မှတ်စုရေးမှတ်ခြင်း မပြုရန် တားမြစ်ထားခဲ့သည်။ ယင်းအစား ခြောက်လ တစ်ကြိမ်တွင် သုတေသီများသည် အွန်လိုင်း၌ တွေ့ဆုံကာ မိမိတို့၏ သုတေသနတွေ့ရှိချက် များနှင့် အတွေ့အကြုံများကို အချင်းချင်းဖြစ်စေ၊ ဥဘဏ်စကြီးအဖွဲ့မှ အကြီးတန်းသုတေသီများ နှင့်ဖြစ်စေ အသေးစိတ် ပြန်လည်ဆွေးနွေး အစီရင်ခံခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဤလေ့လာမှုများသည် ထူးခြားသော ထိုးထွင်းသိမြင်မှုများကို ပေးစွမ်းနိုင်သော်လည်း ရရှိလာသော အချက်အလက်များသည် အဓိကအားဖြင့် လုံခြုံရေးပြဿနာများကြောင့် ဖြစ်ပေါ်

---

[12] အဆိုပါ ဒေသအချို့တွင် သုတေသနပြုလုပ်ခဲ့သည့် အကြိမ်ရေ ငါးကြိမ်အတွင်း ပဋိပက္ခအခြေအနေ များမှာ တဖြည်းဖြည်း ပြောင်းလဲတိုးတက်လာခဲ့သည်။ ဥပမာအားဖြင့် နာဂဒေသရှိ တိုင်းရင်းသားလက် နက်ကိုင်အဖွဲ့ (EROs) များသည် နစကနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာကြသည်။ ကလေးမြို့နယ်တွင် သုတေသန ဒုတိယအသုတ်နောက်ပိုင်း၌ တော်လှန်ရေးအင်အားစုများ အားနည်းသွားခဲ့သော်လည်း နစကအနေဖြင့် ဒေသခံလူထု၏ ထောက်ခံမှုကိုမူရရှိခြင်း မရှိသေးပေ။ လောင်းလုံမြို့နယ်မှာ အစပိုင်း တွင် အားပြိုင်နေရသော နယ်မြေဖြစ်ခဲ့သော်လည်း စတုတ္ထအသုတ် သုတေသနပြုချိန်တွင် လက်နက်ကိုင် ပဋိပက္ခများ လျော့နည်းသွားပြီး၊ စစ်တပ်နှင့် တော်လှန်ရေးအဖွဲ့များအကြား အုပ်ချုပ်ရေးနှစ်ရပ် ယှဉ်တွဲ တည်ရှိမှုပုံစံဖြင့် တည်ငြိမ်လာခဲ့သည်။ ရခိုင်ပြည်နယ်တွင်လည်း ပထမအသုတ်နှင့် ဒုတိယအသုတ်ကြား ၌ ထူးခြားသော အပြောင်းအလဲများ ရှိခဲ့ပြီး အာရက္ခတပ်တော်နှင့် စစ်ကောင်စီတပ်များအကြား ပြင်းထန် သော တိုက်ပွဲများကြောင့် အဖွဲ့အစည်းနှစ်ရပ်အကြား နယ်မြေထိန်းချုပ်မှုမှာ ပိုမိုပြတ်သားစွာ ကွဲပြားလာ ခဲ့သည်။ စတုတ္ထအသုတ် သုတေသနပြုချိန်တွင်မူ ရခိုင်ပြည်နယ်ရှိ သုတေသီများနှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့ပါသည်။

လာသည့် အတားအဆီးများနှင့် ကန့်သတ်ချက်များအပေါ် အခြေခံနေသည်။ အဓိက ကန့်သတ်ချက်တစ်ခုမှာ စနစ်တကျကိုယ်စားပြုနိုင်မှု (representativity) နှင့် အမြင်အမျိုးမျိုး စုံလင်ကွဲပြားစွာပါဝင်မှု အားနည်းခြင်း ဖြစ်သည်။ အကြောင်းမှာ ရပ်ရွာအခြေပြု သုတေသီများသည် ၎င်းတို့ယုံကြည်စိတ်ချရပြီး သိကျွမ်းသူများနှင့်သာ ဘေးကင်းစွာ စကားပြောဆိုနိုင်ခြင်းကြောင့် ဖြစ်သည်။ မတည်ငြိမ်သော အခြေအနေများကြောင့် အချို့သော ဖြေဆိုသူများကို ထပ်မံတွေ့ဆုံမေးမြန်းရန် ကန့်သတ်ချက်များရှိခဲ့ပြီး ၎င်းမှာ အချက်အလက်များ၏ နက်ရှိုင်းမှုနှင့် ပြည့်စုံမှုအပေါ် သက်ရောက်မှုရှိနိုင်သည်။ လက်တွေ့ကျသော အခက်အခဲများအနေဖြင့် မကြာခဏ လျှပ်စစ်မီးပြတ်တောက်ခြင်းနှင့် အင်တာနက် အနှောင့်အယှက်ဖြစ်ခြင်းတို့ကြောင့် virtual private networks များ အသုံးပြုကာ Zoom နှင့် Signal အက်ပ်များမှတစ်ဆင့် ပုံမှန်ဆက်သွယ်ပြောဆိုရန် ခက်ခဲမှုများ ရှိခဲ့သည်။

နောက်ဆုံးစိန်ခေါ်မှုတစ်ခုမှာ အချို့သော လူထုသုတေသီများသည် ယခုကဲ့သို့ အကျပ်အတည်းကာလအတွင်း လူထုနှင့် ရာသီဥတုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းမှာ အချိန်အခါမဟုတ် သို့မဟုတ် စာနာမှုကင်းမဲ့ရာ ရောက်မည်ဟု ခံစားခဲ့ရခြင်း ဖြစ်သည်။ သုတေသီများကိုယ်တိုင်ကပင် လေ့လာမှုကာလအတွင်း အချိန်ကာလအလိုက် "ဒါတွေမေးလို့ ဘာထူးမှာလဲ" သို့မဟုတ် "ဘာကြောင့် ဒါတွေကို အခုချိန်မှာ မေးနေရတာလဲ" ဟူသော မေးခွန်းများ ထုတ်ခဲ့ကြသည်။ ဤဆောင်းပါးတွင် ဆက်လက်တင်ပြသွားမည့်အတိုင်း အဆိုပါအမြင်များသည် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ သဘောထားကို ယေဘုယျအားဖြင့် ထင်ဟပ်နေခြင်းဖြစ်ပြီး ခက်ခဲကြမ်းတမ်းသော တစ်ဆစ်ချိုးအပြောင်းအလဲ၏ ဆင့်ကဲဆိုးကျိုးများကြားတွင် ရှင်သန်နိုင်ရန် ရုန်းကန်နေရချိန်၌ လူအများအပြားအနေဖြင့် ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ဦးစားမပေးနိုင်ကြခြင်းပင်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခဆက်နွှယ်မှုဆိုင်ရာ လေ့လာမှုများနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် ဒေသခံများ၏ ရှုမြင်ပုံများ

ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခဆက်နွှယ်မှုဆိုင်ရာ ပညာရပ်နယ်ပယ်တွင် လက်နက်ကိုင်ပဋိပက္ခများက ရာသီဥတုဆိုင်ရာ ထိခိုက်လွယ်မှု (climate vulnerability) ကို မည်သို့ ပိုမိုဆိုးရွားစေသည်နှင့် ထိခိုက်ခံစားရသည့် လူဦးရေ၏ ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းကို မည်သို့လျော့နည်းစေသည်ဟူသောအချက်ကို ပိုမိုအသိအမှတ်ပြုလာကြသည်။[13] သို့သော်လည်း ပဋိပက္ခအချိန်ကာလနှင့် ၎င်းကာလအတွင်း ရှင်သန်နေထိုင်ရချိန်တွင် ဒေသခံပြည်သူများက ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များကို မည်သို့တွေ့ ကြုံခံစားကြပြီး မည်ကဲ့

[13] Abrahams & Carr, 2017; Kyed & Chambers, 2026 [this issue].

သို့ အဓိပ္ပာယ်ဖွင့်ဆိုကြသည်ကို လေ့လာထားသည့် သုတေသနများမှာ အလွန်နည်းပါးသည်။[14] သုတေသနအများစုမှာ အရေအတွက်အခြေပြုအချက်အလက်စုများ (quantitative data-sets) သို့မဟုတ် ခန့်မှန်းတွက်ချက်မှု ပုံစံငယ်များကို အသုံးပြု၍ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များနှင့် ပဋိပက္ခအကြား အကြောင်းရင်းနှင့် ရလဒ်ဆိုင်ရာ ဆက်နွယ်မှုကို ဖော်ထုတ်ရန်သာ အဓိကထားကြသည်။[15] လူမှုရေးဆိုင်ရာ ရှုထောင့်များကို ထည့်သွင်းစဉ်းစားရာတွင်ပင် ဒေသန္တရအသိပညာများကို ချန်လှပ်ထားသည့် သိပ္ပံနည်းကျအယူအဆများ (scientific abstractions) အပေါ်၌သာ အခြေခံလေ့ရှိသည်။[16] ထို့အပြင် ဘရန့်ချ်ကငြင်းခုံတင်ပြသကဲ့သို့[17]ပင် ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုမှ ဖြစ်ပေါ်လာသော ရာသီဥတုပြောင်းလဲမှုက ပဋိပက္ခကို မည်သို့ဖြစ်စေသနည်းဟူသော အချက်ကိုသာ အဓိကထားလေ့ရှိပြီး ၎င်း၏ ပြောင်းပြန်ဖြစ်သော စစ်ပွဲများနှင့် နိုင်ငံရေးအကြမ်းဖက်မှုများသည် ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများနှင့် မည်သို့ဆက်စပ်ပတ်သက်နေသည်ကို ဒေသခံပြည်သူများ၏ ရှုထောင့်မှ ကြည့်မြင်ရန် ပျက်ကွက်နေတတ်သည်။

ဤဆောင်းပါးသည် အော်ဂတ်စတင်းနှင့်အဖွဲ့[18]၏ လေ့လာမှုကို လိုက်နာလျက် ရာသီဥတုနှင့် ပဋိပက္ခ အပြန်အလှန်ဆက်နွယ်မှုများကို "နောက်ခံအခြေအနေအလိုက် သိမြင်နားလည်မှုပုံစံများ" ကို ရှေ့တန်းတင်သည့် အရည်အသွေးအခြေပြုရှုထောင့်မှ ချဉ်းကပ်ထားသည်။[19] ဤချဉ်းကပ်မှုသည် အမျိုးမျိုးသော ဖြစ်တည်မှုနှင့် သိမြင်မှုဆိုင်ရာ အယူအဆများ (diverse ontologies and epistemologies) ကို ထည့်သွင်းစဉ်းစားနိုင်စေပြီး အနောက်တိုင်း သိပ္ပံပညာ၏ လွှမ်းမိုးမှုကို စိန်ခေါ်နိုင်သည်။[20] ဒေသခံများ၏ ရှုမြင်ပုံများအပေါ် လေ့လာမှု များသည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ဖြစ်ရပ်အခြေပြု ပိုမိုပုံဖော်ပေးနိုင် ခြင်းနှင့် လူ့အဖွဲ့အစည်း၏ အလေ့အထနှင့် လိုက်လျောညီထွေရှိသော မူဝါဒများကို လမ်းညွှန် ပေးနိုင်ခြင်းတို့ကြောင့် သိပ္ပံနည်းကျ ပုံစံငယ်များရှိ ဟာကွက်များကို ဖြည့်ပေးနိုင်သည်။[21]

---

[14] ခြွင်းချက်အချို့မှာ Augsten et al. (2022)၊ Branch (2018)၊ Sturridge (2023) တို့ဖြစ်သည်။

[15] Adams et al., 2018; Hsiang & Burke, 2013; Witmer et al., 2017.

[16] Goldman et al., 2018, p. 3.

[17] Branch, 2018, p. 311.

[18] Augsten et al., 2022.

[19] Goldman et al., 2018, p. 5.

[20] Chakraborty & Sherpa, 2021; Conway et al., 2019; Goldman et al., 2018, pp. 5-6; Reyes-García et al., 2024.

[21] Byg & Salick, 2009, pp. 156-164; Reyes-García et al., 2024, p. 10; Sraku-Lartey et al., 2020, p. 17.

ရာသီဥတုပြောင်းလဲမှုအပေါ် ရှုမြင်ပုံများဆိုင်ရာ သုတေသနများတွင် အနောက်တိုင်း သိပ္ပံပညာက ဆက်လက်လွှမ်းမိုးနေဆဲ ဖြစ်သော်လည်း ဒေသန္တရနှင့် ဌာနေတိုင်းရင်းသားတို့၏ အသိပညာများကို အလေးထားသည့် လူမှုဘဝအလေ့အထလေ့လာမှုနှင့် လူမှုပထဝီဝင်ဆိုင်ရာ လေ့လာမှုများမှာ တိုးပွားလာလျက်ရှိသည်။[22] ဤလေ့လာမှုများသည် ပဋိပက္ခဖြစ်ပွားရာ ဒေသရှိ လူဦးရေအပေါ် အဓိကမထားသော်လည်း မြန်မာနိုင်ငံရှိ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သုတေသနများကို ချဉ်းကပ်ရာတွင် အထောက်အကူ ဖြစ်စေပါသည်။ ထို့အပြင် ယူဂန္ဒာနိုင်ငံ မြောက်ပိုင်းရှိ နိုင်ငံရေးအကြမ်းဖက်မှု သမိုင်းကြောင်းများသည် ပြည်သူများ၏ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ် အတွေ့အကြုံများနှင့် မည်သို့ တိုက်ရိုက်ရောယှက်နေကြောင်း ဖော်ပြထားသည့် ဘရန့်ချ်၏ လေ့လာမှုကိုလည်း ကျွန်ုပ်တို့သည် ကိုးကားထားသည်။[23]

ဤလေ့လာမှုများအရ ဒေသခံပြည်သူများ၏ ရှုထောင့်မှကြည့်လျှင် ရာသီဥတုပြောင်းလဲမှုသည် "ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဖြစ်စဉ်သက်သက်သာ မဟုတ်ဘဲ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ နာမ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ကဏ္ဍရပ်များလည်း ပါဝင်နေကြောင်း" ဖော်ပြနေသည်။[24] ဆိုလိုသည်မှာ ရာသီဥတုပြောင်းလဲမှုအပေါ် ရှုမြင်ပုံများဆိုင်ရာ သုတေသနများတွင် လွှမ်းမိုးလေ့ရှိသည့် ဒေသခံများက ရာသီဥတုပြောင်းလဲမှုကြောင့်ဟု ယူဆသော ရာသီဥတု သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ အချက်များကိုသာမက[25] ဒေသခံတို့၏ ယုံကြည်မှု၊ ကိုယ်ကျင့်တရား၊ တန်ဖိုးထားမှုများနှင့် ကမ္ဘာ့အမြင်များ (နာမ်ပိုင်းဆိုင်ရာ သို့မဟုတ် ဘာသာရေး အခြေပြု အသိပညာများအပါအဝင်) ကိုလည်း အာရုံစိုက်သင့်သည်ဟု ဆိုလို ခြင်း ဖြစ်သည်။[26] ဒေသခံများက ရာသီဥတုပြောင်းလဲမှု၏ အကြောင်းရင်းများ (ဥပမာ အပူချိန်၊ မိုးရွာသွန်းမှုနှင့် သဘာဝဘေးအန္တရာယ်များ ပြောင်းလဲလာရခြင်း၏ အကြောင်းရင်းများ) ကို မည်သို့ အနက်ဖွင့်ဆိုကြသည်ကို စူးစမ်းလိုသည့်အခါတွင် ဤကဲ့သို့ အာရုံစိုက်မှုမှာ အထူးအရေးကြီးလာသည်။[27]

ပေါ်ကူနာဖယ်ရာနှင့် အဖွဲ့၊[28] ရီးစ်-ဂါဆီယာနှင့် အဖွဲ့[29]တို့၏ လေ့လာမှုများတွင် ဒေသခံပြည်သူများ၏ ရှုမြင်ပုံများသည် အကြောင်းရင်းများစွာ ရောယှက်နေသော အမြင်များကို ဖော်ပြနေကြောင်း မီးမောင်းထိုးပြထားသည်။ ယင်းအမြင်များသည် ရာသီဥတုနှင့် ပတ်ဝန်း

---

[22] Byg & Salick, 2009; Porcuna-Ferrer et al., 2023; Reyes-Garcías et al., 2024, p. 10; Rosengren, 2018; Scoville-Simonds, 2018.
[23] Branch, 2018.
[24] Byg & Salick, 2009, p. 165.
[25] Uprety et al., 2017.
[26] Salick et al., 2012; Scoville-Simonds, 2018.
[27] Branch, 2018.
[28] Porcuna-Ferrer et al., 2023.
[29] Reyes-García et al., 2024, p. 4.

ကျင်ဆိုင်ရာ ပြောင်းလဲမှုများကို လူမှုစီးပွား၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးဆိုင်ရာ လက်တွေ့အခြေအနေများနှင့် ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများကို မညီမျှမှု၊ အကြမ်းဖက်မှု၊ ဖယ်ကြဉ်ခံရမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ မတရားမှုများမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းအဖြစ် ဖော်ပြကြပြီး ၎င်းမှာ ဒေသခံလူထု ကြုံတွေ့နေရသည့် နက်ရှိုင်းသော သမိုင်းကြောင်းများနှင့် အာဏာဆက်နွယ်မှုများကို ထင်ဟပ်နေသည်။[30] ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုကို "ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုမှ ဆင်းသက်လာသော ထင်ရှားပြီး စိတ္တဇဆန်သည့် (ဇီဝရုပ်ပိုင်းဆိုင်ရာ) ပြဿနာ" တစ်ခုအဖြစ် သီးခြားခွဲထုတ်၍ ရှုမြင်ခြင်းမျိုး တွေ့ရခဲသည်။[31] အမှန်စင်စစ် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရှိ ကျေးလက်လူထုများအကြား ရာသီဥတုပြောင်းလဲမှု၏ အကြောင်းရင်းများကို ဒေသအလိုက် နားလည်မှုများအပေါ် ပြုလုပ်ထားသော လေ့လာမှုအများစုတွင် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို အကြောင်းရင်းအဖြစ် ဖော်ပြပြောဆိုခြင်းမျိုး အလွန်နည်းပါးကြောင်း တွေ့ရှိရသည်။[32] ယင်းအစား ဒေသတွင်း သို့မဟုတ် အနီးနား ပတ်ဝန်းကျင်ရှိ ပြောင်းလဲမှုဖြစ်စဉ်များနှင့် လူသားတို့၏ ပြုမူဆောင်ရွက်မှုများအပေါ်တွင်သာ အာရုံစိုက်လေ့ရှိကြသည်။[33]

ဒေသခံပြည်သူများသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ရှင်းလင်းချက်များ ပေးရာတွင် ရုပ်ပိုင်းဆိုင်ရာ အကြောင်းပြချက်များကို နာမ်ပိုင်းဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ ရှင်းလင်းချက်များနှင့် ပေါင်းစပ်လေ့ရှိကြသည်။ သို့သော် ၎င်းသည် ကိုးကွယ်သည့်ဘာသာ၊ လူမျိုးစု၊ ပညာအရည်အချင်းနှင့် လူမှုစီးပွားအခြေအနေ စသည့် မတူညီသော နောက်ခံအခြေအနေများအပေါ် မူတည်၍ ကွဲပြားခြားနားမှု ရှိနိုင်သည်။[34] သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဆိုးကျိုးသက်ရောက်စေသော နိုင်ငံတော်မူဝါဒများ၊ အခြေခံအဆောက်အအုံသစ်များ၊ လျင်မြန်သော မြို့ပြဖြစ်ထွန်းမှုနှင့် စစ်ပွဲကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များ သို့မဟုတ် ထိုနှစ်ခုထဲမှ တစ်ခုသည်သည် ရာသီဥတုပြောင်းလဲမှုအတွက် ဒေသခံများ ဖော်ပြလေ့ရှိသည့် အကြောင်းရင်းအချို့ ဖြစ်ကြသည်။[35] နာမ်ပိုင်းဆိုင်ရာ အကြောင်းရင်းများတွင်မူ လူသားနှင့် ပတ်ဝန်းကျင်အကြား ဆက်ဆံရေး ယိုယွင်းလာမှုနှင့် ဆက်စပ်နေသော လောကဓာတ်ဆိုင်ရာ ရှင်းလင်းချက်များ (cosmological explanations) ပါဝင်နိုင်ပြီး ဥပမာအားဖြင့် ယဉ်ကျေးမှုနှင့် နာမ်ပိုင်းဆိုင်ရာ ရိုးရာဓလေ့များ ဆုံးရှုံးသွားခြင်း

[30] Branch, 2018; Reyes-García et al., 2024, p. 5.
[31] Porcuna-Ferrer et al., 2023, p. 11.
[32] Branch, 2018.
[33] Salick et al., 2012.
[34] Scoville-Simonds, 2018, p. 346. Also see Rosenberg (2018) and Salick et al. (2012).
[35] Branch, 2018; Reyes-García et al., 2024.

ကဲ့သို့သော အချက်များ ဖြစ်သည်။ ဥပမာအားဖြင့် ဘိုလီးဗီးယားရှိ ဆီမိန်း (Tsimane) လူမျိုးအများစုသည် သဘာဝတရားကို စောင့်ကြပ်သော နတ်အစောင့်အရှောက်ပုဂ္ဂိုလ်များ အပေါ် မလေးမစားပြုမှုခြင်းကြောင့် ပတ်ဝန်းကျင်နှင့် ရာသီဥတု ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ဟု ယူဆကြပြီး ယင်းပြောင်းလဲမှုများကို “ခိုက်ခြင်း” သို့မဟုတ် နတ်ကိုင်ခြင်းအဖြစ် ရှုမြင်ကြသည်။[36] ထို့အတူ ဆီနီဂေါရှိ ဘက်စီရီ (Bassiri) လူမျိုးများသည်လည်း ရာသီဥတု ပြောင်းလဲမှုကို လူမှုစီးပွား အပြောင်းအလဲများနှင့် နာမ်ပိုင်းဆိုင်ရာ အင်အားစုများ နှစ်ခုစလုံးနှင့် ဆက်စပ်ကြည့်မြင်ကြသည်။ အချို့က သစ်တောပြုန်းတီးမှု၊ သယံဇာတထုတ်ယူမှုနှင့် ဈေးကွက်စီးပွားရေးနှင့် အုပ်ချုပ်ရေးပုံစံသစ်များကြောင့် ဖြစ်ပေါ်လာသည့် ရုပ်ဝတ္ထုဝါဒ ထွန်းကားလာမှုတို့ကို အဓိကထားကြသော်လည်း အခြားသူများကမူ ရိုးရာတန်ဖိုးထားမှုများ ပြောင်းလဲလာခြင်းနှင့် ဘိုးဘွားစဉ်ဆက် ကျင့်သုံးခဲ့သည့် ဓလေ့ထုံးတမ်းများကို စွန့်လွှတ်လာခြင်းတို့ကို အကြောင်းရင်းအဖြစ် ဖော်ပြကြသည်။[37] ပေါ်ကူနာဖယ်ရာနှင့်အဖွဲ့၏ မှတ်တမ်းအရ ပညာတတ်လူငယ်များသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သိပ္ပံနည်းကျ အယူအဆများကို ရင်းနှီးကျွမ်းဝင်ကြသော်လည်း ၎င်းတို့၏ နားလည်မှုများတွင် ဒေသန္တရယုံကြည်မှုများနှင့် ရိုးရာလောကအမြင်များကိုလည်း မကြာခဏ ထည့်သွင်းစဉ်းစားလေ့ရှိကြောင်း တွေ့ရသည်။[38] ဗီရူးနိုင်ငံရှိ စကိုးဗီးလ်စီမွန်းစ်၏ လေ့လာမှုတွင် ကက်သလစ်နှင့် ဧဝံဂေလိပရိုတက်စတင့် (evangelical protestant) ဟူသော မတူညီသည့် ဘာသာရေးလောကအမြင်များက ရာသီဥတု ပြောင်းလဲမှု၏ အကြောင်းရင်းများအပေါ် ဒေသခံတို့၏ အနက်ဖွင့်ဆိုချက်များကို မည်သို့ ပုံဖော်ပေးကြောင်း ပြသနေပြီး ယင်းမှာ လူသားနှင့် သဘာဝအကြား ဆက်ဆံရေးအပေါ် မတူညီသည့် နားလည်မှုများကို ထင်ဟပ်နေစေသည်။[39]

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ တိဗက်ရွာသားများအကြား လေ့လာမှုများ[40]အရ ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်မှုတစ်မျိုးဖြစ်သည့် ရှာမန်ဝါဒ (shamanism) တို့ ရောယှက်နေသော တိဗက်တို့၏ လောကဓာတ်ဆိုင်ရာ အယူအဆများသည် သာမန်ပြည်သူများက ရာသီဥတုနှင့် ပတ်ဝန်းကျင်ကို နားလည်ပုံအပေါ် မည်သို့ ပုံဖော်ပေးကြောင်း တွေ့ရှိရသည်။[41] ရွာသားများ၏ လက်တွေ့မြင်တွေ့ရသော အပြောင်းအလဲများ (ဥပမာ မမှန်ကန်သော မိုးရွာသွန်းမှုနှင့် အပူချိန်မြင့်တက်လာမှု) သည် ထိုဒေသအတွက် သိပ္ပံနည်းကျ ရာသီဥတုမှတ်တမ်းများနှင့် ယေဘုယျအားဖြင့် ကိုက်ညီသော်လည်း ၎င်းတို့သည် ရာသီဥတုပြောင်းလဲမှုကို ကမ္ဘာလုံး

[36] Reyes-García et al., 2024, pp. 4-7.
[37] Porcuna-Ferrer et al., 2023, p. 6.
[38] Porcuna-Ferrer et al. 2023, p. 10.
[39] Scoville-Simonds, 2018. On Ghana, see Golo & Yaro (2013).
[40] Byg & Salick, 2009; Salick et al., 2012.
[41] Salick et al., 2012, p. 450.

ဆိုင်ရာ ဖြစ်စဉ်တစ်ခုအဖြစ် မမြင်ဘဲ လူသားတို့၏ ကိုယ်ကျင့်တရား ပျက်ပြားသော အပြုအမူများနှင့် ဆက်စပ်နေသည့် ဒေသတွင်း ပြောင်းလဲမှုဖြစ်စဉ်များကြောင့်ဟု ယူဆကြသည်။[42] တိဗက်ရွာသားများသည် ရုပ်ပိုင်းဆိုင်ရာ အကြောင်းရင်းများ (ဥပမာ သစ်ပင်ခုတ်ခြင်းကြောင့် မိုး မမှန်ခြင်း) ကို နာမ်ပိုင်းဆိုင်ရာ အကြောင်းရင်းများ (ဥပမာ အထွတ်အမြတ်ထားသောသော နေရာများရှိ တားမြစ်ချက်များကို ချိုးဖောက်ခြင်းကြောင့် သီးနှံအထွက်နှုန်း ကျဆင်းခြင်း) နှင့် ပေါင်းစပ်ရှုမြင်ကြသည်။ တိဗက်လူမျိုးများကမူ ကန်တော့ပွဲပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် တားမြစ်ချက်များကို ချိုးဖောက်ခြင်းကဲ့သို့သော ဘာသာရေးဆိုင်ရာအမှားအယွင်းများအတွက် အဓိက အပြစ်တင်ကြပြီး အပြင်လူများ (အထူးသဖြင့် တရုတ်ခရီးသွားများ၊ အစိုးရအဖွဲ့အစည်းများနှင့် ကုမ္ပဏီများ) ကိုမူ သန့်စင်သော တောင်တန်းများပေါ်တွင် အမှိုက်ပစ်ခြင်းကဲ့သို့သော ရုပ်ပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာ ကျူးလွန်မှု နှစ်မျိုးစလုံးအတွက် အပြစ်တင်ကြသည်။[43] အချို့ကမူ ရာသီဥတုပြောင်းလဲမှုကို တိဗက်ယဉ်ကျေးမှုနှင့် ဘာသာတရားကို ထိခိုက်စေသည့် တရုတ်အစိုးရ၏ မူဝါဒများ၊ တရုတ်တို့၏ လွှမ်းမိုးမှုနှင့် ခရီးသွားလုပ်ငန်း တိုးပွားလာမှုတို့နှင့် ဆက်စပ်ကြည့်မြင်ကြသည်။ ဤရှုထောင့်သည် ရာသီဥတုပြောင်းလဲမှုအပေါ် အမြင်များသည် ပိုမိုကျယ်ပြန့်သော အကျပ်အတည်းများ (ဥပမာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဆုံးရှုံးခြင်း၊ နိုင်ငံတော်၏ ဝင်ရောက်စွက်ဖက်မှုနှင့် ယဉ်ကျေးမှု ဆုတ်ယုတ်ခြင်းတို့သည် တိုးမြင့်လာနေသော လူမှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ မူမမှန်မှုများ၏ အကြောင်းအရင်းများနှင့် ညွှန်းကိန်းများအဖြစ်) နှင့် မည်သို့ ရောယှက်နေကြောင်း ထင်ဟပ်စေသည်။ ဤသဘောတရားအရ စလစ်ခ်နှင့် အဖွဲ့က ရုပ်ပိုင်းဆိုင်ရာ ရာသီဥတုသည် လူသားတို့၏ အပြုအမူများကြောင့် ဖြစ်ပေါ်လာသော 'ကိုယ်ကျင့်တရားဆိုင်ရာအခြေအနေ' (moral climate) နှင့် တိုက်ရိုက်ဆက်နွယ်နေကြောင်း မှတ်ချက်ပြုထားသည်။ ဥပမာအားဖြင့် ရာသီဥတု ဘေးအန္တရာယ်များနှင့် ပတ်ဝန်းကျင် ယိုယွင်းမှုများသည် လူနေမှုဘဝပုံစံများ ပြိုကွဲခြင်းနှင့် ဆိုးယုတ်သော လုပ်ရပ်များ ပျံ့နှံ့လာခြင်းကြောင့် ဖြစ်ပေါ်လာပြီး သဘာဝနှင့် လူမှုလောက နှစ်ခုစလုံးကို ထိခိုက်စေသည်ဟု ရှုမြင်ကြသည်။[44]

ဤထိုးထွင်းသိမြင်မှုများသည် ဒေသခံတို့၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများနှင့် ရှုမြင်ပုံများကို အခြားသော လူမှုရေး၊ စီးပွား ရေးနှင့် နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်များ သို့မဟုတ် လူများ၏ သမိုင်းဝင် အတွေ့အကြုံများနှင့် လောကအမြင်များမှ သီးခြားခွဲထုတ်၍ မရနိုင်ကြောင်း ပြသနေသည်။ ၎င်းသည် အောက်တွင်ဖော်ပြမည့် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံဆိုင်ရာ တွေ့ရှိချက်များနှင့်လည်း ထပ်တူကျနေသည်။ ကျွန်ုပ်တို့၏ လေ့လာမှုက ထပ်လောင်းဖြည့်စွက်ထားသည်မှာ အကြမ်းဖက်ပဋိပက္ခဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် အာဏာရှင်အုပ်ချုပ်မှုများသည် ရာသီဥတုပြောင်းလဲမှုအပေါ် ရှုမြင်ပုံနှင့် ဦးစားပေးမှုများအပေါ် မည်သို့

[42] Byg & Salick, 2009, pp. 158-164.
[43] Byg & Salick, 2009, pp. 161-164.
[44] Salick et al., 2012, pp. 465-470.

သက်ရောက်မှုရှိသည်ကို အလေးပေးထားခြင်းဖြစ်ပြီး ၎င်းမှာ ပဋိပက္ခနယ်မြေများရှိ ကွင်းဆင်း သုတေသန၏ စိန်ခေါ်မှုများကြောင့် များစွာလေ့လာစူးစမ်းခြင်း မပြုရသေးသည့် နယ်ပယ် တစ်ခု ဖြစ်သည်။[45]

လူထုအတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများနှင့် သက်ရောက်မှုများ

ဤကဏ္ဍတွင် ကျွန်ုပ်တို့၏ ရပ်ရွာအခြေပြု သုတေသီများနှင့် ၎င်းတို့ စကားပြောဆိုခဲ့သူများက ရာသီဥတုပြောင်းလဲမှုများကို မည်သို့တွေ့ကြုံခံစားပြီး ဖော်ပြကြပြီး ၎င်းတို့၏ နေ့စဉ်ဘဝ အပေါ် မည်သို့သက်ရောက်သည်တို့ကို စူးစမ်းထားသည်။ ထူးခြားသည်မှာ ဒေသခံလူထု အတွင်းရှိ လူအနည်းငယ်သာ "ရာသီဥတုပြောင်းလဲမှု" (climate change) ဟူသော အင်္ဂလိပ် ဝေါဟာရ သို့မဟုတ် သိပ္ပံနည်းကျအယူအဆကို တိုက်ရိုက်ရည်ညွှန်းပြောဆိုကြသော်လည်း ၎င်းတို့ဖော်ပြသော အပူချိန်မြင့်တက်လာမှုကဲ့သို့သော အချက်များသည် သိပ္ပံနည်းကျဖော်ပြ ချက်များနှင့် ကိုက်ညီနေသည်။ အချို့သော လူငယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း အဖွဲ့ဝင် များနှင့် ဒေသခံခေါင်းဆောင်များမှာမူ "ရာသီဥတုပြောင်းလဲမှု" ဟူသော အသုံးအနှုန်းကို အသုံး ပြုကြသည်ကို တွေ့ရသော်လည်း လူအများစုမှာမူ ၎င်းတို့ ငယ်စဉ်ကတည်းက ကြုံတွေ့ခဲ့ရ သော မိုးလေဝသနှင့် ပတ်ဝန်းကျင်ပြောင်းလဲမှုများကို ပိုမိုလက်တွေ့ကျကျ ပြောဆိုကြပြီး သို့မဟုတ်ပါက အင်္ဂလိပ်လို "climate change" ဟု တိုက်ရိုက် အဓိပ္ပာယ်ပြန်၍မရသော၊ ပိုမို ကျယ်ပြန့်သော အနက်အဓိပ္ပာယ်ဆောင်သည့် မိုးလေဝသနှင့်ဆက်စပ်သည့် ဒေသန္တရအသုံး အနှုန်းများကို အသုံးပြုကြသည်။ ဥပမာအားဖြင့် ဗမာဘာသာစကားတွင် ရာသီဥတု ဖောက်ပြန် ခြင်း၊ ရခိုင်ဘာသာစကားတွင် ရာသီဥတုနှင့် ပြောင်းလဲရာ၊ ထားဝယ်စကားတွင် ရာသီဥတု ပျက်စီးခြင်းနှင့် မွန်ဘာသာစကားတွင် ဥတုပြောင်းလဲမှု စသည်ဖြင့် သုံးစွဲကြသည်။ ဤအသုံး အနှုန်းများသည် ပုံမှန်အခြေအနေမှ သွေဖည်သွားခြင်း (ရာသီဥတု) ကို ညွှန်းဆိုပြီး ဆိုးကျိုး ရှိသော သို့မဟုတ် ဖျက်ဆီးတတ်သော ပြောင်းလဲမှုများနှင့် ဆက်စပ်နေသည်။ ဆန့်ကျင်ဘက် အနေဖြင့် ကလေးမြို့ရှိ ချင်းဘာသာစကားအရ *khua hun ki khel* နှင့် ဂျိန်းဖော (ကချင်) ဘာသာစကားအရ *makau grupyin galai shai ai lam* တို့မှာမူ ကောင်းကျိုးနှင့် ဆိုးကျိုး နှစ်မျိုးစလုံးကို ညွှန်းဆိုနိုင်သော အသုံးအနှုန်းများ ဖြစ်ကြသည်။ ဘားအံ၊ တောင်ငူနှင့် လေရှီး ဒေသများ (ပိုးကရင်၊ စကောကရင်နှင့် ဂိုဂါ-နာဂ ဘာသာစကားပြောဆိုသည့် ဒေသများ) တွင်မူ ရာသီဥတုပြောင်းလဲမှုအတွက် သီးခြားစကားလုံး မရှိသော်လည်း ရာသီဥတုပြောင်းလဲမှုအပေါ် စိတ်ပျက်မှုကို ဖော်ပြရန် "ပူခြင်း၊ အေးခြင်း" ကဲ့သို့သော အခြေအနေပြစကားလုံးများ သို့မဟုတ် ဂိုဂါ-နာဂ

[45] Augsten et al., 2022, p. 14.

ဘာသာစကားဖြင့် "မိစ္ဆာရာသီဥတု/နတ်ဆိုးရာသီဥတု" *(dzodru dzoli she ae)* ကဲ့သို့သော အသုံးအနှုန်းများကို အသုံးပြုကြသည်။ ဤကွဲပြားမှုများသည် နိုင်ငံတစ် ဝန်းရှိ ဘာသာစကားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားချက်များကို ထင်ဟပ်စေသည်။

သို့သော်လည်း အဓိကတူညီချက်တစ်ရပ်မှာ လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသများရှိ ပြည်သူများသည် ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုများကို သီးခြားခွဲခြားခြင်း မရှိသလောက်ဖြစ်ပြီး ၎င်းတို့ကို ဖြစ်စဉ်တစ်ခုတည်း၏ အစိတ်အပိုင်းများအဖြစ်သာ ဆွေးနွေးကြခြင်းဖြစ်သည်။ ထို့အပြင် တိဗက်နှင့် ယူဂန္ဓာကျေးရွာများရှိ ပြည်သူများကဲ့သို့ပင် အများစုသည် ဒေသတွင်း ပြောင်းလဲမှုများကိုသာ အလေးပေးဖော်ပြကြပြီး ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများကို ရည်ညွှန်းပြောဆိုသူမှာ အလွန်နည်းပါးသည်။[46] ဤအချက်သည် "ရာသီဥတုပြောင်းလဲမှု" (climate change) ဟူသော စကားလုံးကို အသုံးနည်းခြင်းနှင့်လည်း ဆက်စပ်နေနိုင်သည်။

ဒေသတွင်း တွေ့မြင်နေရသော ရာသီဥတုနှင့် ပတ်ဝန်းကျင် ပြောင်းလဲမှုများသည် များသောအားဖြင့် လွန်ခဲ့သော ငါးနှစ်မှ ဆယ့်ငါးနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည်ဟု ယူဆကြသော်လည်း အာဏာသိမ်းပြီးနောက်ပိုင်းတွင် ယင်းပြောင်းလဲမှုများမှာ ပိုမိုဆိုးရွားလာသည်ဟု ပြည်သူများက ရှင်းလင်းစွာ ခံစားနေရသည်။ ဤသို့ ပိုမိုဆိုးရွားလာသည်ဟူသော ခံစားချက်မှာ အချိန်နှင့်အမျှ ပိုမိုထင်ရှားလာပြီး အထူးသဖြင့် ၂၀၂၄ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော စတုတ္ထနှင့် ပဥ္စမအကြိမ်မြောက် လေ့လာမှုများတွင် ပိုမိုသိသာလာသည်။ ၎င်းမှာ လက်နက်ကိုင် ပဋိပက္ခများ၊ စစ်တပ်၏ ဖိနှိပ်မှုများနှင့် ဆုတ်ယုတ်လာသော လူမှုစီးပွား အခြေအနေများ ပိုမိုပြင်းထန်လာခြင်းကို ထင်ဟပ်နေသည်ဟု ကျွန်ုပ်တို့ ယူဆပြီး အဆိုပါအချက်များအားလုံးသည် မြင့်တက်လာသော အပူရှိန်နှင့် မမှန်ကန်သော မိုးရွာသွန်းမှုများကို ရင်ဆိုင်ရာတွင် ပိုမိုခက်ခဲစေသည့် အကြောင်းရင်းများ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လူထုသည် နေ့စဉ်မလုံခြုံမှုများနှင့် အသက်မွေးဝမ်းကျောင်းအတွက် ရုန်းကန်နေရမှုများကို ပိုမိုအာရုံစိုက်နေရသဖြင့် ပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ ကိစ္စရပ်များသည် အာဏာသိမ်းမှုမတိုင်မီကထက် နေ့စဉ်စကားပြောဆိုမှုများတွင် ပါဝင်မှု နည်းပါးလာကြောင်း ကျွန်ုပ်တို့၏ ရပ်ရွာအခြေပြု သုတေသီများက ထောက်ပြထားသည်။ သို့သော် အပူရှိန် အလွန်ပြင်းထန်လာသည့်အခါတွင်လည်းကောင်း၊ မိုးသည် မျှော်လင့်သလို ရွာသွန်းခြင်းမရှိဘဲ သို့မဟုတ် ရွာသွန်းသည့် အခါတွင်လည်း အလွန်သည်းထန်လွန်းသည့်အခါတွင်လည်းကောင်း လူထုက ယင်းအကြောင်းအရာများကို ဆွေးနွေးကြသည်။ အောက်ဖော်ပြပါကဏ္ဍတွင် လူထုအနေဖြင့် ရာသီဥတုနှင့် ပတ်ဝန်းကျင်ပြောင်းလဲမှုများကို မိုးရွာသွန်းမှုပုံစံများ၊ အပူရှိန်တို့နှင့် မည်သို့ဆက်စပ်နေသည်ကို အသေးစိတ် ရှင်းလင်းတင်ပြသွားမည်ဖြစ်ပြီး ၎င်းတို့က လူထု၏ ဘဝအပေါ် မည်သို့သက်ရောက်သည်ကို ဆက်လက် ဆွေးနွေးသွားပါမည်။

---

[46] Branch, 2018; Salick et al., 2012.

မိုးရွာသွန်းမှုပုံစံ ပြောင်းလဲလာခြင်း

မှုမမှန်သော မိုးရွာသွန်းမှုများနှင့် ပြောင်းလဲလာသော မိုးရွာသွန်းမှုပုံစံများသည် ကျွန်ုပ်တို့ လေ့လာမှုပြုလုပ်ခဲ့သည့် လူ့အဖွဲ့အစည်းများအားလုံးတွင် တွေ့ရှိခဲ့ရ သည်။ ကလေးမြို့တွင် မိုးသည် မျှော်လင့်ထားသည့်အချိန်တွင် မရွာတော့ခြင်း၊ ရွာသည့်အခါတွင်လည်း ခေတ္တခဏ သာဖြစ်သော်လည်း သည်းထန်စွာ ရွာခြင်းကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ကြောင်း လူထုက ပြောဆိုကြသည်။ အသက် (၇၅) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ယခင်က ရေကြီးမှုကို တစ်ခါမျှ မကြုံဖူးသော်လည်း လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ရေကြီးမှုမှာ နှစ်စဉ်ဖြစ်ရပ်တစ်ခု ဖြစ်လာသည်ဟု ရှင်းပြခဲ့သည်။ ဒေသခံများ၏ အမြင်အရ လမ်းများကို ပျက်စီးစေပြီး သောက်သုံးရေနှင့် စိုက်ပျိုးရေ အရင်းအမြစ်များကို ထိခိုက်စေသည့် မြေပြိုမှုများမှာလည်း သိသိသာသာ တိုးပွားလာသည်။ နွေရာသီတွင်လည်း ရေအရင်းအမြစ်များ ခန်းခြောက်မှုမှာ ယခင်ကထက် ပိုမိုအဖြစ်များလာပါသည်။

မြစ်ကြီးနားမြို့တွင်လည်း မိုးရွာသွန်းမှုပုံစံများမှာ ပုံမှန်မဟုတ်တော့ဘဲ ပုံမှန်အားဖြင့် ခြောက်သွေ့ကာလများတွင် မိုးသည်းထန်စွာရွာ ခြင်းနှင့် မိုးရာသီစတင်မှု နောက်ကျခြင်းတို့ကို ကြုံတွေ့နေရသည်။ ဥပမာအားဖြင့် ၂၀၂၂ တွင် ကောက်ပဲသီးနှံ ရိတ်သိမ်းချိန်၌ မိုးရွာသွန်းမှုကြောင့် လယ်ကွင်းများအတွင်း ရေလွှမ်းမိုးခဲ့ပြီး တောင်သူများမှာ အကြွေးသံသရာအတွင်း ပိုမိုနစ်မွန်းခဲ့ရသည်။ ထို့ပြင် ၂၀၂၄၊ မတ်လတွင်လည်း တစ်ခါမျှ မကြုံဖူးသော မိုးသီးကြွေမှုဖြစ်ပွားခဲ့သည်။ လူထုသည် ရာသီဥတု မည်သို့ပြောင်းလဲနေသည်ကို ဖော်ပြရာတွင် ဤကဲ့သို့သော ဖြစ်ရပ်များကို မကြာခဏ ထောက်ပြလေ့ရှိကြသည်။ အလားတူပင် ဘားအံမြို့တွင် သံလွင်မြစ်အနီးရှိ မြေနိမ့်ပိုင်းဒေသများ၌ ရေကြီးမှုမှာ အသစ်အဆန်းမဟုတ်သော်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာသည်ဟု အချို့က ယူဆကြသည်။ ဘားအံဒေသခံများ၏ တင်ပြချက်အရ အာဏာသိမ်းပြီးနောက်ပိုင်း အဆိုပါ ရေကြီးမှုများ၏ ဆိုးကျိုးများကို စီမံခန့်ခွဲရန် အကူအညီပေးမှုများမှာ သိသိသာသာ လျော့နည်းသွားသည်ဟု ဆိုသည်။ ထို့ပြင် ဒေသခံများသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက မိုးခေါင်ရေရှားမှုနှင့် ရေပြတ်လပ်မှုများကိုလည်း ပိုမိုကြုံတွေ့နေရသည်။

မုဒုံမြို့တွင်လည်း ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုပုံစံများအကြောင်း ပြောဆိုကြပြီး ယင်းမှာ ပုံမှန်ရာသီစက်ဝန်းများကို လိုက်နာခြင်း မရှိ တော့ပေ။ ရေကြီးမှုများမှာလည်း ပိုမို အဖြစ်များလာကာ (တစ်နှစ်လျှင် တစ်ကြိမ်မှ လေးကြိမ်အထိ) ရေကြီးသည့် အချိန်မှာလည်း ပိုမိုကြာမြင့်လာပြီး ပိုမိုပြင်းထန်လာသည်။ ယခင်က ရေကြီးပါက နာရီပိုင်းအတွင်း ရေပြန်ကျလေ့ရှိသော်လည်း ယခုအခါ ရေပြန်ကျရန် တစ်ပတ်ထက်မက ကြာမြင့်တတ်သဖြင့် ဒေသခံများမှာ နေအိမ်များကို စွန့်ခွာတိမ်းရှောင်ရသည့် အခြေအနေများ ရှိလာသည်။ တစ်ချိန်တည်းမှာပင်

မိုးရွာသွန်းမှု နောက်ကျခြင်းက မိုးခေါင်မှုနှင့် ရေပြတ်လပ်မှုကို ပိုမိုဆိုးရွားစေပြီး သီးနှံစိုက်ပျိုးမှုကို ပြင်းထန်စွာ ထိခိုက်နေစေသည်။

ကမ်းရိုးတန်းမြို့ဖြစ်သော စစ်တွေမြို့တွင် ပုံမမှန်သော မိုးရွာသွန်းမှုနှင့် ရေသိုလှောင်ကန်များ ခန်းခြောက်လာမှုတို့သည် ပင်လယ်ရေ မျက်နှာပြင် မြင့်တက်လာမှုနှင့် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်နေသည်။ ယင်းအခြေအနေသည် ဒီရေတောများ ပြုန်းတီးမှုနှင့် ပေါင်းစပ်ကာ ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် စပါးစိုက်ခင်းများအပါအဝင် လယ်ယာမြေများအတွင်း ရေငန်ဝင်ရောက်ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ရာသီဥတုပြောင်းလဲမှု၏ ရလဒ်ကြောင့် ယခင်က တစ်နှစ်လျှင် နှစ်ကြိမ် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သော်လည်း ယခုအခါ တစ်နှစ်လျှင် တစ်ကြိမ်သာ ရိတ်သိမ်းနိုင်တော့သည်။ ထို့ပြင် ဤဒေသသည် ဆိုင်ကလုန်းနှင့် မုန်တိုင်းဒဏ်ကိုလည်း အလွန်ခံရလွယ်ပြီး ၂၀၂၃ တွင် တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းမှာ အဆိုးရွားဆုံး ဖြစ်ခဲ့သည်။[47] ငါးဖမ်းလုပ်ငန်းကို အဓိကလုပ်ကိုင်သော လောင်းလုံမြို့နယ် ကမ်းရိုးတန်းကျေးရွာတွင်လည်း ဒီရေတောများ ပြုန်းတီးမှုကြောင့် ပိုမိုပြင်းထန်သော ပင်လယ်ရေလွှမ်းမိုးမှုနှင့် မြေဆီလွှာ တိုက်စားမှုများကို ကြုံတွေ့နေရကြောင်း ဒေသခံများက တင်ပြကြသည်။ သို့သော်လည်း လူအများစုမှာ လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် နေ့စဉ်ရှင်သန်ရေးအတွက် စိုးရိမ်ပူပန်နေရသဖြင့် ပြောင်းလဲလာသော ရာသီဥတုပုံစံများနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ရပ်များအပေါ် အာရုံစိုက်မှု နည်းပါးနေကြသည်ကို တွေ့ရသည်။

တောင်ငူမြို့တွင်လည်း ပုံမမှန်သော မိုးရွာသွန်းမှုများကြောင့် အပင်များနှင့် မြေဆီလွှာများ ခန်းခြောက်လာပြီး အများအပြားမှာ သီးနှံစိုက်ပျိုးနိုင်ခြင်း မရှိတော့ပေ။ စစ်တောင်းမြစ်သည်လည်း ၂၀၂၃ တွင် ခန်းခြောက်ခဲ့ရာ ဒေသခံများ၏ မှတ်တမ်းများအရ လူတို့မှတ်မိသမျှ သမိုင်းတစ်လျှောက်တွင် မြစ်ကို ခြေကျင်ဖြတ်ကူးနိုင်သည့်အထိ ပထမဆုံးအကြိမ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဤဒေသတွင် ရေကြီးမှုမှာလည်း ယခင်ကထက် ပိုမိုအဖြစ်များလာပြီး တစ်ဖက်တွင်လည်း မြစ်ကြောင်းတစ်လျှောက် ဆည်များ ကျိုးပေါက်မှု၊ ရေလျှံမှုများကြောင့် ကျေးလက်နှင့် မြို့ပြဒေသနှစ်ခုလုံးတွင် ရေကြီးမှုကာလ ပိုမိုကြာမြင့်လာစေခဲ့သည်။ ရေကြီးမှုကြောင့် ဖြစ်ပေါ်လာသော အရေပြားကူးစက်ရောဂါများမှာလည်း တိုးပွားလာသည်။ ၂၀၂၄ နှစ်လယ်ပိုင်း တွင် ပဲခူးတိုင်းအတွင်း ရေကြီးမှုကြောင့် လူပေါင်းရာနှင့် ချီ၍ နေရပ်စွန့်ခွာခဲ့ရပြီး ၎င်းတို့အထဲ တွင် ပြင်းထန်သော ပဋိပက္ခဒဏ်ကို ရင်ဆိုင်နေရသော ကျေးရွာများလည်း ပါဝင်ခဲ့သည်။

လေ့လာမှုတွင်ပါဝင်သည့် အခြားသောဒေသများနှင့် မတူသည်မှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တောင်ကုန်းထူထပ်ပြီး အမြင့်ပိုင်းတွင် ရှိသော လေရှီးဒေသသည် ရေကြီးမှုဒဏ်ကို အလားတူမခံစားရသော်လည်း မိုးသည်းထန်စွာရွာသွန်းခြင်းက မြေပြိုမှုများကို ဖြစ်ပေါ်စေ

[47] See Chambers et al. (2027) [this issue].

ခဲ့သည်။ လေရှီးဒေသခံများ၏ ပြောပြချက်အရ မိုးရွာသွန်းမှုမှာ ခန့်မှန်းရခက်ခဲလာပြီး နွေ၊ မိုး၊ ဆောင်း ဟူသော ရိုးရာရာသီစက်ဝန်းများကို မလိုက်နာတော့ကြောင်း သိရသည်။ ယင်းအစား မိုးသည် မရွာသင့်သည့်အချိန်တွင် ရွာခြင်း၊ ပုံမှန်အားဖြင့် ခြောက်သွေ့လေ့ရှိသော ဆောင်းလများတွင်ပင် ရွာသွန်းခြင်းမျိုး ရှိလာသည်။ ဥပမာအားဖြင့် ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်များတွင် မိုးရွာသွန်းမှု အလွန်နောက်ကျသဖြင့် ပြည်သူများ သီးနှံရိတ်သိမ်းနိုင်ခြင်း မရှိခဲ့ကြောင်း ဒေသခံများက ဖော်ပြကြသည်။ မိုးအမှန်တကယ်ရွာသည့်အချိန်မှာ ရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေသဖြင့် စပါးပင်များမှာ ခြောက်သွေ့ခြင်း သို့မဟုတ် ကျိုးကြေခြင်းများ ဖြစ်ပေါ်ခဲ့သည်ဟု ၎င်းတို့က လေ့လာတွေ့ရှိခဲ့သည်။ လေရှီးဒေသရှိ လူထုအကြားတွင် မမှန်ကန်သော မိုးရွာသွန်းမှုကြောင့် စိုက်ပျိုးရိတ်သိမ်းရန် အကောင်းဆုံးအချိန်ကို ခန့်မှန်းရန် ပိုမိုခက်ခဲလာပြီး နောက်ဆုံးတွင် သီးနှံအထွက်နှုန်း ကျဆင်းလာသည်ဟူသော ရှုမြင်ပုံမှာ တိုးပွားလာနေပါသည်။ ၂၀၂၃ တွင် စပါးအထွက်နှုန်းမှာ ကျေနပ်ဖွယ်ရှိသော်လည်း ဟင်းသီးဟင်းရွက်ကဲ့သို့သော အခြားသီးနှံများမှာမူ အထွက်နှုန်းမကောင်းခြင်း သို့မဟုတ် မိုးနောက်ကျမှုကြောင့် အချိန်မီ မစိုက်ပျိုးနိုင်ခြင်းများ ရှိခဲ့သည်။ ထို့အပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်မြောင်းအခြေခံ အဆောက်အအုံများ သိသိသာသာ ပျက်စီးခဲ့ရပြီး မြေပြိုမှုနှင့် မြေဆီလွှာတိုက်စားမှုများက ရေမြောင်းများကို ဖျက်ဆီးခဲ့သည်။ ၂၀၂၄ တွင် ဖြစ်ပေါ်ခဲ့သော ပြင်းထန်သည့် မိုးသီးကြွေမှုကြောင့်လည်း တောင်သူများအနေဖြင့် ၎င်းတို့၏ ရွှေ့ပြောင်းတောင်ယာများကို အချိန်မီ မီးရှို့ရှင်းလင်းနိုင်ခြင်း မရှိဘဲ စိုက်ပျိုးရေးလုပ်ငန်းများကို အဟန့်အတား ဖြစ်စေခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်းမှာပင် လေရှီးဒေသ၌ တစ်ခါမျှ မကြုံဖူးသော မြေပြိုမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ဒေသခံများ၏ ပြောကြားချက်အရ ဤမျှကြီးမားသော အတိုင်းအတာဖြင့် မြေပြိုမှုကို တစ်ခါမျှ မတွေ့မြင်ဖူးကြောင်း သိရသည်။ ယင်းမြေပြိုမှုသည် လေ့လာမှုပြုလုပ်ရာဒေသနှင့် ကပ်လျက်ရပ်ကွက်တစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အိမ်ခြေသုံးလုံးကို ဝါးမျိုသွားကာ ကြီးမားသော ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည်။

အပူရှိန်မြင့်တက်လာခြင်း

လေ့လာမှုပြုလုပ်ခဲ့သည့် လူထုအားလုံးသည်လည်း ပြောင်းလဲလာသော အပူချိန်များကို ကြုံတွေ့ခံစားရကြောင်း မီးမောင်းထိုးပြခဲ့ကြသည်။ ၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်၊ မတ်လမှ မေလအထိ နွေရာသီကာလများတွင် အပူချိန်မြင့်တက်ခြင်းနှင့် အပူလှိုင်းဖြတ်ခြင်းတို့မှာ အဓိကပြောဆိုသည့် အကြောင်းအရာများ ဖြစ်ခဲ့သည်။ ထိုကာလများတွင် မြန်မာနိုင်ငံရှိ နေရာအများအပြား၌ အပူချိန်များသည် စံချိန်တင်မြင့်တက်ခဲ့ပြီး လူပေါင်းနှစ်ထောင်နီးပါး သေဆုံးခဲ့ရ သည်။[48] ၂၀၂၄

[48] Ant Pweh Aung, 2024.

ခုနှစ်၊ ဧပြီလတွင် ကလေးမြို့၌ အပူရှိန်မှာ အလွန်အမင်း ပြင်းထန်ခဲ့ပြီး ယခင်ကြုံတွေ့ခဲ့ဖူးသော မည်သည့်အပူချိန်ထက်မဆို သာလွန်ခဲ့သည်။ အရှေ့တောင်အာရှတစ်ဝန်းရှိ မိုးလေဝသစခန်းများ၏ ထုတ်ပြန်ချက်အရ စံချိန်တင်အမြင့်ဆုံးအပူချိန် (၄၃) ဒီဂရီဆဲလ်စီးယပ်စ်မှ (၅၀) ဒီဂရီဆဲလ်စီး ယပ်စ်အထိ ရှိခဲ့သည်။[49] ကလေးမြို့တွင် လေအေးပေးစက် (အဲကွန်း) အသုံးပြုနိုင်သူ အလွန်နည်းပါးပြီး လျှပ်စစ်မီးကိုလည်း ပုံမှန်မရရှိသဖြင့် ပိုမိုသက်သာသော လျှပ်စစ်ပန်ကာများကိုပင် ယုံကြည်စိတ်ချစွာ အသုံးမပြုနိုင်ကြပေ။ အလွန်အမင်းပြင်းထန်သော အပူဒဏ်ကို ရင်ဆိုင်ရန်အတွက် လူထုသည် အိမ်တွင်း၌သာ တတ်နိုင်သမျှ နေထိုင်ကြပြီး ပင်ပန်းသော ကိုယ်လက်လှုပ်ရှားမှုများကို လျှော့ချခဲ့ကြသည်။ သို့သော်လည်း အပူရှိန်ကြောင့် အရေပြားယားယံခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူအများအပြားမှာ အစားအသောက် စားသုံးရန်လည်း ခက်ခဲခဲ့ကြသည်။ ထို့အတူ ၂၀၂၄ ခုနှစ် နွေရာသီတွင် မြစ်ကြီးနား၌ အပူချိန်သည် (၄၅ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့ပြီး လူထုအနေဖြင့် အပူဒဏ် သက်သာစေရန် ခက်ခဲစွာ ရုန်းကန်ခဲ့ရသည်။ ဖြေဆိုသူများ၏ ပြောကြားချက် အရ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များတွင် ဖျားနာမှုများ ဖြစ်ပွားခဲ့ပြီး အပူဒဏ်ကြောင့် သေဆုံးမှုအချို့လည်း ရှိခဲ့သည်။ ကလေးမြို့ကဲ့သို့ပင် မြစ်ကြီးနားရှိ ပြည်သူများသည်လည်း အပူရှိန်ကြောင့် အစားစားရန် ခက်ခဲကြောင်း ပြောဆိုခဲ့ကြသည်။ အပူလှိုင်းဖြတ်ပြီးနောက် ခေတ္တခဏအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ကာ ဒေသခံ အများအပြား နေရပ်စွန့်ခွာခဲ့ရသည်။

ဘားအံမြို့တွင် အပူလှိုင်းကြောင့် လူအများအပြား အလုပ် မလုပ်နိုင် ဖြစ်ခဲ့ရသည်။ လေ့လာမှုပြုလုပ်သည့် ရပ်ကွက်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းခွင်မနားဘဲ ဆက်လက်လုပ်ကိုင်ခဲ့ရသူ ငါးဦး သေဆုံးခဲ့သည်။ မုဒုံမြို့တွင်မူ အလွန်အမင်း ပူပြင်းမှုကြောင့် အိပ်စက်မှုကို အနှောင့်အယှက် ဖြစ်စေခဲ့ပြီး လူအများအပြား အစားအသောက်ပျက်ခြင်း၊ ဖျားနာခြင်းနှင့် လည်ချောင်းနာခြင်းများ ဖြစ်ပွားခဲ့သည်။ ယခင်က အရိပ်ရခဲ့ဖူးသော သစ်ပင်ကြီးများကို ခုတ်လှဲလိုက်ကြခြင်းအပေါ် လူထုက နှမြောတသ စိတ်မကောင်းဖြစ်ခဲ့ကြသည်။ စစ်တွေမြို့ တွင်လည်း နွေရာသီ အပူရှိန်သည် စိုးရိမ်စရာ ဖြစ်နေခဲ့ပြီး ရေအရင်းအမြစ်များ ခန်းခြောက်မှု ကို ပိုမိုဆိုးရွားစေခဲ့သည်။ ပူပြင်းသော ရာသီဥတုက အပင်များ အညှောက်ပေါက်ခြင်းကို ထိခိုက်စေသည်ဟု ဒေသခံများက ယုံကြည်ကြသည်။ နွေရာသီလများတွင် လူအများအပြား နေအိမ်အတွင်း၌သာ အောင်းနေခဲ့ကြရသည်။ တောင်ငူမြို့သည် ၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်များတွင် ၎င်း၏ အမြင့်ဆုံး အပူချိန်များအဖြစ် (၄၆) ဒီဂရီဆဲလ် စီးယပ်စ်နှင့် (၅၀) ဒီဂရီဆဲလ်စီးယပ်စ် အထိ ကြုံတွေ့ခဲ့ရသည်။ ဤအခြေအနေကြောင့် အထူးသဖြင့် သက်ကြီးရွယ်အိုများအကြား ဖျားနာမှုများပြန့်နှံ့ခဲ့ပြီး အချို့မှာ သေဆုံးခဲ့သည်။ အခြားမြို့နယ်များကဲ့သို့ပင် တောင်ငူရှိ ပြည်သူများသည်

[49] Al Jazeera, 2024.

အစားကောင်းကောင်း မစားနိုင်ခဲ့ကြဘဲ လျှပ်စစ်မီး ပြတ်တောက်မှုကြောင့် အအေးခံရန်အတွက် ပန်ကာများကို ပုံမှန် အသုံးမပြုနိုင်ခဲ့ကြပေ။ အေးမြသော အမြင့်ပိုင်း ဒေသများမှ ဆင်းလာရသည့် နေရပ်စွန့်ခွာသူ (စစ်ဘေးရှောင်များ) မှာ အပူဒဏ်ကို အဆိုးရွား ဆုံးခံစားခဲ့ရသည်ဟုဆိုသည်။ ၂၀၂၄ ခုနှစ် အပူလှိုင်းအတွင်း သေဆုံးသူများအနက် အများစုမှာ သက်ကြီးရွယ်အို စစ်ဘေးရှောင်များဖြစ်ကြသည်။

မြေနိမ့်ပိုင်း ဒေသများနှင့် မတူဘဲ အမြင့်ပိုင်းတွင် တည်ရှိသော လေရှီးမြို့နယ်သည် အလားတူ အပူလှိုင်းဒဏ်ကို မခံစားရသော်လည်း နေရောင်ခြည်၏ အပူရှိန်မှာ ပိုမိုပြင်းထန် လာကြောင်းနှင့် ဆောင်းရာသီ အပူချိန်မှာ သုညဒီဂရီအောက် မကျတော့သဖြင့် ရေခဲသည်ကို မတွေ့ရတော့ကြောင်း လူထုက ပြောဆိုကြသည်။ အေးမြသော ဒေသဖြစ်သော်လည်း ၂၀၂၄ ခုနှစ် နွေရာသီတွင်မူ ပုံမှန်ထက်ပိုမိုသော အပူချိန်ကြောင့် လူများ အလုပ် မလုပ်နိုင်ခဲ့ဘဲ ပထမဆုံးအကြိမ်အဖြစ် သောက်သုံးရေ အရင်းအမြစ်များ ခန်းခြောက်ခဲ့သည်။ ထို့ကြောင့် လူထုအနေဖြင့် လေ့ကားထစ် စိုက်ပျိုးရေး အတွက် အသုံးပြုသော ဆည်မြောင်းစနစ်မှ ရေကို အသုံးပြုခဲ့ရသည်။ အလွန် အမင်း ပူပြင်းပြီးနောက် ခြောက်သွေ့နေသော မြေဆီလွှာပေါ်သို့ မိုးသည်းထန် စွာ ရွာသွန်းခဲ့သဖြင့် နေရာအတော်များများတွင် မြေဆီလွှာ တိုက်စားမှုများ ဖြစ်ပေါ်ခဲ့ကာ အချို့သော လေ့ကားထစ် လယ်ယာမြေများ ပျက်စီးဆုံးရှုံးခဲ့ရ သည်။

ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ

ပဋိပက္ခနှင့် ပတ်ဝန်းကျင်ယိုယွင်းမှုတို့အကြား ဆက်နွှယ်နေမှု

ကျွန်ုပ်တို့ လေ့လာခဲ့သည့် လူ့အဖွဲ့အစည်းများတစ်လျှောက် အပူချိန်နှင့် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲလာခြင်းသည် ဒေသန္တရအခြေအနေအပေါ် မူတည်၍ တိုက်ရိုက်နှင့် ဆင့်ကဲသက် ရောက်မှု အမျိုးမျိုးကို ဖြစ်ပေါ်စေလျက်ရှိသည်။ တိုက်ရိုက်သက်ရောက်မှုများတွင် မြေပြိုခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းနှင့် မြစ်ချောင်းများ ခန်းခြောက်ခြင်းတို့ ပါဝင်သည်။ ယင်းတို့ကြောင့် စိုက်ပျိုးရေးအထွက်နှုန်းများ ကျဆင်းလာကာ အချို့နှစ်များတွင် တောင်သူ များအနေဖြင့် စပါး သို့မဟုတ် ဟင်းသီးဟင်းရွက်များကိုပင် မစိုက်ပျိုးနိုင်သည့် အခြေအနေ အထိ ရောက်ရှိခဲ့သည်။ အသီးအနှံပင်များနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများသည် ပြင်းထန် သော အပူရှိန်နှင့် အချိန်မီ မိုးမရွာသွန်းမှုဒဏ်ကို ခံစားနေရပြီး အပင်များ အညှောက် မပေါက် ခြင်းနှင့် ပိုးမွှားအသစ်များ ကျရောက်ခြင်းတို့ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးနေရသည်။ ထို့ပြင် အပူရှိန်ကြောင့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များစွာလည်း ပေါ်ပေါက်လာနေသည်။

အရေးကြီးသည့်အချက်မှာ ဤရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်း ဖြစ်ပေါ်လာသော လက်နက်ကိုင်ပဋိပက္ခများနှင့် နိုင်ငံရေးနှင့် စီးပွားရေး ပြိုကွဲမှုများ၏ အကျိုးဆက်များနှင့် ခွဲခြား၍မရအောင် ရောယှက်နေသည်ဟု ရှုမြင်

ကြခြင်းဖြစ်သည်။ ပြောင်းလဲလာသောရာသီဥတုပုံစံများအကြောင်း ဒေသခံများနှင့် ဆွေးနွေးမှုများသည်သယံဇာတအလွဲသုံးစားပြုခြင်း၊ အသက်မွေးဝမ်းကျောင်းမလုံခြုံမှု၊ မြေယာအသုံးချမှုပြဿနာများ၊ တိုက်ပွဲများနှင့် မျိုးစေ့၊ မြေဩဇာကဲ့သို့သော စိုက်ပျိုးရေးဆိုင်ရာ စရိတ်စကများမြင့်တက်လာခြင်း စသည့် ဆွေးနွေးချက် များဆီသို့ မကြာခဏ ဦးတည်သွားလေ့ရှိသည်။

ဥပမာအားဖြင့် မြစ်ကြီးနားမြို့တွင် အပူရှိန်အကြောင်း ဆွေးနွေးမှုများသည် သတ္တုတူးဖော်ရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းမှုများ၊ မြေပြိုမှုများနှင့် လယ်ယာမြေများ အပင် မပေါက်နိုင်တော့ဘဲ မြေရိုင်းဖြစ်သွားရသည့် အခြေအနေများနှင့် ရောထွေးနေတတ်သည်။ ကလေးမြို့တွင်မူ နစကတပ်ဖွဲ့များနှင့် တော်လှန်ရေးတပ်များအကြား လက်နက်ကိုင်ပဋိပက္ခများကြောင့် တောင်သူများအတွက် မမှန်ကန်သော မိုးရွာသွန်းမှု၊ မြင့်တက်လာသော အပူရှိန်နှင့် မြေပြိုမှုများကို ရင်ဆိုင် ဖြေရှင်းရန် အလွန်ခက်ခဲလာသဖြင့် အချို့မှာ စိုက်ပျိုးရေးလုပ်ငန်းကို လုံးဝ ရပ်နားလိုက်ကြသည်။ ၎င်းတို့သည် မိမိတို့၏ လယ်ယာမြေဧရိယာများအတွင်း တိုက်ပွဲသစ်များ ထပ်မံဖြစ်ပွားမည်ကိုလည်းကောင်း[50]၊ စစ်ကိုင်းတိုင်းရှိ နေရာအတော်များများတွင် ဖြစ်ပွားနေသကဲ့သို့ စစ်တပ်က လယ်ယာမြေများကို မီးရှို့ဖျက်ဆီးသဖြင့် နေရပ်စွန့်ခွာ ထွက်ပြေးရမည်ကိုလည်းကောင်း အမြဲတစေ စိုးရိမ်ကြောက်လန့်နေကြရသည်။[51] ထို့ပြင် စစ်ဆေးရေးဂိတ်များရှိနေခြင်းကလည်း တောင်သူများအား လယ်ယာလုပ်ငန်းခွင်သို့ သွားရောက်လုပ်ကိုင်ရန် အဟန့်အတား ဖြစ်နေစေသည်။ အာဏာသိမ်းမှုနောက်ပိုင်း စီးပွားရေးကျပ်တည်းမှုများသည် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရန် လိုအပ်သော လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးနည်းစနစ်များ (adaptive farming methods) အသုံးပြုနိုင်ရန်လည်းခက်ခဲသွားစေသည်။ ၎င်းသည် အာဏာသိမ်းမှုနောက်ပိုင်း မြေဩဇာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာမှုနှင့် အထူးသက်ဆိုင်နေသည်။ ဥပမာအားဖြင့် ကလေးမြို့ရှိ စပါးစိုက် တောင်သူများသည် လျော့နည်းလာသော ရေအရင်းအမြစ်ကို ဖြေရှင်းရန် စက်သုံးဆီသုံး၍ ရေတင်စနစ်ကို အသုံးပြုခဲ့ကြသော်လည်း ယခုအခါ စက်သုံးဆီ ဈေး နှုန်းမှာ အလွန်အမင်း မြင့်တက်သွားသဖြင့် ယင်းနည်းလမ်းမှာလည်း မဖြစ်နိုင်တော့ပေ။ ထို့ပြင် အာဏာသိမ်းမှုနောက်ပိုင်း တောင်သူများသည် စိုက်ပျိုးရေးဘဏ်မှ ချေးငွေများကိုလည်း မရရှိတော့သဖြင့် မိုးခေါင်ဒဏ်ခံနိုင်သော စပါးမျိုးစေ့များ ဝယ်ယူနိုင်စွမ်းအပေါ် သက်ရောက်မှုရှိနေသည်။

မုဒုံမြို့ရှိ တောင်သူများသည်လည်း မြင့်တက်လာသော စိုက်ပျိုးရေးဆိုင်ရာပစ္စည်း ဈေးနှုန်းများ၏ ဒဏ်ကို ခံစားနေရပြီး စပါး မစိုက်ပျိုးနိုင်တော့ကြောင်း ရှင်းပြကြသည်။ ယင်းအစား ၎င်းတို့သည် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်နေကြသော လူငယ်နှင့် လူလတ်ပိုင်း ဆွေမျိုးများထံမှ ပေးပို့လာသည့် လွှဲပို့ငွေများကိုသာ အဓိက အမှီပြုနေကြရသည်။ တစ်ချိန်တည်းမှာ

[50] See also Saw Ner Dhu Da (2026) [this issue].
[51] “War zone farmers”, 2022.

ပင် စပါးစိုက်ပျိုးခြင်းကို လုံးဝရပ်နားလိုက်ပါက ၎င်းတို့၏ မြေယာများကို နစကက သိမ်းယူသွားမည်ကိုလည်း စိုးရိမ်နေကြသည်။ အကြောင်းမှာ မြေယာပိုင်ဆိုင်ခွင့် တည်မြဲရန်အတွက် မြေယာကို အမှန်တကယ် အသုံးချနေရန် လိုအပ်သည်ဟူသော သတ်မှတ်ချက်ရှိနေသောကြောင့်ဖြစ်သည်။[52] စစ်တွေဧရိယာတွင်လည်း မြင့်တက်လာသော စက်သုံးဆီဈေးနှုန်းနှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် တောင်သူများသည် ဟင်းသီးဟင်းရွက်များကို တစ်နှစ်လျှင် နှစ်ကြိမ် မစိုက်ပျိုးနိုင်တော့ပေ။ မိုးမရွာသည့်အခါ အပင်များကို ရေလောင်းရန်အတွက် ရေတင်ရန် စက်သုံးဆီ လိုအပ်သောကြောင့်ဖြစ်သည်။

လောင်းလုံနှင့် စစ်တွေဒေသတို့တွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုသည် ဒီရေတောများ ပြုန်းတီးမှုနှင့် ဆက်စပ်နေပြီး လယ်ယာမြေများအတွင်း ရေငန်ဝင်ရောက်ခြင်းနှင့် ကမ်းခြေတွင် ရှာဖွေရရှိတတ်သည့် ခရု၊ ပုစွန်နှင့် အခြားသော ပင်လယ်သတ္တဝါများ လျော့နည်းလာခြင်းတို့ကို ဖြစ်ပေါ်စေသည်။ လောင်းလုံဒေသတွင် ရှင်သန်ရေးနှင့် နေ့စဉ်လုံခြုံရေးအတွက် ပူပန်နေရမှုများသည် ပတ်ဝန်းကျင်အပေါ် နည်းလမ်းအမျိုးမျိုးဖြင့် သက်ရောက်နေကြောင်း ပြည်သူများက ဖော်ပြကြသည်။ ကမ်းရိုးတန်းနှင့် ကုန်းတွင်းပိုင်းတွင် နစကတပ်များရှိနေခြင်းကြောင့် ပင်လယ်ပြင်ထွက်၍ ငါးဖမ်းရန်မှာ အလွန်အန္တရာယ်များလှသည်။ ထို့ကြောင့် ငါးဖမ်းသမားများသည် ရှင်သန်နိုင်ရန်အတွက် ကမ်းခြေတစ်လျှောက် ခရုနှင့် အခြားသော ကမ်းခြေထွက်ကုန်များကို ရှာဖွေစုဆောင်းခြင်းအပေါ်တွင်သာ အမှီပြုနေရသည်။ သို့သော် အဆိုပါအရင်းအမြစ်များသည်လည်း အလွန်အမင်း ရှာဖွေစုဆောင်းခြင်းနှင့် ထင်းအတွက်ဖြစ်စေ၊ ဝင်ငွေအတွက်ဖြစ်စေ ဒီရေတောများကို အရှိန်အဟုန်ဖြင့် ခုတ်လှဲနေကြခြင်းတို့ကြောင့် လျော့နည်းလာနေသည်။ ဤအခြေအနေသည် ဒေသခံလူထုနှင့် ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီကဲ့သို့သော ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား တင်းမာမှုများကို ဖြစ်ပေါ်စေခဲ့ပြီး အကြောင်းမှာ ကုမ္ပဏီက ၎င်းတို့၏ ကာကွယ်ထားသော သစ်တောဧရိယာဟု သတ်မှတ်ထားသည့် နေရာများတွင် ဒီရေတောခုတ်လှဲမှုကို ကန့်သတ်ထားသောကြောင့်ဖြစ်သည်။

မုဒုံမြို့တွင် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ မေးမြန်းသောအခါ လူထုက အပူရှိန်နှင့် မလုံခြုံမှုဟူသော “ဝန်ထုပ်ဝန်ပိုးနှစ်ရပ်” (double burden) ကြောင့် ဖြစ်ပေါ်လာသည့် လူမှုရေးသက်ရောက်မှုများကို ပြောပြကြသည်။ ယခင်က ပူပြင်းသော ရာသီဥတုတွင် ကလေးရော လူကြီးပါ သစ်ပင်ကြီးများ၏ အရိပ်အောက်၌ စုဝေးလေ့ရှိသော်လည်း ယခုအခါ သစ်ပင်

[52] ဤကဲ့သို့ မြေယာဆုံးရှုံးမည်ကို စိုးရိမ်ခြင်းသည် ၂၀၁၂ မြေယာဥပဒေနှင့် ဆက်စပ်နေသည်။ အဆိုပါ ဥပဒေအရ တောင်သူများသည် ၎င်းတို့၏ မြေယာကို အမှန်တကယ် အသုံးချနေရန် လိုအပ်ပြီး ထိုသို့ မဟုတ်ပါက နိုင်ငံတော်က ပြန်လည်သိမ်းယူနိုင်ခွင့်ရှိသည်။ ထို့အပြင် ဤစိုးရိမ်မှုသည် ယခင်ခေတ်အဆက်ဆက်က ရှိခဲ့သော စစ်တပ်၏ မြေယာသိမ်းဆည်းမှုဆိုင်ရာ သမိုင်းကြောင်းများနှင့်လည်း ဆက်စပ်လျက်ရှိသည် (Lue Htar, 2020; Mark, 2016)။

များ မရှိတော့သဖြင့် ထိုကဲ့သို့ စုဝေးမှုများ မရှိတော့ပေ။ ထို့အပြင် နစက စစ်သားများကို ကြောက်ရွံ့ခြင်းကလည်း ရွာအတွင်း လူစုလူဝေးပြုလုပ်ရန် ပိုမိုဟန့်တားလျက်ရှိသည်။ ရွာအတွင်း ဘောလုံးကစားခြင်းကဲ့သို့သော လှုပ်ရှားမှုများသည်လည်း အပူရှိန်ကြောင့်သာမက နစကကို ကြောက်ရွံ့ခြင်းကြောင့်ပါ ရပ်တန့်သွားခဲ့ရသည်။ နာဂဒေသတွင်လည်း ရေရှားပါးမှု အပေါ် တင်းမာမှုများ မြင့်တက်လာပြီး ရိုးရာရေဝေခြမ်းမှု ဓလေ့ထုံးတမ်းများကို ပျက်ပြားစေလျက်ရှိသည်။ ယင်းအခြေအနေသည် ပဋိပက္ခများကို ပိုမိုဖြစ်ပွားစေကာ ညဘက်တွင် ရေခိုးယူမှုများကို တိုးပွားလာစေခဲ့သည်။

ကလေးမြို့နှင့် တောင်ငူမြို့တို့တွင်မူ စစ်ပွဲများကြောင့် ပတ်ဝန်းကျင်နှင့် ဒေသန္တရတောရိုင်းတိရစ္ဆာန်များအပေါ် ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုများ ရှိနေခြင်းကို ဒေသခံများက စိုးရိမ်တကြီး ဖော်ပြကြသည်။ ဤဒေသများသည် နစက ထိန်းချုပ်မှုအောက်တွင် ရှိသော်လည်း လက်နက်ကိုင်ပဋိပက္ခများသည် အနီးနားတွင်ပင် ရှိနေပြီး အချို့သော ဒေသခံများ၏ လယ်ယာမြေများမှာ ဗုံးများနှင့် သေနတ်ကျည်ဆန်များကြောင့် တိုက်ရိုက်ထိခိုက်ပျက်စီးခဲ့ရသည်။ ပဋိပက္ခများက လေထုညစ်ညမ်းမှုကို ပိုမိုဆိုးရွားစေပြီး လေထုအတွင်း အစိုဓာတ်ထိန်းသိမ်းနိုင်စွမ်းကို လျော့နည်းစေကာ ယင်းမှတစ်ဆင့် အသီးအနှံပင်များနှင့် သီးနှံစိုက်ခင်းများကို ဆိုးကျိုးသက်ရောက်စေသည်ဟု ဒေသခံများက ယုံကြည်ကြသည်။ ထို့ပြင် ပစ်ခတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများမှ ထွက်ပေါ်လာသော နိုက်ထရစ်အောက်ဆိုဒ် ဓာတ်ငွေ့များကြောင့် ဝက်နှင့်ကြက်၊ ဘဲ ကဲ့သို့သော မွေးမြူရေးတိရစ္ဆာန်များ ကျန်းမာရေးချို့တဲ့လာရသည်ဟု ၎င်းတို့က ယူဆကြသည်။ ငှက်မျိုးစိတ်များ သိသိသာသာ လျော့နည်းလာခြင်းကိုလည်း သတိပြုမိကြပြီး အများစုမှာ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားကြသည်ဟု ယူဆရသည်။ ယခင်က နွေရာသီတွင် အမြဲကြားနေရသော ငှက်အော်သံများသည် ၂၀၂၃ မှစ၍ ပျောက်ကွယ်သွားခြင်းမှာ ပဋိပက္ခ၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို ဖော်ပြနေသည်။ တောင်ငူမြို့တွင်မူ တိုက်ပွဲများနှင့် သစ်တောများ မီးရှို့ခံရမှုများကြောင့် ငှက်များသည် သစ်တောများမှ စိုက်ပျိုးရေးဇရိယာများဆီသို့ ပိုမိုပြောင်းရွှေ့လာကြသဖြင့် သီးနှံများ ပိုမိုပျက်စီးဆုံးရှုံးရကြောင်း ဒေသခံများက တင်ပြကြသည်။

မြို့ပြဒေသများဖြစ်သော မြစ်ကြီးနား၊ ဘားအံ၊ စစ်တွေနှင့် တောင်ငူတို့တွင် ပဋိပက္ခကြောင့် ထွက်ပြေးလာရသည့် နေရပ်စွန့်ခွာသူများ တိုးပွားလာမှုကြောင့်ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာသည်ကို ရပ်ရွာအခြေပြုသုတေသီများက သတိပြုမိခဲ့ကြသည်။ နစကမှ ချမှတ်ထားသော ကူညီကယ်ဆယ်ရေးဆိုင်ရာ ကန့်သတ်ချက်များနှင့်အတူ ဒေသခံလူထုနှင့် ခရစ်ယာန်ဘုရားကျောင်းများအတွင်းရှိ အရင်းအမြစ်များ လျော့နည်းလာခြင်းတို့ကြောင့် နေရပ်စွန့်ခွာသူများသည် ရှင်သန်ရပ်တည်ရေးအတွက် ခက်ခဲစွာ ရုန်းကန်နေကြရသည်။ အချို့သော ဒေသများတွင် အခြေခံရှင်သန်ရေး လိုအပ်ချက်များအတွက် သစ်ပင်များကို ခုတ်လှဲကြသဖြင့် သစ်တော

ပြုန်းတီးမှုများ တိုးပွားလာခဲ့သည်။ ထို့အပြင် နေရပ်စွန့်ခွာသူများ အစုအပြုံလိုက် နေထိုင်ခြင်းကြောင့် အမှိုက်များ တိုးပွားလာခြင်းနှင့် အမှိုက်မီးရှို့ခြင်းမှတစ်ဆင့် လေထုညစ်ညမ်းခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။ ဤအခြေအနေများသည် လူမှုရေးဆိုင်ရာ တင်းမာမှုများကို ဖြစ်ပေါ်စေခဲ့ပြီး အကြောင်းမှာ လက်ခံထားသည့် ဒေသခံလူထုက ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ အမှိုက်စီမံခန့်ခွဲမှု ပြဿနာများနှင့် အချို့သော အချိန်များတွင် ခိုးယူမှုနှင့် ဆူညံမှုများအတွက် နေရပ်စွန့်ခွာလာသူများအပေါ် ပိုမိုအပြစ်တင်လာကြသောကြောင့်ဖြစ်သည်။ ဤအခြေအနေသည် လူမှုရေးပဋိညာဉ် (social contract) တဖြည်းဖြည်း ပြိုကွဲလာမှုနှင့်လည်း ဆက်စပ်နေနိုင်ပြီး ပြင်ပမှရောက်ရှိလာသူများကို တစ်ခါတစ်ရံ သံသယဖြင့် ကြည့်မြင်လာကြသည်။

ဤတင်ပြချက်များက သက်သေပြနေသကဲ့သို့ ပြည်သူများ၏ ရာသီဥတုပြောင်းလဲမှုအပေါ် နားလည်မှုမှာ အပူချိန်မြင့်တက်လာခြင်းကဲ့သို့သော သီးခြားသိပ္ပံနည်းကျ အဓိပ္ပာယ်ဖွင့်ဆိုချက်များအတွင်း၌သာ ကန့်သတ်သည်မဟုတ်ပေ။ ယင်းအစား ၎င်းသည် လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုဆိုင်ရာ လက်တွေ့ဘဝ အတွေ့အကြုံများနှင့် နက်နက်ရှိုင်းရှိုင်း ရောယှက်နေပြီး ညစ်ညမ်းမှု၊ ငှက်များ နေရာရွှေ့ပြောင်းမှု၊ စိုက်ပျိုးရေး လုပ်ထုံး လုပ်နည်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ စရိတ်စကမြင့်တက်လာမှုစသည့် ကျယ်ပြန့်သော ကိစ္စရပ်များအပေါ် သက်ရောက်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှု၏ အခြေခံအကြောင်းရင်းများကို လူထုက မည်သို့ ရှုမြင်ကြသည်ကို လေ့လာသည့်အခါ ရာသီဥတု ပုံစံပြောင်းလဲမှုနှင့် ပိုမိုကျယ်ပြန့်သော အကျပ်အတည်း အတွေ့အကြုံများအကြား လူပုဂ္ဂိုလ်များက မည်သို့ ချိတ်ဆက်တွေးတောကြသည်မှာ အထူးပင် သိသာထင်ရှားလာသည်။ နောက်အပိုင်းတွင် ရာသီဥတု ပြောင်းလဲမှုသို့မဟုတ် ရာသီဥတု ဖောက်ပြန်မှုများသည် အဘယ်ကြောင့် ဖြစ်ပေါ်နေရသနည်းဟူသော မေးခွန်းအပေါ် အခြေခံ၍ ယင်းအချက်ကို တိုက်ရိုက် စူးစမ်းလေ့လာသွားပါမည်။

ရာသီဥတုပြောင်းလဲမှု၏ အကြောင်းရင်းများအပေါ် ရှုမြင်ပုံများ

တိဗက်နှင့် ယူဂန္ဒာကျေးရွာများရှိ လေ့လာမှုများတွင် တွေ့ရှိရသကဲ့သို့ပင်[53] လေ့လာမှုပြုလုပ်ခဲ့သည့် လူထုအတွင်းရှိ လူအနည်းငယ်သာ ရာသီဥတုပြောင်းလဲမှုများကို ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုများ၏ ရလဒ်အဖြစ် ပြောဆိုကြသည်။ ယင်းအစား ၎င်းတို့ကို မိမိတို့၏ ဒေသန္တရနှင့် နိုင်ငံတွင်း အခြေအနေများရှိ ဖျက်ဆီးတတ်သော သို့မဟုတ် ကိုယ်ကျင့်တရားပျက်ပြားသော လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု ရှုမြင်ကြသည်။ အချို့သောသူများသည် ဤရုပ်ပိုင်းဆိုင်ရာ ရှင်းလင်းချက်များကို ပိုမိုနက်ရှိုင်းသော နာမ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အကျပ်အတည်း နားလည်မှုများနှင့် ပေါင်းစပ်ကြသည်။ သို့သော်လည်း လူအများအပြားမှာ ၎င်းတို့ရင်ဆိုင်နေရသော ဆိုးရွားလှသည့် အသက်

[53] Branch, 2018; Salick et al., 2012.

မွေးဝမ်းကျောင်းနှင့် လုံခြုံရေးအခြေအနေများကြောင့် ရာသီဥတုပြောင်းလဲမှု၏ အကြောင်းရင်းများအပေါ် ၎င်းတို့၏ အမြင်များကို ပေးရန် ဝန်လေးနေကြသည်ဟု ကျွန်ုပ်တို့၏ ရပ်ရွာအခြေပြုသုတေသီများက ပြောကြားခဲ့သည်။ ၎င်းတို့သည် မိမိတို့ မသိကြောင်း သို့မဟုတ် ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကိုပင် ထည့်သွင်းမစဉ်းစားနိုင်ကြောင်း ပြောဆိုကြသည်။ အချို့သော ရပ်ရွာအခြေပြုသုတေသီများ၏ အဆိုအရ ဤကဲ့သို့သော ကိစ္စရပ်များကို ဦးစား မပေးနိုင်ခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးယိုယွင်းမှုများကို ပိုမိုနက်ရှိုင်းလာစေနိုင်ကြောင်း သိရသည်။ ကျွန်ုပ်တို့၏ လူထုသုတေသီများထံ ပေးအပ်ခဲ့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မတူညီသည့် ဒေသန္တရ ရှင်းလင်းချက်များကို အောက်တွင် ဆက်လက်ဆွေးနွေးသွားပါမည်။

သစ်ပင်များ ရှားပါးပျောက်ကွယ်လာခြင်း

အကြီးအကျယ် သစ်တောပြုန်းတီးမှုနှင့် သစ်ပင်များ ပျောက်ကွယ်လာခြင်းသည် လေ့လာမှုပြုခဲ့သော ဒေသအားလုံးတွင် အပူရှိန်မြင့်တက်လာရခြင်း၏ ဘုံအကြောင်းပြချက်တစ်ခု ဖြစ်သည်။ ကလေးမြို့မှ ဒေသခံတစ်ဦးက "သစ်ပင်တွေ တစ်နှစ်ထက်တစ်နှစ် နည်းလာတာက အပူရှိန် တစ်နှစ်ထက်တစ်နှစ် တိုးလာတာပါပဲ" ဟု မှတ်ချက်ပြုသည်။ ထို့အပြင် သစ်ပင်များ ဆုံးရှုံးခြင်းက မြေဆီလွှာအတွင်းရှိ ရေဓာတ်ကို ခန်းခြောက်စေပြီး လယ်ယာမြေများနှင့် အိမ်ထောင်စုများကိုပါ ပြင်းထန်စွာ ထိခိုက်စေသည်ဟု အများစုက ယုံကြည်ကြသည်။

မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှုမှာ ဆယ်စုနှစ်ပေါင်းများစွာ တစိုက်မတ်မတ် မြင့်တက်နေခဲ့သော်လည်း[54] ၂၀၂၁ မတိုင်မီက သစ်တောများ အတော်အတန် ကောင်းမွန်နေသေးသည့် ဒေသများတွင်ပင် အာဏာသိမ်းပြီးနောက်ပိုင်း သစ်ခုတ်လှဲမှုများ ပိုမိုမြန်ဆန်လာသည်ဟု ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ကြသည်။[55] သစ်တောပြုန်းတီးမှုသည် လက်ရှိအကျပ်အတည်းနှင့် ဆက်စပ်နေသော အဓိကနည်းလမ်းနှစ်ရပ်ဖြင့် ဖြစ်ပေါ်နေသည်။ ပထမအချက်မှာ နစကထံမှ လိုင်စင်ရထားသော သို့မဟုတ် ပြည်သူ့စစ်များနှင့် ERO များဖြင့် ဆက်နွယ်နေသော ကုမ္ပဏီများ၏ စီးပွားဖြစ် သစ်ထုတ်လုပ်မှုများ တိုးပွားလာခြင်းဖြစ်သည်။ ဒုတိယအချက်မှာ

---

[54] Woods et al., 2021.

[55] South, 2024. မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သစ်တောဧရိယာ အများဆုံးဆုံးရှုံးသည့် နိုင်ငံ (၁၀) နိုင်ငံစာရင်း၌ ပါဝင်နေပြီး သစ်တောပြုန်းတီးမှုနှုန်း အမြင့်မားဆုံးနိုင်ငံများထဲတွင် တတိယနေရာ၌ ရှိနေသည်။ ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် တစ်နှစ်လျှင် ပျမ်းမျှ သစ်တောဧရိယာ ဟက်တာငါးသိန်းခွဲခန့် (၅၅၀၀ စတုရန်းကီလိုမီတာ) ဆုံးရှုံးခဲ့ရသည်။ ၎င်းမှာ တစ်နှစ်လျှင် သစ်တောပြုန်းတီးမှုနှုန်း (၁ ဒသမ ၇) ရာခိုင်နှုန်း ရှိနေခြင်း ဖြစ်သည် (Woods et al., 2021, p. 2)။

လျှပ်စစ်မီး ပြတ်တောက်မှု၊ ဂတ်စ်ဈေးနှုန်းမြင့်တက်မှုနှင့် အသက်မွေးဝမ်းကျောင်း မရေရာမှုများကို ရင်ဆိုင်နေရသော ရွာသားများသည် ထင်းအဖြစ် အသုံးပြုရန်နှင့် ပြန်လည်ရောင်းချရန်အတွက် ဒီရေတောများအပါအဝင် သစ်ပင်များကို ပိုမိုခုတ်လှဲလာကြခြင်းဖြစ်သည်။

တောင်ငူမြို့တွင်မူ ၂၀၂၃ မှစ၍ ပိုမိုပြင်းထန်လာသော ပဋိပက္ခများကြောင့် ပတ်ဝန်းကျင်ရှိ ကျွန်းသစ်တောများ လုံးဝပြုန်းတီးသွားကြောင်း အကြောင်းမှာ ပြည်သူများအနေဖြင့် ၎င်းတို့၏ စိုက်ခင်းများကို မစောင့်ရှောက်နိုင်တော့ခြင်းနှင့် နစက စစ်တပ်က စီးပွားရေးသမားများကို သစ်များထုတ်ယူရောင်းချခွင့် ပေးထားခြင်းတို့ကြောင့်ဖြစ်သည်ဟု တင်ပြကြသည်။ အချို့ကမူ သစ်တောများအတွင်း ခိုအောင်းနေသည်ဟု ယူဆရသော တော်လှန်ရေးအင်အားစုများကို ဟန့်တားရန်အတွက် နစကက သစ်တောပြုန်းတီးမှုကို ခွင့်ပြုထားခြင်း သို့မဟုတ် ကိုယ်တိုင်ပါဝင် လုပ်ဆောင်နေခြင်း ဖြစ်သည်ဟု ယူဆကြသည်။[56] စစ်တွေမြို့တွင်မူ အထူးသဖြင့် AA မပေါ်ပေါက်လာမီက ရာသီဥတုပြောင်းလဲမှုကို အဓိကအားဖြင့် နစက စစ်တပ်နှင့် ခရိုနီစီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ သစ်တောဖျက်ဆီးမှုကြောင့်ဟု သတ်မှတ်ကြသည်။ ဥပမာအားဖြင့် စစ်တပ်နှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများသည် သစ်ထုတ်လုပ်ရန်အတွက် နေရပ်စွန့်ခွာသူများ၏ ဇာတိမြေများကို သိမ်းယူခဲ့ ကြကြောင်း ပြည်သူများက တင်ပြကြသည်။ နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် သစ်တောထိန်းသိမ်းရေး လုပ်ငန်းများလည်း ပျက်ပြားခဲ့ရပြီး စစ်တွေဒေသတစ်ဝိုက်ရှိ ဒီရေတော (၇၅) ရာခိုင်နှုန်းခန့် ပျက်စီးသွားပြီဟု သိရသည်။ စစ်တပ်နှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများကို အဓိကအပြစ်တင်ကြသော်လည်း ဒေသခံများသည်လည်း ရှင်သန်ရေးအတွက် ဒီရေတောများကို ခုတ်လှဲနေကြရသည်။ ၎င်းမှာ တော်လှန်ရေးအင်အားစုများကို ရိက္ခာ၊ ရန်ပုံငွေ၊ သတင်းအချက်အလက်နှင့် လူသစ်စုဆောင်းမှုများ ဖြတ်တောက်ရန် ရည်ရွယ်သည့် နစက၏ "ဖြတ်လေးဖြတ်" မူဝါဒကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါဝင်သည်။

ကလေးမြို့တွင်မူ ဆန့်ကျင်ဘက်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် စီးပွားဖြစ်သစ်ထုတ်လုပ်မှု လျော့နည်းသွားသော်လည်း ဂတ်စ်ဈေးနှုန်း (၃၀၀) ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းနှင့် လျှပ်စစ်မီး ရရှိမှု အကြီးအကျယ် လျော့နည်းသွားခြင်းတို့ကြောင့် လူထုက ထင်းကိုပြောင်းလဲ အသုံးပြုလာကြရာ ဒေသတွင်း သစ်ခုတ်မှုမှာ မြင့်တက်လာခဲ့သည်။ လောင်းလုံမြို့နယ်တွင် နစကနှင့် ဒေသခံပီဒီအက်ဖ်များသည် တောင်ပေါ်တောများ၌ သစ်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုထားသည်ဟု ယူဆရပြီး လက်နက်ကိုင်အဖွဲ့အစည်းများကို

[56] နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်ရာတွင် သစ်တောများကို ခုတ်လှဲခြင်းနှင့် မီးရှို့ခြင်းတို့မှာ မြန်မာစစ်တပ်၏ ကာလရှည်ကြာ အသုံးပြုခဲ့သော 'ဖြတ်လေးဖြတ်' နည်းဗျူဟာ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက Saw Ner Dhu Da (2026) [this issue] တွင် ကြည့်ရှုနိုင်ပါသည်။

ကြောက်ရွံ့ခြင်းကြောင့် ရွာသားများမှာ အဆိုပါတောများသို့ မသွားရဲတော့ပေ။ ကမ်းရိုးတန်း တစ်လျှောက်တွင်လည်း လျှပ်စစ်မီးပြတ်တောက်ခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ အလုပ်အကိုင်ဆုံးရှုံးခြင်းနှင့် နစကစစ်တပ်ရှိနေခြင်းကြောင့် ငါးဖမ်းရန် ကန့်သတ်ချက်ရှိလာခြင်းတို့ကြောင့် ရွာသားများက ထင်းအပေါ် ပိုမိုမှီခိုလာရသဖြင့် ဒီရေတောပြုန်းတီးမှုမှာ ပိုမိုမြန်ဆန်လာခဲ့သည်။ ဒီရေတောပြုန်းတီးမှုသည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘေးအန္တရာယ်များကို ပိုမိုဆိုးရွားစေသည်ဟု အချို့က သိရှိထားသော်လည်း လူအများစုမှာ ပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုများထက် လက်ငင်းရှင်သန်ရပ်တည်ရေးကိုသာ ဦးစားပေးနေကြရသည်။ နစကနှင့် ပီဒီအက်ဖ်နှစ်ဖက်လုံးကို ကြောက်ရွံ့နေရသဖြင့် ရွာသားများမှာ ဒီရေတောခုတ်လှဲမှုနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို မတင်ပြဝံ့ကြကြောင်း လောင်းလုံရှိ ရပ်ရွာအခြေပြုသုတေသီက မှတ်ချက်ပြုသည်။ နစကနှင့် ပီဒီအက်ဖ်များအကြား ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် ရွာသားများအချင်းချင်းကြား မယုံကြည်မှုနှင့် သံသယဖြစ်မှုများသည် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် စုပေါင်းဆောင်ရွက်မှုကို ပျက်ပြားစေခဲ့သည်။

စစ်အာဏာသိမ်းပြီးနောက်ပိုင်း နစကထိန်းချုပ်ထားသော ဒေသများနှင့် အားပြိုင်နေသည့် ဒေသများတစ်လျှောက်တွင် စစ်ပွဲစီးပွားရေး (war economies)၊ ရှင်သန်ရပ်တည်ရေးအတွက် စိုးရိမ်မှုများနှင့် စည်းမျဉ်းစည်းကမ်းများ ကျင့်သုံးနိုင်မှု မရှိခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှုမှာ ပိုမိုတိုးပွားလာခဲ့သည်။ ဤအခြေအနေသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများနှင့် ဒေသတွင်းထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်များ ဆုတ်ယုတ်သွားခြင်းကြောင့် ပိုမိုဆိုးရွားလာခြင်းဖြစ်သည်။[57] ပဲခူးတိုင်း၏ ‘လွတ်မြောက်နယ်မြေ’ များတွင် ပီဒီအက်ဖ်များနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့က သစ်ခုတ်မှုဆိုင်ရာ ကန့်သတ်ချက်များကို တင်းကျပ်စွာ ကျင့်သုံးနေကြောင်း တောင်ငူမြို့မှ ရပ်ရွာအခြေပြုသုတေသီက တင်ပြထားသော်လည်း တောင်ငူပတ်ဝန်းကျင်ရှိ နစကထိန်းချုပ်ရာနှင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများတွင်မူ အခြေအနေမှာ ဆန့်ကျင်ဘက်ပင်ဖြစ်သည်။

သဘာဝတရားကို ရောင်းကုန်အဖြစ် ပြောင်းလဲခြင်း
စိုက်ပျိုးရေးလုပ်ငန်းများ၊ သတ္တုတူးဖော်ရေးနှင့် ဖွံ့ဖြိုးရေး

ဘားအံ၊ လေရှီး၊ မုဒုံနှင့် မြစ်ကြီးနားမြို့များမှ လူထုသည် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ အပူရှိန်မြင့်တက်ခြင်းနှင့် မမှန်ကန်သော မိုးရွာသွန်းမှုများကို သဘာဝသယံဇာတများအား အလွဲသုံးစား ထုတ်ယူခြင်းနှင့် ဆက်စပ်ရှုမြင်ကြပါသည်။ ၎င်းသည် အရင်းရှင်စနစ်ဖွံ့ဖြိုးတိုး

[57] Naw Htee Ku & Hoffman, 2026 [this issue].

တက်မှုကြောင့် ဖြစ်ပေါ်လာသော သဘာဝတရားကို ရောင်းကုန်အဖြစ်ပြောင်းလဲခြင်း (commodification of nature) နှင့် ကိုက်ညီနေသည်။[58] ဤသို့ ကုန်စည်အဖြစ် ပြောင်းလဲခြင်းမှာ ကိုလိုနီခေတ်ကတည်းက စတင်ခဲ့ခြင်း ဖြစ်သော်လည်း ၁၉၉၀ ပြည့်လွန်နှစ်များနှောင်းပိုင်းနှင့် ၂၀၁၀ ပြည့်လွန်နှစ်များ အစောပိုင်းရှိ စီးပွားရေး လွတ်လပ်ခွင့်ပေးမှုနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ် ရပ်စဲရေးများ ပြုလုပ်ခဲ့သည့် ကာလများတွင် ပိုမို ပြင်းထန်လာခဲ့ကြောင်း ဒေသခံများက မှတ်ချက်ပြုကြပါသည်။

ဘားအံမြို့တွင် ဒေသခံများသည် အခြေခံအဆောက်အအုံစီမံကိန်းများအတွက် ဘိလပ်မြေထုတ်လုပ်ရန် ထုံးကျောက်များ ထုတ်ယူခြင်းကြောင့် သစ်တောဖုံးလွှမ်းနေသော တောင်တန်းများ ပျက်စီးဆုံးရှုံးရခြင်းကို အဓိကထား ပြောဆိုကြသည်။ လေရှီးဒေသတွင်မူ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်းနှင့် အစိုးရရုံး အဆောက်အအုံအသစ်များ တည်ဆောက်ခြင်းတို့နှင့်အတူ ၂၀၁၀ ဝန်းကျင်တွင် သစ်တောပြုန်းတီးမှုများ စတင်ခဲ့သည်။ ဆောက်လုပ်ရေး လုပ်ငန်းစာချုပ်များ ရရှိခဲ့သည့် ဒေသခံအာဏာပိုင်များနှင့် ဩဇာရှိသူများသည် ချမ်းသာကြွယ်ဝလာကြပြီး ယင်းမှတစ်ဆင့် သစ်စက်များ တည်ထောင်ခြင်း၊ လွှစက်များနှင့် ကုန်တင်ကားများ ဝယ်ယူခြင်းတို့ ပြုလုပ်ကာ လမ်းအသစ်များမှတစ်ဆင့် သစ်များကို သယ်ယူပို့ဆောင်ခဲ့ကြသည်။ ဤလုပ်ဆောင်ချက်များသည် အာဏာသိမ်းမှုမတိုင်မီကတည်းက ရှိခဲ့ခြင်းဖြစ်သော်လည်း ၂၀၂၁ နောက်ပိုင်းတွင် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကူအညီဖြင့် အိန္ဒိယနိုင်ငံသို့ တရားမဝင် သစ်ကုန်သွယ်မှုများ ပိုမိုတိုးပွားလာခဲ့ပြီး သစ်တောပြုန်းတီးမှုကို ပိုမိုဆိုးရွားစေခဲ့သည်။ ၂၀၂၄ မှ စ၍ နာဂလန်းအမျိုးသားဆိုရှယ်လစ်ကောင်စီ-ကေ (NSCN-K) သည် နာဂဒေသအပေါ် ၎င်း၏ ဩဇာလွှမ်းမိုးမှု တိုးချဲ့ရန် နစကနှင့် ပူးပေါင်း ဆောင်ရွက်လာခြင်းကြောင့် ဒေသန္တရစည်းမျဉ်းများကို ထိခိုက်စေပြီး ကျေးရွာခေါင်းဆောင်များအနေဖြင့် ရိုးရာထုံးတမ်းစဉ်လာအရ သစ်ခုတ်မှုကန့်သတ်ချက်များကို ကျင့်သုံးရန် ခက်ခဲလာခဲ့သည်။

မုဒုံမြို့တွင် ၁၉၉၅ ခုနှစ်၌ မွန်ပြည်သစ်ပါတီ (NMSP) နှင့် စစ်တပ်အကြား အပစ်အခတ် ရပ်စဲပြီးနောက် ရော်ဘာစိုက်ခင်းများကဲ့သို့သော စီးပွားဖြစ်သီးနှံများသို့ ပြောင်းလဲစိုက်ပျိုးလာခြင်းသည် ဒေသတွင်း အပူရှိန် မြင့်တက်လာရခြင်း၏ အကြောင်းရင်းတစ်ခုအဖြစ် ရှုမြင်ကြသည်။ ရော်ဘာပင်များသည် မြေဆီလွှာရှိ အာဟာရဓာတ်များကို ခန်းခြောက်စေပြီး ရေအရင်းအမြစ်များကို လျော့နည်းစေသဖြင့် အခြားအပင်များအပေါ် ဆိုးကျိုးသက်ရောက်စေသည်။[59] ရော်ဘာစိုက်ပျိုးခြင်းနှင့် မွန်ပြည်သစ်ပါတီနှင့် ကျေးရွာခေါင်းဆောင်များ၏ သစ်ထုတ်လုပ်မှုများကြောင့် ၂၀၁၀ ခုနှစ်ဝန်းကျင်တွင် သဘာဝသစ်တောများ အများအပြား ပျောက်ကွယ်သွားခဲ့ပြီဖြစ်ကြောင်း အိမ်ထောင်စုခေါင်းဆောင်တစ်ဦးက ရှင်းပြခဲ့သည်။ အခြားဖြေဆိုသူတစ်

[58] Castree, 2003; Sullivan, 2009.
[59] Woods et al., 2020.

ဦးကမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်က လမ်းဖောက်လုပ်ရေးအတွက် ကျန်ရှိနေသော နောက်ဆုံးသစ်တောကို ခုတ်ထွင်လိုက်သဖြင့် ရွာအတွင်း အရိပ်ရသစ်ပင်ကြီးများ မကျန်တော့ကြောင်း မှတ်ချက်ပြုခဲ့သည်။ ကျွန်ုပ်တို့၏ ရပ်ရွာအခြေပြုသုတေသီက အလေးပေးဖော်ပြသည်မှာ ရွာသားများသည် အပူရှိန်မြင့်တက်ခြင်းနှင့် မိုးခေါင်ခြင်းများကို ရော်ဘာစိုက်ပျိုးခြင်းကြောင့်ဟု ယူဆလေ့ရှိကြသော်လည်း အာဏာသိမ်းမှုနောက်ပိုင်း မလုံခြုံမှုများကြောင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန် သို့မဟုတ် ရော်ဘာအစားထိုး သီးနှံများ စိုက်ပျိုးရန် ကြိုးပမ်းမှုများ ရပ်တန့်သွားခဲ့ရသည်။

မြစ်ကြီးနားမြို့တွင် အပူချိန်မြင့်မားလာခြင်းနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းတို့မှာ အထူးသဖြင့် စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုးပွားလာသော ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့်ဖြစ်သည်ဟု အများက ယူဆကြသည်။ သစ်တောပြုန်းတီးမှုနှင့် ညစ်ညမ်းမှုများနှင့် ဆက်စပ်နေသော ဤသတ္တုတူးဖော်ရေးလုပ်ငန်းများသည် မြစ်ချောင်းများ၊ စားကျက်မြေများ၊ တောရိုင်းတိရစ္ဆာန်များနှင့် လယ်ယာမြေများကို ပျက်စီးစေခဲ့သည်။ နစက၊ စစ်တပ်နှင့် ဆက်နွယ်သော ပြည်သူ့စစ်များနှင့် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (ကေအိုင်အို) ကဲ့သို့သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ကိုယ်တိုင်တူးဖော်ခြင်း၊ အခွန်ကောက်ခြင်း သို့မဟုတ် ‘တရားမဝင် သတ္တုတူးဖော်သူများ’ ဟု ခေါ်ဆိုသူများအပေါ် ဒဏ်ငွေတပ်ခြင်းတို့မှတစ်ဆင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများမှ အကျိုးအမြတ်ရယူနေကြသည်ဟု ဒေသခံများက စွပ်စွဲကြသည်။ ထို့ပြင် သစ်ထုတ်လုပ်ရေးနှင့် မြေရှားသတ္တုထုတ်ယူခြင်းအပါအဝင် သယံဇာတထုတ်ယူရေးလုပ်ငန်းများတွင် တရုတ်ကုမ္ပဏီများ ပါဝင်ပတ်သက်နေခြင်းကိုလည်း အပြစ်တင်ကြသည်။[60] ရွှေသတ္တုတူးဖော်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို သိရှိကြသော်လည်း ဒေသခံအများအပြားမှာ စီးပွားရေးကျပ်တည်းမှုကြောင့် ၎င်းတို့၏ နေအိမ်နှင့် မြေယာများကို ရောင်းချကာ တစ်နိုင်တစ်ပိုင် သတ္တုတူးဖော်ရေး (artisanal mining) လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ကချင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများနှင့် ဒေသခံလူထုမှာ စစ်ပွဲကာလအခြေအနေကြောင့် ပတ်ဝန်းကျင် ပျက်စီးမှုများနှင့် ပတ်သက်၍ တိုင်ကြားရာတွင် ပိုမိုခက်ခဲသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။[61] လူမှုကွန်ရက်လှုပ်ရှားမှုများ၊ ဆန္ဒပြမှုများနှင့် ကေအိုင်အိုနှင့် ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် သတ္တုတူးဖော်ခြင်းကို ရပ်တန့်ရန် ကြိုးပမ်းမှုများသည် များသောအားဖြင့် မအောင်မြင်ခဲ့ကြပေ။[62]

---

[60] Global Witness, 2024.

[61] Fishbein et al., 2022.

[62] ၂၀၂၃ တွင် ကချင်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) နယ်မြေအတွင်းရှိ မြေရှားသတ္တုတွင်းသစ်တစ်ခုအား လူထုကန့်ကွက်ဆန္ဒပြမှုများ အောင်မြင်ခဲ့သည့် ထူးခြားဖြစ်စဉ်တစ်ခု ရှိခဲ့သည် (Fishbein et al., 2023)။

ဘာသာရေးဆိုင်ရာ ရှင်းလင်းချက်များ
ကိုယ်ကျင့်တရား ပျက်ပြားမှုနှင့် 'ကမ္ဘာပျက်ကိန်း'

ကျွန်ုပ်တို့ လေ့လာခဲ့သည့် လူ့အဖွဲ့အစည်းများတစ်လျှောက် ရာသီဥတုပြောင်းလဲမှု အကြောင်းရင်းများအပေါ် ပြောဆိုချက်များတွင် ဘာသာရေးဆိုင်ရာ အယူအဆများကို မကြာခဏ ထည့်သွင်းပြောဆိုလေ့ရှိကြသည်။ ယင်းတို့သည် တစ်ဦးချင်းစီ၏ ယုံကြည်ကိုးကွယ်မှုနှင့် ဘာသာရေးထုံးတမ်းစဉ်လာများအပေါ် မူတည်၍ ကွဲပြားကြသော်လည်း အထက်တွင် ဖော်ပြခဲ့သည့် ရုပ်ပိုင်းဆိုင်ရာ ရှင်းလင်းချက်များနှင့်လည်း မကြာခဏ ရောယှက်နေတတ်သည်။ အချို့သော အနက်ဖွင့်ဆိုချက်များသည် ကမ္ဘာပျက်ကိန်းဆိုင်ရာ အယူအဆများ (eschatological views) အပေါ် အဓိကအခြေခံကြပြီး အချို့ကမူ ပုံမှန် မဟုတ်သော ရာသီဥတုနှင့် ပတ်ဝန်းကျင် ပျက်စီးမှုများကို လူသားတို့၏ ကိုယ်ကျင့်တရားပျက်ပြားမှု သို့မဟုတ် ဘာသာတရားနှင့် နာမ်ပိုင်းဆိုင်ရာ ကျင့်ကြံမှုများကို လျစ်လျူရှုခြင်းတို့နှင့် ပိုမိုတိုက်ရိုက် ဆက်စပ်ကြည့်မြင်ကြသည်။[63] သို့သော်လည်း အားလုံးတွင် တူညီသောအချက်မှာ ရာသီဥတုပြောင်းလဲမှုများကို သီးခြားဖြစ်ရပ်တစ်ခုအဖြစ် မရှုမြင်ဘဲ ပိုမိုနက်ရှိုင်းသော အကျပ်အတည်းတစ်ခု၏ အစိတ်အပိုင်းအဖြစ် ရှုမြင်ကြခြင်းပင် ဖြစ်သည်။

ဘားအံ၊ လောင်းလုံ၊ မုဒုံနှင့် စစ်တွေရှိ ဗုဒ္ဓဘာသာဝင်များအကြားတွင် ရာသီဥတုပြောင်းလဲမှုများသည် ကမ္ဘာပျက်တော့မည့် နိမိတ်လက္ခဏာတစ်ခု ဖြစ်သည်ဟူသော ကမ္ဘာပျက်ကိန်းဆိုင်ရာ အယူအဆများမှာ ပျံ့နှံ့လျက်ရှိသည်။ အချို့သော ဗုဒ္ဓဘာသာဝင်များက ရာသီဥတု ဖောက်ပြန်မှုများသည် ကမ္ဘာမပျက်မီ အကျပ်အတည်းများ ဖြစ်ပေါ်လာလိမ့်မည်ဟူသော မြတ်စွာဘုရား၏ ဟောကြားချက်များကို ထင်ဟပ်နေခြင်းဖြစ်ကြောင်း ရှင်းပြကြသည်။ စစ်တွေမြို့တွင် ရပ်ရွာအခြေပြုသုတေသီတစ်ဦး၏ မိခင်ဖြစ်သူက ဤသို့ ရှင်းပြခဲ့သည်။[64]

> အခု ငါတို့တွေက ကပ်ကာလ (ပျက်စီးခြင်းကာလ) ထဲမှာ နေထိုင်နေကြရတာ။ နေရာတိုင်းမှာ လူတွေ တစ်ယောက်နဲ့ တစ်ယောက် သတ်ဖြတ်နေကြတယ်။ ကုန်ဈေးနှုန်းတွေကလည်း နေ့တိုင်းလိုလို တက်နေတယ်။ လူတွေ ငတ်မွတ်ခေါင်းပါးမှုနဲ့ ကြုံနေရတယ်။ နိုင်ငံရေးအခြေအနေကလည်း အရမ်းကြောက်ဖို့ကောင်းတယ်။ သဘာဝဘေးအန္တရာယ်တွေကလည်း ပိုများလာ

[63] Scoville-Simonds (2018) ပီရူးအကြောင်း ဖတ်ကြည့်ပါ။

[64] ရခိုင်ပြည်နယ်ရှိ ရာသီဥတုပြောင်းလဲမှုအပေါ် မွတ်စလင်လူထု၏ သဘောထားအမြင်များကို ကျွန်ုပ်တို့ ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။ သို့သော် Chambers et al. (2026) [this issue].

> တယ်။ ဒါဟာ မြတ်စွာဘုရား ဟောကြားခဲ့သလိုပဲ ကမ္ဘာပျက်မယ့်အချိန် ရောက်နေတာ အသေအချာပဲ။

ထို့အတူ လောင်းလုံမြို့တွင်လည်း အချို့သော ဗုဒ္ဓဘာသာဝင်များက အာဏာသိမ်းပြီးနောက်ပိုင်း ကြုံတွေ့နေရသော အကျပ်အတည်းများကို အရိမေတ္တေယျ မြတ်စွာဘုရား မပွင့်မီ ကြုံတွေ့ရမည့် လူသားနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကာလ၏ နိမိတ်လက္ခဏာတစ်ခုအဖြစ် ပြောဆိုကြသည်။ နောက်ထပ်ပွင့်မည့် ဘုရားရှင်မပွင့်မီ ကမ္ဘာလောကသည် ကြီးမားသော ပျက်စီးခြင်း "ကပ်ကြီး" သုံးပါး နှင့် ရင်ဆိုင်ရမည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယုံကြည်ထားကြသည်။ ၎င်းတို့မှာ ၁။ ဒုဗ္ဘိက္ခန္တရကပ် (ငတ်မွတ်ခေါင်းပါးခြင်း) ၂။ ရောဂန္တရကပ် (ကပ်ရောဂါဘေး ကျရောက်ခြင်း) နှင့် ၃။ သတ္ထန္တရကပ် (လက်နက်ဘေးဖြင့် သတ်ဖြတ်ခြင်း) တို့ ဖြစ်ကြသည်။[65] သာမန်ဗုဒ္ဓဘာသာဝင် အများအပြားသည် ရာသီဥတုဖောက်ပြန်မှုများကို ဤဟောကြားချက်များနှင့် ချိတ်ဆက်ကြည့်မြင်ကြသလို ကိုဗစ်ကပ်ရောဂါ၊ ပဋိပက္ခများအတွင်း အဆင့်မြင့်လက်နက်များ ပိုမိုအသုံးပြုလာမှု၊ သဘာဝဘေးအန္တရာယ်များနှင့် စစ်ပွဲများ ကဲ့သို့သော လက်ရှိကြုံတွေ့နေရသည့် အကျပ်အတည်းများနှင့်လည်း ဒွန်တွဲ၍ ရှုမြင်ကြသည်။ ဤသို့ ထပ်တူကျနေသော အကျပ်အတည်းများသည် ဂေါတမမြတ်စွာဘုရားလက်ထက်က ကောသလမင်းကြီး မြင်မက်ခဲ့သော အိပ်မက် (၁၆) ချက် (ကမ္ဘာပျက်ကိန်းနိမိတ်များ) ပြည့်စုံလာခြင်း၏ သက်သေသာဓကများ ဖြစ်သည်ဟု လူထုက ယုံကြည်ကြသည်။ အရိမေတ္တေယျမြတ်စွာဘုရား မပွင့်မီကာလသည် အာဏာရှိသူများက သာမန်ပြည်သူများကို နှိပ်စက်ခြင်း၊ ချမ်းသာသူများက ဥပဒေအထက်တွင် နေထိုင်ခြင်း၊ လူအချင်းချင်း ပြန်လည် တိုက်ခိုက်ခြင်းနှင့် လောဘ၊ ဒေါသများ လွှမ်းမိုးခြင်းတို့ဖြင့် ထူးခြားထင်ရှားလိမ့်မည်ဟု ဆိုကြသည်။ ထို့ပြင် ကိုယ်ကျင့်တရားဆိုင်ရာ ဗုဒ္ဓဘာသာ အဆုံးအမများသည် ၎င်းတို့၏ တန်ဖိုးများ လျော့နည်းလာသည်ဟု ယူဆကြပြီး လူအများအပြားသည် ဗုဒ္ဓဘာသာ၏ ဓမ္မလမ်းစဉ်ကို စွန့်ခွာကာ ကိုယ်ကျင့်တရား ကင်းမဲ့သော လမ်းစဉ်များသို့ လိုက်ပါသွားကြသည်ဟု ရှုမြင်ကြသည်။[66] ဤယုံကြည်ချက်များနှင့် အညီ ရာသီဥတုနှင့် ပတ်ဝန်းကျင်ပြောင်းလဲမှုများသည်လည်း အပြန်အလှန် ဆက်နွှယ်နေသည်ဟုမြင်ကြသည်။ လောင်းလုံရှိ ရပ်ရွာအခြေပြု သုတေသီက ဤသို့ရှင်းပြခဲ့သည်။

> ကျွန်မတို့ရွာမှာ လူတွေပြောကြတာက ရှေးတုန်းက လူတွေဟာ တစ်ယောက်အပေါ်တစ်ယောက် သစ္စာရှိကြတယ်။ ကိုယ်ကျင့်တရား ကောင်းကြ

---

[65] ကပ်၊ ၁—ဒုဗ္ဘိက္ခန္တရကပ်၊ ၂—ရောဂန္တရကပ်၊ ၃— သတ္ထန္တရကပ်။

[66] ဤယုံကြည်ချက်များအကြောင်း အသေးစိတ်အတွက် Foxeus (2016) နှင့် Spiro (1967) တို့ကို ကြည့်ပါ။

> တယ်။ အခုခေတ်မှာတော့ လူတွေရဲ့ ကိုယ်ကျင့်တရားက ညှံ့ဖျင်းလာပြီး အရမ်းလည်း လောဘကြီးလာကြတယ်။ ငတ်မွတ်ခေါင်းပါးမှုနဲ့ ရောဂါဘေးတွေ ဖြစ်ပွားတာဟာ ရာသီဥတုဆိုးရွားတာနဲ့ ဆက်စပ်နေတတ်တယ်။ အခုဖြစ်နေတဲ့ ရာသီဥတုဆိုးရွားမှုတွေရဲ့ အခြေခံအကြောင်းရင်းက လူတွေရဲ့ လောဘနဲ့ ပဋိပက္ခတွေကြောင့်ပဲ။ လူကြီးသူမတွေ ပြောခဲ့တဲ့ ရှေးစကားတွေဟာ အခုတော့ တကယ်ဖြစ်လာနေပြီလို့ လူတွေက ပြောနေကြတယ်။

လောင်းလုံ့ရှိ အခြားသော ဗုဒ္ဓဘာသာဝင်များကမူ ကမ္ဘာပျက်ကိန်းဆိုင်ရာ ခန့်မှန်းချက်များထက် လူသားတို့၏ ကိုယ်ကျင့်တရားပျက်ပြားသော အပြုအမူများကို ပိုမိုလက်တွေ့ကျကျ အလေးထားဖော်ပြကြပြီး ဝင်ငွေဆုံးရှုံးခြင်း၊ မလုံခြုံမှုများနှင့် ရာသီဥတုဆိုးရွားခြင်းများကို လူတို့၏ အတိတ်ကံ (ဗုဒ္ဓဘာသာ၏ ကံ ကံ၏ အကျိုး အယူအဆ) နှင့် ဆက်စပ်ကြည့်မြင်ကြသည်။[67] မုဒုံရှိ ကျွန်ုပ် တို့၏ ရပ်ရွာအခြေပြုသုတေသီက ဗုဒ္ဓဘာသာ၏ ဓမ္မတရားတော်ကို ရည်ညွှန်းလျက် လောဘနှင့် သဘာဝသယံဇာတ ခန်းခြောက်မှုအကြား ဆက်နွယ်မှုကို ဤသို့ ထောက်ပြခဲ့သည်။

> ဒါတွေအားလုံး (ပုံမှန်မဟုတ်တဲ့ ရာသီဥတု) ဟာ လူတွေရဲ့ လောဘကြောင့်ပဲ။ ရှေးတုန်းက လူတွေဟာ အများကြီး စိုက်ပျိုးဖို့ မလိုခဲ့ဘူး ... ဒါပေမဲ့ လူတွေ ဟာ လောဘကြောင့် အစားအစာတွေကို သိုလှောင်လာကြတယ် ... အဆုံးမှာ တော့ သဘာဝသယံဇာတတွေဟာခန်းခြောက်ကုန်ကြတော့တာပဲ။

တောင်ငူ၊ ကလေး၊ မြစ်ကြီးနားနှင့် လေရှီးရှိ ဇေါ်ဂေလီ၊ ရိုမန်ကက်သလစ်နှင့် နှစ်ခြင်းခရစ်ယာန် ဘာသာဝင်များကြားတွင်လည်း အကျပ်အတည်းများအပေါ် ကမ္ဘာပျက်ကိန်းဆိုင်ရာ ပြင်းထန်သော ရှုမြင်ပုံများ ရှိကြသည်။ ၎င်းတို့အတွက် ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာကုန်ဆုံးတော့မည့် နိမိတ်လက္ခဏာများနှင့် ခရစ်တော်ကြွလာမည့် အမှတ်အသားများစွာထဲမှ တစ်ခုဖြစ်သည်။ ခရစ်ယာန်များသည်လည်း ဗုဒ္ဓဘာသာဝင်များကဲ့သို့ပင် လက်ရှိအကျပ်အတည်းကို လူသားတို့၏ ကိုယ်ကျင့်တရား ပျက်ပြားမှုနှင့် နီးကပ်စွာ ချိတ်ဆက်ထားကြသည်။ ဥပမာအားဖြင့် တောင်ငူရှိ သက်ကြီးပိုင်း ဇေါ်ဂေလီနှစ်ခြင်း ခရစ်ယာန်ဘာသာဝင်များက ဤအကျပ်အတည်းသည် ကမ္ဘာမပျက်မီနှင့် ခရစ်တော် ဒုတိယအကြိမ် ကြွလာခြင်းမတိုင်မီကာလကို ညွှန်ပြနေကြောင်းနှင့် ထိုအချိန်တွင် လူအချင်းချင်း ပြန်လည်တိုက်ခိုက်သတ် ဖြတ်ကြမည်ဖြစ်ပြီး

[67] ဗုဒ္ဓဘာသာ အဆုံးအမများသည် နေ့စဉ်ကိုယ်ကျင့်တရားဆိုင်ရာ နားလည်မှုများနှင့် မည်သို့ ဆက်စပ်နေကြောင်း အသေးစိတ် ခွဲခြမ်းစိတ်ဖြာချက်အတွက် Chambers (2024) ကို ကြည့်ပါ။

ရောဂါဘေးများ၊ သဘာဝဘေးအန္တရာယ်များ၊ ဝတ်မွတ်ခေါင်းပါးမှုများနှင့် စစ်ပွဲများ ပိုမိုတိုးပွား လာမည်ဖြစ်ကြောင်း ရှင်းပြကြသည်။ လေရှီးရှိ နှစ်ခြင်းခရစ်ယာန် ဘာသာဝင်များကြားတွင် လည်း ပုံမှန်မဟုတ်သော ရာသီဥတုကို ကမ္ဘာကုန်ဆုံးချိန်၏ နိမိတ်လက္ခဏာအဖြစ် ပြောဆို ကြသည်ကို တွေ့ရသည်။

ဆန့်ကျင်ဘက်အနေဖြင့် တောင်ငူမြို့ရှိ လူငယ်နှစ်ခြင်း ခရစ်ယာန်ဘာသာဝင်များသည် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များနှင့် စစ်ပွဲဘေးဒုက္ခများကို လူသားတို့၏ လောဘနှင့် ပိုမိုတိုက်ရိုက်ချိတ်ဆက် ကြည့်မြင်ကြသည်။ ၎င်းတို့က ဘုရားသခင်သည် စနစ်ကျပြီး တရား မျှတသူဖြစ်ကာ လူသား၊ သဘာဝတရားနှင့် တိရစ္ဆာန်များကို မျှခြေရှိစွာ ဖန်ဆင်းခဲ့သည်ဟု ယူဆကြသည်။ ဘုရားသခင်သည် လူသားတို့၏ လိုအပ်ချက်အတွက် လုံလောက်သော သစ်ပင် နှင့် တိရစ္ဆာန်များကို ပေးသနားခဲ့သော်လည်း သစ်တောပြုန်းတီးမှု၊ ဆည်တမံများ တည် ဆောက်မှုနှင့် အလွန်အကျွံ သတ္တုတူးဖော်မှုကဲ့သို့သော လူသားတို့၏ လောဘနှင့် လူလုပ် ပတ်ဝန်းကျင် ပျက်စီးမှုများကြောင့် သဘာဝတရား၏ မျှခြေမှာ ပျက်ပြားသွားခဲ့ရသည်ဟု ၎င်းတို့က ရှင်းပြကြသည်။ ကလေးမြို့မှ ချင်းနှစ်ခြင်းခရစ်ယာန် သိက္ခာတော်ရ ဆရာတစ်ပါး ကလည်း အလားတူပြောသည်မှာ ရာသီဥတုပြောင်းလဲမှုသည် လူသားတို့၏ လောဘနှင့် ဒေါသ တို့ကြောင့်ဖြစ်ပြီး ယင်းတို့က ဘုရားသခင် ဖန်ဆင်းထားသော လူသားနှင့် သဘာဝတရား အကြား မျှခြေကို ပျက်ယွင်းစေခဲ့သည်ဟု ရှင်းပြသည်။ “လူတွေဟာ သနားကြင်နာမှု ကင်းမဲ့ လာပြီး သဘာဝတရားကို အသက်ရှိတဲ့အရာတစ်ခုလို မမြင်တော့ဘဲ ပိုက်ဆံရဖို့အတွက် သစ် ပင်တွေကို ခုတ်လှဲနေကြတယ်” ဟု ၎င်းက ဆိုသည်။ ကလေးမြို့မှ ရိုမန်ကက်သလစ် ဘာသာ ဝင်တစ်ဦးကလည်း လူသားတို့၏ လောဘကြောင့် ဘာသာတရားကို ကိုယ်ကျိုးအတွက် အသုံး ချလာကြပြီး ကမ္ဘာမြေကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းကြောင့် ရောဂါဘေးနှင့် ညစ်ညမ်းမှု များ တိုးပွားလာရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြစ်ကြီးနားရှိ နှစ်ခြင်း ခရစ်ယာန် ဘာသာဝင်များသည်လည်း ရာသီဥတုပြောင်းလဲမှုကို လောဘနှင့် ချိတ်ဆက်ထားပြီး ယင်းကို ဘုရားသခင်၏ ပညတ်တော်များကို မနာခံခြင်းအဖြစ် ရှုမြင်ကြသည်။ အထူးသဖြင့် ၎င်းတို့က သမ္မာကျမ်းစာလာ စင်နာ (Sena) လူမျိုးများ၏ ပုံပြင်ကို အဆုံးမရှိသော လောဘအတွက် သယံဇာတများကို ထုတ်ယူသုံး စွဲနေသည့် ယနေ့ခေတ် တရုတ်တို့၏ လုပ်ရပ်များနှင့် နှိုင်း ယှဉ်ဖော်ပြကြသည်။ ဖျက်ဆီးတတ်သော လူသားတို့၏ လုပ်ဆောင်ချက်များ (အထူးသဖြင့် ဘုရားသခင်ကို မကိုးကွယ်သူများဟု ယူဆရသည့် တရုတ်လူမျိုးများ၏ လုပ်ဆောင်ချက်များ) ကို ဒေသတွင်း ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှု၏ လက်ငင်းအကြောင်းရင်းများအဖြစ် မြင်ကြသော်လည်း ဤလုပ်ရပ်များကို လက်ရှိအကျပ်အတည်းကာလအတွင်း ကမ္ဘာပျက် တော့မည့် ပိုမိုကျယ်ပြန့်သော နိမိတ်များ၏ အစိတ်အပိုင်းအဖြစ်လည်း အနက်ဖွင့်ကြသည်။

အချို့သော ဒေသများတွင် ရာသီဥတုပြောင်းလဲမှုနှင့် အကျပ်အတည်းများအပေါ် ရှုမြင်ပုံ များတွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာဝင်များအကြား၌ပင် နတ်ကိုးကွယ်မှုဆိုင်ရာ

ယုံကြည်ချက်များ (animist beliefs) လွှမ်းမိုးနေသည်ကို ရပ်ရွာအခြေပြု သုတေသီများက တွေ့ရှိခဲ့ကြသည်။ ဗုဒ္ဓဘာသာနှင့် ရှေးဦးနတ်ကိုးကွယ်မှု ယုံကြည်ချက်များ ရောယှက်နေမှုကို ထင်ဟပ်စေသည့် ဥပမာတစ်ခုမှာ[68] မုဒုံမြို့ရှိ အချို့သောသူများသည် ပုံမှန်မဟုတ်သော ရာသီဥတုကို နတ်များ စိတ်ဆိုးနေသည့် နိမိတ်အဖြစ် ဖော်ပြကြခြင်းဖြစ်သည်။ ၎င်းမှာ လူတို့အနေဖြင့် ဆွေမျိုးနီးစပ်သူအချင်းချင်း လက်ထပ်ခြင်းကဲ့သို့သော သတ်မှတ်ထားသည့် လူမှုစံနှုန်းများကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့်ဟု ယူဆကြသည်။ လေရှီးရှိ နာဂလူကြီးများနှင့် ကလေးမြို့ရှိ ချင်းလူကြီးများကလည်း ခရစ်ယာန်ဘာသာသို့ ကူးပြောင်းလာခြင်းကြောင့် သစ်ပင်ခုတ်ခြင်း၊ အမဲလိုက်ခြင်းနှင့် မြေယာစိုက်ပျိုးခြင်းများ မပြုမီ တောစောင့်နတ်များထံ ခွင့်တောင်းသည့် ရိုးရာဓလေ့များ လျော့နည်းလာခြင်းအပေါ် စိတ်မကောင်းဖြစ် (နှမြောတသဖြစ်) ကြသည်။ ဤကဲ့သို့ ရိုးရာဓလေ့များ ဆုတ်ယုတ်လာခြင်းသည် သီးနှံအထွက်နှုန်း ညံ့ဖျင်းခြင်းနှင့် ဆက်စပ်နေပြီး ယင်းကိုပင် အပြစ်ရှိသော လုပ်ရပ်များ တိုးပွားလာခြင်းနှင့် သဘာဝတရားကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းတို့နှင့် ချိတ်ဆက်ထားကြသည်။ ဤနည်းဖြင့် ၎င်းတို့သည် လူသားနှင့် သဘာဝတရားအကြား ဆက်ဆံရေးဆိုင်ရာ လောကဓာတ်ဆိုင်ရာ အပြောင်းအလဲများ (cosmological changes) ကို သွယ်ဝိုက်၍ ရည်ညွှန်းနေကြခြင်းဖြစ်သည်။[69] ကလေးမြို့ရှိ လူကြီးများသည် ရာသီဥတုပြောင်းလဲမှုကို နာမ်ပိုင်းဆိုင်ရာ ဆုတ်ယုတ်မှုကြောင့်ဟု တိုက်ရိုက် မပြောဆိုကြသော်လည်း ယခင်က သစ်ပင်စောင့်နတ် များ (ရုက္ခစိုးများ) အပေါ် ယုံကြည်မှုကြောင့် လူတို့သည် သစ်ပင်ကြီးများကို ခုတ်လှဲခြင်း သို့မဟုတ် စီးပွားဖြစ်သစ်ထုတ်ခြင်းများ မပြုလုပ်ဝံ့ကြကြောင်း ရှင်းပြကြသည်။ အဆိုပါ ယုံကြည်မှုများ မရှိတော့ခြင်းက ယခုအခါ အပူရှိန် မြင့်တက်လာရခြင်း၏ အကြောင်းရင်းဖြစ်သည်ဟု ရှုမြင်ကြသည်။ ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်မှု ရောယှက်နေသော ဘားအံဝန်းကျင်ရှိ ပိုးကရင် အဘွားတစ်ဦးကလည်း ဤသို့ ရှင်းပြခဲ့သည်။

> ရှေးတုန်းက ငါတို့ ဘိုးဘွားတွေဟာ သစ်ပင်ကြီးတွေနဲ့ သစ်တောအုပ်ကြီးတွေကို ရိုသေကြောက်ရွံ့ခဲ့ကြတယ်။ သစ်ပင်တွေရှေ့မှာ ရိုင်းရိုင်းစိုင်းစိုင်း စကားမပြောရဲကြဘူး၊ တောစောင့်နတ်တွေ စိတ်ဆိုးပြီး ချက်ချင်း အပြစ်ပေးလိမ့်မယ်၊ အသက်တောင် အန္တရာယ်ပြုလိမ့်မယ်လို့ ယုံကြည်ခဲ့ကြတယ်။ အခုတော့ အဲဒီနတ်တွေကို ရိုသေမှု မရှိကြတော့ဘူး။ လူတွေက စီးပွားရေးအတွက် သစ်ပင်တွေကို စည်းမဲ့ကမ်းမဲ့ ခုတ်လှဲပြီး တောင်တွေကို ရှင်းပစ်နေကြတယ်။ ဒါကြောင့်မို့လို့ပဲ အပူရှိန်တွေ တိုးလာနေတာပေါ့။

[68] Spiro, 1967.
[69] Scoville-Simonds, 2018.

ပိုးကရင်လူမျိုးစုများသည် ဆိုးရွားသော ရာသီဥတု၊ မမှန်ကန်သော မိုးရွာသွန်းမှုနှင့် သီးနှံအထွက်နှုန်း မကောင်းခြင်းတို့ကို လူနှင့် နတ်/နာမ်များအကြား မလျော်ကန်သော ဆက်ဆံမှုများကြောင့် ဖြစ်ပေါ်လာသည့် နာမ်ပိုင်းဆိုင်ရာ အပြစ်ပေးမှုများအဖြစ် ကာလရှည်ကြာစွာ ဆက်စပ်ယူဆခဲ့ကြသည်။[70] ဥပမာအားဖြင့် ရာသီဥတုက စပါးထုတ်လုပ်မှုကို ဆိုးကျိုးသက်ရောက်စေပါက ၎င်းကို ပူဇော်ပွဲများအား မှန်ကန်စွာ မကျင်းပခြင်း သို့မဟုတ် ပူဇော်မှုပြုလုပ်သူသည် ကိုယ်ကျင့်တရား ပျက်ပြားသော လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေခြင်းတို့၏ နိမိတ်အဖြစ် အနက်ဖွင့်ဆိုကြသည်။ ဤရိုးရာဓလေ့များကို စွန့်လွှတ်ခြင်းကို မင်္ဂလာမရှိဟု ယူဆကြပြီး ကျန်းမာရေး ချို့တဲ့ခြင်း သို့မဟုတ် သီးနှံအထွက်နှုန်း ညံ့ဖျင်းခြင်း အပါအဝင် ကံဆိုးမိုးမှောင်ကျမှုများဆီသို့ ဦးတည်စေသည်ဟု ဆိုသည်။ ယနေ့ခေတ်တွင် သက်ကြီးတောင်သူအများအပြားသည် ဤရိုးရာပူဇော်မှုများကို ဆက်လက်လုပ်ဆောင်နေကြဆဲ ဖြစ်သော်လည်း ရာသီဥတုဆိုင်ရာ ပြဿနာများကို ရှင်းပြရာတွင် နတ်ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာ ယုံကြည်ချက်များကို ပေါင်းစပ်ပြောဆိုလေ့ရှိကြသည်။ ဥပမာအားဖြင့် ၂၀၂၃ ၌ ဘားအံမြို့တွင် မိုးရာသီရေကြီးမှုဖြစ်ပွားချိန်၌ ဒေသခံအများအပြားက ဤရေကြီးမှုသည် အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံ့ ခေါင်းဆောင်များ၏ ကိုယ်ကျင့်တရား ပျက်ပြားမှုကြောင့် ဖြစ်ရခြင်းဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ကြသည်။ ဤအမြင်သည် ဗုဒ္ဓဘာသာ နိုင်ငံတစ်ခုတွင် ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာသော၊ မြင့်မြတ်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သော ခေါင်းဆောင်ရှိပါက ရာသီဥတုလည်း ကောင်းမွန်လိမ့်မည်ဟူသော ယုံကြည်ချက်အပေါ် အခြေခံထားသည်။[71] ထို့ကြောင့် ကိုယ်ကျင့်တရားနှင့် နာမ်ပိုင်းဆိုင်ရာ ရှင်းလင်းချက်များသည် ဒေသခံများ၏ အပြုအမူကိုသာမက နိုင်ငံတော်အဆင့် ခေါင်းဆောင်များအထိပါ သက်ရောက်နိုင်သည်။ အခြားသော ဒေသများတွင်လည်း ပုံမှန်မဟုတ်သော ရာသီဥတုနှင့် ရေရှားပါးမှုများကို နိုင်ငံ၏ ကိုယ်ကျင့်တရား ကင်းမဲ့သော အုပ်ချုပ်မှုနှင့် ပြည်သူများကို သတ်ဖြတ်မှုတို့ကြောင့် နတ်များက ဝမ်းနည်းစိတ်ဆိုးနေသည့် နိမိတ်လက္ခဏာများအဖြစ် အလားတူ အနက်ဖွင့်ဆိုကြသည်။ တောင်ငူမြို့အနီးရှိ ကရင်လူကြီးတစ်ဦးက ပိုးမွှားအသစ်များ သီးနှံကို ဖျက်ဆီးနေရခြင်းနှင့် ပတ်သက်၍ မေးမြန်းသောအခါ “ခေါင်းဆောင်မကောင်းရင် မကောင်းတာတွေ အများကြီး ဖြစ်တတ်တယ်” ဟူ၍ မှတ်ချက်ပြုခဲ့သည်။

---

[70] Chambers, 2024, pp. 66-69.

[71] Also see Strong (1983) ကိုလည်း ဖတ်သင့်ပါတယ်။

နိဂုံး

ဤဆောင်းပါး၏ ခွဲခြမ်းစိတ်ဖြာမှုအရ၊ အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ စစ်တပ်ထိန်းချုပ်ရာနှင့် ပဋိပက္ခဒဏ်ခံရသော ဒေသများတွင် ရာသီဥတု ပြောင်းလဲမှုသည် နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုစီးပွား၊ ကိုယ်ကျင့်တရားနှင့် ဘာသာရေးကိစ္စရပ်များနှင့် ခွဲခြား၍မရဘဲ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဂေဟဗေဒဆိုင်ရာ ဖြစ်စဉ်သက်သက်အဖြစ်သာ ရှုမြင်၍မရကြောင်း အတည်ပြုနိုင်ခဲ့သည်။[72] ကွန်ုပ်တို့၏ ရပ်ရွာအခြေပြု လေ့လာမှုများက ပြသနေသည်မှာ မြန်မာနိုင်ငံရှိ ဒေသအသီးသီးမှ ပြည်သူများ၏ အမြင်များသည် ရုပ်ပိုင်း၊ ဘာသာရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ရှုမြင်ချက်များဖြင့် နက်ရှိုင်းစွာ ရောယှက်နေပြီး စစ်တပ်၏ ဖိနှိပ်မှုနှင့် ဆက်နွှယ်နေသော အကျပ်အတည်းများက ယင်းကို ပိုမို ဆိုးရွားစေသည်။ ပုံမှန်မဟုတ်သော ရာသီဥတုနှင့် ပတ်ဝန်းကျင် ယိုယွင်းမှုများကို ဒေသတွင်း သစ်တောပြုန်းတီးမှု၊ သယံဇာတ အလွဲသုံးစားပြုမှုနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့်ဟုသာမက လူ့အဖွဲ့အစည်းအတွင်း ပိုမိုနက်ရှိုင်းသော နာမ်ပိုင်းနှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျပ်အတည်းများကြောင့်ဟုလည်း ယူဆကြသည်။ ဤအမြင်များသည် လူသားတို့၏ လောဘ၊ နိုင်ငံရေး မတည်ငြိမ်မှုနှင့် ဂေဟဗေဒ မျှခြေပျက်ယွင်းမှုတို့ကို ကမ္ဘာပျက်ကိန်းဆိုင်ရာ ယုံကြည်ချက်များ၊ ကံတရား၏ အကျိုးဆက်များနှင့် ပေါင်းစပ်ကာ ရှုမြင်ကြခြင်း ဖြစ်သည်။ လက်ရှိ အာဏာသိမ်းမှုနှင့် ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများကို ပိုမိုကျယ်ပြန့်သော အကျပ်အတည်း၏ အစိတ်အပိုင်း အဖြစ်မြင်ကြပြီး၊ စစ်ပွဲစီးပွားရေးက သစ်တောပြုန်းတီးမှု၊ သယံဇာတထုတ်ယူမှုနှင့် ပတ်ဝန်းကျင်ဖျက်ဆီးမှုတို့ကို အရှိန်အဟုန် မြှင့်တင်ပေးနေသည်။

ပြည်သူများသည် ရာသီဥတုပြောင်းလဲမှုကို ဖြစ်တည်မှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ပြိုလဲမှု၏ အစိတ်အပိုင်းအဖြစ် ရှုမြင်ရန် ဗုဒ္ဓဘာသာ၏ ကမ္ဘာပျက်ကိန်း ဟောကိန်းများနှင့် ခရစ်ယာန် ဘာသာရေး ယုံကြည်ချက်များကို အသုံးပြုကြသည်။ နတ်ကိုးကွယ်မှုဆိုင်ရာ ယုံကြည်ချက်များလည်း ဆက်လက်တည်ရှိနေပြီး သဘာဝလောက၏ ဖောက်ပြန်မှုများကို လူသားတို့၏ အပြုအမူဆိုးများကြောင့် နတ်များက အပြစ်ပေးခြင်းဟု မြင်ကြသည်။ စစ်တပ်နှင့် ဆက်နွှယ်သော စီးပွားရေးလုပ်ငန်းများ၏ မြေယာသိမ်းဆည်းမှု၊ သစ်ထုတ်လုပ်မှုနှင့် သယံဇာတ ထုတ်ယူမှုတို့ကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများသည် ကိုယ်ကျင့်တရားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းများကို ပိုမိုနက်ရှိုင်းစေသည်ဟု ရှုမြင်ကြသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုသည် သီးခြားကိစ္စ မဟုတ်ဘဲ လူသား၊ သဘာဝတရားနှင့် နိုင်ငံရေးအာဏာတို့အကြား ဆက်ဆံရေး၏ နက်ရှိုင်းသော အပြောင်းအလဲများကို ထင်ဟပ်နေခြင်း ဖြစ်သည်။ ရုပ်ပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာ ရှင်းလင်းချက်များ ပေါင်းဆုံနေခြင်းသည် တိုးပွား

---

[72] Percuna-Ferrer et al., 2023; Reyes-García et al., 2024.

လာသော လက်နက်ကိုင်ပဋိပက္ခနှင့် စစ်တပ် ဖိနှိပ်မှုများကြားတွင် ဒေသခံလူထုအနေဖြင့် ရှင်သန်ရပ်တည်ရေးနှင့် ဖြစ်တည်မှုဆိုင်ရာ စိန်ခေါ်မှုများကို မည်သို့ ရုန်းကန်ရင်ဆိုင်နေရကြောင်းကို မီးမောင်း ထိုးပြနေသည်။

ဤလေ့လာမှုမှ ရရှိသည့် နောက်ထပ် အရေးကြီးသော ထိုးထွင်းသိမြင်မှုတစ်ခုမှာ ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခတို့အကြား ဆက်နွယ်မှုကို ခွဲခြမ်းစိတ်ဖြာရာတွင် သက်ဆိုင်ရာ ဒေသ၏ ရှည်လျားလှသော အကျပ်အတည်း သမိုင်းကြောင်းနှင့် နိုင်ငံရေး အကြမ်းဖက်မှု နောက်ခံများကို သိရှိနားလည်ထားရန် လိုအပ်သည်ဟူသော အချက်ဖြစ်သည်။[73] အာဏာသိမ်းမှုသည် မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိခိုက်လွယ်မှုများကို ပိုမိုနက်ရှိုင်းစေခဲ့သည်မှာ မှန်သော်လည်း ၎င်းသည် ဒေသခံလူထုကို ထိခိုက်စေပြီး အထက်တန်းလွှာများနှင့် စစ်တပ်က ဦးဆောင်ခဲ့သော ဆယ်စုနှစ်ပေါင်း များစွာကြာမြင့်ခဲ့သည့် သဘာဝသယံဇာတ အလွဲသုံးစား ထုတ်ယူမှုများအပေါ် အခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အာဏာသိမ်းမှုမတိုင်မီက ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေး မှုများ ခေတ္တခဏ မြင့်တက်ခဲ့သော်လည်း လူသားနှင့် သဘာဝတရား ဆက်ဆံရေးကို ထိခိုက်စေသည့် သစ်တောပြုန်းတီးမှုနှင့် သဘာဝတရားကို ရောင်းကုန်အဖြစ် ပြောင်းလဲခြင်းတို့သည် မြန်မာနိုင်ငံတွင် ကာလရှည်ကြာစွာ တည်ရှိနေခဲ့ပြီး ဖြစ်သည်။[74] ဗင်းန်၏ "သက်ဆိုးရှည်အကျပ်အတည်း"[75] ဟူသော သဘောတရားသည် အကျပ်အတည်းကို ရေတိုပြဿနာတစ်ခုအဖြစ် မဟုတ်ဘဲ ကြာရှည်လှသော မတည်ငြိမ်မှု အခြေအနေတစ်ခုအဖြစ် နားလည်စေရန် ကူညီပေးသည်။ အကျပ်အတည်းကို ခေတ္တခဏဖြစ်ပေါ်သည့် အချိန်ပိုင်း အနှောင့်အယှက်တစ်ခုအဖြစ် မြင်မည့်အစား အချိန်နှင့်အမျှ ဆက်လက်တည် ရှိနေသည့် ပိုမိုနက်ရှိုင်းသော "သံသရာလည်နေသောအကြမ်းဖက်မှုစနစ်များ" အတွင်း၌ ကိန်းအောင်းနေသည့် အရာအဖြစ် အသိအမှတ်ပြုသင့်သည်။ မြန်မာနိုင်ငံတွင် မတူညီသော တိုင်းရင်းသားလူမျိုးစုများ ပါဝင်ပတ်သက်နေသည့် ရှည်လျားလှသော ပဋိပက္ခများက သက်သေပြနေသကဲ့သို့ အကျပ်အတည်း အခြေအနေများသည် သီးခြားစီ မဟုတ်ဘဲ တစ်ခုနှင့်တစ်ခု ဆက်နွယ်နေကြသည်။ သမိုင်းကြောင်းဆိုင်ရာ ပုံစံများကို ကြည့်လျှင် နိုင်ငံရေး အပြောင်းအလဲ ကာလများအတွင်း အပစ်အခတ်ရပ်စဲချိန် သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခဖြစ်ချိန် နှစ်မျိုးစလုံးတွင် သစ်တောနှင့် အခြားသဘာဝသယံဇာတများ အကြီးအကျယ်ပြုန်းတီးခဲ့သည်ကို တွေ့ရသည်။[76] ဤအချက်

[73] Branch, 2018.
[74] Borras Jr et al., 2020.
[75] Vigh, 2008.
[76] Woods, 2011.

ကိုကြည့်ခြင်းအားဖြင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုသည် နိုင်ငံ၏ ကျယ်ပြန့်သော နိုင်ငံရေးနှင့် ပဋိပက္ခဖြစ်စဉ်များနှင့် မည်မျှအထိ နက်ရှိုင်းစွာ ဆက်နွယ်နေကြောင်း ထင်ဟပ်နေသည်။[77]

သို့သော် "သက်ဆိုးရှည်အကျပ်အတည်း" ကို အလေးပေးရုံဖြင့် "တစ်ဆစ်ချိုးပြောင်းလဲမှု" ဟူသော အယူအဆမှာ အသုံးမဝင်တော့ဟု ကျွန်ုပ်တို့ ဆိုလိုခြင်းမဟုတ်ပေ။[78] ဤလေ့လာမှုတွင် ပါဝင်သည့် ဒေသများ၌ အာဏာသိမ်းမှုနှင့် ၎င်းနောက်ဆက်တွဲ ဖြစ်ပေါ်လာသော အကြမ်းဖက်မှု၊ ဖိနှိပ်မှု၊ စီးပွားရေးကျပ်တည်းမှုနှင့် နေရပ်စွန့်ခွာမှု အစရှိသည်တို့သည် ရှိရင်းစွဲလူမှုဘဝပုံစံများအပေါ် ကြီးမားသော အနှောင့်အယှက်ဖြစ်စေသည့် ဖျက်ဆီးမှုတစ်ခုအဖြစ် တွေ့ကြုံခံစားနေကြရသည်။ ပဋိပက္ခနယ်မြေသစ်များဖြစ်ကြသည့် မုဒုံ၊ ကလေး၊ လောင်းလုံတို့ သည် ကရင်၊ ရခိုင်နှင့် ကချင်ပြည်နယ်တို့ကဲ့သို့ အာဏာသိမ်းမှု မတိုင်မီက ယခုကဲ့သို့ လက် နက်ကိုင်ပဋိပက္ခများအတွင်း နေထိုင်ခဲ့ကြရသည်မဟုတ်သောကြောင့် ယခုဖြစ်ပေါ်နေသော တိုက်ပွဲများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အားပြိုင်မှုများကို အတိတ်နှင့် လုံးဝကွဲပြားသွားသည့် ထိတ်လန့်ဖွယ်ရာ တစ်ဆစ်ချိုးပြောင်းလဲမှုကြီးအဖြစ် ခံစားနေရသည်။ ဤဒေသများတွင် သာမန်လယ်လုပ်ငန်း သို့မဟုတ် ရေလုပ်ငန်းများကိုပင် လုပ်ကိုင်ရန် မဖြစ်နိုင်တော့သလောက် ဖြစ်လာသဖြင့် လူငယ်အများအပြားမှာ နေရပ်စွန့်ခွာကြရပြီး ကျန်ရစ်သူများမှာလည်း ရှင်သန် ရေးအတွက် ထင်းနှင့် ဝင်ငွေရရှိရန် ဒီရေတောများ သို့မဟုတ် သစ်တောများကို ခုတ်လှဲခြင်း ကဲ့သို့သော နည်းလမ်းအသစ်များဖြင့် သဘာဝပတ်ဝန်းကျင်ကို အလွဲသုံးစား ပြုလာကြရသည်။ စစ်တပ်၏ ဖိနှိပ်မှုများကြောင့် လူထုအတွင်း ယုံကြည်မှုများ သိသိသာသာကျဆင်းလာပြီး စုပေါင်းလှုပ်ရှားမှုများ ပြုလုပ်ရန် ကြောက်ရွံ့လာကြသည်။ မြစ်ကြီးနား၊ ဘားအံ၊ တောင်ငူ၊ စစ်တွေကဲ့သို့ မြို့ပြဒေသများတွင် ပတ်ဝန်းကျင်ဆိုင်ရာ စုပေါင်းလှုပ်ရှားမှုများကို စစ်တပ်က ဖိနှိပ်ထားခြင်းနှင့်အတူ လက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့၏ စီးပွားရေးအပေါင်းအပါများက သယံဇာတများကို အကြီးအကျယ် ထုတ်ယူသုံးစွဲလာခြင်းကြောင့် ညစ်ညမ်းမှုနှင့် သစ်တော ပြုန်းတီးမှုများ ပိုမိုဆိုးရွားလာသည်။ အပြောင်းအလဲများကို ပွင့်ကွဲပေါက်ထွက်ပြီး ဖြစ်ပေါ်လာ သည့် "တစ်ဆစ်ချိုးအပြောင်းအလဲ" ဟူသော ရှုထောင့်မှ ကြည့်ခြင်းအားဖြင့် အကျပ်အတည်း ၏ ရုတ်ခြည်းပြောင်းလဲလာမှုနှင့် အခြေအနေအရပ်ရပ် ပိုမိုပြင်းထန်လာမှုကို ပိုမိုနက်ရှိုင်းစွာ နားလည်နိုင်သည်။[79] လေ့လာခဲ့သည့် ဒေသအများစုတွင် အာဏာသိမ်းမှုနောက်ပိုင်း အပြောင်း အလဲများကို "ဆိုးကျိုး" များအဖြစ်သာ ရှုမြင်ကြသည်။ သို့သော် ၎င်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ပီဒီအက်ဖ်များ၏ လွတ်မြောက်နယ်မြေအချို့မှ ထွက်ပေါ်လာသော အချက်

[77] Kramer, 2021.
[78] Holbraad et al., 2019, p. 248; Lund, 2016.
[79] Lund, 2016, p. 1203.

အလက်များနှင့် သိသိသာသာ ဆန့်ကျင်ဘက်ဖြစ်နေသည်ကို တွေ့ရပါသည်။ အဆိုပါနယ်မြေများတွင်မူ ရှိရင်းစွဲပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်ချက်များကို အားကောင်းအောင် ပြုလုပ်ခြင်း သို့မဟုတ် အသစ်များ ဖန်တီးခြင်းအပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်ချက်များနှင့် စီမံကိန်းများကို ဖော်ဆောင်ရန်ကြိုးပမ်းမှုများ ရှိနေသည်ကို သတိပြုမိသည်။[80]

ဤဆောင်းပါးက သက်သေပြခဲ့သည်မှာ စစ်ပွဲသာမက ဖိနှိပ်သောအုပ်ချုပ်မှုအောက်မှ အားပြိုင်နေရသည့် ဒေသန္တရအုပ်ချုပ်ရေးဖြစ်စဉ်များသည်လည်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိခိုက်လွယ်မှုများကို ပုံဖော်နေသည်ဟူသော အချက်ပင်ဖြစ်သည်။ ၎င်းသည် ပညာရပ်ဆိုင်ရာနှင့် မူဝါဒရေးရာ လေ့လာမှုများတွင် အစဉ်အလာအရ အလေးထားလေ့ရှိသော "ရာသီဥတုပြောင်းလဲမှုကြောင့် ပဋိပက္ခဖြစ်ပွားခြင်း" ဟူသော အယူအဆကို စိန်ခေါ်နေပြီး မြန်မာနိုင်ငံ၏ ဖြစ်ရပ်တွင်မူ ဆန့်ကျင်ဘက်ဖြစ်နေသည်ကို တွေ့ရပါသည်။ သိပ္ပံနည်းကျ ဗဟုသုတများနှင့် ပုံစံများကိုသာ ရှေ့တန်းတင်မည့်အစား ပဋိပက္ခဒဏ်ခံရသော ဒေသခံပြည်သူများ၏ အတွေ့အကြုံနှင့် အမြင်များကို အလေးအနက်ထားရှုမြင်သည့်အခါ ဤ "ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခဆက်နွှယ်မှု" မှာ ပိုမိုထင်ရှားလာပါသည်။ ဆောင်းပါးတွင် တင်ပြထားသည့်အတိုင်း လုံခြုံရေး အလွန်အားနည်းသော အခြေအနေမျိုးတွင် ဤကဲ့သို့သော လေ့လာမှုများကို ပြုလုပ်ရန် နည်းလမ်းတစ်ခုမှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကိုယ်တိုင်ရင်ဆိုင်နေရသော ရပ်ရွာအခြေပြုသုတေသီများနှင့်အတူ ဗဟုသုတများကို ပူးပေါင်းဖော်ထုတ်ခြင်းပင်ဖြစ်သည်။

ကိုးကားချက်များကို စာမျက်နှာ (၉၇) တွင် ဖော်ပြထားပါသည်။

[80] Kyed & Chambers, 2026 [this issue]; South, 2023.



Shifting Tides: Political Ruptures and Environmental Activism in Tanintharyi Region

Naw Htee Ku & Kasper Hoffmann

Abstract

This article examines the transformation of environmental activism in Tanintharyi Region since the 1990s, emphasizing the impact of significant political ruptures on activists. Using qualitative methods including interviews and autoethnography, and by incorporating social movements theory, we argue that these ruptures create new challenges and opportunities that shape activists' ability to challenge public authorities. We demonstrate how sudden and dramatic political shifts have spurred changes in the environmental movement, which has evolved from an initial emphasis on human rights to a focus on Indigenous rights and now centers on revolutionary action and humanitarian aid.

Introduction

When political space gradually opened in Myanmar in the 2010s, environmental activism emerged as an important form of political contestation and advocacy, including in Tanintharyi Region (henceforth just Tanintharyi). The military junta's brutal crackdown on dissent following the 2021 military coup profoundly impacted the vibrant environmental activism in Tanintharyi. Activists could no longer advocate for environmental rights and protection openly. Many were forced to flee, go into hiding, and/or join the growing movement resisting military rule. However, the 2021 coup was not the first political rupture experienced by all environmental activists in Tanintharyi. For decades, Tanintharyi activists have had to adapt to political change affecting the environment and their ability to challenge state and business interests.[1]

In this article, we explore the transformation of environmental activism in Tanintharyi since 1992, including how sudden and dramatic ruptures[2] in Myanmar's political arena in the mid-2010s, and the 2021 military coup, affected environmental activism. Our main argument is that ruptures produce

---

[1] Doi Ra & Khu Khu Ju, 2021; Sekine, 2021; Woods, 2019.
[2] Kyed & Chambers, 2026 [this issue].

new constraints, but also new opportunities that condition activists' capacities to make collective claims and challenge public authorities. For instance, while the 2021 coup forced environmental activists underground, they responded with innovative, mainly online forms of protest, using communication technologies that were unavailable during previous periods of military rule.[3]

We explore the transformation of environmental activism through case studies in three demarcated periods. These are the period from 1992-2012 prior to the bilateral ceasefire between the military and the Karen National Union (KNU), the period from 2012-2021 following the ceasefire and up to the coup, and the post-coup period (2021-present). For the first period, our case study is a lawsuit against the Unocal corporation, a company based in the United States (U.S.), which struck a deal with the Myanmar military to build a pipeline crossing through Tanintharyi. For the second period, we focus on a campaign against the Ban Chuang coal mine, a complex joint venture between Thailand and Myanmar investors. For the third period, we examine the mostly online Blood Money Campaign led by Myanmar youth targeting foreign companies whose investments finance the military regime.

To analyze these cases, we draw on a combination of social movement theory[4] and the literature on public authority in conflict-affected areas and during times of rupture.[5] Several scholars studied plural authorities and the emergence of hybrid governance in conflict areas with limited statehood prior to the coup, focusing predominantly on service delivery, including justice and education.[6] Park[7] studied agrarian and environmental movements through a gendered perspective while Sekine[8] worked on the struggles of agrarian climate justice before the coup. Adam Simpson's *Energy, Governance, and Security in Thailand and Myanmar*[9] examines how large transnational energy projects—pipelines and dams—often erode environmental security and justice for marginalized communities under authoritarian or hybrid regimes. At the same time, Simpson shows that environmental activism can act as a vital counterbalance to state and corporate power. However, we do not yet know how such activities evolved over time and were affected by

[3] Megan & Tran, 2024; Prasse-Freeman, 2023a.
[4] Tarrow, 2011; Taylor & Van Dyke, 2004; Tilly & Tarrow, 2015.
[5] Hoffmann & Kirk, 2013; Hoffmann & Vlassenroot, 2014; Kirk & Allen, 2021; Lund, 2016; Titeca, 2009; Vlassenroot & Raeymaekers, 2008.
[6] Kyed, 2020; Sekine, 2021; South & Joll, 2016.
[7] Park, 2021.
[8] Sekine, 2021.
[9] Simpson, 2016.

different political ruptures. By exploring these issues, this article contributes to Myanmar scholarship on the linkages between politics, ruptures, and activism.[10]

We used qualitative methods to undertake our research, including the first-hand experiences of the first author, who is a veteran environmental activist from Tanintharyi. As such, the article is partly an autoethnographic account of environmental activism, which we combine with analysis of the broader context of political transformation.[11] The authors also undertook twenty semi-structured interviews with leaders of Myanmar and border-based civil society organizations (CSOs) and members of international non-governmental organizations (NGOs). We used semi-structured interviews to understand why our interlocutors are involved with environmental activism, what meaning they ascribe to being an environmental activist, and their overall experiences as part of the movement, in particular their experiences of the struggles with public authorities.[12] We analyzed these interviews as subjective narratives that provided insights into the identities and claims of the activists. The interviewees were selected through snowball sampling and were interviewed in the Karen, Burmese, or English languages (depending on the interviewee's choice). Some interviewees were interviewed more than once. We acknowledge that key informant interviews often reflect official narratives and conceal marginal perspectives and power relations. However, we have sought to nuance our analysis and make it more representative through contextualization and by using other materials[13] such as environmental organizations' public-facing publications and communications (research papers, reports, statements, websites, and Facebook pages). The first author also conducted participant observation by attending online press conferences, meetings and workshops with other environmental activists to observe in detail how activists organize and mobilize. This provided a window into how online environmental activism is practiced today.

The article is structured as follows. First, we discuss our key concepts and the theories that we draw on. Subsequently, we expand on the historical context of Tanintharyi. We then present our analyses of environmental activism between the 1990s and today, moving chronologically from period to period. In the conclusion we reflect on what can be learned about the

[10] Rhoads & Wittekind, 2018.
[11] Reed-Danahay, 1997.
[12] For a comprehensive ethnographic study of grassroots activism based on more than a decade of fieldwork in Myanmar, see Elliott Prasse-Freeman (2023b).
[13] Lokot, 2021.

relationship between environmental activism and public authority in conflict-affected regions during times of rupture.

Rupture, the Political Opportunity Structure, and Social Movements

In this article we contextualize the transformation of environmental activism in relation to the concept of rupture, defined as "open moments" that create new constraints, incentives, and opportunities.[14] In the context of post-coup Myanmar, marked by extreme repression and economic hardship, Thawnghmung et al. have shown that resistance shifted towards what they call "accommodation"; that is, actions that combine compliance and passive resistance, allowing individuals to prioritize survival while subtly undermining the regime.[15] To use the terminology of Tilly & Tarrow, ruptures radically change the "political opportunity structure" in a given regime.[16] In this article, political opportunity structure refers to the properties of what Olivier de Sardan calls a "local political arena",[17] understood as the space—both in conceptual and geographical senses—where political activities and interactions occur.[18] The political arena concept is appropriate for studying political struggle in Myanmar, as it helps to understand politics in postcolonial contexts in which a multiplicity of actors, such as militias, insurgents, NGOs, customary leaders, businesses, state institutions, etc. compete for public authority over territory, resources and populations, particularly at the local level. By public authority, we mean the capacity to institute and enforce norms and rules in a given political arena in relation to particular issues, such as taxation, land rights, the environment, health and security and justice provision.[19] In the context of legal pluralism, such as that observed in Tanintharyi, public authority changes as various actors gain or lose the ability to assert it, depending on the fluctuations of power struggles. This phenomenon is especially evident during moments of upheaval.

We focus on how ruptures transform the relationship between environmental social movements and public authorities. Social movements are

[14] Lund, 2016.
[15] Thawnghmung et al., 2023.
[16] Tilly & Tarrow, 2015, p. 59.
[17] De Sardan, 2015.
[18] De Sardan, 2005, pp. 189-190.
[19] Harrisson & Kyed, 2019; Helmke & Levitsky, 2006; Hoffmann et al., 2016; Kirk & Allen, 2021; Lund, 2016.

groups of people which challenge the interests and rules of public authorities. Some of the distinguishing features of social movements are that they make "sustained claims" which draw on specific "repertoires of contention" that are based on common goals and "political identities".[20] These common goals and political identities often grow out of feelings of injustice, of solidarity, and of common interests among activists. Yet unless they can maintain their momentum as a collective, movements can also disperse into isolated malcontent groups or individuals.[21] The concept "repertoire of contention" is a key term within social movement theory. It refers to the arrays of contentious performances that are known by and available to a set of political actors at a given point in time.[22] Repertoires are both strategic and purposeful, as social movements frequently use cultural rituals and performances to intentionally challenge authorities. They involve contestation in which bodies, symbols, identities, practices, and discourses are framed and deployed to challenge public authorities. Lastly, they mobilize supporters through the construction of a shared political identity; that is, the collective labels the movement members use to define themselves—we women, we citizens, we peasants, we Karen, we environmentalists, we human rights defenders, we revolutionaries.[23] Environmental activists in Tanintharyi have over time challenged public authorities with different claims, performances, and political identities, but these have been shaped by ruptures in the opportunity structure of the Tanintharyi political arena.

Overview of Tanintharyi

Located in southeast Myanmar, Tanintharyi borders the Andaman Sea to the west and the Tenasserim Hills and Thailand to the east. To the north is Mon State. It is home to a culturally, religiously, and ethnically heterogenous population. The majority religion is Buddhism, with substantial Christian, Muslim, and Hindu minorities. The region is home to ethnic Dawei people, also called Tavoyans, as well as ethnic Mon, Bamar, and Mokens. It has vast tracks of primary tropical forests with high degrees of biodiversity. However, over time these delicate ecosystems have been threatened and increasingly destroyed by state and business expansion, as well as by conflict and ceasefire dynamics. Due to its rich forests and biodiversity, a large number of top-

---

[20] Goodwin & Jasper, 2015, p. 3; Tarrow, 2011, p. 9; Tilly & Tarrow, 2015, p. 11.
[21] Tarrow, 2011, pp. 9-12.
[22] Tilly & Tarrow, 2015, p. 49.
[23] Tilly & Tarrow, 2015, p. 12.

down national and international conservation projects were initiated in Tanintharyi following the bilateral ceasefire between the KNU and the military in 2012. Communities in Tanintharyi were quickly pressured by land grabs and natural resource extraction through mining, logging, and palm oil concessions. Tanintharyi is also a region characterized by plural authorities and hybrid governance, due to decades of ethno-nationalist armed conflict.

Soon after independence from the British, Tanintharyi became a site of armed struggle between the nation's military and ethnic Karen armies. The political organization the KNU was established on 5 February 1947 with the aim of achieving independence for Karen people. The KNU laid claim to parts of what are now recognized by the military administration as Tanintharyi and Bago regions, as well as Karen and Mon states. This is a contiguous land area the KNU calls Kawthoolei—in English, "the land without darkness."

reshape activism and social movements over time. As we have illustrated, such changes in Tanintharyi occurred over three distinctive periods, separated by two major ruptures in 2012 and 2021. These ruptures created new constraints and opportunities within the local political arena. The ruptures changed the landscape of public authority in Tanintharyi. Activists adapted their strategies to the transformation of the landscape of public authority by changing repertoires of contention, claims and political identities. Simultaneously, we have shown how local and global repertoires of contention and claim-making have intermingled over time.

The first period, beginning in the 1990s, was a context of intense pressure from a highly repressive military regime. Activists faced severe limitations nationally and in the local political arena. In response, they shifted their focus to the international arena, launching a legal case in the U.S. against Unocal for its role in the Yadana and Yetagun pipelines project. Even though the court case was conducted on foreign soil, it led to the birth of a transnational network of activists who were united in the cause of curbing atrocities committed in the name of development. This transnational network framed its claims around corporate accountability and human rights, demonstrating the strategic importance of using external repertoires of contention and leveraging extra-territorial institutions and legislations to challenge local injustices.

The second period began with the political opening of Myanmar in 2011. However, in the local political arena in Tanintharyi, it was the 2012 KNU-military bilateral ceasefire which caused a rupture in the political opportunity structure. It led to the opening of political space which created a host of new opportunities and incentives. This opening produced a more intense phase of capitalist resource extraction, in which the Myanmar government, investors and some local KNU leaders participated. Yet, at the same time, the opening of political space allowed environmental activists to mobilize and protest openly in ways that had not previously been possible.[103] Local environmental activists launched a vigorous campaign supported by international donors and border-based activists, adopting a diverse repertoire of contention, including public protests, advocacy campaigns, and cultural rituals. In this period, environmental activism was grounded in claims of Indigenous people's rights and environmental protection,

[103] Also see Park (2021) and Sekine (2021).

blending customary and global repertoires and performances of contention.

The third period began with the military coup in 2021, a second rupture that radically altered the political opportunity structure by reintroducing violent repression and eliminating the possibility of public dissent. Many environmental activists in Tanintharyi were forced to either go underground or flee, but a substantial number remained active through armed resistance, political advocacy, or humanitarian aid. Online campaigns became a critical component of environmental activists' repertoire of contention, leveraging digital platforms to mobilize international solidarity and pressure foreign stakeholders to divest from the military regime. While earlier claims had focused on human rights, Indigenous peoples' rights, and environmental justice, this period saw a shift toward broader revolutionary goals, with activists framing their struggle as part of a nationwide movement for regime change and the creation of a federal state.

These three periods demonstrate the significant capacity of environmental activists in Tanintharyi to adapt to shifting political opportunity structures. Our analysis shows the importance of paying attention to how ruptures that redefine the contested terrain of public authority pose constraints, but also open new opportunities for reshaping the strategies, repertoires, claims, and identities of activists. Over time, the environmentalist movement in Tanintharyi evolved from transnational advocacy and Indigenous environmental claims to becoming part of Myanmar's broader revolutionary struggle, illustrating the endurance and creativity of contentious politics in an ever-changing political landscape.

References

Anthias, P. (2018). *Limits to Decolonization: Indigeneity, Territory, and Hydrocarbon Politics in the Bolivian Chaco*. Cornell University Press.

Associated Press. (2023, November 1). *Opponents of military rule in Myanmar applaud new sanctions targeting gas revenues.* https://apnews.com/article/myanmar-oil-gas-sanctions-britain-canada-us-a42498097e52f478c07d6635cf97c96f

Aung, G. (2022). *Infrapolitics: The Political Life of Infrastructure in a Myanmar Economic Zone* [Unpublished doctoral dissertation]. Columbia University.

Barbesgaard, M. (2019). Ocean and land control-grabbing: The political economy of landscape transformation in Northern Tanintharyi, Myanmar. *Journal of Rural Studies*, *69*, 195-203. https://doi.org/10.1016/j.jrurstud.2019.01.014

Barelli, M. (2012). Free, prior and informed consent in the aftermath of the UN Declaration on the Rights of Indigenous Peoples: developments and challenges ahead. *The International Journal of Human Rights*, *16*(1), 1-24.

Blood Money. (2025, November 9). *Statement on Thailand's Pursuit of New Gas Projects that Channel Blood Money to the Myanmar Criminal Junta.* [Press release]. Facebook. https://www.facebook.com/BloodMoneyCampaignMM/posts/statement-on-thailands-pursuit-of-new-gas-projects-that-channel-blood-money-to-t/857100996712498/

Brenner, D. (2019). *Rebel Politics: A Political Sociology of Armed Struggle in Myanmar's Borderlands.* Southeast Asia Program Publications.

Brenner, D., & Schulman, S. (2019). Myanmar's top-down transition: challenges for civil society. *IDS Bulletin*, *50*(3), 17-36.

Bynum, E. (2022). *10 Conflicts to Worry about in 2022: Myanmar*. Armed Conflict Location & Event Data. https://acleddata.com/10-conflicts-to-worry-about-in-2022/myanmar/

Candle Light. (2019). *Blocking a Bloodline: Indigenous Communities along the Tanintharyi River Fear the Impacts of Large Scale Dams*. Open Development Mekong. https://data.opendevelopmentmekong.net/dataset/a6bbdd02-e5ad-4284-984e-80de718812a6/resource/27fef83e-07c1-469f-8d6f-a16ec8aa7780/download/blocking-a-bloodline-layout-final_v4-_-arial-1.pdf

Cheesman, N. (2015). *Opposing the Rule of Law.* Cambridge University Press.

Clapp, P. (2020). *The Intersection of Investment and Conflict in Myanmar*. United States Institute of Peace.

Conservation Alliance of Tanawthari. (2018, July 16). *Re: Complaint Letter to the Global Environment Facility concerning the Ridge to Reef Project and the violation of the rights of indigenous People.* https://www.iccaconsortium.org/wp-content/uploads/2018/07/CAT-GEF-complaint.pdf

Conservation Alliance of Tanawthari. (2020, March). *Tanawthari Landscape of Life: A Grassroots Alternative to Top-Down Conservation in Tanintharyi Region.* https://www.iccaconsortium.org/wp-content/uploads/2020/05/Tanawthari-Landscape-of-Life-A-grassroots-alternative-to-top-down-conservation-in-Tanintharyi-Region.pdf

De Sardan, J. P. O. (2005). Classic ethnology and the socio-anthropology of public spaces: New themes and old methods in European African

Studies. *Africa Spectrum*, *40*(3), 485-497. https://www.jstor.org/stable/40175096

De Sardan, J. P. O. (2015). Practical norms: informal regulations within public bureaucracies (in Africa and beyond). In T. de Herdt & J. P. O. de Sardan (Eds.), *Real Governance and Practical Norms in Sub-Saharan Africa* (pp. 19-62). Routledge. https://www.taylorfrancis.com/chapters/edit/10.4324/9781315723365-4/practical-norms-jean-pierre-olivier-de-sardan

Doi Ra, & Khu Khu Ju. (2021). 'Nothing about us, without us': reflections on the challenges of building Land in Our Hands, a national land network in Myanmar/Burma. *The Journal of Peasant Studies*, *48*(3), 497-516. https://doi.org/10.1080/03066150.2020.1867847

Dunford, M. (2019). Indigeneity, ethnopolitics and taingyinthar*:* Myanmar and the global Indigenous Peoples movement. *Journal of Southeast Asian Studies,* 50(1), 51–67. https://doi.org/10.1017/S0022463419000043

EarthRights International. (2005a). *Submission to the Special Representative on the Issue of Human Rights and Transnational Corporations and Other Business Enterprises: Earth Rights Abuses by Corporations in Burma*. https://earthrights.org/wp-content/uploads/publications/UNSRSG-Human-rights-transnational-corporations.pdf

EarthRights International. (2005b). *Historic Advance for Universal Human Rights: Unocal to Compensate Burmese Villagers*. https://earthrights.org/blog/historic-advance-for-universal-human-rights-unocal-to-compensate-burmese-villagers/

EarthRights International. (2025). *Ka Hsaw Wa: Co-founder & Executive Director*. https://earthrights.org/about/team/ka-hsaw-wa/

EarthRights International, & Southeast Asian Information Network. (1996). *Total Denial*. https://www.burmalibrary.org/docs4/Total_Denial.pdf

Gold mining devastating forest reserve in Myanmar's south. (2023, October 2). *Dawei Watch*. https://www.daweiwatch.com/02/10/2023/65337/

Goodwin, J., & Jasper, J. M. (Eds.). (2015). *The Social Movements Reader: Cases and Concepts*. John Wiley & Sons.

Global Environment Facility. (2024, November 23). *Annual Report on Grievance Cases Involving GEF-funded Projects.* https://www.thegef.org/sites/default/files/documents/2024-11/EN%20GEF%20C68%20Inf11%20-%20Annual%20Report%20on%20Grievance%20Cases%20Involving%20GEF-funded%20Projects%20-%20November%2018%202024.pdf

Harrisson, A. P., & Kyed, H. M. (2019). Ceasefire state-making and justice provision by ethnic armed groups in Southeast Myanmar. *Sojourn: Journal of*

Social Issues in Southeast Asia, *34*(2), 290-326. https://www.jstor.org/stable/26696414

Hedström, J. (2016). We did not realize about the gender issues. So, we thought it was a good idea: Gender roles in Burmese oppositional struggles. *International Feminist Journal of Politics*, *18*(1), 61-79.

Hein Htoo Zan. (2023, February 22). Democracy Activists Boycott Thai Energy Giant Over Myanmar Junta Funding. *The Irrawaddy.* https://www.irrawaddy.com/news/burma/democracy-activists-boycott-thai-energy-giant-over-myanmar-junta-funding.html

Hein Thar. (2023, December 15). Poisoned earth: Unregulated mining ravages Myanmar's deep south. *Frontier Myanmar.* https://www.frontiermyanmar.net/en/poisoned-earth-unregulated-mining-ravages-myanmars-deep-south/

Helmke, G., & Levitsky, S. (Eds.). (2006). *Informal institutions and democracy: Lessons from Latin America*. JHU Press. https://www.press.jhu.edu/books/title/9015/informal-institutions-and-democracy

Herbertson, K., & Blood Money Campaign. (2023, December 19). *Is Chevron helping the Myanmar military junta evade U.S. sanctions?* https://earthrights.org/wp-content/uploads/2023/12/231219-Letter-Chevron-BMC-EarthRights.pdf

Hkawn Ja Aung. (2014). *Social Movement on Myitsone Hydropower Dam Project in Kachin State, Burma/Myanmar* [Unpublished master's thesis]. Chulalongkorn University. https://www.academia.edu/89981213/Social_Movement_on_Myitsone_Hydropower_Dam_Project_in_Kachin_State_Burma_Myanmar

Hoffmann, K., & Kirk, T. (2013). *Public Authority and the Provision of Public Goods in Conflict-affected and Transitioning Regions* [JSRP Paper 7]. Justice and Security Research Programme. http://eprints.lse.ac.uk/56353/1/JSRP_Paper7_Public_authority_and_the_provision_of_public_goods_in_conflict-affected_and_transitioning_regions_Hoffman_Kirk_2013.pdf

Hoffmann, K., & Vlassenroot, K. (2014). Armed groups and the exercise of public authority: the cases of the Mayi-Mayi and Raya Mutomboki in Kalehe, South Kivu. *Peacebuilding*, *2*(2), 202-220. https://doi.org/10.1080/21647259.2014.910384

Hoffmann, K., Vlassenroot, K., & Büscher, K. (2016). *Multi-layered Security Governance as a Quick Fix? The challenges of donor-supported, bottom-up security provision in Ituri (DR Congo)* [JSRP Paper 33]. Justice and Security Research Programme.

Howa Wa Zau Gam, Hken Sun, Waw Hkyung Seng Tawng, Nhkum Tang, Ndau Tu, Maji Zau Awng, Hawng Ze, Htaw Lum, Dingra Ah Hpung, & Mi Tung Naw Ja. (2007, May 21). *Appealing to stop the hydroelectric power dam project at Myitsone, the confluence of N'Mai Hka and Mayli Hka Rivers, Myitkyina, Kachin State*. https://kdng.org/wp-content/uploads/2018/12/21st-May2007-by-Kachin-local-resident-Myitsone-dam.pdf

Inclusive Development International, ALTSEAN Burma, & Blood Money Campaign. (2024, February 18). *ESG investing giants under scrutiny for fueling rights abuses in Myanmar* [Press release]. https://drive.proton.me/urls/RT8VBK516M#AKSRV27UmNhy

Independent Research Network. (2022). *The Shifting Political Economy of Natural Resource Governance in Myanmar's Tanintharyi Region Following the February 2021 Military Coup*. https://progressivevoicemyanmar.org/2022/12/15/the-shifting-political-economy-of-natural-resource-governance-in-myanmars-tanintharyi-region-following-the-february-2021-military-coup/

International Crisis Group. (2024, May 30) *Ethnic Autonomy and its Consequences in Post-coup Myanmar* [Asia Briefing No. 180]. https://www.crisisgroup.org/sites/default/files/2024-05/b180-myanmar-ethnic-autonomy_0.pdf

IWGIA. (2025). *Myanmar.* https://www.iwgia.org/en/myanmar.html

Jolliffe, K. (2015). *Ethnic Armed Conflict and Territorial Administration in Myanmar*. The Asia Foundation. https://www.burmalibrary.org/sites/burmalibrary.org/files/obl/docs21/AF-2015-06-Conflict%26Territorial_Administration-en.pdf

Jolliffe, K. (2016). *Ceasefires, Governance, and Development: The Karen National Union in Times of Change*. The Asia Foundation. https://asiafoundation.org/wp-content/uploads/2017/02/Ceasefires-Governance-and-Development-EN-Apr2017.pdf

Jolliffe, K. (2018). Peace and Reconciliation. In N. Farrelly, I. Holliday, & A. Simpson (Eds.), *Routledge Handbook of Contemporary Myanmar* (pp. 359-370). Routledge.

Karen Environmental and Social Action Network. (2022, January 4). *The 20th Anniversary: A Pathway to Social and Environmental Justice.* https://kesan.asia/publication/the-20th-anniversary-a-pathway-to-social-and-environmental-justice/

Kipgen, N. (2021). *Democratisation of Myanmar*. Routledge India.

Kirk, T., & Allen, T. (2021). Public Authority in Africa. In G. Onyango (Ed.), *Routledge Handbook of Public Policy in Africa* (pp. 57-67). Routledge.

Kyed, H. M. (Ed.). (2020). *Everyday Justice in Myanmar: Informal Resolutions and State Evasion in a Time of Contested Transition.* NIAS Press.

Kyed, H. M., & Chambers, J. (2023, March 6). *Climate change actions in conflict affected contexts: Insights from Myanmar after the military coup* [Policy brief]. Danish Institute for International Studies. https://www.diis.dk/en/research/climate-change-actions-in-conflict-affected-contexts

Kyed, H. M., & Chambers, J. (2026). Introduction to the Special Issue on Climate Change and Conflict: Advancing Understandings of the Climate-Conflict Nexus in Times of Political Rupture and Chronic Crisis. *Independent Journal of Burmese Scholarship*, *7*. https://ijbs.online/?page_id=5641

Lokot, M. (2021). Whose voices? Whose knowledge? A feminist analysis of the value of key informant interviews. *International Journal of Qualitative Methods*, *20*. https://doi.org/10.1177/1609406920948775

Lund, C. (2016). Rule and rupture: state formation through the production of property and citizenship. *Development and Change*, *47*(6), 1199-1228. https://doi.org/10.1111/dech.12274

Mark, S. S. (2023). *Forging the Nation: Land Struggles in Myanmar's Transition Period.* University of Hawaii Press.

Mathiason, N. (2022, January 21). *TotalEnergies and Chevron withdraw from Myanmar as human rights conditions worsen.* Finance Uncovered. https://www.financeuncovered.org/stories/totalenergies-and-chevron-withdraw-from-myanmar-as-human-rights-conditions-worsen

McCann, M. (1994). *Rights at Work: Pay Equity Reform and the Politics of Legal Mobilization.* University of Chicago Press.

McCann, M. (2006). Law and Social Movements: Contemporary Perspectives. *Annual Review of Law and Social Science*, *2*(1), 17-38. https://doi.org/10.1146/annurev.lawsocsci.2.081805.105917

Middleton, C. (2012). Transborder Environmental Justice in Regional Energy Trade in Mainland South-East Asia. *ASEAS-Austrian Journal of South-East Asian Studies*, *5*(2), 292-315. https://doi.org/10.14764/10.ASEAS-5.2-7

Mg Htin. (2024, February 14). Plundering paradise: The underwater lead mines of Myanmar's deep south. *Frontier Myanmar*. https://www.frontiermyanmar.net/en/plundering-paradise-the-underwater-lead-mines-of-myanmars-deep-south/

Naw Cherry Oo, Siriwato, S., Mamadkul, J., Sanguanbun, S., & Charnbhumidol, P. (2023, April 28). *Analyzing the Importance and Impacts of Nationwide Ceasefire Agreement (NCA) in the Peacebuilding of Myanmar* [Paper

presentation]. RSU International Research Conference. https://rsucon.rsu.ac.th/files/proceedings/RSUSOC2023/IN23-092.pdf

Park, C. M. Y. (2021). Gender and generation in rural politics in Myanmar: a missed space for (re)negotiation? *The Journal of Peasant Studies*, *48*(3), 560-585. https://doi.org/10.1080/03066150.2020.1837778

Prasse-Freeman, E. (2023a). Bullets and Boomerangs: Proleptic Uses of Failure in Myanmar's Anti-coup Uprising. *Public Culture, 35*(1), 73-112.

Prasse-Freeman, E. (2023b). *Rights refused: Grassroots activism and state violence in Myanmar*. Stanford University Press.

Progressive Voice. (2022, May 7). *Open Letter to the Biden Administration from 637 Myanmar & International Civil Society Organizations and over 220,000 people of Myanmar* [Press release]. https://progressivevoicemyanmar.org/2022/05/07/626-myanmar-international-civil-society-organizations-and-over-220-000-people-call-on-the-us-to-sanction-myanmars-oil-and-gas-revenues-and-stop-the-bankrolling-of-the-genocidal-military-ju/

Protesters Call on Unocal to Withdraw from Burma. (2004, May 25). *Voice of America.*

Reed-Danahay, D. (1997). Introduction. In D. Reed-Danahay (Ed.), *Auto/ethnography: Rewriting the Self and the Social* (pp. 1-17). Routledge. https://doi.org/10.4324/9781003136118

Reuters. (2002, June 12). Unocal to Face Suit on Human Rights. *The New York Times.* https://www.nytimes.com/2002/06/12/business/unocal-to-face-suit-on-human-rights.html

Rhoads, E., & Wittekind, C. (2018). Rethinking Land and Property in a 'Transitioning' Myanmar: Representations of Isolation, Neglect, and Natural Decline. *Journal of Burma Studies*, *22*(2), 171–213. https://doi.org/10.1353/jbs.2018.0011

Rival Ethnic Karen Groups Urged to Stop Fighting Each Other in Southern Myanmar. (2023, February 23). *The Irrawaddy,* https://www.irrawaddy.com/news/burma/rival-ethnic-karen-groups-urged-to-stop-fighting-each-other-in-southern-myanmar.html

Ryan, M., & Tran, M. V. (2024). Democratic Backsliding Disrupted: The Role of Digitalized Resistance in Myanmar. *Asian Journal of Comparative Politics*, *9*(1), 133–158.

Saw Ner Dhu Da. (2026). Episodic Rupture in Klerlweehtu: Chronic Crisis, Conflict, and Climate Change in Everyday Life. *Independent Journal of Burmese Scholarship*, *7*. https://ijbs.online/?page_id=5661

Saw Yan Naing. (2016, December 14). KNU Criticized for Lack of Transparency in Development Projects. *The Irrawaddy*. https://www.irrawaddy.com/news/burma/knu-criticized-for-lack-of-transparency-in-development-projects.html

Sekine, Y. (2021). Emerging 'agrarian climate justice struggles in Myanmar. *The Journal of Peasant Studies*, *48*(3), 517-540. https://doi.org/10.1080/03066150.2020.1839054

Simpson, A. (2016). *Energy, Governance and Security in Thailand and Myanmar (Burma): A Critical Approach to Environmental Politics in the South*. Routledge. https://doi.org/10.4324/9781315579580

Sitthikriengkrai, M., & Porath, N. (2017). 'Lead-polluted water changed our lives': A Thai-Karen village's quest for environmental justice. *South East Asia Research*, *25*(2), 139-156. https://doi.org/10.1177/0967828X17706566

South, A. (2011). *Burma's Longest War: Anatomy of the Karen Conflict*. Transnational Institute. https://www.tni.org/files/download/Burma%27s%20Longest%20War.pdf

South, A., & Joll, C. M. (2016). From Rebels to Rulers: The Challenges of Transition for Non-state Armed Groups in Mindanao and Myanmar. *Critical Asian Studies*, *48*(2), 168-192. http://dx.doi.org/10.1080/14672715.2016.1161963

South, A., Schroeder, T., Jolliffe, K., Mi Kun Chan Non, Sa Shine, Kempel, S., Schroeder, A., & Naw Wah Shee Mu. (2018). *Between Ceasefires and Federalism: Exploring Interim Arrangements in the Myanmar Peace Process*. Covenant Consult & Join Peace Fund. https://covenant-consult.com/wp-content/uploads/MIARP-Report.pdf

Tarkapaw Youth Group, Dawei Development Association, & Tenasserim River & Indigenous People Networks. (2015). *We Used to fear Bullets, Now We Fear Bulldozers: Dirty coal mining by military cronies & Thai companies.* https://www.mediafire.com/file/5w95xa25rmgzham/Ban_chaung_coal_mining_report_2015_-_English.pdf/file

Tarkapaw Youth Group, & Ban Chaung Community Sustainable Environmental Conservation Committee. (2018). *The Wisdom, Knowledge and Customs of Indigenous Communities in Ban Chaung*. https://www.inclusivedevelopment.net/wp-content/uploads/2020/04/indigenous-communities-in-ban-chaung-layout-english-version-final.pdf

Tarrow, S. (2011). *Power in Movement: Social Movements and Contentious Politics*. Cambridge University Press. https://doi.org/10.1017/CBO9780511973529

Taylor, V., & Van Dyke, N. (2004). "Get up, Stand up": Tactical Repertoires of Social Movements. In D. Snow, S. Soule, & H. Kriesi (Eds.), *The Blackwell Companion to Social Movements* (pp. 262–293). John Wiley. https://doi.org/10.1002/9780470999103.ch12

Thawnghmung, A. M., Su Mon Thazin Aung, Naw Moo Moo Paw, & Boughton, D. (2023). 'Water in One Hand, Fire in the Other:' Coping with Multiple Crises in Post-Coup Burma/Myanmar. *Critical Asian Studies*, *55*(2), 306–329. https://doi.org/10.1080/14672715.2023.2196996.

Thawnghmung, A. M., & Naw Moo Moo Paw. (2024). "Agents" of the state or revolution? Resistance, accommodation, violence and the role of local administrators in post-coup Myanmar. *Democratization*, *31*(3), 575-595. https://doi.org/ 10.1080/13510347.2024.2319320

The Tanintharyi Times. (2024, February 2). *ကိန်းဂဏန်းတွေက ပြောတဲ့ တနင်္သာရီ* [Facebook post]. Facebook. https://www.facebook.com/TheTanintharyiTimes/posts/pfbid06ognd4169UrvYhnZjs5nYZdBwYeRuMFhak5iPem3VavW2PZ8RRejj9FBpLFqtREFl

Tilly, C., & Tarrow, S. G. (2015). *Contentious Politics*. Oxford University Press.

Titeca, K. (2009). The 'Masai'and miraa: public authority, vigilance and criminality in a Ugandan border town. *The Journal of Modern African Studies*, *47*(2), 291-317. https://doi.org/10.1017/S0022278X0900384X

United Nations Development Programme. (2024). Statement on the Integrated Protected Area Land and Seascape Management in Tanintharyi (Ridge to Reef) Project. https://www.undp.org/myanmar/news/statement-integrated-protected-area-land-and-seascape-management-tanintharyi-ridge-reef-project

U.S. Department of the Treasury. (2023, October 31). *Treasury Prohibits Financial Services with Myanma Oil and Gas Enterprise and Imposes Additional Sanctions on Burma Military Regime Officials and Supporters* [Press release]. https://home.treasury.gov/news/press-releases/jy1856#:~:text=Press%20Releases-,Treasury%20Prohibits%20Financial%20Services%20with%20Myanma%20Oil%20and%20Gas%20Enterprise,Military%20Regime%20Officials%20and%20Supporters

Vlassenroot, K., & Raeymaekers, T. (2008). New political order in the DR Congo? The transformation of regulation. *Afrika Focus*, *21*(2), 39-52. https://doi.org/10.21825/af.v21i2.5047

Wainwright, J., & Bryan, J. (2009). Cartography, territory, property: postcolonial reflections on indigenous counter-mapping in Nicaragua and Belize. *Cultural Geographies*, *16*(2), 153-178. https://doi.org/10.1177/1474474008101515

Woods, K. (2013). Ceasefire capitalism: military–private partnerships, resource concessions, and military–state building in the Burma–China borderlands. In N. Peluso & C. Lund (Eds.), *New Frontiers of Land Control* (pp. 87-110). Routledge. https://doi.org/10.4324/9780203720455

Woods, K. (2015). *Commercial Agriculture Expansion in Myanmar: Links to Deforestation, Conversion Timber, and Land Conflicts.* Forest Trends. https://www.forest-trends.org/wp-content/uploads/2015/03/Conversion_Timber_in_Myanmar-1.pdf

Woods, K. (2019). *Natural resource governance reform and the peace process in Myanmar.* Forest Trends. https://www.forest-trends.org/wp-content/uploads/2019/10/NRG_Peace_Myanmar_Final.pdf

Woods, K. (2021). Rebel Territory in a resource frontier: commodification and spatialized orders of rule in Tanintharyi Region, Myanmar. *Geoforum*, *124*, 371-380. https://doi.org/10.1016/j.geoforum.2021.04.030

Xanthaki, A. (2007). Multiculturalism and Extremism: International Law Perspectives. In J. Rehman & S. Breau (Eds.), *Religion, Human Rights and International Law* (pp. 441-464). Brill Nijhoff. https://doi.org/10.1163/ej.9789004158269.i-576.90

ဒီရေနိမ့်မြင့် နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲများနှင့် တနင်္သာရီတိုင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများ

နော်ထီးခူနှင့် ကပ်စပါဟော့ဖ်မန်း

အကျဉ်းချုပ်

ဤဆောင်းပါးတွင် ၁၉၉၀ ပြည့်နှစ်များမှစတင်၍ တနင်္သာရီတိုင်းဒေသကြီး၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများ ပြောင်းလဲလာပုံကို ဆန်းစစ်လေ့လာထားပြီး သိသာထင်ရှားသည့် နိုင်ငံရေးအလှည့်အပြောင်းများ၏ တက်ကြွလှုပ်ရှားသူများအပေါ် အကျိုးသက်ရောက်မှုကို အလေးပေးဖော်ပြထားသည်။ အဆိုပါအလှည့်အပြောင်းများသည် အစိုးရအာဏာပိုင်များအား ယှဉ်ပြိုင်စိန်ခေါ်နိုင်မည့် တက်ကြွလှုပ်ရှားသူ များ၏စွမ်းရည်ကို ပုံဖော်ပေးသည့် စိန်ခေါ်မှုအသစ်များနှင့် အခွင့်အလမ်းအသစ်များကို ဖန်တီးပေးကြောင်းကို အင်တာဗျူးများနှင့် ကိုယ်တွေ့မှတ်တမ်းပြုလေ့လာမှု အပါအဝင် အရည်အသွေးစံထားသုတေသနနည်းလမ်းများကို အသုံးပြုကာ လူထုလှုပ်ရှားမှုသီအိုရီများကို ပေါင်းစပ်တင်ပြထားပါသည်။ ထို့နောက်တွင် ရုတ်တရက် ဖြစ်ပေါ်လာသော အလွန်ကြီးမားသည့် နိုင်ငံရေးအပြောင်းအလဲများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများအပေါ် မည်ကဲ့သို့ ပြောင်းလဲသွားစေသည်ကို ဖော်ပြထားသည်။ အဆိုပါလှုပ်ရှားမှုများမှာ အစကနဦး၌ လူ့အခွင့်အရေးကို အဓိကထားလုပ်ဆောင်ခဲ့ပြီး နောက်ပိုင်းတွင် ဌာနေတိုင်းရင်းသားများ အခွင့်အရေး ထိုမှသည် လက်ရှိတော်လှန်ရေးလှုပ်ရှားမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများကို ဗဟိုပြုဆောင်ရွက်သည့် အခြေအနေသို့ အဆင့်အဆင့်ပြောင်းလဲလာခဲ့သည်။

နိဒါန်း

၂၀၁၀ ပြည့်နှစ်များအတွင်း မြန်မာနိုင်ငံ၌ နိုင်ငံရေးအခြေအနေများ ပွင့်လင်းလာချိန်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများသည် နိုင်ငံရေးယှဉ်ပြိုင်မှုနှင့် စည်းရုံးလှုံ့ဆော်မှု၏ အရေးကြီးပုံစံတစ်ရပ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး (ဤနေရာမှ စတင်၍ တနင်္သာရီဟုဖော်ပြပါမည်) တွင်လည်း ပေါ်ပေါက်ခဲ့သည်။ ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက်တွင် စစ်အစိုးရက သဘောထားအမြင်မတူညီမှုများကို ရက်စက်စွာ ဖြိုခွင်းခဲ့ရာ တနင်္သာရီရှိ အားကောင်းသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများကို အကြီးအကျယ်ထိခိုက်စေခဲ့သည်။ တက်ကြွလှုပ်ရှားသူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်

အရေးများနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် စည်းရုံးလှုံ့ဆော်မှုများကို ပွင့်လင်းစွာ ဆောင်ရွက်နိုင်ခြင်း မရှိတော့ဘဲ အများစုမှာ နေရပ်မှ မဖြစ်မနေ စွန့်ခွာထွက်ပြေးကြရကာ ပုန်းရှောင်ခြင်း သို့မဟုတ် ပုန်းရှောင်ရင်းဖြင့် စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို လုပ်ဆောင်ကြသည်။ သို့သော်လည်း ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုသည် တနင်္သာရီရှိ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများ ကြုံတွေ့ရသည့် ပထမဦးဆုံးသော နိုင်ငံရေး အလှည့်အပြောင်းတော့ မဟုတ်ပေ။ ဆယ်စုနှစ်ပေါင်းများစွာအတွင်း တနင်္သာရီရှိ တက်ကြွ လှုပ်ရှားသူများသည် သဘာဝပတ်ဝန်းကျင်နှင့် ၎င်းတို့၏ အစိုးရနှင့် စီးပွားရေးလုပ်ငန်းအကျိုး စီးပွားများအား ယှဉ်ပြိုင်စိန်ခေါ်နိုင်စွမ်းတို့အပေါ် အကျိုးသက်ရောက်လာသည့် နိုင်ငံရေး အပြောင်းအလဲများနှင့် ကိုက်ညီအောင် ပြင်ဆင်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။[1]

ဤဆောင်းပါးတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများအပေါ် အကျိုး သက်ရောက်မှုရှိစေခဲ့သည့် ၂၀၁၀ ပြည့်လယ်နှစ်များ၌ မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် ရုတ်တ ရက်ဖြစ်ပေါ်ခဲ့သော အလွန်ကြီးမားသည့် အလှည့်အပြောင်းများ[2]နှင့် ၂၀၂၁ စစ်အာဏာသိမ်းမှု တို့အပါအဝင် ၁၉၉၂ မှ စတင်၍ တနင်္သာရီ၏ သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားမှု ဆိုင်ရာ အပြောင်းအလဲများကို လေ့လာဖော်ထုတ်ထားပါသည်။ ကျွန်ုပ်တို့အဓိကတင်ပြလို သည့်အဆိုမှာ အလှည့်အပြောင်းများသည် ကန့်သတ်ချက်အသစ်များကို ဖြစ်ပေါ်စေသကဲ့သို့ တက်ကြွလှုပ်ရှားသူများအား စုပေါင်းတောင်းဆိုမှုများပြုလုပ်ကာ အစိုးရအာဏာပိုင်များအား ယှဉ်ပြိုင်စိန်ခေါ်နိုင်စွမ်းရှိလာစေသော အခွင့်အလမ်းအသစ်များကိုလည်း ဖြစ်ပေါ်စေပါသည်။ သာဓကဆိုရသော် ၂၀၂၁ အာဏာသိမ်းမှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ် ရှားသူများမှာ လျှို့ဝှက်လုပ်ဆောင်ကြရသော်လည်း ယခင်စစ်အုပ်ချုပ်ရေးကာလများအတွင်း က မရရှိနိုင်ခဲ့သည့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြုကာ ဆန္ဒပြမှုများအား အဓိက အားဖြင့် အွန်လိုင်းပုံစံများဖြင့် တီထွင်ဆန်းသစ်မှု ရှိစွာ တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ကြသည်။[3]

ကျွန်ုပ်တို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများ ပြောင်းလဲလာမှု ကို ကာလ (၃) ပိုင်း ပိုင်းခြားလျက် ဖြစ်ရပ်လေ့လာမှုများမှတစ်ဆင့် လေ့လာဖော်ထုတ်ထား ပါသည်။ ယင်းကာလများမှာ စစ်တပ်နှင့် ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) တို့ အကြား နှစ်ဖက်အပစ်အခတ်ရပ်စဲရေးမတိုင်မီ ၁၉၉၂-၂၀၁၂ ကာလ၊ အပစ်အခတ်ရပ်စဲပြီး နောက်ပိုင်းနှင့် စစ်အာဏာမသိမ်းမီအကြား ၂၀၁၂-၂၀၂၁ ကာလနှင့် အာဏာသိမ်းပြီး နောက် ပိုင်း ၂၀၂၁ မှ ယခုလက်ရှိအထိကာလတို့ ဖြစ်ကြသည်။ ပထမကာလအတွက် ကျွန်ုပ်တို့ လေ့လာခဲ့သည့် ဖြစ်ရပ်မှာ တနင်္သာရီကို ဖြတ်သန်းကာ ပိုက်လိုင်းတည်ဆောက်ရန် စစ်တပ်နှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့သည့် အမေရိကန်ပြည်ထောင်စုအခြေစိုက် Unocal ကော်ပိုရေး

[1] Doi Ra & Khu Khu Ju, 2021; Sekine, 2021; Woods, 2019.
[2] Kyed & Chambers, 2026 [this issue].
[3] Megan & Tran, 2024; Prasse-Freeman, 2023a.

ရှင်းအား တရားစွဲဆိုမှုဖြစ်သည်။ ဒုတိယကာလအတွက် ထိုင်းနှင့် မြန်မာ ရင်းနှီးမြှုပ်နှံသူများ အကြား ဖက်စပ်လုပ်ငန်းကြီးတစ်ခုဖြစ်သည့် ဘန်းချောင်းကျောက် မီးသွေးသတ္တုတွင်းအား ဆန့်ကျင်သည့်လှုပ်ရှားမှုကို အဓိကထားလေ့လာတင်ပြထားသည်။ တတိယကာလအတွက် မြန်မာလူငယ်များကဦးဆောင်၍ စစ်အစိုးရအား ငွေကြေးထောက်ပံ့ပေးနေသော နိုင်ငံခြား ကုမ္ပဏီများကို ပစ်မှတ်ထားကာ လုပ်ဆောင်သည့် သွေးစွန်းငွေဖြတ်တောက်ရေးလှုပ်ရှားမှုကို လေ့လာဆန်းစစ်ထားပါသည်။

အဆိုပါဖြစ်ရပ်များ၌ လေ့လာရာ၌ ပဋိပက္ခဖြစ်ပွားရာဒေသများနှင့် အလှည့်အပြောင်း များဖြစ်ပွားချိန်ရှိ အစိုးရအာဏာပိုင်များအကြောင်း လူထုလှုပ်ရှားမှုသီအိုရီ[4]နှင့် စာပေများ[5]အား ပေါင်းစပ်၍ အသုံးပြုထားပါသည်။ ပညာရှင်များစွာတို့က အာဏာသိမ်းမှုမတိုင်မီ အချုပ်အခြာ အာဏာပိုင်မှု အကန့်သတ်ရှိသည့် အခြေအနေ၌ ပဋိပက္ခဒေသများတွင် ဗဟုအာဏာပိုင်များ နှင့် ပေါင်းစပ်အုပ်ချုပ်မှုပုံစံ ပေါ်ပေါက်လာခြင်းအား လေ့လာခဲ့ကြပြီး တရားရေးနှင့် ပညာရေး အပါအဝင် ဝန်ဆောင်မှုပေးအပ်ခြင်း အကြောင်းအရာများကို အဓိကထား၍ လေ့လာခဲ့ကြ သည်။[6] Park[7] က မြေယာဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများကို ဂျန်ဒါ ရှုထောင့်မှတစ်ဆင့် လေ့လာခဲ့ပြီး၊ Sekine[8] က အာဏာမသိမ်းမီ စိုက်ပျိုးရေးရာသီဥတုဆိုင်ရာ တရားမျှတမှုအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို လေ့လာခဲ့သည်။ Adam Simpson ၏ *Energy, Governance, and Security in Thailand and Myanmar*[9] တွင် နိုင်ငံတကာ စွမ်းအင်စီမံကိန်းကြီးများဖြစ်သည့် ပိုက်လိုင်းနှင့် ဆည်စီမံကိန်းများသည် အာဏာရှင်လက် အောက်၌ဖြစ်စေ၊ ပေါင်းစပ်အုပ်ချုပ်ရေးအောက်၌ဖြစ်စေ ဖယ်ကြဉ်ခံလူထုအတွက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဘေးကင်းလုံခြုံမှုနှင့်တရားမျှတမှုကို ပျက်စီးဆုတ်ယုတ်စေပုံကို လေ့လာ ဆန်းစစ်ထားပါသည်။ တစ်ချိန်တည်း၌ပင် Simpson က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများက အစိုးရနှင့် ကော်ပိုရိတ်အာဏာများအတွက် အရေးပါသည့် တန်ပြန်ချိန်ညှိ မှုတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်ကြောင်းကိုလည်း ပြသထားသည်။ သို့သော်လည်း ကျွန်ုပ်တို့ အနေဖြင့် ထိုကဲ့သို့လုပ်ဆောင်ချက်များမှာ အချိန်နှင့်အမျှ မည်သို့အဆင့်ဆင့်ပြောင်းလဲလာ သည်နှင့် နိုင်ငံရေးအလှည့်အပြောင်းအမျိုးမျိုးကြောင့် မည်သို့အကျိုးသက်ရောက်မှု ရှိစေသည် တို့ကို မသိရှိသေးပါ။ ထိုပြဿနာရပ်များကို စူးစမ်းလေ့လာကာ ဤဆောင်းပါးအနေဖြင့် နိုင်ငံ

[4] Tarrow, 2011; Taylor & Van Dyke, 2004; Tilly & Tarrow, 2015.

[5] Hoffmann & Kirk, 2013; Hoffmann & Vlassenroot, 2014; Kirk & Allen, 2021; Lund, 2016; Titeca, 2009; Vlassenroot & Raeymaekers, 2008.

[6] Kyed, 2020; Sekine, 2021; South & Joll, 2016.

[7] Park, 2021.

[8] Sekine, 2021.

[9] Simpson, 2016.

ရေး၊ တစ်ဆစ်ချိုးအလှည့်အပြောင်းများနှင့် တက်ကြွလှုပ်ရှားမှုများအကြား ဆက်စပ်မှုနှင့် ပတ်သက်၍ လေ့လာကာ မြန်မာ့ပညာရပ်စာပေကို အားဖြည့်ပေးမည်ဖြစ်ပါသည်။[10]

ကျွန်ုပ်တို့အနေဖြင့် တနင်္သာရီမှ ဝါရင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်သည့် စာရေးသူ နော်ထီးခူ၏ ကိုယ်တွေ့အတွေ့အကြုံများ အပါအဝင် အရည်အသွေး စံထားနည်းလမ်းများကို အသုံးပြု၍ သုတေသနပြုစုထားပါသည်။ ထို့ကြောင့် ဤဆောင်းပါး သည် တစ်စိတ်တစ်ဒေသအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများ၏ ကိုယ်တွေ့ဖြစ်ရပ်များအပေါ် အခြေခံ၍ လူမှု၊ ယဉ်ကျေးမှုများကို သရုပ်ခွဲ ဖော်ပြချက်တစ်ရပ် လည်းဖြစ်ပြီး နိုင်ငံရေးပြောင်းလဲမှု နောက်ခံအခြေအနေအပေါ် ဆန်းစစ်လေ့လာချက်များနှင့် လည်း ပေါင်းစပ်ထားပါသည်။[11] စာရေးသူက မြန်မာနိုင်ငံနှင့် နယ်စပ်ဒေသအခြေစိုက် အရပ် ဘက်အဖွဲ့စည်းများ (စီအက်စ်အို) ၏ ခေါင်းဆောင်များ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ (အန်ဂျီအို) ၏ အဖွဲ့ဝင်များနှင့် တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသည့် အင်တာဗျူး ပေါင်း (၂၀) ကို ပြုလုပ်ခဲ့သည်။ ပါဝင်ဆွေးနွေးသူများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွ လှုပ်ရှားမှုများ၌ ပါဝင်နေရသည့် အကြောင်းရင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွ လှုပ်ရှားသူဖြစ်ရသည့် အဓိပ္ပာယ်နှင့် လှုပ်ရှားမှု၌ ပါဝင်ရသည့် အတွေ့အကြုံများ အထူးသဖြင့် အစိုးရအာဏာပိုင်များနှင့် ရင်ဆိုင်ကြုံတွေ့ရုန်းကန်ခဲ့ရသည့် အတွေအကြုံများကို သိရှိ နားလည်နိုင်ရန်အတွက် တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသော အင်တာဗျူးများကို အသုံးပြုခဲ့ပါ သည်။[12] တက်ကြွလှုပ်ရှားသူများ၏ ကိုယ်ပိုင်လက္ခဏာနှင့် တောင်းဆိုမှုများအပေါ် သိရှိနား လည်စေနိုင်ရန်အတွက် ပုဂ္ဂလဓိဋ္ဌာန်ဖော်ပြချက်များအဖြစ် အဆိုပါအင်တာဗျူးများကို စိစစ် လေ့လာထားပါသည်။ အင်တာဗျူးဖြေဆိုသူများအား အဆင့်ဆင့် ချိတ်ဆက်နမူနာရွေးချယ် ခြင်းနည်းလမ်းဖြင့် ရွေးချယ်ခဲ့ပြီး ကရင်၊ ဗမာ၊ အင်္ဂလိပ် ဘာသာစကားများဖြင့် (အင်တာဗျူး ဖြေဆိုသူ၏ ရွေးချယ်မှုအပေါ်မူတည်၍) တွေ့ဆုံမေးမြန်းထားပါသည်။ အချို့သော ဖြေဆိုသူ များအား တစ်ကြိမ်ထက်ပို၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အဓိကသတင်းအချက်အလက်ပေးသူ များသည် တရားဝင်ဖော်ပြချက် အကြောင်းအရာများကိုသာ ထင်ဟပ်ဖြေဆိုလေ့ရှိပြီး လူနည်း စု၏ ရှုထောင့်အမြင်များကို ကွယ်ဝှက်ထားလေ့ရှိသည်ကိုလည်း ကျွန်ုပ်တို့အနေဖြင့် သိရှိနား လည်ပါသည်။ သို့သော်လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများ၏ အများသိ ထုတ်ပြန်ထားသည့် ထုတ်ဝေချက်များနှင့် အသိပေးတင်ပြချက်များ (သုတေသနစာတမ်းများ၊

[10] Rhoads & Wittekind, 2018.

[11] Reed-Danahay, 1997.

[12] မြန်မာနိုင်ငံတွင် ဆယ်စုနှစ်တစ်စုကျော်ကြာ ကွင်းဆင်းသုတေသနပြုလုပ်ထားမှုအပေါ် အခြေခံထား သည့် အခြေခံလူထုလှုပ်ရှားမှုများကို လေ့လာထားသော လူအဖွဲ့အစည်းအခြေပြုသုတေသနအား Elliott Prasse-Freeman (2023b) တွင် လေ့လာနိုင်ပါသည်။

အစီရင်ခံစာများ၊ ထုတ်ပြန်ချက်များ၊ ဝဘ်ဆိုဒ်များနှင့် ဖေ့စ်ဘုတ်စာမျက်နှာများ) အား အသုံးပြု၍ အကြောင်းအရာအခြေအနေဆက်စပ်ကာ ကျွန်ုပ်တို့၏ လေ့လာဆန်းစစ်မှုကို အသေးစိတ်ကွဲပြားမှုရှိစေရန်နှင့် ပိုမို၍ကိုယ်စားပြုမှုရှိစေရန် ကြိုးစားဆောင်ရွက်ထားပါသည်။[13] စာရေးသူ နော်ထီးခူက တက်ကြွလှုပ်ရှားသူများအနေဖြင့် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်သည်၊ စည်းရုံးလှုံ့ဆော်သည်တို့ကို အသေးစိတ်လေ့လာနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများနှင့်အတူ အွန်လိုင်းသတင်းစာရှင်းလင်းပွဲများ၊ အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ကာ ပါဝင်သူများကို စောင့်ကြည့်လေ့လာခဲ့ပါသည်။ ထို့သို့ လုပ်ဆောင်ခြင်းဖြင့် ယခုကာလ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများအား အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်ပုံကို သိရှိနားလည်ခဲ့ရသည်။

ဆောင်းပါးကို ဖွဲ့စည်းပုံမှာ ပထမပိုင်းတွင် အဓိကသဘောတရားအယူအဆများနှင့် ကျွန်ုပ်တို့ အသုံးပြုထားသည့် သီအိုရီများအကြောင်း ပါဝင်မည်ဖြစ်ပြီး ထို့နောက်တွင် တနင်္သာရီ၏ သမိုင်းနောက်ခံအကြောင်းကို အကျယ်တဝင့် ဆွေးနွေးထားပါသည်။ နောက်တစ်ပိုင်းတွင် ၁၉၉၀ ပြည့်နှစ်များနှင့် ယနေ့ကာလအကြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ လေ့လာချက်များကို ကာလအစီအစဉ်အတိုင်း တင်ပြမည်ဖြစ်ပါသည်။ နိဂုံးချုပ်တွင် တစ်ဆစ်ချိုးအလှည့်အပြောင်းများဖြစ်ချိန်အတွင်း ပဋိပက္ခဒေသများ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများနှင့် အစိုးရအာဏာပိုင်များအကြား ဆက်ဆံရေးနှင့်ပတ်သက်၍ လေ့လာခဲ့သည့်အချက်များကို ပြန်လည်သုံးသပ်တင်ပြထားပါသည်။

တစ်ဆစ်ချိုးအလှည့်အပြောင်းများ၊ ပြင်ပနိုင်ငံရေးအခြေအနေများနှင့် လူထုလှုပ်ရှားမှုများ

ဤဆောင်းပါးတွင် မကြုံဖူးသည့်အကန့်အသတ်များကို ပေါ်ထွက်စေသလို အခွင့်အလမ်းများနှင့် အားတက်ဖွယ်ရာ အခြေအနေတို့ကိုလည်း ဖန်တီးဖြစ်ပေါ်စေသည့် "မရေရာသည့် အခိုက်အတန့်များ" ဟုအဓိပ္ပာယ်ဖွင့်ကြသော တစ်ဆစ်ချိုးအလှည့်အပြောင်းဆိုင်ရာ သဘောတရားကို နောက်ခံပြု၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများ၏ အပြောင်းအလဲများကို သုံးသပ်ဖော်ပြထားသည်။[14] အလွန်အမင်းဖိနှိပ်ချုပ်ချယ်မှုနှင့် စီးပွားရေးကျပ်တည်းမှုများဖြင့် ပြည့်နေသည့် အာဏာသိမ်းမှုနောက်ပိုင်းကာလတွင် တော်လှန်ရေးသည် "အလိုက်သင့်နေထိုင်မှု" ဟုဆိုသည့်ပုံစံသို့ ပြောင်းလဲသွားကြောင်း Thawnghmung နှင့်အဖွဲ့က ဖော်ပြ

[13] Lokot, 2021.
[14] Lund, 2016.

ထားသည်။ လိုက်လျောခြင်းနှင့် မသိမသာအာခံဖီဆန်ခြင်းတို့ ပေါင်းစပ်ထားသည့် လုပ်ဆောင်ချက်များကို ဆိုလိုပြီး အဆိုပါအခြေအနေဖြင့် ပြည်သူများသည် အသက်ရှင်ရပ်တည်ရေးအတွက် လှုပ်ရှားရုန်းကန်ရင်း စစ်အစိုးရကို သိမ်မွေ့စွာဖြင့် ဆန့်ကျင်ခြင်းပြုကြသည်။[15] Tilly & Tarrow တို့၏ အခေါ်အဝေါ်အရ တစ်ဆစ်ချိုးအလှည့်အပြောင်းများသည် အစိုးရတစ်ရပ်၏ "နိုင်ငံရေးအခွင့်အလမ်းပေးမှုပုံစံ" ကို သိသာစွာ ပြောင်းလဲသွားစေသည်။[16] ဤဆောင်းပါးတွင် နိုင်ငံရေးအခွင့်အလမ်းပေးမှုပုံစံဆိုသည်ကို နိုင်ငံရေးလှုပ်ရှားမှုများနှင့် အပြန်အလှန် ဆက်ဆံမှုများ ပေါ်ပေါက်ရာနေရာဟူ၍ သဘောတရားအရရော၊ ပထဝီအနေအထားအရပါ နားလည်ထားကြသည့် Oliver de Sardan က "ဒေသဆိုင်ရာနိုင်ငံရေးနယ်ပယ်"[17] ဟုခေါ်သည့်အရာနှင့်သက်ဆိုင်သော ကိစ္စရပ်များကို ရည်ညွှန်းခြင်း ဖြစ်သည်။[18] နိုင်ငံရေးနယ်ပယ်ဟူသော သဘောတရားသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးကြိုးပမ်း ဆောင်ရွက်ချက်များကို လေ့လာရာ၌ သင့်လျော်ပါသည်။ ၎င်းသည် ပြည်သူ့စစ်များ၊ တော်လှန်ရေးသမားများ၊ အန်ဂျီအိုများ၊ ဘာသာခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများ အစရှိသည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများစွာတို့က အထူးသဖြင့် ဒေသအဆင့်တွင် နယ်မြေ၊ အရင်းအမြစ်နှင့် လူထုတို့အပေါ် အစိုးရအာဏာကျင့်သုံးနိုင်ရေးအတွက် ယှဉ်ပြိုင်ကြသည့် ကိုလိုနီခေတ်လွန် နောက်ခံနိုင်ငံရေးကို သိရှိနားလည်စေသည်။ အစိုးရအာဏာကျင့်သုံးနိုင်ရေးဟုဆိုရာ၌ အခွန်ကောက်ခံခြင်း၊ မြေယာအခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး နှင့် တရားရေးပြဋ္ဌာန်းခြင်း အစရှိသည့် အထူးအရေးကိစ္စများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော နိုင်ငံရေးနယ်ပယ်တွင် စံနှုန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းကာ အာဏာတည်စေနိုင်စွမ်းကို ဆိုလိုသည်။[19] တနင်္သာရီတွင် တွေ့ရှိရသော တရားရေးစနစ်များစွာရှိနေသည့် နောက်ခံအခြေအနေမျိုးတွင် အာဏာလွန်ဆွဲမှုများ၏ အတက်အကျအပေါ် မူတည်၍ အမျိုးမျိုးသော ပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် အခွင့်အာဏာရရှိသည် သို့မဟုတ် ဆုံးရှုံးသည်ဖြစ်ရာ အစိုးရအာဏာကျင့်သုံးနိုင်မှုမှာ ပြောင်းလဲနေပါသည်။ ကသောင်းကနင်းဖြစ်ချိန်များတွင် ယင်းဖြစ်စဉ်မှာ အထူးထင်ရှားသည်။

တစ်ဆစ်ချိုးအပြောင်းအလဲများက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူထုလှုပ်ရှားမှုများနှင့် အစိုးရအာဏာပိုင်များအကြား ဆက်ဆံရေးအား မည်ကဲ့သို့ပြောင်းလဲစေသည်ကိုလည်း ကျွန်ုပ်တို့က အဓိကထားလေ့လာထားပါသည်။ လူထုလှုပ်ရှားမှုများဟူသည် အစိုးရအာဏာပိုင်များ၏

[15] Thawnghmung et al., 2023.
[16] Tilly & Tarrow, 2015, p. 59.
[17] De Sardan, 2015.
[18] De Sardan, 2005, pp. 189-190.
[19] Harrisson & Kyed, 2019; Helmke & Levitsky, 2006; Hoffmann et al., 2016; Kirk & Allen, 2021; Lund, 2016.

အကျိုးစီးပွားနှင့် အုပ်စိုးမှုကို ယှဉ်ပြိုင်စိန်ခေါ်သည့် လူအုပ်စုများဖြစ်ကြသည်။ လူထုလှုပ်ရှားမှုများ၏ ထူးခြားထင်ရှားသည့် လက္ခဏာရပ်အချို့မှာ ဘုံရည်မှန်းချက်ပန်းတိုင်များနှင့် "နိုင်ငံရေးဆိုင်ရာ စရိုက်လက္ခဏာရပ်များ" ကို အခြေခံကာ တိကျသော "ဆန္ဒထုတ်ဖော်မှုနည်းလမ်းများ"ကို အသုံးပြု၍ "ခိုင်မာသည့်တောင်းဆိုမှုများ" ကို တောင်းဆိုခြင်းဖြစ်သည်။[20] အဆိုပါ ဘုံရည်မှန်းချက်ပန်းတိုင်များနှင့် နိုင်ငံရေးဆိုင်ရာ သီးခြားလက္ခဏာရပ်များမှာ မတရားခံရမှု၊ စည်းလုံးညီညွတ်မှုနှင့် တက်ကြွလှုပ်ရှားသူများအကြား ဘုံအကျိုးစီးပွား စသည်တို့မှ ပေါက်ဖွားလာလေ့ရှိသည်။ သို့တိုင် ယင်းအရှိန်အဟုန်ကို စုစည်းမှုတစ်ရပ်အနေဖြင့် ထိန်းထားနိုင်ခြင်း မရှိပါက လှုပ်ရှားမှုများမှာ မကျေမနပ်ဖြစ်နေသည့် သီးခြားအုပ်စု သို့မဟုတ် တစ်ဦးချင်းအဖြစ်သို့ ကွဲကာ အားပျော့သွားနိုင်ပါသည်။[21] "ဆန္ဒထုတ်ဖော်မှုနည်းလမ်းများ" ဟူသော အယူအဆမှာ လူထုလှုပ်ရှားမှုသီအိုရီမှ အဓိကအသုံးအနှုန်းတစ်ခုဖြစ်သည်။ သတ်မှတ်အချိန်ကာလတစ်ခုတွင် နိုင်ငံရေးဆိုင်ရာ ပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့် သိရှိ၊ ရရှိလာနိုင်သော ဆန္ဒထုတ်ဖော်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို ရည်ညွှန်းသည်။[22] ဆောင်ရွက်မှုနည်းလမ်းများတွင် ဗျူဟာမြောက်ကာ အကျိုးရှိပြီး၊ လူထုလှုပ်ရှားမှုများတွင် အာဏာပိုင်များအား ရည်ရွယ်ချက်ရှိရှိ ယှဉ်ပြိုင်စိန်ခေါ်ရန်အတွက် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ဆောင်ရွက်ချက်များကို မကြာခဏသုံးလေ့ရှိသည်။ အစိုးရအာဏာပိုင်များကို ယှဉ်ပြိုင်စိန်ခေါ်ရန်အတွက် ခန္ဓာကိုယ်များ၊ သင်္ကေတများ၊ ကိုယ်ပိုင်လက္ခဏာများ၊ အလေ့အကျင့်များနှင့် ပြောဆိုရေးသားချက်များအား သေချာစီစဉ်ရေးဆွဲ၍ နေရာချထားသည့် ဆန္ဒထုတ်ဖော်မှုများ ပါဝင်သည်။ နောက်ဆုံးအနေဖြင့် ၎င်းတို့သည် တူညီသည့် နိုင်ငံရေးသီးခြားလက္ခဏာတစ်ရပ်ကို တည်ဆောက်ခြင်းဖြင့် ထောက်ခံသူများကို စည်းရုံးကြသည်။ ဆိုလိုသည်မှာ လှုပ်ရှားမှုအဖွဲ့ဝင်များက ၎င်းတို့ကိုယ်ကို ကျွန်ုပ်တို့ အမျိုးသမီးများ၊ ကျွန်ုပ်တို့နိုင်ငံသားများ၊ ကျွန်ုပ်တို့လယ်သမားများ၊ ကျွန်ုပ်တို့ ကရင်များ၊ ကျွန်ုပ်တို့သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ကြသူများ၊ ကျွန်ုပ်တို့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ ကျွန်ုပ်တို့ တော်လှန်ရေးသမားများ စသည်ဖြင့် အစုအဖွဲ့အဖြစ် အမှတ်တံဆိပ်ကပ်လိုက်ခြင်းဖြစ်သည်။[23] တနသ်ာရီရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများသည် မတူညီသော တောင်းဆိုမှုများ၊ လုပ်ဆောင်ချက်များနှင့် နိုင်ငံရေးသီးခြားသွင်ပြင်လက္ခဏာရပ်များကို အသုံးပြုကာ အစိုးရအာဏာပိုင်များကို အချိန်နှင့်အမျှ ယှဉ်ပြိုင်စိန်ခေါ်ခဲ့ကြသည်။ သို့သော်လည်း ယင်းလုပ်ဆောင်ချက်များကို တနသ်ာရီ နိုင်ငံရေးနယ်ပယ်၏ ပြင်ပနိုင်ငံရေး အခြေအနေ အလှည့်အပြောင်းများကသာ ပုံဖော်ပေးခဲ့ကြသည်။

---

[20] Goodwin & Jasper, 2015, p. 3; Tarrow, 2011, p. 9; Tilly & Tarrow, 2015, p. 11.
[21] Tarrow, 2011, pp. 9-12.
[22] Tilly & Tarrow, 2015, p. 49.
[23] Tilly & Tarrow, 2015, p. 12.

တနင်္သာရီတိုင်းဒေသကြီးအကြောင်းအကျဉ်း

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် တည်ရှိသော တနင်္သာရီတိုင်းဒေသကြီးသည် အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ အရှေ့ဘက်တွင် တနင်္သာရီတောင်တန်း၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး၊ မြောက်ဘက်တွင် မွန်ပြည်နယ်ရှိသည်။ ယဉ်ကျေးမှု၊ ဘာသာရေး ကိုးကွယ်မှုနှင့် လူမျိုးအရ စုံလင်ကွဲပြားသော လူများနေထိုင်ကြသည်။ အများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး၊ ခရစ်ယာန်၊ မွတ်စလင်နှင့် ဟိန္ဒူဘာသာဝင် အနည်းငယ်လည်းရှိသည်။ အဆိုပါဒေသတွင် ထားဝယ်လူမျိုးများအပြင် မွန်၊ ဗမာနှင့် မော်ကင်း လူမျိုးများလည်း နေထိုင်ကြသည်။ တနင်္သာရီတွင် ဇီဝမျိုးစုံမျိုးကွဲများစွာရှိသည့် မူလအပူပိုင်း သစ်တောများ ကျယ်ပြောစွာ တည်ရှိသည်။ သို့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ အဆိုပါနှုန်းညံ့ပါးလွာသည့် ဂေဟစနစ်များမှာ အစိုးရနှင့် စီးပွားရေးလုပ်ငန်း ချဲ့ထွင်မှုများနှင့်၊ ပဋိပက္ခနှင့် အပစ်အခတ်ရပ်စဲရေး ဖြစ်စဉ်များကြောင့် ခြိမ်းခြောက်ခံလာကြရပြီး ပိုမိုပျက်စီးလာခဲ့သည်။ ထိုကဲ့သို့ ပေါကြွယ်ဝသည့် သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကြောင့် ကေအန်ယူနှင့် စစ်တပ်တို့အကြား ၂၀၁၂ နှစ်ဖက်အပစ်အခတ်ရပ်စဲပြီးနောက်တွင် အထက်မှအောက်သို့ညွှန်ကြားသည့် နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းများစွာကို တနင်္သာရီ၌ စတင်လုပ်ဆောင်ခဲ့ကြသည်။ သတ္တုတူးဖော်ခြင်း၊ သစ်ခုတ်ခြင်းနှင့် စားအုန်းဆီလုပ်ပိုင်ခွင့်များပေးခြင်းတို့မှတစ်ဆင့် မြေယာသိမ်းယူခြင်းနှင့် သယံဇာတအရင်းအမြစ်များ ထုတ်ယူခြင်း တိုကြောင့် တနင်္သာရီရှိလူထုမှာ အလျင်အမြန်ပင် ဖိအားများခံစားလာကြရသည်။ ဆယ်စုနှစ်များစွာ ကြာမြင့်သည့် လူမျိုးရေးအမျိုးသားရေး လက်နက်ကိုင်ပဋိပက္ခကြောင့် တနင်္သာရီမှာ ဗဟုအာဏာပိုင်များနှင့် ပေါင်းစပ်အုပ်ချုပ်မှု သွင်ပြင်လက္ခဏာများရှိသော ဒေသတစ်ခုလည်းဖြစ်သည်။

ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရရှိပြီး မကြာမီ၌ပင် တနင်္သာရီသည် နိုင်ငံ၏ စစ်တပ်နှင့် တိုင်းရင်းသား ကရင်စစ်တပ်များအကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ နေရာဖြစ်လာခဲ့သည်။ ကေအန်ယူနိုင်ငံရေးအဖွဲ့အစည်းကို ၁၉၄၇၊ ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ကရင်လူမျိုးများအတွက် လွတ်လပ်ရေးရယူရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့သည်။ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဟု စစ်အစိုးရ သတ်မှတ်ထားသည့် နယ်မြေများကို ကေအန်ယူက ပိုင်ဆိုင်ခွင့်တောင်းဆိုခဲ့သည်။ ထိုနယ်မြေများမှာ တစ်ဆက်တည်းတည်ရှိသည့် နယ်မြေများဖြစ်ပြီး "အမှောင်ထုကင်းရာမြေ" ဟု အဓိပ္ပာယ်ရသည့် ကော်သူးလေဟု ကေအန်ယူက ခေါ်ဆိုသည်။

ကရင်အမျိုးသားကာကွယ်ရေးတပ် (ကေအန်ဒီအို) ကို ၁၉၄၇ နှောင်းပိုင်း တည်ထောင်ပြီးချိန်မှစတင်၍ ကေအန်ယူသည် လက်နက်ကိုင်တော်လှန်ရေးတွင် စတင်ပါဝင်ခဲ့ပြီး ၁၉၄၈ တွင် လျင်မြန်စွာပင် အရှိန်ရလာခဲ့သည်။ ထိုအချိန်မှစတင်၍ ဗမာတို့၏ အစိုးရအုပ်ချုပ်ရေးက

တနင်္သာရီ၏ မြို့တော် ထားဝယ်ကို ထိန်းချုပ်ခဲ့ပြီး၊ ကေအန်ယူနှင့် (ကေအန်ဒီအို၏ နောက်တွင် ဖွဲ့စည်းခဲ့ပြီး ကေအန်ဒီအိုနှင့်ပေါင်းစည်းခဲ့သည့်) ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ကေအန်အယ်အေ) တို့က ကရင်လူမျိုးများနေထိုင်ကြသည့် ကျေးလက်ဒေသများကို ထိန်းချုပ်နိုင်ရန်အတွက် တိုက်ပွဲဝင်ခဲ့ကြသည်။[24] အဆိုပါ လက်နက်ကိုင်တော်လှန်မှုများမှာ မြန်မာအစိုးရနှင့် ကေအန်ယူတို့အကြား နှစ်ဖက်အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသည့် ၂၀၁၂ ခုနှစ်အထိ ကြာမြင့်ခဲ့သည်။

ကေအန်ယူ၏ အုပ်ချုပ်မှုဖွဲ့စည်းပုံ၌ ခရိုင် (၇) ခု ပါဝင်ပြီး ခရိုင်တစ်ခုချင်းစီတွင် ကေအန်အယ်အေ တပ်မဟာ တစ်ခုစီနှင့်အတူ ကျန်းမာရေး၊ ပညာရေး၊ တရားရေး၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနများ အပါအဝင် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံများနှင့် ဌာနများ ပါဝင်သည်။[25] လက်တွေ့အုပ်ချုပ်နေသည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အဆိုပါခရိုင် (၇) ခုတို့သည် ဒေသန္တရအုပ်ချုပ်ရေးနှင့် ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှုတို့တွင် သိသာစွာပင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ လုပ်ပိုင်ခွင့်ကို ရရှိကြသည်။[26] ကေအန်ယူအုပ်ချုပ်မှုအတွင်း တနင်္သာရီကို မြိတ်-ထားဝယ်ခရိုင်အဖြစ် ရည်ညွှန်းသည်။ ပထဝီဝင်အနေအထားအရ ကေအန်ယူ ဗဟိုအာဏာပိုင်များထံမှ အလှမ်းဝေးကွာမှုကြောင့် အခြားတပ်မဟာများထက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုရှိသည့် ကေအန်အယ်အေတပ်မဟာ (၄) အောက်၌ရှိသည်။[27] မကြာသေးခင်ကာလအထိ ကေအန်ယူသည် တနင်္သာရီတွင် မြန်မာနိုင်ငံ၏အစိုးရအာဏာပိုင်များကို ယှဉ်ပြိုင်စိန်ခေါ်နိုင်သည့် တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့ဖြစ်ခဲ့သည်။[28] သို့သော်လည်း အာဏာသိမ်းပြီးနောက်တွင် ဒေသအတွင်း၌ အစိုးရအာဏာကျင့်သုံးနိုင်ခွင့်ကို တောင်းဆိုသည့် လက်နက်ကိုင်အဖွဲ့များ အထူးသဖြင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (ပီဒီအက်ဖ်) ပေါ်ပေါက်လာခဲ့သည်။ နောက်အပိုင်းများတွင် တနင်္သာရီ၏ ပြောင်းလဲနေသော နိုင်ငံရေး သမိုင်းကြောင်းနှင့် အဆိုပါသမိုင်းကြောင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုကို မည်ကဲ့သို့ ပုံဖော်ခဲ့သည်ကို ဖြစ်ရပ်လေ့လာမှုများမှတစ်ဆင့် အခြေခံကျကျလေ့လာတင်ပြသွားပါမည်။

---

[24] Brenner, 2019; Mark, 2023.
[25] Brenner, 2019; Mark, 2023.
[26] Jolliffe, 2016, p. 14.
[27] South et al., 2018.
[28] Woods, 2021.

ပထမကာလ ။ ။ ၂၀၁၂ ခုနှစ်မတိုင်မီ စစ်အုပ်ချုပ်ရေး

၁၉၉၀ ပြည့်လယ်နှစ်များတွင် မြန်မာစစ်တပ်သည် တနင်္သာရီရှိ ကေအန်အယ်အေတပ်မဟာ (၄) ကို ထိုးစစ်များစွာဆင်ခဲ့သည်။ ကရင်အရပ်သားပြည်သူများစွာတို့ မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည်စခန်းများသို့ ထွက်ပြေးကြရပြီး အခြားသူများစွာတို့သည်လည်း စစ်တပ်ထိန်းချုပ်ရာလမ်းများတစ်လျှောက်ရှိ ပြန်လည်နေရာချထားရေးနေရာများသို့ စစ်တပ်၏ အတင်းအကျပ် နေရာရွှေ့ပြောင်းခြင်းကို ခံခဲ့ကြရသည်။[29] အဆိုပါထိုးစစ်များကြောင့် ကေအန်ယူက လမ်းများဖောက်လုပ်ခဲ့သော၊ ဝန်ဆောင်မှုများပေးနေသော၊ သစ်တောများကို ကာကွယ်ထိန်းသိမ်းနေသော နေရာဒေသများသို့ပါ စစ်တပ်က ထိန်းချုပ်မှုများချဲ့ထွင်နိုင်ခဲ့သည်။[30] ကေအန်ယူထံမှ နယ်မြေများ ရရှိခဲ့သည့်အတွက် စစ်တပ်သည် ရင်းနှီးမြှုပ်နှံသူများထံသို့ အကြီးစား စားအုန်းဆီလုပ်ပိုင်ခွင့်များ ပေးအပ်နိုင်ခဲ့သည်။[31]

ထိုအချိန်က နိုင်ငံရေးလုပ်ဆောင်မှုများအပေါ် စစ်အစိုးရ၏ ကန့်သတ်ထားမှုကြောင့် အရပ်သားပြည်သူများသည် ဒေသခံများအားကာကွယ်ရန်အတွက် စစ်တပ်အာဏာပိုင်နှင့် ရင်းနှီးမြှုပ်နှံသူများကို ထိပ်တိုက်ရင်ဆိုင်ရန် မဆိုထားနှင့် မြေပြင်တက်ကြွလှုပ်ရှားမှုများ၌ ပါဝင်ရန်ပင် မဖြစ်နိုင်ခဲ့ပါ။ သို့သော်လည်း အမျိုးမျိုးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားမှုများမှာ မြန်မာ-ထိုင်းနယ်စပ်ဒေသတွင် နေထိုင်ကြသော ဒုက္ခသည်များအကြားတွင် စတင်အသက်ဝင်လှုပ်ရှားလာခဲ့သည်။[32] ယင်းတို့အနက် ထိုင်းနိုင်ငံရှိ မယ်ရာမို/မယ်ရမဲ့လွန်စခန်းရှိ ကရင်ဒုက္ခသည်ကျောင်းသားများနှင့် ဆရာများက ၁၉၉၇ တွင် တည်ထောင်ခဲ့သည့် ကရင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (ကေအန်စီဂျီ) မှာ တစ်ခုအပါအဝင်ဖြစ်သည်။ နောက်တစ်ခုမှာ စောပေါလ်စိန်ထွားနှင့် ကေအန်စီဂျီအဖွဲ့ဝင်များက ၂၀၀၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သည့် ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ရက် (KESAN) ဖြစ်သည်။ KESAN သည် စတင်တည်ထောင်ချိန်မှစ၍ လေ့ကျင့်သင်ကြားပေးခြင်း၊ အသိပညာပေးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှု မြှင့်တင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များအား မှတ်တမ်းတင်ခြင်းနှင့် လူထုစည်းရုံးလှုံ့ဆော်ခြင်းတို့အပါအဝင် အမျိုးမျိုးသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာကမ်ပိန်းများ၌ ပါဝင်ခဲ့သည်။[33]

---

[29] South, 2011.

[30] South et al., 2018.

[31] Woods, 2015; 2021. Woods (2015, pp. 30-35) ၏ အဆိုအရ တနင်္သာရီတိုင်း၏ မြေဧရိယာ (၁၈) ရာခိုင်နှုန်း (၁ ဒသမ ၉ သန်း ဧက) ခန့်မှာ ဆီအုန်းစီမံကိန်းများအဖြစ် စာရွက်ပေါ်တွင် သတ်မှတ်ထားသော်လည်း မြေပြင်၌ အမှန်တကယ် စိုက်ပျိုးမှုမှာ (၂၀) ရာခိုင်နှုန်းပင် မရှိခဲ့ပေ။

[32] Brenner & Schulman, 2019; Hedström, 2016.

[33] Karen Environmental and Social Action Network, 2022.

အောက် တွင် ဖော်ပြထားသည့် ပထမဖြစ်ရပ်မှာ တနင်္သာရီရှိတက်ကြွလှုပ်ရှားမှုများ၏ ကနဦးအစော ပိုင်းအဆင့်ကို ကိုယ်စားပြုပြီး ထိုစဉ်က လှုပ်ရှားမှု အများစုကို နိုင်ငံပြင်ပမှ စီစဉ်လုပ်ဆောင် ခဲ့ကြသည်။

ဖြစ်စဉ် (၁)။ ။ Unocal အား တရားစွဲဆိုမှု

၁၉၉၂ တွင် နိုင်ငံတကာရေနံကုမ္ပဏီများဖြစ်ကြသော Unocal နှင့် Total တို့သည် တနင်္သာရီ၌ ရတနာနှင့် ရဲတံခွန်ပိုက်လိုင်းများကို တည်ဆောက်ရန်အတွက် မြန်မာစစ်အစိုးရနှင့် ဖက်စပ် လုပ်ငန်းတစ်ခုကို တည်ထောင်ခဲ့သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် စစ်တပ်နှင့် လက်မှတ်ရေးထိုးခဲ့သည့် ပထမဆုံးအဓိက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်သည်။[34] ၁၉၉၄ တွင် ပိုက်လိုင်းစီမံကိန်းအား လုံခြုံရေးပေးရန်အတွက် စစ်တပ်က ကေအန်ယူကို စစ်ဆင်ရေးများ လုပ်ဆောင်ခဲ့သည်။[35] အဆိုပါစစ်ဆင်ရေးများ၌ စစ်တပ်၏ အရပ်သားများအပေါ် အကြမ်းဖက် မှုများနှင့် အတင်းအကျပ်နေရာရွှေ့ပြောင်းခြင်းများ ပါဝင်သည်။ လူပေါင်းများစွာတို့မှာ သတ် ဖြတ်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများကို ခံခဲ့ကြရသည်။

မြန်မာ-ထိုင်းနယ်စပ်တွင် နေထိုင်သော ကရင်ဒုက္ခသည်တစ်ဦးဖြစ်သည့် ကစောဝါးက အဆိုပါ ရက်စက်ကြမ်းကြုတ်မှုများကို မှတ်တမ်းတင်ခဲ့သည်။ စစ်အစိုးရ၏ အာဏာရှင်ဆန် သည့် သဘောသဘာဝကြောင့် ၎င်းအနေဖြင့် ပိုက်လိုင်းစီမံကိန်းကို မြန်မာနိုင်ငံအတွင်းမှနေ၍ ယှဉ်ပြိုင်စိန်ခေါ်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။[36] သို့သော်လည်း ၁၉၉၀ ပြည့်နှစ်များ၏အစောပိုင်းတွင် ၎င်း သည် မြန်မာ-ထိုင်းနယ်စပ်တစ်လျှောက်၌ ပညာသင်ကြားပေးနေသော အမေရိကန်ဥပဒေ ကျောင်းသူတစ်ဦးဖြစ်သည့် Katie Redford နှင့် တွေ့ဆုံခဲ့ပြီး ယင်းအမှုကို ၎င်းတို့အတူတကွ လုပ်ဆောင်ခဲ့ကြသည်။ အမေရိကန်၌ ဥပဒေဘွဲ့ရပြီးနောက်တွင် Katie Redford သည် အခြား ရှေ့နေတစ်ဦးနှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ ၁၉၉၅ တွင် ကစောဝါးနှင့် အမေရိကန် ရှေ့နေနှစ်ဦးတို့က ဥပဒေကြောင်းအရ ဆောင်ရွက်မှုများ၊ လေ့ကျင့်သင်ကြားပေးမှုများနှင့် စည်းရုံးလှုံ့ဆော်ရေးကမ်ပိန်းများမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးတို့ကို အဓိကထားလုပ်ဆောင်သည့် အကျိုးအမြတ် မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Earth Rights International (ERI) ကို ပူးတွဲတည် ထောင်ခဲ့ကြသည်။ ERI သည် ပိုက်လိုင်းစီမံကိန်းတွင်ပါဝင်သည့် စစ်အစိုးရနှင့် ကုမ္ပဏီများအား ဆန့်ကျင်ပြီး ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်မှုများကို ထောက်ပြကာ ဦးဆောင်တိုက်ပွဲဝင်

[34] Barbesgaard, 2019.
[35] EarthRights International & Southeast Asian Information Network, 1996.
[36] Cheesman, 2015.

ခြင်းဖြင့် ပွဲဦးထွက်ခဲ့သည်။[37] ERI သည် ညဉ်းပန်းနှိပ်စက်မှု၊ လူသတ်မှုနှင့် အတင်းအကျပ် နေရာရွှေ့ပြောင်းမှုများ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လျော်ကြေးငွေများ ရယူနိုင်ရန်ရည်ရွယ်ကာ လော့စ်အိန်ဂျလိစ်ရှိ အမေရိကန်ဖက်ဒရယ်တရားရုံး၌ ဒေသခံကရင်နှင့် ထားဝယ်လူမျိုး တရားလို (၁၅) ဦးတို့ကိုယ်စား Unocal ကို တရားစွဲဆိုခဲ့သည်။[38] ၁၉၉၇ တွင် တရားရုံးက အမေရိကန်ပြည်ထောင်စု၌ မှတ်ပုံတင်ထားသည့် အဆိုပါ ကုမ္ပဏီများအား စွဲဆိုထားသည့် ယင်းအမှုကို ကြားနာရန် သဘောတူခဲ့သည်။

ERI သည် အမေရိကန်ပြည်ထောင်စုပြင်ပ၌ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် နိုင်ငံခြားသားများအနေဖြင့် အမေရိကန်တရားရုံးများတွင် ပြန်လည်ကုစားမှုရှာဖွေခွင့်ပြုထားသော ဥပဒေတစ်ရပ်ဖြစ်သည့် Alien Tort Statute ကို အသုံးပြုခဲ့သည်။ သို့သော်လည်း အမှုမှာ အတော်ပင် နှောင့်နှေးနေခဲ့သည်။ Unocal နှင့် ၎င်း၏ စီးပွားဖက်များ အပေါ် ဆက်လက်ဖိအားပေးနိုင်ရန်နှင့် အမှုအကြောင်း သတိပြုမိကြစေရန်အတွက် နိုင်ငံတကာကွန်ရက်တစ်ခုကို စတင်လုပ်ဆောင်ခဲ့သည်။ ယင်းကွန်ရက်တွင် အရှေ့တောင်အာရှ သတင်းကွန်ရက်၊ ကရင်လူ့အခွင့်အရေးအဖွဲ့နှင့် KESAN တို့ကဲ့သို့သော မြန်မာ-ထိုင်းနယ်စပ် အခြေစိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများပါဝင်သည်။ အဆိုပါကွန်ရက်က ပိုက်လိုင်းစီမံကိန်းနှင့် ဆက်စပ်၍ ကျူးလွန်သော ချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် စောင့်ကြည့်ခြင်းတို့ကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ERI သည် ပိုက်လိုင်းတည်ဆောက်မှုကြောင့်ဖြစ်သော ရက်စက်ကြမ်းကြုတ်မှုများနှင့် သဘာဝပတ်ဝန်း ကျင်ထိခိုက်ပျက်စီးမှုများကို မီးမောင်းထိုးပြသည့် မီဒီယာအင်တာဗျူးများနှင့် မှတ်တမ်းရုပ်ရှင်များကိုလည်း ပြုလုပ်ခဲ့သည်။ ၎င်းတို့သည် OILWATCH၊ Environmental Rights Action နှင့် Sierra Club ကဲ့သို့သော အဖွဲ့များနှင့်လည်း အတူလက်တွဲလုပ်ဆောင်ခဲ့သည်။ ထိုစဉ်က မြန်မာ့နိုင်ငံရေး အတားအဆီးများကြောင့် ကမ်ပိန်းအနေဖြင့် နိုင်ငံတကာပရိသတ်များနှင့် ကုမ္ပဏီရှယ်ယာရှင်များကို အဓိကပစ်မှတ်ထားခဲ့သည်။ တရားစွဲဆိုမှုမှာ ၂၀၀၅ တွင် အပြီးသတ်ခဲ့ပြီး ကုမ္ပဏီက တရားလို (၁၅) ဦးအား ထုတ်ဖော်မပြသော ပမာဏကို လျှော်ကြေးပေးရန် သဘောတူညီခဲ့သည်။[39]

ဒီမိုကရေစီမဟုတ်သည့် စစ်အစိုးရများလက်ထက်တွင်လည်း ပြင်ပနိုင်ငံရေးအခြေအနေများက နိုင်ငံရေး တက်ကြွလှုပ်ရှားသူများအတွက် ကန့်သတ်ချက်များနှင့် အခွင့်အလမ်းများကို တစ်ပြိုင်နက်တည်း ပေးစွမ်း ကြောင်းကို ဤဖြစ်ရပ်လေ့လာမှုက ဖော်ပြသည်။ စင်စစ်အားဖြင့် စစ်အာဏာရှင်အုပ်ချုပ်သည့်ကာလတွင် မည်ကဲ့သို့သော ထိပ်တိုက်ဆန့်ကျင်မှုမျိုးမဆို အကြမ်းဖက်ဖိနှိပ်ခံခဲ့ရသည်။ ထို့ကြောင့် စစ်တပ်က အကြမ်းဖက်၍ လူထုကို ထိန်းချုပ်ရန်နှင့်

[37] EarthRights International, 2025.
[38] EarthRights International, 2005a.
[39] EarthRights International, 2005b; Reuters, 2002.

တိုင်းပြည်အား နိုင်ငံတကာမှခွဲထုတ်ထားရန် အစဉ်တစိုက် ကြိုးပမ်းခဲ့သော်လည်း နိုင်ငံရေး အတိုက်အခံများက နယ်စပ်ဒေသများမှနေ၍ ယှဉ်ပြိုင်စိန်ခေါ်မှုများ ပိုမိုလုပ်ဆောင်ခဲ့ကြသည်။ ကရင်ဒုက္ခသည်တစ်ဦးနှင့် အမေရိကန်ရှေ့နေတစ်ဦးတို့အကြား တွေ့ဆုံမှုသည် ပိုက်လိုင်းကို ဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများ၏ နိုင်ငံစုံကွန်ရက်ပေါ် ပေါက်လာစေရေးကို အထောက် အကူဖြစ်စေခဲ့သည်။ ပိုက်လိုင်းစီမံကိန်းကို ယှဉ်ပြိုင်စိန်ခေါ်ရန်အတွက် "ဥပဒေရေးရာအခြေ ပြုလှုပ်ရှားမှု" ဟု တရားရေးနှင့် လှုပ်ရှားမှုများ လေ့လာသူများက ခေါ်ဆိုသည့်အရာကို ရွေး ချယ်ခဲ့ခြင်းမှာလည်း မှတ်သားဖွယ်ဖြစ်သည်။ ၎င်းမှာ ၁၉၅၀ ပြည့်နှစ်များက အမေရိကန်ပြည် ထောင်စု၌ နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှုများ အစပြုစေခဲ့သည့် ဗျူဟာတစ်ရပ်ဖြစ်သည်။[40] ထို့ကြောင့် ကွန်ရက်၏ အဓိကကျသည့် ဆန္ဒထုတ်ဖော်မှုဆောင်ရွက်ချက်မှာ အမေရိကန် အဖွဲ့ဝင်များနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်ယူဆရပြီး ကာလရှည်ကြာနက်ရှိုင်းစွာ ရှိခဲ့ပြီးဖြစ် သော ဆန္ဒထုတ်ဖော်မှု နည်းလမ်းများမှယူ၍ အသုံးပြုထားခြင်းဖြစ်သည်။ ကရင်တက်ကြွလှုပ် ရှားသူများ၏ အဓိကမဟာမိတ်များမှာ အမေရိကန်ရှေ့နေများ ဖြစ်ကြသည်မှာ တိုက်ဆိုင်မှု မဖြစ်နိုင်ပါ။ "ဥပဒေရေးရာအခြေပြုလှုပ်ရှားမှု" နှင့်အတူ ကွန်ရက်သည် ဖြစ်ရပ်နှင့် ပတ်သက် ပြီး နိုင်ငံတကာပရိသတ်များသိရှိစေရန်အတွက် လူထုဆက်သွယ်ရေး မီဒီယာများကို အသုံးပြု ခဲ့ပြီး ကိုယ်ပိုင်မှတ်တမ်းရုပ်ရှင်များကိုလည်း ထုတ်လုပ်ခဲ့ကာ ကမ္ဘာတစ်ဝန်းလုံးရှိ လူမှုလှုပ်ရှား မှုများ၌ အသုံးပြုခဲ့သည့် ဆန္ဒထုတ်ဖော်မှုဆောင်ရွက်ချက်များကိုလည်း စမ်းသပ်လုပ်ဆောင်ခဲ့ သည်။ ထို့ပြင် ကုမ္ပဏီရုံးချုပ်များ၌လည်း ဆန္ဒပြပွဲများ စီစဉ်ပြုလုပ်ခဲ့သည်။ သာဓကအားဖြင့် ဗမာနှင့် အမေရိကန်တက်ကြွလှုပ်ရှားသူများက လော့စ်အိန်ဂျလိစ်၌ ၂၀၀၄၊ မေလ (၂၄) ရက် နေ့တွင် ပြုလုပ်သည့် Unocal ကုမ္ပဏီရှယ်ရာရှင်များအစည်းအဝေးတွင် Unocal အမှုဆောင် အရာရှိများနှင့် ဗမာစစ်တပ်အရာရှိ၏ ရုပ်ပုံများကို ကိုင်ဆောင်ဆန္ဒပြပွဲတစ်ရပ်ကို စီစဉ်ပြုလုပ် ခဲ့သည်။[41]

၎င်းတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်အတွက် စိုးရိမ်ပူပန်မှုများကို သိသာထင်ရှားစွာ ညွှန်းဆိုဆောင်ရွက်ခဲ့ကြသော်လည်း အစောပိုင်း လူထုလှုပ်ရှားမှုများ၏ ဆန္ဒထုတ်ဖော်မှု ဆောင်ရွက်ချက်၊ တူညီသည့် ရည်ရွယ်ချက်နှင့် နိုင်ငံရေးဝိသေသလက္ခဏာတို့မှာ သဘာဝ ပတ်ဝန်းကျင်အရေးထက် လူ့အခွင့်အရေးအပေါ်၌ ပို၍ဇဟိုပြုသည်ကို တွေ့ရသည်။ အကြောင်းမှာ ဥပဒေကြောင်းအရ တောင်းဆိုမှုမှာ ဒေသခံများ၏ လူ့အခွင့်အရေး ချိုးဖောက် ခံရခြင်းအကြောင်း ဖြစ်သည့်အတွက်ဖြစ်သည်။ ပိုက်လိုင်းတည်ဆောက်မှုက ရက်စက်ကြမ်း ကြုတ်မှုများကို မည်ကဲ့သို့ဖြစ်စေသည်ဟူသောအချက်ကို ကမ်ပိန်းက မီးမောင်းထိုးပြခဲ့သည်။ Unocal က တရားလို (၁၅) ဦးအား လျော်ကြေးပေးရန် သဘောတူညီခဲ့သည့် အတိုင်းအတာ

[40] McCann, 1994; 2006.
[41] "Protesters Call On", 2004.

အထိ ယှဉ်ပြိုင်စိန်ခေါ်မှုမှာ အောင်မြင်သည်ဟု ယူဆနိုင်သည်။ အဆိုပါကွန်ရက်၏ စုပေါင်း ဆောင်ရွက်မှုနှင့် ခိုင်မာသည့်တောင်းဆိုမှုတို့ကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူထုလှုပ်ရှားမှု တစ်ခု ပေါ်ပေါက်လာနေမှုအဖြစ် ရှုမြင်နိုင်သည်။

ဒုတိယကာလ။ ။ ၂၀၁၂ နှစ်ဖက်အပစ်ရပ်ရေး၏ တစ်ဆစ်ချိုးအလှည့်အပြောင်း

နှစ်ပေါင်းငါးဆယ်ကြာစစ်အုပ်ချုပ်မှုနောက်ပိုင်း သမ္မတသိန်းစိန်၏ ရာထူးသက်တမ်းအတွင်း၌ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့ပြီး ၂၀၁၂ ပြီတွင် ကြားဖြတ်ရွေး ကောက်ပွဲ ကျင်းပခဲ့သည်။ ယင်းကြားဖြတ်ရွေးကောက်ပွဲမှသည် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်က အဓိကအင်အားကြီး နိုင်ငံရေးပါတီအဖြစ် ပေါ်ထွက်လာခဲ့သည်။[42] ထို့ကဲ့သို့သော တစ် စိတ်တစ်ပိုင်း ဒီမိုကရေစီအသွင်ကူးပြောင်းမှုက မြန်မာ့နိုင်ငံရေး အခြေအနေကို ပြန်လည် ပုံဖော်ခဲ့သည်။ နိုင်ငံရေးတွင် အရပ်ဘက်အဖွဲ့အစည်းများ ပိုမိုပါဝင်လာနိုင်ပြီး အပြောင်းအလဲ များ ဖော်ဆောင်လာနိုင်ခဲ့သည်။[43] ထိုကာလအတွင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့များစွာ တိုးပွားလာခဲ့ပြီး ၂၀၁၂ မှစတင်ကာ ပြည်ပရှိ တက်ကြွလှုပ်ရှားသူများသည် မြန်မာနိုင်ငံသို့ ပြန်လည်ပြောင်းရွှေ့လာခဲ့ကြသည်။ ထို့နောက်တွင် စစ်အစိုးရကို ပိုမိုပွင့်လင်းစွာ ဆန္ဒပြမှုများ နှင့် ယှဉ်ပြိုင်စိန်ခေါ်မှုများ လုပ်လာကြသည်။ ဥပမာ မြစ်ဆုံဆည်ကဲ့သို့သော အကြီးစား ဆည်ဆောက်လုပ်ရေးစီမံကိန်းများကို တက်ကြွလှုပ်ရှားသူများက ဆန္ဒပြခဲ့ကြသည်။[44]

၂၀၁၂ နောက်ပိုင်းနှစ်များတွင် စီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပြီး တနင်္သာရီ တွင်လည်း အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက်၌ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ကေအန်ယူသည် ၂၀၁၂ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် နှစ်ဖက် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ အောက်တိုဘာလ (၁၅) ရက်နေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်၌ ပါဝင်ခဲ့သည်။[45] တနင်္သာရီတွင် ၂၀၁၂ အပစ်အခတ်ရပ်စဲမှုကြောင့် ဒေသနိုင်ငံရေးနယ်ပယ်ရှိ နိုင်ငံရေးအခြေအနေများတွင် အခြေခံ ကျသည့် အလှည့်အပြောင်းတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ အပစ်အခတ်မရပ်စဲမီက ကေအန်ယူ နှင့် စစ်တပ်အကြား ဖြစ်ပွားနေသည့်ပဋိပက္ခများက သယံဇာတတူးဖော်ရေးလုပ်ငန်းများ တိုးချဲ့လာမှုကို တားဆီးပေးခဲ့သည်။ အပစ်အခတ်ရပ်စဲမှုကြောင့် ယင်းအတားအဆီးကို ဖယ်ရှား လိုက်ပြီး မတူကွဲပြားသည့် ပါဝါဒိုင်းနမစ်ကို ဖြစ်စေသည်။ ကေအန်ယူနှင့် စစ်အစိုးရတို့အကြား

---

[42] Clapp, 2020.
[43] Brenner & Schulman, 2019.
[44] Hkawn Ja Aung, 2014; Howa Wa Zau Gam et al., 2007; Middleton, 2012; Simpson, 2016.
[45] Jolliffe, 2018.

လက်နက်ကိုင်တိုက်ပွဲများနေရာတွင် ရောနှောအုပ်ချုပ်မှုပုံစံ သစ်တစ်ရပ် ပေါ်ပေါက်လာသည်။ အရပ်သားတစ်ပိုင်းအစိုးရက သစ်ခုတ်ခြင်း၊ ရာဘာစိုက်ပျိုးခြင်းနှင့် သတ္တုတူးဖော်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် ခရိုနီများ၊ စစ်တပ်အရာရှိများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံသို့ မြေယာလုပ်ပိုင်ခွင့်များ ပေးခဲ့သည်။ ယင်းကို Kevin Woods က "အပစ်အခတ်ရပ်စဲရေး အရင်းရှင်စနစ်" ဟု ခေါ်သည်။[46] သိသာထင်ရှားသည့် အခြေအနေတစ်ခုမှာ ဒေသခံကေအန်ယူ ခေါင်းဆောင်များကပါ ယင်းလုပ်ငန်းစဉ်များတွင် စတင်ပါဝင်လာခြင်းဖြစ်သည်။ ကေအန်ယူ အနေဖြင့် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်များကို အသိအမှတ်ပြုသည့် မူဝါဒများချမှတ်ထား သော်လည်း ကေအန်ယူကပင် အစိုးရနှင့်ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံသူများအား (အဆိုပါ ရင်းနှီး မြှုပ်နှံသူများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အစီအမံများ မရှိ သည့် မရှိသည့်တိုင်) မြေယာလုပ်ပိုင်ခွင့်များ ချပေးခဲ့သည်။[47] သာဓကအားဖြင့် ကေအန်ယူ တပ်မဟာ (၄) မှ ခေါင်းဆောင်အချို့သည် Noble Prince ကဲ့သို့သော ပုဂ္ဂလိကကုမ္ပဏီများကို ကိုယ်တိုင်မှတ်ပုံတင်ခဲ့ပြီး ထိုကုမ္ပဏီများက တနင်္သာရီမြစ်ပေါ်၌ ဆောက်လုပ်မည့် ရေအား လျှပ်စစ်ဆည်နှင့် မဲ့သမီးခီးစက်မှုဇုန်စီမံကိန်းများအတွက် ဗမာနှင့် တရုတ်ကုမ္ပဏီများနှင့် နား လည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။[48] ဒေသခံပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှု၊ ပြည်သူ့ဝန်ဆောင်မှုများပေးအပ်နိုင်မှုတို့ကြောင့် ကေအန်ယူသည် အရေးပါသည့် အစိုးရအာ ဏာကျင့်သုံးနိုင်ခဲ့သော်လည်း ခေါင်းဆောင်အချို့မှာ အပစ်အခတ်ရပ်စဲမှုအရင်းရှင်စနစ်၏ လုပ်ဆောင်မှုများတွင် ပါဝင်လာခြင်း ဖြင့် ယင်းကဲ့သို့အစိုးရနိုင်မှုကို ထိခိုက်စေခဲ့သည်။[49]

ထို့ပြင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကြောင့် ဗဟိုအစိုးရက ၎င်း၏ အုပ်ချုပ် ရေးလက်တံကို ဒေသအတွင်းသို့ပါ ချဲ့ထွင်နိုင်ခဲ့သည်။ နိုင်ငံတကာက ရန်ပုံငွေထောက်ပံ့ပေး ထားသော ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းများကြောင့်လည်း ထိုသို့လုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။[50] World Wildlife Fund, Fauna and Flora International နှင့် Wildlife Conservation Society တို့က ထားဝယ်၌ ရုံးများဖွင့်လှစ်ကာ ဗဟိုအစိုးရနှင့် ပူးပေါင်း၍ ထိန်း သိမ်းစောင့်ရှောက်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ အထင်ရှား ဆုံးသော ထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်းမှာ မြေယာဧက (၃ ဒသမ ၅၈) သန်းကျော်

[46] Woods, 2013.
[47] Naw Cherry Oo et al., 2023.
[48] Candle Light, 2019; Saw Yan Naing, 2016.
[49] Jolliffe, 2016.
[50] South et al., 2018.

(တနင်္သာရီတိုင်း၏ ၃၅ ရာခိုင်နှုန်း) လွှမ်းခြုံနိုင်သည့် Ridge to Reef စီမံကိန်းဖြစ်သည်။[51] ထို့ပြင် ထားဝယ်အထူးစီးပွားရေးဇုန် (SEZ) စီမံကိန်း[52] ၏ အဓိကအစိတ်အပိုင်းဖြစ်လာမည့် ထားဝယ်ရေနက်ဆိပ်ကမ်း၊ လောင်းလုံကျောက်မီးသွေး ဓာတ်အားပေးစက်ရုံနှင့် တနင်္သာရီ ဆည်တို့ အပါအဝင် အကြီးစား အခြေခံအဆောက်အဦ စီမံကိန်းများစွာတို့အတွက်လည်း အစိုးရက လိုင်စင်များချပေးခဲ့သည်။ သို့သော်လည်း မည်သည့်စီမံကိန်းဆောင်ရွက်မှုတွင်မျှ ဒေသခံလူထုနှင့် လေးလေးနက်နက် တိုင်ပင်ဆွေးနွေးခဲ့ခြင်း မရှိခဲ့သည့်အတွက် တက်ကြွလှုပ် ရှားမှုများစွာ ပေါ်ပေါက်လာခဲ့ကြသည်။

တနင်္သာရီတွင် နိုင်ငံရေးအခြေအနေများ ပြောင်းလဲလာမှုသည် အစိုးရအာဏာပိုင်များနှင့် စီးပွားရေးလုပ်ငန်းများအတွက် နယ်မြေထိန်းချုပ်နိုင်ရန်နှင့် သဘာဝသယံဇာတများကို အမြတ် ထုတ်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးသကဲ့သို့ အင်အားကောင်းသည့် လူထုလှုပ်ရှားမှုများ ကိုလည်း ပေါ်ပေါက်စေခဲ့သည်။ အဆိုပါလှုပ်ရှားမှုများသည် ကျူးကျော်ထိပါးလာသည့် စီးပွား ရေးလုပ်ငန်းများနှင့် အစိုးရအာဏာပိုင်များထံမှ ဒေသခံလူထုနှင့် သဘာဝပတ်ဝန်းကျင်အား ကာကွယ်ပေးရန် ကြိုးပမ်းခဲ့သည်။ ကရင်တက်ကြွလှုပ်ရှားသူနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန်ဂျီအို အမှုဆောင်ဒါရိုက်တာတစ်ဦးက ဤသို့ပြန်ပြောင်းပြောပြသည်။

> ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်တွေက သူတို့ရဲ့ ခြံတွေကို စရှင်းလာပြီး ကုမ္ပဏီ တွေက သူတို့ကို တရားစွဲတော့ ဒေသခံတွေက ကျွန်မဆီ ခဏခဏ ဖုန်း ဆက်ပြီး အကြံဉာဏ်တောင်းကြတယ်။[53]

လှုပ်ရှားမှုတွင် ပိုက်လိုင်းစီမံကိန်းကို ဆန့်ကျင်သည့်ကွန်ရက်မှ လူများစွာပါဝင်ခဲ့သည်။ သို့သော်လည်း စီမံကိန်း အတိုင်းအတာပမာဏ ပို၍ပင်ကြီးမားလာခဲ့သည်။ အဖွဲ့ဝင်များမှာ

---

[51] Conservation Alliance of Tanawthari, 2020. ဤသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်း ကို ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၊ Flora and Fauna International၊ the Smithsonian Institute နှင့် မြန်မာအစိုးရ၏ သစ်တောနှင့် ငါးလုပ်ငန်းဌာနများက အဆိုပြုခဲ့ခြင်းဖြစ်သည်။ ယင်းစီမံ ကိန်းအတွက် Global Environment Facility မှ အမေရိကန်ဒေါ်လာ (၂၁) သန်းကို ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးခဲ့သည်။

[52] ထားဝယ်အထူးစီးပွားရေးဇုန်သည် ရေနက်ဆိပ်ကမ်း၊ ရေနံလုပ်ငန်း၊ စက်မှုဇုန်များ၊ ဓာတ်ငွေ့ပိုက်လိုင်း များနှင့် ထိုင်းနိုင်ငံသို့ ဆက်သွယ်သည့် လမ်းနှင့် မီးရထားလမ်းကြောင်းများ ပါဝင်သည့် နိုင်ငံဖြတ်ကျော် အခြေခံအဆောက်အအုံ စီမံကိန်းကြီးတစ်ခု ဖြစ်သည်။ သို့သော် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းနှင့် ပြင်းထန် သည့် ဝေဖန်မှုများကြောင့် ၂၀၁၃ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည်။ အသေးစိတ်လေ့လာသုံးသပ်ချက်ကို Aung (2022) တွင် ဖတ်ရှုနိုင်ပါသည်။

[53] Naw Eh Doh, personal communication, August 14, 2023.

လူမျိုး၊ ဘာသာပေါင်းစုံပါဝင်သည့် စုံလင်ကွဲပြားသော အုပ်စုဖြစ်ပြီး တနင်္သာရီအနှံ့အပြားနှင့် မြန်မာ-ထိုင်းနယ်စပ်စခန်းများမှ ပါဝင်ကြသည်။ သိသာထင်ရှားသည့် အပြောင်းအလဲ တစ်ရပ်မှာ နယ်စပ်ဒေသတွင် နေထိုင်သော ဒုက္ခသည်များမှ မြန်မာပြည်တွင်းရှိ အဖွဲ့အစည်းများထံသို့ ပေးပို့သည့် ရန်ပုံငွေနှင့် အကူအညီများ ပိုမိုများပြားလာခြင်းဖြစ်သည်။[54] ထိုသို့သော သဘောအရ လှုပ်ရှားမှုမှာ နိုင်ငံဖြတ်ကျော်လှုပ်ရှားမှုတစ်ရပ်ဖြစ်လာခဲ့သည်။ ပိုက်လိုင်းကို ဆန့်ကျင်သည့် လှုပ်ရှားမှုနှင့် နှိုင်းယှဉ်ပါက လှုပ်ရှားမှုအသစ်၏ ခေါင်းဆောင်များမှာ တနင်္သာရီအတွင်း အခြေစိုက်သူများ ဖြစ်ကြသည်။ ဥပမာဆိုရသော် ၂၀၁၀ နောက်ပိုင်းတွင် တနင်္သာရီရှိ ဒေသခံအဖွဲ့အစည်းများစွာတို့မှာ သတင်းအချက်အလက်များ ဖြန့်ဝေရန်၊ အဖွဲ့ဝင်အသစ်များကို စည်းရုံးရန်နှင့် ဒေသတွင်းပြဿနာရပ်များကို လူအများသိရှိစေရန်တို့အတွက် ဖေ့စ်ဘုတ်စာမျက်နှာများဖန်တီးကာ ပထမဆုံးအကြိမ်အဖြစ် အွန်လိုင်းပေါ်၌ စတင်တည်ရှိလာကြသည်။

ယင်းဒေသခံအဖွဲ့အစည်းများက သယံဇာတတူးဖော်ရေးလုပ်ငန်းများ ကျူးကျော်ဝင်ရောက်လာမှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းများ၏ ဆိုးကျိုးများကို မှတ်တမ်းတင်ခဲ့သည်။ ဥပမာအားဖြင့် ဒေသခံ KNU/ KNLA နှင့် အစိုးရအာဏာပိုင်များက လုပ်ဆောင်သည့် အတင်းအဓမ္မနေရာ ရွှေ့ပြောင်းခံရမှု၊ မတရားသဖြင့် မမျှတသည့် လျော်ကြေးပေးအပ်မှု၊ ပွင့်လင်းမြင်သာမှုမရှိ၊ သဘောတူညီမှုမရယူဘဲ ဆောင်ရွက်မှုများနှင့် ခြိမ်းခြောက်မှု ဖြစ်ရပ်များကို မှတ်တမ်းတင်ခဲ့သည်။ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒေသခံအန်ဂျီအိုတစ်ခု၏ အမှုဆောင်ညွှန်ကြားရေးမှူး လူငယ်တစ်ဦးက ၎င်းပါဝင်ခဲ့ရသည့် အကြောင်းရင်းများကို အောက်ပါအတိုင်း ပြောကြားသည်။

> လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှုကို မြင်ချင်တာကြောင့် လှုပ်ရှားမှုမှာ ကျွန်မကိုယ်တိုင် ပါဝင်ခဲ့တာပါ။ ဘယ် (အဓိကစီးပွားရေး) ရင်းနှီးမြှုပ်နှံမှုဖြစ်ပါစေ တာဝန်ခံမှု ရှိရပါမယ်။[55]

စီမံကိန်းဒေသများတွင် ဒေသခံလူထု၏ လယ်ယာမြေများ၊ ဥယျာဉ်ခြံများ၊ ဆေးဖက်ဝင်သစ်တောများနှင့် ရပ်ရွာရှိ ငါးကန်များလည်း ပါဝင်နေရာ ယင်းစီမံကိန်းက ဒေသခံကရင်နှင့် ထားဝယ်လူထု၏ အသက်မွေးဝမ်းကျောင်းမှုများနှင့် ယဉ်ကျေးမှုကို ခြိမ်းခြောက်နေသည်ဟု တက်ကြွလှုပ်ရှားသူများ အခိုင်အမာဆိုခဲ့ကြသည်။ တက်ကြွလှုပ်ရှားမှုများကြောင့် ၂၀၁၂ တွင် ထားဝယ်အထူးစီးပွားရေးဇုန်ရှိ မဂ္ဂါဝပ် (၄,၀၀၀) ကျောက်မီးသွေးဓာတ်အားပေးစက်ရုံနှင့် ၂၀၁၆ တွင် လောင်းလုံမြို့နယ်ရှိ (၅၀၀) မဂ္ဂါဝပ် ကျောက်မီးသွေးစက်ရုံတို့ကို ဖျက်သိမ်းနိုင်ခဲ့

---

[54] Brenner & Schulman, 2019.
[55] Ma Pan Ei, personal communication, August 5, 2023.

သည့်အတွက် လှုပ်ရှားမှုမှာ အောင်မြင်ခဲ့သည်။ သက်လတ်ပိုင်း တက်ကြွလှုပ်ရှားသူတစ်ဦးက လှုပ်ရှားမှုနှင့် ဗျူဟာအမျိုးမျိုးတို့အကြောင်းအသေးစိတ်ကို အောက်ပါအတိုင်း မျှဝေခဲ့သည်။

> ပလတ်စတစ်အမှိုက်ကောက်တာ၊ ငြိမ်းငြိမ်းချမ်းချမ်းဆန္ဒပြတာ၊ စက်ဘီးစီးတာ စတဲ့လှုပ်ရှားမှုတွေကို ကျွန်တော်တို့ စီစဉ်ခဲ့တယ်။ ကျွန်တော်တို့ရဲ့ နည်းလမ်းကို အဓိက မူ သုံးခုအပေါ် အခြေခံထားတယ်။ (၁) လှုပ်ရှားမှုတွေမှာ အားလုံး အလွယ်တကူပါဝင်နိုင်ရမယ်။ (၂) ပါဝင်သူအားလုံးအတွက် လှုပ်ရှားမှုတွေက ဘေးကင်းလုံခြုံမှုရှိရမယ်။ (၃) ပါဝင်သူအားလုံးက အပြုသဘော ပါဝင်ပံ့ပိုးပေးလိုက်နိုင်တယ်ဆိုပြီး ခံစားစေရမယ်။[56]

ထိုလှုပ်ရှားမှုကို အစကနဦး၌ ထိုင်းနိုင်ငံအခြေစိုက် Eastern People Network က ၎င်းတို့၏ ထိုင်းနိုင်ငံအတွင်း ဆောင်ရွက်ခဲ့သည့် ကမ်ပိန်းအတွေ့အကြုံများကို မျှဝေပေးခြင်း ဖြင့် အားပေးထောက်ခံပေးခဲ့သည်။ ထို့နောက်တွင် တက်ကြွလှုပ်ရှားသူများက ဆောင်ရွက်ချက်များကို ဒေသဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုများနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့သည်။ ဥပမာဆိုရသော် ကုမ္ပဏီကိုယ်စားလှယ်တစ်ဦး ရွာသို့ရောက်လာပါက ရပ်ရွာလူထုက သံပုံးတီးပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ရိုးရာအရ သံပုံးတီးခြင်းမှာ မကောင်းဆိုးဝါးများကို ခြောက်လှန့်ခြင်းဖြစ်သည်။ အောက်ဖော်ပြပါဖြစ်ရပ်တွင် ၂၀၁၂ အပစ်အခတ်ရပ်စဲမှု အလှည့်အပြောင်းက တနင်္သာရီ၏ ဒေသနိုင်ငံရေးနယ်ပယ်တွင် အစိုးရအာဏာပိုင်များနှင့် တက်ကြွလှုပ်ရှားသူများအတွက် အသစ်အသစ်သော အခွင့်အလမ်းများ၊ အားပေးမှုများနှင့် အတားအဆီးများကို မည်ကဲ့သို့ ဖြစ်ပေါ်စေခဲ့သည်ကို ဖော်ပြထားသည်။

ဖြစ်စဉ် (၂)။ ။ ဘန်းချောင်း (ပေါ်ခလိုး) ကျောက်မီးသွေးသတ္တုတွင်း

ဘန်းချောင်းကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းသည် ကေအန်ယူနှင့် မြန်မာအစိုးရတို့က အစိုးရအာဏာကျင့်သုံးနိုင်မှုအတွက် ယှဉ်ပြိုင်ကာ မျှဝေအုပ်ချုပ်နေသော ရောနှောထိန်းချုပ်ဇုန်၌ တည်ရှိပြီး မြန်မာဘက်မှ ရင်းနှီးမြှုပ်နှံသည့် မေဖလားဝါးသတ္တုတူးဖော်ရေးကုမ္ပဏီနှင့် ထိုင်းဘက်မှ ရင်းနှီးမြှုပ်နှံသည့် East Star ကုမ္ပဏီတို့၏ ဖက်စပ်လုပ်ငန်းကြီးဖြစ်သည်။ တနင်္သာရီရှိဖြစ်ပေါ်နေသည့် တရားရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ဗဟိုဝါဒအခြေ အနေတွင် သတ္တုတူးဖောက်ရေးအတွက် ကေအန်ယူနှင့် ဗဟိုအာဏာပိုင်နှစ်ဖွဲ့လုံးထံမှ ခွင့်ပြုချက်ရရှိရန် လိုအပ်သည်။ မြန်မာကုမ္ပဏီက ဗဟိုအာဏာပိုင်များထံမှ ခွင့်ပြုချက်ရရှိရန် ကြိုးပမ်းပြီး၊

[56] Ko Aung, personal communication, October 13, 2024.

ထိုင်းကုမ္ပဏီက မြေပြင်နယ်မြေပိုင်စိုးမှုအာဏာပိုရှိသည့် ကေအန်အယ်အေတပ်မဟာ (၄) ထံမှ ခွင့်ပြုချက်ရရှိရန် ညှိနှိုင်းလုပ်ဆောင်ခဲ့ကြသည်။

လုပ်ငန်းများစတင်သည်နှင့်တစ်ပြိုင်နက် ဒေသခံကရင်လူထုသည် ၎င်းတို့၏ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာသည်ကို မျက်မြင်တွေ့ကြုံခဲ့ကြသည်။ ရေအရင်းအမြစ်များ ညစ်ညမ်းမှုမှာ အဆိုးရွားဆုံးပြဿနာဖြစ်သည်။ အရေးပါသည့် သဘာဝသယံဇာတများ ညစ်ညမ်းမှုကြောင့် တာကပေါလူငယ်အဖွဲ့ဟုခေါ်သည့် ဒေသခံကရင် အရပ်ဘက်အဖွဲ့အစည်းတစ်ခုနှင့် ဒေသခံလူထုခေါင်းဆောင်များက သတ္တုတွင်းအားဆန့်ကျင်ဆန္ဒပြရန် ဒေသခံ ကရင်လူထုအား စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။[57] ၎င်းတို့က ပညာရှင်များ၊ ရှေ့နေများ၊ သုတေသီများ၊ မီဒီယာ များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ Spirit in Education Movement (SEM)၊ ERI နှင့် Inclusive Development International ကဲ့သို့သော ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံ ဆက်သွယ်မည့် ကော်မတီများကို ဖွဲ့စည်းခဲ့သည်။ SEM သည် ထိုင်းနိုင်ငံတွင် အခြေစိုက်ပြီး ထိုင်းနိုင်ငံအတွင်းရှိ ကရင်ဒေသများတွင် ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် စက်မှုလုပ်ငန်းများအား ဆန့်ကျင်ဆန္ဒပြခဲ့သည့် အတွေ့အကြုံများစွာရှိရာ အရေးကြီးအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။[58] အဆိုပါလှုပ်ရှားမှုများတွင် နယ်စပ်နှစ်ဘက်စလုံးသို့ ခရီးစဉ်များ စီစဉ်ပေးခဲ့သည်။ ဤနည်းဖြင့် တနင်္သာရီနှင့် ထိုင်းနိုင်ငံအခြေစိုက် ကရင်အဖွဲ့များအကြား အပြန်အလှန် လေ့လာ သင်ယူမှုဆိုင်ရာ နယ်စပ်ဖြတ်ကျော်ကွန်ရက်တစ်ခု ဖွံ့ဖြိုးလာခဲ့သည်။

ထိုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးလှုံ့ဆော်ကြိုးပမ်းမှုများကြောင့် ထိခိုက်ခံစားရသည့်ဒေသများမှ ပြည်သူများကလည်း ၎င်းတို့၏ ယဉ်ကျေးမှု၊ အသက်မွေးဝမ်းကျောင်းမှုနှင့် သဘာဝပတ်ဝန်းကျင်များ ခြိမ်းခြောက်ခံနေရကြောင်း အရေးဆိုက သတ္တုတွင်းကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ကျောက်မီးသွေးတူးဖော်မှုဒဏ်ခံရသော ရွာတစ်ရွာမှ ကရင်အမျိုးသမီးငယ်တစ်ဦးက “ကျွန်မက ဒီဒေသမှာပဲ ကြီးပြင်းလာတာ။ ကျောက်မီးသွေး တူးဖော်မှုကြောင့် ကျွန်မရဲ့ရွာကို မပျက်စီးစေချင်ပါဘူး။ ဒါကြောင့် ကျွန်မ ဒီလှုပ်ရှားမှုမှာ ပါဝင်ခဲ့တာပါ။” ဟု မှတ်ချက်ပြုခဲ့သည်။ [59]

လှုပ်ရှားမှုတွင် ဆန္ဒထုတ်ဖော်မှုနည်းလမ်းများစွာကို အသုံးပြုခဲ့သည်။ ထိုနည်းလမ်းများတွင် မျိုးစိတ်အမျိုးမျိုး အထူးသဖြင့် ငါးမျိုးစိတ်များ၊ ဆေးဖက်ဝင်အပင်များနှင့် အခြားအပင်

---

[57] တာကပေါလူငယ်အဖွဲ့ကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဘန်းချောင်း (ပေါခလိုး) ဒေသရှိ ဌာနေတိုင်းရင်းသားအသိုက်အဝန်း၏ မြေယာနှင့် သတ္တုတွင်းဆိုင်ရာ ပြဿနာရပ်များအတွက် လူထုစည်းရုံးလှုံ့ဆော်ရေးနှင့် မူဝါဒဆိုင်ရာ တိုက်တွန်းနှိုးဆော်ရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

[58] Sitthikriengkrai & Porath, 2017.

[59] Naw Paw, personal communication, January 19, 2024.

များ၊ သစ်ပင်များမှာ ကျောက်မီးသွေးတူးဖော်မှုကြောင့် မည်သို့ခြိမ်းခြောက်ခံနေရသည်ကို မှတ်တမ်းတင်ခြင်းလည်း ပါဝင်သည်။ ရရှိလာသည့် အသိပညာအချက်အလက်များကို အစီရင်ခံစာများ ထုတ်ပြန်ခြင်းဖြင့် အများပြည်သူသိရှိအောင် ဆောင်ရွက်ခဲ့သည်။ (ကောက်နုတ်ချက်ကို ပုံ (၁) တွင် ကြည့်ပါ)

ပုံ (၁)

၂၀၁၇ တွင် ဒေသခံတက်ကြွလှုပ်ရှားသူများနှင့် ရွာသားများက မှတ်တမ်းတင်ခဲ့သည့် ကျောက်မီးသွေးတွင်းကြောင့် ခြိမ်းခြောက်ခံနေရသော ငါးနှင့် ရေနေသတ္တဝါ (၇၀) မျိုး။[60]

ဘာသာပေါင်းစုံဆုတောင်းပွဲများ၊ သီချင်းဆိုပြိုင်ပွဲများ၊ ငါးမျိုးစိတ်ထိန်းသိမ်းရေးအခမ်းအနားများ၊ အားကစားပြိုင်ပွဲများ အစရှိသည့် ရပ်ရွာလူထုလှုပ်ရှားမှုများနှင့် လက်ချည်ပွဲနှင့် ကရင်နှစ်သစ်ကူးကဲ့သို့သော ယဉ်ကျေးမှုနှင့် ရိုးရာပွဲများကိုလည်း အကျိုးရှိရှိအသုံးချခဲ့ကြသည်။ ကမ္ဘာ့ဌာနေတိုင်းရင်းသားများနေ့၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့၊ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့နှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းများနေ့တို့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာနေ့အခမ်း

---

[60] Tarkapaw Youth Group & Ban Chaung Community Sustainable Environmental Conservation Committee, 2018.

အနားများကိုလည်း အကျိုးရှိရှိအသုံးချခဲ့သည်။ ပထမနည်းလမ်းမှာ ဒေသရိုးရာဓလေ့များကို အရင်းခံပြီး ဒုတိယနည်းလမ်းမှာ ဌာနတိုင်းရင်းသားများ၏ အခွင့်အရေးများအကြောင်း နိုင်ငံတကာရေးသား ပြောဆိုချက်များအပေါ် အခြေတည်ထားသည်။ အောက်ဖော်ပြပါ ပုံ (၂) တွင် သီချင်းဆိုပြိုင်ပွဲမှ လူငယ်များကို ပြသထားသည်။

ပုံ (၂)

တာကပေါလူငယ်အဖွဲ့ ဝန်ထမ်းတစ်ဦးက ရိုက်ကူးထားသည့် ၂၀၁၉ ခုနှစ် ကတောင်နီကျေးရွာ ခန်းမ၌ ပြုလုပ်ခဲ့သည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သီချင်းဆို ပြိုင်ပွဲ ဓာတ်ပုံ။

လှုပ်ရှားမှုသည် ပါဝင်သည့်ကုမ္ပဏီများ၊ မြန်မာအစိုးရနှင့် ကေအန်ယူအဖွဲ့အစည်းများ၊ ထိုင်းလူ့ အခွင့်အရေးကော်မရှင်တို့အပါအဝင် သက်ဆိုင်သူအားလုံးထံသို့ လူများစွာပါဝင်လက်မှတ်ရေး ထိုးထားသည့် အသနားခံတောင်းဆိုစာများ ပေးပို့ခဲ့သည်။ လမ်းများပိတ်ဆို့ခြင်း (ပုံ (၃) တွင် ကြည့်ပါ) ကဲ့သို့သော မြေပြင်ဆန္ဒပြမှုများနှင့် ပိုစတာများ စိုက်ထူခြင်းကဲ့သို့သော သိမ်မွေ့သည့် နည်းလမ်းများဖြင့်လည်း ပိုမိုပြည့်စုံအောင် ဆောင်ရွက်ခဲ့သည်။

ပုံ (၃)

ဒေသခံစေတနာ့ဝန်ထမ်း စောဝါး ရိုက်ကူးခဲ့သည့် ၂၀၁၂ ခုနှစ် ပေါခလိုး၌ ရွာသားများက ကုမ္ပဏီလမ်းကို ပိတ်ဆို့ခဲ့သည့် ဓာတ်ပုံ။

နောက်ထပ်အသုံးပြုခဲ့သည့်နည်းလမ်းမှာ တန်ပြန်မြေပုံရေးဆွဲခြင်း ပါဝင်သည်။ မြေပိုင်နက်နှင့် မြေယာအခွင့် အရေးများကို တောင်းဆိုရန်အတွက် ဌာနေတိုင်းရင်းသားများ၏မြေယာများအား မြေပုံရေးဆွဲခြင်းဖြစ်သည်။ အဆိုပါနည်းလမ်းမှာ ကမ္ဘာအနှံ့ရှိ ဌာနေတိုင်းရင်းသား အသုံးပြုခဲ့သည့် ဆန္ဒထုတ်ဖော်မှုလုပ်ဆောင်မှုတစ်ရပ်လည်းဖြစ်သည်။[61] လမ်းများနှင့် ပေါခလိုးမြစ်တစ်လျှောက်ရှိ ကျောက်တုံးများကို သတ္တုတူးဖော်မှုဆန့်ကျင်ရေး စာတိုများဖြင့် ဆေးခြယ်ခဲ့ကြသည် (ပုံ (၄) တွင် ကြည့်ပါ)။ ရွာသားများက သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲကာ ကရင်အလံလွှင့်ထူ၍ မဝင်ရောက်နိုင်ရန် ဟန့်တားခဲ့ခြင်းဖြင့် ကျောက်မီးသွေးတူးဖော်ရေးစခန်းအနီး၌ လမ်းပိတ်ဆို့ခြင်းကို ဗျူဟာကျကျ ဆောင်ရွက်နိုင်ခဲ့သည်။ ရပ်ရွာလူထုက “ကျောက်မီးသွေးတူးဖော်မှု ချက်ချင်းရပ်” ဟူသောဆောင်ပုဒ်ပါ ပိုစတာနှင့် နဖူးစည်းများကို ကိုင်ဆောင်ကာ ကျောက်မီးသွေးတူးဖော်ရာနေရာ၌ စုဝေးခဲ့ကြသည်။ ကုမ္ပဏီကိုယ်စားလှယ်များက အလံနှင့် ခုတ်လှဲထားသောသစ်ပင်ကို ဖယ်ရှားခြင်းမပြုဘဲ ကေအန်ယူကို ကြားဝင်ဖြေရှင်းပေးရန် မေတ္တာရပ်ခံခဲ့သည်။ ဆန္ဒပြမှုများနှင့် စည်းရုံးလှုံ့ဆော်မှုများ ဆက်တိုက်ပြုလုပ်ခြင်းဖြင့် မြန်မာအစိုးရမှ မူလခွင့်ပြုပေးထားသည့် ဧက (၂၁၀၀) ကို ကုမ္ပဏီအနေဖြင့် အပြည့် အသုံးမချနိုင်အောင် တားဆီးနိုင်ခဲ့သည်။ ထုတ်ယူမှုကို (၆၄) ဧကခန့်အထိ ကန့်သတ်ခဲ့သည်။ နောက်ဆုံး

[61] Anthias, 2018; Wainwright & Bryan, 2009.

တွင် သတ္တုတူးဖော်ရေးလုပ်ငန်းများကို အစိုးရမှ ခေတ္တဆိုင်းငံ့ခဲ့ပြီး ကေအန်ယူက တရားဝင် အပြီးတိုင်ရပ်ဆိုင်းခဲ့သည်။

ပုံ (၄)[62]

၂၀၁၃ တွင် ပေါ်ခလိုးမြစ်တစ်လျှောက်၌ ဘန်းချောင်း ဌာနေတိုင်းရင်းသားများကို လေးစားရန် တောင်းဆိုထားသည့် ဆေးခြယ်ကျောက်တုံးတစ်တုံး။

သက်ဆိုင်သူများအစည်းအဝေးစီစဉ်မှုမှာလည်း လှုပ်ရှားမှု၏ အဓိကဗျူဟာတစ်ရပ်ဖြစ်သည်။ ရည်ရွယ်ချက် (၂) ခုရှိပြီး ပထမရည်ရွယ်ချက်မှာ အစိုးရအာဏာပိုင်များနှင့် ကုမ္ပဏီများထံ မကျေနပ်ကြောင်းတိုင်ကြားရန်ဖြစ်ကာ ဒုတိယရည်ရွယ်ချက်မှာ ထိခိုက်ခံလူထုနှင့် အစိုးရ အာဏာပိုင်များ၊ ကုမ္ပဏီများအကြား ဆက်သွယ်မှုကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ တက်ကြွလှုပ်ရှားသူများက ရွာသားများအား အသုံးချခြယ်လှယ်မခံရစေရေးအတွက် မည်သည့် စာရွက်စာတမ်းတွင်မျှ လက်မှတ်ရေးထိုးခြင်းမပြုရန် သတိပေးနှိုးဆော်ခဲ့ကြသည်။ ဆန္ဒထုတ် ဖော်မှုများ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် တက်ကြွလှုပ်ရှားသူများက ရွာသားများအား အကူအညီပေး နိုင်ရေးအတွက် ၎င်းတို့ရှိနေနိုင်မည့် ထားဝယ်၌သာ အစည်းအဝေးများကို စီစဉ် ရန် ကုမ္ပဏီနှင့် အစိုးရအာဏာပိုင်များထံ တိုက်တွန်းခဲ့သည်။ အဆိုပါအစည်းအဝေးများတွင် တက်ကြွလှုပ်ရှားသူများက အစိုးရအာဏာပိုင်များနှင့်ကုမ္ပဏီများအနေဖြင့် သတ္တုတွင်းလုပ် ငန်းများ မစတင်မီ ဒေသခံများထံမှ “လွတ်လပ်စွာ ကြိုတင်အသိပေး တိုင်ပင်၍ ရယူသည့်

[62] ပေါ်ခလိုးရပ်ရွာခေါင်းဆောင် တီးခဘူး ရိုက်ကူးထားသည့် ဓာတ်ပုံ။

သဘောတူညီမှု” (FPIC) ရယူခဲ့ခြင်း မရှိကြောင်းဖြင့် အခိုင်အမာတောင်းဆိုခဲ့သည်။[63] FPIC အယူအဆသဘောတရားကို လူ့အခွင့်အရေးကော်မရှင်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကော်မတီ၊ ကမ္ဘာ့ဘဏ်စသည့် ကုလသမဂ္ဂ (UN) အဖွဲ့အစည်းအမျိုးမျိုးကဲ့သို့သော ဒေသခံတိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ဆက်နွယ်ဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းအားလုံးနီးပါး၌ မှီငြမ်းအသုံးပြုသည်။ ယင်းအယူအဆသဘောတရားကို ၂၀၀၇ ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း[64]၌ အတည်ပြုခဲ့ပြီး မြန်မာ အစိုးရကလည်း အတည်ပြုကျင့်သုံးခဲ့သည်။[65]

တက်ကြွလှုပ်ရှားသူများ၏ စည်းရုံးလှုံ့ဆော်မှုက ရွာသားများကို ရဲဆေးတင်ပေးခဲ့သည်။ ဒေသခံလူထုအဖွဲ့ဝင်များ၊ ကုမ္ပဏီအမှုဆောင်များ၊ မြန်မာနှင့် ကေအန်ယူအာဏာပိုင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သည့် သက်ဆိုင်သူများ အစည်းအဝေးတစ်ခု၌ ပထမစာရေးသူလည်း ပါဝင်ခဲ့သည်။ ထိုအစည်းအဝေး၌ ဒေသခံကရင်အမျိုးသမီးတစ်ဦးက မြေထိုးစက်တစ်စီးရောက်လာပြီး သူမ၏ ဥယျာဉ်ခြံအတွင်းရှိ စိုက်ခင်းများကို ရှင်းလင်းသည်အထိ ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းအကြောင်း မသိရှိခဲ့ကြောင်းကို မြန်မာမေဖလားဝါး၏ စီမံညွှန်ကြားရေးမှူးထံသို့ ပြောကြားခဲ့သည်။ အာဏာပိုင်များနှင့် ကုမ္ပဏီများက လုပ်ငန်းများမစတင်မီကတည်းက ကရင်ဌာနေတိုင်းရင်းသားလူထုအား တိုင်ပင်ညှိနှိုင်းပြီး ခွင့်ပြုချက်ရယူခဲ့ကြောင်း ဆိုသည်။

ကျောက်မီးသွေးတွင်းမှာ ရောနှောအုပ်ချုပ်ရာ နယ်မြေ၌ ဖြစ်ရာ တက်ကြွလှုပ်ရှားသူများက မြန်မာအစိုးရ၊ ကေအန်ယူ နှစ်ဖွဲ့စလုံးနှင့် အစည်းအဝေးများ စီစဉ်ပြုလုပ်ခဲ့သည်။ ဗဟိုကေအန်ယူနှင့် အဓိကလူထုခေါင်းဆောင်များအကြား အစည်းအဝေးများကို KESAN က ကူညီဆောင်ရွက်ပေးခဲ့သည်။ ဥပမာဆိုရသော် KESAN က ဗဟိုကေအန်ယူခေါင်းဆောင်များနှင့် အစည်းအဝေးတစ်ရပ်ကို စီစဉ်ပေးခဲ့ပြီး ယင်းအစည်းအဝေး၌ ဒေသခံတက်ကြွလှုပ်ရှားသူများက ကျောက်မီးသွေးတူးဖော်ရေး၏ ဆိုးကျိုးများကို တင်ပြခဲ့သည်။ တက်ကြွလှုပ်ရှားသူများက

[63] FPIC တွင် အခြေခံမှု (၃) ချက် ပါဝင်ပါသည်။ “လွတ်လပ်မှု” ဆိုသည်မှာ မည်သည့်အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် လှည့်ဖြားဖြားယောင်းမှုမျိုးမှ မရှိခြင်းကို ဆိုလိုသည်။ “ကြိုတင်မှု” ဆိုသည်မှာ မည်သည့်လုပ်ငန်းကိုမဆို ခွင့်ပြုချက်မပေးမီ သို့မဟုတ် မစတင်မီ အချိန်လုံလောက်စွာယူ၍ ကြိုတင်ညှိနှိုင်းတိုင်ပင်ပြီး သဘောထားရယူခြင်းကို ဆိုလိုသည်။ “ပြည့်စုံသောသတင်းအချက်အလက်” ဆိုသည်မှာ ဌာနေတိုင်းရင်းသားများ နားလည်သဘောပေါက်နိုင်သော ပုံစံဖြင့် လက်ခံဖွယ်ရှိသည့် သတင်းအချက်အလက်များကို ရရှိပိုင်ခွင့်ရှိခြင်းပင် ဖြစ်သည်(Barelli, 2012)။

[64] Barelli, 2012, pp. 9-10.

[65] IWGIA, 2025.

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ခံများဖြစ်ကြသည့် နိုင်ငံရေးခေါင်းဆောင် အသစ်များ အထူးသဖြင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့ကိုလည်း စည်းရုံးခဲ့ကြသည်။

တက်ကြွလှုပ်ရှားမှုများသည် အချက်အလက်အခြေခံ လုပ်ဆောင်ခြင်းထက် စိတ်ခံစားမှု အခြေခံ လုပ်ဆောင်ကြသူများအဖြစ် အစိုးရအာဏာပိုင်များနှင့် ကုမ္ပဏီများ၏ ပုံဖော်ဝေဖန် မှုများကို တန်ပြန်ရန်အတွက် အချက်အလက်စုဆောင်းရေးခရီးစဉ်များကိုလည်း လှုပ်ရှားမှုက စီစဉ်ဆောင်ရွက်ခဲ့သည်။ မီဒီယာများ၊ စီအက်အိုများနှင့် ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများအား ပျက်စီးမှုများကို ကိုယ်တိုင်မျက်မြင်တွေ့ရှိကာ မှတ်တမ်းတင်နိုင်ရေးအတွက် ညစ်ညမ်းသွား သည့် နေရာများကို လာရောက်ကြည့်ရှုကြရန် ဖိတ်ခေါ်ခဲ့သည်။ လူထု၏ တောင်းဆိုမှု မှန်ကန်ကြောင်း သက်သေပြနိုင်ရန်အတွက် ရွာသားများအား အင်တာဗျူးခဲ့ပြီး၊ လေနှင့် ရေ ညစ်ညမ်းမှုအဆင့်များကိုလည်း စမ်းသပ်ခဲ့ကြသည်။ ဒေသခံများထံမှ သွေးနမူနာများကိုပါ ရယူ ခဲ့ကြသည်။ မြန်မာကျွမ်းကျင်သူများက လှုပ်ရှားမှုတွင်ပါဝင်ရန် ကြောက်ရွံ့နေကြသည့်အတွက် အလားတူကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးခဲ့သည့် ထိုင်းကျွမ်းကျင်သူများကို ချဉ်းကပ်ခဲ့ ကြသည်။ ထိုကဲ့သို့ လုပ်ဆောင်ခဲ့ကြခြင်းကြောင့် ၎င်းတို့၏ တောင်းဆိုချက်များ၌ သိပ္ပံနည်းကျ အထောက်အထားများကို ပြသနိုင်ခဲ့ပြီး စိတ်ခံစားချက်လွန်ကဲသူများဟူ၍ စွပ်စွဲခံရသည်များကို လည်း တန်ပြန်တုံ့ပြန်နိုင်ခဲ့သည်။

၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အကြားတွင် သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းများကို အကြိမ် ကြိမ်ရပ်ဆိုင်းခဲ့သည်ဖြစ်ရာ သတ္တုတွင်းဆန့်ကျင်ရေးလူထုလှုပ်ရှားမှုမှာ တစ်စိတ်တစ်ပိုင်း အောင်မြင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကေအန်ယူတပ်မဟာ (၄) မှ ခရိုင်ခေါင်းဆောင်များက East Star ကုမ္ပဏီ၏လိုင်စင်ကို ဆိုင်းငံ့ခဲ့သည်။ သို့သော်လည်း၊ တပ်မဟာနှင့် ညှိနှိုင်းပြီး နောက်တွင် ကုမ္ပဏီ၏ သတ္တုတူးဖော်ရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခဲ့သည်။ ထို့နောက် တွင် တက်ကြွလှုပ်ရှားသူများ၏ ဆက်တိုက်စည်းရုံးလှုံ့ဆော်မှုများကြောင့် ဗဟိုကေအန်ယူ သတ္တုတွင်းဌာနက ၂၀၁၈၊ မေလတွင် ကုမ္ပဏီ၏ သတ္တုတူးဖော်ခွင့်ပြုမိန့်ကို ပယ်ဖျက်ခဲ့သည်။ အလားတူပင် တက်ကြွ လှုပ်ရှားသူများ၏ စဉ်ဆက်မပြတ်ကမ်ပိန်းများကြောင့် တနင်္သာရီတိုင်း ဒေသကြီးအစိုးရက ၂၀၁၇၊ မေလတွင် မြန်မာမေဖလားဝါးကုမ္ပဏီ၏ လုပ်ငန်းများကို ဆိုင်းငံ့ ခဲ့သည်။[66] သို့သော်လည်း ကေအန်ယူနှင့် မြန်မာစစ်တပ် အပါအဝင် ဒေသန္တရအစိုးရ အာဏာ ပိုင်များ၊ ကုမ္ပဏီများက ယင်းဆုံးဖြတ်ချက်နှင့် ပြဋ္ဌာန်းချက်များကို လေးစား လိုက်နာခြင်း မရှိခဲ့ပါ။ ဥပမာဆိုရသော် ကေအန်ယူ တပ်မဟာ (၄) ၏ ယခင်ဥက္ကဋ္ဌဟောင်းက ကုမ္ပဏီ ကိုယ်စားလှယ်များနှင့် ဒေသခံလူထုအကြား အစည်းအဝေးများကို စီစဉ်ပေးခဲ့ပြီး၊ ယင်းအစည်း

[66] Tarkapaw Youth Group et al., 2015; Tarkapaw Youth Group & Ban Chaung Community Sustainable Environmental Conservation Committee, 2018.

အဝေးများတွင် ကုမ္ပဏီအား လုပ်ငန်းများ ပြန်လည်စတင်ခွင့်ပြုသည့် ပုံစံများ၌ လက်မှတ်ရေးထိုးရန် လူထုအား တိုက်တွန်းခဲ့သည်။

နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကြောင့် ဖြစ်ပေါ်လာသော အလှည့်အပြောင်းက တနင်္သာရီ၏ နိုင်ငံရေးအခြေအနေကို ပြောင်းလဲစေခဲ့ကြောင်း ထိုဖြစ်ရပ်က ပြသသည်။ မြန်မာအစိုးရနှင့် ကေအန်ယူ တပ်မဟာ (၄) တို့အကြား မဟာမိတ်ဖွဲ့လာမှုက အဓိကအပြောင်းအလဲဖြစ်ခဲ့ပြီး ဘန်းချောင်းသတ္တုတွင်းကို ဖွင့်လှစ်စေနိုင်ခဲ့သည်။ သို့သော်လည်း တစ်ချိန်တည်းတွင် သတ္တုတူးဖော်ရေး လုပ်ငန်းများစတင်ခြင်းကြောင့် တက်ကြွသည့် ဒေသခံများဦးဆောင်သည့် နိုင်ငံဖြတ်ကျော်လူထုလှုပ်ရှားမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ယင်းလှုပ်ရှားမှုများသည် ၎င်းတို့၏ ဆန္ဒထုတ်ဖော်ပြသမှုများမှတစ်ဆင့် အမျိုးသားဥပဒေများနှင့် နိုင်ငံတကာ FPIC စံနှုန်းများ အပေါ် အခြေခံကာ သတ္တုတူးဖော်ရေးလုပ်ငန်းများကို အကြိမ်ကြိမ်ဆိုင်းငံ့စေရန် အစိုးရအာဏာပိုင်များထံ စည်းရုံးနိုင်ခဲ့သည်။

သတ္တုတွင်းအားပိတ်ရန် ရည်ရွယ်ချက်ဖြင့် လှုပ်ရှားမှုကို စုစည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်များတွင် ဌာနေတိုင်းရင်းသားများအခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်သူများဟူသည့် တူညီသည့် နိုင်ငံရေးလက္ခဏာရှိကြသည်။ စင်စစ်အားဖြင့် တီထွင်ဖန်တီးမှုရှိသည့် ဆန္ဒထုတ်ဖော်မှုနည်းလမ်းများက ယင်းအကြောင်းအရာနှစ်ခုကို မီးမောင်းထိုးထားသည်။ သတ္တုတွင်းကို ရင်ဆိုင်စိန်ခေါ်ရန်အတွက် နောက်ကွယ်မှ အရေးပါသည့်အဆိုမှာ သဘာဝပတ်ဝန်းကျင်ကို စီမံခန့်ခွဲရာ၌ မိရိုးဖလာ ဌာနေတိုင်းရင်းသား နည်းလမ်းများက ခေတ်မီနည်းလမ်းများထက် ပို၍ရေရှည်တည်တံ့ခိုင်မြဲမှုရှိသည်ဟူသော အချက်ဖြစ်သည်။ ဆန္ဒထုတ်ဖော်မှုပုံစံ အချို့တွင် မိရိုးဖလာ ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို မီးမောင်းထားသည်။ တချိန်တည်း တွင်ပင် ရပ်ရွာလူထုသည် နိုင်ငံတကာအထိမ်းအမှတ်နေ့များကို ကျင်းပခဲ့ပြီး ဌာနေတိုင်းရင်းသားများအဖြစ် ၎င်းတို့၏နိုင်ငံရေးလက္ခဏာရပ်များကို ပိုမိုစုစည်း ခိုင်မာညီညွတ်စေခဲ့သည်။ အလားတူပင် လှုပ်ရှားမှု၏ ဥပဒေရေးရာအခြေပြုလှုပ်ရှားမှု ဗျူဟာ တွင် နိုင်ငံတကာဘာသာစကားနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ဟောပြောချက် များမှတစ်ဆင့် မြေယာအခွင့်အရေးတောင်းဆိုမှုများကို အလေးထားလုပ်ဆောင်ခဲ့သည်။[67] ထို သဘောအရ ၎င်းတို့၏ ဗျူဟာမှာ မြန်မာနိုင်ငံ၏ အခြားအရပ်ဒေသများမှ တက်ကြွလှုပ်ရှားသူ များနှင့် တူညီခြင်း မရှိဘဲကွဲပြားနေသည်။ Dunford က မြန်မာအစိုးရသည် နိုင်ငံတကာအခွင့်အရေးများအား အသိအမှတ်မပြု သည့်အတွက် ယင်းတို့အပေါ်အခြေခံသည့်ဗျူဟာများမှာ မြန်မာနိုင်ငံတွင် အောင်မြင်စွာ အသုံးပြုနိုင်မည် မဟုတ်ဟု ဆိုထားသည်။ အလားတူပင်

[67] မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသား အခွင့်အရေးဆိုင်ရာ အယူအဆများ ပြောင်းလဲတိုးတက်လာပုံကို ဝေဖန်ဆန်းစစ်ထားမှုအား Dunford (2019) တွင် ဖတ်ရှုနိုင်ပါသည်။

Prasse-Freeman ကလည်း မြန်မာအခြေခံလူတန်းစားတက်ကြွလှုပ်ရှားသူများသည် ပုံမှန်တရားဝင်အခွင့်အရေးဆိုင်ရာမူဘောင်များကို ဒေသအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် ငြင်းပယ်ကြသည်ဟု ထောက်ပြထားသည်။[68]

တက်ကြွလှုပ်ရှားသူများ၏ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုမှတ်တမ်းများတွင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကြောင့်ဖြစ်သော ညစ်ညမ်းမှုများသည် သဘာဝပတ်ဝန်းကျင်နှင့် ဌာနေကရင်တိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ယဉ်ကျေးမှုကို မည်ကဲ့သို့ ခြိမ်းခြောက်နေပုံကို အလေးထားဖော်ပြထားသည်။ အလားတူပင် ဓလေ့ထုံးတမ်းမြေယာ အခွင့်အရေးနှင့် ဌာနေတိုင်းရင်းသားဖြစ်မှု အကြောင်းများအရ မြေယာတောင်းဆိုမှုကို ပြုလုပ်နိုင်ရန်အတွက် တန်ပြန်မြေပုံရေးဆွဲခြင်းနည်းလမ်းကိုလည်း အသုံးပြုခဲ့သည်။

၂၀၁၂ အပစ်အခတ်ရပ်စဲပြီးနောက် ပေါ်ပေါက်လာသော လူထုလှုပ်ရှားမှုများမှာ ၁၉၉၀ ပြည့်နှစ်များနှင့် ၂၀၀၀ ပြည့်နှစ်များက ပိုက်လိုင်းများကို ဆန့်ကျင်သည့် ကွန်ရက်ဆန္ဒပြမှုများနှင့်မတူဘဲ သိသာထင်ရှားစွာ ကွဲပြားပါသည်။ အရေးကြီးဆုံးသော အပြောင်းအလဲမှာ လွတ်လပ်ခွင့်ပိုမိုရရှိလာသည့် နိုင်ငံရေးအခြေအနေများကြောင့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ဆန္ဒထုတ်ဖော်မှုနည်းလမ်းများကို လူအများရှေ့တွင် လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကြောင့်ပင် သတ္တုတွင်းကို ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုများတွင် လမ်းများပိတ်ဆို့ခြင်း၊ ဆန္ဒပြခြင်းနှင့် သတင်းစာရှင်းလင်းပွဲများအပါအဝင် ပိုမိုကျယ်ပြန့်သည့် ဆန္ဒထုတ်ဖော်မှု နည်းလမ်းများကို အသုံးပြုနိုင်ခဲ့သည်။ ဆန္ဒထုတ်ဖော်မှုနည်းလမ်းများ ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံရေးလက္ခဏာသစ်တစ်ရပ်လည်း ပေါ်ပေါက်လာခဲ့သည်။ အပစ်အခတ်ရပ်စဲပြီးနောက်ပိုင်း တက်ကြွလှုပ်ရှားသူများက မိမိကိုယ်ကိုယ် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများအဖြစ်ထက် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်သူများအဖြစ် သတ်မှတ်ပုံဖော်လာခဲ့ကြသည်။

လှုပ်ရှားမှုတွင် ရှိပြီးသား ဆန္ဒထုတ်ဖော်မှုနည်းလမ်းများကိုလည်း အသုံးပြုခဲ့သည်။ ပထမဦးစွာ ပျက်စီးဆုံးရှုံးမှုများအား မှတ်တမ်းတင်ခြင်း၊ အသိပညာပေးရန်အတွက် မီဒီယာအသုံးပြုခြင်း၊ ကွန်ရက်တည်ဆောက်ခြင်းနှင့် ဥပဒေရေးရာအခြေပြုလှုပ်ရှားမှုများ အပါအဝင် ပိုက်လိုင်းအား ဆန့်ကျင်သည့် တက်ကြွလှုပ်ရှားသူများ အသုံးပြုခဲ့သော နည်းလမ်းများကိုလည်း ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ မိမိကိုယ်ကို ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သူများ အဖြစ်သတ်မှတ်သည့် အပြောင်းအလဲသည် ပုံစံထပ်နေသည့်တိုင် မတူကွဲပြားသော ဆန္ဒထုတ်ဖော်သည့် နည်းလမ်းတစ်ခု ဖြစ်လာခဲ့သည်။ ပိုမိုများပြားလာသော နိုင်ငံတကာလူ့ခွင့်အရေးအဖွဲ့များကလည်း ဌာနေတိုင်းရင်းသားများကို ကာကွယ်ရန်အတွက် အထူးရေးဆွဲထားသည့် ဥပဒေရေးရာ အခြေခံ

[68] Prasse-Freeman, 2023b.

သဘောတရားများနှင့် စံနှုန်းများကို အသေးစိတ် ရှင်းလင်းဖော်ပြပေးခဲ့ကြသည်။[69] တစ်ချိန်တည်း၌ပင် နိုင်ငံတကာစာချုပ်စာတမ်းများကလည်း ဌာနေတိုင်းရင်းသားများပိုင်ဆိုင်ရာ အခွင့်အရေးများစွာတို့ကို အသိအမှတ်ပြုလာခဲ့ကြသည်။ ရလဒ်အနေဖြင့် နိုင်ငံတကာ အဆင့်တွင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို အခြေခံထားသည့် စနစ်တစ်ရပ် တဖြည်းဖြည်း ပေါ်ပေါက်လာသည်။ တက်ကြွလှုပ်ရှားသူများက မြေယာအခွင့်အရေးများကို တောင်းဆိုရန်နှင့် အစိုးရအာဏာပိုင်များ၊ ကုမ္ပဏီများနှင့် နိုင်ငံတကာ ကာကွယ်စောင့်ရှောက်ရေး အေဂျင်စီများအား ယှဉ်ပြိုင်ရင်ဆိုင်ရန်အတွက် ယင်းစနစ်ကို ဆန္ဒထုတ်ဖော်မှုနည်းလမ်းတစ်ရပ်အဖြစ် ဗျူဟာကျကျ ချမှတ်ကျင့်သုံးခဲ့ကြသည်။[70] ထိုသို့လုပ် ဆောင်ရသည့် အကြောင်းအရင်းများစွာ ရှိခဲ့သည်။

ပထမဦးစွာ မြေပြင်ရှိ အာဏာအရှိဆုံးနှင့် ယုံကြည်စိတ်အချရဆုံး အစိုးရအာဏာပိုင်ဖြစ်သည့် ကေအန်ယူက ၎င်း၏ မြေယာနှင့် သစ်တောမူဝါဒ၌ နိုင်ငံတကာ ဌာနေတိုင်းရင်းသားများ အခွင့်အရေးကို တရားဝင်အသိအမှတ်ပြုခဲ့သည်ဖြစ်ရာ လူထု၏ တောင်းဆိုမှုများကို တရားဝင်ဖြစ်စေပြီး အကာအကွယ်လည်း ရစေခဲ့သည်။ ဒုတိယအနေဖြင့် ရေပန်းစားလာသော ဌာနေတိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံနှုန်းများက ထိုင်း East Star ကုမ္ပဏီကဲ့သို့သော နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများအပေါ် လွှမ်းမိုးမှုများ ရှိလာခဲ့သည်။ တစ်ချိန်တည်း၌ပင် မြန်မာ့ပြည်တွင်းဥပဒေမူဘောင်များကလည်း မြေယာသိမ်းပိုက်မှုနှင့် အခွင့်အရေးချိုးဖောက်မှုများကို အကာအကွယ်ပေးထားခြင်းမရှိတော့ပေ။ တတိယအနေဖြင့် ICCA အစုအဖွဲ့ကဲ့သို့သော နိုင်ငံတကာ အခွင့်အရေးအခြေခံကွန်ရက်များနှင့်လည်း မဟာမိတ်ဖွဲ့စည်းလာနိုင်ခဲ့သည်။[71] သို့သော်လည်း ပေါခလိုး သတ္တုတွင်းကို ဆန္ဒပြခဲ့သည့်ဖြစ်ရပ်တွင် ဖော်ပြထားသကဲ့သို့ပင် အဆိုပါဗျူဟာမှာ တပ်မဟာ (၄) ခေါင်းဆောင်များ၏ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ကြောင့် တစ်စိတ်တစ်ပိုင်းသာ အောင်မြင်ခဲ့သည်။ သို့သော်လည်း အောင်မြင်သည့် သာဓကများလည်း များစွာရှိပါသည်။ ဥပမာဆိုရသော် တနင်္သာရီတိုင်းဒေသကြီးရှိ ကရင်လူထု၏ ကိုယ်စား Conservation Alliance Tanawthari (CAT) က ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာရန်ပုံငွေအဖွဲ့နှင့် UNDP က ငွေကြေးပံ့ပိုးပေးထားသည့် Ridge to Reef စီမံကိန်းကို ဆန့်ကျင်သည့် တရားဝင် ကန့်ကွက်ချက်ကို တင်သွင်းနိုင်ခဲ့သည်။[72] အဆိုပါစီမံကိန်းတွင် ကျေးရွာပေါင်း (၂၂၅) ရွာ ပါဝင်သည့် မြေဧက (၃ ဒသမ ၅) သန်းခန့်ရှိ ဒေသကို အဆိုပြုထားသည်။ ယင်းစီမံကိန်းကို

---

[69] Xanthaki, 2007.

[70] Conservation Alliance of Tanawthari, 2020; Tarkapaw Youth Group, & Ban Chaung Community Sustainable Environmental Conservation Committee, 2018.

[71] ICCA ဆိုသည်မှာ ‘territories of life’ အား အတိုကောက်ခေါ်ဆိုခြင်းဖြစ်။

[72] Conservation Alliance of Tanawthari, 2018.

FPIC ချိုးဖောက်မှုကြောင့် ၂၀၁၈ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ဆိုင်းငံ့ခဲ့ပြီး စစ်တပ်အာဏာသိမ်းမှုနှင့် လုံခြုံရေးအခြေအနေများ ဆိုးရွားလာမှုများကြောင့် ၂၀၂၄ ဧပြီလတွင် တရားဝင်ဖျက်သိမ်းခဲ့သည်။[73]

တတိယကာလ ။ ။ အာဏာသိမ်းတစ်ဆစ်ချိုးအပြောင်းအလဲ

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာစစ်တပ်ခေါင်းဆောင်များက အာဏာသိမ်းခဲ့သည့်အတွက် ဆန္ဒပြမှုများ အနှံ့အပြားပေါ်ပေါက်ခဲ့သည်။ စစ်တပ်က ဆန္ဒပြမှုများကို အကြမ်းဖက်ဖိနှိပ်မှုဖြင့် တုံ့ပြန်ခဲ့သည်။[74] ထို့ကြောင့် နိုင်ငံရေးသမားများနှင့် အရပ်သားများ၊ စီအက်အိုများနှင့် လက်နက်ကိုင်အဖွဲ့အသစ်နှင့် အဟောင်းများ ကွဲပြားစုံလင်စွာပါဝင်သည့် တော်လှန်ရေးလှုပ်ရှားမှုတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ယင်းအချက်မှာ မြန်မာ့ နိုင်ငံရေးအခြေအနေအား အခြေခံကျကျပြန်လည်ဖွဲ့စည်းသည်သာမက အစိုးရအာဏာကျင့်သုံးနိုင်မှု မြေပြင်အနေအထားကို ပြန်လည်ပုံဖော်သတ်မှတ်လိုက်ခြင်းဖြစ်သည်။[75] စစ်တပ်က တိုင်းပြည်၏ အစိတ်အပိုင်းများစွာကို ထိန်းချုပ်ထားဆဲဖြစ်သည့်တိုင် ၎င်း၏ နယ်မြေထိန်းချုပ်ရန်ကြိုးပမ်းမှုမှာ ပိုမိုပြင်းထန်အစွန်းရောက်လာပြီး တော်လှန်ရေးအဖွဲ့များ၏ ထိန်းချုပ်နယ်မြေသည် သိသိသာသာပင် ပိုမိုတိုးပွားလာလျက်ရှိသည်။[76]

အာဏာသိမ်းမှုကြောင့် တနင်္သာရီတွင် သိသိသာသာဂယက်ရိုက်ခတ်မှုများ ရှိခဲ့ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများ၏ လုပ်ဆောင်ပုံအပေါ်လည်း နက်ရှိုင်းစွာသက်ရောက်မှုရှိလာသည်။ တနင်္သာရီတွင် စစ်အုပ်ချုပ်ရေး ပြန်လည်စတင်လာခြင်းနှင့် အဖွဲ့အစည်းအသစ်များ ဝင်ရောက်လာခြင်းတို့ကြောင့် အစိုးရအာဏာကျင့်သုံးနိုင်မှု မြေပြင်အခြေအနေမှာ သိသိသာသာ ပြောင်းလဲလာခဲ့သည်။ အစိုးရအာဏာကျင့်သုံးနိုင်မှု အခြေအနေမှာ အဖွဲ့အစည်းများစွာက နယ်မြေအသေးများကို အသီးသီးအုပ်စိုးကြသည့်အဖြစ်သို့ အစိတ်စိတ်ကွဲထွက်သွားခဲ့သည်။ တိုက်ပွဲများ၏ ရေချိန်နှင့် အလျဉ်အရ အစိုးရအာဏာကျင့်သုံးနိုင်မှုနှင့် နယ်မြေထိန်းချုပ်မှုတို့သည်လည်း ပြောင်းလဲနေရာ အခြေအနေမှာ အရှိန်အဟုန်ဖြင့် ပြောင်းလဲလျက်ရှိသည်။ အဓိကအဖွဲ့အစည်းများမှာ ကေအန်ယူ၊ ကေအန်ယူခွဲထွက်အဖွဲ့ဖြစ်သည့် ကော်

[73] Global Environment Facility, 2024; United Nations Development Programme, 2024.
[74] Bynum, 2022; Kipgen, 2021.
[75] Thawnghmung & Naw Moo Moo Paw, 2024.
[76] International Crisis Group, 2024.

သူးလေတပ်မတော် (ကေအန်အယ်လေ)[77]၊ ပီဒီအပ်ဖ်တပ်ဖွဲ့များ[78]၊ ဒေသကာကွယ်ရေးတပ်ဖွဲ့များ၊ အမျိုးသားညီညွတ်ရေးအစိုးရ (အန်ယူဂျီ) နှင့် စစ်တပ်တို့ဖြစ်ကြသည်။ ကေအန်ယူနှင့် မြန်မာစစ်တပ်ကို ယှဉ်ပြိုင်ရန်အတွက် အန်ယူဂျီက ဒေသအချို့တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ပြီး ဒေသန္တရအုပ်ချုပ်ရေးစနစ်များကို ထူထောင်ရန် ကြိုးပမ်းသည်။ သို့သော်လည်း အန်ယူဂျီ၌ စွမ်းဆောင်ရည်အကန့်အသတ်သာရှိသည်။

အာဏာသိမ်းမှုကြောင့်ဖြစ်ပေါ်လာသော အလှည့်အပြောင်းကြောင့် လက်နက်ကိုင်အဖွဲ့အသစ်များစွာတို့သည် နယ်မြေငယ်များကိုသာ ထိန်းချုပ်နိုင်ခဲ့သော်လည်း မြန်မာစစ်တပ်၏ အာဏာနှင့် စွမ်းဆောင်ရည် ကျဆင်းမှု နောက်ဆက်တွဲကြောင့် ကေအန်ယူက ရောနှောအုပ်ချုပ်သည့်နယ်မြေများစွာတို့ကို သိမ်းပိုက်နိုင်ခဲ့သည်။[79] ဥပမာအားဖြင့် မြေယာအခွင့်အရေးများကို အသိအမှတ်ပြုပေးခြင်း၊ လုံခြုံရေးပေးခြင်းတို့ဖြင့် ကေအန်ယူက အဆိုပါနယ်မြေများကို စတင်၍ အုပ်ချုပ်လာခဲ့သည်။ လုံခြုံရေးအရ ဆောင်ရွက်မှုအနေဖြင့် ကေအန်ယူ၊ ကေအန်အယ်အေက ၎င်း၏ နယ်မြေအတွင်း ဝင်ရောက်၊ ထွက်ခွာသူများအား စာရင်းသွင်းနိုင်ရန်နှင့် ပြင်ပမှလူများအား ဝင်ရောက်ခွင့်ကန့်သတ်နိုင်ရန်အတွက် လုံခြုံရေးစစ်ဆေးဂိတ်များစွာကို ထားရှိလာသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ရပ်ရွာအခြေပြုအဖွဲ့အစည်းတစ်ခုမှ ခေါင်းဆောင်တစ်ဦးက ၎င်း၏နယ်မြေအတွင်း အသွားအလာကန့်သတ်မှုနှင့် ပတ်သက်၍ စိတ်ပျက်ရကြောင်းကို အောက်ပါအတိုင်း ပြောပြခဲ့သည်။

> ကျွန်တော့်ရွာကနေ မြို့ကိုရောက်ဖို့ကေအန်အယ်အေ၊ စစ်တပ်နှင့် ပီဒီအက်ဖ်ဂိတ်တွေ အပါအဝင် စစ်ဆေးရေးဂိတ် (၁၉) ခုကို ဖြတ်ရတယ်။[80]

အဖွဲ့အစည်းများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များ လုပ်ကိုင်ရန်အတွက်ကိုပင် ကေအန်ယူထံမှ ခွင့်ပြုချက်လိုအပ်သည်။ ထားဝယ်အခြေစိုက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှ ကရင်လူမျိုး ပရိုဂရမ်မန်နေဂျာတစ်ဦးက အောက်ပါအတိုင်းပြောပြသည်။

---

[77] ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO) ၏ စစ်ဦးစီးချုပ်အဖြစ်မှ ထုတ်ပယ်ခံရပြီးနောက် ဗိုလ်ချုပ်နယ်ဒါးဘိုမြသည် KNU မှ ခွဲထွက်ကာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကော်သူးလေတပ်မတော် (KTLA) ကို သီးခြားတည်ထောင်ခဲ့သည်။

[78] တနင်္သာရီတိုင်းတွင် ပြည်သူ့ကာကွယ်ရေးတပ် (၆၆) ဖွဲ့ခန့်ရှိသည် (The Tanintharyi Times, 2024)။

[79] Saw Ner Dhu Da, 2026 [this issue].

[80] Saw Eh Soe, personal communication, June 25, 2023.

> ကေအန်ယူနယ်မြေမှာရှိတဲ့ ရွာတစ်ရွာရွာကို ရောက်တဲ့အခါ ကျွန်တော်တို့ ဝန်ထမ်းက ကျွန်တော်တို့ရဲ့ နာမည်တွေ စာရင်းပေးဖို့၊ လုပ်ဆောင်မယ့် လုပ်ငန်းတွေကို အသေးစိတ်နှင့် ရပ်ရွာထဲမှာ ဘယ်နှရက်နေမယ်ဆိုတာတွေကို အသိပေးဖို့ ဒေသအာဏာပိုင်တွေကို ရုံးမှာ သွားတွေ့ရပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင် ကရင်လူမျိုးတွေဖြစ်ပြီး ပဋိပက္ခကြောင့် စစ်ရှောင်တွေကို လာကူညီကြတဲ့သူတွေ ဖြစ်တာတောင်မှ ဘယ်နေ့မှာ ရပ်ရွာကနေပြန်မယ်ဆိုတာကိုပါ သူတို့ဆီ အကြောင်းကြားရပါတယ်။[81]

ထိုသို့သောကန့်သတ်ချက်များမှာ အရပ်သားပြည်သူများအတွက် ကြမ်းတမ်းသည်ဟု ယူဆရသော်လည်း ကေအန်ယူအတွက်မူ လုံခြုံရေးနှင့် နယ်မြေထိန်းချုပ်မှုအတွက် အဓိကသော့ချက်ဖြစ်သည်။ အာဏာသိမ်းပြီးချိန်မှစတင်ကာ တနင်္သာရီရှိ သဘာဝသယံဇာတထုတ်ယူမှုမှာ စစ်တပ်ထိန်းချုပ်ဒေသတွင်ရော တော်လှန်ရေးထိန်းချုပ် ဒေသတွင်ပါ မြင့်တက်လာခဲ့သည်။[82] တနင်္သာရီအနှံ့အပြားတွင် ကုမ္ပဏီများက စစ်အစိုးရနှင့်ဖြစ်စေ ကေအန်ယူနှင့် ဖြစ်စေ ပူးပေါင်းလုပ်ဆောင်သည့် အသေးစားနှင့် အလတ်စား သတ္တုတူးဖော်မှုများ တိုးလာခဲ့သည်။ တနင်္သာရီ လူထု၏ အသံကို ထုတ်ပေးရန်အတွက် ၂၀၁၃ တွင် ဖွဲ့စည်းခဲ့သည့် Dawei Watch က တနင်္သာရီ သဘာဝကြိုးဝိုင်းနယ်မြေရှိ သတ္တုတွင်းဧရိယာတစ်ခု၌ ရွှေတူးဖော်မှု ဆယ်ဆအထိတိုးလာကြောင်း အစီရင်ခံစာထုတ်ပြန်ခဲ့သည်။[83] ထို့သို့တူးဖော်မှုများကြောင့် သစ်တောများပျက်စီးခဲ့ပြီး ရေအရင်းအမြစ်များ ညစ်ညမ်းခဲ့ရသည်။ သို့တိုင် ဒေသခံရွာသားများက ဆန္ဒမပြရဲကြပါ။ ယခင် ဆည်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ကရင်အမျိုးသမီးတစ်ဦးက "ရွှေတူးတာကို ဒေသခံလက်နက်ကိုင်အာဏာပိုင်တွေက ခွင့်ပြုပေးထားပြီး မြစ်ရေညစ်ညမ်းမှုတွေ ဖြစ်နေရတယ်။ ဒါပေမဲ့ ဒေသခံရွာသားတွေအနေနဲ့ ဆန္ဒပြနိုင်တဲ့နေရာ မရှိဘူး။" ဟု ဆိုသည်။[84]

အလားတူပင် တက်ကြွလှုပ်ရှားသူနှင့် ရပ်ရွာလူထုခေါင်းဆောင်ဟောင်းတစ်ဦးကလည်း ဤသို့ ပြောကြားခဲ့သည်။

> ကျွန်တော်တို့ဒေသမှာ အာဏာသိမ်းပြီးကတည်းက သတ္တုတူးတာနဲ့ သစ်ခုတ်တာတွေလိုမျိုး သဘာဝသယံဇာတ တူးဖော်ထုတ်ယူတာတွေ တစ်ရှိန်

[81] Naw Say Say, personal communication, October 4, 2023.
[82] Independent Research Network, 2022.
[83] "Gold mining devastating forest", 2023.
[84] Naw Eh Eh, personal communication, August 4, 2023.

> ထိုးမြင့်တက်လာတယ်။ အာဏာမသိမ်းမီတုန်းက အဲဒီလိုလုပ်တာတွေကို ကျွန်တော်တို့ တားဆီးနိုင်ခဲ့တယ်။ ခုတော့ သူတို့တွေကို တားဖို့ အင်အား မရှိတော့ပါဘူး။[85]

နေထိုင်သူများက လစဉ်အခွန်ပေးဆောင်နေရသည့် စစ်တပ်အုပ်ချုပ်သည့် ဒေသများတွင်လည်း သတ္တုတူးဖော်ခွင့်ပြုချက်များ ပိုမိုများပြားလာသည်။[86] ထို့ပြင် အသစ်ဖွဲ့စည်းလိုက်သည့် ကေအန်အယ်အေကလည်း စစ်အစိုးရကို အနိုင်တိုက်ရန်ထက် စီးပွားရေးအကျိုးစီးပွားကို ဦးစားပေးကာ ကေအန်အယ်လေ တပ်မဟာ (၄) နှင့် မြေပြင်တွင် ယှဉ်ပြိုင်လာသည်။[87] ကေအန်အယ်လေ တပ်မဟာ (၄) နှင့် ကေတီအယ်အေတို့အကြား ဒေသတွင်းနယ်မြေထိန်းချုပ်မှုအတွက် ပဋိပက္ခ ပိုမိုပြင်းထန်လာခဲ့ပြီး ကေတီအယ်အေက ၂၀၂၃ တွင် ကေတီအယ်အေ အခြေစိုက်စခန်းကို သိမ်းပိုက်ခဲ့သည်။ ကရင်အခြေစိုက်လက်နက်ကိုင် အဖွဲ့များအကြား အားပြိုင်မှုများကြောင့် အရပ်သားပြည်သူများမှာ နှစ်ဖက်စလုံးက ရန်သူဘက်နှင့် ပူးပေါင်း သည်ဟူ၍ စွပ်စွဲကာ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်းနှင့် သတ်ဖြတ်ခြင်းများကိုပင် ခံကြရပြီး၊ ဆိုးရွားသည့် အကျိုး ဆက်များကို ကြုံတွေ့ခံစားကြရသည်။[88]

ပြင်းထန်သည်ပဋိပက္ခများ ပြန်လည်ဖြစ်ပွားလာသည့်အတွက် လူထုအကြားဆန္ဒပြခြင်းမှာ မယုံနိုင်လောက် အောင်ပင် အန္တရာယ်များလာသည်။ ယခင်က အစိုးရနှင့် စီးပွားရေး အကျိုးစီးပွားများအား လူသိရှင်ကြား ဆန့်ကျင်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှုကြောင့် တက်ကြွလှုပ်ရှားသူများစွာတို့မှာ နိုင်ငံစွန့်ခွါထွက်ပြေးကြရသည်။ အခြားသူများသည်လည်း ကေအန်ယူ ထိန်းချုပ်ထားသည့် သစ်တောဖုံးလွှမ်းဒေသများသို့ ထွက်ပြေးကြရသည်။ ဒေသခံ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းတစ်ခု၏ ကရင်ခေါင်းဆောင်တစ်ဦးက “အာဏာသိမ်းပြီးတော့ ကျွန်တော်တို့အဖွဲ့ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ရတယ်။ စစ်တပ်က လာစစ်မှာကို စိုးရိမ်ခဲ့ကြရတယ်။ ကျွန်တော်လည်း မြို့ကနေ ရွှေ့ပြီး နောက်ဆုံးတောထဲမရောက်ခင်အထိ တစ်နေရာပြီး တစ်နေရာ ပြောင်းနေခဲ့ရတယ်” ဟု ပြောပြသည်။[89]

အရေးကြီးသည့်အချက်မှာ တက်ကြွလှုပ်ရှားသူများစွာတို့သည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြကာ အခြားတက်ကြွလှုပ်ရှားသူများသည်လည်း နိုင်ငံရေးအရ ပိုမိုတက်ကြွတော်လှန်လာကြပြီး ကြီးထွားလာသည့် လက်နက်ကိုင်တော်လှန်ရေး၌ ပါဝင်လာကြသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းများ၏

[85] Saw Eh Soe, personal communication, June 25, 2023.
[86] Mg Htin, 2024.
[87] Hein Thar, 2023.
[88] “Rival Ethnic Karen”, 2023.
[89] Saw Shwe, personal communication, July 29, 2023.

အဖွဲ့ဝင်များက တက်ကြွလှုပ်ရှားသူများကွန်ရက်ကို တည်ထောင်ကာ သဘာဝသယံဇာတ ထုတ်ယူမှုများအား စောင့်ကြည့်ရေးနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ သင်တန်းပေးခြင်းများကို ဆောင်ရွက်ကြသည်။ လူသိရှင်ကြားဆန့်ကျင်မှုများလုပ်ရန်မှာ အန္တရာယ်များသည့်အတွက် အွန်လိုင်း၌သာ တွေ့ဆုံ၊ စည်းရုံး၊ စီစဉ်ဆောင်ရွက်ကြသည်။ ဒေသခံအဖွဲ့အစည်းတစ်ခုမှ ထားဝယ်အမျိုးသမီး ညွှန်ကြားရေးမှူးတစ်ဦးက အာဏာသိမ်းမှုကြောင့် ၎င်းတို့၏ ဆောင်ရွက်ချက်များ ပြောင်းလဲလာရပုံကို အောက်ပါအတိုင်း မှတ်ချက်ပြုသည်။

လက်တလောမှာ ကျွန်မတို့အနေနဲ့ သယံဇာတ စီမံအုပ်ချုပ်မှုတွေကို စောင့်ကြည့်လေ့လာတာ၊ သုတေသနပြုစုတာ၊ အသိပညာပေးတာ၊ ဖက်ဒရယ်နဲ့ပတ်သက်ပြီး သင်တန်းပေးတာ၊ လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ပေးတာ စတာတွေကို လုပ်ဆောင်နေ ပါတယ်။ မြေပြင်မှာ မလုပ်နိုင်ကြတော့တဲ့အတွက် ဒစ်ဂျစ်တယ်စနစ်ကို အခြေခံပြီး အွန်လိုင်း မှာပဲ အဓိက စီစဉ်ဆောင်ရွက်ကြပါတယ်။[90]

သဘာဝပတ်ဝန်းကျင်ဆိုင်ရာလှုပ်ရှားမှုများအား ယခုအခါ၌ လူငယ်များက ဦးဆောင်လာရာ သိသာထင်ရှားသည့် မျိုးဆက်အပြောင်းအလဲတစ်ခု ဖြစ်လာခဲ့သည်။ ပထမမျိုးဆက် ခေါင်းဆောင်များစွာတို့မှာ မဖြစ်မနေ ပြည်တွင်းမှပြောင်းရွှေ့သွားရခြင်းကြောင့်လည်း တစ်စိတ် တစ်ဒေသပါဝင်သည်။ အဖွဲ့အစည်းများသည် ရပ်ရွာလူထုကို အခြေခံသည့်ဒေသခံများနှင့် စေတနာ့လုပ်အားပေးများမှတစ်ဆင့် လုပ်ငန်းများဆောင်ရွက်ကြသည်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် အဖွဲ့အစည်း အမည်ပြောင်းလဲခြင်း၊ အမည်ဝှက်များအသုံးပြုခြင်း အစရှိသည့် ဗျူဟာအသစ်များကိုလည်း တက်ကြွလှုပ်ရှားသူများက ကျင့်သုံးခဲ့ကြသည်။ ထို့ပြင် နိုင်ငံအတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများက ၎င်းတို့၏ရုံးများကို ပိတ်လိုက်ကြပြီး ဝန်ထမ်းများက ထိုင်းနိုင်ငံမှဖြစ်စေ၊ စစ်အစိုးရထိန်းချုပ်ထားခြင်းမရှိသော ဒေသများမှဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ကြသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် နိုင်ငံရေးလှုပ်ရှားမှုများ ပိုမိုတိုးလာပြီး နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့်လည်း ခရီးသွားလာရေးအခက်အခဲများ၊ လုံခြုံရေး စိုးရိမ်ချက်များကြောင့် မြေပြင်လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း မရှိတော့သည်ဖြစ်ရာ အဆိုပါ အဖွဲ့အစည်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေရရှိမှုများလည်း လျော့နည်းသွားသည်။[91] လူထုလှုပ်ရှားမှုများအား အာဏာသိမ်းပြီးနောက် နောက်ခံအခြေအနေအသစ်နှင့် လိုက်လျောညီထွေမှုရှိစေရေး ဆောင်ရွက်ခဲ့ရပုံကို အောက်တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းနှင့်ဆက်စပ်သည့် ဖြစ်ရပ်တစ်ခု၌ ဖော်ပြထားသည်။

---

[90] Ma Pan Ei, personal communication, August 5, 2023.
[91] Kyed & Chambers, 2023.

ဖြစ်စဉ် (၃)။ သွေးစွန်းငွေဖြတ်တောက်ရေးလှုပ်ရှားမှု

သွေးစွန်းငွေဖြတ်တောက်ရေးလှုပ်ရှားမှုသည် မြန်မာလူငယ်တက်ကြွလှုပ်ရှားသူများ ဦးဆောင်သည့် အွန်လိုင်းပေါ်၌ အဓိကလုပ်ဆောင်နေသော နိုင်ငံတော်အဆင့် လူထုလှုပ်ရှားမှုတစ်ခုဖြစ်သည်။ အဖွဲ့ဝင်များတွင် လူမှုရေးနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၊ ဒီမိုကရေစီလိုလားသူများ၊ အလုပ်သမားနှင့် ကျောင်းသားသမဂ္ဂဝင်များ ပါဝင်ပြီး၊ မြန်မာနိုင်ငံ ဒေသအသီးသီးနှင့် ကမ္ဘာ့နိုင်ငံအရပ်ရပ်၌ အခြေချနေထိုင်နေကြသော မြန်မာနိုင်ငံသားဖြစ်ကြသည်။ တနသ်ာရီလူထုသည်လည်း တစ်ဦးချင်းအနေဖြင့် လှုပ်ရှားမှုတွင် ပါဝင်ကြသည်။ အဆိုပါလှုပ်ရှားမှုသည် သပိတ်ကော်မတီများနှင့် လေကြောင်းတိုက်ခိုက်မှုကို အပြင်းအထန် ခံစားကြရသည့် ရပ်ရွာလူထုအပါအဝင် ပြည်တွင်းမှ အဖွဲ့အစည်းမျိုးစုံတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ပြင်ပအဖွဲ့အစည်းများတွင် ERI၊ Thai Extraterritorial Obligation-Watch Working Group၊ Inclusive Development International နှင့် Alternative ASEAN Network on Burma တို့ ပါဝင်ကြသည်။ အာဏာသိမ်းမှုမတိုင်မီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများနှင့် မတူသည့် အရေးကြီးသောကွာခြားချက်မှာ သွေးစွန်းငွေဖြတ်တောက်ရေး လှုပ်ရှားမှု၏ ခေါင်းဆောင်များတွင် အမျိုးသမီးငယ်များ ပါဝင်ကြခြင်းဖြစ်သည်။ လှုပ်ရှားမှု၏ အလုံးစုံသော ရည်မှန်းချက်မှာ မြန်မာစစ်တပ်၏ ဝင်ငွေကို ဖြတ်တောက်ရန်ဖြစ်သည်။ ၎င်းတို့၏ လှုပ်ရှားမှုများသည် TotalEnergies (ပြင်သစ်)၊ Chevron (အမေရိကန်) နှင့် PTTEP (ထိုင်းနိုင်ငံပိုင် ရေနံလုပ်ငန်း၏ လုပ်ငန်းခွဲတစ်ခု) တို့အပါအဝင် ပိုက်လိုင်း၌ ရင်းနှီးမြှုပ်နှံထားကြသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ပစ်မှတ်ထားကာ ၎င်းတို့၏ မြန်မာနိုင်ငံတွင်း လုပ်ငန်းများကို လျှော့ချရန်တောင်းဆိုထားသည်။ ၎င်းတို့၏ အဓိကအဆိုမှာ ပိုက်လိုင်းမှရရှိသော ဝင်ငွေများသည် စစ်တပ်အား ရန်ပုံငွေထောက်ပံ့ပေးနေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို ပံ့ပိုးပေးနေသည်ဟူ၍ ဖြစ်သည်။[92] လှုပ်ရှားမှုက နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဖြစ်စေရေး လမ်းညွှန်ချက်များကို လေးစားလိုက်နာရန် တိုက်တွန်းထားသည်။ သို့သော်လည်း ဆက်လက်ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် စစ်အစိုးရက ၎င်း၏ အတိုက်အခံရန်ဘက်များအပေါ် အကြမ်းဖက်ဖိနှိပ်မှုများကြောင့် လှုပ်ရှားမှုမှာ အဓိကအားဖြင့် အွန်လိုင်းဖြစ်စဉ်တစ်ခုအဖြစ်သာ တည်ရှိရာ စီစဉ်သူတစ်ဦးက “စစ်အစိုးရအောက်မှာ ဝေဖန်ဖို့၊ ဆန္ဒကျင်ဖို့၊ အခွင့်အရေးတွေကို ကျင့်သုံးဖို့ နိုင်ငံရေးအရ ဖြစ်နိုင်ခြေလုံးဝ မရှိပါဘူး။ အဲဒီလိုလုပ်ဖို့ အွန်လိုင်းလှုပ်ရှားမှုကသာ ဘေးကင်းလုံခြုံမှုအရှိဆုံး နည်းလမ်းဖြစ်ပါတယ်” ဟု မှတ်ချက်ပြုခဲ့သည်။[93]

---

[92] Herbertson & Blood Money Campaign, 2023.
[93] Herbertson & Blood Money Campaign, 2023.

အဆိုပါလှုပ်ရှားမှုတွင် နိုင်ငံခြား ငွေလုံးငွေရင်းနှင့် စစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုများအကြား ဆက်စပ်မှုကို နိုင်ငံတကာက သတိပြုသိရှိလာစေမည့် ဆန္ဒထုတ်ဖော်မှု နည်းလမ်းများစွာကို အသုံးပြုထားပါသည်။ လူများစွာ ပါဝင်လက်မှတ်ရေးထိုးထားသည့် အသနားခံစာများ၊ အွန်လိုင်းနှင့် မြေပြင်ဆန္ဒပြပွဲများ၊ ဆွေးနွေးပွဲများ၊ သတင်းစာရှင်းလင်းပွဲများနှင့် ခါတ်ပုံကမ်ပိန်းများ ပါဝင်သည်။ သွေးစွန်းငွေဖြတ်တောက်ရေးလှုပ်ရှားမှု၏ အကြံပေးက အောက်ပါအတိုင်းပြောကြားသည်။

> အဖွဲ့အနေနဲ့ Twitter (ယခု X) မှာ update တွေတင်၊ ဖေ့စ်ဘုတ်မှာလည်း သတင်းအချက်အလက်တွေ မျှဝေပြီး လူများစွာ ပါဝင်လက်မှတ်ရေးထိုးနိုင်မယ့် အွန်လိုင်းအသနားခံစာတစ်စောင်ကို ဆောင်ရွက်ထားပါတယ်။ [94]

ဆန္ဒထုတ်ဖော်မှုနည်းလမ်းအချို့ကို မြေပြင်၌လည်း လုပ်ဆောင်ခဲ့သည်။ ဥပမာအားဖြင့် ထားဝယ်မှ ဒီမိုကရေစီလှုပ်ရှားမှုသပိတ်ကော်မတီက တော်လှန်ရေးကို အားပေးသော၊ သဘာဝပတ်ဝန်းကျင်အရေးကို လိုလားသော သတင်းစကားများကို ကိုင်ဆောင်ထားသည့် လူငယ်များ၏ ချီတက်ပွဲကို စီစဉ်ခဲ့သည်။ သို့သော်လည်း စစ်တပ်ထိန်းချုပ်မှု ပြင်ပရှိနေရာတစ်ခု၌သာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။[95] နောက်ပိုင်းတွင် လှုပ်ရှားမှုသည် ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများနှင့်စပ်လျဉ်း၍ နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးများအတွက် OECD လမ်းညွှန်ချက်များ[96]အား လိုက်နာမှုမရှိဟူ၍ စွပ်စွဲကာ အမေရိကန်၊ ဗြိတိန်နှင့် နယ်သာလန် အစိုးရများထံသို့ တရားဝင်တိုင်ကြားစာများပေးပို့ခဲ့ပြီး ရှယ်ယာရှင်များထံသို့လည်း လူများစွာ ပါဝင်လက်မှတ်ရေးထိုးထားကာ အသနားခံစာ တိုက်ရိုက်တင်ပြခဲ့သည်။ ၂၀၂၂ မေလ (၄) ရက်နေ့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တို့မှ ရရှိသည့်ဝင်ငွေများ စစ်တပ်ထံသို့ ရောက်မသွားစေရန် တားဆီးနိုင်ရေးအတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေလုပ်ငန်းအား အရေးယူပိတ်ဆို့မှုများချမှတ်ရန် အမေရိကန်အစိုးရထံသို့ တိုက်တွန်းသည့် အိတ်ဖွင့်ပေးစာတစ်စောင်ကို မြန်မာနှင့် နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်း (၆၃၇) ဖွဲ့၏ မဟာမိတ်အဖွဲ့က လူပေါင်း (၂၂၀,၀၀၀) လက်မှတ်ရေးထိုး ထောက်ခံမှုဖြင့် ထုတ်ပြန်ခဲ့သည်။[97] အဆိုပါခိုင်မာသည့်စည်းရုံး လှုံ့ဆော်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်က လှုပ်ရှားမှု၏တောင်းဆိုမှုများနှင့်အညီ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) ကို အရေးယူပိတ်

[94] Ko Myo, personal communication, October 13, 2024.
[95] Hein Htoo Zan, 2023.
[96] Inclusive Development International et al., 2024.
[97] Progressive Voice, 2022.

ဆိုခဲ့သည်။ အဆိုပါစည်းရုံး လှုံ့ဆော်ကြိုးပမ်းချက်များနှင့် နောက်ဆက်တွဲ အရေးယူပိတ်ဆို့မှုများအကြား ဆက်စပ်မှုကို မီဒီယာများက အလေးပေး ဖော်ပြခဲ့ကြသည်။[98]

Total နှင့် Chevron ကုမ္ပဏီများလည်း မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ကြသည်။[99] သို့သော်လည်း ထိုသို့ ထွက်ခွာကြသည့်နောက်တွင် PTTEP က အစုရှယ်ယာများကို ရယူကာ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုလုပ်ငန်းများ ပိုမို ချဲ့ထွင်လုပ်ဆောင်မည့် သဘောတူညီချက်တစ်ရပ်ကို ၂၀၂၅ ဧပြီလ (၁၀) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် ထိုင်းပုဂ္ဂလိကကုမ္ပဏီ တစ်ခုဖြစ်သည့် Gulf Petroleum Myanmar သည် MOGE နှင့် ထုတ်လုပ်ခွဲဝေမှု သဘောတူစာချုပ်အသစ်အတွက် ၂၀၂၅ မေလ (၂၀) ရက်နေ့တွင် နားလည်မှုသဘောတူစာချွန်လွှာတစ်ရပ်ချုပ်ဆိုခဲ့သည်။ ယင်းကိုတုံ့ပြန်သည့်အနေဖြင့် သွေးစွန်းငွေဖြတ်တောက်ရေးလှုပ်ရှားမှုသည် စစ်အစိုးရသို့ သဘာဝဓာတ်ငွေ့အတွက်ဝင်ငွေများ ပေးချေမှုကို ရပ်တန့်ရန်နှင့် သဘောတူစာချုပ်အသစ်များ ထပ်မံချုပ်ဆိုခြင်းမပြုရန်တို့အတွက် ထိုင်းရင်းနှီးမြှုပ်နှံသူများအား ဆက်လက်၍ဖိအားပေးခဲ့သည်။[100] အဆိုပါအွန်လိုင်းဆောင်ရွက်ချက်များကို နိုင်ငံတကာအဖွဲ့အစည်းများ အထူးသဖြင့် ပါလက်စတိုင်းညီညွတ်ရေး ကမ်ပိန်းသာမက မြန်မာနိုင်ငံရှိ ပိုမိုကျယ်ပြန့်သော တော်လှန်ရေးလှုပ်ရှားမှုများထံမှ လှုံ့ဆော်အားပေးမှုများ ရရှိခဲ့သည်။ စီစဉ်သူတစ်ဦးက အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

European tourists flock to Wa Ale Resort in Lampi Marine National Park annually. (2023, January 6). *The Global New Light of Myanmar*, p. 5.

Every village in Magway Region to plant two-acre forest to combat rising temperatures. (2024, May 25). *The Global New Light of Myanmar*, p. 1.

Everybody needs to conserve forests in rural areas and green urban areas as national duty: Commander-in-Chief (Army, Navy and Air) office has planted 194,001 trees and windbreaks in 39 ceremonies from 2011 to date. (2023, September 8). *The Global New Light of Myanmar*, p. 1.

Everybody needs to make preparations for easing the impacts of climate change: Senior General. (2023, March 23). *The Mirror*, p. 1.

Families of Office of the Commander-in-Chief (Army, Navy and Air) hold second monsoon tree-growing ceremony. (2024, July 13). *The Global New Light of Myanmar*, p. 1.

First-ever EV Charging Station inaugurated in Nay Pyi Taw. (2023, March 5). *The Mirror*, p. 5.

Flooded areas warned of heavy rain and strong winds. (2024, July 16). *Global New Light of Myanmar*, p. 5.

Flooding emergency in Myitkyina prompts rapid rescue efforts. (2024, July 2). *The Global New Light of Myanmar*, p. 4.

Forest conservation in watershed areas helps sustainability of freshwater resources. (2024, September 8). *The Global New Light of Myanmar*, p. 4.

Forest Dept marks International Day of Forests 2024. (2024, March 26). *The Global New Light of Myanmar*, p. 24.

Fostering sustainable business practices: The hospitality industry in Mon State to replace single-use plastic with glass from upcoming tourism peak season. (2023, October 27). *The Global New Light of Myanmar*, p. S-A.

Four major faiths unite for rain invocation. (2024, May 6). *The Global New Light of Myanmar*, p. 3.

Heavy rains lessen cotton quality. (2023, October 18). *The Global New Light of Myanmar*, p. 6.

Indigenous peoples hold many solutions to climate crisis, says UN chief. (2023, April 19). *The Global New Light of Myanmar*, p. 15.

Installation of 14MW solar power system planned for Thilawa SEZ. (2024, March 21). *The Global New Light of Myanmar*, p. 1.

Juuzi Forest confirmed as Protected Public Forest in Putao Tsp, Putao Dostrict, Kachin State. (2024, October 20). *The Global New Light of Myanmar.*

Lawkananda Wildlife Sanctuarcy Launches ecotourism in Mandalay Region. (2024, March 31). *The Global New Light of Myanmar*, p. 1.

Let's grow trees at the best time. (2024, June 27). *The Global New Light of Myanmar*, p. 8.

Manloiyang designated as protected public forest to preserve wildlife and ecosystem in Katha Tsp, Katha District, Sagaing Region. (2024, September 13). *The Global New Light of Myanmar*, p. 1.

MIC nods 6 investment projects including renewable energy project on 2 Oct. (2023, October 3). *The Global New Light of Myanmar*, p. 1.

MoA signed for wind power projects in Rakhine State. (2023, March 2). *The Mirror*, p. 8.

MoALI UM leads delegation to join 45th ASEAN Ministers on Agriculture & Forestry Meeting. (2023, October 5). *The Global New Light of Myanmar.*

Moe Yan. (2023, February 25). Underground dam can conduct the green in drought hot regions. *The Mirror.*

MoEP invites tenders for Shweli-3 Hydropower Project investment. (2023, December 25). *The Global New Light of Myanmar*, p. 5.

Mon State to plant over 20,000 trees, including over 10,000 windbreaks. (2024, June 27). *The Global New Light of Myanmar*, p. 2.

MoNREC designates Htin Mel protected public forest in Bokpyin Township, Taninthayi Region. (2024, February 17). *The Global New Light of Myanmar*, p. 5.

MoNREC designates Kyeikpi Shwethaungkwin protected public mangrove forest. (2024, February 15). *The Global New Light of Myanmar*, p. 5.

MoNREC designates Kyun Natha Marine National Park in Gwa township, Thandwe District, Rakhine State. (2024, June 18). *The Mirror*, p. 13.

MoNREC designates new protected public mangrove forest in Myeik District, Taninthayi Region. (2024, August 3). *The Global New Light of Myanmar*, p. 2.

MoNREC designates Shwesandaw Protected Public Forest in Mandalay Region. (2024, September 14). *The Global New Light of Myanmar*, p. 11.

MoNREC designates Yone Taung protected public forest in Haka. (2024, September 13). *The Mirror.*

MoNREC Union Minister arrives back after attending China Xizang Forum. (2024, July 7). *The Global New Light of Myanmar*, p. 3.

MoNREC Union Minister leaves for PRC to attend 4th China Xizang Trans-Himalaya Forum for International Cooperation. (2024, July 2). *The Global New Light of Myanmar*, p. 3.

Mt Popa, Myanmar's first National Geopark, to launch geotourism. (2024, May 22). *The Global New Light of Myanmar*, p. 2.

Myanmar achieves remarkable 0.9% deforestation rate in 2010-2020. (2024, June 5). *The Global New Light of Myanmar*.

Myanmar and ASEAN collaborate with Japan, China, and Korea for environmental conservation and climate action: MONREC Union Minister. (2023, August 26). *The Global New Light of Myanmar*, p. 4.

Myanmar forestry officials to observe ASEAN Heritage Parks in Indonesia. (2024, June 19). *The Global New Light of Myanmar*, p. 5.

Myanmar participates in 10th World Water Forum in Indonesia. (2024, May 25). *The Global New Light of Myanmar*, p. 10.

Myanmar ranks third in ASEAN for heritage parks. (2024, April 24). *The Global New Light of Myanmar*, p. 1.

Myanmar showcases disaster management efforts at 2023 BRI Ministerial Forum. (2023, November 18). *The Global New Light of Myanmar*, p. 7.

Myanmar, Thailand and Laos hold tripartite coordination meeting on trans-border smog issue. (2023, April 8). *The Global New Light of Myanmar*, p. 1.

Myanmar's 59 protected areas cover 6.42% of country. (2024, May 31). *The Global New Light of Myanmar*, p. 2.

Myanmar's Minister attends ASEAN environment meetings. (2023a, August 25). *The Mirror*, p. 7.

Myanmar's systematic preservation of mangroves: Home to the third-largest mangrove area. (2024, June 11). *The Global New Light of Myanmar*, p. 2.

Nadi Min. (2023, January 3). Chin State's Konjac cultivation enhances rural livelihood and income, generates revenue. *The Global New Light of Myanmar*, p. 5.

Nangsapi designated as protected public forest to preserve wildlife and ecosystem in Homalin Tsp, Homalin District, Sagaing Region. (2024, September 12). *The Global New Light of Myanmar*.

Nations rally behind renewables at COP28 climate talks. (2023, December 4). *The Global New Light of Myanmar*.

Nearly 1,500 natural disasters strike nationwide in eight months. (2023, September 27). *The Global New Light of Myanmar*, p. 6.

Novotel Yangon to host 6th International Plastic Trade Fair. (2023, March 19). *The Global New Light of Myanmar*.

Nyein Thu. (2024, May 30). Mountain ecosystem, forest conservation guarantee watershed area of Ayeyawady. *The Global New Light of Myanmar*, p. 6.

One Tourist-One Tree programme to start in coming July. (2024, June 17). *The Global New Light of Myanmar*, p. 5.

Over 10,000 villages gain electricity access in 8 years via small-scale power projects, home solar systems. (2023, February 9). *The Global New Light of Myanmar*, p. 6.

Over 27,300 flood victims relocated to 47 temporary shelters. (2023, October 12). *The Global New Light of Myanmar*, p. 10.

Patthana recitation conducted at Botahtaung Pagoda to be free from natural disasters. (2023, May 11). *The Global New Light of Myanmar*, p. 10.

Perennial trees cannot immediately benefit the people but give shade and safety to posterity. (2023, June 9). *The Global New Light of Myanmar*.

People over 45 top among heat stroke patients. (2024, May 1). *The Global New Light of Myanmar*, p. 10.

Plastic cleanup underway at Kyaukpyu Beach. (2023, November 11). *The Global New Light of Myanmar*, p. 2.

Prepare for natural disasters to save lives and property. (2023, October 11). *Global New Light of Myanmar*, p. 8.

Prospects Brighten: State economy set to thrive, currency value to surge in post-sanctions and trade challenges. (2024, April 23). *The Global New Light of Myanmar*, p. 1.

Raise public awareness for systematic waste management. (2024, May 29). *The Global New Light of Myanmar*, p. 8.

Recognition of Nanyok Protected Public Forest. (2023, August 30). *The Mirror*, p. 10.

Reduce the use of plastic products for beautifying the environment. (2024, April 10). *The Global New Light of Myanmar*, p. 8.

Restore Myanmar's forests for a greener future. (2023, September 10). *The Global New Light of Myanmar*, p. 8.

Rising seas a 'death sentence' for some countries. (2023, February 27). *The Mirror* (Maung Thar Yar, Trans.), p. 15.

SAC Member DPM MoTC Union Minister attends 63rd Anniversary of World Meteorological Day. (2023, March 24). *The Mirror*, p. 3.

SAC Vice-Chair Deputy PM Vice-Senior General Soe Win leaves for China to attend SCO's Green Development Forum. (2024, July 7). *The Global New Light of Myanmar*, p. 1.

Senior General Min Aung Hlaing vows vigilant efforts against insurgents. (2023, November 30). *The Global New Light of Myanmar*, p. 4.

Six solar power plants in operation, 13 under construction. (2024, March 31). *The Global New Light of Myanmar*, p. 5.

Solar-powered pumps enable eco-friendly farming in two villages. (2024, March 6). *The Global New Light of Myanmar*, p. 6.

Solar power system, cold storage project to complete in 2025 in two regions. (2023, January 20). *The Global New Light of Myanmar*, p. 10.

Star tortoise from at Shwesettaw Wildlife Sanctuary to be released into forests. (2023, October 23). *The Global New Light of Myanmar*, p. 5.

State-of-the-art on-site wastewater treatment facility planned for Insein. (2024, January 5). *The Global New Light of Myanmar*, p. 11.

Suu Sandar Aung. (2024, May 19). Everybody participate and conduct to maintain the bio-diversity. *The Mirror*, pp. 6-7.

Systematic waste disposal education program. (2023, February 1). *The Mirror*.

Thai tourist hotspot Chiang Mai tops world's most polluted cities. (2024, March 16). *The Global New Light of Myanmar*.

Thai, Myanmar delegates join technical workshop on Transboundary Haze Pollution Management. (2023, February 3). *The Global New Light of Myanmar*, p. 2.

Thayet Taunggyi protected public mangrove forest designated for biodiversity preservation in Thayetchaung Township of Dawei District in Tanintharyi Region. (2024, June 15). *The Mirror*.

The Global New Light of Myanmar and SPUTNIK Information Agency sign an agreement. (2023, September 6). *The Global New Light of Myanmar.* https://www.gnlm.com.mm/the-global-new-light-of-myanmar-and-sputnik-information-agency-sign-an-agreement/Thein Tun. (2023, May 1). Global warming and ethic. *The Mirror*, pp. 24-25.

UAE: fossil fuel power and COP28 host. (2023, November 27). *The Global New Light of Myanmar*, p. 10.

Union Energy Minister attends SCO Energy Forum in Kazakhstan. (2023, October 5). *The Global New Light of Myanmar*, p. 5.

Union Energy Minister engages in energy talks during Moscow visit. (2023, October 5). *The Global New Light of Myanmar*, p. 4.

With 80,000 attendees, COP28 is largest UN climate summit ever. (2023, December 3). *The Global New Light of Myanmar*.

World needs 'trillions' for climate action: COP28 president. (2023, February 21). *The Global New Light of Myanmar*.

စိမ်းရောင်စိုပုံရိပ်ဆောင်အာဏာရှင်စနစ် သဘာဝပတ်ဝန်းကျင်အရေးဖြင့် အမြတ်ထုတ်နေသည့်စစ်တပ်

နွေကုံကော်

အကျဉ်းချုပ်

၂၀၂၁ အာဏာသိမ်းမှုအပြီးမှစတင်ကာ မြန်မာစစ်တပ်သည် ၎င်းထိန်းချုပ်ထားသော မီဒီယာ အဖွဲ့အစည်းများကို အသုံးချကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်း လဲလာမှုနှင့်ပတ်သက်၍ အလေးပေးနေသည့် အစိုးရတစ်ရပ်အဖြစ် ၎င်းတို့၏ ပုံရိပ်ကို ချပြရန် ကြိုးစားလာခဲ့သည်။ စစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရာသီဥတု ပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်အား ကာကွယ်ခြင်းစသည့် 'စိမ်းလန်းစိုပြေရေး (greening)' ခေါင်းစဉ်အား အသုံးချကာ ၎င်းတို့၏ အုပ်ချုပ်မှု တရားဝင်ဖြစ် လာစေရန်နှင့် ပြည်တွင်းပြည်ပရှိ လူထုအား ၎င်းတို့သည် ခိုင်မာသည့် အစိုးရတစ်ရပ်အနေဖြင့် ရပ်တည်နေ သည့်ဟန်ကို ချပြရန် လုပ်ယူနေသည်။ အဆိုပါအချက်ကို ထောက်ပြရန် စစ်အစိုးရထုတ် *The Global New Light of Myanmar* နှင့် ကြေးမုံသတင်းစာတို့မှ ၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၄ ဇူလိုင်လအတွင်း ထုတ်ဝေခဲ့သည့် ပုံနှိပ်ဆောင်းပါးများနှင့် အွန်လိုင်းဆောင်းပါးများအား လေ့လာသုံးသပ်ကာ သာဓကသုံးခုကို ထုတ်ဖော်ခဲ့ပါသည်။ စစ်တပ်သည် ရာသီဥတုပြောင်းလဲ လာမှုအား လျှော့ချရန် ကြိုးစားနေဟန်ဖြင့် သဘာဝသယံဇာတနှင့် အရင်းအမြစ်များအား ကိုယ်ကျိုးအတွက်အသုံးချကာ လူထုအပေါ် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များ လုပ် ဆောင်နေသည်ကို ဖုံးဖိထားသောကြောင့် ၎င်းသည် "စိမ်းလန်းစိုပြေရေးကို အယောင်ပြ ဆောင်ရွက်နေသည့် စစ်အာဏာရှင်အစိုးရ (greening dictatorship)" သာဖြစ်သည်။ ၎င်း၏ လုပ်ရပ်များသည် မတရားဖိနှိပ်မှုများအား ဖုံးဖိထားရန်အလို့ငှာ သဘာဝပတ်ဝန်းကျင် နှင့် ပတ်သက်သည့် အစီအစဉ်များအား အသုံးချပြီး ၎င်းတို့တွင် တာဝန်သိမှုနှင့် တည်ငြိမ်မှု ရှိကြောင်းကို လုပ်ယူပြသနေသည့် အခြားသော အာဏာရှင်အစိုးရများ၏ လုပ်ရပ်များနှင့် ဆင်တူသည်။ သို့သော် မြန်မာစစ်တပ်သည် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် ခေါင်းစဉ်အား ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ဖုံးဖိထားရန် တစ်ခုတည်း အတွက်သာမကဘဲ နိုင်ငံတကာမှ အသိအမှတ်ပြုမှု၊ ထောက်ပံ့ငွေနှင့် ရင်းနှီးမြုပ်နှံမှုများ ရရှိရန်ပါ အသုံးချနေခြင်းဖြစ်သည်။

နိဒါန်း

၂၀၂၁ အာဏာသိမ်းမှုကတည်းက မြန်မာစစ်တပ်သည် ဒီမိုကရေစီအရေး တော်လှန်လှုပ်ရှားမှုကို တွန်းလှန်တိုက်ဖျက်ခြင်းအား စတင်ခဲ့သည်။ ယခင်ကတည်းက လူနည်းစုများအပေါ် ပြုလုပ်ခဲ့သည့် အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကျဉ်းချမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို လူများစုအပေါ်တွင်ပါ တိုးချဲ့လုပ်ဆောင်လာကြသည်။ ၎င်းတို့သည် ယခုအချိန်တွင် ၎င်းတို့၏ အုပ်ချုပ်မှုအား အပြည့်အဝထောက်ခံမှု မပေးသူများကို ပစ်မှတ်ထားလာသည်။ စစ်တပ်သည် လူထုနှင့် နိုင်ငံတကာရှေ့တွင် ၎င်းတို့လိုချင်သော ပုံရိပ်ဖြစ်သည့် တည်ငြိမ်စွာလည်ပတ်နေသော အစိုးရတစ်ရပ်၏ ပုံစံကို ပြသချင်သောကြောင့် ၎င်းလက်အောက်ရှိ မီဒီယာများအား ထိန်းချုပ်ပြီး ပုဂ္ဂလိကမီဒီယာများအား ဆင်ဆာပိတ်ဖြတ်တောက်ရန် ကြိုးစားလျက်ရှိသည်။ စစ်တပ်ပိုင် သို့မဟုတ် စစ်တပ်၏ လွှမ်းမိုးမှုမကင်းသော မီဒီယာအသိုက်အဝန်းတွင် စစ်တပ်သည် နိုင်ငံမတည်ငြိမ်မှုနှင့် နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းများသည် ၎င်းတို့အပေါ် စစ်တပ်၏ လမ်းစဉ်အားဆန့်ကျင်သည့် "အကြမ်းဖက်အဖွဲ့အစည်းများ" ကြောင့် ဖြစ်သည်ဟူ၍ အပြစ်ပုံချလျက်ရှိသည်။

ဤဆောင်းပါးတွင် ကျွန်ုပ်သည် ၂၀၂၁ အာဏာသိမ်းမှုအပြီး ၎င်းတို့ကိုယ် ၎င်းတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက) ဟုအမည်ပေးထားသည့် မြန်မာအာဏာသိမ်းစစ်တပ်မှ ၎င်းတို့ ထိန်းချုပ်ထားသော မီဒီယာများမှ တစ်ဆင့် ၎င်းတို့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအပြင် ရာသီဥတုပြောင်းလဲလာမှုနှင့် ပတ်သက်၍ အလေးပေးနေသည့် အစိုးရတစ်ရပ်၏ ပုံရိပ် အဖြစ် မည်သို့မည်ပုံပေါ်လွင်ရောက်ရှိအောင် လုပ်ဆောင်နေသည်ကို လေ့လာ ဆန်းစစ်ထားသည်။ *The Global New Light of Myanmar* နှင့် *ကြေးမုံသတင်း*စာများမှ ၂၀၂၁၊ ဖေဖော်ဝါရီမှ ၂၀၂၄ ဇူလိုင်အတွင်း ထုတ်ဝေခဲ့သည့် သတင်းစာဆောင်းပါးများအား[1] ဒစ်ဂျစ်တယ်နည်းဖြင့် လူမှုဘဝအလေ့အထသရုပ်ခွဲလေ့လာသုံးသပ်မှု (digital ethnography-based analysis) နည်းဖြင့် လေ့လာခြင်းမှတစ်ဆင့် နစကသည် 'စိမ်းလန်းစိုပြေရေး' ဆိုသည့် ခေါင်းစဉ်အား အကာအကွယ်ယူကာ ၎င်းတို့သည် တည်ငြိမ်စွာရပ်တည်နေသော အစိုးရဖြစ်သည့်ဟန် ဖော်ပြရန် အသုံးချနေသည်ကို ဆွေးနွေးထားသည်။ နစကသည် သဘာဝသယံဇာတနှင့် အရင်းအမြစ်များအား ကိုယ်ကျိုးအတွက် အသုံးချနေပြီး လူထုအပေါ် ရက်စက်ကြမ်းကြုတ်စွာ လုပ်ဆောင်နေမှုများကို ဖုံးကွယ်ကာ ၎င်းတို့၏ အုပ်ချုပ်မှု ပုံမှန်ဖြစ်စေရေး ကြိုးပမ်းနေမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရာသီဥတုပြောင်းလဲလာမှု လျှော့ပါးစေရန် ကြိုးပမ်းနေကြသယောင် လုပ်ဆောင်နေသည်များကို ဖော်ထုတ်ရန်အတွက်

---

[1] တော်တော်များများသည် ပြန်ကြားရေးဝန်ကြီးဌာနမှရေးသားသည့် အကြောင်းအရာတူ ဆောင်းပါးများဖြစ်ပြီး သတင်းစာ နှစ်စောင်စလုံးတွင် ပါလာတတ်သည်။

'စိမ်းလန်းစိုပြေရေး အယောင်ပြဆောင်ရွက်နေသည့် စစ်အာဏာရှင်အစိုးရ' ဟူသော သဘော တရားအား တင်ပြထားပါသည်။

စစ်အာဏာရှင်အစိုးရသည် နစကထိပ်ပိုင်းအရာရှိများ၏ သစ်ပင်စိုက်ပျိုးရေး အခမ်းအနားများ၊ နစကဝန်ကြီးဌာနများမှ ပြုလုပ်သည့် တောတောင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအခမ်းအနားများ၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်စီမံကိန်းလုပ်ရှားမှုများအား မီဒီယာများမှတစ်ဆင့်ဖော်ပြကာ ၎င်းတို့အနေဖြင့် စိမ်းလန်းစိုပြေရေးအတွက် ဤသို့ဤပုံ ဆောင်ရွက်နေကြောင်း ပုံဖော်ပြကာ နိုင်ငံရေးအရှုပ်အထွေးများ၊ တော်လှန်ရေးအဖွဲ့များနှင့် ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် တင်းမာမှုများကိုမူ ဖော်ပြခြင်းမပြုဘဲ ချန်လှပ်ထားလျက်ရှိသည်။ ဤသို့သော လှုပ်ရှားမှုများနှင့် စီမံကိန်းများအား နိုင်ငံတွင်း လုပ်ငန်းစဉ်များအဖြစ် ဖော်ပြခြင်းဖြင့် နစကမှ ၎င်းတို့သည် တည်ငြိမ်ကာ သဘာဝပတ်ဝန်းကျင်နှင့် ညီညွတ်အောင်ပြုပြင်၍ တာဝန်ယူမှုရှိသည့် ပုံရိပ်အား ပြသပြီး နိုင်ငံတကာ၏ ရာသီဥတုဆိုင်ရာ ကတိကဝတ်များကို လိုက်နာနေသည့် ပုံစံပြရန် ကြိုးပမ်းလျက်ရှိသည်။ ဤသို့ပြသမှုများသည် လက်ရှိမြေပြင်တွင် ဖြစ်ပေါ်နေသည်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ မြေပြင်အခြေအနေ၌ နစကသည် နေရာဒေသအများစုအား ထိန်းချုပ်နိုင်စွမ်းမရှိတော့ပါ။ ၎င်း၏ အုပ်ချုပ်မှုအောက်တွင် သဘာဝပတ်ဝန်းကျင်အား စနစ်တကျစီမံမှု မရှိခြင်းနှင့် သဘာဝအရင်းအမြစ်များအား ၎င်းတို့၏ ကိုယ်ကျိုးအတွက် အလွန်အကျွံ သုံးစွဲခြင်းတို့ကြောင့် ပြည်သူလူထုသည် ထိခိုက်နစ်နာနေကြရသည်။ သို့သော် ဤသို့သော ပျက်စီးမှုများအား နစကထိန်းချုပ် မီဒီယာများတွင် ဖော်ပြခြင်း မရှိရုံမျှမက နိုင်ငံရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေ ပိုဆိုးလာခြင်းမှာ စစ်တပ်၏ လုပ်ရပ်များနှင့် သက်ဆိုင်မှု မရှိသယောင် ဖော်ပြကြသည်။ အချုပ်ဆိုရလျှင် စစ်တပ်သည် ၎င်းတို့ကိုယ်တိုင်ဖန်တီးသော ပြဿနာများမှ ၎င်းတို့၏ တာဝန်ရှိမှုကို ဖုံးဖိကာ သက်ဆိုင်မှု မရှိသည့်ပုံစံ လုပ်နေရုံမျှမက မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနေသည့်ပုံရိပ်အား ပြသထားပြီး လက်တွေ့တွင်မူ ဆက်လက်ဖျက်ဆီးနေလျက်ရှိသည်။

ကျွန်ုပ်၏ 'စိမ်းလန်းစိုပြေရေး အယောင်ပြဆောင်ရွက်နေသည့် စစ်အာဏာရှင် အစိုးရ' ဟူသည့်သဘောအမြင်အား ရှိနေပြီးဖြစ်သည့် သဘာဝပတ်ဝန်းကျင် အယောင်ပြထိန်းသိမ်းခြင်း (greenwashing)[2] နှင့် အာဏာရှင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒ[3] ဟူသည့် သဘောတရားများမှ ကောက်နုတ်ထားခြင်းဖြစ်သည်။ စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်ခြင်းဆိုသည့် စကားလုံးတွင် နိုင်ငံရေးအရ ရည်ရွယ်ချက်များ ပါဝင်နေသည့် အလျောက် ကျွန်ုပ်သည် သဘာဝပတ်ဝန်းကျင် အယောင်ပြထိန်းသိမ်းမှုအား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ

[2] Fröhlich & Hirt, 2021; Hughes et al., 2022.

[3] Gverdtsiteli, 2022.

နိုင်ငံရေး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ချဉ်းကပ်ထားသည်။ စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်ခြင်းဟူသည့် သဘောတရားသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအား မြှင့်တင်ခြင်းသို့မဟုတ် တစ်စုံတစ်ခု၊ နေရာဒေသတစ်ခုအား သဘာဝပတ်ဝန်းကျင်နှင့် ပိုမိုညီညွတ်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်သလို နှစ်ခုစလုံးလည်း ဖြစ်နိုင်သည်။ ဥပမာဆိုရလျှင် နွယ်မြက်သစ်ပင်စသည်တို့ စိုက်ပျိုးခြင်းဖြစ်သည်။[4] ၂၀၂၁ စစ်အာဏာသိမ်းမှုသည် ပြည်သူလူထု၏ နေ့စဉ်ဘဝအား ခြောက်ခြားအံ့သြဖွယ် ကောင်းလောက်အောင်ပျက်ယွင်းသွားစေခဲ့သည်။ မြန်မာ့နိုင်ငံရေးကို ပြိုင်ဆိုင်မှု အကြီးအကျယ်ဖြစ်စေခဲ့ပြီး နစကသည် လက်နက်ကိုင်သော၊ လက်နက်မကိုင်သော အဖွဲ့အစည်းမျိုးစုံတို့၏ တွန်းလှန်စိန်ခေါ်မှုကိုခံရသည်။ ဤအခြေအနေတွင် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဆိုင်ရာ နိုင်ငံရေးလည်း ပေါ်ထွက်လာသည်။ ထို့သို့သော အကြောင်းများကြောင့် မြန်မာနိုင်ငံ၏ ၂၀၂၁ စစ်အာဏာသိမ်းမှုအခင်းအကျင်းတွင် ဖြစ်ပေါ်လာ သော "အာဏာရှင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒ" ကိုချပြရာတွင် "ပွင့်ကွဲပေါက် ထွက်မှု"[5] သဘောတရားကိုလည်း သုံးခဲ့ရသည်။ နစကဘက်မှ ဖန်တီးယူထားသော အတု အယောင် သတင်းမီဒီယာအကြောင်းအရာများနှင့် မြန်မာပြည်သူလူထု၏ နေ့စဉ်ကြုံတွေ့နေ ကြရသော အခက်အခဲအကျပ်အတည်းများအကြားမှ ကွာခြားမှုအခြေအနေသည် စိမ်းလန်းစိုပြေရေးအယောင်ပြ ဆောင်ရွက်နေသည့် စစ်အာဏာရှင်အစိုးရ၏ သဘောတရားအား မိတ်ဆက်ရန်နှင့် ကောင်းစွာနားလည် သဘောပေါက်စေရန် အထောက်အကူပြုလျက်ရှိသည်။

ငင်းသည် ခြိမ်းခြောက်မှုတစ်ခုမဟုတ်ကြောင်း အယောင်ပြ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအလုပ်များ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတကာအသိုင်းအဝန်းကို ပြသရန်ကြိုးစားသည့် နစက၏ လုပ်ရပ်သည် မည်မျှအောင်မြင်မှု ရှိသလဲဆိုသည်ကို ဤစာတမ်းတွင် သုံးသပ်မေးခွန်းထုတ်ထားသည်။ နစကသည် တရုတ်နှင့် အခြားသော အိမ်နီးချင်းနိုင်ငံများမှ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော အခမ်းအနားများတွင် ပါဝင်တက်ရောက်ရန် ဖိတ်ကြားခံခဲ့ရရုံမျှမက ရုရှားနှင့် အခြားနိုင်ငံများ၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရသော်လည်း စစ်အာဏာသိမ်းမှုမတိုင်မီ ရရှိခဲ့သည့် ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများမှ ရာသီဥတုပြောင်းလဲမှုအတွက် ပေးအပ်သည့် နှစ်နိုင်ငံကြားနှင့် နိုင်ငံတကာမှပေးအပ်သော အထောက်အပံ့ အများစုအား ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ ထို့အပြင် စစ်ကောင်စီသည် ကုလသမဂ္ဂမှ ဦးဆောင်ကျင်းပလာသည့် ရာသီဥတုပြောင်းလဲလာမှု တိုက်ဖျက်ရေး ညီလာခံ Conference of Parties (COPs) တွင် ပါဝင်တက်ရောက်ခွင့်လည်း ၂၀၂၁ ခုနှစ်ကတည်းက ပိတ်ပင်ခြင်း ခံထားရသည်။

---

[4] Hughes et al., 2022.

[5] Holbraad et al., 2020; Lund, 2016.

ပြည်တွင်းလူထုယုံကြည်မှုနှင့် တရားဝင်မှုအားပြောရလျှင် နစက၏ စိမ်းလန်းစိုပြေရေး အတွက် ဆောင်ရွက်ခြင်းဟူသည့် လုပ်ဆောင်မှုများသည် သာမန်လူထု၏ ၎င်းတို့အပေါ်ရှိသည့် အမြင်အား သက်ရောက်မှုရှိ၊ မရှိနှင့် လူထုမှ စစ်တပ်သည် သဘာဝပတ်ဝန်းကျင်အား အမှန် တကယ် အလေးပေးကြောင်း ယုံကြည်ခြင်းရှိ၊ မရှိအပေါ် ဤဆောင်းပါး၏ ဆွေးနွေးမှုများထဲ တွင် ထည့်သွင်းထားခြင်းမရှိပါ။ ကျွန်ုပ်၏ အမြင်အရပြောရလျှင် နစက ထိန်းချုပ် ထားသော မီဒီယာအများစုအား ၎င်းတို့ကို ထောက်ခံသူများနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) မှ အစိုးရအဖွဲ့ဝင်များ အပါအဝင် ပြည်ပရှိ လူထုများမှသာ ဖတ်ရှု၊ ကြည့်ရှုကြပြီး ပြည်တွင်းရှိ သာမန်လူထုမှာမူ (မြန်မာလိုဖြစ်စေ အင်္ဂလိပ်လိုဖြစ်စေ ရေးထားသည်များ) မဖတ်ရှုသလောက်နည်းပါးသည်။ နိုင်ငံတကာမီဒီယာတစ်ခုနှင့် ဉာဏ်စကြီမှ စစ်အာဏာသိမ်း မှုအပြီးတွင် မြန်မာနိုင်ငံသား (၁၀၀) တွင် (၁) ယောက်မျှသာ သတင်းစာဖတ်ရှုကြောင်းနှင့် အနည်းငယ်သောသူများသာလျှင် သတင်းစာများကိုလက်လှမ်းမီကြောင်း[6] ဆိုထားသည်။ ဤ အချက်ကိုကြည့်ခြင်းအားဖြင့် စစ်တပ်ထိန်းချုပ်ထားသည့် မီဒီယာအဖွဲ့အစည်းများသည် ပြည် တွင်းလူထုယုံကြည်မှုအပေါ် လွှမ်းမိုး သက်ရောက်နိုင်မှု နည်းပါးကြောင်း သိရှိနိုင်သည်။

၂၀၁၂ မှ ၂၀၂၁ ခုနှစ်အတွင်းတွင် စစ်အစိုးရက မီဒီယာထိန်းချုပ်မှု လျှော့ချ ခဲ့သောကြောင့် မြန်မာပြည်သူလူထုသည် ထိုကိုးနှစ်တာနီးပါးကာလများတွင် မီဒီယာလွတ်လပ်ခွင့် ပိုမိုကြုံ တွေ့ခံစားခဲ့ရသည်။ လက်ရှိတွင် ပုဂ္ဂလိကမီဒီယာ၊ ပြည်ပရောက်မီဒီယာနှင့် ၂၀၂၁ အာဏာ သိမ်းမှုအပြီး ပေါ်ပေါက်ခဲ့သည့် မီဒီယာ များအပါအဝင် လွတ်လပ်သောမီဒီယာ အဖွဲ့အစည်းများ စွာ ရွေးချယ်ဖတ်ရှုနိုင်ခွင့် ရှိခဲ့သည်။ ထိုအချင်းအရာများသည် နစကဘက်မှ တိကျမှန်ကန်ပြီး စိစစ်ထားသော သတင်းအချက်အလက်များ ပြည်သူတွေထံသို့ မရောက်ရှိစေရန် ဆိုရှယ်မီဒီ ယာပလက်ဖောင်းများ အသုံးပြုခွင့်နှင့် VPN ပိတ်ထားကာ သတင်းအချက်အလက်အား ထိန်းချုပ်ထားရန် ကြိုးပမ်းမှုများကြားမှပင် ဆက်လက် ဖြစ်ပေါ်လျက်ရှိသည်။

ဤဆောင်းပါးအား သုတေသနနည်းလမ်းများနှင့် သီအိုရီပိုင်းဆိုင်ရာ သဘောတရားများ အား ရှင်းလင်းတင်ပြခြင်းဖြင့် စတင်ထားသည်။ ထို့နောက် နစက၏ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုအတွက် လုပ်ဆောင်မှုများအား မီဒီယာမှတစ်ဆင့်ပြသခြင်းကို သစ်ပင် စိုက်ပျိုးရေးပွဲများ၊ သစ်တော ထိန်းသိမ်းမှုစီမံကိန်းများ၊ ပလတ်စတစ်အသုံးပြုမှု လျှော့ချရေး ကမ်ပိန်းများနှင့် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်စီမံကိန်းများဟူ၍ လေ့လာမှုသုံးရပ်အား ဦးတည်သွားသည့် အကျဉ်းချုပ်ဆန်းစစ်လေ့လာမှုအား တင်ပြထားသည်။ ဤအကြောင်းအရာ ပြီးနောက် နစကသည် ဒေသတွင်းနှင့် ပြည်ပရှိ သက်ဆိုင်သူများကို ၎င်းတို့အား မည်သို့ မည်ပုံထင်မြင်စေရန် ပြသနေသည့်အပိုင်းအား ဆိုထားသည်။ ပြီးနောက် ကျွန်ုပ်သည် စစ်ကောင်စီ၏ စိမ်းလန်းစိုပြေရေး အတွက် ဆောင်ရွက်ခြင်းဟူသည့်လုပ်ရပ်အား လူအများ၏

[6] IMS, 2022.

နေ့စဉ်ကြုံတွေ့နေသော အတွေ့အကြုံများ၊ အလွတ်တမ်းမီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်း (CSO) များမှ ဝေဖန်ထောက်ပြထားသည့် အကြောင်းအရာများနှင့် ယှဉ်ပြထားသည်။ အဆုံးတွင် ကျွန်ုပ်၏ လေ့လာတွေ့ရှိချက်များအား စုစည်းသုံးသပ် ကာ ၎င်းရှာဖွေတွေ့ရှိမှုများအနေဖြင့် စစ်အာဏာရှင်အစိုးရများနှင့် ရာသီဥတုပြောင်းလဲမှုများအကြောင်း ပိုမိုကျယ်ပြန့်သည့် ငြင်းခုံဆွေးနွေးမှုများအပေါ် မည်သို့သောပုံစံဖြင့် အထောက်အကူပြုနိုင်သည်ကို ဆွေးနွေးထားသည်။

သုတေသနနည်းလမ်း

ဤဆောင်းပါးသည် စစ်တပ် (နှင့် နစက) ၏ ပတ်ဝန်းကျင်ဆိုင်ရာနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများအပေါ် ၎င်းတို့၏ အကျယ်တဝင့် ရေးသားချက်များနှင့် မီဒီယာများမှ တစ်ဆင့် ဖော်ပြမှုများအား ၂၀၂၁ခုနှစ်မှ စတင်၍ ကျွန်ုပ်ကိုယ်တိုင်ဦးဆောင်ကာ ကာလကြာရှည်စွာ လုပ်ဆောင်ခဲ့သည့် ဒစ်ဂျစ်တယ်နည်းဖြင့် လူမှုဘဝအလေ့အထသရုပ်ခွဲလေ့လာသုံးသပ်မှုအပေါ် အခြေခံထားသည်။ မြန်မာနိုင်ငံအတွင်း လုံခြုံရေးမတည်ငြိမ်မှုများကြောင့် နစကအဖွဲ့ဝင်များနှင့် အင်တာဗျူးခြင်းများနှင့် နစက၏ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများနှင့် လုပ်ဆောင်မှုများအား လက်ရှိအခြေအနေအရ မြေပြင်တွင်သွားရောက်လေ့လာခြင်းသည် လွန်စွာအန္တရာယ်ကြီးသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဒီဂျစ်တယ်ပလက်ဖောင်းများ၌ တွေ့ရှိနိုင်သည့် လူမှုရေးဆိုင်ရာ သတင်းအချက်အလက်များကို အဓိကထားလေ့လာသည့် သုတေသနဆိုင်ရာနည်းလမ်းအား ပဋိပက္ခများဖြစ်ပွားနေသည့် အချိန်ကာလနှင့် ကိုဗစ်ကပ်ရောဂါဖြစ်ပေါ်နေသည့် အကျပ်အတည်းကာလအတွင်းတွင် အသုံးပြုခဲ့သည်။[7] ကျွန်ုပ်သည် နစကထိန်းချုပ်ထားသည့် သတင်းစာများတွင် တွေ့ရသော စစ်တပ်မူဝါဒကြေညာချက်များနှင့် အစီရင်ခံစာများကို လေ့လာခြင်းအပြင် ဆိုရှယ်မီဒီယာတွင်တွေ့ရသော ယေဘုယျအကြောင်းအရာများနှင့် နစကထိန်းချုပ်ထားသည့် ရန်ကုန်မြို့တွင် နေထိုင်သူတစ်ဦးအနေဖြင့်လည်း ကျွန်ုပ်၏ နေ့စဉ်ကိုယ်ပိုင်အတွေ့အကြုံများကို ထည့်သွင်းပေါင်းစပ်ထား သည်။ ကျွန်ုပ်သည် လွတ်လပ်သောမီဒီယာများမှ ဖော်ပြသည့် ဆန့်ကျင်ရှိုင်းယှဉ်ထားသော သတင်းအချက်အလက်များကိုလည်း ဖတ်ခဲ့သည်။ ကျွန်ုပ်သည် ၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း သတင်းဆောင်းပါးပေါင်း (၁၀၇) ပုဒ် ဖတ်ရှုလေ့လာကာ ခွဲခြမ်းစိတ်ဖြာမှုပြုပြီး ၎င်းတို့

[7] May, 2016.

အား ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သည့် ကိစ္စရပ်များအနေဖြင့် ခေါင်းစဉ်ကြီးငယ်တပ်ကာ စုစည်းခဲ့သည်။

ဤသုသေသနထဲတွင် ကျွန်ုပ်သည် နစက ထိန်းချုပ်ထားသော မီဒီယာများ၏ သတင်းစာများထဲမှ ဖော်ပြချက်များအား အသားပေးကာ သုံးသပ်ထားသည်။ The Global New Light of Myanmar နှင့် ကြေးမုံသတင်းစာတို့သည် နစကမှ အဓိကဦးစားပေးသည့် နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့်အလျောက် ယင်းသတင်းဌာနနှစ်ခုမှဖော်ပြသည့် အကြောင်းအရာများကို အဓိကဦးစားပေးလေ့လာရန် ရွေးချယ်ခဲ့သည်။ ကြေးမုံသတင်းစာမှာ မြန်မာဘာသာဖြင့်ထုတ်ဝေပြီး The Global New Light of Myanmar မှာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခြင်းဖြစ်သည်။ မြန်မာ့အလင်းသတင်းစာသည် စစ်ကောင်စီမှ ထိန်းချုပ်သည့် နောက်ထပ်နေ့စဉ်ထုတ်သတင်းစာ တစ်စောင်ဖြစ်သည်။ သို့သော် ၎င်းမှာ The Global New Light of Myanmar ၏ မြန်မာဘာသာပြန်ဗားရှင်းသာဖြစ်သည်။[8] ကြေးမုံသတင်းစာသည် ၁၉၆၄ ခုနှစ်မှ စတင်ကာ မြန်မာပြည်သူများအတွက် ရည်ရွယ်ထုတ်ဝေသည့် သတင်းစာဖြစ်သည်။ ၎င်းအား များသောအားဖြင့် ပြည်တွင်းပြည်ပရှိ နစက ထောက်ခံအားပေးသူများသာ အများဆုံးဖတ်ရှုကြပြီး အာဏာသိမ်းမှုနောက်ပိုင်းတွင် အဆိုပါသတင်းစာသည် စစ်တပ်၏ တင်းကျပ်သော မီဒီယာဆင်ဆာပြုလုပ်မှု အောက်၌ ရှိနေသည်။ တခြားတစ်ဖက်တွင် The Global New Light of Myanmar သည် နိုင်ငံတကာမှ အင်္ဂလိပ်ဘာသာအား ကျွမ်းကျင်စွာဖတ်တတ်သူများအတွက် ရည်ရွယ်ကာ နစကမှ ၎င်းတို့၏ တရားဝင်မှုကို နိုင်ငံတကာတွင်ပုံဖော်ရန် အသုံးပြုခြင်းဖြစ်သည်။ ဤအချင်းအရာအား ၂၀၂၂ ခုနှစ်တွင် ကျင်းပခဲ့သော နစက ပြန်ကြားရေးဝန်ကြီးဌာန၏ အစည်းဝေးတစ်ခုတွင်တွေ့နိုင်သည်။ ထိုစည်းဝေးပွဲတွင် ပြန်ကြားရေးဝန်ကြီးမှ "နိုင်ငံရဲ့ တကယ့်အခြေအနေအမှန်နဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို နိုင်ငံတကာလူထုတွေဆီရောက်ဖို့" (မူရင်းဖော်ပြချက်အတိုင်း) သတင်းစာကို နိုင်ငံတကာတွင် ဖြန့်ဝေရမည်ဟူ၍ ပြောကြားခဲ့သည်။ ထို့အပြင် သူက "အစည်းအဝေးပွဲသို့ တက်ရောက်လာသူများအား နိုင်ငံတကာစိတ်ဝင်စားမည့် သတင်းစာဖြစ်စေရေး လက်တွေ့လိုအပ်သည့် အကြောင်းအရာများကို ဆွေးနွေးရန် ပြောကြားခဲ့သည်"[9]

ကျွန်ုပ်သည် နစကထိန်းချုပ်သော ဤသတင်းစာနှစ်ခုအား အဓိကထား လေ့လာခြင်းအပြင် အွန်လိုင်းပေါ်ရှိ အခြားသောမီဒီယာများ၏ ထောက်ပြပြောဆိုချက်များကို စောင့်ကြည့်

[8] မြန်မာနိုင်ငံရှိ စစ်တပ်ထိန်းချုပ်သော မီဒီယာများသည် နိုင်ငံတွင်း ပြဿနာများ ဖန်တီးရန်နှင့် ပြဿနာများ ပို၍ဆိုးရွားလာစေရန် မည်သို့မည်ပုံ အထောက်အကူ ပြုနေသည်ကို လေ့လာ လိုပါက Kironska et al., 2021 ရေးသားထားသည့် သုသေသနစာတမ်းအား ဖတ်ရှုနိုင်သည်။

[9] Ministry of Information, 2022.

သလို အရပ်ဘက်အဖွဲ့အစည်းများမှ တင်ပြသည့် သတင်းထုတ်ပြန်ချက်များကိုလည်း ပုံမှန် ဖတ်ရှုသည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်သည် နစကမှ ကြွားဝါဖော်ပြနေသော စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်ခြင်းဆိုသည့် လုပ်ရှားမှုများသည် လက်တွေ့နှင့် မည်သို့ ခြားနားနေသည်ကို နားလည်လာနိုင်ခဲ့သည်။

သဘာဝပတ်ဝန်းကျင်ကို အယောင်ပြထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို အာဏာရှင်ဆန်စွာ တစ်ဖက်သတ် ဆုံးဖြတ်ထိန်းချုပ်မှု

ဤဆောင်းပါးတွင် သဘာဝပတ်ဝန်းကျင်ကို အယောင်ပြထိန်းသိမ်းခြင်း၏ အနက်အဓိပ္ပာယ်အား အောက်ပါအတိုင်း ကောက်နုတ်ထားသည်။

> ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေရန် တွေးတောကြံဆ ဝယ်ယူသုံးစွဲသူနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး အပေါ် အလေးပေးလာကြသည့် လူများ တိုးလာသည်နှင့်အမျှ ကုမ္ပဏီတစ်ခု၏ ထုတ်ကုန် သို့မဟုတ် တစ်ဦးတစ်ယောက်၏ နိုင်ငံရေးအရ ရည်ရွယ်ချက်များနှင့် လုပ်ဆောင်သည့် အရာများသည် သဘာဝပတ်ဝန်းကျင် 'စိမ်းလန်းစိုပြေရေး' ကို ဦးတည်သည်၊ သဘာဝပတ်ဝန်းကျင်နှင့် ညီညွတ်မှုရှိသည် ဟူသည့် ပုံစံအား ပြသသည့် ဈေးကွက်စီးပွားရေးမြှင့်တင်သည့် နည်းဗျူဟာများဖြစ်သည်။ သို့သော် 'သဘာဝပတ်ဝန်းကျင်ကို အယောင်ပြထိန်းသိမ်းခြင်း' ၏ ဗဟိုချက်လှည့်ကွက်မှာ ပတ်ဝန်းကျင်ထိခိုက်စေမည့်လုပ်ရပ်များအား 'စိမ်းလန်းစိုပြေရေးပုံရိပ်' ကို အလွဲသုံးစားလုပ်ခြင်းဖြင့် တရားဝင်ဖြစ်လာစေရန် လုပ်ဆောင်ခြင်းဖြစ်သည်။[10]

ဤဆောင်းပါးတွင် နစကကဲ့သို့သော အာဏာရှင်အစိုးရများမှ သဘာဝပတ်ဝန်းကျင် အယောင်ပြထိန်းသိမ်းရေး နည်းလမ်းများအား နိုင်ငံရေးရည်ရွယ်ချက်များအတွက် မည်သို့မည်ပုံ အသုံးချနိုင်ကြသည်ကို သုံးသပ်ထားသည်။ ဤအကြောင်းအရာနှင့် ပတ်သက်သည့် စာပေများရှာဖွေခဲ့ရာတွင် စစ်အာဏာရှင်များအနေဖြင့် အကြမ်းဖက်မှုများနှင့်အတူ အာဏာသိမ်းပြီး နောက်ပိုင်း သဘာဝပတ်ဝန်းကျင်ကို အယောင်ပြထိန်းသိမ်းခြင်းအား မည်သို့ဆောင်ရွက်နေကြောင်း စနစ်တကျ ဆွေးနွေးထားသည့် မည်သည့် ဆောင်းပါးမျိုးမှ မတွေ့ခဲ့ပေ။ သို့သော် အာဏာရှင်အစိုးရများမှ သဘာဝပတ်ဝန်းကျင်ကို အယောင်ပြထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်အား အာဏာရှင်ဆန်စွာ မည်သို့ တစ်ဖက်သတ် ဆုံးဖြတ်ထိန်းချုပ်ကြသည်အား ဆွေးနွေးထားသည့်

---

[10] Fröhlich & Hirt, 2021, pp. 3-4.

စာပေများသည် မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်နေသည့် ကိစ္စရပ်အပေါ် နားလည်လွယ်စေရန် အထောက်အကူပြုနိုင်သည်။

ဖရောလစ်နှင့် ဟာတ်တို့သည် နိုင်ငံရေးဂေဟဗေဒ (political ecology) ပေါ်တွင် အခြေခံ၍ အာဏာရှင်အစိုးရများသည် သဘာဝအရင်း အမြစ်များအား ကိုယ်ကျိုးအတွက် အသုံးချခြင်း သို့မဟုတ် ဖိနှိပ်ချုပ်ချယ်သည့် လုပ်ရပ်များ လုပ်နေစဉ်အတွင်းမှာပင် စိမ်းလန်းစိုပြေ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသည့်ပုံစံဖြင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝထိန်းသိမ်းရေး လှုပ်ရှားမှုများ နှင့် ကိုက်ညီသည့်ဟန် မည်သို့မည်ပုံဆောင်ရွက်နေကြနေကြောင်း ရှင်းပြထားသည်။[11] အချို့မှာ နိုင်ငံတကာမှဆောင်ရွက်သူများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖုံးကွယ်ကာ သဘာဝပတ်ဝန်းကျင်အား တာဝန်ယူဆောင်ရွက်သည့် ပုံစံပြသရန် လုပ်ဆောင်ကြသည်။ ဤအပိုင်းတွင် ဘေးအန္တရာယ်များအား “သဘာဝတရားကြောင့်ဖြစ်သည့် အရာများအဖြစ် ပုံဖော်ပြသခြင်း (ecologization)”[12] သည် အရေးပါသော နိယာမတစ်ခု ဖြစ်သည်။ ဆိုလိုရင်းမှာ ဘေးအန္တရာယ်များသည် ‘သဘာဝတရား’ ကြောင့်သာဖြစ်၍ ၎င်းအန္တရာယ်များ၏ နောက်ကွယ်တွင်ရှိသည့် လူလုပ်သော ဖြစ်ရပ်၊ လုပ်ရပ်များနှင့် နိုင်ငံရေးအကြောင်းအရင်းများ၏ အကျိုးဆက်များအား အလေးမထား သို့မဟုတ် အလုံးစုံလျစ်လျူရှုပစ်ခြင်းကို ဆိုခြင်းဖြစ်သည်။ ၎င်းအား အတင်းအကျပ် ပြန်လည်နေရာချထားခြင်း၊ သွားလာခွင့်ကန့်သတ်ခြင်း၊ ဘေးအန္တရာယ်မှ လွတ်မြောက်လာသည့်သူများအပေါ် အာရုံလွှဲထားကာ ကယ်ဆယ်ရေးပျက်ကွက်မှုများ ကဲ့သို့သော သဘာဝပတ်ဝန်းကျင် အယောင်ပြထိန်းသိမ်းခြင်း၏ နည်းလမ်းတစ်ခုအဖြစ် မြင်နိုင်သည်။ ဥပမာအားဖြင့်ဆိုရလျှင် အီသီယိုးပီးယားမြောက်ပိုင်းတွင် ငတ်မွတ်ခေါင်းပါးခြင်းနှင့် တီဂရေးယန်များ အစုလိုက်အပြုံလိုက် နေရပ်ရွှေ့ပြောင်းခဲ့ရခြင်းသည် မိုးခေါင်ခြင်းကြောင့်ဖြစ်သည်ဟူ၍ အုပ်ချုပ်သည့်အစိုးရမှ ပုံချခဲ့သော်လည်း အမှန်မှာ စစ်ပွဲနှင့် မတရားဖိနှိပ်မှုများကြောင့်သာ ဖြစ်သည်ဟု ဖရောလစ်နှင့် ဟာတ်မှဆိုခဲ့သည်။

> တဂရေးယန်း အများအပြားအား အတင်းအကျပ် နေရာရွှေ့ ပြောင်းခိုင်းခြင်း အပါအဝင် အမျိုးမျိုးသောလွတ်မြောက်ရေး လှုပ်ရှားမှုများနှင့် ပြည်သူလူထုအပေါ် ဖိနှိပ်မှုများအား ဖုံးကွယ်ရန် မိုးခေါင်ခြင်းအား သဘာဝပတ်ဝန်းကျင် အယောင်ပြထိန်း သိမ်းခြင်းပြုလုပ်ကာ မေးခွန်းများမေးလာခြင်းမှ အကာအကွယ်ယူရန် အသုံးပြုခဲ့သည်။[13]

[11] Fröhlich & Hirt, 2021.
[12] Robbins, 2004.
[13] Fröhlich & Hirt, 2021, p. 3.

အခြားနိုင်ငံများတွင်တွေ့ရသော သဘာဝပတ်ဝန်းကျင် အယောင်ပြထိန်းသိမ်းခြင်းဆိုသည့် အခြားဥပမာတစ်ခုအား အစ္စရေးနိုင်ငံမှ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် ပြန်လည်အသုံးပြုနိုင်သည့်စွမ်းအင် ကဲ့သို့သော ပတ်ဝန်းကျင်နှင့် ဆိုင်သည့် စီမံကိန်းများကို အသုံးချကာ ပါလက်စတိုင်းပိုင်နက်နယ်မြေများတွင် မြေယာပိုင်ဆိုင်မှုနှင့် သိမ်းယူခြင်းကို ဖုံးကွယ်သည့်အကြောင်း စူးစမ်းသည့် ဟျူးစ်နှင့်အဖွဲ့[14] ၏ လေ့လာမှုထဲတွင် တွေ့ရသည်။ ဤသို့သဘာဝပတ်ဝန်းကျင် အယောင်ပြထိန်းသိမ်းခြင်း၏ ပုံစံသည် အစ္စရေးနိုင်ငံနှင့် အခြားလုပ်ငန်းစုကြီးများမှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အခြေချသူများမှ အကြမ်းဖက်မှုများကို အာရုံလွှဲချင်သည့်အခါတွင် ရာသီဥတုပြောင်းလဲလာမှု လျှော့ချရေး၊ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြေ စိုက်ပျိုးရေးစသည့် “အဆင့်ဆင့်တိုးတက်ပြောင်းလဲစေရန်” ပြုပြင်မှုများအား မီးမောင်းထိုးပြသည့် အခါတွင်သုံးသော မေးခွန်းများ မေးမလာစေရန် အသုံးပြုသည့် နည်းလမ်းတစ်ခု ဖြစ်သည်။[15] ဤဥပမာသည် အာဏာရှင်အစိုးရများမှ ၎င်းတို့လုပ်ဆောင်သော အရာများအား သဘောတူညီလက်ခံမှုရရှိစေရန် စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်သည့် စီမံကိန်းများကို အသုံးချ၍ ကိုယ့်အကျိုးအမြတ်အတွက်သာ လုပ်ဆောင်သည့်အရာများ ဆက်လက်ဆောင်ရွက် နေကြသည့်ပုံစံနှင့် ဆင်တူမှုရှိသည်။ အန်ဒါဆန်[16] သည်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် နိုင်ငံရေးနှင့် စစ်ရေး ရည်ရွယ်ချက်များအတွက် လက်နက်သဖွယ် မည်သို့မည်ပုံအသုံးချခံနေရသည်ကို လေ့လာထားသည်။ ဂွါတီမာလာ ပီတန်းဒေသတွင် တပ်မတော်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လုပ်ဆောင်ချက်များအား သူပုန်များအပေါ် တုန့်ပြန်စစ်ဆင်ရေးများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အသုံးချခဲ့သည်။ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးအတွက် တချို့တစ်ဝက်ကိုသာ ရွေးချယ်အကောင်အထည်ဖော်နေစဉ် အချိန်အတွင်းမှာပင် စစ်တပ်သည် ၎င်း၏စစ်ရေးဗျူဟာများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည့် အယောင်ဆောင်ထားသော ပုံစံအောက်တွင် မြှင့်တင်နေခဲ့သည်။

မြင့်တက်လာနေသော ရာသီဥတုပြောင်းလဲလာမှု ပြဿနာအား အာဏာရှင်အစိုးရများမှ ၎င်းတို့သာလျှင်ထိန်းချုပ်ကိုင်တွယ်နိုင်သည့် ကိစ္စရပ်တစ်ခုအဖြစ် သတ်မှတ်ကာ အရေးပေါ်ဆောင်ရွက်ချက်များနှင့် ၎င်းတို့၏ ဗဟိုချုပ်ကိုင်မှုအာဏာအား တောင့်တင်းခိုင်မာလာစေရန် ဆောင်ရွက်ခြင်းအတွက် အကြောင်းပြချက်တစ်ခုအဖြစ်အသုံးပြုနေကြသည်။[17] ဤအကြောင်း အရာသည် ထောက်ခံသူများနှင့် ဝေဖန်သူများပါရှိသော သဘာဝပတ်ဝန်းကျင်အား အာဏာရှင် ဆန်စွာ တစ်ဖက်သတ်ဆုံးဖြတ်အုပ်ချုပ်မှုအပေါ် လက်ရှိ ဖြစ်ပွားနေသည့် ငြင်းခုံမှုများနှင့် ဆက်စပ်၍ရနိုင်သည်။ သဘာဝပတ်ဝန်းကျင်အား

[14] Hughes et al., 2022.
[15] Hughes et al., 2022, p. 498.
[16] Andersson, 2020.
[17] Gverdtsiteli, 2022, pp. 163-170.

အာဏာရှင်ဆန်စွာ တစ်ဖက်သတ်ဆုံးဖြတ် အုပ်ချုပ်မှုနှင့် ပတ်သက်၍ ထောက်ခံသည့်အဆိုတွင် ဒီမိုကရေစီဆန်သည့် နည်းလမ်းများမှာ ရာသီဥတုပြောင်းလဲလာမှုအား ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန် လိုအပ်သည့် အတိုင်းအတာဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် နှေးကွေးကြောင်း၊ ရှုပ်ထွေးကြောင်းနှင့် များစွာသော အထင်အမြင်များက ပါဝင်ကန့်သတ်ထားကြောင်း ပြောထားသည့် အချက်များပါဝင်သည်။ ဆန့်ကျင်ဘက်အားဖြင့် အာဏာရှင်အစိုးရများသည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲလာခြင်းအား ဖြေရှင်းရန် ထိရောက်သော မူဝါဒများအား လျင်မြန်စွာလုပ်ဆောင်နိုင်ပြီး အရေးပေါ်အခြေအနေများအား လျင်မြန်စွာ တုံ့ပြန်နိုင်သည့်အပြင် ရေတို နိုင်ငံရေးအကျိုးစီးပွားများထက် ရေရှည်ဂေဟစနစ် တည်တံ့ရေးကိုသာ ဦးစားပေးစဥ်းစားရန် ပိုမိုသင့်တော်မှုရှိနေသည်။[18] သဘာဝပတ်ဝန်းကျင်အား အာဏာရှင်ဆန်စွာ တစ်ဖက်သတ်ဆုံးဖြတ်အုပ်ချုပ်မှုတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကြောင့် အနစ်နာဆုံးသူများ၏ အသံအားဖယ်ထုတ်ထားပြီး သဘောထားကွဲလွဲမှုများအား ဖိနှိပ်ထိန်းချုပ်ထားတတ်သောကြောင့် ပင်ကိုအားဖြင့် တရားမျှတမှုမရှိဟု ဝေဖန်သူများက ဆိုကြသည်။[19] ဂါဗာဒ်စထယ်လီမှ —

> အာဏာရှင်ဆန်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ၎င်းတို့လက်ထဲ၌သာ ကန့်သတ်ထိန်းချုပ်နိုင်မှုရှိပြီး လူထုအမြင်နှင့် လူထုပါဝင်မှုမရှိသည့် မူဝါဒသတ်မှတ်နည်း၊ နိုင်ငံတော်ကြီးစိုးသော မူဝါဒလုပ်ငန်းစဥ်၊ ချုပ်ချယ်ခြင်းနှင့် ထိန်းချုပ်ခြင်းရှိသည့် စနစ်များပါဝင်ပြီး ၎င်းတို့သည် တစ်ဦးချင်းစီနှင့် စီးပွားရေးလုပ်ငန်းများ၏ လွတ်လပ်ခွင့်အား ကန့်သတ်ခြင်းဆီသို့ ဦးတည်စေတတ်သည်။[20]

လက်တွေ့တွင် အာဏာရှင်အစိုးရများသည် သဘာဝပတ်ဝန်းကျင်အား ထိရောက်စွာ ထိန်းသိမ်းနိုင်ခြင်းမရှိဟုလည်း ဆန့်ကျင်သူများက ဆိုကြသည်။ ယင်းအစား ဤအာဏာရှင်များ၏ ရာသီဥတုပြောင်းလဲလာခြင်းနှင့် သဘာဝပတ်ဝန်းကျင်အား ကာကွယ်ခြင်းဟူသည့် လုပ်ငန်းစဥ်များ သိသာထင်ရှားစွာတိုးလာခြင်းသည် သက်ရှိဂေဟဗေဒစနစ်နှင့် သက်ဆိုင်သည့် အရာများအား စနစ်တကျကိုင်တွယ်ဖြေရှင်းခြင်းထက် ‘စိမ်းလန်းစိုပြေရေးအတွက်ဆောင်ရွက်ခြင်း’ ဆိုသည့်အရာအား ၎င်းတို့အာဏာပိုရရန် လုပ်ဆောင် သို့မဟုတ် ပြသခြင်းကိုသာဦးတည်နေသည်။ ဆိုလိုသည်မှာ စိမ်းလန်းစိုပြေရေး အတွက် ဆောင်ရွက်ခြင်းသာမကဘဲ သဘာဝပတ်ဝန်းကျင်အား အယောင်ပြထိန်းသိမ်းခြင်းလည်း ပါဝင်သည်။ ဥပမာအားဖြင့်ဆိုရ

[18] Beeson, 2010; Mittiga, 2021.
[19] Li & Shapiro, 2020; Shahar, 2015; Wallace, 2022.
[20] Gverdtsiteli, 2022, p. 163.

လျှင် တရုတ်အာဏာပိုင်များမှ သစ်တောပြန်လည်စိုက်ပျိုးရေး စီမံကိန်းကြီးများလို သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်ချက်များအား ၎င်းတို့၏ အာဏာ ပိုမိုခိုင်မာလာစေရန်နှင့် ဆန့်ကျင်သံများတိတ်ဆိတ်သွားစေရန် ဗျူဟာကျကျ အသုံးပြုခဲ့ကြသည်ဟု လီနှင့် ရှပိရို တို့မှ ထောက်ပြထားသည်။[21] ယင်းအစီအစဥ်များသည် တရုတ်၌ စိမ်းလန်းစိုပြေမှုပိုမိုတိုးပွားလာစေရန် အထောက်အကူပြုခဲ့သော်လည်း လယ်သမားများနှင့် အလုပ်သမားများအား ၎င်းတို့၏ မူလနေရာမှ စွန့်ခွာစေခြင်းဖြစ်စေခဲ့မှုတို့သည် ထိုကဲ့သို့စီမံကိန်းများကြောင့် လူသားများ၏ ခံစားရပုံကို ဖော်ပြနေသည်။ အလားတူစွာ လာအိုနှင့် ဗီယက်နမ်တွင် ရေအားလျှပ်စစ်စီမံကိန်းများကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပဏာမခြေလှမ်းများကို ဗဟိုအာဏာပိုင်များမှ နိုင်ငံတော်အာဏာတည်တံ့ ခိုင်မြဲရေးနှင့် နိုင်ငံဖြတ်ကျော်အရင်းအမြစ်များအား လက်လှမ်းမီရယူနိုင်ရေးအတွက် အသုံးချကြသည်။ ယင်းစီမံကိန်းများထဲတွင် ပုံမှန်အားဖြင့် ကာဗွန် ထုတ်လွှတ်မှု လျှော့ချရန်ဆိုသည့် ဆောင်ရွက်မှု၏ နောက်ကွယ်၌ ဆင်းရဲနွမ်းပါးသောသူများ၏ ဘဝအား ပိုမိုဘေးကျပ်နံကျပ်ဖြစ် ခက်ခဲသွားစေနိုင်မည့် နေထိုင်ရန် မသင့်တော်သောနေရာများသို့ အတင်းအကျပ် ပြောင်းရွှေ့ခိုင်းခြင်းမျိုး ပါဝင်တတ်သည်။[22] အချုပ်ပြောရလျှင် အာဏာရှင်အစိုးရများသည် အချို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအား ဖြေရှင်းကောင်း ဖြေရှင်းနိုင်သော်လည်း ယင်းကဲ့သို့ဆောင်ရွက်ရာတွင် လူထုပါဝင်မှုနှင့် တရားမျှတမှုတို့အား စတေးကြသည်။

ကျွန်ုပ်တင်ပြမည့်အတိုင်းပင် မြန်မာနိုင်ငံ၏ နစကသည် ၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်းမှ စတင်ကာ စိမ်းလန်းစိုပြေရေးအတွက် လုပ်ဆောင်သည့် ဤသို့ပုံစံတူ နည်းလမ်းများကို အသုံးပြုလာသည်။ နစကသည် သဘာဝဘေးအန္တရာယ်များအား ‘သဘာဝကြောင့်သာ ဖြစ်ကြောင်း ဖော်ပြခြင်း (ecologizing)’ ကဲ့သို့ ပြင်းထန်သည့် ဖြစ်စဥ်များ ဖြစ်နေသည်ကို အသုံးချကာ ၎င်းတို့၏ ဖိနှိပ်မှုများအား တရားဝင်ဖြစ်လာစေရန် လုပ်ဆောင်နေသည့် အချိန်အတွင်းမှာပင် ၎င်းတို့ကိုယ်တိုင်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ကြသူများအဖြစ် ပုံဖော်လျက်ရှိသည်။ ထို့အပြင် နစကသည် တော်လှန်ရေးအဖွဲ့များ ထိန်းချုပ်ထားသောနယ်မြေများနှင့် နယ်မြေစိုးမိုးမှုယှဥ်ပြိုင်နေသောနေရာများတွင် သစ်တောထိန်းသိမ်းရေးနေရာအသစ်များကို ကြေညာခဲ့သည်။ ထိုသို့ပြုလုပ်ရခြင်း၏ ဖြစ်နိုင်ခြေရှိသော အကြောင်းပြချက်တစ်ခုမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ယူမှုပုံရိပ်ကို အသုံးချ၍ တော်လှန်ရေးအားဖိနှိပ်ရန်နှင့် နယ်မြေစိုးမိုး ထိန်းချုပ်မှုရရှိရန်အတွက်ဖြစ်သည်။[23]

[21] Li & Shapiro, 2020.

[22] Baviskar, 1995; Khagram, 2004; Mertha, 2008; Randell, 2018.

[23] အာဏာသိမ်းမှုမတိုင်မီတွင်လည်း စစ်တပ်မှ သစ်တောထိန်းသိမ်းရေးအား သူပုန်ထမှုတားဆီးရေး နည်းဗျူဟာအဖြစ် မည်သို့ အသုံးချခဲ့သည်ကိုလေ့လာရန် Woods & Naimark (2020) တွင်ရှုပါ။

သို့သော်လည်း နစကသည် စစ်တပ်မှ အကြမ်းဖက်ဆောင်ရွက်မှုများနှင့် လွှမ်းမိုးချုပ်ကိုင်ကာ နိုင်ငံရေးအတိုက်အခံအားလုံးအား ဖိနှိပ်ချုပ်ချယ်မှုနည်းလမ်းများမှတစ်ဆင့် အဓိကအုပ်ချုပ်သောကြောင့် အာဏာရှင်ဆန်သောအစိုးရထက် ဖိနှိပ်သည့် စစ်အာဏာရှင်ဆန်သော ဝိသေသလက္ခဏာများ ပိုမိုတွေ့ရသည်။[24] ထို့ကြောင့် ကျွန်ုပ်သည် သဘာဝပတ်ဝန်းကျင်အား အာဏာရှင်ဆန်စွာ တစ်ဖက်သတ် ဆုံးဖြတ် အုပ်ချုပ်မှုဆိုသည့် ဥပမာတစ်ခုအစား 'စိမ်းလန်းစိုပြေရေး အယောင်ပြ ဆောင်ရွက်နေသည့် စစ်အာဏာရှင်အစိုးရ' ဟူ၍ ရည်ညွှန်းထားခြင်းဖြစ်သည်။

နစက၏ ရာသီဥတုနှင့် ပတ်ဝန်းကျင်အတွက် လုပ်ဆောင်သည့်အရာများအား မီဒီယာမှ ချပြပုံများ

ဤအပိုင်းတွင် နစကထိန်းချုပ်ထားသော မီဒီယာများမှ နစကနှင့် စစ်တပ်အရာရှိ အကြီးအကဲပိုင်းများသည် ရာသီဥတုပြောင်းလဲလာခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်နှင့် ပတ်သက်၍ မည်သို့ နားလည်ပြီး စိတ်ပါဝင်စားစွာ အားတက်သရော ဆောင်ရွက်နေကြသူများအဖြစ် ပြသကြပုံအား စူးစမ်း လေ့လာထားသည်။ *The Global New Light of Myanmar* နှင့် ကြေးမုံ သတင်းစာတို့မှ ထုတ်ဝေဖြန့်ချိသော ဆောင်းပါးအများစုမှာ နစကအား ထောက်ခံသည့် သို့မဟုတ် ၎င်းတို့အတွက် အလုပ်လုပ်ပေးရန် ဆန္ဒရှိသည့် သတင်းသမားများ၊ အယ်ဒီတာများ၊ မိုးလေဝသနှင့် ဇလဗေဒပညာရှင်များ[25] ကဲ့သို့ နည်းပညာကျွမ်းကျင်သူများမှ ရေးသားသည့် အရာများဖြစ်သည်။ နစက၏ လက်အောက်တွင် အလုပ်လုပ်နေသောသူများရေးသည့် ဆောင်းပါးများမှာ ၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့သည့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (civil disobedience movement) တွင် ပါဝင်ခြင်းမရှိဘဲ ၎င်းအုပ်ချုပ်ရေးအောက်တွင် ဆက်လက်နေထိုင်ရန် ရွေးချယ်ခဲ့သည့် အစိုးရဝန်ထမ်းများမှ ရေးသားသည့် ဆောင်းပါးများဖြစ်သည်။ သိသာထင်ရှားသည့်အချက်မှာ ယင်းဆောင်းပါးများသည် ပြည်တွင်း၌သာမက ကမ္ဘာတစ်ဝန်းလုံးရှိ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲလာခြင်း ပြဿနာများအား နိုင်ငံရေးနှင့် မသက်ဆိုင်သည့်ပုံစံဖြင့် ပုံမှန်လိုသာ ဖော်ပြကြပြီး လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး အကျပ်အတည်းနှင့် လက်နက်ကိုင် ပဋိပက္ခများကို လုံးလုံးလျားလျား ချန်လှပ်ထားလျက်ရှိသည်။ အခြားဆောင်းပါးများတွင် နစကအား တိုင်းပြည်ကိုကယ်တင်သူနှင့် သဘာဝပတ်ဝန်းကျင်အားစောင့်ရှောက်သူအဖြစ် မြင်သာအောင် အလွန်အကြူးချီးမြှောက် ပြောဆိုထားကြသည်။

---

[24] စစ်အာဏာရှင်စနစ်အား အာဏာရှင်ဆန်စွာ အုပ်ချုပ်ခြင်း၏ သီးခြားပုံစံတစ်ခုအဖြစ် အသေးစိတ်လေ့လာချက်ကို Geddes et al. (2018) တွင်ရှုပါ။

[25] "Flooded areas warned of heavy rain and strong winds", 2024.

ကျွန်ုပ်သည် သတင်းစာများကို စစ်တမ်းပြုစုနေစဉ်အတွင်း ရာသီဥတုပြောင်းလဲလာမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ရေးသားထားသည့် ဆောင်းပါးအမျိုးအစား (၄) မျိုးအား ရှာဖွေတွေ့ရှိခဲ့သည်။ ပထမတစ်ခုမှာ ရာသီဥတုပြောင်းလဲလာမှုနှင့်ပတ်သက်သည့် ယေဘုယျ အချက်အလက်အပိုင်းအစများနှင့် ၎င်း၏ သက်ရောက်မှုများအား ရေးသားထား ခြင်းဖြစ်သည်။ ၎င်းအား တစ်ခါတစ်ရံ ကုလသမဂ္ဂအစီရင်ခံစာများနှင့် တစ်ခါတစ်ရံတွင် ထိုင်းနိုင်ငံရှိ မီးခိုးမြူငွေ့ညစ်ညမ်းမှုကဲ့သို့သော အခြားနိုင်ငံများတွင်ဖြစ်ပွားသည့် သဘာဝ ပတ်ဝန်းကျင်နှင့်ဆိုင်သော ပြဿနာများအား ဖော်ပြရေးသားထားသော နိုင်ငံတကာ သတင်းအချက်အလက်များကို ကိုးကားရေးသားထားခြင်းဖြစ်သည်။[26] ဆောင်းပါးအများစုမှာ နိုင်ငံတကာ ကဏ္ဍအပိုင်းတွင် ပါလာသည် များဖြစ်၍ အချို့မှာ Newsweek သို့မဟုတ် Reader's Digest ကဲ့သို့နိုင်ငံတကာ မီဒီယာများ၏ ဆောင်းပါးများကို ပြန်လည်ထုတ်ဝေထားခြင်းသာ ဖြစ်သည်။[27] အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏ သက်ရောက်မှုများအား သတိပေးကာ မြန်မာပြည်သူများအား ကြိုတင်ကာကွယ်ရေးအတွက် လုပ်ဆောင်မှုများပြုလုပ်ရန် အကြံပြုထားသည့် ဆောင်းပါးတစ်ပုဒ်ကဲ့သို့ မြန်မာနိုင်ငံအကြောင်း ဖော်ပြထားသည့် အချို့သော ဆောင်းပါးများလည်းရှိသည်။[28] အပြည်ပြည်ဆိုင်ရာ ကဏ္ဍအပိုင်းတွင် ရာသီဥတုပြောင်းလဲလာမှု တိုက်ဖျက်ရေး ကုလသမဂ္ဂညီလာခံနှင့် ပတ်သက်၍ ရေးထားသည့် ဆောင်းပါးများလည်း တွေ့ရှိခဲ့သည်။[29] သိသာထင်ရှားစွာပင် ထိုဆောင်းပါးများထဲတွင် မည်သည့်ဆောင်းပါးကမှ နစကအား ၂၀၂၁ ကတည်းကစ၍ ထိုအစည်းအဝေးပွဲများမှ ဖယ်ရှားထားသည်ဆိုသည့် အကြောင်း မဖော်ပြထားဘဲ နစက၏ နိုင်ငံတကာမှ အသိအမှတ်ပြုခြင်း မခံရသည့်အချက်ကို ဖုံးကွယ်ထားသည်။[30]

ဒုတိယအမျိုးအစားဖြစ်သည့် ဆောင်းပါးများထဲတွင် နစကသည် ရာသီဥတုပြောင်းလဲလာမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဘောင်များနှင့် လုပ်ဆောင်ချက်များတွင် ထဲထဲဝင်ဝင် ပါဝင်ထားမှုရှိကြောင်း ဖော်ပြထားသည်။ ၎င်းအချက်အား အထူးသဖြင့် နစကနှင့် စစ်တပ် အရာရှိများမှ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၊ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့နှင့်

[26] "10 million Thais treated", 2024; "Indigenous peoples hold many solutions", 2023; "Rising seas a 'death sentence' for some", 2023; "Thai tourist hotspot Chiang Mai", 2024.
[27] Thein Tun, 2023.
[28] "Ease effects of El Nino", 2023.
[29] "Climate and Gaza crises share spotlight", 2023; "COP28 host UAE and India", 2023; "COP28's UAE chair says 'we respect' climate science", 2023; "Nations rally behind renewables", 2023; "UAE: fossil fuel power", 2023; "With 80,000 attendees, COP28 is largest", 2023; "World needs 'trillions' for climate", 2023.
[30] Chambers & Kyed, 2023.

ကမ္ဘာ့ရေနေ့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာနေ့များအတွက် အခမ်းအနားကျင်းပကြခြင်းမှတစ်ဆင့် ဖော်ပြကြသည်။[31] ထိုသို့သော အခမ်းအနားများတွင် နစကအကြီးအကဲနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့် မင်းအောင်လှိုင်အား သဘာဝပတ်ဝန်းကျင်ကို အမှန်တကယ်ကာကွယ်စောင့်ရှောက်သည့် ခေါင်းဆောင်အဖြစ် ဓာတ်ပုံများနှင့် မိန့်ခွန်းများမှတစ်ဆင့် ဖော်ပြကြသည်။[32] အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့တွင် နစက၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MoNREC's)[33] လက်အောက်ရှိ သစ်တောဦးစီးဌာန၏ တာဝန်ရှိ အရာရှိတစ်ဦးသည် ၁၉၉၃ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းများကို မည်သို့လိုက်နာထောက်ခံခဲ့ကြောင်း ရေးသားထားသည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ပတ်သက်သော ဆောင်းပါးရှည်တစ်ပုဒ် ရေးသားခဲ့သည်။[34] ၂၀၂၃ ခုနှစ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ မိန့်ခွန်းပြောကြားနေသည့် ဗီဒီယိုကို ပြသခြင်းဖြင့် အစချီကာ အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ရေးနေ့ကို ကျင်းပခဲ့သည်။ ယင်းအား နစကမှ ၎င်းတို့တွင် နိုင်ငံတကာ အဆက်အသွယ်များရှိကြောင်း ပြသရန်ကြိုးစားမှုအဖြစ် မြင်နိုင်သည်။[35] အချို့သော ဆောင်းပါးများတွင် မြန်မာနိုင်ငံအား အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တွင် သဘာဝ ထိန်းသိမ်းရေး ဥယျာဉ်များအတွက် ဦးဆောင်နေသူအဖြစ် ဖော်ပြထားသည်။[36] ၎င်းနှင့်အညီ နစကသည် ထိုင်း၊ တရုတ်ကဲ့သို့ ဒေသတွင်းနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း အစရှိသည်တို့ဖြင့် လေထုညစ်ညမ်းမှု၊ တောမီးလောင်မှုများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချမှုများကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား ဆွေးနွေးသည့်ပွဲများတွင် ပါဝင်ထားကြောင်းလည်း အချို့ဆောင်းပါးများမှ ဖော်ပြထားသည်။[37] အချို့သော ဆောင်းပါးများတွင် နစကသည် ပြန်

[31] "Everybody needs to make preparations", 2023.

[32] "Forest Dept marks International Day", 2024; "Myanmar achieves remarkable", 2024.

[33] အမျိုးသားညီညွတ်ရေးအစိုးရတွင်လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန (MoNREC) ရှိသည်။ သို့သော် ဤဆောင်းပါးတွင် MoNREC ဟူ၍ အတိုကောက် အသုံးပြုခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။

[34] Suu Sandar Aung, 2024.

[35] "2023 International Day", 2023.

[36] "Mt Popa, Myanmar's first", 2024; "Myanmar ranks third", 2024.

[37] "Belt and Road Initiative", 2023; "Myanmar, Thailand and Laos", 2023; "Myanmar's Minister attends ASEAN environment meetings", 2023; "Thai, Myanmar delegates join technical workshop", 2023.

လည်အသုံးပြုနိုင်သော စွမ်းအင်များအတွက် ရင်းနှီးမြှုပ်နှံထားကာ တရုတ်၊ ထိုင်းနှင့် စင်ကာပူရှိ ကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်နေကြောင်း အသားပေးဖော်ပြထားသည်။[38] ယင်းဆောင်းပါးများသည် နစကမှ အသစ်တစ်ဖန်ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်စီမံကိန်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရရှိရန် ကြိုးပမ်းနေ သည်ကို မီးမောင်းထိုးပြနေပြီး ၎င်းတို့သည် သဘာဝပတ်ဝန်းကျင်နှင့် လူနေမှု၊ လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများအတွက် ထည့်သွင်းစဉ်းစားကြောင်း ဖော်ပြထားသည်။

တတိယပိုင်းတွင်ပါသည့် ဆောင်းပါးများတွင် ကျွန်ုပ်သည် နစက၏ နိုင်ငံတွင်း စိမ်းလန်းစိုပြေရေးဆိုင်ရာ ကြိုးပမ်းမှုများကို ၎င်း၏ အစိုးရဝန်ကြီးဌာနများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအပါအဝင် အထူးသဖြင့် ငါးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဦးစီးဌာနများမှ ပါဝင်ကြပုံကို ဖော်ပြထားသည်။ ဥပမာများအဖြစ် သစ်တောထိန်းသိမ်းရေး၊ ဘူမိဥယျာဉ်များ တည်ထောင်ခြင်းနှင့် ပင်လယ်ကမ်းရိုးတန်းထိန်းသိမ်းရေး စသည်ဖြင့် ပါဝင်သည်။ အခြားသောဆောင်းပါးများသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် တောရိုင်းတိရစ္ဆာန် ကာကွယ်ခြင်းတို့ကို များသောအားဖြင့် လှပကာအရောင်အသွေးစုံလင်သည့် သဘာဝရှုခင်းများနှင့် တိရစ္ဆာန်များ၏ ပုံများနှင့် တွဲ၍ဖော်ပြလေ့ရှိသည်။[39] အချို့သောဆောင်းပါးများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအား ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဖော်ပြထားကာ ကမ္ဘာလှည့်ခရီးသွားများအား မြန်မာနိုင်ငံ၏ သစ်လွင်တောက်ပနေသော ကမ်းခြေများနှင့် သဘာဝအလှအပကို ကြည့်ရှုရန် ဖိတ်ခေါ်ထားသည်။[40] ဆောင်းပါးတစ်ပုဒ်တွင်မူ တောင်ပိုင်းတွင်ရှိသည့် အဏ္ဏဝါဥယျာဉ်ဖြစ်သော လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သို့ ဥရောပမှ များစွာသော ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာနေကြသည်ဟု ဆိုထားပြီး စစ်ပွဲနှင့် ပဋိပက္ခ ဖြစ်ပွားနေခြင်းမရှိသည့်ပုံစံဖြင့် ဖော်ပြထားသည်။[41] အချို့သော ဆောင်းပါးများသည် နစကနှင့် မြို့နယ်အဆင့်ဌာနများမှ စိုက်ပျိုးရေး ပြုပြင်ပြောင်းလဲရေးအတွက် မည်သို့ပံ့ပိုးကူညီကြောင်း၊ ရေရှားပါးမှုပြဿနာများအား မည်သို့ ဖြေရှင်းကြောင်းနှင့် ရေဆိုးရေညစ်များအား မည်သို့စီမံခန့်ခွဲနေကြောင်း ဖော်ပြထားသည်။[42] ဤဆောင်းပါးများသည် အစိုးရမှ ကောင်းမွန်စွာလည်ပတ်နေကြောင်း၊ သဘာဝပတ်ဝန်းကျင်အား

---

[38] "MIC nods 6 investment projects", 2023; "MoA signed for wind power", 2023; "MoEP invites tenders", 2023; "Solar power system", 2023.

[39] "34 wintering, migratory bird species", 2023; "Star tortoise from at Shwesettaw", 2023.

[40] "Ancient volcano's rock formations", 2024; "Mt Popa, Myanmar's first", 2024.

[41] "European tourists flock," 2023.

[42] "Annual water quality report", 2024; "Heavy rains lessen cotton quality", 2023; Moe Yan, 2023; "Raise public awareness for systematic waste", 2024; "State-of-the-art on-site wastewater", 2024.

ထိထိရောက်ရောက် စီမံခန့်ခွဲထိန်းသိမ်းစောင့်ရှောက်နိုင်ကာ တည်ငြိမ်မှုရှိကြောင်းကိုသာ ဖော်ပြထားပြီး လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခနှင့် နိုင်ငံရေးပြဿနာများအား လုံးဝချန်လှပ် ထားလျက်ရှိသည်။

စတုတ္ထမြောက်အမျိုးအစားထဲတွင် တွေ့ရသည့် ဆောင်းပါးများသည် ရေကြီးမှုများ၊ အပူလှိုင်းဖြတ်မှုများ၊ မုန်တိုင်းများ အစရှိသည်တို့အတွက် ရာသီဥတုခန့်မှန်းချက်၊ သတိပေး ချက်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များအား ဖော်ပြထားပြီး ၎င်းအချက် အလက်များအား နစက၏ မိုးလေဝသနှင့် ဇလဗေဒဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဲ့သို့သော ဌာနများနှင့် ဝန်ကြီးဌာနများမှ ဖော်ပြခြင်း ဖြစ်သည်။ နစကအောက်ရှိ ဌာနများသည် လူထုအသိပညာမြှင့်တင်ရေး၊ အကြံပေးရေးနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ကြိုးပမ်းမှုများအတွက် ချီးကျူးဖော်ပြခံရလေ့ရှိ သည်။[43] မီဒီယာထဲတွင် ရာသီဥတုဘေးအန္တရာယ်များအား နစကမှ ဖော်ပြပုံများသည် သဘာဝ ဘေးအန္တရာယ်များအား 'သဘာဝတရားအရဖြစ်ကြောင်း'[44] ဖော်ပြထားပြီး နိုင်ငံရေး ပြဿနာ နှင့် အစိုးရ၏အကြမ်းဖက်မှုများကြောင့် သဘာဝဘေးဒဏ်ခံရသည့် နစ်နာသူများအား ထည့် သွင်းစဥ်းစားထားခြင်း လုံးဝမရှိပေ။ ၂၀၂၃ ခုနှစ်က မိုခါဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၂၃ ခုနှစ်၌ ပဲခူးတွင် ရေကြီးမှုနှင့် ၂၀၂၄ မြစ်ကြီးနားတွင် ရေကြီးမှုတို့အား မီဒီယာမှဖော်ပြရာတွင် နစက၏ သဘာဝဘေးအန္တရာယ်အတွက် ထောက်ပံ့ကူညီမှုသည် ထိရောက်မှု ရှိကြောင်းကိုသာ အသား ပေးဖော်ပြကြသည်။ ဆောင်းပါးများတွင် မင်းအောင်လှိုင် အပါအဝင် နစကအရာရှိများနှင့် စစ်တပ်အရာရှိများမှ သဘာဝဘေးအန္တရာယ်ခံရသည့် နေရာများသို့သွားကာ ဘေးသင့်သူများ အား သွားရောက်လှူဒါန်းထားသည့် အခမ်းအနားဆိုင်ရာပုံရိပ်များကိုလည်း ပြသထားသည်။[45]

ယေဘုယျအားဖြင့်ဆိုရလျှင် မီဒီယာဆောင်းပါးများသည် နစက၏ အပြုသဘောဆောင် သည့် လုပ်ရပ်များကိုသာ ပြသထားပြီး လူထုအသံအား ဖယ်ချန်ထားကာ ၎င်းတို့၏ ခေါင်း ဆောင်များနှင့် အရာရှိများ၏ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် လုပ်ငန်းစဥ်များတွင် ကတိကဝတ်ပြုပါဝင်နေကြသည့်ပုံစံသာ ပုံဖော်ပြသထား သည်။ မီဒီယာသည် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သည့် လှုပ်ရှားမှုများနှင့် သဘာဝဘေး အန္တရာယ်များအတွက် အမှန်တကယ် ကူညီလှုပ်ရှားနေသူများဖြစ်သည့် ဘာသာရေးခေါင်း ဆောင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် တက်ကြွလှုပ်ရှားသူများ၊ အရပ်

---

[43] "DMH warns of nationwide thunderstorms", 2024; "People over 45 top among heat stroke patients", 2024; "Nearly 1,500 natural disasters strike nationwide", 2023.
[44] Fröhlich & Hirt, 2021.
[45] "DPM MoTC Union Minister provides cash", 2023; "Flooding emergency in Myitkyina", 2024; "Over 27,300 flood victims relocated", 2023.

ဘက်အဖွဲ့နှင့် ပရဟိတအဖွဲ့များအား ဖော်ပြခြင်းမှာ လွန်စွာရှားပါးသည်။[46] နစကနှင့် ပူးပေါင်းလုပ်ဆောင်နေသည့် ကြက်ခြေနီအဖွဲ့ကသာ အထက်ပါအုပ်စုများနှင့်ယှဉ်လျှင် အကြိမ်ရေအနည်းငယ် ပိုမိုဖော်ပြခံရသည်။ နစကအား သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်ပြီး 'စိမ်းလန်းစိုပြေရေး' ဆောင်ရွက်သည့် အစိုးရတစ်ရပ်အဖြစ် ဖော်ပြခြင်းသည် ကျွန်ုပ်အမြင်ဖြင့် ပြောရလျှင် ပဋိပက္ခနှင့် နိုင်ငံရေးမတည်ငြိမ်မှုအား လုံးဝနီးပါး အသံတိတ်သွားစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ချင်းပြည်ကဲ့သို့ အလွန်တင်းမာမှုများရှိနေသည့် ဒေသများအကြောင်းဖော်ပြသည့်အချိန်၌ပါ ဤကဲ့သို့ဖြစ်နေသည်။ ဆောင်းပါးတစ်ခုတွင်ထိုဒေသ၌ ပြည်နယ်ဝန်ကြီးချုပ်မှ စိုက်ပျိုးရေး သမဝါယမလုပ်ငန်းများကို အကောင်အထည်ဖော်နေကြောင်းသာ ဖော်ပြထားသည်။[47] နစကအရာရှိများ၏ သဘာဝဘေးအန္တရာယ်ကူညီရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်စပ်နေသည့် မိန့်ခွန်းများတွင် ပါလာတတ်သော ရှားပါးကာသွယ်ဝိုက်သည့် ပဋိပက္ခနှင့် သက်ဆိုင်သော ပြောဆိုချက်များသည် "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ဟူသည့်ဆောင်ပုဒ်ကဲ့သို့ လူသိများသော စစ်တပ် ဆောင်ပုဒ်များကို အသုံးပြုကာ ပြည်သူနှင့်အစိုးရကြား စည်းလုံးခြင်းရှိရန် နှိုးဆော်သည့် အပြောမျိုးသာရှိသည်။ ဤသို့စည်းလုံးခြင်းအတွက် ပြောဆိုခြင်းသည် တော်လှန်ရေးလှုပ်ရှားမှုများကိုမထောက်ခံဘဲ နစကမှ ၎င်းတို့ကို ထောက်ခံမှုရရှိရန် ကြိုးပမ်းမှုအဖြစ် သွယ်ဝိုက်မြင်နိုင်သည်။ အခမ်းအနား အနည်းအကျဉ်းတွင် မင်းအောင်လှိုင်သည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ရာသီဥတုပြောင်းလဲရေးတို့အား တူညီသောမိန့်ခွန်းများထဲတွင် ထည့်သွင်းပြော ကြားလေ့ရှိပြီး မြေပြင်တွင် ဖြစ်နေပေါ်နေသည့် တိုက်ပွဲများအကြောင်းကို ထည့်သွင်းပြောလေ့မရှိပေ။[48] ဖြည့်ပြောရလျှင် မင်းအောင်လှိုင်မှ နစက၏ မိုခါဆိုင်ကလုန်းမုန်တိုင်းတွင် တုန့်ပြန်ပုံနှင့်စပ်လျဉ်း၍ အာရက္ခတပ်တော်အားဝေဖန်ထားသည့်အကြောင်းကို ထည့်သွင်းဖော်ပြထားသည့်ဆောင်းပါးတစ်ခုမှ လွဲ၍ တော်လှန်ရေးအဖွဲ့များသည် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် မည်သည့်အခါမှ ထည့်သွင်းဖော်ပြခြင်းမခံရပေ။[49] ကျွန်ုပ်သည်လည်း သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းနှင့်ပတ်သက်၍ တော်လှန်ရေးတပ်ဖွဲ့များအား အပြစ်တင်ထားသည့် မည်သည့်ဆောင်းပါးကိုမှ မတွေ့ခဲ့ဘဲ ၎င်းအချက်သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ စစ်တပ်အား ထိုသို့ပျက်စီးမှုအတွက် ပြစ်တင်ထား

[46] ခြွင်းချက်များပါဝင်: "Four major faiths unite,", 2024; "Patthana recitation conducted", 2023; "Prepare for natural disasters", 2023။

[47] Nadi Min, 2023.

[48] "Every village in Magway Region", 2024; "Prospects Brighten: State economy set to thrive", 2024.

[49] "Senior General Min Aung Hlaing vows", 2023.

ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဤသို့တိတ်ဆိတ်နေမှုသည် ကျွန်ုပ်၏ အထင်ပြောရလျှင် နိုင်ငံရေးမတည်ငြိမ်မှုနှင့် အကြမ်းဖက်အငြင်းပွားမှုအား ဖျောက်ဖျက်ထားပြီး တစ်ချိန်တည်းမှာပင် နစကမှ 'စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်ခြင်း' ဆိုသည့် ဇာတ်ကြောင်းကို ပိုမိုအား ကောင်းလာစေရန် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ပြဿနာများကို အသုံးချ၍ ၎င်းတို့ကို ထောက်ခံလာရန် လုပ်ဆောင်နေသည့် နည်းလမ်းများဖြစ်သည်။

ထို့ကြောင့် နစကထိန်းချုပ်မီဒီယာများသည် 'ပုံမှန်အတိုင်းလည်ပတ်' နေသည့်ပုံရိပ်အား အစိုးရဝန်ကြီးဌာနများနှင့် ဌာနများက ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့် အရာများကို စစ်အာဏာသိမ်းမှု မရှိခဲ့သည့်အတိုင်း လုပ်ဆောင်နေကြခြင်းဖြင့် ပုံဖော်ပြသနေ သည်။ ဤအရာသည် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု ပြဿနာများအား နိုင်ငံရေးနှင့် မဆိုင်သောအရာများအဖြစ် ပြသသည့် သဘာဝပတ်ဝန်းကျင် အယောင်ပြထိန်းသိမ်းခြင်း၏ ပုံစံတစ်ခုဖြစ်ပြီး နစက၏ ဖိနှိပ်မှုများနှင့် တော်လှန်ရေးအဖွဲ့များနှင့်ဖြစ်ပွားနေသော အငြင်းပွားမှုများကို ဖုံးကွယ်ရုံ သာမက ကျွန်ုပ်ဆက်လက်၍ ဖော်ပြသွားမည့် နစက၏ သဘာဝသယံဇာတ အရင်းအမြစ်များကိုလည်း ကိုယ်ကျိုးအတွက် အသုံးချနေခြင်းကိုပါ ဖုံးကွယ်ထားနေသည်။ သို့သော် ကျွန်ုပ်ရွေးချယ်ပြသခဲ့သည့် စိမ်းလန်းစိုပြေရေး အယောင်ပြဆောင်ရွက်နေသည့် စစ် အာဏာရှင်အစိုးရ၏ မီဒီယာဆောင်းပါး ဥပမာများမှာ ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင် ပြဿနာများသည် နစကမှလုပ်နေသော နိုင်ငံရေးလုပ်ဆောင်မှုများ၏ ကြီးမားသော အစိတ် အပိုင်းတစ်ခုဖြစ်သည်။

စိမ်းလန်းစိုပြေရေး အယောင်ပြဆောင်ရွက်နေသည့် စစ်အာဏာရှင် အစိုးရ၏ ဥပမာများ

ဤအပိုင်းတွင် ကျွန်ုပ်သည် စစ်တပ်အရာရှိများနှင့် ဗျူရိုကရက်များမှ နစကထိန်းချုပ်မီဒီယာ များတွင် စစ်တပ်သည် စိမ်းလန်းစိုပြေရေးဆောင်ရွက် နေသည့် ပုံရိပ်ကိုပြသရန် ကြိုးစားသည့် နယ်ပယ်သုံးခုအား ဆွေးနွေးထားသည်။ ၎င်းတို့မှာ စိမ်းလန်းစိုပြေရေးအတွက် သစ်ပင်စိုက်ပျိုး ခြင်းနှင့် သစ်တောထိန်းသိမ်းခြင်း၊ စိမ်းလန်းစိုပြေရေးအတွက် ပလတ်စတစ်အသုံးပြုမှု လျှော့ချ ရေး ကမ်ပိန်းများပြုလုပ်ခြင်းနှင့် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်များမှ တစ်ဆင့် စိမ်းလန်း စိုပြေအောင် လုပ်ဆောင်ခြင်း တို့ဖြစ်သည်။

စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်ခြင်း (၁)။ ။ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တော ထိန်းသိမ်းခြင်း

နစကမှ ၎င်းတို့၏ စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်မှုများကို ပြသရာတွင် သုံးသည့် အဓိကကျသော ပုံစံများထဲမှတစ်ခုမှာ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောပြန်လည်စိုက်ပျိုးခြင်းနှင့် သစ်တောနှင့် သက်ရှိသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စီစဉ်လုပ်ဆောင်ခြင်းဖြစ်သည်။ အချို့သော ဆောင်းပါးများတွင် မင်းအောင်လှိုင်ကဲ့သို့သော စစ်တပ်ခေါင်းဆောင်များနှင့် အချို့သော နစကအဖွဲ့ဝင် အထက်တန်းအရာရှိများမှ စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များတွင် ပါဝင်နေကြပုံကို ဖော်ပြထားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ကြိုးပမ်းမှုများတွင် ဤသို့သော စစ်အာဏာရှင်အစိုးရ၏ ထိပ်ပိုင်းမှပုဂ္ဂိုလ်များ မည်သို့ပါဝင်ကြကြောင်းပင်ပြသကြသည်။ အခြားဆောင်းပါးများတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်တောထိန်းသိမ်းရေးနှင့်သစ်ပင်စိုက်ပျိုးရေး အစီအစဉ်များအား မည်သို့အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုဖော်ပြထားသည်။

သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားများ

ဆောင်းပါးအများအပြားမှ စစ်တပ်ခေါင်းဆောင်များနှင့် နစကထိပ်ပိုင်းအရာရှိများ သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုများတွင် ပါဝင်နေကြသည်ကို ပုံများ၊ စာများဖြင့် ဖော်ပြထားသည့်အရာများမှာ များသောအားဖြင့် သီးသန့်အခမ်းအနားများ၊ နိုင်ငံတကာမှ အရေးပါသည့်ရက်များနှင့် ဆက်စပ်လျက်ရှိသည်။ ဆောင်းပါးတစ်ပုဒ်တွင် စစ်တပ်ခေါင်းဆောင်များနှင့် အရာရှိများသည် မြို့တော် နေပြည်တော်တွင် ကျင်းပသည့် ၂၀၂၃ မိုးရာသီသစ်ပင်စိုက်ပျိုးရေးပွဲတော်၌ သစ်ပင်ပေါင်း (၂၁၀,၃၉၈) ပင် စိုက်ပျိုးခဲ့သည်ဟု ဖော်ပြထားသည်။ ပုံ (၁-၄) တွင်မြင်ရသည့်အတိုင်း ဤသို့သော ပွဲများတွင် နစကသည် 'စိမ်းလန်းစိုပြေရေး' ဆောင်ရွက်သောအစိုးရနှင့် စစ်တပ်အဖြစ် မင်းအောင်လှိုင်အပါအဝင် အခြားအရာရှိများမှ ၎င်းတို့၏ အစိမ်းရောင်ယူနီဖောင်းသို့မဟုတ် အရပ်ဝတ် အဝတ်အစားများဖြင့် သစ်ပင်စိုက်နေသောပုံရိပ်များ ချပြကြသည်။[50]

[50] "Everybody needs to conserve forests", 2023; "Restore Myanmar's forests", 2023.

ပုံ (၁)

နစကခေါင်းဆောင် မင်းအောင်လှိုင်မှ နေပြည်တော် သစ်ပင်စိုက်ပျိုးရေး အခမ်းအနားတွင် ကျွန်းပင်ငယ်များအား ရေလောင်းနေပုံ။[51]

ပုံ (၂)

နစကခေါင်းဆောင် မင်းအောင်လှိုင်မှ နေပြည်တော်ရှိ ၂၀၂၄ မိုးရာသီသစ်ပင်စိုက်ပျိုးရေးပွဲတွင် ဝန်ထမ်းများ၏ လှုပ်ရှားမှုများအား ကြည့်ရှုနေပုံ။[52]

[51] "Everybody needs to conserve forests", 2023.
[52] "Restore Myanmar's forests", 2023.

ပုံ (၃)

နစကခေါင်းဆောင် မင်းအောင်လှိုင်မှ ၂၀၂၄ ဇူလိုင်လတွင် ကျင်းပသော စစ်တပ်မိသားစုများ၏ သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားကို ဦးဆောင်နေပုံ။[53]

ပုံ (၄)

နစကခေါင်းဆောင် မင်းအောင်လှိုင်မှ နေပြည်တော်တွင် ကျင်းပသော သစ်ပင်စိုက်ပျိုးရေးပွဲ တွင် ပါဝင်နေပုံ။[54]

---

[53] "Families of Office of the Commander-in-Chief", 2024.
[54] "Restore Myanmar's forests", 2023.

ဤသို့သော ပွဲများတွင် ပါဝင်ကြသူများမှာ ပုံတွင်ပြထားသည့်အတိုင်း များသောအားဖြင့် အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ရဲမေများနှင့် သူနာပြုများဖြစ်ပြီး ၎င်းတို့သည် ၎င်းတို့ သက်ဆိုင်ရာအသီးသီး၏ ယူနီဖောင်းများ ဝတ်ဆင်ထားကြသည်။ မင်းအောင်လှိုင်သည် သစ်ပင်စိုက်ပျိုးထားသည့် နေရာများ၌ ပြုံးကာ လှည့်လည်သွားလာနေစဉ်အတွင်း ၎င်းတို့သည် မင်းအောင်လှိုင်အား ဂါဝရပြုကြိုဆိုလျက်ရှိသည်။ ဤပုံများတွင် ထုံးတမ်းစဉ်လာများနှင့် စည်းကမ်းရှိမှုကို မင်းအောင်လှိုင်အား အဓိကကျသူတစ်ယောက်နေရာတွင်ထားကာ ပြသထားသည်။ ဤသို့ အဆင့်မြင့် စစ်တပ်ခေါင်းဆောင်များမှ သစ်ပင်စိုက်ပျိုးရေး အခမ်းအနားများကို တက်ရောက်ခြင်းက အဆိုပါပွဲများမှာ နစက၏ စိမ်းလန်းစိုပြေရေးအတွက် လမ်းစဉ်အတွက် မည်မျှအရေးကြီးကြောင်း ပြသလျက်ရှိသည်။ အချို့သော သစ်ပင်စိုက်ပျိုးရေးပွဲများတွင် မင်းအောင်လှိုင်နှင့် အခြားသော ဗိုလ်ချုပ်များသည် ၎င်းတို့၏ ဇနီးသည်များအားခေါ်လာတတ်ပြီး ၎င်းတို့၏ ခင်ပွန်းများ သစ်ပင်စိုက်ပြီးနောက်တွင် ၎င်းတို့သည်လည်း သစ်ပင်များ စိုက်လေ့ရှိသည်။ သတင်းစာဆောင်းပါးများထဲတွင် စစ်တပ်မိသားစု အားလုံးမှ သဘာဝပတ်ဝန်းကျင်အား မည်သို့ဂရုစိုက်ကြောင်းနှင့် ရာသီဥတု ပြောင်းလဲလာခြင်း၏ သက်ရောက်မှုများကို လျှော့ချရန် အပင်များ စိုက်နေကြောင်းကို ပြသသည့် ဖော်ပြချက်များ ထည့်သွင်းထားသည်။[55]

များစွာသော ဆောင်းပါးများသည် အခမ်းအနားအတွင်း ပြောကြားသည့် မိန့်ခွန်းများ အထူးသဖြင့် မင်းအောင်လှိုင်၏ မိန့်ခွန်းများကိုဖော်ပြကြသည်။ နေပြည်တော်တွင်ကျင်းပသော "ကာကွယ်ရေးဦးစီးချုပ်ရုံးမိသားစုများ" ၏ သစ်ပင်စိုက်ပျိုးပွဲတွင် မင်းအောင်လှိုင်သည် အဆိုပါပွဲမှာ ရာသီဥတုပြောင်းလဲ လာမှု၏ အကျိုးသက်ရောက်မှုများကို လျှော့ချရန်ရည်ရွယ်ထားပြီး အေးမြမှုပေးကာ နိုင်ငံ့စီးပွားရေးကို ပံ့ပိုးရန်ဖြစ်သည်ဟု ဆိုခဲ့သည်။[56] ၎င်းသည် စစ်တပ်၏ ရေရှည်အတွက်ပါ ကတိကဝတ်ပြုထားသည့် သစ်ပင်စိုက်ပျိုးခြင်း အား မီးမောင်းထိုးပြခဲ့ကာ နိုင်ငံ့တာဝန်အဖြစ်သမုတ်ခဲ့သည်။

> တပ်မတော်ဟာ မိုးရာသီ သစ်ပင်စိုက်ပျိုးရေးပွဲများကို ၂၀၁၁ ကတည်းမှ စတင်၍ နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ဆယ်စုနှစ်တစ်ခုတိုင်ရှိပြီဖြစ်တယ်။ ဒီလို သစ်ပင်စိုက်ပျိုးပွဲများဟာ သစ်တောအရင်းမြစ်တွေကို ထိန်းသိမ်းရန်၊ သဘာဝပတ်ဝန်းကျင်နှင့် တန်ဖိုးရှိ သက်ရှိပတ်ဝန်းကျင်ကို နိုင်ငံ့တာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းရန်ဖြစ်တယ်။[57]

[55] "Families of Office of the Commander-in-Chief", 2024.
[56] "Perennial trees cannot immediately benefit", 2023.
[57] "Perennial trees cannot immediately benefit", 2023.

၂၀၂၃ တွင် ကျင်းပသည့် အခြားအခမ်းအနားတစ်ခုတွင် ၎င်းသည် နိုင်ငံ့တာဝန် ဖြစ်သည် ဆိုသည့်အချက်အား ထပ်လောင်းပြောကြားခဲ့ပြီး သစ်ထုတ်လုပ်ခြင်းကို ဆန့်ကျင်ကြောင်း သတိပေးပြောကြားခဲ့သည်။

> ကျေးလက်ဒေသများ၏ အနီးအနားတွင်ရှိသည့် သစ်တောများကို ထိန်းသိမ်းရန် လိုအပ်သလို မြို့ပေါ်နေထိုင်ကြသူတွေဟာလည်း နိုင်ငံ့တာဝန်တစ်ရပ်အနေနဲ့ မိမိပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြေအောင်လုပ်ရမှာ ဖြစ်ပါတယ်။ [၎င်းမှ ဆက်လက်၍] နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်များကို လိုအပ်သည့် ပမာဏလောက်သာ ထုတ်ယူခြင်းနှင့် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့်အတူတကွ လူ့အသိုင်းအဝိုင်းအတွက် လူမှုစီးပွားရေးဆိုင်ရာဘဝကို တိုးတက်ကာ ဟန်ချက်ညီနိုင်စေပြီး သစ်များကို လိုအပ်သည်ထပ် အလွန်အကျွံထုတ်ယူခြင်းသည် ရာသီဥတု ပြောင်းလဲလာမှုကို ဖြစ်နိုင်ပါတယ်။[58]

အထက်ပါမိန့်ခွန်းထဲတွင်ပင် ၎င်းသည် ဖြိတိသျှကိုလိုနီများအား မြန်မာနိုင်ငံ၏ အဖိုးတန်သစ်တောများမှ သစ်များကို အကန့်အသတ်မရှိဘဲ အလွန်အကျွံ ထုတ်ယူခြင်းအတွက် ပြစ်တင်ထားသည်။ ခေတ်အဆက်ဆက် သစ်များ အလွန်အကျွံ ထုတ်ယူခဲ့ခြင်းကြောင့် နိုင်ငံတွင်း သစ်တောလွှမ်းခြုံမှုသည် (၄၂) ရာခိုင်နှုန်းခန့် ကျဆင်းသွားသည်ဟု ၎င်းကဆိုထားသည်။ ၎င်းသည် ယခင်စစ်အစိုးရများနှင့် ယခုစစ်အစိုးရကာလအတွင်းဖြစ်ပွားခဲ့သည့် တရုတ်နှင့် ထိုင်းသို့ သစ်များတင်ပို့ရောင်းချမှုအပါအဝင် ဖြစ်ပွားခဲ့သည့် သစ်တောပြုန်းတီးမှုကို ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ပေ။ ယင်းအစား ၎င်းအနေဖြင့် (ကြည်း/ရေ/လေ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနှင့် တာဝန်ယူခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ သစ်ပင်များနှင့် လေကာပင်များစိုက်ပျိုးခဲ့ကြောင်းသာ ပြောကြားခဲ့သည်။ ၎င်းသည် သစ်တောထိန်းသိမ်းရေး လိုအပ်ပုံအား “သစ်တောများနှင့် သစ်တောဂေဟစနစ်ကို တိုင်းပြည်၏ ရေရှည်တည်တံ့ ခိုင်မြဲတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲလာမှု လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေးအတွက် နိုင်ငံ့တာဝန်အနေဖြင့် ထိန်းသိမ်းရန်လိုအပ်ကြောင်း” အသားပေးပြောကြားခဲ့သည်။[59] နေပြည်တော်၌ ၂၀၂၄ စက်တင်ဘာလတွင် ကျင်းပသော သစ်ပင်စိုက်ပျိုးရေးပွဲတွင် ၎င်းသည် (၎င်းတာဝန်ထမ်းဆောင်သည့်) ၂၀၁၁ မှ ၂၀၂၄ ကာလအတွင်း တစ်နိုင်ငံလုံး

[58] “Everybody needs to conserve forests”, 2023.
[59] “Everybody needs to conserve forests”, 2023.

အတိုင်းအတာဖြင့် သစ်ပင်စိုက်ပျိုးရေးပွဲပေါင်း (၁,၅၈၄) ပွဲကျင်းပခဲ့ပြီး သစ်ပင်ပေါင်း (၂၃) သန်းနီးပါး စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။[60]

ဤသို့မင်းအောင်လှိုင်ကို ထည့်သွင်းဖော်ပြခြင်းအပြင် မီဒီယာများသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သစ်ပင်စိုက်ပျိုးရေးများဖြစ်မြောက်ရေးအတွက် အထူးသဖြင့် ဇွန်လနှင့် ဇူလိုင်လများတွင် ပွဲများကိုဦးဆောင်ခြင်းနှင့် ပျိုးပင်များကို နိုင်ငံတစ်ဝန်းမှ ပြည်သူများအား မျှဝေခြင်းတို့ကို မည်သို့လုပ်ဆောင်ကြကြောင်း ပြသထားသည်။ အချို့သော အခမ်းအနားများတွင် အခြားသောဝန်ကြီးများ ပါဝင်ကြပြီး ပါဝင်တက်ရောက်သူများမှာ မင်းအောင်လှိုင်၏ အခမ်းအနားများသို့ တက်ရောက်ကြသည့်သူများသာဖြစ်ပြီး အထူးသဖြင့် ကျောင်းသားကျောင်းသူများနှင့် ဆရာ၊ ဆရာမအများအပြား ပါဝင်ကြသည်။ တစ်ခါတစ်ရံတွင် နစက၏ သစ်တောဦးစီးဌာနမှ ပျိုးပင်များပံ့ပိုးပေးပြီး အချို့အချိန်များတွင် ဒေသခံကျောင်းများမှ မိမိတို့၏ ဘတ်ဂျက်နှင့် စီစဉ်မှုများဖြင့် စိုက်ပျိုးရသည်။ ဤသို့သော လုပ်ငန်းစဉ်များသည် ဇီဝမျိုးစိတ်ဆုံးရှုံးမှု၊ မြေဆီလွှာပျက်စီးမှု၊ ရာသီဥတုပြောင်းလဲလာမှုနှင့် သဘာဝဘေးအန္တရာယ်များကဲ့သို့သော သစ်တောပြုန်းတီးခြင်းနှင့် ၎င်း၏သက်ရောက်မှုများကို ဖြေရှင်းရန် လုပ်ဆောင်ခြင်းဖြစ်သည်။ အချို့တွေ့ရနည်းသော ဆောင်းပါးများတွင် မွန်ပြည်နယ်ရှိ သစ်တောဦးစီးဌာနကဲ့သို့ ဒေသအဆင့်သစ်ပင်စိုက်ပျိုးရေးများကို ဖော်ပြထားပြီး လေပြင်းများနှင့် ရေကြီးနိုင်ခြေများကို တန်ပြန်ကာကွယ်ရန် အုန်းပင်များ၊ အနီရောင် လမုပင်များနှင့် လေကာပင်များအား ပင်လယ်ကမ်းရိုးတန်းဒေသများတစ်လျှောက်တွင် စိုက်ပျိုးခဲ့ကြောင်း ဖော်ပြထားသည်။[61]

နစက၏ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည်လည်း သစ်ပင်စိုက်ပျိုးရေးကို "ကမ္ဘာလှည့်ခရီးသွားတစ်ဦးလျှင် သစ်တစ်ပင်" ဆိုသည့် စီမံကိန်းအောက်တွင် ၂၀၂၄ ဇူလိုင်လတွင် ပုံ (၅) တွင်ပြထားသည့် ဥပမာအတိုင်း ဦးစီးခဲ့သည်။ ဤသို့လုပ်ဆောင်မှုသည် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ တိုးလာရေးအတွက် နိုင်ငံတကာခရီးသွားများ၊ အထူးသဖြင့် တရုတ်နှင့် ရုရှားမှ လာရောက်လည်ပတ်သူများအား အထိမ်းအမှတ်သစ်ပင်များကို စိုက်ပျိုးစေခြင်းဖြစ်သည်။ ဤအချက်သည် နိုင်ငံအတွင်းတွင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများအား လုံးဝလျစ်လျူရှုထားပြီး မြန်မာနိုင်ငံအား ကောင်းမွန်စွာလည်ပတ်နေကာ သဘာဝပတ်ဝန်းကျင်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိသော တိုင်းပြည်တစ်ခုအဖြစ် ဖော်ပြနေပုံကို မြင်စေနိုင်သည်။[62]

---

[60] "Forest conservation in watershed areas", 2024.
[61] "Mon State to plant over 20,000 trees", 2024.
[62] "One Tourist-One Tree programme", 2024.

ပုံ (၅)

၂၀၂၄ မေလတွင်ပြုလုပ်သော မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ချစ်ကြည်ရေး ခရီးစဥ်တွင် လိုက်ပါလာကြသော တရုတ်ခရီးသွားများမှ သစ်ပင်စိုက်ပျိုးရေး လှုပ်ရှားမှုများတွင် ပါဝင်နေကြပုံ။[63]

နစကထိန်းချုပ်သော မီဒီယာများတွင် သစ်ပင်စိုက်ပျိုးရေးအား ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင်က များစွာချီးကျူးရသည့် စစ်တပ်ဦးဆောင်သည့် အစီအစဉ် အဖြစ် ပြသကြသည်။ မြန်မာနိုင်ငံတွင် သစ်ပင်စိုက်ပျိုးခြင်း အစီအစဉ်သည် စစ်တပ်တစ်ခုတည်းကသာပြုလုပ်သော အစီအစဉ်အသစ်တစ်ခုမဟုတ်ပါ။ သီသီဟန်၏ အဆိုအရ[64] ဗုဒ္ဓဘာသာ ပုဂံရှေးဟောင်း မြို့တော်တွင် ၁၂၃၄ ခုနှစ် ဖေဖော်ဝါရီလ (၃) ရက်နေ့ ရက်စွဲဖြင့် ရေးထိုးထားသော ကျောက်စာ၌ ထိုအချိန်ကတည်းကပင် ထိခိုက်ပျက်စီးသွားသော သစ်တောအတွက် သစ်ပင် ပြန်လည် စိုက်ပျိုးခြင်းရှိခဲ့ကြောင်း ဆိုထားပြီး ထိုနယ်မြေတွင်ရှိသော ရှေးဟောင်းဘုရင့်နိုင်ငံတော်များ သည် ၎င်းတို့၏ နယ်မြေအစိုးရမှုအား သစ်ပင် စိုက်ပျိုးခြင်းနှင့် သစ်တောများဖြင့် ဘောင်ခတ် သတ်မှတ်ခဲ့ကြသည်။ ၁၉၇၇ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတနိုင်ငံတော်အစိုးရက ဇူလိုင် လအား သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ခဲ့ပြီး လူတိုင်းပါဝင်နိုင်သည့် သစ်ပင်စိုက်ပျိုး ရေး ပဏာမခြေလှမ်းများအဖြစ် မြှင့်တင်ခဲ့သည်။[65] သစ်ပင်စိုက်ပျိုးရေးပွဲများ အထူးသဖြင့် မိုးရာသီ၌ပြုလုပ်သော ပွဲများတွင် များသောအားဖြင့် လူမှုဖူလုံရေးအဖွဲ့အစည်းများ၊ ဒေသခံ စေတနာ့ဝန်ထမ်းအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ၂၀၂၁ အာဏာ

[63] "One Tourist-One Tree programme", 2024.
[64] Thi Thi Han, 2018.
[65] "Let's grow trees at the best time", 2024.

သိမ်းမှုနောက်ပိုင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရတို့မှ ဦးဆောင်ပြုလုပ်ကြသည်။ ဤအရာများကို မြန်မာပြည်တစ်ဝန်းရှိလူများမှ ကျယ်ကျယ်ပြန့်ပြန့်လက်ခံကြသည်။ သို့သော် နစက ထိန်းချုပ်မီဒီယာများသည် စစ်တပ်ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးရေး လုပ်ငန်းစဉ်များကိုသာ အထူးဖော်ပြလေ့ရှိသည်။ အခြားသူများ၏ ကြိုးပမ်းမှုအား ထိမ်ချန်ထားတာ မဖော်ပြခြင်းဖြင့် စစ်တပ်သည် သစ်ပင်စိုက်ပျိုးရေးအား ၎င်းတို့နှင့်သာသက်ဆိုင်သည့် နယ်ပယ်တစ်ခုအဖြစ် အပိုင်စီးထားကာ မင်းအောင်လှိုင်အား သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးကို နိုင်ငံ့တာဝန်အဖြစ် ထမ်းဆောင်နေသည့် စိမ်းလန်းစိုပြေရေးဆောင်ရွက်သော ခေါင်းဆောင်တစ်ဦးအဖြစ် မီးမောင်းထိုးပြသကြသည်။ နိုင်ငံ့တာဝန်ဟု အထူးအလေးပေးဖော်ပြသည့်အချက်အား စစ်တပ်မှ ၎င်းတို့သည် အမျိုးသားပေါင်းစည်းညီညွတ်ရေးကို ကာကွယ်စောင့်ရှောက်သူဟု မိမိကိုယ်မိမိပုံဖော်မှုနှင့် ချိတ်ဆက်နိုင်သည်။[66]

သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း

သစ်တောများ၊ အမျိုးသားဥယျာဉ်များ၊ အဏ္ဏဝါအမျိုးသားဥယျာဉ်များ၊ သဘာဝထိန်းသိမ်းရေးဇရိယာများ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ၊ ဆန်းပြားသော ဘူမိဗေဒဆိုင်ရာနေရာများနှင့် ရပ်ရွာမှထိန်းသိမ်းထားသည့် သဘာဝနယ်မြေများအား ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်သည့် နစက၏ ကတိကဝတ်များအကြောင်းကို မြောက်မြားစွာသော ဆောင်းပါးများဖြင့် ရေးသား ဖော်ပြထားသည်။ ထိုဆောင်းပါးများထဲမှ အများစုမှာ သဘာဝပတ်ဝန်းကျင် သာမက လူသားများအတွက်ပါ အကျိုးရှိစေမည့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး အထောက်အကူ ပေးခြင်းကဲ့သို့သော ထိန်းသိမ်းရေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို ဖော်ညွှန်းထားသည်။ တည်ရှိနေပြီးသော အမျိုးသားဥယျာဉ်များအား ခရီးသွားလုပ်ငန်းအတွက် ပံ့ပိုးမှုပေးခြင်း၊ ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် နိုင်ငံအတွက် ဝင်ငွေများ ဖန်တီးပေးသည့်နေရာများအဖြစ် ပုံဖော်ထားသည်။[67] ဆောင်းပါးအများအပြားတွင် ပုံ (၆) မှ ပုံ (၉) တွင် မြင်နိုင်သည့်အတိုင်း လက်ရှိ ဖြစ်ပွားနေသည့် ပဋိပက္ခနှင့် ပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကြမ်းဖက်မှုများအား ဖော်ပြခြင်းမပြုဘဲ ပကတိသဘာဝအလှတရားများ၏ ဓာတ်ပုံများကိုသာ ဖော်ပြထားသည်။

[66] Selth, 2021.
[67] “Myanmar ranks third in ASEAN”, 2024.

ပုံ (၆-၉)

ခရီးသွားများအတွက် စိတ်ဝင်စားဖို့ကောင်းကာ လှည့်လည်သွားလာချင်စဖွယ် နေရာများ ဖြစ်သည့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်၊ မြိတ်ကျွန်းစုနှင့် အင်းတော်ကြီးကန်မှ ငှက်မျိုးစုံအား The Global New Light of Myanmar မှ ဖော်ပြထားပုံ။[68]

ဤဆောင်းပါးများသည် နစက၏ အုပ်ချုပ်မှုအောက်တွင် မြန်မာနိုင်ငံသည် ထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲကာကွယ်စောင့်ရှောက်ရေးတို့၏ ရှေ့တန်းတွင် ရှိနေကြောင်း ထင်မြင်ရစေသည့် အမြင်ကိုပေးနေသည်။ ၎င်းတို့သည် နစကမှ အာဆီယံယဉ်ကျေးမှုအမွေအနှစ် ဥယျာဉ် (၈) ခု အပါအဝင် ရှားပါး တောရိုင်းတိရစ္ဆာန်နှင့် နို့တိုက်သတ္တဝါ မျိုးစိတ် (၄၃) မျိုး၊ ငှက်မျိုးစိတ်ပေါင်း (၄၇၀)၊ အပင်မျိုးစိတ်ပေါင်း (၂၉၇) မျိုးနှင့် ဆေးဖက်ဝင်ရှားပါးအပင်မျိုးစိတ် (၂၄) မျိုးတို့ ပါဝင်သည့် မြန်မာနိုင်ငံ စုစုပေါင်းအကျယ်အဝန်း၏ (၆ ဒသမ ၄၂) ရာခိုင်နှုန်းကို လွှမ်းခြုံထားသည့် ဂေဟစနစ်ထိန်းသိမ်းရေးနယ်မြေ (၅၉) ခုအား ထိန်းသိမ်းထားကြောင်း ဖော်ပြထားသည်။[69] နစကအရာရှိများသည် မြန်မာ့သဘာဝအလှတရားကို ထိန်းသိမ်းရန်နှင့် ရာသီဥတု ပိုမိုကောင်းမွန်လာစေရန် ပင်လယ်ကမ်းရိုးတန်းဒေသများအား ပိုမိုစိမ်းလန်းစိုပြေအောင် လုပ်ဆောင်ခြင်း၏ အရေးပါမှုကို အလေးပေးဖော်ပြထားသည်။[70] ၎င်းတို့၏ ထိန်းသိမ်းမှုဆိုင်ရာ ကြိုးပမ်းမှုများကို ဒေသတွင်းရှိ အခြားနိုင်ငံများသို့လည်း ပြသလျက်ရှိသည်။ ဥပမာအားဖြင့်

[68] "Myanmar ranks third in ASEAN", 2024.
[69] "Myanmar's 59 protected areas", 2024.
[70] Nyein Thu, 2024.

ဆိုရလျှင် ၂၀၂၄ ခုနှစ်၌ တရုတ်နိုင်ငံတွင် ကျင်းပသော ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ စိမ်းလန်းစိုပြေဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းကိုယ်တိုင် တက်ရောက်ခဲ့ပြီး အောက်ပါ အတိုင်း လူသိရှင်ကြားပြောကြားခဲ့သည်။

> မြန်မာနိုင်ငံသည် သစ်တောများ ပြန်လည်ထူထောင်ရေး၊ သဘာဝထိန်းသိမ်းရေး နယ်မြေများတွင်ရှိသော ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရှင်သန်ရေး၊ သစ်တောပြုန်းတီးမှုနှင့် သစ်တောများ ပျက်စီးလာမှုကို ကာကွယ်ရန်အတွက် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။[71]

မြန်မာနိုင်ငံမှ သစ်တောဌာနအရာရှိများသည် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ယဉ်ကျေးမှုများနှင့် ဓလေ့ထုံးတမ်းများကို အာဆီယံနိုင်ငံများမှ မည်သို့ ထိန်းသိမ်းကာကွယ်နေကြောင်း လေ့လာရန် အင်ဒိုနီးရှားနိုင်ငံတွင်ရှိသော အာဆီယံအမွေအနှစ်စာရင်းဝင် ဥယျာဉ်များသို့ သွားရောက်လည်ပတ်ခဲ့သည်။ ဤလည်ပတ်မှုနှင့်ပတ်သက်၍ ရေးထားသည့် ဆောင်းပါးအများစုသည် နစက၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်ဆံရေးကို ဖော်ပြရန်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ တရားဝင်အသိအမှတ်ပြုမှုခံချင်သော ၎င်းတို့၏ ဆန္ဒကို တိုက်ရိုက်ပြသရန် ရည်ရွယ်ထားခြင်းဖြစ်သည်။[72]

နစကထိန်းချုပ်သော မီဒီယာမှဆောင်းပါးများသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပင်လယ်ကမ်းရိုးတန်း ဒေသတစ်လျှောက်တွင်ရှိသော ဒီရေတောများကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် ထိန်းသိမ်းစောင့်ရှောက်မှု ပြုနေသည်ကို မြန်မာနိုင်ငံအား ဒီရေတောထိန်းသိမ်းခြင်းအတွက် (ဒီရေတောများရှိသည့် နိုင်ငံပေါင်း (၁၂၃) နိုင်ငံတွင်) ကမ္ဘာ့အဆင့် နံပါတ် (၇) နေရာရခြင်းနှင့် ၎င်းက အရှေ့တောင်အာရှတွင် နံပါတ် (၃) နေရာ ချိတ်ခြင်းအတွက် ချီးမြှောက်ထားသည့် ဆောင်းပါးတစ်ခုနှင့်အတူ ဖော်ပြထားသည်။[73] ထိုဆောင်းပါးသည် မြန်မာ နိုင်ငံ၏ ဒီရေတော ဧရိယာအများအပြားရှိသော ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးသည် ယခုအချိန်တွင် ပဋိပက္ခနယ်မြေများ ဖြစ်နေကြောင်းနှင့် စစ်တပ်၏ ပြင်းထန်စွာဖိနှိပ်မှုကို ခံနေရကြောင်း ဖော်ပြထားခြင်းမရှိပေ။

---

[71] "Blue economy development", 2024.
[72] "Myanmar forestry officials", 2024.
[73] "Establish and conserve mangrove forests," 2024; "Myanmar's systematic preservation," 2024.

ဆောင်းပါးတစ်ခုဆိုလျှင် ဒီရေတောများ လျော့နည်းလာခြင်းအတွက် ဒေသခံပြည်သူများကို ပြစ်တင်နေချိန် နစကအား ကြံ့ခိုင်အားကောင်းသည့် ကာကွယ်မှုဆောင်ရွက်ချက်အတွက် ချီးကျူးထားသည်။

> ဒီရေတောများသည် မြို့ပြဧရိယာများကို မုန်တိုင်းများ၊ ရေကြီး ရေလျှံမှုများနှင့် ပြင်းထန်သော ရာသီဥတုဒဏ်များမှ ကာကွယ် ပေးရာတွင် အရေးကြီးသည့် အကာအရံတစ်ခုဖြစ်သည်။ သို့သော်လည်း ဒေသခံများသည် ဒီရေတောများအား ချင့်ချိန်မှု မရှိစွာ အသုံးပြုခြင်းကြောင့် ဒီရေတောများ လျော့နည်းလာရသည်။ ဆိုရလျှင် ဒီရေတောဒေသရှိ ဒေသခံအိမ်ထောင်စုများ၏ စုစုပေါင်းဝင်ငွေမှ (၄၃) ရာခိုင်နှုန်းသည် မီးသွေး၊ ငါး၊ ဂဏန်းနှင့် ပုစွန်စသည့် ဒီရေတောထွက်ပစ္စည်းများ ရောင်းချခြင်းမှ လာခြင်းဖြစ်သည်။ ထို့ကြောင့် ဤသို့အရေးကြီးသည့် သက်ရှိသဘာဝပတ်ဝန်းကျင် ဂေဟစနစ်အား ထိန်းသိမ်းရန် အာဏာပိုင်များသည် ဒီရေတောထွက်ပစ္စည်းများ အသုံးချခြင်းကို အနီးကပ်စောင့်ကြည့်နေကြသည်။[74]

ဤသို့ အနီးကပ်စောင့်ကြည့်ခြင်းအား မည်သိုမည်ပုံလုပ်ဆောင်သည်ကို ဖော်ပြ ခြင်းမရှိသော်လည်း နစကသည် သဘာဝပတ်ဝန်းကျင်အား ကာကွယ်ကာ စိမ်းလန်းစိုပြေရေးဆောင်ရွက်သူအဖြစ် ထုတ်ဖော်ပြသလျက်ရှိသည်။

အာဏာသိမ်းပြီးနောက် စိတ်ဝင်စားဖွယ် တိုးတက်ပြောင်းလဲလာသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ တော်လှန်ရေးအဖွဲ့များ ထိန်းချုပ်ထားသော သို့မဟုတ် စစ်တပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များ၏ တိုက်ပွဲများအကြား ပြင်းထန်သည့် သက်ရောက်မှုကို ခံနေရသော နယ်မြေများတွင် သစ်တောထိန်းသိမ်းရေး နယ်မြေအသစ်များအကြောင်း ကြေညာချက်ဖြစ်သည်။ သို့ရာတွင် ထိုသို့သောကြေညာချက်များ၌ ပဋိပက္ခအကြောင်း ဖော်ပြခြင်းမရှိဘဲ ထိုနယ်မြေများ၏ နာမည်နှင့် သစ်တော များ၊ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်ထိန်းသိမ်းရသည့် ရည်ရွယ်ချက်ကိုသာပြောထားသည်။ ဥပမာအားဖြင့်ပြောရလျှင် စစ်ကိုင်းတိုင်းဒေသကြီးတွင်ရှိသော နန်းယွန်းပြည်သူပိုင်သစ်တောကို ၂၀၂၃ ဩဂုတ်လတွင် ကြေညာခဲ့ပြီး ၎င်းသည် စစ်တပ်ဘက်မှတိုက်ခိုက်မှုများ လုပ်ဆောင်နေသည့် တော်လှန်ရေးနယ်မြေအတွင်းတွင် တည်ရှိသည်။[75] ၂၀၂၄ တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်အပါအဝင် တနင်္သာရီတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် သစ်တော

[74] "Myanmar's systematic preservation," 2024.
[75] "Recognition of Nanyok Protected Public Forest", 2023.

ထိန်းသိမ်းရေး နယ်မြေအသစ် (၁၀) ခုကို ကြေညာခဲ့သည်။[76] မကြာသေးမီကပင် ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ သစ်တောထိန်းသိမ်းရေးနယ်မြေတစ်ခုကို ကြေညာခဲ့သည်။ ၎င်းသည် အာရက္ခတပ်တော်က ထိုနယ်မြေအား ထိန်းချုပ်သွားနိုင်သည့် အချိန်နှင့် တပြေးညီဖြစ်သည်။[77]

ဤထိန်းသိမ်းရေးဇုန်များနှင့် တော်လှန်ရေးနယ်မြေများ ထပ်တူညီနေခြင်းမှာ တိုက်ဆိုင်ခြင်း မဟုတ်နိုင်ပေ။ အန်ဒါဆင်မှ ဂွါတီမာလာကိစ္စတွင် ဆိုထားသည့်အတိုင်း[78] ဤအခြေအနေသည် နစကမှ တော်လှန်ရေးနယ်မြေများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသွင်ယူထားမှုအောက်တွင် သိမ်းယူထားချင်သည့်ပုံစံကို ထင်ဟပ်စေသည်။ အထူးသဖြင့် ဤအချက်အား ဖော်ပြရာတွင် နိုင်ငံရေးနှင့် စစ်ပွဲနှင့် သက်ဆိုင်သည့် မည်သည့်ကိုးကားချက် ကိုမဆို ချန်လှပ်ထားကာ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲနှင့်ဆိုင်သော ကိစ္စရပ်များအား ‘သဘာဝကြောင့်ဖြစ်မှု” အဖြစ် လုံးဝအသွင်ပြောင်းကာ ဖော်ပြခြင်းမှတဆင့် ဆောင်ရွက်ခြင်းဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ဤနယ်မြေများကို ကြေညာသည့်အခါတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၃ အာဏာသိမ်းမှုမတိုင်မီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့သည့် ၂၀၁၈ သစ်တော ဥပဒေကိုသာ ကိုးကားပြသည်။[79] အချက်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ လက်ရှိဖြစ်ပွားနေသော အကျပ်အတည်းများကို မှေးမှိန်စေကာ သာမန်ဖြစ်နေမှုနှင့် တည်ငြိမ်နေမှုကိုဖော်ပြရန် နောက်ထပ်ကြိုးပမ်းမှုတစ်ခု ဖြစ်ကြောင်းပြသနေသည်။

စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်ခြင်း (၂)။ ။ ပလတ်စတစ် လျှော့ချရေး ကမ်ပိန်းများ

နစကသည် ပလတ်စတစ်လျှော့ချရေး ကမ်ပိန်းများမှတစ်ဆင့် စိမ်းလန်းစိုပြေမှု ဆောင်ရွက်နေသည်ကို ပုံဖော်ပြရန်ကြိုးစားနေပြီး နစကအရာရှိများသည် ပလတ်စတစ်ကောက်သည့် အစီအစဉ်များဆောင်ရွက်ကြကာ သတင်းဆောင်းပါးများမှတစ်ဆင့် လူထုအား ပလတ်စတစ်လျှော့ချရန် လိုအပ်ကြောင်းနှင့် စာဖတ်သူများအား ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ရေစီးကြောင်းများထဲသို့ ရောက်သွားသည့်အခါတွင် ပင်လယ်ဇီဝကမ္ဘဖြစ်စဉ်အတွက် အန္တရာယ်များ

[76] “Lawkananda Wildlife Sanctuary”, 2024; “Manloiyang designated as protected”, 2024; “MONREC designates Htin Mel protected public forest”, 2024; “MoNREC designates Kyun Natha Marine National Park”, 2024; “MoNREC designates Kyeikpi Shwethaungkwin”, 2024; “MoNREC designates new protected public mangrove forest”, 2024; “MoNREC designates Shwesandaw Protected Public Forest”, 2024; “MoNREC designates Yone Taung”, 2024; “Nangsapi designated as protected”, 2024; “Thayet Taunggyi protected public mangrove forest”, 2024.
[77] Roe Kyaw, 2018.
[78] Andersson, 2020.
[79] “Juuzi Forest confirmed as Protected Public Forest”, 2023.

ဖြစ်နိုင်ကြောင်း အသိပညာပေးလျက်ရှိသည်။ ဤဆောင်းပါးများသည် သစ်ပင် စိုက်ပျိုးခြင်း အခမ်းအနားများနည်းအတူ စစ်ခေါင်းဆောင်များနှင့် အဆင့်မြင့် အစိုးရအရာရှိများအား အသား ပေးဖော်ပြလျက်ရှိသည်။[80] ၎င်းတို့သည် နစကထိန်းချုပ်သော ဧရိယာများမှ “လုပ်ပြသော” လှုပ်ရှားမှုများကို အဓိကထား ပြသသော်လည်း ဤဆောင်းပါးများသည် နိုင်ငံတစ်ဝန်း ပြုလုပ်သော ကမ်ပိန်းများမှတစ်ဆင့် နစက၏ ထိန်းချုပ်မှုအောက်တွင် တိုင်းပြည်သည် နိုင်ငံရေးအရ တည်ငြိမ်လျက်ရှိကြောင်းလည်း သွယ်ဝိုက်ဖော်ပြထားသည်။

ဥပမာအားဖြင့်ဆိုရလျှင် ဆောင်းပါးတစ်ပုဒ်တွင် အစိုးရဝန်ထမ်းများနှင့် ဒေသခံပြည်သူ များက အမှိုက်များကောက်ခြင်း၊ မြက်ပင်နှင့် ချုံပုတ်များ ရှင်းလင်းခြင်းနှင့် ဧရာဝတီမြစ် ကြောင်းတစ်လျှောက် သာယာလှပစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေနုတ်မြောင်းများ ရှင်းလင်းခြင်းတို့အား ကျုံပျော်မြို့နယ်တွင် ပြုလုပ်နေကြခြင်းကို ပြသထားသည်။ ၎င်းတွင် မြို့တော်စည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်သည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ပညာပေး အစီအစဉ်မှတစ်ဆင့် ကျောင်းသားများနှင့်ဆရာ၊ ဆရာမများအား အခြေခံ နေထိုင်မှုနည်းနာ များ ကောင်းမွန်စေရန်အတွက် အမှိုက်များကို မည်သို့ခွဲခြား စွန့်ပစ်ရန် သင်ကြားပေးကြောင်း အသားပေးဖော်ပြထားသည်။[81] ၎င်းပလတ်စတစ်ကမ်ပိန်းနှင့် အလားတူကမ်ပိန်းများကို နစက ထိန်းချုပ်သည့် ဧရာဝတီတိုင်းဒေသကြီး၏ မြို့နယ်နှစ်ခုတွင် ပြုလုပ်ခဲ့သည်။[82]

အခြားဆောင်းပါးတစ်ပုဒ်တွင် ရခိုင်ပြည်နယ် သဘာဝထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ အစည်းမှ သမုဒ္ဒရာအတွင်း မိုက်ခရိုပလတ်စတစ်များ တိုးလာခြင်းမှ ရှင်းလင်းမှုဆောင်ရွက်နေ ခြင်းကို ဖော်ပြထားသည်။ ဤအဖွဲ့အစည်းသည် ကျောက်ဖြူကမ်းခြေအတွက် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရေး အစီအစဉ်များကိုဆောင်ရွက်ခြင်း၊ ပင်လယ်တွင်းရှိ တည်နေရာသုံးခုမှ ပလတ် စတစ်များဖယ်ရှားခြင်း၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများနှင့် ဒေသခံပြည်သူများအတွက် အသိပညာမျှဝေသည့် အစီအစဉ်များကို ဟောပြောပွဲများနှင့် ဗီဒီယိုများမှတစ်ဆင့် ပြုလုပ်ပေးခဲ့ သည်။[83] အခြားဆောင်းပါးတွင် မွန်ပြည်နယ် ခရီးသွားရာသီကာလအတွင်း ဟိုတယ်များမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းစေရန် တစ်ခါသုံး ပလတ်စတစ်ပစ္စည်းမှ ပြန်လည် အသုံးပြုနိုင်သော ဖန်ပုလင်းများသို့ ပြောင်းလဲအသုံးပြုခြင်းကို မီးမောင်းထိုး ပြထားသည်။[84] အခြားဆောင်းပါးတစ်ခုတွင် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအား ဖော်ပြ ထားကာ ၎င်းသည် ရေအရည်အသွေးစစ်ဆေးခြင်း၊ ရေနမူနာကောက်ယူခြင်းနှင့် အင်းလေး

[80] “Reduce the use of plastic products”, 2023.
[81] “Raise public awareness,” 2024.
[82] “Systematic waste disposal,” 2023.
[83] “Plastic cleanup underway at Kyaukpyu,” 2023.
[84] “Fostering sustainable business practices”, 2023.

ကန်တစ်ဝိုက် ပလတ်စတစ်ညစ်ညမ်းမှု လျော့ပါးစေရန် အသိပညာမြှင့်တင်ရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့လုပ်ဆောင်နေသည်ကို ဖော်ပြထားသည်။[85]

ပုံ (၁၀)

ရခိုင်ပြည်နယ်ရှိ ကျောက်ဖြူကမ်းခြေတွင် ဒေသခံများမှ ပလတ်စတစ်သန့်ရှင်းရေးလှုပ်ရှားမှု၌ ပါဝင်နေကြပုံ[86]

ပုံ (၁၁)

ဒေသခံများမှ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ ၂၀၂၄ နိုဝင်ဘာ (၁၆) ရက်နေ့တွင် ပြုလုပ်သည့် ကမ်ပိန်းတစ်ခုအတွင်း အမှိုက်ကောက်နေကြပုံ[87]

Local people collect plastics and other debris in Bagan Ancient Cultural Zone during a campaign on 16 November 2024. **PHOTO: DIPA LINN**

[85] "Annual water quality report", 2024.
[86] "Plastic cleanup underway at Kyaukpyu," 2023.
[87] "Bagan Plastic Campaign", 2024.

ပုံ (၁၂)

နစက အရာရှိများမှ အင်းလေးကန်တွင် ရေအရည်အသွေး အကဲဖြတ်စစ်ဆေးနေကြပုံ[88]

ပုံ (၁၂) တွင် နစကသည် သဘာဝပတ်ဝန်းကျင်အား အလေးထားကြောင်းနှင့် ဒေသခံပြည်သူများကို ၎င်းတို့နှင့်ပူးပေါင်းဆောင်ရွက်ရန် စည်းရုံးသည့်အနေဖြင့် ယူနီဖောင်းဝတ်ဆင်ထားသော အစိုးရဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်းကို စာဖတ်သူများအားပြသထားသည်။ ဤနေရာတွင်လည်း ဤသို့စိမ်းလန်းစိုပြေရေးဆောင်ရွက်ခြင်းတွင် လက်ရှိဖြစ်ပွား နေသော ပဋိပက္ခနှင့် စစ်တပ်အုပ်ချုပ်ရေးကို လူထုမှ ဆန့်ကျင်နေသည့် အကြောင်း ဖော်ပြထားခြင်းမရှိပေ။

စိမ်းလန်းစိုပြေရေးအတွက် ဆောင်ရွက်ခြင်း (၃)။ ။ ပြန်လည်အသုံးပြုနိုင်သောစွမ်းအင်

နစကသည် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်သို့ ကူးပြောင်းခြင်းဖြစ်သည့် ၎င်း၏ အဆိုပါရည်ရွယ်ချက်ကိုလည်း ဖော်ထုတ်ပြသနေသည်။ ဤအချင်းအရာသည် စိမ်းလန်းစိုပြေရေးကို အယောင်ပြဆောင်ရွက်နေသည့် စစ်အာဏာရှင်အစိုးရပုံစံ အားထုတ်ဆောင်ရွက်ခြင်းဖြစ်ရုံသာမက စာဖတ်သူများကိုလည်း တိုင်းပြည်သည် အခြားပြည်ပနိုင်ငံများနည်းတူ အရှိန်အဟုန်ဖြင့်တိုးတက်နေသယောင် အထင်မှားစေရန် ကြိုးပမ်းမှုတစ်ခုလည်းဖြစ်သည်။ စိမ်းလန်းစိုပြေရေး အယောင်ပြဆောင်ရွက်နေသည့် စစ်

[88] “Annual water quality report”, 2024.

အာဏာရှင်အစိုးရ၏ ဆောင်းပါးများတွင် လျှပ်စစ် စွမ်းအင်သုံးယာဉ်များ၊ ရေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်နှင့် လက်ရှိလေအားလျှပ်စစ်များအကြောင်း ဖော်ပြလေ့ရှိသည်။ ထိုဆောင်းပါးများတွင် နစကသည် ၎င်းကိုယ်တိုင်အား ဖော်ထုတ်ပြသမှုအပြင် အထူးသဖြင့် အခြား အာရှနိုင်ငံများဖြစ်သော စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ရှိ နိုင်ငံတကာမှ လူများကို ၎င်းတို့အားယုံကြည်လာစေရန်နှင့် စစ်တပ်ပိုင် မြန်မာ့ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို လျော့ပါးသက်သာစေပြီး ပြန်လည် အသုံးပြုနိုင်သော စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်လည်း ရည်ရွယ်သည်။ [89]

နစကခေါင်းဆောင် မင်းအောင်လှိုင်သည် နိုင်ငံကို စိမ်းလန်းသော လျှပ်စစ်သုခဘုံအဖြစ် ပြောင်းလဲရန် စိတ်ကူးနေပုံပေါ်သည်။ ၂၀၂၃ ခုနှစ်အတွင်း ကျင်းပသော အခမ်းအနားတစ်ခုတွင် နစကမီဒီယာသည် မင်းအောင်လှိုင်၏ အောက်ပါပြောကြားချက်ကို ဖော်ပြခဲ့သည်။

> မြန်မာနိုင်ငံသည် အများပြည်သူသယ်ယူပို့ဆောင်ရေး ရထားနှင့် ဘတ်စ်ကား များ၊ ကိုယ်ပိုင်ယာဉ်များနှင့် အကြီးစားစက်မှုပစ္စည်းများမှာ လျှပ်စစ်စွမ်းအင် သုံးရပါမယ်။ ဒီယာဉ်တွေကို လျှပ်စစ်စွမ်းအင်သုံးယာဉ်များအဖြစ် ပြောင်းလဲ ရန် အစီအစဉ်ချရပါမယ်။ အဲဒါမှမဟုတ်ရင် ကျွန်တော်တို့နိုင်ငံဟာ အခြား နိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်မှာ ကျန်ခဲ့ရပါလိမ့်မယ်။[90]

အလားတူ နစကမီဒီယာသည် တရုတ်နိုင်ငံတွင် ကျင်းပသော ၂၀၂၄ စိမ်းလန်းစိုပြေဖွံ့ဖြိုးရေး ဖိုရမ်တွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ မိန့်ခွန်းကို ဖော်ပြခဲ့သည်။

> မြန်မာနိုင်ငံသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရုပ်ကြွင်း လောင်စာသုံး ယာဉ်များကို လျှော့ချနိုင်ရန်အတွက် နိုင်ငံတွင်း လျှပ်စစ်စွမ်းအင်သုံးယာဉ် များ ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ပြီး လျှပ်စစ်စွမ်းအင်သုံး ယာဉ်များတိုးတက် လာစေရေးမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ လျှပ်စစ်ကားများ တင်သွင်းခြင်းနှင့် တပ်ဆင်ခြင်းတို့ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်

[89] "MIC nods 6 investment projects", 2023.
[90] "Electric vehicles arrive in Yangon", 2023.

> များနှင့်အညီ ဆောင်ရွက်နိုင်ဖို့ လက်ရှိတွင် လျှပ်စစ်ယာဉ်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်ကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ [91]

၂၀၂၄ မတ်လထုတ် နစကဏ် မီဒီယာဆောင်းပါးတစ်ပုဒ်တွင် တရုတ်ကုမ္ပဏီတစ်ခုမှ တင်သွင်းထားသော လျှပ်စစ်ကားများသည် မြန်မာနိုင်ငံအတွင်းသို့ ၂၀၂၃ ကတည်းကပင် စတင်ရောက်ရှိနေခဲ့မှုနှင့်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ပြနယ်မြေများတွင် အဓိကပြေးဆွဲနေသော ဇိမ်ခံ လျှပ်စစ်တက္ကစီ (၃၁) စီးအကြောင်း အကျဉ်းချုပ်ဖော်ပြထားသည်။ ၂၀၂၃ တွင် စုစုပေါင်း လျှပ်စစ်ကား (၁,၈၈၈) စီး မှတ်ပုံတင်ထားကြောင်း ယင်းဆောင်းပါး၌ ဖော်ပြထားသည်။ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးကဲ့သို့သော အဝေးပြေးလမ်းမကြီးများပေါ်တွင် လျှပ်စစ်အားသွင်းရုံများ တပ်ဆင်ထားပြီး ယခုအခါ ရန်ကုန်နှင့်မန္တလေးမှ အများပြည်သူဆိုင်ရာနေရာများ၊ ဈေးဝယ်ကုန်တိုက်များ၊ အပန်းဖြေနေရာများ၊ ဘာသာရေးအဆောက်အအုံများနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းများတွင်လည်း လည်ပတ်နေပြီဖြစ်ကြောင်း အလေးပေးဖော်ပြထားသည်။[92] ပုံ (၁၃) တွင် နစကအရာရှိများသည် လျှပ်စစ်အားသွင်းရုံများဖွင့်ပွဲအခမ်းအနား၌ ၎င်းတို့၏ စိမ်းလန်းစိုပြေသည့်စွမ်းအင်အသွင်ကူးပြောင်းမှုကို အလေးထားပုံဖော်ပြနေသည်။[93]

ပုံ (၁၃)

နစက အရာရှိများ နေပြည်တော်ရှိ လျှပ်စစ်ကားအားသွင်းရုံများကို ကြည့်ရှုစစ်ဆေးနေပုံ[94]

[91] "Blue economy development", 2024.
[92] "Charging stations available for EVs", 2024.
[93] "First-ever EV Charging Station inaugurated", 2023.
[94] "First-ever EV Charging Station inaugurated", 2023.

ဤကဲ့သို့သော လျှပ်စစ်ကားပြပွဲများသည် ရန်ကုန်ကဲ့သို့မြို့ကြီးများတွင် သာမန်လူများ ကြုံတွေ့နေရသော တစ်နေ့လျှင် လျှပ်စစ်မီး လေးနာရီခန့်သာ ရရှိခြင်း၊ ဓာတ်အားပြတ်တောက်ခြင်းများနှင့် လျှပ်စစ်မီတာခများ မြင့်တက်လာခြင်းတို့ကို လုံးဝလျစ်လျူရှုနေသည်။ မြန်မာနိုင်ငံတွင် တစ်ဦးချင်းဝင်ငွေနည်းသော သာမန်လူထုသည် လျှပ်စစ်ကားများကို ဝယ်ယူသုံးစွဲနိုင်ခြင်းမရှိဘဲ ကျွန်ုပ်၏ သိရှိချက်အရ နစကနှင့် ခရိုနီအဖွဲ့တို့၏ ခွင့်ပြုချက်ရထားသော လျှပ်စစ်ကားအနည်းငယ်သာ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် လည်ပတ် နေသည်။

နိုင်ငံအတွင်း မတူညီသောမြို့နယ်များတွင် နစက၏ ဌာနများမှ အကောင်အထည်ဖော်သော ဆိုလာဓာတ်အားပေးစနစ် တပ်ဆင်ခြင်းဆိုင်ရာ အကြောင်းအရာများကိုလည်း ဆောင်းပါးများစွာမှ ဂုဏ်ယူဝင့်ကြွားစွာဖော်ပြလေ့ရှိသည်။ ၎င်းတို့ကို ဂေဟစနစ်သဟဇာတဖြစ်သော စိုက်ပျိုးရေးနှင့် အခြားအသုံးပြုမှု များတွင် အသုံးပြုသည်ဟုဆိုသည်။ ဆောင်းပါးတစ်ပုဒ်တွင် နစက၏ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနသည် "၂၀၁၆-၁၇ နှင့် ၂၀၂၃-၂၄ အတွင်း" (မူရင်းဖော်ပြချက်အတိုင်း) အဓိကအားဖြင့် အသေးစား ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများနှင့် အိမ်တွင်းသုံးနေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားစနစ်များမှ ကျေးရွာပေါင်း (၁၀,၀၀၀) ကျော်တွင် လူ (၂ ဒသမ ၅) သန်းခန့် လျှပ်စစ်ဓာတ်အားရရှိခဲ့ကြောင်း ဖော်ပြထားသည်။[95] ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်အရင်းအမြစ်များကို အသုံးပြု၍ ၂၀၃၀ ခုနှစ် အရောက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးရွာအားလုံးသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့သုံးစွဲနိုင်ရန် ရည်မှန်းထားကြောင်း အဆိုပါဌာနကဆိုသည်။ နေရောင်ခြည်စွမ်းအင်ကို သန့်စင်ပြီး ပြန်လည်အသုံးပြုနိုင်ကာ ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အထောက်အကူဖြစ်စေသည်ဟု ကြွေးကြော်ထားသည်။ ဆိုလာစွမ်းအင်သည် နိုင်ငံအသီးသီးမှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု များကို မည်သို့မည်ပုံဆွဲဆောင်နေသည်ကိုလည်း ဖော်ပြထားသည်။[96]

ဥပမာတစ်ခုမှာ တာပိန်ရေအားလျှပ်စစ်ခန်း တည်ဆောက်ရာတွင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ဤစီမံကိန်းကို ၂၀၂၄ ဧပြီလ (၂၅) ရက်နေ့တွင် စတင်ခဲ့ပြီး မေလ (၃၁) ရက်နေ့တွင် လျှပ်စစ်ကွန်ရက်နှင့် ချိတ်ဆက်ခဲ့သည်။ ဤစီမံကိန်းနှင့် သက်ဆိုင်သော ဆောင်းပါးများတွင် ကာဗွန်ထုတ်လွှတ်မှု (၅၀၄) တန် လျှော့ချခြင်းနှင့် ညီမျှသော နှစ်စဉ်ပျမ်းမျှ ဓာတ်အားထုတ်လုပ်မှု (၅၉၄.၇၄) မက်ဂါဝက် (594.74 MWh) ရှိကြောင်း ကြွားဝါမှုများပါဝင်သည်။ ဤသည်မှာ တရုတ်ဒါတန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီလီမိတက်

[95] "Over 10,000 villages gain electricity", 2023.
[96] "Solar-powered pumps", 2024; "Installation of 14MW solar power system", 2024; "Six solar power plants in operation", 2024.

(China Datang Overseas Investment Co., Ltd.,)မှ ဆောင်ရွက်နေသော ဟိုက်ဒရိုဂျင်စွမ်းအင်၊ စွမ်းအင်သိုလှောင်မှု၊ အစိမ်းရောင် ကာဗွန်၊ အသိဉာဏ်ပေါင်းစပ်စွမ်းအင် (intelligent intergrated energy)၊ စွမ်းအင်ထိန်းသိမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးတို့ပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု စနစ်သစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဆောင်းပါးရှိ ဓာတ်ပုံများတွင် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံ၌ စိမ်းလန်းသော စွမ်းအင်များ တိုးမြင့်လာစေရန် တရုတ်ကုမ္ပဏီ၏ စွမ်းဆောင်မှုနှင့် အလေးပေးမှုကို ပြသနေသည် (ဥပမာ ပုံ ၁၄ တွင်ရှုပါ)။[97]

ပုံ (၁၄)

တာပိန်ရေအားလျှပ်စစ်စခန်းတွင် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်နေပုံ။[98]

ထို့အပြင် ၂၀၂၃ ခုနှစ်တွင် နစက၏ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ကမ္ဘာ့အကြီးဆုံး လေအားလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်း (၄၀၀) ဖြင့် တပ်ဆင်အသုံးပြုနိုင်မည်ဟု ကြွေးဝါထားသည့် လေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူစာချုပ်လွှာကို လက်မှတ် ရေးထိုးခဲ့ပြီး ဖြစ်သည်။ အဆိုပါစီမံကိန်းများကို တရုတ်ကုမ္ပဏီများနှင့် ပူးပေါင်း၍ ရခိုင် ပြည်နယ် အမ်း၊ ဂွနှင့် သံတွဲမြို့နယ်များတွင် စတင်ဆောင်ရွက်ခဲ့သည်။ စီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို အပျက်သဘောဆောင်သော ထိခိုက်မှုများ မရှိ စေရန် သေချာစေမည်ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက

[97] "Dapein (1) Hydropower Company", 2023; "Dapein (1) Hydropower Station", 2024.
[98] "Dapein (1) Hydropower Station", 2024.

ဆောင်းပါးတွင် ရေးသားထားသည်။[99] စီမံကိန်းကို အကောင်အထည်ဖော်မည့် ရခိုင်ပြည်နယ် အတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် ပတ်သက်၍သော်လည်းကောင်း လူထုနှင့်ထိတွေ့ ဆောင်ရွက်မှု၊ ညှိနှိုင်းဆွေးနွေးမှုများနှင့်ပတ်သက်၍သော်လည်းကောင်း အဆိုပါဆောင်းပါးမှ ဖော်ပြထားခြင်း မရှိပေ။

နစကဏ်၏ ပြန်လည်အသုံးပြုနိုင်သည့်စွမ်းအင်ဆိုင်ရာ သတင်းဆောင်းပါးများသည် နစက အနေဖြင့် စိမ်းလန်းသောစွမ်းအင် အသွင်ကူးပြောင်းမှုတွင် မည်ကဲ့သို့ပါဝင်ကူညီနေပုံ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာများကို မည်ကဲ့သို့ဆွဲဆောင်နိုင်ပုံများကိုသာဖော်ပြရန် သီးသန့်ဖြစ်နေသည်။ အထူးသဖြင့် ၂၀၂၁ အာဏာသိမ်းပြီးနောက်တွင် ပြည်သူများကို ထိခိုက် နေသည့် လျှပ်စစ်မီးပြဿနာများကို လုံးဝ ချန်လှပ်ထားသည်။ ဤသည်မှာ အစိုးရနိုင်ငံသည် ၎င်း၏ စွမ်းဆောင်ရည်မြင့် စိမ်းလန်းသော နည်းပညာများ အကြောင်းကို ဂုဏ်ယူစွာပြောဆို ခြင်းဖြင့် ပါလက်စတိုင်းပြည်သူများကို ဖိနှိပ်နေသည်ဆိုသော အဖြစ်မှန်ကို ဖုံးကွယ်ရန် ကြိုးစား နေပုံနှင့် ဆင်တူသည်။[100]

ဒေသတွင်းနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုအတွက် စိမ်းလန်းစိုပြေရေး ဆောင်ရွက်ချက်

အထက်တွင်ဆွေးနွေးခဲ့သည့် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်အတွက် နစက၏ ကတိ ကဝတ်ကို ပြသခြင်းသည် နစက၏ စိမ်းလန်းစိုပြေရေး အယောင်ပြဆောင်ရွက်နေသည့် စစ်အာဏာရှင်အစိုးရ၏ နိုင်ငံတကာ အသိအမှတ်ပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်မှန်းထားသည့် အချက်တစ်ချက်ဖြစ်နိုင်ကြောင်း ကျွန်ုပ်ယူဆသည်။ အစောပိုင်းတွင် ကျွန်ုပ် ဖော်ပြခဲ့ပြီးဖြစ်သော နစက၏ မီဒီယာတွင် နစကမှ အပြည်ပြည်ဆိုင်ရာနေ့များ အထိမ်း အမှတ်ပွဲများအကြောင်း မကြာခဏ အစီရင်ခံခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်နေ သော နိုင်ငံတကာ အသိအမှတ်ပြုမှုကို မြှင့်တင်ရန်နှင့် နစကသည် ကမ္ဘာ့အသိုင်းအဝိုင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ပြသရန် ရည်ရွယ်ထားခြင်းဖြစ်သည်။[101] ဥပမာအားဖြင့် ၂၀၂၃ မတ်လတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ကျင်းပ သည့် ကမ္ဘာ့ရေနေ့တွင် နစကမီဒီယာမှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည်ကို အောက်ပါအတိုင်းတင်ပြခဲ့သည်။

---

[99] "MoA signed for wind power", 2023.
[100] Hughes et al., 2023.
[101] "2023 International Day for the Preservation of the Ozone Layer", 2023; "2024 World Environment Day", 2024; "Celebrating World Environmental Maintenance Day", 2024; "SAC Member DPM MoTC Union Minister", 2023.

> မြို့ပြနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှ တစ်နှစ်ထက် တစ်နှစ် ရေထုထည်ပိုမိုလိုအပ်လာနေပါတယ်။ အခြားတစ်ဖက်မှာလည်း ရာသီဥတုဖောက်ပြန်ခြင်းနှင့် လူတွေရဲ့ ဆောင်ရွက်မှုတွေဟာ ရေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင် အပေါ် သက်ရောက်မှုရှိစေပြီး ရေအရင်းအမြစ်များကို လျော့နည်းစေပါတယ်။ ဒါကြောင့်မို့ ကမ္ဘာ့နိုင်ငံများအားလုံးဟာ ရေအရင်းအမြစ်များ လျော့ကျလာရေးကို ဖြေရှင်းရန် ကြိုးစားနေကြပါတယ်။

ဆက်လက်၍ မင်းအောင်လှိုင်သည် ရေရှည်တည်တံ့သော ရေအသုံးချမှုတွင် နည်းပညာဆိုင်ရာ စုပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းတိုင်ပင်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုများ တိုးမြှင့်ရန်လိုအပ်ကြောင်း အလေးပေးပြောကြားသည့်အပြင် အောက်ပါကိုလည်း တောင်းဆိုခဲ့သည်။

> ချစ်ကြည်ရင်းနှီးသော မိတ်ဖက်နိုင်ငံများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် အစိုးရ၏ ဦးဆောင်မှုအောက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ရေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်၊ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သက်ရှိသတ္တဝါ အားလုံးအတွက် ရေဖူလုံရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန်နှင့် ကုလသမဂ္ဂမှ ချမှတ်ထားသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းများတွင် ပုဂ္ဂိုလ် အားလုံးပါဝင်ကြရန် တိုက်တွန်းလိုပါတယ်။[102]

ကုလသမဂ္ဂကို ကိုးကားခြင်းဖြင့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၎င်းနှင့် နစကတို့သည် နိုင်ငံတကာ မူဘောင်များကို လိုက်နာပြီး နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေသည်ဟူသော သဘောထားကို ပြသရန် ကြိုးစားနေသည်။ ပုံ (၁၅) တွင် ဖော်ပြထားသည့် အတိုင်း အဆိုပါဆွေးနွေးပွဲကို အလွန်ကြီးကျယ်ခမ်းနားသောပုံစံဖြင့် နစကမှ ၎င်းတို့အတွက်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ အထင်ကြီးလေးစားမှုကိုရရှိရန် ကျင်းပခဲ့ပြီး တက်ရောက်သူများမှာ သာမန်ပြည်သူမဟုတ်သော အဆင့်မြင့်စစ်အရာရှိများနှင့် အစိုးရဝန်ထမ်းများဖြစ်သည်။ မိန့်ခွန်းများနှင့် ဓာတ်ပုံများသည် တိုင်းပြည်၏ နိုင်ငံရေးမတည်ငြိမ်မှုများကို လုံးဝ ဖုံးကွယ်ထားသည်။

---

[102] "Everybody needs to make preparations", 2023.

ပုံ (၁၅)

၂၀၂၃ မတ်လ (၂၂) ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန (၂) ၌ ကျင်းပသော ကမ္ဘာ့ရေနေ့အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားနေပုံ[103]

အာရှရှိ အမျိုးမျိုးသော ပွဲများနှင့် အစည်းအဝေးများတွင် နစကာ၏ ပါဝင်တက်ရောက်မှုကို ပြသခြင်းသည် နစကအနေဖြင့် ၎င်းတို့၏နိုင်ငံတကာ ပူးပေါင်းပါဝင်မှုကို သရုပ်ပြရန် နောက်ထပ်နည်းလမ်းတစ်ခုဖြစ်သည်။ ထူးခြားသည်မှာ ဤပါဝင်မှုသည် ကုလသမဂ္ဂ အခမ်းအနားများသို့မဟုတ် အနောက်နိုင်ငံများ ပါဝင်မှု လုံးဝမရှိခြင်းဖြစ်သည်။ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအား သိသာထင်ရှားစွာဖော်ပြလေ့ရှိသည်။ ဥပမာများအနေဖြင့် သတင်းမီဒီယာများတွင် ဖော်ပြထားသော နစကအရာရှိများ၏ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော (၁၀) ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်တွင် တက်ရောက်မှု၊[104] ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံ၌ကျင်းပသော ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဖိုရမ်၊[105] (၄၅) ကြိမ်မြောက် စိုက်ပျိုးရေးနှင့် သစ်တောရေးရာ အာဆီယံဝန်ကြီးများအစည်းအဝေး[106] နှင့် လာအိုနိုင်ငံ၌ ကျင်းပသော (၁၈) ကြိမ်မြောက် နယ်စပ်ကျော်မီးခိုးမြူညစ်ညမ်းမှုထိန်းချုပ်ရေး အစည်းအဝေးတို့ပါဝင်ပြီး ယင်းအစည်းအဝေးကို (၁၇) ကြိမ်မြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အာဆီယံဝန်ကြီးအစည်းအဝေးနှင့် ပူးတွဲကျင်းပခဲ့သည်။[107]

---

103 "Everybody needs to make preparations", 2023.
104 "Myanmar participates in 10th World Water Forum", 2024.
105 "Myanmar showcases disaster management", 2023.
106 "MoALI UM leads delegation", 2023.
107 "Myanmar and ASEAN collaborate," 2023.

နောက်ဆုံးဖော်ပြခဲ့သော အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ကြီးလည်း တက်ရောက်ခဲ့ပြီး နစကမီဒီယာ၏ ဆောင်းပါးတစ်ပုဒ်တွင် ဂျပန်၊ ကိုရီးယား၊ တရုတ်နှင့် အမေရိကန်တို့ကဲ့သို့သော အာဆီယံမိတ်ဖက်နိုင်ငံများ တက်ရောက်ခဲ့ကြောင်း မီးမောင်းထိုးပြသခဲ့သည်။ နစက၏ မီဒီယာက မြန်မာ့သစ်တောထိန်းသိမ်းရေး ကြိုးပမ်းအားထုတ်မှုနှင့် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်စီမံကိန်းများ၏ အရေးပါမှုတို့ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးမှ ဝါကြွားပြောကြားနေခဲ့မှုများကို ဖော်ပြခဲ့သည်။ ညနေပိုင်းတွင် မြန်မာနိုင်ငံ၏ စိမ်းလန်းစိုပြေရေးအတွက် ထည့်ဝင်ဆောင်ရွက်မှုများကို အသိအမှတ်ပြု ဂုဏ်ပြုသောအားဖြင့် ဆုပေးပွဲ အခမ်းအနားများလည်း ကျင်းပခဲ့သည်။ ဆောင်းပါးတွင် "ဤဆွေးနွေးပွဲများတွင် မြန်မာ၏ ပါဝင်ပတ်သက်မှုသည် ဒေသတွင်း သဘာဝပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်တည်တံ့ရေး အလေ့အကျင့်များဆီသို့ မြန်မာနိုင်ငံ၏ ကတိကဝတ်ကို မီးမောင်းထိုးပြနေသည်" ဟု နိဂုံးချုပ်ထားသည်။[108]

ဤအစည်းအဝေးနှင့်ပတ်သက်သည့် အခြားဆောင်းပါးတွင် နစကမီဒီယာက အောက်ပါအတိုင်းရေးသားခဲ့သည်။

> မြန်မာနိုင်ငံသည် ၂၀၂၂ မှ ၂၀၃၀ အထိ တစ်ပြည်လုံးဆိုင်ရာမူဘောင်အတွင်း ရာသီဥတုပြောင်းလဲမှု လျော့ပါးရေးနှင့် လိုက်လျောညီထွေ ဖြစ်မှုအတွက် အပြည့်အဝ လုပ်ဆောင်နိုင်သော မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲထားသည်။ ဤမဟာဗျူဟာသည် စွမ်းအင်၊ လျှပ်စစ်၊ သစ်တော၊ မြေယာအသုံးချမှု၊ ကောက်ပဲသီးနှံအမျိုးမျိုးနှင့် သစ်ပင်စိုက်ပျိုးရေးအပါအဝင် ကဏ္ဍများစွာ အကျုံးဝင်ကာ တိကျသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုအစီအစဉ်များတွင် မြန်မာသည် ဂျပန်နှင့် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း ထပ်မံမီးမောင်းထိုးပြခဲ့သည်။[109]

နစက၏ မီဒီယာတွင် နစကမှ တက်ရောက်သူများသည် ဤအစည်းအဝေးများကို အွန်လိုင်းဖြင့် တက်ရောက်သည်ကို ဖော်ပြလေ့ရှိသော်လည်း ခြွင်းချက်အချို့အနေဖြင့် အထက်တွင် ဖော်ပြခဲ့ပြီးသော လာအိုနိုင်ငံတွင် ကျင်းပခဲ့သော အစည်းအဝေးနှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကိုယ်စားလှယ်များတက်ရောက်ခဲ့သည့် ၂၀၂၄ ဇူလိုင်လတွင် တရုတ်နိုင်ငံ၌ ကျင်းပသော အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကဲ့သို့သော ပွဲများသည် လူကိုယ်တိုင်

108 "Myanmar's Minister attends ASEAN", 2023.
109 "Myanmar and ASEAN collaborate", 2023.

တက်ရောက်ခဲ့သည့် ပွဲများဖြစ်ကြသည်။[110] ဖိုရမ်တွင် မိန့်ခွန်းပြောနေစဉ် ဦးစိုးဝင်းက အောက်ပါအတိုင်း ပြောကြားခဲ့ကြောင်း နစက၏ မီဒီယာက ဖော်ပြသည်။

> မြန်မာသည် ကာဗွန်လျှော့ချရေးလုပ်ငန်းစဉ်များဖြစ်သည့် သန့်ရှင်းသော ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ ကာဗွန် ချေးထုတ်မှု ပူးပေါင်းဆောင်ရွက်ခြင်းတွင် (carbon credit cooperation) စွန့်ပစ်ပစ္စည်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ထိရောက်သော မီးဖိုများ ဖြန့်ဖြူးရေးနှင့် ဒီရေတောများထိန်းသိမ်းရေးဆိုင်ရာ စိမ်းလန်းသောဖွံ့ဖြိုးရေး စီမံကိန်းများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာသည် ရေရှည်တည်တံ့ခိုင်မြဲသော စိမ်းလန်းသည့် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ညီညွတ်မျှတရေးတွင် ထည့်ဝင် ဆောင်ရွက်ရန်အတွက် စိမ်းလန်းစိုပြေရေး ရင်းနှီးမြှုပ်နှံမှုများကို အားပေး ရန်၊ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို ထိရောက်စွာ စစ် ဆေးစောင့်ကြည့်ရန်နှင့် စိမ်းလန်းစိုပြေသော စီးပွားရေးကို အားပေးကူညီ ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရန် ကာဗွန်ထုတ်လွှတ်မှု အနည်း ဆုံးဖြင့် ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရန် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်လျက် ရှိပါတယ်။[111]

အဆိုပါအစည်းအဝေးများ၏ အစီရင်ခံတင်ပြချက်တွင် နစကသည် နိုင်ငံ၏ နယ်ပယ်များစွာကို ထိန်းချုပ်ထားနိုင်ခြင်း မရှိမှုကို ဖော်ပြရန်ဝေးစွ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေလျက်ရှိသော ပဋိပက္ခများနှင့် မတည်ငြိမ်မှုများအကြောင်းကိုပင် ဖော်ပြထားခြင်းမရှိပေ။ နစကသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်ချက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင် နိုင်စွမ်းရှိသော နစကအဖြစ်မြင်စေရန် ဖန်တီးဖော်ပြနေခြင်းဖြစ်သည်။ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံ နယ်စပ်ဒေသများတွင် တောမီးများ လောင်ကျွမ်းခြင်းမှ ကာကွယ်ရန် လေထုညစ်ညမ်းမှု လျှော့ချရေး ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အွန်လိုင်းမှ ပါဝင်တက်ရောက်ပြောကြားသည့်မိန့်ခွန်းတွင် ပဋိပက္ခများအကြောင်း နှုတ်ဆိတ်နေမှု၏ ထင်ရှားသော သာဓကကို တွေ့မြင်နိုင်သည်။ ဤနေရာတွင် မင်းအောင်လှိုင်က နစကသည်

[110] "MoNREC Union Minister arrives back", 2024; "MoNREC Union Minister leaves for PRC", 2024; "SAC Vice-Chair Deputy PM Vice-Senior General Soe Win", 2024.
[111] "Blue economy development", 2024.

နယ်စပ်ဒေသရှိ တောင်စောင်းများတွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုကို လျှော့ချကာ အခြားသော လယ်ယာစိုက်ပျိုးမှုပုံစံများကို အကောင်အထည်ဖော်ပြီး ခါတ်မြေဩဇာ ထုတ်လုပ်ခြင်းဖြင့် ဤအစီအစဉ်တွင် ပါဝင်ကူညီမည်ဟု ကတိပြုသည်။ ၎င်း၏မိန့်ခွန်းမှ လုံးဝချန်လှပ်ထားခဲ့သည်မှာ နစကသည် မြန်မာနိုင်ငံ နယ်စပ်ဒေသများကို ထိန်းချုပ်နိုင်မှု လုံးဝနီးပါးမရှိသည့်အချက်ဖြစ်သည်။ ဤတွေ့ဆုံမှုတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အတွက် ပိုမိုအရေးကြီးသည့်အချက်မှာ မြန်မာနိုင်ငံအား နစကအုပ်ချုပ်နေမှုကို နိုင်ငံရေးအရ စုစည်းရန် ‘စိမ်းလန်းစိုပြေရေး’ကို အသုံးပြု၍ အိမ်နီးချင်း နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံရရန်ဖြစ်သည်။[112]

ပုံ (၁၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ထိုင်းဝန်ကြီးချုပ်ဟောင်း ပရာယွတ်ချန်အိုချာ (Prayut Chan-o-cha) နှင့် လာအိုဝန်ကြီးချုပ် ဆိုနက်ဆိုင်းစစ်ဖန်ဒုန် (Sonexay Siphandone) တို့ နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုဆိုင်ရာ အွန်လိုင်းသုံးဖွဲ့ညှိနှိုင်း အစည်းအဝေး ကျင်းပနေပုံ။[113]

[112] "Myanmar, Thailand and Laos hold tripartite coordination", 2023.
[113] "Myanmar, Thailand and Laos hold tripartite coordination", 2023.

နစကာ၏ သတင်းမီဒီယာဆောင်းပါးများသည် စိမ်းလန်းစိုပြေရေးအစီအစဉ်ကို အမြဲအာရုံစိုက်လေ့မရှိသော ရုရှားနှင့် တရုတ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သည့် စွမ်းအင်ကြိုးပမ်းမှုများတွင် ပါဝင်နေသော နစကကိုလည်း ဖော်ပြလေ့ရှိသည်။[114] ဥပမာအားဖြင့် နစက၏ စွမ်းအင်ဝန်ကြီးဌာနသည် ကာဇက်စတန်ရှိ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ပထမဆုံး စွမ်းအင်ဖိုရမ်သို့ တရုတ်နှင့် ရုရှားနိုင်ငံတို့နှင့်အတူ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု ပြုစုပျိုးထောင်ရေးတို့ကို အဓိကထားတက်ရောက်ခဲ့သည်။[115] ထို့အပြင် နစက၏ စွမ်းအင်ဝန်ကြီးသည် မြန်မာ-ရုရှား-တရုတ် ပူးပေါင်းဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် လျှပ်စစ်စွမ်းအင်အတွက် ရေနံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ရုရှားနိုင်ငံ၊ မော်စကို၌ ကျင်းပခဲ့သော ရုရှားစွမ်းအင်သီတင်းပတ် နိုင်ငံတကာဖိုရမ်သို့ တက်ရောက်ခဲ့သည်။ ဤအစည်းအဝေးတွင် ပြန်လည်အသုံးပြုနိုင်သော စွမ်းအင်ကို အာရုံစိုက်ခဲ့ခြင်း မရှိပေ။[116] နစက၏ သတင်းစာများမှ ဆောင်းပါးအချို့တွင် တရုတ် သည် မြန်မာနိုင်ငံအတွင်း တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ‘စိမ်းလန်းစိုပြေရေး’ ခေါင်းစဉ်တပ်၍ဖော်ပြထားသည်။ ဥပမာအနေဖြင့် တရုတ်နိုင်ငံ၏ ပိုးလမ်းမစီမံကိန်း ပဏာမခြေလှမ်းကို စိမ်းလန်းစိုပြေရေး စီမံကိန်းတစ်ခုအဖြစ် ဖော်ပြကာ[117] မြန်မာနိုင်ငံအား တရုတ်နိုင်ငံမှ နေရောင်ခြည်စွမ်းအင်လှူဒါန်းပုံကို ဦးစားပေးဖော်ပြခြင်းများဖြစ်သည်။[118] ဆောင်းပါးတစ်ပုဒ်တွင် တရုတ်နိုင်ငံသည် စိမ်းလန်းစိုပြေရေးအစီအစဉ်ကို မည်ကဲ့သို့ ကတိကဝတ်ပြုထားပုံကိုလည်း ဖော်ပြထားသည်။[119] ဤနေရာတွင် နစကသည် ၎င်းတို့၏ တရားဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် တရုတ်နိုင်ငံဘက်သို့ ဦးတည်နေသည်ဟူသော ရှင်းလင်းသည့်အမြင်ကို တွေ့ရသည်။ နစကသည် ကုလသမဂ္ဂ၏

---

[114] ရုရှားနိုင်ငံသည် မြန်မာနိုင်ငံရှိ နစကထိန်းချုပ်သည့်မီဒီယာများကိုထောက်ခံသည်။ The Global New Light of Myanmar သည် ၂၀၂၃ ခုနှစ်တွင် ရုရှားသတင်းအချက်အလက် အေဂျင်စီ SPUTNIK နှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး “မြန်မာသတင်းသမားများအနေနှင့် သတင်းရေးခြင်း၊ တည်းဖြတ်ခြင်းနှင့် ဓာတ်ပုံရိုက်ကူးနည်းများကို လေ့လာခွင့်ရမည်... (ပြန်ကြားရေး) ဝန်ကြီးသည် ထိုစာချုပ်ချုပ်ဆိုသူများ အောင်မြင်ကြပါစေဟုဆုတောင်းခဲ့ပြီး၊ ထိုအောင်မြင်မှုများသည် နိုင်ငံနှစ်နိုင်ငံသားများအကြား နားလည် မှုတိုးတက်စေခြင်း၊ သတင်းအချက်အလက် အပြန်အလှန်အမြန်ဆုံးလှုပ်ရှားစေခြင်း၊ ယဉ်ကျေးမှု၊ လူသား ချင်းစာနာမှု၊ အားကစား၊ စီးပွားရေးနှင့် နိုင်ငံရေးကဏ္ဍများအပါအဝင် သတင်းများဖြန့်ဝေခြင်းနှင့် မီဒီယာ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရည်ရွယ်ခြင်းဖြစ်သည်” ဟု သတင်းတွင် ဖော်ပြထားသည် (“The Global New Light”, 2023)။

[115] “Union Energy Minister attends SCO Energy Forum”, 2023.

[116] “Union Energy Minister engages in energy talks”, 2023.

[117] “Belt and Road Initiative: A Road of Green Development”, 2023.

[118] “China’s YNPAFFC donates”, 2023.

[119] “Chinese Modernization: Harmony”, 2023.

ရည်ရွယ်ချက်အစီအစဉ်များအပေါ် ၎င်းတို့၏ ကတိကဝတ်များကို ဖော်ပြရန် ကြိုးပမ်းနေသော်လည်း ရာသီဥတုပြောင်းလဲလာမှုတိုက်ဖျက်ရေး ကုလသမဂ္ဂညီလာခံ ထိပ်သီးအစည်းအဝေးများမှ ဖယ်ထုတ်ခံထားရပြီး ကမ္ဘာ့အနောက် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခြင်းလည်း မရှိပေ။

စိမ်းလန်းစိုပြေရေး အယောင်ပြဆောင်ရွက်ခြင်းရှုထောင့် နေ့စဉ်အတွေ့အကြုံများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ဝေဖန်ချက်

နစကမီဒီယာ၏ လှပသော သဘာဝဘေးမဲ့တောများ၏ပုံများနှင့် နစကမှ အမျိုးသားဥယျာဉ်များကို မည်သို့ထိန်းသိမ်းပြီး သစ်ပင်ပန်းမန်များကို မည်သို့ စိုက်ပျိုးကြောင်း ဖော်ပြထားသည်များမှာ သာမန်လူထု၏ နေ့စဉ်လှုပ်ရှားရုန်းကန်နေရမှုများနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ၂၀၂၁ အာဏာသိမ်းမှုမှစတင်ကာ သစ်ခိုးထုတ်ခြင်းနှင့် သတ္တုတူးဖော်ခြင်းကြောင့် မြင့်တက်လာသော သစ်တောပြုန်းတီးမှုကို အရပ်ဘက်အဖွဲ့များ၊ သုသေသနပညာရှင်များနှင့် လွတ်လပ်သောမီဒီယာများမှ ဖော်ပြထားသည့်အစီရင်ခံစာများနှင့်လည်း ဆန့်ကျင်ဘက်ဖြစ်သည်။ နစက ထိန်းချုပ်သော The Global New Light of Myanmar *နှင့်* ကြေးမုံတို့မှ ဆောင်းပါးများကို လေ့လာထားသော ကျွန်ုပ်၏ စစ်တမ်းတွင် သတ္တုတူးဖော်ခြင်း၊ ရွှေကျင်ခြင်း၊ သို့မဟုတ် တရားမဝင်သစ်ထုတ်ယူမှုအကြောင်းပြောထားသည့် ဆောင်းပါးတစ်ပုဒ်ကိုသာ တွေ့ခဲ့ရပြီး ထိုဆောင်းပါးထဲတွင်လည်း စစ်တပ်မှ ထိုလှုပ်ရှားမှုများထဲတွင် မည်ကဲ့သို့ ပါဝင်ပတ်သက်နေသည်ကို မဖော်ပြဘဲ ချန်လှပ်ထားခဲ့သည်။[120]

မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနေတိုင်းရင်းသားများ မဟာမိတ်အဖွဲ့ (ABIPA) ၏ သုတေသနပြု ချက်တွင် နစကသည် ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်း သစ်တောပြုန်းတီးမှုကို ဦးတည်စေ သည့် သတ္တုတူးဖော်ခြင်း၊ ရေကာတာစီမံကိန်းများနှင့် စားအုန်းဆီစိုက်ပျိုးခြင်းများအတွက် လိုင်စင်များ မည်သို့ထုတ်ပေးသည်ကို ဖော်ပြထားသည်။ နစကထိန်းချုပ်သော မီဒီယာမှ တည် ငြိမ်မှုနှင့် ပုံမှန်ဖြစ်တည်နေသော ပုံရိပ်နှင့် ဆန့်ကျင်ဘက်ဖြစ်နေကာ မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနေတိုင်းရင်းသားများမဟာမိတ်အဖွဲ့၏ အစီအရင်ခံစာမှ ထပ်လောင်းငြင်းဆိုထားသည်မှာ —

NUG-MoNREC. (2021d, July 23). *Announcement for International Cooperation in the Fields of Natural Resources and Environment.* https://monrec.nugmyanmar.org/announcement-13-2021/

NUG-MoNREC. (2021e, November 3). *6 Month Progress Report of Ministry of Natural Resources and Environmental Conservation.* https://monrec.nugmyanmar.org/6-month-progress-report/

NUG-MoNREC. (2022a, August 17). *Interim Resources Management Framework (Forestry and Biodiversity Sector).* https://monrec.nugmyanmar.org/interim-resources-management-framework-forestry-and-biodiversity-sector/

NUG-MoNREC. (2022b, October 31). *Monitoring Deforestation Alerts During the Coup in Myanmar" (A Case in Sagaing Region) (Reconnaissance research report).* https://monrec.nugmyanmar.org/monitoring-deforestation-alerts-during-the-coup-in-myanmar-a-case-in-sagaing-region-reconnaissance-research-report/

NUG-MoNREC. (2022c, November 7). *Statement regarding to 27th Conference of Parties to the United Nations Framework Convention on Climate Change* [Press release]. https://monrec.nugmyanmar.org/announcement-9-2022/

NUG-MoNREC. (2023a). *MONREC News, 2*(5). https://assets-monrec.nugmyanmar.org/images/2023/07/MONREC_MonthlyJournal_2.5.pdf

NUG-MoNREC. (2023b, December 9). *Message sent by the Hon. H.E. Duwa Lashi La, Acting President of the National Unity Government of the Republic of the Union of Myanmar for the World Climate Action Summit and High-Level Segment of the 28th Conference of the Parties to the United Nations Framework Convention on Climate Change (UNFCCC).* https://monrec.nugmyanmar.org/message-sent-by-the-hon-h-e-duwa-lashi-la-acting-president-of-the-national-unity-government-of-the-republic-of-the-union-of-myanmar-for-the-world-climate-action-summit-and-high-level-segment-of-the/

NUG-MoNREC. (2023c). *MONREC News, 2*(7). https://assets-monrec.nugmyanmar.org/images/2023/09/MONREC_MonthlyJournal_2.7.pdf

NUG-MoNREC. (2023d). *MONREC News, 2*(8).

NUG-MoNREC. (2023e). *MONREC News, 2*(9).

NUG-MoNREC. (2023f). *MONREC News, 2*(10).

Nyana, K., Aung, A., Phan, J., & Thel Mon. (2024). Collectivism and Everyday Resistance in Anyar. In C. Jaquet (Ed.), *Defiance, civil resistance and experiences of violence under military rule in Myanmar* (pp. 203–247). Institut de recherche sur l'Asie du Sud-Est contemporaine.

Obi, C. I. (2010). Oil Extraction, Dispossession, Resistance, and Conflict in Nigeria's Oil-Rich Niger Delta. *Canadian Journal of Development Studies*, *30*(1-2), 219-236. https://doi.org/10.1080/02255189.2010.9669289

Q&A: Karenni leader Khun Bedu is 'determined to restore the people's government'. (2023, September 7). *Frontier Myanmar.* https://www.frontiermyanmar.net/en/qa-karenni-leader-khun-bedu-is-determined-to-restore-the-peoples-government/

Ranjbar, A. M. (2023). The greening of human rights in Iran: Lake Orumiyeh, human rights, and environmental justice. *Environment and Planning E: Nature and Space*, *6*(2), 1214–1228. https://doi.org/10.1177/25148486221108176

South, A. (2023). *Conflict, Complexity and Climate Change: Emergent Federal Systems and Resilience in Post-Coup Myanmar*. Regional Center for Social Science and Sustainable Development. https://rcsd.soc.cmu.ac.th/wp-content/uploads/2024/03/South-conflict-complexity-climate-full-2.pdf

Ulloa, A. (2017). Perspectives of Environmental Justice from Indigenous Peoples of Latin America: A Relational Indigenous Environmental Justice. *Environmental Justice*, *10*(6), 175-180. https://doi.org/10.1089/env.2017.0017

Wah, E. (2022, May 23). Losing the freedom to protect: The shattered dreams of environment defenders. *Frontier Myanmar.* https://www.frontiermyanmar.net/en/losing-the-freedom-to-protect-the-shattered-dreams-of-environment-defenders/

Watts, M. (2004). Resource curse? Governmentality, oil and power in the Niger Delta, Nigeria. *Geopolitics*, *9*(1), 50-80. https://www.tandfonline.com/doi/abs/10.1080/14650040412331307832

နိုဝင်ဘာ ၂၈ ရက် ထိပ်တန်းသတင်းများ - စစ်အာဏာသိမ်းထားတဲ့ မြန်မာမှာ ရာသီဥတုအန္တရာယ်ပိုဆိုးလာတယ်လို့ ကုလပြော၊ (၂၀၂၃၊ ၂၈ နိုဝင်ဘာ)၊ *BBC News မြန်မာ*။ https://www.bbc.com/burmese/articles/cmjp1k3nldvo

နန်းမေသူအောင်၊ (၂၀၂၃၊ ဩဂုတ် ၁)၊ "သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတင်းလွှာ, အတွဲ ၂၊ အမှတ် ၈ -

ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှု-မြန်မာနိုင်ငံသည်ထာဝရဓားစာခံဖြစ်၊ စာမျက်နှာ ၉-၁၂၊ ၂၀၂၃ အောက်တိုဘာ ၁။ https://assets-monrec.nugmyanmar.org/images/2023/10/MONREC_MonthlyJournal_2.8.pdf

နန်းမေသူအောင်၊ (၂၀၂၃၊ ဩဂုတ် ၁)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတင်းလွှာ, အတွဲ ၂၊ အမှတ် ၉ - ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှု-မြန်မာနိုင်ငံသည်ထာဝရဓားစာခံဖြစ်၊ စာမျက်နှာ ၇-၁၀၊ ၂၀၂၃ အောက်တိုဘာ ၃၁။ https://assets-monrec.nugmyanmar.org/images/2023/10/MONREC_MonthlyJournal_2.9.pdf

နန်းမေသူအောင်၊ (၂၀၂၃၊ ဩဂုတ် ၁)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတင်းလွှာ, အတွဲ ၂၊ အမှတ် ၁၀ - ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှု-မြန်မာနိုင်ငံသည်ထာဝရဓားစာခံဖြစ်၊ စာမျက်နှာ ၉-၁၃၊ ၂၀၂၃ နိုဝင်ဘာ ၃၀။ https://assets-monrec.nugmyanmar.org/images/2023/11/MONREC_MonthlyJournal_2.10.pdf

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ (၂၀၂၂၊ နိုင်ဝင်ဘာ)၊ စစ်အုပ်ချုပ်ရေးကာလများအတွင်း မြန်မာ့သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးမှုအား ဆန်းစစ် လေ့လာခြင်း (သတ္တုနှင့် ကျောက်မျက်ကဏ္ဍ)။ https://monrec.nugmyanmar.org/စစ်အုပ်ချုပ်ရေးကာလများ/

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ (၂၀၂၂၊ နိုင်ဝင်ဘာ)၊ စစ်အုပ်ချုပ်ရေးကာလများအတွင်း မြန်မာ့သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးမှုအား ဆန်းစစ် လေ့လာခြင်း (သတ္တုနှင့် ကျောက်မျက်ကဏ္ဍ)။ https://assets-monrec.nugmyanmar.org/images/2022/11/Status-of-Natural-Resources-Depletion-during-military-regime_mining-and-gems.pdf

ရာသီဥတုပြောင်းလဲခြင်း နိုင်ငံရေးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံတော်သရုပ်ကိုဆောင်ခြင်းနှင့် စစ်တပ်အားဆန့်ကျင်ခြင်း

စိမ့်စမ်းအေး

အကျဉ်းချုပ်

ဤဆောင်းပါးသည် စင်ပြိုင်အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (NUG-MoNREC) ၏ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆွေးနွေးချက်များနှင့် လှုပ်ရှားမှုများကို ခွဲခြမ်းစိတ်ဖြာထားပါသည်။ လက်ရှိဖြစ်ပွားနေသော စစ်အုပ်ချုပ်မှုကို ဆန့်ကျင်တော်လှန်ရေးသည့်ကာလ ၂၀၂၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် လှုပ်ရှားမှုအတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံပုံနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် နိုင်ငံရေးအနာဂတ်ကို သက်ရောက်မှုရှိရုံသာမက နိုင်ငံရေးအရ သဘောထားအမြင်ကွဲလွဲခြင်းနှင့် အကွဲအပြဲကာလအတွင်း စင်ပြိုင်အစိုးရတစ်ရပ်အနေဖြင့် အာဏာရရှိရေးနှင့် အစိုးရတစ်ရပ်အနေဖြင့် အသိအမှတ်ပြုမှု ရရှိရန်အတွက် ရာသီဥတုပြောင်းလဲမှုကို နိုင်ငံရေးအနေဖြင့် မည်သို့အသုံးချသည်ကို လေ့လာနိုင်သည့် ဥပမာတစ်ခုလည်း ဖြစ်ပါသည်။ မိမိ၏ ခွဲခြမ်းစိတ်ဖြာမှုသည် ဒစ်ဂျစ်တယ်လူမှုဘဝအလေ့အထသရုပ်ခွဲလေ့လာမှု သုတေသနနည်းနာ (digital ethnography) အပေါ်အခြေခံထားပြီး ၂၀၂၁ ဖေဖော်ဝါရီလမှ ၂၀၂၄ ဇွန်လအထိ စုဆောင်းထားသော အချက်အလက်များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးနှင့် တွေ့ဆုံမေးမြန်းချက်များကို အခြေခံထားပါသည်။ ဝန်ကြီးဌာနသည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပြီး ၎င်း၏ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစဉ်များသည် အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံတော်သရုပ်ကိုဆောင်ရန်အားထုတ်ခြင်းနှင့် အစိုးရပ်တစ်ရပ်အနေဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာတွင် တရားဝင်မှုရရှိစေရေးအတွက် မည်မျှအထောက်အကူဖြစ်စေသည်ကိုမူ ရှင်းလင်းစွာမသိရပါ။

နိဒါန်း

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းမှုအပြီးတွင် မြန်မာနိုင်ငံအဝန်းတွင် ခုခံဆန္ဒပြမှုများ လျင်မြန်စွာ ပေါ်ပေါက်လာခဲ့သည်။ လမ်းပေါ်ထွက်ဆန္ဒပြမှုများ၊ သပိတ်ကော်မတီ

များနှင့် အကြမ်းမဖက်အာဏာဖီဆန်ခြင်းလှုပ်ရှားမှုအပါအဝင် ပြည်သူ့လှုပ်ရှားမှုများသည် အရှိန်အဟုန်ရလာခဲ့ပြီး ပြည်သူများသည် စစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ဆန့်ကျင်သည့် သဘောထားများကို ထုတ်ဖော်ပြသခဲ့ကြသည်။ စစ်သားများနှင့် ရဲများသည် ဤလှုပ်ရှားမှုများတွင် ပါဝင်သူများကို ခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ပစ်ခတ်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ဤဖြစ်ရပ်များကို တုံ့ပြန်သည့်အနေဖြင့် ကျယ်ပြန့်သည့် ခုခံတော်လှန်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၁ ဧပြီလ (၁၆) ရက်နေ့တွင် ၂၀၂၀ ရွေးကောက်ပွဲများတွင် ရွေးချယ်ခံခဲ့ရသော လွှတ်တော်ကိုယ်စားလှယ် (၁၇) ဦး၊ အနိုင်ရပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ (၁၄) ဦးတို့ပါဝင်သော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) သည် ကြားကာလအစိုးရအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရကို ထူထောင်ခဲ့သည်။

အမျိုးသားညီညွတ်ရေးအစိုးရသည် မြန်မာနိုင်ငံရှိ ပြည်သူများ၊ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ (ERO)၊ အခြားနိုင်ငံများ၏ အစိုးရများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများထံမှ မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုမှုရရှိရန် ကြိုးပမ်းခဲ့သည်။ ၎င်းသည် ၂၀၁၆-၂၀၂၁ ကာလအတွင်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရထက်ပင် “မတူကွဲပြားသော တိုင်းရင်းသားများနှင့် အခြားသော အကျိုးစီးပွားများကို ပိုမိုထည့်သွင်းစဉ်းစားခဲ့သည်။ ၎င်းသည် မြန်မာနိုင်ငံရှိ လူထုအားလုံးဖြစ်သည့် မည်သည့်လူမျိုးနှင့် ကိုးကွယ်ရာဘာသာပေါ် မဆို ဆယ်စုနှစ်များစွာ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှုကို ဖြေရှင်းရန် ကြိုးပမ်းသည့် ဖက်ဒရယ်ပြည်ထောင်စုတစ်ခုအဖြစ် ဖန်တီးရန် အခြေခံအုတ်မြစ်ကို ချမှတ်သည့် အဓိက အဖွဲ့အစည်းတစ်ခု” အဖြစ် ပုံဖော်တင်ပြခဲ့သည်။[1] အမျိုးသားညီညွတ်ရေးအစိုးရအား ဝန်ကြီးဌာန (၁၇) ခုဖြင့် ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၊ အကြမ်းမဖက်အာဏာဖီဆန်ခြင်းလှုပ်ရှားမှုတွင် ပါဝင်သူများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSO) မှ ပြည်သူများပါဝင်သော အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့နှင့်အတူ ပြည်ထောင်စုဒီမိုကရေစီပဋိညာဉ်အသစ်ကို ရေးဆွဲရာတွင် ပါဝင်ခဲ့သည်။[2]

၂၀၂၁ မေလမှစတင်၍ အမျိုးသားညီညွတ်ရေးအစိုးရသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF)၊ စစ်တပ်ကို ဆန့်ကျင်သော ဒေသခံလက်နက်ကိုင်အဖွဲ့များ ဖွဲ့စည်းခြင်းကို ထောက်ခံခဲ့ပြီး ၂၀၂၁ သြဂုတ်လတွင် နိုင်ငံတစ်ဝန်း လက်နက်ကိုင်တိုက်ပွဲများကို ကြေညာခဲ့သည်။ ဤတိုက်ပွဲများကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ (LDF) နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများမှ အမျိုးမျိုးသော ပူးပေါင်းဆောင်ရွက်

[1] Moe Thuzar & Htet Myet Min Tun, 2022, p. 3.
[2] Moe Thuzar & Htet Myet Min Tun, 2022.

မှု အဆင့်များဖြင့် ဆောင်ရွက်ခဲ့ကြသည်။[3] မြန်မာနိုင်ငံရှိဒေသများတွင် ဤခုခံတော်လှန်ရေး တပ်ဖွဲ့များသည် မြန်မာ စစ်တပ်ကို ခုခံခြင်း (သို့မဟုတ်) ဆုတ်ခွာစေခြင်းဖြင့် 'လွတ်မြောက်ရာ' ဒေသအသစ်များ ဖန်တီးခဲ့ပြီး တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများမှ ကြာရှည်စွာ တိုက်ပွဲဝင်ခဲ့ပြီး ထိန်းချုပ်ထားသော လွတ်မြောက်ဒေသများစွာနှင့် ပူးတွဲဆောင်ရွက်ခဲ့ရာ ခုခံ တော်လှန်ရေးအဖွဲ့များသည် ထိုနယ်မြေများအတွင်း အုပ်ချုပ်ရေးတာဝန်များစွာကို ယူဆောင် နိုင်ခဲ့ကြသည်။[4] အမျိုးသားညီညွတ်ရေးအစိုးရသည် အမှန်တကယ် အမျိုးသားအစိုးရတစ်ရပ် အဖြစ် တရားဝင်မှုရရှိရန် ကြိုးပမ်းနေစဉ် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများတွင် ၎င်းသည် အများဆုံး ထိန်းချုပ်မှုနှင့် သြဇာအာဏာကို ကျင့်သုံးလာနိုင်သည်။[5] အခြား လွတ်မြောက်ဒေသ များတွင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒေသခံကာကွယ်ရေး တပ်ဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပြည်နယ်အဆင့် အတိုင်ပင်ခံအဖွဲ့များက အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ခဲ့ကြသည်။[6]

၂၀၂၁ စစ်အာဏာသိမ်းမှုအပြီး ပေါ်ပေါက်လာသော ခုခံတော်လှန်ရေးအဖွဲ့များ၏ အဓိက စိုးရိမ်မှုများမှာ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ခြင်း၊ နယ်မြေအုပ်ချုပ်ခြင်းနှင့် အနာဂတ် အတွက် နိုင်ငံရေးအမြင်တစ်ခုကို တည်ဆောက်ခြင်းတို့ ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် ဤအဖွဲ့အစည်းအချို့၏ အာဏာခိုင်မာစေရန် ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်အတွက် စိုးရိမ်မှုနှင့် ပြင်းထန်သော အပူလှိုင်းများ၊ ရေကြီးမှုများ၊ မုန်တိုင်းများနှင့် မိုးခေါင်ရေရှားမှုကဲ့သို့သော ရာသီဥတုပြောင်းလဲမှု၏ ကြမ်းတမ်းသော အကျိုးဆက်များကို လျော့ပါးစေရန်နှင့် သယံဇာတ စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် မေးခွန်းများသည် ဤစိုးရိမ်ပူပန်မှုများ၏ အဓိကအချက်ဖြစ် သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြိုးပမ်းမှုများတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် ၎င်းတို့အဖွဲ့၏ အမြင့်ဆုံး ဦးစားပေးမှု မဟုတ်သော် လည်း စစ်အစိုးရကို ဆန့်ကျင်သော တော်လှန်ရေးနိုင်ငံရေးတွင် ထိုကြိုးပမ်းမှုများသည် မည်ကဲ့သို့ အရေးပါလာသည်ကို မီးမောင်းထိုးပြနေပါသည်။

ဤဆောင်းပါးတွင် မိမိသည် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများကို ကိုင်တွယ်လုပ်ဆောင်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ဝန်ကြီးဌာန

---

[3] ဒေသခံကာကွယ်ရေးတပ်ဖွဲ့များသည် (LPDF) သက်ဆိုင်ရာနယ်ရှိ တော်လှန်ရေးအဖွဲ့များဖြစ်ကြပြီး တစ်ခါတစ်ရံ အခြားသော သီးခြားလွတ်လပ်သည့် လက်နက်ကိုင်တပ်များနှင့် ပူးပေါင်းလုပ်ဆောင်ပြီး ပြည်သူ့ကာကွယ်ရေးတပ် (PDF) အများစုမှာ ယခုအခါ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်တွင် ရှိနေသည် (Nyana et al., 2024, p. 224)။

[4] Jacquet, 2024, p. 17.

[5] Nyana et al., 2024, pp. 203, 225.

[6] Jolliffe, 2023.

ဖြစ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆွေးနွေးချက်များနှင့် လှုပ်ရှားမှုများကို ခွဲခြမ်းစိတ်ဖြာထားပါသည်။ မိမိသည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းကဏ္ဍများအပါအဝင် တော်လှန်ရေးလှုပ်ရှားမှုရှိ အခြားအဖွဲ့များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့သည် မည်သို့မည်ပုံ ဆက်ဆံသည်နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းရန် မည်သို့ကြိုးပမ်းသည်ကို လေ့လာထားပါသည်။ ဤသို့လေ့လာရခြင်းမှာ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအောက်ရှိ ၎င်းနှင့်ညီမျှသော အမည်တူ ဝန်ကြီးဌာနဖြစ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MoNREC) ထက် ကွဲပြားပြီး ပိုမိုတရားဝင်သည့် ဝန်ကြီးဌာနအဖြစ် နေရာယူ လေ့လာထားခြင်းကြောင့် ဖြစ်သည်။[7] မိမိ၏ ခွဲခြမ်းစိတ်ဖြာမှုသည် ဒစ်ဂျစ်တယ်နည်းဖြင့် လူမှုသဘာဝအလေ့အထလေ့လာမှု သုတေသနအပေါ် အခြေခံထားပြီး အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အစီရင်ခံစာများ၊ အွန်လိုင်းတွေ့ဆုံဆွေးနွေးပွဲများ၊ လူမှုမီဒီယာပေါ်မှပို့စ်များနှင့် ၎င်း၏ ဖေ့စ်ဘုတ်နှင့် ဝဘ်ဆိုဒ်စာမျက်နှာများတွင် မျှဝေထားသော သတင်းများမှရရှိသော အချက်အလက်များကို အခြေခံထားပါသည်။ အချက်အလက်များကို ၂၀၂၂ ဖေဖော်ဝါရီလမှ ၂၀၂၄ ဇွန်လအထိ စုဆောင်းခဲ့ပါသည်။ မိမိသည် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာအတွက် နည်းပညာအကြံပေးတစ်ဦးအနေဖြင့် ဆောင်ရွက်သည့် ဝန်ထမ်းတစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှု နှစ်ကြိမ်ပြုလုပ်ကာ သတင်းအချက်အလက်ကောက်ယူစုဆောင်းမှုကို ဖြည့်စွက်ထားပါသည်။

အာဏာပိုင်အဖွဲ့အစည်းဖွဲ့စည်းမှုပုံစံများ အသစ်ဖြစ်ထွန်းပြောင်းလဲခြင်းနှင့် အာဏာပိုင်စိုးမှုရရှိရန်အတွက် ယှဉ်ပြိုင်မှုကို မီးမောင်းထိုးပြသည့် Lund ၏ "နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲသီအိုရီ" ကို အသုံးချ၍[8] အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစဉ်များသည် အတိုင်းအတာတစ်ခုအထိ အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံတော်သရုပ်ကို ဆောင်ယူသည့် ကြိုးပမ်းမှုနှင့် ၎င်းအားပြည်တွင်းနှင့် နိုင်ငံတကာမှ တရားဝင်မှုပေးရန် ကြိုးပမ်းမှုများဖြစ်သည်ဟု ယခုဆောင်းပါးက သုံးသပ်ဖွင့်ဆိုပါသည်။ ဤကိစ္စသည် လွန်စွာပင် တည်ငြိမ်မှုမရှိပဲ ယှဉ်ပြိုင်မှု ပြင်းထန်သော ပတ်ဝန်းကျင်တွင် ပေါ်ပေါက်ဖြစ်ပွားပါသည်။ တစ်ဖက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

---

[7] နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပေါ် လေ့လာသုံးသပ်မှုအား ဤစာစောင်တွင် ပါဝင်သည့် နွေကဲ့ကော်၏ ဆောင်းပါးတွင်ဖတ်ရှုနိုင်ပါသည်။

[8] Lund, 2016.

ရေးဝန်ကြီးဌာနသည် စစ်တပ်အား သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ပိုမိုဆိုးရွားလာစေရန် ပြုလုပ်ခြင်းအတွက် အပြစ်တင်ခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆန့်ကျင်သည့်အနေဖြင့် ၎င်း၏ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ကို သတ်မှတ်ပါသည်။ အခြားတစ်ဖက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မူဝါဒများ ရေးဆွဲပြီး ၎င်း၏ အွန်လိုင်းလှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းတွင် လုပ်ဆောင်နိုင်ရန် ပစ်မှတ်ထားသော်လည်း ၎င်းအနေဖြင့် အမည်ခံ ထိန်းချုပ်ထားသော ဒေသများတွင်သာ လှုပ်ရှားမှုများကို အကောင်အထည်ဖော်နိုင်ပါသည်။ အချို့တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိသော်လည်း အမျိုးသားညီညွတ်ရေးအစိုးရသည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ ထိန်းချုပ်သောဒေသများတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများအပေါ် လွှမ်းမိုးနိုင်သည့် ဩဇာအာဏာနည်းပါးပါသည်။ ဤကိစ္စသည် နိုင်ငံရေးအရ အကွဲအပြဲကာလများအတွင်း အာဏာပိုင်အဖွဲ့အစည်းများ စုံလင်စွာတည်ရှိခြင်းကို ထင်ဟပ်စေသော်လည်း မြန်မာနိုင်ငံရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအပေါ် ပူးပေါင်းဆောင်ရွက်မှုနှင့် ယှဉ်ပြိုင်မှုများ၏ မတူကွဲပြားသော အလွှာများကိုလည်း ရည်ညွှန်းပါသည်။

ဤဆောင်းပါးသည် နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲဆိုင်ရာ သဘောတရားနှင့် ရာသီဥတုပြောင်းလဲမှု နိုင်ငံရေးကို သီအိုရီအရ အသုံးချခြင်းကို အကျဉ်းချုပ် ခြုံငုံသုံးသပ်ချက်ဖြင့် စတင်ပါသည်။ ထို့နောက် အမျိုးသားညီညွတ်ရေးအစိုးရသည် ၎င်း၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ တာဝန်ယူမှုရှိစွာ လုပ်ကိုင်သော နိုင်ငံတော်အဖွဲ့အစည်းတစ်ခုအဖြစ် မိမိကိုယ်ကို မည်ကဲ့သို့ သတ်မှတ်ထားသည်ကို လေ့လာပါမည်။ ထိုသို့လေ့လာရာတွင် အွန်လိုင်းဆွေးနွေးချက်များအရနှင့် မြေပြင်လှုပ်ရှားမှုများကိုပါ ထည့်သွင်းလေ့လာပါမည်။ နောက်ဆုံးအနေဖြင့် မိမိသည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့နှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ဆက်ဆံရေးကို ဆွေးနွေးပါမည်။

နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲနှင့် ရာသီဥတုပြောင်းလဲမှု နိုင်ငံရေး

မိမိသည် Lund ၏ နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲဆိုင်ရာသဘောတရား[9] နှင့် Kyed နှင့် Chambers တို့မှ "ရာသီဥတုပြောင်းလဲမှု နိုင်ငံရေး" ဟု ဖွင့်ဆိုသည့် အကြောင်းအရာ နှစ်ရပ်ကို ပေါင်းစပ်ကာ မြန်မာ့လက်ရှိနိုင်ငံရေး၏ အာဏာရှင်စနစ်ကို ဆန့်ကျင်သော ခုခံတော်လှန်မှုပုံစံ

[9] Lund, 2016.

ကိုလည်းကောင်း၊ [10] အတိုက်အခံအစိုးရ၏ နိုင်ငံတော်တစ်ရပ်၏ သရုပ်သကန်ဆောင်ယူမှုကို လည်းကောင်း သုံးသပ်လေ့လာထားပါသည်။ Lund က နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲ များကို အခွင့်အလမ်းနှင့် အန္တရာယ်နှစ်ရပ်စလုံးရော၍ အခြေအနေဖန်တီးလာသည့် "မရေရာ သောအခိုက်အတန့်ကာလများ" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်း အလဲကာလများသည် အာဏာရရှိရေးအပေါ် ယှဉ်ပြိုင်မှုများကို မြင့်တက်စေပြီး နိုင်ငံရေးရပ် ဝန်းများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံရေးအစဉ်အလာ တည်ရှိမှုပုံစံများကို သွင်သွင်ကြီးပြောင်းလဲ သွားစေကာ၊ သက်ဆိုးရှည်ခဲ့သော လူမှုပဋိညာဉ်များ၏ အပြောင်းအလဲများလည်း ပေါ်ပေါက် လာစေနိုင်သည်။[11] နိုင်ငံရေးတစ်ဆစ်ချိုး အပြောင်းအလဲများသည် အာဏာပိုင်မှုဆိုသည့် တရားသေတွက်ကိန်းချယူဆ၍မရသော၊ အစဉ်အမြဲ ဖက်ပြိုင်ခြင်းဖြင့် တည်ဆောက်နေသော အချင်းအရာဖြစ်ကြောင်းကို မြင်တွေ့ခွင့်ရနိုင်သည့် အခွင့်ကောင်းဖြစ်ကြောင်း ပညာရှင် Lund မှ အကြံပြုသည်။ နိုင်ငံရေးတစ်ဆစ်ချိုး အပြောင်းအလဲများသည် အပျက်သဘောဆောင်သော သို့မဟုတ် ပျက်စီးစေသော အကျိုးဆက်များကို ဖြစ်စေသော်လည်း ၎င်းသည် အမျိုးမျိုးသော နည်းလမ်းတို့ဖြင့် တိုးတက်မှုကို ဖြစ်စေနိုင်ပြီး အပြောင်းအလဲများကိုလည်း ဖြစ်စေနိုင်သည်။[12]

နိုင်ငံရေးတစ်ဆစ်ချိုးပြောင်းလဲမှုဆိုင်ရာ သီအိုရီအပေါ် နားလည်မှုကို အခြေခံ၍ မိမိအနေ ဖြင့် အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော မြန်မာနိုင်ငံရှိ ကြမ်းတမ်းသော နိုင်ငံရေး တစ် ဆစ်ချိုး အပြောင်းအလဲနှင့် ရုတ်တရက် နိုင်ငံရေးအပြောင်းအလဲများကို နားလည်ရန် ကြိုးစား ထားခြင်းဖြစ်သည်။ ဤနိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲကာလတွင် စစ်တပ်သည် ပြည်သူ များ၏ နေ့စဉ်ဘဝကို ဆိုးကျိုးသက်ရောက်စေသည့် ရက်စက်ကြမ်းကြုတ်မှုများနှင့် ခြိမ်း ခြောက်မှုများစွာကို ဆက်လက်ကျူးလွန်နေပါသည်။ စစ်တပ်သည် သယံဇာတများကိုလည်း အလွဲသုံးစားပြုကာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေလျက်ရှိပါသည်။ သို့သော် နိုင်ငံရေး တစ်ဆစ်ချိုးအပြောင်းအလဲသည်ပင်လျှင် စစ်အစိုးရကို ဆန့်ကျင်လျက် ၎င်းနှင့်အပြိုင် နိုင်ငံရေး တရားဝင်မှုကို ရယူရန်ကြိုးပမ်းနေသော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် အမျိုးသားညီညွတ်ရေးအစိုးရကဲ့သို့သော အဖွဲ့မျိုးစုံကို စုစည်းစေသည်။ ဤအဖွဲ့အစည်းများ သည် ပုံစံသစ်ဖြင့် အပြောင်းအလဲများကို စတင်ကျင့်သုံးရန်ကြိုးစားနေကြသော်လည်း ပါဝါနှင့် အာဏာအတွက် ပြင်းထန်သော၊ မကြာခဏဆိုသလို အကြမ်းဖက်မှုလည်းပါဝင်သော ယှဉ်ပြိုင် မှုများကိုလည်း ပြနေကြသည်။

---

[10] McCarthy, 2020, p. 2.

[11] Lund, 2016, p. 1203.

[12] Ahmann (2018)၊ Holbraad et al. (2019)၊ နှင့် Holloway et al. (2009) တို့၏ လုပ်ဆောင်ချက်များတွင်လည်း ကြည့်ရှုနိုင်ပါသည်။

နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲဆိုင်ရာလေ့လာမှုများတွင် ထိုကာလများအတွင်း ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် အာဏာရရှိရေးအတွက် ယှဉ်ပြိုင်မှု၊ မူဝါဒများနှင့် အဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းမှု၏ တစ်စိတ်တစ်ပိုင်းအနေနှင့် မည်သို့မည်ပုံ ဖြစ်လာနိုင်သည်ကို တိုက်ရိုက် လေ့လာဆွေးနွေးထားခြင်း မရှိသေးပါ။ ဤဆောင်းပါးသည် ၂၀၂၁ ဖေဖော်ဝါရီလမှစတင်၍ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လှုပ်ရှားမှုများကို အာရုံစိုက်ခြင်းဖြင့် နိုင်ငံရေးအရအကွဲအပြဲဖြစ်မှု အခြေအနေတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည် တော်လှန်ပုန်ကန်မှု နိုင်ငံရေးနှင့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ကျင့်ကြံဆောင်ရွက်မှုပုံစံတစ်ခုအဖြစ် မည်ကဲ့သို့ တည်ရှိနိုင်သည်ကို ပြသခြင်းဖြင့် ဆွေးနွေးရန် ရည်ရွယ်ပါသည်။ McCarthy မှ ဆွေးနွေးငြင်းခုံထားသည့်အတိုင်း "သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများနှင့် နိုင်ငံရေးသည် နေရာဒေသများအပြားတွင် အာဏာရှင်နှင့် လူပြိန်းကြိုက်နိုင်ငံရေးကို ခုခံတော်လှန်ရန်အတွက် အရေးကြီးသည့် မျက်နှာစာနှင့် ၎င်းတို့အား အစားထိုးရန် တိုးတက်သောအမြင်ရှိသည့် အခြားရွေးချယ်စရာများ၏ အဓိက အရင်းအမြစ်များထဲမှ တစ်ခုအဖြစ်ဆက်လက်တည်ရှိနေပါသည်"။[13]

ယနေ့ခေတ်တွင် အာရှ၊ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံတို့ရှိ ဌာနေတိုင်းရင်းသားလူမှုလှုပ်ရှားမှုများသည် ဖိနှိပ်သည့် နိုင်ငံမူဝါဒများကို ခုခံတော်လှန်ရန်နှင့် ဆန္ဒပြရန်အတွက် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများကို ပလက်ဖောင်းများအဖြစ် ပိုမိုအသုံးချလာပုံနှင့် ပတ်သက်သည့် သုတေသနစာပေများ များပြားစွာပေါ်ထွက်လာနေသည်။ ဤလှုပ်ရှားမှုများသည် ပိုမိုကျယ်ပြန့်သော လူမှုနိုင်ငံရေးရုန်းကန်မှုများနှင့် မကြာခဏဆိုသလိုပင် လေ့လာမှုဆုံမှတ်များဖြစ်လာပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တောင်းဆိုလှုပ်ရှားမှုများကိုစနစ်အရ တရားမျှတမှုမရှိခြင်းများကို မီးမောင်းထိုးပြရန်နှင့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးနှင့် အုပ်ချုပ်ခွင့်တို့ကို တောင်းဆိုကာ လူမှုရေးနှင့် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်လာစေရန် တိုက်တွန်းရာတွင် အသုံးချလေ့ရှိပါသည်။[14] ကျေးရွာအခြေပြု လှုပ်ရှားမှုများနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းများသည် "သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှု" ကို အာဏာရှင်စနစ်များကို စိန်ခေါ်ရန် ပလက်ဖောင်းတစ်ခုအဖြစ် အသုံးချပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုအတွက် ဒီမိုကရေစီနှင့် ပြည်သူအများ အကျုံးဝင်ပါဝင်စေသော ချဉ်းကပ်မှုများကို ထောက်ခံကြသည့် ဥပမာများလည်း ရှိပါသည်။ ဥပမာအားဖြင့် သုတေသနများက နိုင်ဂျာမြစ်ဝှမ်း (Niger Delta) တွင် ရေနံထုတ်ယူမှုကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကို ဆန့်ကျင်သည့် ဆန္ဒပြမှုများကို စစ်အစိုးရ၏ နိုင်ငံရေးနှင့် သယံ

---

[13] McCarthy, 2020, p. 2.

[14] ဥပမာအားဖြင့် Ulloa, 2017၏ လက်ရာများကို လေ့လာကြည့်ရှုနိုင်ပါသည်။

ဇာတများ ထိန်းချုပ်မှုကို စိန်ခေါ်ရန် မည်သို့အသုံးပြုခဲ့သည်ကို ပြသခဲ့သည်။[15] ယနေ့ခေတ်တွင် ဤတော်လှန်ပုန်ကန်မှုနိုင်ငံရေးသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု ဘာသာစကားနှင့် စံနှုန်းများကို အသုံးချခြင်းနှင့် လူမှုမီဒီယာကို အသုံးပြုခြင်းဖြင့် တစ်စိတ်တစ်ပိုင်း လုပ်ဆောင်ခြင်းပါသည်။[16] ဥပမာအနေဖြင့် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံရှားရှိ ဌာနေဒေသခံများမှ ရေကာတာဆောက်လုပ်ခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းနှင့် သတ္တုတွင်းလုပ်ငန်းကဲ့သို့သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆန့်ကျင်သော လှုပ်ရှားမှုများကို အစောပိုင်းတွင် ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး ဖိနှိပ်သော အစိုးရများနှင့် ဒေသခံပြည်သူများ၏ အခွင့်အရေးများကို အလွဲသုံးစားပြုသည့် ကော်ပိုရိတ်လုပ်ငန်းကြီးများနှင့် အတိုက်အခံပြုခဲ့ကြသည်။ ယခုအခါ ၎င်းတို့သည် ဗဟိုအစိုးရကို ဝေဖန်ခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လူမှုရေးတရားမျှတမှုမရှိခြင်းနှင့် ဖယ်ကြဉ်ခံရမှုဆိုင်ရာ ကျယ်ပြန့်သော ကိစ္စရပ်များကို မြှင့်တင်ရန် နိုင်ငံတကာ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများနှင့် မူဝါဒများကို အသုံးချကြသည်။[17] Ranjbar ကလည်း အလားတူ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးတတ်သော ကိစ္စရပ်များကို ဖိနှိပ်သော နိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဝေဖန်ရန် အီရန်ရှိ ဆန္ဒပြလှုပ်ရှားမှုများမှ မည်သို့ မြှင့်တင်ခဲ့သည်ကို ပြသပါသည်။[18] ဤစာအုပ်တွင် နော်ထီးခူနှင့် ဟော့ဖ်မန်းတို့မှ ဆွေးနွေးထားသည့်အတိုင်း[19] သဘာဝပတ်ဝန်းကျင်လှုပ်ရှားမှုသည် မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်မှုကို ဆန့်ကျင်သည့် ခုခံတော်လှန်မှု၏ လက္ခဏာတစ်ခု ဖြစ်ခဲ့ပြီး ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အထူးသဖြင့် ထိုဖြစ်ရပ်ကို မြေယာနှင့် သယံဇာတများအပေါ် ထိန်းချုပ်မှုကို ကြာရှည်စွာ အငြင်း ပွားခဲ့ကြသည့် တိုင်းရင်းသား လူနည်းစုဒေသများတွင် တွေ့ရှိနိုင်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများကို ဆန့်ကျင်သည့် ဌာနေတိုင်းရင်းသား ဦးဆောင်သည့် လှုပ်ရှားမှုများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူထုလှုပ်ရှားမှုများအပေါ် အာရုံစိုက်မှု တိုးပွားလာနေသော်လည်း အာဏာရှင်စစ်အစိုးရများ သို့မဟုတ် စစ်အာဏာသိမ်းမှုများ၏ နောက်ဆက်တွဲအဖြစ် ထိုစစ်အာဏာသိမ်းမှုများအား ဆန့်ကျင်သော ယာယီအစိုးရများမှ ပါဝင်ဆောင်ရွက်သည့် အခန်းကဏ္ဍနှင့် ၎င်းတို့သည်လည်း သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ ကိစ္စရပ်များကို တော်လှန်ပုန်ကန်မှုနိုင်ငံရေးအဖြစ် မည်သို့ သိမ်းပိုက်ဆောင်ရွက်သည်ကို အာရုံစိုက်မှု နည်းပါးခဲ့ပါ သည်။ အဓိကအာရုံစိုက်မှုသည် နိုင်ငံတစ်ဝန်းရှိ နိုင်ငံကို ကိုယ်စားမပြုနိုင်သည့် နိုင်ငံတော်အစိုးရ မဟုတ်သော ကဏ္ဍများအပေါ်တွင်သာ ရှိနေခဲ့သည်။ ထို့အပြင် နိုင်ငံရေး တစ်ဆစ်ချိုးအပြောင်းအလဲဆိုင်ရာ လေ့လာမှုများတွင် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

[15] Obi, 2010; Watts, 2004.
[16] Lupien et al., 2024; Manaysay, 2020.
[17] Manaysay, 2020.
[18] Ranjabar, 2020.
[19] Naw Htee Ku & Hoffman, 2026 [this issue].

နိုင်ငံရေးသည် အတိုက်အခံအစိုးရ၏ လုပ်ဆောင်မှုတွင် မည်သည့် အခန်းကဏ္ဍမှပါဝင်နိုင်သည်ကို အာရုံစိုက်မှု အလွန်နည်းပါးပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာချက် မှတစ်ဆင့် ထိုကဲ့သို့သော ဒိုင်းနမစ်အရွေ့များကို ပိုမိုကောင်းမွန်စွာ နားလည်မှုပေးနိုင်ရန် မျှော်လင့်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် နိုင်ငံတကာအသိုင်းအဝိုင်းတွင် နိုင်ငံတစ်ခုအဖြစ် တရားဝင် အသိအမှတ်ပြုခြင်း မခံရသော်လည်း 'နိုင်ငံတစ်နိုင်ငံ' အနေဖြင့် မည်သို့ လုပ်ဆောင်နေသည်ကို ဆွေးနွေးတင်ပြထားသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဖြစ်ပေါ်လာပုံနှင့် ဖွံ့ဖြိုးတိုးတက်လာမှု

၂၀၂၁၊ ဧပြီလ (၁၆) ရက်နေ့တွင် ဝန်ကြီးဌာနအား ထူထောင်ခဲ့ပြီး ထိုအချိန်မှ စတင်၍ အမျိုးသား ညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကျယ်ပြန့်သော ခုခံတော်လှန်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ဖွံ့ဖြိုးလာစေရေး အစိတ်အပိုင်းတစ်ခုအနေဖြင့် သယံဇာတ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီ ဥတုပြောင်းလဲမှုနှင့် ဆက်စပ်သော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းလျက်ရှိပါသည်။ ၎င်း၏ ဝန်ကြီးနှင့် ဒုဝန်ကြီးများအားလုံးသည် တိုင်းရင်းသားလူမျိုးများဖြစ်ပြီး ၎င်းတို့၏ ကိုယ်ပိုင် တိုင်းရင်းသား လှုပ်ရှားမှုများနှင့် စစ်တပ်ကို ဆန့်ကျင်သည့် ကျယ်ပြန့်သော ခုခံတော်လှန်ရေး တွင် ခိုင်မာအရေးကြီးသည့် အခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသား ညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဝန်ကြီးမှာ ဒေါက်တာတူးခေါင်ဖြစ်ပြီး သူသည် ရုက္ခဗေဒဘာသာရပ်နှင့် ဘွဲ့ရခဲ့သူဖြစ်ပြီး ယခင်က သုတေသီနှင့် ခရစ်ယာန်ဘုန်းတော်ကြီးဖြစ်သည့် ဂျိန်းဖော်တိုင်းရင်းသား ကချင်လူမျိုးတစ်ဦး ဖြစ်ပါသည်။ အခြားရာထူးများတွင် တာဝန်ထမ်းဆောင်နေခြင်းအပြင် သူသည် ကချင်ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့၏ ညွှန်ကြားရေးမှူး၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ အစည်းများအတွက် ပြည်ထောင်စုလမ်းညွှန်မှု အခြေခံလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပြီး ၂၀၂၁ မတ်လ (၁၅) ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ကချင်နိုင်ငံရေး ယာယီညှိနှိုင်းရေးအဖွဲ့၏ အဖွဲ့ ဝင်တစ်ဦး ဖြစ်ပါသည်။[20] အဆိုပါဝန်ကြီးဌာန၏ ဒုဝန်ကြီးမှာ ကယန်းလူမျိုးဖြစ်သူ ခွန်ဘီဒူး ဖြစ်ပြီး သူသည် အာဏာသိမ်းပြီးနောက် ဖွဲ့စည်းခဲ့သည့် အင်အားအကောင်းဆုံး ကရင်နီ ခုခံ တော်လှန်ရေးအဖွဲ့များထဲမှ တစ်ခုဖြစ်သည့် "ကရင်နီတိုင်းရင်းသားများကာကွယ်ရေးတပ်ဖွဲ့"

[20] ဒေါက်တာတူးခေါင်နှင့် ပတ်သက်သည့် အချက်အလက်အား အမျိုးသားညီညွတ်ရေးအစိုးရ၏ ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည် (NUG-MoNREC, 2021b)။

၏ ဥက္ကဋ္ဌဖြစ်ပြီး သူသည် ကယန်းအမျိုးသားပါတီအတွက် နိုင်ငံရေးကိုယ်စားလှယ်လောင်း တစ်ဦး ဖြစ်ခဲ့ဖူးပါသည်။ သူသည် ကရင်နီပြည်နယ်၏ ယာယီအမှုဆောင်ကောင်စီအသစ်၏ ဒုတိယဥက္ကဋ္ဌတာဝန်ယူရန်အတွက် ၂၀၂၃ ဇွန်လတွင် ဒုဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့သည်။[21] ဒုဝန်ကြီးအသစ် ခွန်ဆောဖူးသည်လည်း ကယန်းလူမျိုး တိုင်းရင်းသားဖြစ်ပြီး ကယန်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အာဏာသိမ်းပြီး နောက် ဆန္ဒပြမှုများနှင့် သပိတ်လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ ဤခေါင်းဆောင် များသည် တိုင်းရင်းသားရေးရာ အရေးကိစ္စများနှင့် စစ်ရေးအရ ခုခံတော်လှန်မှု နှစ်ရပ်စလုံးတွင် ၎င်းတို့၏ အတွေ့အကြုံများကို အမျိုးသားညီညွတ်ရေး အစိုးရ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သို့ ယူဆောင်လာကြပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအား ဖွဲ့စည်းပြီးနောက် ချက်ချင်းတွင်ပင် နည်းပညာဆိုင်ရာ ဝန်ထမ်းများ ထပ်မံ ခန့်အပ်ခြင်းအပေါ် အလေးထားပြုလုပ်ခဲ့ပြီး အများစုမှာ အာဏာသိမ်းပြီးနောက် အကြမ်းမဖက် အာဏာဖီဆန်ခြင်းလှုပ်ရှားမှုတွင် ပါဝင်ကာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာနမှ ထွက်ခွာလာကြသူ အစိုးရဝန်ထမ်းဟောင်းများ ဖြစ်ကြသည်။ “ရေဆင်း သစ်တောတက္ကသိုလ်” ကဲ့သို့သော ပညာရေးအဖွဲ့အစည်းများမှ ပြည်သူများသည်လည်း ဤ ဝန်ကြီးဌာနအသစ်သို့ ဝင်ရောက်လာကြသည်။ အကြမ်းမဖက်အာဏာဖီဆန်ခြင်းလှုပ်ရှားမှု တွင် ပါဝင်ကြသည့် ပြည်သူများကို ခန့်အပ်ခြင်းသည် “သဘာဝပတ်ဝန်းကျင်အား စောင့်ကြည့် ခြင်း၊ သစ်တောထိန်းသိမ်းခြင်းနှင့် သယံဇာတ စီမံခန့်ခွဲခြင်း” ကို ဆောင်ရွက်ရန် ကျွမ်းကျင် သော ဝန်ထမ်းများကို သေချာစွာ ခန့်အပ်နိုင်စေရန်အတွက် ဖြစ်သည့်အပြင် စစ်အစိုးရကို ဆန့် ကျင်နေသည့် အတိုက်အခံအစိုးရအတွက် ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် အသိပညာကို အသုံးချရန် အတွက်လည်း ဖြစ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန် ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်ကိစ္စများနှင့် 'သယံဇာတ ဖက်ဒရယ်ပြည်ထောင်စု' အပေါ် အသိပညာနှင့် အသိအမှတ်ပြုမှုကို ဖြန့်ကျက်ရန် ၂၀၂၁ ဧပြီလ (၂၅) ရက်နေ့တွင် ဝဘ်ဆိုဒ်နှင့် လူမှုမီဒီယာပလက်ဖောင်းများကို စတင်ခဲ့သည်။ ၎င်း၏ ပထမဆုံးလှုပ်ရှားမှုများထဲမှ တစ်ခု တွင် ကျောက်မျက်ရတနာနှင့် သတ္တုထုတ်ယူခြင်းကဲ့သို့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ သဘာဝပတ်ဝန်းကျင်အား ပျက်စီးစေတတ်သော ဝင်ငွေလမ်းကြောင်းများကို ဖြတ် တောက်ရန် ကြိုးပမ်းမှုများ ပါဝင်သည်။[22] ဥပမာ ၂၀၂၁ တွင် စစ်အစိုးရကို အခွန်ငွေပေးအပ်

[21] “Q&A: Karenni leader”, 2023.
[22] Luu, 2022.

နေသော “မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း” ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် Forest Trends ကဲ့သို့ သဘာဝပတ်ဝန်း ကျင်အရေးလှုပ်ရှားသည့်အဖွဲ့များနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံမှ သစ်ဝယ် ယူခြင်းကို ရပ်တန့်ရန် နိုင်ငံတကာအသိုင်းအဝိုင်းအား တိုက်တွန်းခဲ့သည်။[23]

၂၀၂၁ နောက်ပိုင်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၎င်း၏ ဝဘ်ဆိုဒ်တွင် “သန့်ရှင်းစိမ်းလန်းသော သဘာဝ ပတ်ဝန်းကျင်နှင့် သာယာဝပြောသော လူမှုပတ်ဝန်းကျင်ကို ထူထောင်ရန်” အမြင်ရှိသည့် “လူထုဗဟိုပြု” သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု စနစ်တစ်ခုကို ထုတ်ပြန်ခဲ့ သည်။ ဝန်ကြီးဌာန၏ တာဝန်များတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ငွေရေးကြေးရေး နှင့် ထောက်ပံ့ဆက်သွယ်မှုများကို ဖြတ်တောက်ခြင်း၊ သယံဇာတစီမံခန့်ခွဲမှုမှ ဝင်ငွေကောက်ခံ ခြင်းနှင့် ဘာသာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲ၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် ရာသီဥတုခံနိုင်ရည်ကို ဦးစားပေးသည့် မူဝါဒများကို အကောင်အထည်ဖော်ခြင်းတို့ ပါဝင်ပါ သည်။ ဝန်ကြီးဌာန၏ အခြေခံမူများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအကြား ဟန်ချက်ညီရန်နှင့် ဌာနေတိုင်းရင်းသား လူမှုအဖွဲ့အစည်းများအပါ အဝင် ပြည်သူအားလုံး၏ အခွင့်အရေးများကို အလေးပေးထားသည်။[24] ဤအခြေခံမူများသည် သဘာဝသယံဇာတများ၏ အကျိုးကျေးဇူးများကို တရားမျှတစွာ ခွဲဝေပေးနိုင်ရန်အတွက် စီမံ အုပ်ချုပ်ရေးအဆင့်များနှင့် ကဏ္ဍများတစ်လျှောက် သေချာစေရန် ရေးဆွဲပြုလုပ်ထားခြင်းဖြစ် ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၎င်း၏ ရည်မှန်းချက်များကို ၂၀၂၁ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့် ချိတ် ဆက်ထားပြီး ဖက်ဒရယ်ပြည်ထောင်စုတွင် သယံဇာတထုတ်ယူခြင်းသည် ဒေသခံလူမှုအသိုင်း အဝိုင်းများကို အကျိုးပြုရမည်ဖြစ်ပြီး ၎င်းတို့၏ သဘောတူညီချက် လိုအပ်ကြောင်း ဖော်ပြ ထားပါသည်။ သယံဇာတမှ ရရှိသည့် ဝင်ငွေများသည် ဒေသခံဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက် ထောက်ပံ့သင့်ကြောင်း ဖော်ပြထားပါသည်။[25]

ဤမျှော်မှန်းချက်နှင့်အညီ ၂၀၂၂ ခုနှစ်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောလုပ်ငန်းနှင့် ဇီဝမျိုးစုံမျိုးကွဲ

[23] Forest Trends သည် မြန်မာ့ကျွန်းသစ်အား နိုင်ငံတကာမှ ဝယ်ယူခြင်းနှင့် ပတ်သက်သည့် အချက် အလက်များကို ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားပြီး အဆိုပါအဖွဲ့၏ အခန်းကဏ္ဍမှာ အရေးပါလှ သည် (Forest Trends, 2024)။

[24] အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ပိုမိုလေ့လာနိုင်ပါသည် (NUG-MoNREC, 2021c)။

[25] Hickey & Maria-Sube, 2022.

ကဏ္ဍများအတွက် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ အရင်းအမြစ်များ၏ ထုတ်လုပ်မှု၊ ပို့ဆောင်ရေးနှင့် ကုန်သွယ်မှု ကဲ့သို့သော တရားမဝင် လုပ်ရှားမှုများကို တားဆီးရန် ရည်ရွယ်သည့် "သယံဇာတ စီမံခန့်ခွဲမှု ယာယီမူဘောင်" တစ်ခုကို ထုတ်ဝေခဲ့ပါသည်။ ၎င်းသည် အထူးသဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီမှထိန်းချုပ်ထားသည့် မြန်မာ့သစ်လုပ်ငန်းမှ စီးပွားဖြစ် သစ်ခုတ်ခြင်းနှင့် သစ်ထုတ်ယူခြင်း အပေါ် တားမြစ်ချက်များကို မီးမောင်းထိုးပြထားသည်။[26] မူဘောင်၏ နိဒါန်းတွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ သယံဇာတများကို ထိန်းချုပ်မှုမရှိဘဲ ထုတ်လုပ်မှု တိုးမြှင့်ခြင်း၏ ခြိမ်းခြောက်မှုများနှင့် နေရာအများအပြားတွင် တရားဥပဒေစိုးမိုးမှု မရှိခြင်းကြောင့် စွန့်ဦးတီထွင်သူများနှင့် စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများမှ သယံဇာတများကို တရားမဝင် အလွန်အကျွံ အသုံးချမှု၏ အန္တရာယ်များ တိုးပွားလာခြင်းတို့ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် ပြည်ထောင်စုဒီမိုကရေစီပဋိညာဉ် (အပိုင်း-၂) ၏ အခန်း (၄) ရှိ ပုဒ်မ (၂၂) ပုဒ်မခွဲ (ခ)၊ ပုဒ်မ (၂၃)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ (၂၅)၊ ပုဒ်မခွဲ (က) တို့နှင့်အညီ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ၏ တာဝန်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် တည်ရှိပြီးသား သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ အရင်းအမြစ်များ ပြုန်းတီးခြင်းမှ ကာကွယ်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် အရင်းအမြစ်များကို အချိန်မီ စီမံခန့်ခွဲရန် ဤမူဘောင်ကို ပြဋ္ဌာန်းခဲ့ပါသည်။[27]

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ "ကြားကာလသယံဇာတစီမံအုပ်ချုပ်ရေးမူဘောင်" သည် ဒေသခံလူမှုအသိုင်းအဝိုင်းများ၊ တိုင်းရင်းသား လူနည်းစုအဖွဲ့များနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးပြီး အသက်မွေးဝမ်းကျောင်းအရ စိုက်ပျိုးခြင်းနှင့် ပြောင်းရွှေ့စိုက်ပျိုးခြင်းကဲ့သို့သော ရိုးရာအလေ့အကျင့်များကို ထောက်ခံအားပေးကာ စီးပွားဖြစ်အသုံးချမှုကို တားမြစ်ထားပါသည်။ အတိုချုပ်ပြောရလျှင် ၎င်းသည် ဒေသခံနှင့် ဌာနေတိုင်းရင်းသားဓလေ့များကို ခိုင်မာပြတ်သားစွာထောက်ခံပြီး စီးပွားဖြစ်လုပ်ရှားမှုများကို ပြစ်မှုအဖြစ်သတ်မှတ်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးခြင်းမှ မည်သို့ အကျိုးအမြတ် ရရှိသည်ကို အလေးပေးဖော်ပြထားသည်။[28] ထို့အပြင် ၎င်းသည် သယံ

[26] NUG-MoNREC, 2022a, p. 2.
[27] NUG-MoNREC, 2022a, p. 2
[28] NUG-MoNREC, 2022a, p. 5.

ဇာတ ထုတ်ယူခြင်း၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအကျိုးဆက်များကို အကဲဖြတ်ရန်၊ စောင့်ကြည့်ရန်နှင့် ကုစားရန် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ဒေသခံလူမှု အသိုင်းအဝိုင်းများ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း အလေးပေးဖော်ပြထားပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် သိမ်းဆည်းရရှိထားသော သစ်တောအရင်းအမြစ်များကို စီမံခန့်ခွဲရန် ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ပြီး လက်ရှိ ကြားကာလ သို့မဟုတ် တော်လှန်ရေး ကာလအတွင်း ၎င်းတို့၏ ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးချ နိုင်မှုကို သေချာစေရန် လမ်းညွှန်မှု များထုတ်ပြန်ခဲ့သည်။[29]

အကောင်အထည်ဖော်မှုနှင့် ပတ်သက်သည့် မူဘောင်သည် “အမျိုးသားညီညွတ်ရေးအစိုး ရ၏ တိုက်ရိုက်စီမံအုပ်ချုပ်မှုအောက်ရှိ စီမံအုပ်ချုပ်ရေးအဖွဲ့များမှ သိမ်းဆည်းထားသော သစ်တော အရင်းအမြစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုအတွက် အသိပေးချက်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲကာ ထုတ်ပြန်မည်” ဟု ဖော်ပြထားပါ သည်။[30] ဤဖော်ပြချက်သည် နိုင်ငံတစ်ဝန်းလုံးအားဆောင်ရွက်မည်ဆိုသည့် ထင်မြင်မှုကိုပေး ပြီး အမျိုးသားညီညွတ်ရေးအစိုးရအား အတိုက်အခံအစိုးရအဖြစ် ကိုယ်စားပြုသော်လည်း မူဘောင်အနေဖြင့် “တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများမှ ထိန်းချုပ်ထားသော ဒေသများတွင် ဤအဖွဲ့အစည်းများမှ ပြဋ္ဌာန်းထားသော မူဝါဒများနှင့် စည်းမျဉ်းများကို လိုက်နာ ရမည်” ဟုလည်း မှတ်ချက်ပြုထားပါသည်။[31] မိမိအနေဖြင့် နောက်ပိုင်းတွင် ဆက်လက် ဆွေးနွေးမည့်အတိုင်း ဤအကြောင်းအရာများကို လေ့လာပါက အမျိုးသားညီညွတ်ရေးအစိုးရ သည် ခုခံတော်လှန်ရေး ဒေသအားလုံးတွင် ထိန်းချုပ်မှု အကောင်အထည်ဖော်ရန် ရည်မှန်း ချက်ရှိသည်မဟုတ်ပဲ မြန်မာပြည်အလယ်ပိုင်းရှိ ၎င်းတို့၏ မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေး အဖွဲ့များရှိရာ ၎င်းတို့ကိုယ်ပိုင် 'လွတ်မြောက်ဒေသများ'တွင်သာ အကောင်အထည်ဖော်ရန် ရည်မှန်းချက်ရှိကြောင်း ထင်ဟပ်စေပါသည်။

၎င်း၏ ဝဘ်ဆိုဒ်တွင် ပါရှိသော အစီရင်ခံစာများနှင့် မက်ဆေ့ချ်များသည် အမျိုးသား ညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စည်းမျဉ်းများ ထုတ်ပြန်နိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် မိမိကိုယ်ကို ပြသရန် ကြိုးပမ်းသည်ကို ထင်ဟပ်ပြီး ၎င်း၏ ဝန်ကြီးဌာနအမည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်က ဝန်ကြီး ဌာနနှင့် အမည်တူထားရှိပြီး လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအောက်ရှိ ဝန်ကြီးဌာနနှင့်လည်း အမည်တူပေးထားပါသည်။[32] မိမိအနေဖြင့် နောက်ပိုင်းတွင် အသေးစိတ် ဆက်လက်ဆွေးနွေးမည့် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် နိုင်ငံတစ်နိုင်ငံကဲ့သို့ ဆောင်

---

[29] NUG-MoNREC, 2022a, p. 6. Also see Hickey & Maria-Sube (2022).
[30] NUG-MoNREC, 2022a, p. 6.
[31] NUG-MoNREC, 2022a, p. 5.
[32] Nway Kant Kaw, 2026 [this issue].

ရှုက်မှုသည် အမျိုးသားညီညွတ်ရေးအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆန့်ကျင်သည့်ရာတွင် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အောက်တွင် ၎င်း၏ ပြည်သူလူထုကို ဗဟိုပြုသော ချဉ်းကပ်မှုများ၊ လူ့အခွင့်အရေးကိုအလေးထားခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးတို့ကို အသုံးပြုကြောင်း မီးမောင်း ထိုးပြထားပါသည်။

စစ်တပ်အား သဘာဝပတ်ဝန်းကျင် ဖျက်ဆီးသူအဖြစ် ရှုတ်ချပြစ်တင်ခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၎င်း၏ အွန်လိုင်းပေါ်မှပြုလုပ်သော ပြည်သူများနှင့် ဆွေးနွေးချက်များနှင့် အစီရင်ခံစာများတွင် သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးသည့် လုပ်ဆောင်မှုများနှင့် ရာသီဥတု အကျပ်အတည်းကို ပိုမိုနက်ရှိုင်းစေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ယခင်စစ်အစိုးရများကို စဉ်ဆက် မပြတ် အပြစ်တင်ထားပါသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ် မေလ (၂၉) ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် "မြန်မာ့သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဒေါက်တာဆာဆာနှင့် အွန်လိုင်းဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ပြီး သဘာဝပတ်ဝန်းကျင်အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တရားမဝင် သယံဇာတ ထုတ်ယူမှု၏ ကြီးမားသည့်အန္တရာယ် သက်ရောက်မှုများကို ပြင်းထန်စွာ အလေးပေးဖော်ပြခဲ့သည်။ ဝန်ကြီးတူးခေါင်နှင့် ဒေါက်တာဆာဆာ တို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သယံဇာတ ရောင်းချမှုမှ ရရှိသော ဝင်ငွေလမ်းကြောင်းများကို ဖြတ်တောက်ခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့ပြီး ဤဝင်ငွေသည် လက်နက်များ ဝယ်ယူမှုအတွက် ရန်ပုံငွေထောက်ပံ့ပေးပြီး ထိုလက်နက်များဖြင့် အရပ်သားပြည်သူများကို တိုက်ခိုက်ရန် မကြာခဏအသုံးပြုကြောင်း ဖော်ပြခဲ့သည်။ ဝန်ကြီးဒေါက်တာဆာဆာအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတများကို တရုတ်နိုင်ငံသို့ ရောင်းချပြီးနောက် ရွာများကို လေကြောင်း တိုက်ခိုက်ရန်အတွက် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ လက်နက်များကို ဝယ်ယူကြောင်း ရှင်းပြခဲ့သည်။ ဒေါက်တာဆာဆာသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တရားမဝင် ရေနံထုတ်ယူမှုသည် လေထုညစ်ညမ်းမှုကို ဖြစ်စေပြီး မုန်တိုင်းများကဲ့သို့သော သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုများကို ပိုမိုဆိုးရွားစေကြောင်း မီးမောင်းထိုးပြခဲ့သည်။ ၎င်းအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံမှ သယံဇာတများကို ဝယ်ယူခြင်းမပြုရန် တောင်းဆိုခဲ့ပြီး ထိုသယံဇာတများသည် မြန်မာပြည်သူများမှ ပိုင်ဆိုင်သည်ဟု ဖော်ပြခဲ့သည်။ ဝန်ကြီးတူးခေါင်မှ အမျိုးသားညီညွတ်ရေးအစိုးရ၊

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတကာအဆင့် ဥတုရာသီပြောင်းလဲမှုကိစ္စ ရပ်များကို အလေးပေးသည့် အစည်းအဝေး Conference of the Parties (COP) ကဲ့သို့သော နိုင်ငံတကာအစည်းအဝေးများနှင့် ညီလာခံများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကိုယ်စားလှယ်များ တက်ရောက်မှုကို ပိတ်ဆို့ရန် ကြိုးပမ်းနေကြောင်း ပြောကြားခဲ့သည်။[33] အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆွေးနွေးပွဲများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၎င်း၏ကိုယ်ကျိုးစီးပွားအတွက် ပဋိပက္ခ ဒေသများတွင် တရားမဝင် သစ်ခုတ်ခြင်းနှင့် ရွှေတူးခြင်းကို ပြုလုပ်ရန် အကျင့်ပျက်ခြစားသော တပ်မတော်နှင့်ရင်းနှီးကျွမ်းဝင်သည့် ခရိုနီလုပ်ငန်းရှင်များကို ခွင့်ပြုချက်များ မည်ကဲ့သို့ ဆက်လက် ပေးနေသည်ကို မီးမောင်းထိုးပြပါသည်။[34]

၂၀၂၁ ဇူလိုင်လတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၁၉၆၂ ပထမစစ်အာဏာသိမ်းမှုမှစတင်၍ သစ်တောများ ကုန်ခန်းခြင်း အပါအဝင် "မြန်မာနိုင်ငံရှိ စစ်အစိုးရလက်ထက်တွင် သယံဇာတများ ကုန်ခန်းမှု အခြေအနေ" အကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ဝေခဲ့ပြီး တရားမဝင် သစ်ထုတ်ယူမှုကို အသေးစိတ် ဖော်ပြခဲ့သည်။ သယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲ အမျိုးမျိုးသည် စစ်အာဏာရှင်အဆက်ဆက် ခေါင်းဆောင်များမှ သယံဇာတများကို ၎င်းတို့ ချမ်းသာကြွယ်ဝစေရန် အသုံးချခြင်း အပါအဝင် အရည်အချင်းမပြည့်ဝသည့် အုပ်ချုပ်မှုများနှင့် အလွဲသုံးစားမှုများကြောင့် ကုန်ခန်းသွားကြောင်း ဖော်ပြထားပါသည်။[35] ထိုအစီရင်ခံစာသည် Environmental Investigation Agency (EIA) ၏ ထုတ်ဝေမှုနှစ်စောင် အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဝေဖန်ရန်နှင့် မြန်မာ့သစ်တောများကို ကာကွယ်ခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြရန် နိုင်ငံတကာမှပြုလုပ်ထားသော သုတေသနများကို ကိုးကားထားသည်။ ၎င်းတို့ထဲမှ သုတေသနတစ်ခုက အောက်ပါအတိုင်း ဖော်ပြထားသည်။

> စစ်အာဏာသိမ်းမှုသည် မြန်မာနိုင်ငံအား စစ်အာဏာရှင်စနစ်ကြောင့် အလွန်အမင်း ပျက်စီးနေသော သစ်တောများရှိသည့် နေ့ရက်များသို့ ပြန်လည်တွန်းပို့နိုင်ပြီး လက်ရှိ အာဏာသိမ်းမှုသည် သစ်ကုန်သွယ်မှုမှတစ်ဆင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ငွေကြေး ထောက်ပံ့ပေးနေကြောင်း သိသာထင်ရှားသည့် အန္တရာယ်များ ဖန်တီးနေပါသည်။[36]

---

[37] Ministry of Natural Resources, 2023a.

[34] Ministry of Natural Resources, 2022a; 2022c.

[35] NUG-MoNREC, 2021a, pp. 1, 2.

[36] NUG-MoNREC, 2021a, p. 2.

EIA မှထုတ်ဝေသည့် အခြားသုတေသနစာစောင်တစ်ခုတွင် စစ်တပ်သည် ၎င်း၏ အာဏာသိမ်းမှု နှောင်းပိုင်းတွင် တရားမဝင်သစ်ကုန်သွယ်မှုမှ ငွေသားစီးဝင်မှုများ သိသာစွာ ရရှိနေကြောင်း ရေးသားထားသော်လည်း ပြီးခဲ့သည့် ဖားတစ်ပိုင်း ငါးတစ်ပိုင်း ဒီမိုကရေစီကာလအတွင်း အပါအဝင် တရားမဝင်သစ်ခုတ်ခြင်းနှင့် ကုန်သွယ်ခြင်းကို တရုတ်နိုင်ငံနှင့် ကြာမြင့်စွာ လုပ်ဆောင်ခဲ့ကြောင်း ထောက်ပြရေးသားထားပါသည်။[37] အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် သုတေသီ Ben Heubl ၏ "ဂြိုဟ်တုပုံရိပ်များကို ကြည့်ခြင်းဖြင့် မကြာသေးမီက ဖြစ်ပွားခဲ့သည့် မြန်မာနိုင်ငံရှိ စစ်အာဏာသိမ်းမှုသည် နိုင်ငံတွင် ရေရှည်တည်တံ့မှု မရှိသော သစ်တောပြုန်းတီးမှုအန္တရာယ်ကို တိုးမြှင့်စေနိုင်ကြောင်း သိသာနိုင်သည့် အထောက်အထားများဖြစ်သည်" ဆိုသည့် ဆွေးနွေးချက်ကို ကိုးကားရေးသားထားပါသည်။[38] အမျိုးသားညီညွတ်ရေးအစိုးရ၏ အဆိုအရ Heubl ၏ သုတေသနသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) မှ ရေးဟောင်းအမွေအနှစ်ဝန်းကျင်အဖြစ် သတ်မှတ်ကာကွယ်ထားသည့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်တွင် တရားမဝင် သစ်ခိုးထုတ်ခြင်းအပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ သစ်ရောင်းချခြင်းမှ အကျိုးအမြတ် ရရှိကြောင်း ရေးသားထားသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အစီရင်ခံစာတွင် သုတေသီ Eoghan Darbyshire ၏ ရေးသားချက် ဖြစ်သည့် "ကျွန်းသစ်အရင်းအမြစ်များအား စည်းကမ်းမဲ့ ရောင်းချခြင်းသည် ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရမှ ပြုလုပ်ခဲ့သော ပြုပြင်ပြောင်းလဲမှု အားလုံးအတွက် သဲထဲရေသွန်ဖြစ်စေသည်" ဆိုသည့် အချက်ကို ကိုးကားထားသည်။[39]

သစ်တောများပြုန်းတီးစေသည့်အတွက် စစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ပြင်းထန်စွာဝေဖန်နေစဉ် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အစီရင်ခံစာသည် "မြန်မာနိုင်ငံသစ်တောများ ပြန်လည်ထူထောင်ရေးစီမံကိန်း" ကို အကောင်အထည်ဖော်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်အတွင်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကိုရရှိခြင်းကဲ့သို့သော အောင်မြင်မှုများကို ဂုဏ်ပြုထားသည်။ ဥပမာအားဖြင့် အစီရင်ခံစာသည် နိုင်ငံတစ်ဝန်းရှိ သစ်တောပြုန်းတီးမှုနှုန်းသည် ထိန်းချုပ်မှုအောက်တွင်ရှိခဲ့ပြီး ၂၀၁၆-၂၀၂၁ ခုနှစ်များအတွင်း အချို့ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သစ်တောများ လွှမ်းခြုံနိုင်မှုသည် တိုးတက်လာကြောင်း

---

[37] NUG-MoNREC, 2021a, p. 13.
[38] NUG-MoNREC, 2021a, p. 12.
[39] NUG-MoNREC, 2021a, pp. 12, 13.

ဖော်ပြထားပါသည်။[40] ဤအပြုသဘောဆောင်သည့် အကဲဖြတ်မှုအား အစီရင်ခံစာ၏ အဆုံးတွင် အနည်းငယ်ထောက်ပြထားသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ လက်ထက်တွင် စစ်တပ်သည် တရားမဝင်သစ်ခုတ်ခြင်းကို ဦးဆောင်ဦးရွက်ပြုခြင်း အပါအဝင် သစ်တောများ ပြန်လည်တည်ရှိစေရန် ကြိုးပမ်းသည့်တိုးတက်မှုကို ဆက်လက် အဟန့်အတား ဖြစ်စေခဲ့ကြောင်း ဖော်ပြထားပါသည်။ အစီရင်ခံစာအနေဖြင့် ပြည်သူများသည် စစ်ခေါင်းဆောင်များ၏ အကျင့်အကြံများကြောင့် ဖြစ်ပေါ်သည့် "ထိုကဲ့သို့သော စိန်ခေါ်မှုများ သို့မဟုတ် အတားအဆီးများကို စုပေါင်းအောင်မြင်စွာ ကျော်ဖြတ်ခြင်းဖြင့် မိမိတို့၏ သယံဇာတများကို မိမိတို့ကိုယ်ပိုင် နည်းလမ်းဖြင့် စီမံခန့်ခွဲနိုင်မည့် စနစ်အသစ်တစ်ခုကို တောင်းဆိုထားပါသည်" ဟုပါရှိသည်။[41] ဤအစီရင်ခံစာမှတစ်ဆင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မိမိကိုယ်ကို စစ်အစိုးရကို ဆန့်ကျင်သည်ဟုသတ်မှတ်ရုံ သာမက ပြည်သူလူထုကို ဗဟိုပြုသည့် သယံဇာတစီမံခန့်ခွဲမှုနှင့် ဖက်ဒရယ်ပြည်ထောင်စုကို မီးမောင်းထိုးပြခြင်းဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရကာလနှင့် ကွဲပြားသည့်ကာလကိုလည်း ထင်ဟပ်ထားသည်။

၂၀၂၂ ဒီဇင်ဘာလတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စစ်အုပ်ချုပ်မှုကာလအတွင်း မြန်မာ့သယံဇာတများ ပျက်စီးခြင်းအကြောင်းနှင့် ပတ်သက်၍ မြန်မာဘာသာဖြင့် ရေးသားထားသည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ဝေခဲ့ပြီး အထူးသဖြင့် သတ္တုများနှင့် ကျောက်မျက်သယံဇာတများအပေါ် အလေးပေးဖော်ပြခဲ့သည်။ အထက်တန်းလွှာများ၏ ကိုယ်ကျိုးစီးပွားနှင့် အကျင့်ပျက်ခြစားမှုကို မီးမောင်းထိုးပြထားပြီး ပြည်သူများ၏ အကျိုးစီးပွားများနှင့် ဆန့်ကျင်ကာ သယံဇာတများအား နှစ် (၆၀) တိုင် ညံ့ဖျင်းသော စီမံခန့်ခွဲမှုများပြုလုပ်ခဲ့သည့်အတွက် စစ်တပ်အား အပြစ်တင်ထားသည်။ နိုင်ငံ၏ သယံဇာတများသည် နိုင်ငံကို အကျိုးပြုခြင်းမရှိဘဲ အာဏာရပုဂ္ဂိုလ်အနည်းငယ်ကိုသာ အကျိုးပြုကြောင်း ဆက်လက် ဖော်ပြထားပါသည်။[42]

မိမိတို့အနေဖြင့် ဤဥပမာများမှ မြင်နိုင်သည့်အတိုင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စစ်တပ်၏ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးသည့် လှုပ်ရှားမှုများအတွက် စစ်တပ်ကို ဝေဖန်ခြင်းနှင့် ၎င်းတို့ကို ဆန့်ကျင်သည့်အနေဖြင့် နိုင်ငံတကာသုတေသနများ၊ Kheh Thoo ကဲ့သို့သော သဘာဝပတ်ဝန်းကျင်လှုပ်ရှားသူများနှင့် Ester Wah ကဲ့သို့သော ဆန္ဒပြခေါင်းဆောင်များ၏ ပံ့ပိုးမှုများကို အခြေခံကာ မိမိကိုယ်ကို စစ်တပ်အားဆန့်ကျင်သည့် အတိုက်အခံအဖြစ်သတ်မှတ်ရန်

[40] NUG-MoNREC, 2021a, pp. 4, 5.
[41] NUG-MoNREC, 2021a, p. 23.
[42] သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ၂၀၂၂။

ကြိုးပမ်းမှုများကို တွေ့နိုင်ပါသည်။[43] မိမိအနေဖြင့် ဆောင်းပါးနောက်ပိုင်းတွင် အမျိုးသား ညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် စစ်တပ်ကို ဆန့်ကျင်သော တော်လှန် ပုန်ကန်နိုင်ငံရေးမှတစ်ဆင့် လှုပ်ရှားမှုများကို မည်သို့ ဆောင်ရွက်သည်ကို ဆက်လက်ဆန်းစစ် လေ့လာပါမည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုအရေး လှုပ်ရှားမှုများ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် အများပြည်သူနှင့် ထိတွေ့ပြီး ၎င်း၏ သတင်းစကားများနှင့် လုပ်ငန်းစဉ်များကို ဖြန့်ဝေသည့် အဓိကနည်းလမ်းများမှာ ဖေ့စ်ဘုတ်လူမှုကွန်ရက်စာမျက်နှာတွင် တိုက်ရိုက်ဆွေး နွေးပွဲများ ပြုလုပ်ခြင်းနှင့် အခြားပို့စ်များတင်ခြင်း အပါအဝင် အွန်လိုင်းဆက်သွယ်ရေးနှင့် ၎င်း၏ဝဘ်ဆိုဒ်တွင် သတင်းရေးသားကာ အချက်အလက်များကို မျှဝေခြင်းဖြစ်ပါသည်။ ဤ ကဲ့သို့ မျှဝေမှုများသည် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေး၊ ရာသီ ဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများအကြောင်း အသိပညာဖန်တီးရေးအပေါ် အလေးထား ဖော်ပြသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာနသည် ဗဟိုချုပ်ကိုင်မှုနှင့် မြေပြင်ရုံးထိုင် မရှိသောကြောင့် အများပြည်သူအား ၎င်းသည်နိုင်ငံတစ်ခုအဖြစ် ရပ်တည်ကြောင်း ဒစ်ဂျစ်တယ်မီဒီယာများမှတစ်ဆင့် ပြသသည်။

ဖေ့စ်ဘုတ်ပေါ် တိုက်ရိုက်ဆွေးနွေးပွဲများတွင် ပုံမှန်အားဖြင့် တော်လှန်ရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဖိတ်ကြားခံရသော ဧည့်သည်များ ပါဝင်ကြပြီး သဘာဝ ပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ ကိစ္စရပ်များအကြောင်း အသိပညာကို မျှဝေခြင်းအပြင် ဤ ဆွေးနွေးချက်များသည် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် တော်လှန်ရေးကို အလေးပေး ဖော်ပြခြင်းတို့အပေါ် အဓိက ဆွေးနွေးပါသည်။ ၂၀၂၂ မေလ (၈) ရက်နေ့တွင် “တော်လှန်ရေး ကာလအတွင်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် လိုအပ်ပါသလား” ဆိုသည့် ခေါင်းစဉ် ဖြင့် ကျင်းပသော အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဆွေးနွေးပွဲတွင် လူသိများထင်ရှားပြီး တော်လှန်ရေးကဏ္ဍတွင် ပါဝင်နေသည့် သရုပ်ဆောင်တစ်ဦးနှင့် စီဒီအမ် စစ်ဗိုလ်ကြီးတစ်ဦးတို့ ပါဝင်ခဲ့သည်။[44] ပါဝင်သူများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအယူအဆ၊ ၎င်း၏ အရေးပါမှုနှင့် သဘာဝပတ်ဝန်းကျင်ကို သက်ရောက်သည့် အချက်များကို ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့က

[43] Wah, 2022.
[44] Ministry of Natural Resources, 2022a.

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တရားမဝင်သစ်ခုတ်ခြင်းနှင့် ရွှေတူးဖော်ခြင်းအတွက် တရားမဝင်ခွင့်ပြုချက်များ ပေးခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု မြင့်တက်လာပြီး ထိုလုပ်ငန်းများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ငွေကြေးအရ အကျိုးပြုနေကြောင်း မီးမောင်းထိုးပြခဲ့ကြသည်။ ၎င်းတို့၏ အများပြည်သူအား အဓိကမျှဝေသည့် သတင်းစကားများမှာ ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချရန်၊ စနစ်တကျ အမှိုက်စွန့်ပစ်ရန်၊ တရားမဝင် သယံဇာတထုတ်ယူခြင်းကို ရှောင်ကြဉ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ချုံပုတ်နှင့် သစ်တော မီးရှို့ခြင်းကို တားဆီးရန်တို့ ဖြစ်ပါသည်။

၂၀၂၂ နိဝင်ဘာလ (၆) ရက်နေ့တွင် ကျင်းပသော "တော်လှန်ရေးကာလအတွင်း ရာသီဥတု ပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါသလား" ခေါင်းစဉ်ဖြင့် အခြား ဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပြီး ထိုဆွေးနွေးပွဲတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ မြန်မာ့သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူတစ်ဦးနှင့် ကိုရီးယားအခြေစိုက် အစီအစဉ်ဦးဆောင်သူတစ်ဦးကို ဖိတ်ကြားခဲ့ သည်။[45] ဤဆွေးနွေးပွဲသည် ရာသီဥတုပြောင်းလဲမှု၊ လူသားများကြောင့်ဖြစ်သော သက်ရောက် မှုများနှင့် အာဏာသိမ်းပြီးနောက် သယံဇာတများ ပျက်စီးမှုအပေါ် အာရုံစိုက်ခဲ့သည်။ ဆွေးနွေး မှုတွင် ပလတ်စတစ်အသုံးပြုမှုကို လျှော့ချရန် နည်းလမ်းများကို ဆွေးနွေးပြီး ပြည်သူများအား ၎င်းတို့၏ နေ့စဉ်ဘဝတွင် 3R's ဖြစ်သည့် လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းကို လက်ခံကျင့်သုံးရန် အားပေးခြင်းတို့ ပါဝင်သော်လည်း ဆွေးနွေးချက်အများစုသည် သယံဇာတများကို ခေါင်းပုံဖြတ်အလွဲသုံးစားလုပ်မှုနှင့် တရားမဲ့စွာသုံးစွဲမှုကြောင့် ရာသီဥတုပြောင်းလဲလာမှုကို အဓိကထားဆွေးနွေးသည့်အတွက် ဆွေးနွေးပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ဝေဖန်ခြင်းကို အဓိကထားဆွေးနွေးခဲ့သည်။ ဆွေးနွေးသူတစ်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရာသီဥတုပြောင်းလဲမှုကို တားဆီးရန် စိတ်ဝင်စားမှုမရှိဘဲ တရားမဝင်သစ်ခုတ်ခြင်းနှင့် သစ်တောပြုန်းတီးမှုကို တိုက်ဖျက်ရာတွင် ပျက်ကွက်မှုများရှိနေကြောင်း ပြောကြားခဲ့သည်။ ရလဒ်အနေဖြင့် အာဏာသိမ်းပြီးချိန်မှစတင်၍ သစ်တောပြုန်းတီးမှု မြင့်တက်လာပြီး ရာသီဥတုပြောင်းလဲမှုကို ပိုမိုဆိုးရွားစေကြောင်း ဖော်ပြခဲ့သည်။ အစီအစဉ်ဦးဆောင်သူမှလည်း ဤသို့ ပြောကြားခဲ့သည်။

> ယခုအချိန်တွင် မိမိတို့ (ပြည်သူများ) သည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုနှင့်အတူ နိုင်ငံရေးအကျပ်အတည်းကြားတွင် ဒုက္ခရောက်နေရပါ

[45] Ministry of Natural Resources, 2022c.

> သည်။ ထို့ကြောင့် မိမိတို့သည် စစ်အာဏာရှင်စနစ်မှ လျင်မြန်စွာ လွတ်မြောက်ရန် ကြိုးစားရမည်။ မိမိတို့သည် ငြိမ်းချမ်းပြီး လုပသော အနာဂတ်ကမ္ဘာကြီးအတွက် ရာသီဥတုပြောင်းလဲမှုကို တားမြစ်သည့် လုပ်ဆောင်မှုများ လုပ်ဆောင်ရမည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြေပြင်လှုပ်ရှားမှုများကို အားပေးရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်ပြီး ရာသီဥတုကို ဂရုစိုက်သော ဝန်ကြီးဌာနတစ်ခုအဖြစ် မိမိကိုယ်ကို ပုံဖော်ရန် ဖေ့စ်ဘုတ်လူမှုမီဒီယာကိုလည်း အသုံးပြုပါသည်။ ဤသို့အသုံးပြုရာတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကို ဖေ့စ်ဘုတ်လူမှု မီဒီယာမှတစ်ဆင့်တင်ပြပြီး စစ်အာဏာရှင်စနစ်ကို တိုက်ရိုက်မဟုတ်သည့် ပုံစံဖြင့် ဝေဖန်ခြင်းတို့ ပါဝင်သည်။ ဥပမာအနေဖြင့် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" ကဲ့သို့သော နိုင်ငံတကာနေ့ရက်များကို ဂုဏ်ပြုခြင်းတို့ ပါဝင်ပါသည်။

၂၀၂၁ ခုနှစ် အဆိုပါနေ့တွင် မြန်မာ့နွေဦးတော်လှန်ရေး ပထမနှစ်အတွင်း သေဆုံးခဲ့သော သူရဲကောင်း (၈၄၅) ဦးကို ဂုဏ်ပြုရန် မတူညီသော တိုင်းဒေသကြီးများတွင် လျှို့ဝှက်သစ်ပင်စိုက်ပျိုးမှု လှုပ်ရှားမှုများကို ပြုလုပ်ခဲ့သည်။[46] အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်လူမှုကွန်ရက်စာမျက်နှာတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးများရှိ တော်လှန်ရေးအဖွဲ့များမှ ထိန်းချုပ်ထားသော ဒေသများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဥတုရာသီပြောင်းလဲမှု ကာကွယ်ရေးအတွက် သစ်ပင်စိုက်ပျိုးရေး လှုပ်ရှားမှုများအကြောင်း ပို့စ်များကို မျှဝေခဲ့သည်။ ၂၀၂၂ ခုနှစ် အဆိုပါနေ့တွင်လည်း မြန်မာ့နွေဦးတော်လှန်ရေးပထမနှစ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ အသက်စွန့်သွားခဲ့ကြသော တော်လှန်ရေးသူရဲကောင်းများကို ဂုဏ်ပြုရန်အတွက် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် သစ်ပင်ပေါင်း (၂၀၀) ကို စိုက်ပျိုးခဲ့ သည်။[47] ၂၀၂၃ တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် "ပလတ်စတစ်ညစ်ညမ်းမှုကို နှိမ်နင်းကြ၊ အာဏာရှင်ကို အမြစ်ဖြတ်ကြ" ဟူသော ကြွေးကြော်လှုပ်ရှားမှုတစ်ခုကို စတင်ခဲ့သည်။[48] ထိုနေ့တွင်ပင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် "ဒေါနတပ်ရင်း ထောက်ပို့အဖွဲ့" မှ ဦးဆောင်သော တော်လှန်သစ်ပင်လှုပ်ရှားမှုကို စတင်ခဲ့သည်။ ဤလှုပ်ရှားမှု၏ တစ်

[46] Ministry of Natural Resources, 2021a.
[47] Ministry of Natural Resources, 2022b.
[48] Ministry of Natural Resources, 2023b.

စိတ်တစ်ပိုင်းအနေဖြင့် ဒေသခံနှင့် နိုင်ငံတကာရှိပြည်သူများအနေဖြင့် သစ်တောပြန်လည်ထူထောင်ရေးကို ပံ့ပိုးရန် မြန်မာကျပ် တစ်သောင်းဖြင့် 'အပင်တစ်ပင်ဝယ်ပါ' ဟု အားပေးခဲ့သည်။ တော်လှန်သစ်ပင် လှုပ်ရှားမှုမှတစ်ဆင့် သစ်ပင်ပေါင်း (၂၀,၀၀၀) လှူဒါန်းမှု အောင်မြင်ခဲ့သည်။[49] ၂၀၂၄ တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၏ ခေါင်းစဉ်မှာ "ငါတို့မြေ ငါတို့အနာဂတ် ပြန်တည်ဆောက်မယ့် ငါတို့မျိုးဆက်" ဖြစ်ပြီး[50] သစ်ပင်အသစ်များ စိုက်ပျိုးခြင်း၊ ရှိပြီးသား သစ်ပင်များကို ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာအရည်အသွေးကို ထိန်းသိမ်းခြင်းဖြင့် ကမ္ဘာမြေကြီးကို ပြန်လည်စိမ်းလန်းစေရန် ဖန်တီးခြင်းအပေါ် အာရုံစိုက်လုပ်ဆောင်ပါသည်။ ထို့နေ့တွင် အွန်လိုင်း စာစီစာကုံးပြိုင်ပွဲတစ်ခုကိုလည်းပြုလုပ်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ၏ အရေးပါမှုနှင့် ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချခြင်းအကြောင်းကို ပို့ချပြသခဲ့ကြပြီး အမျိုးသား ညီညွတ်ရေးအစိုးရမှ ပံ့ပိုးသည့် အွန်လိုင်းပညာရေးကို တက်ရောက်သည့် ကျောင်းသားများမှ သစ်ပင်စိုက်ပျိုးမှု လှုပ်ရှားမှုများကိုလည်း ပါဝင်ခဲ့သည်။ ဖေ့စ်ဘုတ်ပို့စ်တစ်ခုတွင် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ကို အထိမ်းအမှတ်ပြုဆင်နွှဲရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းများသည် လွတ်မြောက်ဒေသများတွင် စုစုပေါင်း သစ်ပင်အသစ် (၂၀၀) ကို စိုက်ပျိုးခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။[51] ဤလှုပ်ရှားမှုများမှ မှတ်တမ်းတင်ထားသော ဓာတ်ပုံများအတွက် အောက်ပါ ပုံများ (၁-၈)ကို ကြည့်ပါ။

---

[49] Ministry of Natural Resources, 2021a.
[50] Ministry of Natural Resources, 2024c.
[51] Ministry of Natural Resources, 2024b.

ပုံ (၁)

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ ၂၀၂၁ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးရှိ လျှို့ဝှက်သစ်ပင်စိုက်ပျိုးမှုမှတ်တမ်း ဖေ့စ်ဘုတ်ပို့စ်မှ ဓာတ်ပုံ။[52]

ပုံ (၂)

၂၀၂၁ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် တော်လှန်ရေးတပ်ဖွဲ့များနှင့် ကျဆုံးသွားသော ရဲဘော်များကို ဂုဏ်ပြုရန် အများပြည်သူကို သစ်ပင်စိုက်ပျိုးရန် ဆော်ဩထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ ဖေ့စ်ဘုတ်ပို့စ်မှ ဓာတ်ပုံ။[53]

---

[52] Ministry of Natural Resources, 2021a.
[53] Ministry of Natural Resources, 2021b.

ပုံ (၃)

၂၀၂၂ တွင် မကွေးတိုင်းဒေသကြီးရှိ ပီဒီအက်ဖ်အဖွဲ့တစ်ဖွဲ့မှ သစ်ပင်စိုက်ပျိုးမှုကို ပုံဖော်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်ပို့စ်မှ ဓာတ်ပုံစုစည်းမှု။[54]



[54] Ministry of Natural Resources, 2022e.

ပုံ (၄)

တော်လှန်သစ်ပင်လှုပ်ရှားမှုတွင် ပါဝင်ရန်ဆော်ဩထားသည့် ၂၀၂၃၊ အမျိုးသားညီညွတ်ရေး အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်ပို့စ်မှ ဒီဇိုင်းတစ်ခု။[55]

[55] Htout Phoet - ထောက်ပို့၊ 2023.

ပုံ (၅)

၂၀၂၄ တွင် စစ်ကိုင်းတိုင်းရှိ သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုများကို ပုံဖော်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်ပို့စ်မှ ဓာတ်ပုံ။[56]

ပုံ (၆)

၂၀၂၂ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုများကို ပုံဖော်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်ပို့စ်မှ ဓာတ်ပုံ။[57]

[56] Ministry of Natural Resources, 2024d.
[57] Ministry of Natural Resources, 2021f.

ပုံ (၇)

၂၀၂၄ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးမှုနှင့်အတူ ကျင်းပသော သင်ကြားပို့ချပြသမှုကို ပုံဖော်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်ပို့စ်မှ ဓာတ်ပုံ။[58]

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတင်းအရ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းစဉ်များကို ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၇၈) နှစ် မွေးနေ့အခမ်းအနား အထိမ်းအမှတ်အဖြစ် ၂၀၂၃ ခုနှစ်ကတည်းက ပွင့်လင်းစွာ စီစဉ်ခဲ့ကြသည်။[59] ပုံ (၈) တွင် ပြထားသည့်အတိုင်း ထိုနေ့တွင် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် အမျိုးသားညီညွတ်ရေး အစိုးရ၏ ခရိုင်အဆင့် လုံခြုံရေးအဖွဲ့၊ မြို့နယ်နှင့် ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့များနှင့် မြို့နယ်အဆင့် သယံဇာတစီမံခန့်ခွဲမှုအဖွဲ့တို့သည် ဆရာ၊ဆရာမများနှင့် ကျောင်းသူ၊ကျောင်းသားများ အတူပေါင်းစည်းပြီး ရွာငါးရွာတစ်လျှောက်တွင် အရိပ်ကောင်းသော အပင်မျိုးစုံပေါင်း (၁,၅၀၀) ကို စိုက်ပျိုးခဲ့ပုံကို ပြသသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဖော်ပြချက်အရ အမျိုးသားညီညွတ်ရေးအစိုးရမှ အထောက်အပံ့ပေးသည့် ဤလှုပ်ရှားမှုများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် အလွန်ထိရောက်ကြောင်း အလေးပေးဖော်ပြခဲ့သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ကလေးသူငယ်များ၊ လူငယ်များ၊ ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို သဘာဝပတ်ဝန်းကျင် ထိန်း

[58] Ministry of Natural Resources, 2021f.
[59] NUG-MoNREC, 2023a.

သိမ်းရေးတွင် ပါဝင်စေကြောင်း မှတ်ချက်ပြုခဲ့ပြီး တော်လှန်ရေးကာလ အတွင်း ထိုကဲ့သို့သော ကြိုးပမ်းမှုများ၏ အရေးပါမှုကို မီးမောင်းထိုးပြခဲ့သည်။ ဥတုရာသီပြောင်းလဲမှုကို လျှော့ချခြင်းနှင့် အနာဂတ်တွင် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများအတွက် ပိုမိုကျန်းမာသော ပတ်ဝန်းကျင်ဖန်တီးရာတွင် သစ်ပင်စိုက်ပျိုးခြင်း၏ အခန်းကဏ္ဍကို လူငယ်များနှင့် ကလေးများ နားလည်စေရန်ကူညီရာတွင် ဤလုပ်ရှားမှုများ၏ အရေးပါမှုကို အလေးပေးဖော်ပြခဲ့သည်။

ပုံ (၈)

စစ်ကိုင်းတိုင်း၊ မြင်းမူတွင် ဒေါ်အောင်ဆန်းစုကြည်၏ (၇၈) နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးရေးလှုပ်ရှားမှုများကို ပုံဖော်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်ပို့စ်မှဓာတ်ပုံစုစည်းမှု။[60]

[60] Ministry of Natural Resources, 2023c.

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
၏ သစ်ပင်စိုက်ပျိုးရေး လှုပ်ရှားမှုများ၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဥ်များသည် ကနဦးပိုင်းတွင်
လျှို့ဝှက်စွာပြုလုပ်ရာမှ လွတ်မြောက်ဒေသများတွင် ပွင့်လင်းစွာပြုလုပ်နိုင်သည့် အခြေအနေ
သို့ ရောက်ရှိလာခြင်းသည် အကြမ်းမဖက်အာဏာဖီဆန်ခြင်းလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့်
ဝန်ထမ်းများနှင့် မြေပြင်တွင် အမျိုးသားညီညွတ်ရေးအစိုးရနှင့် ချိတ်ဆက်ကာ စီမံအုပ်ချုပ်ရေး
ဖွဲ့စည်းပုံများ ထူထောင်ခြင်းမှတစ်ဆင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၎င်း၏ တည်ရှိမှုကို မည်ကဲ့သို့ တိုးတက်စေခဲ့
ကြောင်း ထင်ဟပ်ပါသည်။ ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား နိုင်ငံတော်အစိုးရဌာနတစ်ခုအနေဖြင့် ဆောင်
ရွက်ခြင်းကို အွန်လိုင်းတွင်သာမက ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့် ပူးပေါင်းလျက် လူကိုယ်
တိုင်ပြုလုပ်နိုင်သော လှုပ်ရှားမှုများမှတစ်ဆင့်လည်း လုပ်ဆောင်နိုင်ရန် အကူအညီပေးသည်။
အထူးသတိပြုရန်မှာနွေကံ့ကော်မှရေးသားထားသည့်အတိုင်းနိုင်ငံတော်စီမံအုပ်ချုပ်ရေးကော
င်စီ သည် ၎င်း၏ ထိန်းချုပ်နယ်မြေများတွင် အထိမ်းအမှတ်အခမ်းအနားများအဖြစ်
သစ်ပင်စိုက်ပျိုး မှု လှုပ်ရှားမှုများမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်အတွက် ၎င်း၏ ဂရုစိုက်
အလေးထားမှုကို ပြသနေခြင်းကို လေ့လာကြည့်သည့်အခါတွင်လည်း ဤလှုပ်ရှားမှုများသည်
နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီနှင့် သွယ်ဝိုက်၍ ယှဉ်ပြိုင်မှုများ ဖြစ်ပေါ်နေခြင်းကို
တွေ့ရသည်။[61]

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်
ကြီးဌာန၏ မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေသည့် သတင်းလွှာများသည် သဘာဝပတ်ဝန်း
ကျင်နှင့် ရာသီဥတုဆိုင်ရာ အသိပညာကို မြှင့်တင်မျှဝေရန်၊ ဝန်ကြီးဌာန၏ လှုပ်ရှားမှုများကို ပြ
သရန်နှင့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများအတွက် ငွေ
ကြေးပံ့ပိုးမှု စုဆောင်းခြင်း၊ တရားမဝင်သစ်များ သိမ်းဆည်းခြင်း၊ ဝန်ကြီးထံမှ သတင်းစကား
များ၊ ကာတွန်းများနှင့် ကဗျာများကဲ့သို့သော ခေါင်းစဥ်များကို ဖော်ပြထားပါသည်။ ၎င်းတို့တွင်
သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သော နိုင်ငံတကာနေ့ရက်များ၏ အခမ်းအနားများ၊ ရာသီဥ
တုပြောင်းလဲခြင်း၏ သက်ရောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၏ အရေးပါမှု၊ သ
ဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကို မည်သို့တားဆီးရမည်၊ သစ်တောပြုန်းတီးမှုနှင့် ဆက်
စပ်သော ပြဿနာများ၊ တောရိုင်းတိရစ္ဆာန်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းခြင်း၊ ရေချိုသို
လှောင်မှု ကျဆင်းခြင်းနှင့် ရာသီဥတုနှင့် ပတ်သက်သော ဘေးအန္တရာယ်များကို မည်သို့ကိုင်
တွယ်ရမည်ဆိုသည့် အကြောင်းများကို ရေးသားထားသည့် ဆောင်းပါးများ ပါဝင်ပါသည်။

[61] Nway Kant Kaw, 2026 [this issue].

ဥပမာအားဖြင့် အဆိုပါသတင်းလွှာတစ်စောင်တွင် သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူ နန်းမေသူအောင်၏ ဆောင်းပါးတစ်ပုဒ်ကို မီးမောင်းထိုးပြပြီး သူမက "မိုခါမုန်တိုင်းသည် ၂၀၂၃ မေလတွင် တိုက်ခတ်ခဲ့ပြီး ယခုချိန်အထိ မည်သည့် တုံ့ပြန်မှုမျှ မရသေးသည့် ပြည်နယ်များစွာ ရှိနေဆဲဖြစ်သည်။ ရခိုင်ပြည်နယ်သည် မုန်တိုင်းကြောင့် အဆိုးရွားဆုံး ထိခိုက်မှုရှိကြောင်း ပြည်သူအများ သိရှိကြသည်" ဟု ရေးသားခဲ့သည်။[62] သတင်းလွှာတွင် အဆိုပါ စာရေးသူ၏ တက္ကသိုလ်စာတမ်းတစ်ခုအား မြန်မာဘာသာဖြင့် ပြန်လည်ထုတ်ဝေခဲ့ပြီး သူမသည် လူ့အခွင့်အရေးကို ဆွေးနွေးခဲ့ရာတွင် ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်းနှင့် မုန်တိုင်းများကို တုံ့ပြန်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန်နောက်ကျခြင်းနှင့် ပြန်လည်တည်ဆောက်ရေး စီမံခန့်ခွဲမှုများတွင် အကူအညီပေးမှုများ မရှိခြင်းသည် အရပ်ဘက်နှင့် စုပေါင်းအခွင့်အရေးများကို ချိုးဖောက်ကြောင်း အလေးပေးဖော်ပြခဲ့သည်။[63] သူမက ပုံမှန်မဟုတ်သော ရာသီဥတု အခြေအနေများ ကို အလေးပေးရေးသားခဲ့ပြီး မြန်မာနိုင်ငံရှိ အဓိကမြစ်များအပေါ် ရာသီဥတုပြောင်းလဲမှု၏ ပြင်းထန် သော သက်ရောက်မှုကို ထောက်ပြခဲ့သည်။ ဤရာသီဥတုကြောင့်ဖြစ်သော ဘေးအန္တရာယ်များသည် တောင်သူများနှင့် ငါးဖမ်းသမားများအတွက် ထွန်ယက်စိုက်ပျိုးခြင်းများကို ဆိုးရွားစွာ ထိခိုက်စေပါသည်။[64] အခြားဆောင်းပါးတစ်ခုတွင် သူမက "ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရန် အသင့်အနေအထား"[65] အကြောင်း ရေးသားပြီး လက်ရှိနိုင်ငံရေးအခြေအနေအတွင်း ပြည်သူများအား မိမိကိုယ်ကို အားကိုးရန် အားပေးခဲ့သည်။ စစ်အာဏာသိမ်းပြီးချိန်မှစတင်၍ ပြုလုပ်ခဲ့သော ချိုးဖောက်မှုအမျိုးမျိုးထဲတွင် သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားမှုများကို ပိတ်ပင်ခြင်းနှင့် နိုင်ငံတကာကယ်ဆယ်ရေးပစ္စည်းများကို အလွဲသုံးစားလုပ်ခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ကြောင်း သူမက ဆွေးနွေး ငြင်းခုံခဲ့သည်။ ထို့ကြောင့် တော်လှန်ရေးကာလအတွင်း သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်ရန်နှင့် အသင့်ပြင်ရန် ကြိုးစားရန်နှင့် ပြောင်းလဲမှုများကို မိမိတို့ကိုယ်တိုင် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း သူမက အကြံပြုခဲ့သည်။[66]

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတင်းလွှာပါ ဆောင်းပါးများသည် ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များမှ တစ်ဆင့် နိုင်ငံတကာ အထိမ်းအမှတ်နေ့ရက်များကို ဖော်ပြရာတွင် အထူးသဖြင့် မြန်မာနိုင်ငံရှိ အခြေအနေကို မည်ကဲ့သို့ ကူညီနိုင်သည်ကို မကြာခဏရည်ညွှန်းပါသည်။ ဥပမာအားဖြင့်

[62] မိုခါမုန်တိုင်း၏ သက်ရောက်မှုနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား ဤစာစောင်တွင် ပါရှိသည့် Chambers နှင့်အဖွဲ့ ရေးသားသည့်ဆောင်းပါးတွင် ဖတ်ရှုနိုင်ပါသည်။

[63] NUG-MoNREC's, 2023d.

[64] NUG-MoNREC 's, 2023e.

[65] NUG-MoNREC, 2023f.

[66] NUG-MoNREC, 2023f.

၂၀၂၄ ဇွန်လ (၂၉) ရက်နေ့ထုတ် သတင်းလွှာတွင် မြန်မာ့နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစု ကြည်မှ ၂၀၁၄ တွင် ထုတ်ဝေခဲ့သော ပထမဆုံး အပူပိုင်းဒေသဆိုင်ရာအစီရင်ခံစာကို ဂုဏ်ပြုရန် အတွက် ကုလသမဂ္ဂ အထွေထွေညီလာခံမှ နှစ်စဉ် ဇွန်လ (၂၉) ရက်နေ့ကို အပြည်ပြည် ဆိုင်ရာအပူပိုင်းဒေသများနေ့အဖြစ် ကြေညာခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။[67] စစ်ပွဲနှင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားစဉ် သဘာဝပတ်ဝန်းကျင်အပေါ် အလွန်အကျွံထုတ်ယူသုံး စွဲမှုအား ကာကွယ်ခြင်းအထိမ်းအမှတ်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဤသို့ ရေးသားခဲ့သည်။

> လူသားချင်းစာနာမှုဟုဆိုရာတွင် စစ်ပွဲအတွင်းပျက်စီးသွားသော မြို့များ၊ ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ သေဆုံးသွားသော သို့မဟုတ် ဒဏ်ရာရသွားသော စစ်သားများ၊ အရပ်သားပြည်သူများကဲ့သို့ သော စစ်ပွဲအတွင်းဖြစ်ပွားခဲ့သော အသေအပျောက် များ၊ ပျက်စီးထိခိုက်မှု များကိုသာ ထည့်သွင်းသတ်မှတ်ခဲ့ကြသော်လည်း သဘာဝပတ်ဝန်းကျင် သည်လည်း စစ်ပွဲ၏ သားကောင်အဖြစ် မကြာခဏကျန်ရှိနေခဲ့သည်။ ရေတွင်းရေကန်များ ညစ်ညမ်းသွားခြင်း၊ စိုက်ပျိုးသီးနှံများ မီးရှို့ခံရခြင်း၊ သစ်တောများ ခုတ်ထွင်ခြင်း၊ မြေဆီလွှာများ အဆိပ်သင့်ခြင်းနှင့် တိရစ္ဆာန် များ သေကြေပျက်စီးခြင်းတို့သည် စစ်တပ်/စစ်ပွဲ၏ အကျိုးသက်ရောက်မှု များပင်ဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ သတင်းလွှာဆောင်းပါးများတွင် ပဋိပက္ခသည် ရေနှင့် စိုက်ပျိုးရေးမြေကဲ့သို့သော ရှားပါး သယံဇာတများနှင့်အတူ ရေနံနှင့် ရွှေကဲ့သို့သော တန်ဖိုးရှိသော သယံဇာတများကို ထုတ်ယူ ခြင်းနှင့် မည်သို့ ဆက်စပ်နေကြောင်း ဆက်လက်ဖော်ပြခဲ့သည်။ "ထို့ကြောင့် ကုလသမဂ္ဂ အထွေထွေညီလာခံမှ နှစ်စဉ် နိုဝင်ဘာလ (၆) ရက်နေ့ကို စစ်ပွဲနှင့် လက်နက်ကိုင်ပဋိပက္ခ များအတွင်း သဘာဝပတ်ဝန်းကျင်အပေါ် အလွန်အကျွံထုတ်ယူသုံးစွဲမှုအား ကာကွယ်ခြင်း အထိမ်းအမှတ်နေ့တွင် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့သည်" [68] ဤနည်းလမ်းများဖြင့် အမျိုးသား ညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂနှင့် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာနှင့် ရာသီဥတုအစီအစဉ်များ နှင့် ၎င်းတို့ကိုယ်ကို ချိတ်ဆက်ထားပါသည်။

[67] Ministry of Natural Resources, 2024e.
[68] Ministry of Natural Resources, 2022d.

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၎င်း၏ သတင်းလွှာများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရက်စက်ကြမ်းကြုတ်မှုကို မီးမောင်းထိုးပြရန် "ကဗျာ" အနုပညာကိုလည်း အသုံးပြုပါသည်။ ဥပမာအားဖြင့် ကဗျာရေးသူ အိမ်မိုးမှ ပြည်သူများအနေဖြင့် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများကြောင့် ခံစားနေရသည့် ဝေဒနာများအကြောင်း ပုံဖော်ရာတွင် စစ်သားများက ပြည်သူများ၏ လက်နှင့် ခြေထောက်များကို ဖြတ်တောက်ပြီးနောက် ၎င်းတို့အား "ပြေးလွှားကစားကြပါ" ဟု ပြက်ရယ်ပြုကာ ပြောဆိုခြင်း သို့မဟုတ် လျှာများကို ဖြတ်တောက်ပြီးနောက် "ပြောဆိုပြုံးရယ်ကြပါ" ဟု စေခိုင်းခြင်းကဲ့သို့သော ကြောက်မက်ဖွယ် လုပ်ရပ်များကို ဖော်ပြခဲ့သည်။ ၎င်းသည် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုနှင့် ထိုရက်စက်ကြမ်းကြုတ်မှုနဲ့အတူယှဉ်တွဲနေသည့် အပေါ်ယံဟန်ပြ 'ရက်ရောမှု' တို့ကို ပုံဖော်ပြသနေသည်။[69] သတင်းလွှာတွင်ပါဝင်သည့် ကာတွန်းများသည် သဘာဝပတ်ဝန်းကျင်အပေါ် စစ်တပ်၏ ပျက်စီးစေသောလုပ်ရပ်များ၏ သက်ရောက်မှု၊ ဥတုရာသီပြောင်းလဲမှုအပေါ် ပြည်သူများမှ ထိခိုက် ခံစားရမှု (ပုံ ၉ နှင့် ၁၀ ကို ကြည့်ပါ) တို့ကို ပုံဖော်ပြီး ပြည်သူများကို သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေး လှုံ့ဆော်ရန် အားထုတ်ထားပါသည်။ အချို့ကာတွန်းများသည် စစ်တပ်ကို ပြတ်ပြတ်သားသား ဝေဖန်ကြပါသည်။ ဥပမာအားဖြင့် ပုံ (၉) တွင် စစ်တပ်သည် အာဏာသိမ်းပြီးချိန်မှစတင်၍ ၎င်းတို့က ပြည်သူများစွာကို သတ်ဖြတ်ပြီး 'လူမျိုးသုဉ်း သတ်ဖြတ်မှု' ကို ကျူးလွန်ရုံသာမက သယံဇာတများကို တရားမဝင် အမြတ်ထုတ်ပြီး သဘာဝ ပတ်ဝန်းကျင်ကို ဖျက်ဆီးကာ 'သဘာဝ ပတ်ဝန်းကျင်အား မျိုးသုဉ်းစေမှု' ဖြစ်စေကြောင်းကို သရုပ်ဖော်ထားပါသည်။

ပုံ (၉)

[69] NUG-MoNREC, 2023c.

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ သတင်းလွှာတွင် ပါဝင်ပြီး ၂၀၂၄ ဖေဖော်ဝါရီလ (၂၉) ရက်နေ့၌ ဖေ့စ်ဘုတ်တွင် မျှဝေထားသော ကာတွန်းဆရာ စဖိုင်းယား (Sapphire) ၏ ကာတွန်း။[70]

ပုံ (၁၀)

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ သတင်းလွှာတွင် ပါဝင်ပြီး ၂၀၂၃ ဩဂုတ်လ (၃၁) ရက်နေ့၌ ဖေ့စ်ဘုတ်တွင် မျှဝေထားသော ကာတွန်းဆရာ စဖိုင်းယား (Sapphire) ၏ ကာတွန်း။[71]

မိမိ၏ ခွဲခြမ်းစိတ်ဖြာမှု တစ်စိတ်တစ်ပိုင်းအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အွန်လိုင်းပို့စ်များနှင့် သတင်းစာစောင်များ၊ ဖေ့စ်ဘုတ်မှတ်ချက်များ၊ 'နှစ်သက်မှုများ' နှင့် လူမှုမီဒီယာအကောင့်များကို စောင့်ကြည့်

[70] Ministry of Natural Resources, 2024a.
[71] Ministry of Natural Resources, 2024d.

မှုများ ပြုလုပ်ခဲ့ပါသည်။ ဤကိစ္စသည် ခက်ခဲသော လုပ်ငန်းစဥ်တစ်ခုဖြစ်သည်။ အမျိုးသား ညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် စောင့်ကြည့်သူ (၁၅၁,၀၀) ကျော်ရှိပြီး ၂၀၂၄ စက်တင်ဘာလ (၂၀) ရက်နေ့အထိ နှစ်သက်မှုပေါင်း (၁၃၉,၀၀၀) ကျော် ရရှိခဲ့သော်လည်း ပို့စ်များသည် ပုံမှန်အားဖြင့် အနည်းငယ်သော မှတ်ချက်များသာ ရရှိပြီး တစ်ခါတစ်ရံတွင် ထိုမှတ်ချက်များကို တွေ့မြင်ရခြင်းမှ ဖုံးကွယ်ထားပါသည်။ မှတ်ချက်များကို မြင်နိုင်သောအခါတွင်လည်း ၎င်းတို့သည် အလွန်တိုတောင်းပါသည်။ ဥပမာအားဖြင့် ၂၀၂၄ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် သစ်ပင်စိုက်ပျိုးမှုအကြောင်းမျှဝေထားသည့် ပို့စ်သည် မှတ်ချက် (၁) ခု၊ ထပ်ဆင့်မျှဝေမှု (၆) ခုနှင့် နှစ်သက်မှု (၇၈) ခုသာရရှိခဲ့သည်။[72] သို့သော် ချွင်းချက်အချို့ ရှိပါသည်။ ဥပမာအားဖြင့် ၂၀၂၁ ဒီဇင်ဘာလ (၃) ရက်နေ့တွင် အမျိုးသားညီညွတ်ရေး အစိုးရ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် "မြန်မာနိုင်ငံသည် အာဏာသိမ်းပြီးနောက် ရာသီဥတုပြောင်းလဲမှု သက်ရောက်မှုများနှင့် အန္တရာယ် များစွာကို ရင်ဆိုင်နေရသည်" ဆိုသည့် ပို့စ်တစ်ခုတွင် အခိုင်အမာဖော်ပြခဲ့သည်။ ဤပို့စ်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ရှုတ်ချသော မှတ်ချက် (၆) ခု ရရှိခဲ့ပြီး ဥပမာအားဖြင့် ဖားကန့်တွင် ကျောက်စိမ်းကို တရားမဝင် အလွန်အကျွံ ထုတ်ယူခြင်းသည် စစ်တပ်အနေဖြင့် ၎င်း၏ ပြစ်မှု ပြစ်ဒဏ်များမှ ကင်းလွတ်နေရခြင်း၏ ရလဒ်ဖြစ်ကြောင်း ရည်ညွှန်းခဲ့သည်။ "စစ်အစိုးရလက်ထက် တွင် မြန်မာနိုင်ငံရှိ သယံဇာတများ ကုန်ခန်းမှု အခြေအနေ" ဆိုသည့် ခေါင်းစဥ်ဖြင့် မျှဝေခဲ့သည့် အခြား ဖေ့စ်ဘုတ်ပို့စ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဝေဖန်သော မှတ်ချက် (၂၁) ခု ရရှိခဲ့ပြီး ဖေ့စ်ဘုတ်အသုံးပြုသူများအနေဖြင့် "တပ်မတော်နှင့် အနီးကပ်ဆက်ဆံရေးရှိပြီး အကျင့်ပျက်ခြစားသော ခရိုနီလုပ်ငန်းရှင်များသည် အမျိုးမျိုးသော အမည်များဖြင့် နိုင်ငံ့သယံဇာတများကို ဝါးမျိုပစ်ခဲ့ ကြသည်"၊ "စစ်တပ်သည် သူခိုးများဖြစ်ကြသည်" နှင့် "လေကြောင်းတိုက်ခိုက်မှုဖြင့် ဗုံးကြဲခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုလည်း ဖျက်ဆီးသည်" ဟု ရေးသားခဲ့ကြသည်။ ၂၀၂၁ ဇွန်လ (၂၁) ရက် နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဖေ့စ်ဘုတ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် "အလောင်းတော်ကဿပ" အမျိုးသားဥယျာဥ်မှ တရားမဝင်သစ်ခိုးကူးမှုကို တားဆီးခဲ့ကြောင်း ပို့စ်တင်ခဲ့သည်။ ထိုပို့စ်ရှိ မှတ်ချက် (၃၆) ခု အားလုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သစ်ခိုးကူးမှုကို ဝေဖန်ခဲ့ကြသည်။ မှတ်ချက်တစ်ခုက "ထိုသစ်များအား တရုတ်နိုင်ငံသို့ ရောက်အောင် ခိုးကူးခြင်းကို တားဆီးရန် အားလုံး ပူးပေါင်းကြစို့" ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

[72] Ministry of Natural Resources, 2024b.

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ အွန်လိုင်းလှုပ်ရှားမှုများသည် မည်မျှ လွှမ်းမိုးမှုရှိသည်ကို သိရှိရန် ခက်ခဲပါသည်။ သို့သော် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် ဝန်ကြီးဌာန၏ ကိုယ်စားပြုမှုများအား စစ်အုပ်ချုပ်မှုနှင့် စစ်တပ်မှ ကျူးလွန်ခဲ့သော လုပ်ရပ်များအပေါ် ၎င်း၏ နက်ရှိုင်းစွာ ဝေဖန်ခဲ့သော ဝေဖန်ချက်များနှင့် ခွဲခြား၍မရပါ။ ဤရာသီဥတုပြောင်းလဲမှုဆိုင်ရာ တော်လှန်နိုင်ငံရေးသည် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်သည့် အခြားရွေးချယ်စရာဖြစ်သည့် နိုင်ငံ့ဝန်ကြီးဌာနအဖြစ် ၎င်းတို့ကိုယ်ကို မည်သို့သတ်မှတ်သည်ဆိုသည်မှာ အဓိကအချက် ဖြစ်ပါသည်။ အမျိုးသား ညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောလုပ်ငန်း၊ သစ်ခုတ်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် အခြားသက်ရောက်မှုများကို မြေပြင်တွင် လုပ်ဆောင်ခြင်းဖြင့် ကိုယ်စားပြုမှုထက် ကျော်လွန်ရန် မည်ကဲ့သို့ ကြိုးစားခဲ့သည်ကို မိမိအနေဖြင့် ဆက်လက်ရေးသားပါမည်။

သစ်တောပြုန်းတီးခြင်းနှင့် တရားမဝင် သစ်ခုတ်ခြင်းကို ဆန့်ကျင်သည့် လုပ်ဆောင်မှုများ

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၎င်း၏ အုပ်ချုပ်ရေး တည်တံ့သည့် လွတ်မြောက်ဒေသများတွင် ၎င်း၏ ကြားကာလ သယံဇာတ စီမံခန့်ခွဲမှုမူဘောင်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ပြီး အထူးသဖြင့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများတွင် ပိုမိုနည်းပါးသည့် အတိုင်းအတာပမာဏဖြင့် အကောင် အထည်ဖော်ခဲ့သည်။[73] အကောင်အထည်ဖော်မှုသည် "မြို့နယ် သယံဇာတအုပ်ချုပ်မှုအဖွဲ့ (TAB-NR)" မှတစ်ဆင့် ပြုလုပ်ခြင်းဖြစ်ပြီး ၎င်းတို့ကို စစ်ကိုင်းတိုင်းဒေသကြီး၏ လွတ်မြောက်ဒေသများရှိ အမျိုးသားညီညွတ်ရေးအစိုးရ၏ မြို့နယ်ပြည်သူ့ အုပ်ချုပ်ရေးအဖွဲ့ (TAB) အောက်တွင် ပထမဆုံး တည်ထောင်ခဲ့သည်။ အမျိုးသားညီညွတ်ရေး အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနသည် လက်ရှိကာလနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ စနစ်အတွက် သယံဇာတ များကို ထိရောက်စွာ စီမံခန့်ခွဲရန် မြို့နယ်သယံဇာတအုပ်ချုပ်မှုအဖွဲ့များကို နည်းပညာဆိုင်ရာ ပံ့ပိုးမှု များ ပေးပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ၏ နည်းပညာဝန်ထမ်းများနှင့် အင်တာဗျူးများပြုလုပ်ခဲ့ခြင်းအရ ထိုလှုပ်ရှားမှုများသည် သစ်တောပြုန်းတီးမှုနှင့် တရားမဝင်သစ် ထုတ်ယူမှုလှုပ်ရှားမှုများကို စောင့်ကြည့်ရန် ကြိုးပမ်း

[73] NUG-MoNREC, 2022a.

မှုများကို လွှမ်းခြုံထားပါသည်။ သစ်တောထိန်းသိမ်းရေးအတွက် အချို့ မြို့နယ်သယံဇာတ အုပ်ချုပ်မှုအဖွဲ့များသည် ရေလွှမ်းမိုးမှုကို တားဆီးရန် မြစ်ကမ်းပါးဒေသများတွင် စိုက်ပျိုးရန် အတွက် ပျိုးပင်များကို တောင်းဆိုခဲ့ကြသည်။ ထို့အပြင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာ ရသူများသည် လက်ရှိကာလတွင် ချက်ပြုတ်ရန်အတွက် သစ်တောများရှိ သစ်သားကိုခုတ်ထွင် အသုံးပြုနေကြသောကြောင့် မီးစာထင်းအပေါ် အားကိုးမှုကို လျှော့ချရန် လျှပ်စစ်မီးဖိုများ အသုံးပြုမှုကိုလည်း အမျိုးသားညီညွတ်ရေး အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ မြှင့်တင်လျက်ရှိသည်။[74]

၂၀၂၂ အောက်တိုဘာလတွင် ထုတ်ဝေခဲ့သော အစီရင်ခံစာတစ်စောင်တွင် အမျိုးသား ညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သစ်တောပြုန်းတီးမှုနှင့် ပတ်သက်၍ မြေပြင်ရှိ အချက်အလက်များအား စုဆောင်းရန် မြို့နယ်သယံဇာတအုပ်ချုပ်မှုအဖွဲ့ (TAB-NRs) များနှင့် ပူးပေါင်းပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ အကြမ်းမဖက်အာဏာဖီဆန်ခြင်း လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဝန်ထမ်း (၁၇) ဦးအတွက် စွမ်းရည်မြှင့်တင်ရေးကို မည်ကဲ့သို့ အထောက်အပံ့ပေးခဲ့သည်ကို အသေးစိတ် ဖော်ပြထားပါ သည်။[75] ဤစမ်းသပ် စီမံကိန်းသည် နိုင်ငံတကာမှ ရန်ပုံငွေ ထောက်ပံ့မှု ရရှိခဲ့ပြီး Global Forest Watch ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပြီး ၎င်းက သစ်တောပြုန်းတီးမှု သတိပေးချက် များအတွက် ၎င်း၏ ပလက်ဖောင်းကို အသုံးပြုနိုင်ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများကို လေ့ကျင့် သင်ကြားပေးခဲ့သည်။ ဤပလက်ဖောင်းသည် မေရီလန်းတက္ကသိုလ်၊ နာဆာ၏ Landsat ဂြိုဟ်တုများ၊ ဥရောပ အာကာသအေဂျင်စီနှင့် ဝက်ဂ်နင်ဂန် (Wageningen) တက္ကသိုလ်တို့မှ အချက်အလက်များကို ပေါင်းစပ်ထားပါသည်။ စီမံကိန်းသည် ၂၀၂၁ ဖေဖော်ဝါရီ (၁) ရက်မှ ၂၀၂၂ အောက်တိုဘာ (၁၃) ရက် အထိ သစ်တောပြုန်းတီးမှု သတိပေးချက် (၂၂,၆၀၇) ခုကို မှတ်တမ်းတင်ခဲ့ပြီး အထူးသဖြင့် ကလေးမြို့၊ ခန္တီးမြို့နှင့် မော်လိုက်မြို့တို့ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၏ ဗဟိုဒေသများတွင် အာဏာသိမ်းပြီးချိန်မှစတင်၍ သစ်တောပြုန်း တီးမှုများ ချဲ့ထွင်လာကြောင်း အတည်ပြုခဲ့သည်။ အစီရင်ခံစာသည် အနီးစပ်ဆုံးကို ခန့်မှန်းနိုင် သည့် အချိန်နှင့် တပြေးညီ သစ်တောပြုန်းတီးမှု သတိပေးချက်များကို အသုံးပြုခြင်းသည် သစ်တောပြုန်းတီးမှု၏ တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကြောင်းရင်းများကို ပိုမိုကောင်းမွန်စွာ အကဲဖြတ်ရန်နှင့် သစ်တောများထိန်းသိမ်းရေးအတွက် သတင်းအချက်အလက် အခြေပြု ဆုံးဖြတ်ချက်များ ချမှတ်ပြီး လုပ်ဆောင်နိုင်ရန် မြို့နယ်သယံဇာတအုပ်ချုပ်မှုအဖွဲ့များကို

---

[74] NUG-MoNREC staff member, personal communication, March 14, 2023; November 30, 2023.
[75] NUG-MoNREC, 2022b.

မည်ကဲ့သို့ အကူအညီပေးနိုင်ပုံကို မီးမောင်းထိုးပြထားသည်။ ၎င်းသည် သယံဇာတများကို ရေရှည်တည်တံ့စွာ စီမံခန့်ခွဲရန်အတွက် ဒေသခံ အသိုင်းအဝိုင်းများ၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့နှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်လည်း အားပေးပါသည်။

တရားမဝင် သစ်ခုတ်ခြင်းနှင့်ပတ်သက်၍ မြို့နယ်သယံဇာတအုပ်ချုပ်မှုအဖွဲ့များသည် အမျိုးသားညီညွတ်ရေးအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၏ ကြားကာလလုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များကို အခြေခံပြီး လုပ်ဆောင်နိုင်ရန် အတွက် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပါသည်။[76] ဥပမာအား ဖြင့် သစ်မှောင်ခိုကုန်သည်များသည် အမျိုးသားညီညွတ်ရေးအစိုးရမှ စီမံခန့်ခွဲသော ဒေသများ တွင် ကျွန်းသစ် သို့မဟုတ် အခြားသစ်တောထွက်ပစ္စည်းများကို ခိုးယူပါက မြို့နယ်သယံဇာတ အုပ်ချုပ်မှုအဖွဲ့များသည် ထိုကိစ္စကို ဖြေရှင်းရန် ကြားကာလ လုပ်ထုံးလုပ်နည်းများကို အသုံးပြု ပါသည်။ ဤသို့ဖြေရှင်းရာတွင် စက်ဘီးအသုံးပြု၍ သစ်ခိုးထုတ်သယ်ဆောင်ခြင်းကဲ့သို့သော သေးငယ်သော ပြစ်မှုများအတွက် အခွန်ကောက်ခံခြင်းနှင့် ဒဏ်ကြေးချမှတ်ခြင်း ပါဝင်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များမှ တရားမဝင် သစ်ခိုးထုတ်သယ်ဆောင်သည့် ကြီးမားသောပြစ်မှုများ အတွက်မူ ဖမ်းဆီးရမိသောသစ်ကို မြို့နယ်သယံဇာတအုပ်ချုပ်မှုအဖွဲ့မှ သိမ်းဆည်းပြီး စစ်တပ် ၏ မီးရှို့ဖျက်ဆီးခြင်းကို ကြုံတွေ့ခဲ့ရသည့် နေအိမ်များကို ပြန်လည်တည်ဆောက်ရန်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အသုံးပြုပါသည်။ တရားမဝင် သစ်ခုတ်ခြင်း ကို ဖမ်းဆီးရရှိရာမှ ရရှိသည့် ရန်ပုံငွေအချို့အား စစ်ကိုင်း တိုင်းဒေသကြီးတွင် ရာသီဥတု ပြောင်းလဲမှု၊ အခြေခံဥပဒေဖွဲ့စည်းပုံ ပြောင်းလဲမှုနှင့် တရားမဝင် လုပ်ရှားမှုများကို စောင့်ကြည့် ခြင်းများအတွက် လေ့ကျင့်မှု ကုန်ကျစရိတ်များကို ရန်ပုံငွေပေးရန် အတွက်လည်း အသုံးပြုပါ သည်။ ဤအချက်အလက်ကို မိမိပြုလုပ်ခဲ့သည့် အင်တာဗျူးများနှင့် အမျိုးသားညီညွတ် ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သတင်းလွှာများ မှ အတည်ပြုခဲ့သည်။ သစ်အတွက် အခွန်ကောက်ခံခြင်းနှင့် သိမ်းဆည်းခြင်းကို အာဏာ သိမ်းပြီးနောက်ပိုင်းတွင် ပေါ်ပေါက်လာသည့် လုံခြုံရေးနှင့် တော်လှန်ရေးအဖွဲ့များ၏ အကူ အညီဖြင့် ပြုလုပ်ကြောင်း သိရှိရပါသည်။ ၎င်းတို့မှာ ရွာအဆင့် ဒေသခံလုံခြုံရေးအဖွဲ့များ (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ "ပကခ")[77]၊ ဒေသခံရဲတပ်ဖွဲ့များ (ပလဖ)၊ ပြည်သူ့ကာကွယ်ရေး

[76] NUG-MoNREC staff member, personal communication, March 14, 2023; November 30, 2023.

[77] ပကဖသည် ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုတစ်ခု၏ လုံခြုံရေးနှင့် ပတ်သက်သည့်ကိစ္စများကို လုပ် ဆောင်သည်။ ထိုအဖွဲ့ကို များသောအားဖြင့် ဒေသခံလူငယ်များနှင့် တက်ကြွလှုပ်ရှားသူများဖြင့် ဖွဲ့စည်း ထားပြီး လက်လုပ်လက်နက် သို့မဟုတ် လက်နက်ငယ်များကို အဓိကထား အသုံးပြုကာ လူထုလုံခြုံရေး အတွက် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ကြလေ့ရှိသည် (Nyana et al., 2024)။

တပ်ဖွဲ့နှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့တို့ ဖြစ်ကြပါသည်။ ဤအဖွဲ့များသည် ကုန်သွယ်မှုကို ထိန်းချုပ်ရန်၊ အခွန်ကောက်ခံရန်နှင့် စစ်တပ်၏ ထောက်ပံ့ရေးကို ဖြတ်တောက်ရန်အတွက်လည်း အညာဒေသရှိ[78] လမ်းများတွင် စစ်ဆေးရေးစခန်းများစွာ တည်ဆောက်ခဲ့ကြသည်။ သို့သော် ဤလုပ်ဆောင်မှုသည် သစ်နှင့် ပတ်သက်၍ မည်သို့ ပြုလုပ်သည်၊ ဤအဖွဲ့များမှ သစ်ကို မည်မျှ အခွန်ကောက်ခံပြီး မည်ကဲ့သို့သိမ်းဆည်းသည်ကိုမူ သိရှိရခြင်းမရှိပါ။[79]

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းတစ်ဦး၏ ပြောဆိုမှုအရ မြေပြင်တွင် တည်ငြိမ်မှုမရှိခြင်းနှင့် လုံခြုံမှုမရှိသည့် အခြေအနေကြောင့် လှုပ်ရှားမှုများနှင့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ရန် ခက်ခဲပြီး စိန်ခေါ်မှုများစွာ ရှိကြောင်း ဖော်ပြခဲ့သည်။[80] ၎င်းဝန်ထမ်းမှ အမျိုးသားညီညွတ်ရေးအစိုးရမှ စီမံအုပ်ချုပ်နိုင်သည့် လွတ်မြောက်ဒေသများတွင် "မိမိတို့သည် မိမိတို့၏ တာဝန်များကို အကောင်အထည်ဖော်ရန် အရင်းအမြစ်နှင့် လူပုဂ္ဂိုလ်များ အကန့်အသတ်ရှိသောကြောင့် ဝန်ပိနေသည့် အလုပ်များစွာ ရှိပါသည်" ဟု ပြောကြားခဲ့သည်။ ထို့အပြင် ဒေသခံအုပ်ချုပ်ရေး အဖွဲ့များသည် မကြာခဏ ရွှေ့ပြောင်း သွားလာနေကြရပြီး စစ်အစိုးရကို ဆန့်ကျင်သည့် ၎င်းတို့၏ တိုက်ပွဲဖော်ဆောင်ခြင်းများအပေါ် ပိုမို အာရုံစိုက်နေကြသောကြောင့် ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်း အခက်အခဲများရှိပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် စံသတ်မှတ်ထားသည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှိသော်လည်း သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုကို စောင့်ကြည့်ရန်နှင့် မြေပြင်သို့ ဝင်ရောက်ကြည့်ရှုရန် အခက်အခဲများ ရှိကြောင်းကို အင်တာဗျူးဖြေဆိုသူမှ ပြောကြားခဲ့ပြီး ၎င်းတို့အနေဖြင့် တတ်နိုင်သမျှ ဒေသခံအသိုင်းအဝိုင်းများနှင့် မြေပြင်ရှိ အကြမ်းမဖက်အာဏာဖီဆန်ခြင်းလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဝန်ထမ်း

[78] အညာဆိုသည်မှာ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသကို ညွှန်းဆိုပြီး စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းတို့ ပါဝင်သည် (Nyana et al., 2024)။

[79] Nyana et al. (2024, pp. 228-229) နှင့်အဖွဲ့၏ အစီရင်ခံစာအရ ထိုကဲ့သို့ ဆက်စပ်အဖွဲ့အစည်းများက စစ်ဆေးရေးဂိတ်များတွင် အခွန်ကောက်ခံရာ၌ များသောအားဖြင့် NUG ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြကြောင်း သိရသည်။ စစ်ကိုင်းတိုင်းမှ ဖြေဆိုသူတစ်ဦး၏ ပြောကြားချက်အရ မြို့နယ်တစ်ခု၏ အခွန်ဘဏ္ဍာစီမံခန့်ခွဲမှုပုံစံမှာ ကောက်ခံရရှိသောအခွန်၏ (၃၀) ရာခိုင်နှုန်းကို NUG အတွက် သီးသန့်ဖယ်ထားပြီး ကျန်ရှိသော (၇၀) ရာခိုင်နှုန်းကို ကျန်းမာရေး၊ ပညာရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ အခြေခံအဆောက်အအုံနှင့် တော်လှန်ရေးအင်အားစုများကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ထားကြောင်း ဖော်ပြထားသည်။ သို့သော်လည်း ဤစာတမ်းတွင် သစ်တောရေးရာကိစ္စရပ်များကိုသာ သီးခြားရည်ညွှန်းဖော်ပြခြင်း မရှိပေ။

[80] NUG-MoNREC staff, personal communication, March 14, 2023.

များနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးစားကြောင်း ဖော်ပြခဲ့သည်။ အမျိုးသားညီညွတ်ရေး အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လေ့ကျင့်မှုများနှင့် ဆက်သွယ်ရေးအများစုသည် အွန်လိုင်းပလက်ဖောင်းများပေါ် မှီခိုနေရသည့်အတွက် စစ်တပ်၏ မကြာခဏ အင်တာနက် ဖြတ်တောက်ခြင်းများကလည်း စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပါသည်။ အခြားသော အဓိကစိန်ခေါ်မှု တစ်ရပ်မှာ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၎င်းတို့၏ စီမံကိန်းများအတွက် နိုင်ငံတကာမှပေးသည့် တရားဝင်ရန်ပုံငွေ ချို့တဲ့နေခြင်း ဖြစ်သည်။ ၎င်းတို့ကို အစိုးရတစ်ခုအဖြစ် တရားဝင် အသိအမှတ်ပြုခြင်း မခံရသေးသည့် ကာလ ပတ်လုံး နိုင်ငံတကာ အကူအညီကို ရယူရန် ခက်ခဲပါသည်။ အဘယ်ကြောင့်ဆိုသော် ဥတုရာသီ ဆိုင်ရာလုပ်ငန်းများတွက် ပေးအပ်သည့် ရန်ပုံငွေအများစုသည် နိုင်ငံနှစ်နိုင်ငံအကြား ချေးငွေများမှ တစ်ဆင့် စီးဆင်းသောကြောင့် ဖြစ်သည်။[81]

ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒများသည် နိုင်ငံတစ်ဝန်းလုံးကို လွှမ်းခြုံထားခြင်း ဖြစ်သော်လည်း ၎င်း၏ လုပ်ဆောင်မှုများသည် အညာဒေသရှိ အမျိုးသားညီညွတ်ရေးအစိုးရမှ ထိန်းချုပ်စီမံနိုင်သည့် လွတ်မြောက်ဒေသများတွင်သာ ကန့်သတ်လုပ်ဆောင်နိုင်ပါသည်။ အခြားဒေသများ အထူးသဖြင့် တိုင်းရင်းသား လူနည်းစု အသိုင်းအဝိုင်းများ ပိုမိုများပြားစွာ နေထိုင်သည့် နေရာဒေသများတွင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများကို နည်းလမ်း အသွယ်သွယ်ဖြင့် အသုံးချပါသည်။[82] ဤအရာသည် မြန်မာနိုင်ငံတွင် အာဏာတည်တံ့မှုများ များစွာ တည်ရှိ ပေါင်းစုံမှုကို ထင်ဟပ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရသည် နိုင်ငံတော်တစ်ရပ်အနေဖြင့် စီမံခန့်ခွဲလုပ်ဆောင်နေခြင်းနှင့် ၎င်းသည် သယံဇာတ စီမံခန့်ခွဲမှုတွင် ပါဝင်နေသည့် အဖွဲ့များစွာထဲမှ တစ်ခုသာဖြစ်သည်။ သို့သော် အမျိုးသားညီညွတ်ရေးအစိုးရနှင့် အခြားကဏ္ဍများအကြား အကန့်အသတ်ဖြင့်ဖြစ်ပေါ်နေသော ပူးပေါင်းဆောင်ရွက်မှု ပုံစံများလည်း ရှိနေပြီး ဤအကြောင်းအရာနှင့် ပတ်သက်၍ မိမိအနေဖြင့် ဆက်လက်ဖော်ပြပါမည်။

---

[81] ရာသီဥတုဆိုင်ရာ နိုင်ငံတကာအထောက်အပံ့ ရရှိရေးနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို Chambers & Kyed (2024). တို့၏ ဆောင်းပါးတွင် ဖတ်ရှုနိုင်ပါသည်။

[82] See also South, 2024.

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဌာနေတိုင်းရင်းသား အသိုင်းအဝိုင်းများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

မိမိအနေဖြင့် အင်တာဗျူးပြုလုပ်ခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများက ဝန်ကြီးဌာနသည် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၏ သယံဇာတစီမံခန့်ခွဲမှု သို့မဟုတ် ရာသီဥတုနှင့် သဘာဝပတ် ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစဉ်များတွင် ဝင်ရောက်စွက်ဖက်ခြင်း မရှိသော်လည်း ၎င်းတို့နှင့် ပူးပေါင်းညှိနှိုင်းရန် ကြိုးစားကြောင်း ပြောကြားခဲ့ကြသည်။[83] ဝန်ထမ်းတစ်ဦးမှ "ကျွန်တော်တို့ မူဝါဒက တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းတွေကို ဝင်ရောက်စွက်ဖက်ခြင်း မရှိဖို့ ဖြစ်တယ်၊ ဒါပေမယ့် သူတို့ လိုအပ်လာရင် ကျွန်တော်တို့က သူတို့က ကူညီပံ့ပိုးပေးချင်ပါတယ်၊ သူတို့နဲ့ ကျွန်တော်တို့ ပူးပေါင်း ဆောင်ရွက်ဖို့လိုအပ်ပါတယ်"ဟု ဖြေဆိုခဲ့သည်။[84] ထိုဝန်ထမ်း မှပင် လက်ရှိတွင် မြေပြင်တွင် ပူးပေါင်း လုပ်ဆောင်မှုများ မရှိသေးသော်လည်း ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတများနှင့် ပတ်သက်၍ အသိပညာ၊ အတွေ့အကြုံများနှင့် မူဝါဒများ ဖလှယ်ခြင်းကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်ခဲ့ကြောင်း ဆက်လက်ပြောကြားခဲ့ သည်။ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ အဆိုအရ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနထံ၌ ခိုင်မာသော သဘာဝပတ်ဝန်းကျင်ဆိုင် ရာ မူဝါဒများရှိပြီး ရာသီဥတုပြောင်းလဲမှုအပေါ် တုံ့ပြန် လုပ်ဆောင်မှုများရှိသည်ဟု ဂုဏ် သတင်းကျော်စောသည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း ဖြစ်သော ကရင်အမျိုးသား ညီညွတ်ရေးအဖွဲ့(KNU)သို့ ဆက်သွယ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။[85]

ဥပမာအားဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် KNU မှ အရာရှိတစ်ဦးသည် မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုအကြောင်း ဆွေးနွေးရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံ ဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံခဲ့သည်။[86] ထို နှစ်အစောပိုင်းတွင်ပင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အတွက် Facebook တိုက်ရိုက် ထုတ်လွှင့် ဆွေးနွေးပွဲတွင် တင်ပြရန် ဝန်ကြီးဌာနသည် ကရင်အမျိုးသားညီညွတ်ရေးအဖွဲ့ (KNU) ၏ သစ်တောဦးစီးဌာနမှ ဖဒိုမန်းဘထွန်းကို အမျိုးသားညီညွတ်ရေးအစိုးရ၊

[83] NUG-MoNREC staff, personal communication, March 14, 2023.
[84] NUG-MoNREC staff, personal communication, March 14, 2023.
[85] See Kyed & Chambers, 2023; South, 2024.
[86] NUG-MoNREC staff, personal communication, November 30, 2023.

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးနှင့်အတူ ဆွေးနွေးပြောကြားရန် ဖိတ်ကြားခဲ့သည်။ ဖဒိုမန်းဘထွန်းမှ သစ်တောများကို ဤတော်လှန်ရေးကာလအတွင်းသာမက တော်လှန်ရေးပြီးကာလတွင်လည်း ထိန်းသိမ်းခြင်း၏ အရေးပါမှုနှင့် ကရင်ရိုးရာတိုင်းရင်းသားများ၏ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများကို ထိန်းသိမ်းခြင်း အမူအကျင့်များ၏ အရေးပါမှုအကြောင်းကို ပြောကြားခဲ့သည်။

ၾင်းမှ "ကျွန်တော်တို့က တော်လှန်ရေးလုပ်တဲ့အခါ သစ်ရိပ်ဝါးရိပ်ကောင်းတဲ့ တောတောင်နဲ့ သဘာဝပတ်ဝန်းကျင်ကောင်းတွေပေါ် မှီခိုရမယ်" ဟု ပြောကြားပြီး ကောင်းမွန်တည် တံ့သည့် သစ်တောများရှိသောကြောင့် ကရင်အမျိုးသားညီညွတ်ရေးအဖွဲ့ (KNU)အနေဖြင့် နှစ် ပေါင်းများစွာ ရှင်သန်နိုင်ပြီး ခိုင်မာစွာ ရပ်တည်နိုင်ခဲ့သည်ဟု ဖြည့်စွက်ပြောကြားခဲ့ပြီး "သို့သော် အခုအာဏာသိမ်းပြီးနောက်ပိုင်း ကျွန်တော်တို့က အရင်အခြေအနေနဲ့ ဆန့်ကျင်ဘက် သစ်တော အခြေအနေကို မြင်နိုင်တယ်"ဟု မှတ်ချက်ပြုခဲ့သည်။ ၎င်းမှ အောက်ပါအတိုင်း ထပ်မံ မှတ်ချက်ပြုခဲ့သည်။

> ကျွန်ုပ်တို့ (ကရင်လူမျိုးများ) နဲ့ သစ်တောစီမံခန့်ခွဲရေးဌာန အနာဂတ်မျိုးဆက်တွေအတွက် သစ်တောကို ထိန်းသိမ်းရမယ်။ တိုင်းရင်းသား ကရင်လူမျိုးတွေဟာ သစ်တောနှင့်အတူ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုထိန်းသိမ်းရမယ်နဲ့ သစ်တောကို ဘယ်လိုကာကွယ်ရမယ်၊ သစ်တောထွက်ပစ္စည်းတွေကို ဘယ်လိုအသုံးပြုရမယ်၊ တောရိုင်းတိရစ္ဆာန်တွေကို မထိခိုက်စေဖို့ ဘယ်လိုမျိုး ရှောင်ကြဉ်ရမယ် စတာတွေကို နှစ်ထောင်ပေါင်းများကတည်းက နားလည် ထားကြပြီးဖြစ်တယ်။ ကရင်အမျိုးသားညီညွတ်ရေးအဖွဲ့ သစ်တောဦးစီးဌာနကို တည်ထောင်ခြင်းဟာ ငွေကြေးရရှိရန်သာ မဟုတ်ဘူး။ သစ်တောကို ထိန်းသိမ်းဖို့လည်းပါတယ်။ သစ်တောထိန်းသိမ်းရေးဟာ တော်လှန်ရေးကာလမှာ အလွန် အရေးကြီးပါတယ်။

ဤဗီဒီယိုတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအနေဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်း အသိပညာမြှင့်တင်ခြင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော ကျောင်းတစ်ကျောင်းတွင် စာစီစာကုံး ပြိုင်ပွဲများကျင်းပခြင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သယံဇာတစီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်းကဲ့သို့သော ဝန်ကြီးဌာန၏ လှုပ်ရှားမှုများကိုလည်း ဆွေးနွေးတင်ပြခဲ့သည်။ ၎င်းမှ အောက်ပါအတိုင်းပြောကြားခဲ့သည်။

> ကျွန်တော်တို့ဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအပေါ် တိုင်းရင်းသား လူမျိုးတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်။ အစိုးရတစ်ရပ်အနေ နဲ့ ကျွန်တော်တို့ဟာ သူတို့ကို ပြောရေးဆိုခွင့်ပေးရမှာဖြစ်ပြီး ကျွန်တော်တို့ အနေနဲ့ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် မူဝါဒတွေ ချမှတ်တဲ့အခါ သစ် တောအပေါ် ဌာနေတိုင်းရင်းသားတွေရဲ့ ဘိုးဘွားတွေ ကျင့်သုံးခဲ့တဲ့ တိုင်းရင်း သားလူမျိုးတွေရဲ့ ရိုးရာဓလေ့တွေကို ထည့်သွင်းစဉ်းစားရမယ်။[87]

ဗီဒီယိုတွင် ပြောထားသည့်အတိုင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကရင်အမျိုးသားညီညွတ်ရေးအဖွဲ့၏ သစ်တော နှင့် ပတ်သက်သည့် လုပ်ဆောင်မှုများနှင့် ဥပဒေများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာ အလေ့အကျင့်များအကြောင်း လေ့လာရန် ပွင့်လင်းစွာရှိနေကြောင်း တွေ့မြင်နိုင်သည်။ ဤ အရာသည် NLD အစိုးရ သက်တမ်းအပါအဝင် ၂၀၂၁ အာဏာသိမ်းမှုမတိုင်မီက အုပ်ချုပ်ခဲ့သည့် အခြားအစိုးရများနှင့် ဆန့်ကျင်ဘက် အခြေအနေဖြစ်သည်။[88]

တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ထိတွေ့လုပ်ဆောင်မှုနှင့် ပတ်သက်သည့် နောက်ထပ် ဥပမာတစ်ခုကို ၂၀၂၂ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကျင်းပသော Facebook တိုက်ရိုက် ဆွေးနွေးပွဲတွင် မြင်တွေ့နိုင်ပြီး ထိုဆွေးနွေးပွဲတွင် ယခင်က အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဖြစ်ခဲ့သူ ကယန်းတိုင်းရင်းသား ခွန်ဘီဒူးသည် ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီမှ ကိုယ်စားလှယ် တစ်ဦးနှင့်အတူ ပေါ်ထွက်လာခဲ့သည်။[89] ဆွေးနွေးပွဲခေါင်းစဉ်မှာ "ကြားကာလများနှင့် နွေဦး တော်လှန်ရေး ကျော်လွန် ပြီးနောက်တွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း" ဖြစ်ပါသည်။ ၎င်းတို့သည် တိုင်းရင်းသားပြည်နယ် ဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲလျော့ကျလာခြင်းနှင့် တော်လှန်ရေးကာလအတွင်း ရှားပါးသော တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ရန် မည်သို့ ဆောင်ရွက်ရမည်ကို ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့က ဒေသခံငှက်များအား Facebook စာမျက်နှာနှင့် ဒေသခံဈေးများတွင် ရောင်းချနေကြ ခြင်းများရှိကြောင်း ပြောကြားခဲ့သည်။ ဤအရာသည် ပြည်သူများအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းခြင်းအတွက် အသိ ပညာ ချို့တဲ့နေကြောင်း ပြသသည်။ ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟ စနစ်များကို ထိန်းသိမ်းခြင်း၏ အရေးပါမှုနှင့် ပတ်သက်၍ ဒေသခံ ပြည်သူများ၏ အသိပညာကို

[87] Ministry of Natural Resources, 2022b.
[88] See Mosberg (2026) [this issue].
[89] "Q&A: Karenni leader", 2023.

မြှင့်တင်ရန် ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ခွန်ဘီဒူးသည် ကရင်နီပြည်နယ် ကြားကာလအမှုဆောင်ကောင်စီ (IEC) တွင် ဥက္ကဋ္ဌရာထူးနှင့် တာဝန်ထမ်းဆောင်ရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မှ ထွက်ခွာခဲ့သည်။ Frontier မဂ္ဂဇင်းတွင်ပါဝင်သည့် ဆောင်းပါးတစ်ပုဒ်တွင် ၎င်းမှ ကရင်နီပြည်နယ်ကြားကာလအမှုဆောင်ကောင်စီသည် အမျိုးသားညီညွတ်ရေးအစိုးရနှင့် မကြာခဏ ပူးပေါင်းညှိနှိုင်းသော်လည်း အာဏာမျှဝေခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတိကျမှု ရှိသည့် သဘောတူညီချက်ကို ဖန်တီးနိုင်ခြင်း မရှိသေးကြောင်းနှင့် ယခုအချိန်တွင် အမျိုးသားညီညွတ်ရေးအစိုးရသည် ကရင်နီပြည်နယ်တွင် ၎င်းတို့၏ အုပ်ချုပ်ရေးကို တင်းကျပ်စီမံခြင်းမျိုး မပြုလုပ်သင့်ကြောင်းကို အလေးပေးပြောကြားခဲ့သည်။ ဥပမာ အမျိုးသားညီညွတ်ရေးအစိုးရသည် ၎င်းတို့၏ ဘတ်ဂျက်ကို ကရင်နီပြည်နယ်ကြားကာလအမှုဆောင်ကောင်စီနှင့် မျှဝေပြီး ကရင်နီပြည်နယ် ကြားကာလ အမှုဆောင်ကောင်စီက စီမံကိန်းများ ကို ထိရောက်စွာ အကောင်အထည်ဖော်ကြောင်း ၎င်းမှ မှတ်ချက်ပြုခဲ့သည်။ "ကျွန်တော်တို့မှာ အခုထိ ကောင်းမွန်တဲ့ ယန္တရားရှိပါတယ်" ဟု ၎င်းမှ ပြောကြားပြီး "ဒါဟာ ဗမာပြည်မှာ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာခြင်းအတွက် အစဖြစ်ပါတယ်" ဟု ဖြည့်စွက်ပြောကြားခဲ့သည်။ ထပ်မံ၍ဆွေးနွေးရလျှင် ဤအရာသည် တိုင်းရင်းသားဒေသတစ်ခုစီအနေဖြင့် မိမိတို့၏ ကိစ္စရပ်များကို မည်သို့စီမံခန့်ခွဲသည်ကို ထင်ဟပ်သော်လည်း ကရင်နီဒေသတွင်မူ အမျိုးသားညီညွတ်ရေးအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာအချို့ ရှိသည်ကို တွေ့မြင်ရသည်။

ယေဘုယျအားဖြင့် အမျိုးသားညီညွတ်ရေးအစိုးရသည် ကရင်နီပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ကောင်းမွန်သော ဆက်ဆံရေးများရှိကြောင်း တွေ့မြင်နိုင်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူလတွင်တာဝန်ယူခဲ့သည့် ဒုတိယဝန်ကြီး နှစ်ဦးစလုံးသည် ကရင်နီပြည်နယ်မှ ဖြစ်ကြောင်း သိသာထင်ရှားပါသည်။[90] ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့်လည်း ဆက်သွယ်မှုအချို့ တည်ထောင်ခဲ့ကြသည်။ Independent People's News သတင်းဌာန၏ ၂၀၂၄ ဧပြီလ (၁) ရက်နေ့တွင် မျှဝေခဲ့သည့် Facebook ပို့စ်အရ ဗန်းမောက်မြို့နယ်မှ သစ်သားတန်ချိန် (၈၁၈) တန် ထုတ်ယူရန် အမျိုးသားညီညွတ်ရေးအစိုးရနှင့် KIO တို့အကြား သဘောတူညီချက် ရရှိထားကြောင်း ဖော်ပြထားပါသည်။ ဤသဘောတူညီချက်သည် စီးပွားရေးအရ သစ်ခုတ်ခြင်းကို တားမြစ်ထားသည့် ကြားကာလ မူဘောင်နှင့် ညီညွတ်ခြင်း ရှိ၊ မရှိ မရှင်းလင်းပါ။ အဆိုပါပို့စ်ကို ကြည့်ရှုချိန်တွင် Facebook ပို့စ်တွင် ဝေဖန်သည့် မှတ်ချက်တစ်ခု ရှိနေပြီး ဒေသခံပြည်သူအများစုက ၎င်းတို့၏ အသိုင်းအဝိုင်းမှ သစ်ထုတ်ယူခြင်းကို လက်ခံခြင်းမရှိကြောင်း ထင်ဟပ်နေပါသည်။ "၎င်းတို့သည် ဒေသခံအများစု၏ သဘောတူညီမှု

[90] Independent People's News, 2024.

မရှိခြင်းကို လျစ်လျူရှုကြသည်။ သစ်အားလုံးကို တရုတ်နိုင်ငံသို့ ရောင်းလိမ့်မည်”ဟု မှတ်ချက်ပေးထားသည်။ ဤကိစ္စသည် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် မည်သို့ပူးပေါင်းဆောင်ရွက်သည်ကို ကိုယ်စားပြုသည် သို့မဟုတ် အမျိုးသားညီညွတ်ရေးအစိုးရသည် သစ်ရောင်းချမှုမှ ရရှိသော ဝင်ငွေကို လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် တော်လှန်ရေးကဏ္ဍသို့ ပိုမိုကျယ်ပြန့်စွာ ခွဲဝေပေးမည်ဆိုသည့်အချက်စသဖြင့် လူထုကို ဗဟိုပြုသော သယံဇာတစီမံခန့်ခွဲမှု၏ ကတိကဝတ်ကို လိုက်နာခြင်း ရှိ၊ မရှိကို လေ့လာစောင့်ကြည့်ရမည်ဖြစ်သည်။

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အချို့သော အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် တိုင်းရင်းသားအရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း ထိတွေ့ဆက်ဆံခဲ့သည်။[91] ဤအဖွဲ့အစည်းများတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်၍ လုပ်ဆောင်သည့် အဓိကကရင်တိုင်းရင်းသားအဖွဲ့အစည်းဖြစ်သည့် ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ရက် (Karen Environmental and Social Action Network-KESAN) ပါဝင်ပြီး ၎င်းသည် ကရင်တိုင်းရင်းသား ဌာနေပြည်သူများနှင့် အသိပညာဆိုင်ရာ ကူညီပံ့ပိုးခြင်းကို အဓိကထား လုပ်ဆောင်သည့်အဖွဲ့ဖြစ်ပါသည်။ ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုကွန်ရက် (KESAN)သည် အမျိုးသားညီညွတ်ရေးအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား ဖက်ဒရယ်သယံဇာတမူဝါဒရေးဆွဲရန် အကူအညီပေးခဲ့ပါသည်။ ၎င်းတို့သည် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (Salween Peace Park) တွင် သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအပေါ် ၎င်းတို့၏ အသိပညာကိုမျှဝေခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား မြေပြင်အတွေ့အကြုံများနှင့် အချက်အလက်များကို ပံ့ပိုးကူညီပေးခဲ့သည်။ ဤအရာသည် ၂၀၁၆-၂၀၂၁ ခုနှစ် ကာလအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ဌာနေတိုင်းရင်းသားများ၏ ယူဆချက်အမြင်များနှင့် အလေ့အကျင့်များကို ပိုမိုအကျုံးဝင်ပါဝင်လာနိုင်စေရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြိုးပမ်းမှု ဥပမာနောက်တစ်ခုအဖြစ် တွေ့မြင်နိုင်ပါသည်။ မိမိအင်တာဗျူးပြုလုပ်ခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဝန်ထမ်းမှ မှတ်ချက်ပြုသည့်အတိုင်း ၎င်းဝန်ကြီးဌာနသည် နိုင်ငံတကာအား ဆွဲဆောင်မှုများလည်း ရှိပါသည်။ “ကျွန်တော်တို့ တိုင်းရင်းသား အဖွဲ့တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်၊ ဘာလို့လဲဆိုတော့ သူတို့မှာ

---

[91] NUG-MoNREC staff, personal communication, November 30, 2023.

ကမ္ဘာ့ကုလသမဂ္ဂကို သွားလို့ရတဲ့ လမ်းကြောင်း ရှိတယ်”ဟု ဖြေဆိုထားပါသည်။ ဤနေရာတွင် ထိုဝန်ထမ်းသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနေတိုင်းရင်းသား မဟာမိတ်အဖွဲ့ (All Burma Indigenous Peoples' Alliance)နှင့် ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ (Promotion of Indigenous and Nature Together) တို့ကို ရည်ညွှန်းနေခြင်း ဖြစ်ပြီး ၎င်းတို့အဖွဲ့အစည်း နှစ်ခုလုံးသည် ၂၀၂၁ နှင့် ၂၀၂၃ တွင် ရာသီဥတုပြောင်းလဲမှုကို လျှော့ချခြင်းဆိုင်ရာ နိုင်ငံတကာ ညီလာခံ (COP) ထိပ်သီးအစည်းအဝေးများတွင် ဌာနေတိုင်းရင်းသားအဖွဲ့များအနေဖြင့် တက်ရောက်ဆွေးနွေးနိုင်ခဲ့ပြီး ၂၀၂၂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ COP အစည်းအဝေးတွင်လည်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ဤသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် တက်ရောက်ဆွေးနွေးနိုင်ခြင်း အောင်မြင်မှုမရရှိသေးသည့် မှတ်တမ်းဖြစ်သည်။ မိမိအနေဖြင့် နိုင်ငံတကာနှင့် ပတ်သက်သည့် ရှုထောင့်များနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးရေးသားပါမည်။

နိုင်ငံတကာအသိုင်းအဝိုင်းတွင် လှုပ်ရှားဆောင်ရွက်နိုင်မှုနှင့် အသိအမှတ်ပြုမှု

အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတကာရပ်ဝန်းတွင် ဥတုရာသီပြောင်းလဲမှုကို တာဝန်သိစိတ်ရှိစွာ ကာကွယ်နေသည့် ဌာနတစ်ခုအဖြစ် မိမိကိုယ်ကို ပုံဖော်ရန် ကြိုးပမ်းခဲ့သည်။ ဤအရာအား အမျိုးသားညီညွတ်ရေးအစိုးရအား မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခံရနိုင်ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၏ ပိုမိုကျယ်ပြန့်သော တောင်းဆိုချက်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရှုမြင်နိုင်ပါသည်။[92] ၂၀၂၁ ဇူလိုင်လတွင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် “သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်နယ်ပယ်များတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု” အတွက် ကြေညာချက်တစ်ခု မူဝေခဲ့ပြီး ဥတုရာသီပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရန် နိုင်ငံတကာအေဂျင်စီများနှင့် လက်တွဲဆောင်ရွက်မှုနှင့် ရန်ပုံငွေထောက်ပံ့မှုကို အားပေးခဲ့သည်။ အဆိုပါကြေညာချက်တွင် မြန်မာနိုင်ငံ (အာဏာသိမ်းမှုမတိုင်မီ)သည် အိုဇုန်း ကာကွယ်ရေး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် လေထုညစ်ညမ်းမှု ထိန်းချုပ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ဂေဟစနစ် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု နယ်ပယ်များတွင် တာဝန်ယူသည့်အဖွဲ့ဝင်ဖြစ်ခဲ့ကြောင်း ဖော်ပြထားပါသည်။[93] မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ရန်ပုံငွေများကို ရယူသုံးစွဲခွင့် ရှိခဲ့ကြောင်းလည်းဖော်ပြခဲ့သည်။ ၎င်းကြေညာချက်သည် နိုင်ငံတကာအသိုင်း အဝိုင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မည်သည့်ဆက်သွယ်ရေးကိုမဆို

[92] NUG-MoNREC, 2021d.
[93] NUG-MoNREC, 2021e.

ရပ်ဆိုင်းပြီး ၎င်းတို့အစား အမျိုးသားညီညွတ်ရေးအစိုးရနှင့်သာ ထိတွေ့ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ ထို့အပြင် အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခြောက်လတာ တိုးတက်မှုအစီရင်ခံစာသည် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန် ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗန်းရှင်း (UN Framework Convention on Climate Change-UNFCCC)၊ ကမ္ဘာ့ပတ်ဝန်းကျင့်အထောက်အပံ့အဖွဲ့ (Global Environment Facility) နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UN Environment Program) ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် သတင်းအချက် အလက် အစည်းအဝေးများ ပြုလုပ်ရန် တောင်းဆိုခဲ့ကြောင်း ဖော်ပြထားပါသည်။ ၂၀၂၃ မေလ တွင် မိုခါမုန်တိုင်း တိုက်ခတ်ပြီးနောက် အမျိုးသားညီညွတ်ရေးအစိုးရ၏ လူသားချင်းစာနာ ထောက်ထားရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာနသည် လူသားချင်းစာနာထောက် ထားမှုနှင့် အရေးပေါ်တုံ့ပြန်မှုများ ပေးနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မဟုတ်သည့် ဒေသခံမြန်မာ့အဖွဲ့အစည်းများကို ပံ့ပိုးရန်အတွက် နိုင်ငံတကာအကူအညီများကို လည်း အရေးတကြီး တောင်းဆိုခဲ့သည်။[94]

အမျိုးသားညီညွတ်ရေးအစိုးရသည် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် နည်းလမ်း တစ်ခုအဖြစ် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံ များ၏ ညီလာခံအစည်းအဝေးသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုခံရန် နိုင်ငံတကာ အသိုင်းအဝိုင်းကို ဆွဲဆောင်ရန်လည်း ကြိုးပမ်းခဲ့သည်။[95] ၂၀၂၁ ခုနှစ် COP 26 အစည်းအဝေးမတိုင်မီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်ဖြစ်သည့် ၂၀၂၀ ခုနှစ် တွင် ရေးဆွဲခဲ့သော မြန်မာ့ ၂၀၂၂-၂၀၃၀ခုနှစ် Nationally Determined Contributions (NDC) အား ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာမူဘောင်ကွန်ဗင်းရှင်း(UNFCC)၏ အတွင်းရေးမှူးထံသို့ ပေးပို့ခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ယာယီသမ္မတ ဒူးဝါးလရှီး လသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCC) အား လိပ်မူ၍ COP 26၊ COP 27 နှင့် COP 28 တို့အား အထူးသတင်းစကားများ ပေးပို့ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုအတွက် အန္တရာယ်ခံနိုင်ရမှုနှင့် ယခင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အစိုးရသက်တမ်းမှ ဆက်ဆံရယူခဲ့သည့် NDC အပေါ် အမျိုးသားညီညွတ် ရေးအစိုးရ၏ ဆက်လက်ထားရှိသည့် ကတိကဝတ်များအကြောင်း သဝဏ်လွှာများကိုလည်း ပေးပို့ခဲ့သည်။

---

[94] NUG-MoHADM, 2023. See also Chambers et al. (2026) [this issue].

[95] National Unity Government, 2020.

COP 26 နှင့်ပတ်သက်၍ ယာယီသမ္မတ ဒူးဝါးလရှီးလ၏ သဝဏ်လွှာသည် NDC သည် ရာသီဥတုပြောင်းလဲမှုကြောင့် အန္တရာယ်ကြုံတွေ့ရနိုင်သည့် အသိုင်းအဝိုင်းများနှင့် ကဏ္ဍများ အနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများကို ခံနိုင်ရည်ရှိစေရန်နှင့် လိုက်လျောညီထွေဖြစ်အောင် ပြောင်းလဲနိုင်မှု စွမ်းရည်ကို မြှင့်တင်နိုင်ရန် ရည်ရွယ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။[96] ၎င်းအနေဖြင့် ကာဗွန်ထုတ်လုပ်မှုနည်းပါးသည့် နည်းလမ်းကို ရွေးချယ်ရန် အခွင့်အလမ်းများကို ဖန်တီးအသုံးချပြီး လူမှုအသိုင်းအဝိုင်းများနှင့် စီးပွားရေး ကဏ္ဍအားလုံး အတွက် ဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများကို သေချာအောင် ဖန်တီးစေလိုသည့် ရည်ရွယ်ချက်ရှိကြောင်းလည်း အာမခံခဲ့သည်။ တစ်ချိန်တည်းမှာပင် ၎င်းသည် စစ်အစိုးရမှ COP 26 အတွက် တင်သွင်းခဲ့သော NDC သည် "အကောင်အထည်ဖော်မှုအတွက် နေ့အလင်းကို ဘယ်တော့မှ မြင်ရမည်မဟုတ်သည့် မည်ကာမတ္တ စာရွက်စာတမ်းတစ်ခုသာ ဖြစ်သည်" ဟူသည့် သဝဏ်လွှာကို ပေးပို့ခဲ့သည်။ ၎င်းသည် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကတိကဝတ်သည် စစ်တပ်၏ ကတိကဝတ်နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး ခိုင်မာကြောင်း အာမခံခဲ့ပြီး ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCC) အနေဖြင့် အမျိုးသားညီညွတ်ရေအစိုးရနှင့် ၎င်း၏ တရားဝင်မှုကို အသိအမှတ်ပြုပြီး စစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ငြင်းဆိုရန်လည်း တောင်းဆိုခဲ့သည်။ COP 26 တွင် မြန်မာစစ်ခေါင်းဆောင်များ၏ ကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ခြင်းမှ ပိတ်ဆို့ခံခဲ့ရသည်။[97] ဤသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပံ့ပိုးခဲ့သော အရပ်ဘက်အဖွဲ့အစည်းများ၏ ဆန္ဒပြတောင်းဆိုမှုများကြောင့် ဖြစ်သည်။ ၎င်းကို အာဏာသိမ်းမှုကို ဆန့်ကျင်သည့် တော်လှန်ရေး လှုပ်ရှားမှု၏ အောင်ပွဲအဖြစ် ရှုမြင်ခဲ့ကြသည်။[98] သို့သော် အမျိုးသားညီညွတ်ရေးအစိုးရအား နိုင်ငံတစ်ခုအဖြစ် နိုင်ငံတကာ အသိအမှတ်ပြုမှု ရရှိခြင်း မရှိသေးသောကြောင့် ကိုယ်စား လှယ်အဖွဲ့ ပေးပို့ခွင့်ကိုလည်း ရရှိခြင်းမရှိခဲ့ပါ။ ဤအရာကို တုံ့ပြန်ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၏ နိုင်ငံခြားရေး ဒုတိယဝန်ကြီးမှ လွတ်လပ်သောအာရှအသံသတင်းဌာန (Radio Free Asia) သို့ "ကျွန်ုပ်တို့၏ အစိုးရကို ပြည်သူများ ကိုယ်စား ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအရာရှိများသည် ကျွန်ုပ်တို့ အစိုးရ၏ ကိုယ်စားပြုမှုကို အသိ အမှတ်ပြုပြီး ထိုကဲ့သို့သော အဓိကညီလာခံများတွင် ကျွန်ုပ်တို့အား တက်ရောက်ခွင့် ပြုသင့်ပါသည်"ဟု ပြောကြားခဲ့သည်။[99] ၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်းမှစတင်၍ COPs ညီလာခံများတွင် မြန်မာနိုင်ငံဆိုင်ရာ တရားဝင် ကိုယ်စားလှယ်

[96] Ministry of Natural Resources, 2021c.
[97] Nway Kant Kaw, 2026 [this issue].
[98] See Chambers & Kyed, 2023.
[99] "Myanmar's junta", 2021.

တစ်ဦးမျှ တက်ရောက်နိုင်ခြင်း မရှိခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် အမျိုးသားညီညွတ်ရေးအစိုးရ အား နိုင်ငံတကာတွင် နိုင်ငံတစ်ခုအဖြစ် သတ်မှတ်ခြင်းမရှိသေးသလို နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီကိုလည်း ကမ္ဘာ့ကုလသမဂ္ဂစနစ်အရ တရားဝင်မှုမရှိဟု ရှုမြင်နေဆဲဖြစ်သော ကြောင့် ဖြစ်သည်။

ဤဆောင်းပါးတွင် ကရင်လူမျိုးများ၏ နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသော ရာသီဥတု ပြောင်းလဲမှု၊ ပဋိပက္ခနှင့် နိုင်ငံတော်၏ နယ်မြေသတ်မှတ်မှု အတွေ့အကြုံများကို အကြမ်းဖက်မှု၏ ရှည်လျားသော သမိုင်းကြောင်းများ၊ နယ်စပ်ဒေသ နိုင်ငံတော်တည်ဆောက်ခြင်း၏ နိုင်ငံရေး၊ စီးပွားရေးတို့နှင့် ဆက်စပ်နေရာချထားနိုင်ရန်အတွက် ပဲခူးအရှေ့ခြမ်း သို့မဟုတ် ခလယ်လွီထူ ဒေသ[1]ရှိ ဘဝအကြောင်းကို အဓိကထား ဆွေးနွေးထားသည်။[2] မြန်မာနိုင်ငံရှိ ကရင်လူမှုအသိုက် အဝန်းများ အချိန်နှင့်အမျှ အမျိုးမျိုးသော တစ်ဆစ်ချိုးအလှည့်အပြောင်းများကို မည်သို့ တွေ့ ကြုံခံစားခဲ့ရသည်ကို မိမိရရ ရှင်းလင်းဖော်ပြနိုင်ရန် ‘ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုး အလှည့်အပြောင်းများ’ ဟူသော သဘောတရားကို မိတ်ဆက်တင်ပြထားသည်။ တစ်ဆစ်ချိုး အလှည့်အပြောင်းအသစ်များ ပေါ်ပေါက်လာပြီး လူများက အကြမ်းဖက်မှု လှိုင်းသစ်များနှင့် ရင်ဆိုင်နေရသည့်တိုင် ယခင်အတိတ်က တစ်ဆစ်ချိုးအလှည့်အပြောင်းများသည် လူတို့၏ နေ့စဉ် စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများကို ထိန်းသိမ်းရန် ရုန်းကန်နေရမှုများအပေါ် ဆက်လက် ရိုက်ခတ်နေဆဲဖြစ်သည်။

ခလယ်လွီထူဒေသရှိ ကရင်လူမှုအသိုက်အဝန်းများသည် ပဋိပက္ခနှင့် တိုင်းရင်းသား လက်နက်ကိုင်ပုန်ကန်မှုများ၏ ရှေ့တန်းနေရာတွင် ကြာမြင့်စွာ နေထိုင်ခဲ့ကြရသည်။ ၎င်းနေရာသည် မတူညီသော နယ်မြေစိုးမိုးမှုမဟာ ဗျူဟာများအားဖြင့် “မြေပြင်အချုပ်အခြာအာဏာ”[3] ကို ထူထောင်ရန် ကြိုးပမ်းယှဉ်ပြိုင်နေကြသော လက်နက်ကိုင်အဖွဲ့များ၏ အကျိုးစီးပွားချင်း ထိတ်တိုက်တွေ့ကြသည့် အခြေအနေလက္ခဏာရပ်က ပေါ်လွင်နေသည်။[4] တစ်ဆစ်ချိုး အလှည့်အပြောင်းကာလများ၏ “ပွင့်ဟာသွားသောအခိုက်အတန့်များ”အတွင်း အာဏာအပေါ်

---

[1] ခလယ်လွီထူ (Klerlweehtu) သည် ကရင် အခေါ်အဝေါ်တစ်ခုဖြစ်ပြီး ၎င်းကို မြန်မာစစ်တပ်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နှင့်၎င်းမတိုင်မီ အုပ်ချုပ်ရေးအဆက်ဆက်) က ပဲခူးတိုင်းအရှေ့ခြမ်းအနေဖြင့် ခေါ်ဝေါ်သတ်မှတ်ပါသည်။ ခလယ်လွီထူကို ညောင်လေးပင်ခရိုင်ဟုလည်း သိကြပြီး ၎င်းသည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ အုပ်ချုပ်မှုအောက်ရှိ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ တပ်မဟာ (၃) ၏ ထိန်းချုပ်မှု အောက်တွင် ရှိပါသည်။ ၂၀၂၁ ခုနှစ်မှစ၍ ဤဒေသတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (People’s Defense Forces - PDFs) လည်း လှုပ်ရှားလျက် ရှိပါသည်။ ဤဆောင်းပါးတွင် ကျွန်ုပ်သည် ပဲခူးတိုင်း အရှေ့ခြမ်းနှင့် ခလယ်လွီထူဟူသော အသုံးအနှုန်းများကို တစ်လှည့်စီ အပြန်အလှန်အသုံးပြုထားသည်။

[2] Ballvé, 2020; Faxon, 2021; Kyed, 2021; Rasmussen & Lund, 2018.

[3] Lund, 2011.

[4] Rasmussen & Lund, 2018; Vandergeest & Peluso, 1995.

ယှဉ်ပြိုင်မှုများ မြင့်တက်လာခြင်းသည် နိုင်ငံရေးစနစ်များ၊ အဖွဲ့အစည်းများ၊ စံနှုန်းများနှင့် တည်ဆဲလူမှုပဋိညာဉ်များကို နက်နက်ရှိုင်းရှိုင်း ပြန်လည်ပုံသွင်းပြောင်းလဲမှုများကို ဖြစ်ပေါ်စေ နိုင်သည်။[5] မြေ၊ လူနှင့် နယ်မြေဒေသတို့သည် အပြိုင်အဆိုင် အငြင်းပွားယှဉ်ပြိုင်ရာ နေရာများ နှင့် ပိုမိုနက်ရှိုင်းသော ထိခိုက်လွယ်သည့် အခြေအနေများ နှစ်မျိုးလုံး ဖြစ်လာကြသည်။ ခလယ် လွီထူဒေသရှိ ကရင်လူမှုအသိုက်အဝန်းများတွင် အချိန်နှင့်အမျှ ဖြစ်ပေါ်သော တစ်ဆစ်ချိုး အပြောင်းအလဲကာလများ၌ နိုင်ငံတော်၏ နယ်မြေသတ်မှတ်မှုနှင့် စစ်အတွင်း စစ်ဘက်ဆိုင်ရာ အကြမ်းဖက်မှု ဖြစ်စဉ်များ နှစ်ခုလုံးမှတစ်ဆင့် ဓလေ့ထုံးတမ်း မြေများနှင့် သဘာဝတောများကို ဖျက်ဆီးခြင်းများ ပါဝင်ခဲ့ပြီး ၎င်းက စိုက်ပျိုးရေး လုပ်ထုံးလုပ်နည်းများနှင့် စားနပ်ရိက္ခာ ဖူလုံမှု ကို ထိခိုက်စေခဲ့သည်။ သိသိသာသာ မဟုတ်သော်လည်း ရာသီဥတု ပြောင်းလဲမှုသည် ဤ အကျိုးသက်ရောက်မှုများကို ဖြည်းဖြည်းချင်း ဖြစ်သော် လည်း ပိုမို၍ နက်ရှိုင်းစေနေပြီး စုပုံ လာသော အကြမ်းဖက်မှု ပုံစံများက ၎င်း၏ သက်ရောက်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် လူမှု အသိုက်အဝန်း၏ စွမ်းရည်များကို ထိခိုက်စေလျက် ရှိသည်။ မဟန်တီနှင့်အဖွဲ့[6]၏ အဆိုနှင့်အညီ ကြီးမား သော အခိုက်အတန့်များဖြစ်သော တစ်ဆစ်ချိုးအလှည့် အပြောင်းကာလများ ဟူသည် သမိုင်းနှင့်ချီ၍ ဖြစ်ပေါ်ခဲ့သော၊ မဆန်းတော့သည့် “ဖြည်းညင်းသော အကြမ်းဖက်မှုပေါင်းများ” များစွာအထပ်ထပ်ကို အခြေတည်၍ ဖြစ်ပေါ်လာသော အချင်းအရာများသာဖြစ်သည်ဟု ကျွန်ုပ် အနေဖြင့် ဆိုချင်ပါသည်။

ဖြည်းညင်းသော အကြမ်းဖက်မှုဟူသော သဘောတရားသည် “ရုတ်တရက်မမြင်သာ၊ ချက်ချင်းလက်ငင်းကောက်ကာငင်ကာ ဖြစ်ပေါ်ခြင်း မရှိဘဲ တဖြည်းဖြည်းချင်းစုကာ ဆိုးကျိုး သက်ရောက်မှုရှိလာသော အကြမ်းဖက်မှုကို ရည်ညွှန်းပြီး ၎င်း၏ ဆိုးရွားသော နောက်ဆက်တွဲ အကျိုးဆက်များမှာ အချိန်ကာလ အတိုင်းအတာမျိုးစုံတွင် ဖြစ်ပေါ်နေသည်”။[7] အလားတူပင် ဘဲရ်ဒ်ကလည်း ကြီးမားသော ဘေးဒုက္ခဖြစ်စေသည့် အကြမ်းဖက်မှုနှင့် ဖြည်းညင်းသော အကြမ်းဖက်မှုဟူသော နှစ်မျိုးတည်းသော အကြမ်းဖက်မှုအမျိုးအစား သတ်မှတ်မှုကို ပျက် ပြယ်စေသည့် အဓိက ခွဲခြားသတ်မှတ်သည့် အင်္ဂါရပ်အဖြစ် အချိန်ကာလကို သဘောထား သည်။ ၎င်းကို အသုံးပြု၍ ကြီးမားသော ဘေးဒုက္ခဖြစ်စေသည့် အကြမ်းဖက်မှုက ဖြည်းညင်း သော အကြမ်းဖက်မှုအဖြစ်သို့ မည်သို့ ပြောင်းလဲသွားနိုင်ပုံနှင့် ဖြည်းညင်းသော အကြမ်း ဖက်မှုက ကြီးမားသော ဘေးဒုက္ခ ဖြစ်စေသည့် အကြမ်းဖက်မှုအဖြစ်သို့ မည်သို့ ပုံပြောင်းသွား နိုင်ပုံတို့ကို ရှင်းပြထားသည်။[8] ဤစဉ်းစားတွေးခေါ်ပုံသည် တန်ဖိုးရှိသော် လည်း ကျွန်ုပ်ကမူ မဟန်တီနှင့် အဖွဲ့က အလေးပေး ဖော်ပြထားသကဲ့သို့ ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုး

---

[5] Lund, 2016, p. 1203.
[6] Mahanty et al., 2023.
[7] Nixon, 2011, p. 2.
[8] Baird, 2021.

အပြောင်းအလဲ၏ အခြေခံကျသော ဆက်နွယ်မှု သဘာဝနှင့် လုပ်ငန်းစဉ်အလိုက် ဖြစ်ပေါ်မှု သဘာဝကို လည်းကောင်း၊ တစ်ဆစ်ချိုးပြောင်းလဲမှုများက လူမှုရေးဆက်ဆံမှုများကို မည်သို့ ပြောင်းလဲစေပုံ၊ ကိုယ်တိုင် စီမံဆောင်ရွက်နိုင်စွမ်းအတွက် ဖြစ်နိုင်ခြေသစ်များကို မည်သို့ ဖန်တီးပေးပုံနှင့် အပြန်အလှန် အကျိုးသက်ရောက်မှုများမှတစ်ဆင့် အတိုင်းအတာအသီးသီးသို့ မည်သို့ ရိုက်ခတ် ပျံ့နှံ့သွားပုံတို့ကို အဓိက အာရုံစိုက်ထားသည်။[9]

ဤဆောင်းပါးတွင် ရည်ညွှန်းထားသည့် ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုး အပြောင်းအလဲများသည် နစ်ခ်ဆင်၏ စက်မှုလုပ်ငန်းဆိုင်ရာ ညစ်ညမ်းမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကဲ့သို့သော မျက်မှောက်ခေတ် ပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းများ အကြောင်း ဆွေးနွေးချက်နှင့် တိတိကျကျ ကိုက်ညီခြင်း မရှိပေ။ သို့သော် ၎င်းတို့က ကျွန်ုပ် တို့အား စစ်ပွဲ၏ 'တဖြည်းဖြည်း ပျက်စီးဆုံးရှုံးစေသော သေစေနိုင်မှု' ကို လည်းကောင်း၊ မြေပြင် ရှုခင်းများနှင့် လူများကို ပြန်လည်ပုံသွင်းရန်နှင့် ထိန်းချုပ်ရန် စစ်ဘက် ဦးဆောင်သော ကြိုးပမ်းမှုများ၏ ဖွဲ့စည်းပုံဆိုင်ရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များ၏ ဖြည်းညင်းစွာ ရွေ့လျားနေသော အချိန်ကာလအလိုက် ပျံ့နှံ့မှုကို ပိုမိုသတိပြုမိစေရန်လည်းကောင်း သတိပေး နေသည်။ နစ်ခ်ဆင်၏ "နေရာမရွှေ့ဘဲ နေရပ်ရွှေ့ပြောင်းခံရခြင်း" ဟူသော အယူအဆသည် အထူးသက်ဆိုင်မှု ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဖြည်းညင်းသော အကြမ်း ဖက်မှုက "မြေယာနှင့် မြေအောက်သယံဇာတများဆုံးရှုံးခြင်း" ကို မည်သို့ ဖြစ်ပေါ်စေနိုင်ပုံနှင့် "(လူမှုအသိုက်အဝန်းများကို) နေထိုင်နိုင်သော နေရာဖြစ်စေခဲ့သည့် ဝိသေသလက္ခဏာ မှန်သမျှ ကင်းမဲ့သွားသော နေရာတစ်ခုတွင် သောင်တင်ကျန်ရစ်စေ" ပုံကို ရည်ညွှန်းသော ကြောင့် ဖြစ်သည်။[10]

ဤဆောင်းပါးတွင် ၂၀၂၃ ၌ ဆောင်ရွက်ခဲ့သော လူမှုဘဝအလေ့အထသရုပ်ခွဲမှု ကွင်းဆင်း သုတေသနအပေါ် အခြေခံ၍ ခလယ်လွီထူဒေသရှိ ပဋိပက္ခဒဏ်သင့် ကရင်ကျေးရွာ နှစ်ရွာ၏ အတွေ့အကြုံများကို ကျွန်ုပ် နှိုင်းယှဉ်တင်ပြထားသည်။ ကျွန်ုပ်၏ ကွင်းဆင်းသုတေသနကို ၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပြုလုပ်ခဲ့သော်လည်း အာဏာသိမ်းပြီးကာလ လက်ရှိ အခြေအနေကို ဆွေးနွေးရန်အတွက် အတိတ်က တစ်ဆစ်ချိုးအပြောင်းအလဲဖြစ်ရပ်လေ့လာမှု နှစ်ခုကို အသုံးပြုထားသည်။ ပထမဖြစ်ရပ်လေ့လာမှုမှာ ပြင်းထန်သော စစ်ဘက် အကြမ်း ဖက်မှုကာလတစ်ခု၏ နောက်ဆက်တွဲအဖြစ် ၂၀၁၁ တွင် အသစ်တည်ဆောက်လိုက်သော ဆည်တစ်ခုက ကစယ်လားကျေးရွာအပေါ် သက်ရောက်ခဲ့သည့်[11] ဆိုးရွားသော အကျိုးသက်

[9] Mahanty et al., 2023.

[10] Nixon, 2011, p. 19.

[11] "ကစယ်လားကျေးရွာ" သည် ၂၀၂၃ ခုနှစ်တွင် ကျွန်ုပ် သွားရောက်ခဲ့သော ခလယ်လွီထူဒေသ ကျေးရွာ တစ်ခု၏ အမည်လွှဲတစ်ခု ဖြစ်သည်။

ရောက်မှုဖြစ်သည်။ ဒုတိယဖြစ်ရပ် လေ့လာမှုမှာ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း စစ်တပ်၏ နိုင်ငံတော်အနေဖြင့် ဆောင်ရွက်သော ပုန်ကန်မှု တန်ပြန်နှိမ်နင်းရေးနှင့် နယ်မြေ စိုးမိုးရေး လုပ်ငန်းစဉ်များကြောင့် ထီးဟီးကျေးရွာ[12]က ၎င်း၏ ဓလေ့ထုံးတမ်း စားကျက်မြေများ မည်သို့ ဆုံးရှုံးခဲ့ရပုံ ဖြစ်သည်။ ဤဖြစ်ရပ်လေ့လာမှုများကို ၂၀၂၁ စစ်အာဏာသိမ်းမှု နောက်ပိုင်း အကြမ်းဖက်မှုနှင့် မလုံခြုံမှုတို့၏ အခြေအနေအောက်ရှိ လူများ၏ လက်ရှိ အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ရုန်းကန်မှုများအကြောင်း သုံးသပ်ချက်တစ်ခုအတွင်း ထည့်သွင်းတင်ပြထားပါ သည်။ ထိုရုန်းကန်မှုများသည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ ကြောင့်လည်း ပိုမို ဆိုးရွား လာခဲ့ရသည်။

၂၀၂၁ စစ်အာဏာသိမ်းမှုကို လေ့လာသုံးသပ်ချက်အများစုသည် အဆို ပါအဖြစ်အပျက်ကို တစ်ခုတည်းသော တစ်ဆစ်ချိုးအပြောင်းအလဲတစ်ခုအနေဖြင့် ရှုမြင်ကာ မြင်သာသော အကြမ်းဖက်ဖိနှိပ်မှုများကိုသာ အလေးပေးကြသည်။ ထိုသို့သောသုံးသပ်ချက် အများစုနှင့် ဆန့်ကျင်လျက် ကျွန်ုပ်သည် မတူညီသော၊ ထပ်တလဲလဲ ဖြစ်ပေါ်သော နိုင်ငံရေးတစ်ဆစ်ချိုး အပြောင်းအလဲများကို နှစ်ပေါင်းများစွာကရှိနေခဲ့သော ဖြည်းညင်းသော အကြမ်းဖက်မှုများ အား ကြုံတွေ့ရမှုများနှင့် ဆက်စပ်လေ့လာထားသည်။ ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုး အပြောင်းအလဲများကို တောင်ထွတ်၊ တောင်တန်း၊ ချိုင့်ဝှမ်းများ၏ အနိမ့်အမြင့်၊ အတက်အကျ သဘောနှင့် တူညီသည်ဟု ဆိုရမည်ဖြစ်သည်။ တစ်ဆစ်ချိုးအပြောင်းအလဲတစ်ခုချင်းစီ၏ ဖြစ် စဉ်တိုင်းသည် ရိုးရိုးရှင်းရှင်း အဆုံးသတ်သွားသည်မရှိပါ။ တစ်ဆစ်ချိုးအပြောင်းအလဲတို့သည် အချိန်ကာလများစွာ ဆက်လက်ဖြစ်ပေါ်နေသော အပြောင်းအလဲများနှင့် အချိန်ကာလကြာ သည်နှင့်အမျှအသစ်သစ်သောဖြစ်ထွန်းလာမှုများစုလာစေပြီး ထိုမှတစ်ဆင့် အနာဂတ်တွင် ဖြစ် လာမည့်တစ်ဆစ်ချိုးအပြောင်းအလဲများအတွက် အခင်းအကျင်းကို ပြင်ဆင်ပေးသည်။

ဖြည်းညင်းသောအကြမ်းဖက်မှု၏ ကြာရှည်ပြီး တဖြည်းဖြည်း ပျက်စီးယိုယွင်းစေတတ် သော သဘောကို ထင်ဟပ်စေရန် "ဖွဲမီး" နှင့် ခိုင်းနှိုင်းပြဆို ထားသည်။ ဖွဲမီးသည် ထင်ရှားသော မီးတောက်များ မထွက်ရှိဘဲ ဖြည်းညင်းစွာနှင့် မသိမသာ တငွေ့ငွေ့လောင်ကျွမ်းစေပြီး ပြင်း ထန်သော အပူချိန်ကို အချိန်ကာလ ကြာမြင့်စွာထိန်းထားနိုင်စွမ်းရှိသည်ဟု လူသိများသည်။ ထိုသို့သော မီးများကို အလွယ်တကူ ငြိမ်းသတ်၍ မရဘဲ ၎င်းတို့သည် မြင့်မားသော အပူချိန်ကို ဆက်လက် ထိန်းထားနိုင်ပြီး ကြာရှည် တည်တံ့စေကာ အလွန်ပူပြင်းစေသည်။ ၎င်းတို့သည် အများအားဖြင့် မျက်မြင် မီးတောက်များ မရှိဘဲ လောင်ကျွမ်းလေ့ ရှိသော်လည်း ဖွဲမီးများသည် မီးတောက်မီးလျှံအပြည့်ဖြင့် တဟုန်းဟုန်းပြန်ထမတောက်မီ မီးတောက်မီးပွားများအနေဖြင့်

---

[12] "ထီးဟီးကျေးရွာ" သည် ၂၀၂၃ ခုနှစ်တွင် ကျွန်ုပ် သွားရောက်ခဲ့သော ခလယ်လွီထူဒေသ ကျေးရွာ တစ်ခု၏ အမည်လွှဲတစ်ခု ဖြစ်သည်။

တစ်ချက်တစ်ချက် ထထတောက်သည့်အနေအထားလည်းရှိသည်။ ဤပုံခိုင်းနှိုင်းမှုသည် ကျေးရွာသူကျေးရွာသားများ တွေ့ကြုံခံစားနေရသော ဖြည်းညင်းသည့် အကြမ်းဖက်မှု၏ မသိမသာဖြစ်သော်လည်း ကြာရှည် တည်တံ့သည့်သဘာဝကို တိကျစွာ ပုံဖော်ပြနေသည်။ အဆိုပါ အကြမ်းဖက်မှုသည် ထင်ထင်ရှားရှား ဖြစ်လေ့မရှိသော်ငြားလည်း အခါအားလျော်စွာပြင်းထန်သော အကျပ်အတည်း သို့မဟုတ် ပွင့်ပေါက်ကွဲထွက်မှုများဖြစ်ကာ တစ်ဆစ်ချိုးအပြောင်းအလဲအဖြစ် ပေါ်ထွက် လာတတ်သည်။

ကရင်လူမျိုးများ၏ ရှင်သန်ရပ်တည်ရေးအတွက် ရုန်းကန်မှုများနှင့် မလုံခြုံမှုများကို ရင်ဆိုင်ဖြေရှင်းနေရမှုများသည် ရာသီဥတုပြောင်းလဲမှု သက်ရောက်မှုများနှင့် ပဋိပက္ခတို့၏ မကြာသေးမီက ဆုံတွေ့ယှက်နွယ်မှုများကြောင့် သက်သက်ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ မြေယာများမှ နှင်ထုတ်ခံရခြင်း အပေါ် တစ်စိတ်တစ်ပိုင်း အခြေပြုနေသော ဖြည်းညင်းသည့် အကြမ်းဖက်မှု၊ ထပ်တလဲလဲ ဖြစ်ပေါ်သော အကျပ်အတည်းနှင့် ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးအပြောင်းများ၏ ပိုမိုရှည်လျားသော ပုံစံများကြောင့် ဖြစ်ကြောင်း ဖော်ပြခြင်းဖြင့် ဤဆောင်းပါးသည် ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခဆိုင်ရာ ငြင်းခုံဆွေးနွေးမှုများတွင် အထောက်အကူ ပြုနေသည်။ "ရာသီဥတုပြောင်းလဲ မှုနိုင်ငံရေး"[13]၏ အရေးကြီးမှုအတွက် ဖရန်ကိုနှင့် ဘိုရက်စ်တို့၏ ထောက်ပြ ချက်အတိုင်း ရာသီဥတု ပြောင်းလဲမှု၏ ဒဏ်ကို လူများခံရနိုင်ခြေရှိမှုအား ပိုမို နက်ရှိုင်းသော သမိုင်းရှုထောင့်မှ လည်းကောင်း၊ ပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် မတည်ငြိမ်သော မြေယာပိုင်ဆိုင်ခွင့်များအတွက် အရိုန်မြှင့်ပေးသည့် အရာတစ်ခုအဖြစ် စစ်ပွဲ၏ ဖျက်ဆီးနိုင်စွမ်း ဟူသော နောက်ခံကားတွင်လည်း ကောင်း ရှုမြင်ရန် လိုအပ်ပုံကို ကျွန်ုပ် သရုပ်ပြထားသည်။[14] အဲလ်ဘတ်ပါ့ခ်က ဤသို့ ရေးသားထားသည်။

> စစ်အတွင်း မြေပြင်ရှုခင်းများ၏ ထိခိုက်ပျက်စီးမှုသည် ဖြည်းညင်းသော အကြမ်းဖက်မှုလုပ်ငန်းစဉ်တစ်ခုကို စတင်စေလေ့ရှိပြီး ထိုဖြစ်စဉ်မှတစ်ဆင့် (၁) သဘာဝဂေဟစနစ်အစီအစဉ်အပေါ် ဖြည်းဖြည်းချင်း တိုက်ခိုက်မှုသည် ဂေဟစနစ်တစ်ခု၏ မျိုးစုံမျိုးကွဲ ကွဲပြားမှုကို သိသိသာသာကျဆင်းစေသည်။ (၂) လူမှုအသိုက်အဝန်းများ၏ စည်းချက်ကိုက်ညီမှုများနှင့် လူများ၏ နေ့စဉ်ဘဝများသည် ရှည်လျားသောအချိန်ကာလတစ်ခုအတွင်း ပြတ်တောက်ကာ မတည်ငြိမ်မှုဖြစ်လာပြီး နောက်ဆုံးတွင် ပုံစံပြောင်းလဲသွားစေခဲ့သည်။[15]

[13] Franco & Borras, 2019.
[14] Also see Temudo & Cabral (2023).
[15] Park, 2018, p. 367.

ဤဆောင်းပါးတွင် ပါ့ခ်၏ ဖြည်းညင်းသော အကြမ်းဖက်မှုဆိုင်ရာအဆို၏ ဒုတိယပိုင်းဖြစ်သည့် အကြမ်းဖက် တစ်ဆစ်ချိုးအပြောင်းအလဲဖြစ်စဉ်များနှင့် ထိတွေ့ခံရသော လူများ၏ ဘဝများသည် အချိန်ကြာလာသည်နှင့်အမျှ မည်သို့ ပုံစံပြောင်းလဲသွားသနည်းဆိုသည့်အချက်ကို ကျွန်ုပ် အနေဖြင့် အဓိကထား ဆွေးနွေးထားသည်။ စစ်ပွဲက လူနှင့် သဘာဝတရားအကြား ဆက်ဆံရေးကို မည်သို့ ပြန်လည် ပုံဖော်ပေးသနည်း။ ဤမေးခွန်းများကို မေးမြန်းခြင်းမှ တစ်ဆင့် မြန်မာနိုင်ငံ၏ ၂၀၂၁ ဖေဖော်ဝါရီလ နိုင်ငံရေး တစ်ဆစ်ချိုးအပြောင်းအလဲမတိုင်မီ ဖြစ်ပျက်ခဲ့သည်များကို နားလည်သဘောပေါက်ခြင်း၏ အရေးကြီးပုံကို ကျွန်ုပ် အလေးပေး ဖော်ပြထားသည်။ ကြီးမားသော ဘေးဒုက္ခ ဖြစ်စေသည့် အကြမ်းဖက်မှုက ဖြည်းညင်းသော အကြမ်းဖက်မှုအဖြစ်သို့ မထင်မရှားမည်သို့ ပုံပြောင်းသွားနိုင်ပုံကို ဘဲရ်ဒ်က အဓိကအားဖြင့် အလေးပေးထားသော်လည်း[16] ကျွန်ုပ်၏ ထပ်တလဲလဲဖြစ်ပေါ်သော ပြတ်တောက်မှုဆိုင်ရာ မူဘောင်ကမူ ဖြည်းညင်းသော အကြမ်းဖက်မှုကလည်း ပြတ်တောက်မှု အသစ်များကို ဖြစ်ပေါ်စေရန် စုပုံလာသည့် တဖြည်းဖြည်း ယိုယွင်း ပျက်စီးမှုနှင့် အခွင့်အလမ်းကို ဖမ်းယူဖော်ပြထားသည်။ ၎င်းက ကြာရှည်သောပဋိပက္ခနှင့် ပတ်ဝန်းကျင် ပြောင်းလဲမှုတို့၏ အခြေအနေများတွင် အချိန်ကာလ အတိုင်းအတာများတစ်လျှောက် အကြမ်းဖက်မှုက မည်သို့လုပ်ဆောင်ပုံကို ပိုမို လှုပ်ရှားပြောင်းလဲနေသောနားလည်မှုတစ်ခု ဖန်တီးပေးသည်။ တစ်ဆစ်ချိုး အပြောင်းအလဲများသည် ချက်ချင်း ဖြစ်ပေါ်သော အနှောင့်အယှက်ကိုလည်းကောင်း၊ အနာဂတ် တစ်ဆစ်ချိုးပြောင်းလဲမှုများအတွက် အခြေအနေများကို ဖန်တီးထူထောင်ပေးသည့်ရေရှည် ဖွဲ့စည်းပုံဆိုင်ရာ ပြောင်းလဲမှုများကို လည်းကောင်း နှစ်မျိုးလုံး ဖန်တီးပေးသည်ဟု ကျွန်ုပ် ထောက်ပြ ငြင်းဆိုထား သည်။ ၎င်းက ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးအပြောင်းအလဲ (သဘောတရား) ကို ကြာရှည်သော ပဋိပက္ခများနှင့် ပတ်ဝန်းကျင် ပြောင်းလဲမှုများအား နားလည်သဘောပေါက်ရန်အတွက် ပိုမိုပြည့်စုံကျယ်ပြန့်သော သုံးသပ်မှုဆိုင်ရာ မူဘောင်တစ်ခု ဖြစ်စေသည်။ ဤသုံးသပ်ချက်က ဖော်ပြသည်မှာ တစ်ဆစ်ချိုးအပြောင်းအလဲသည် တစ်ကြိမ်တည်း ဖြစ်ပေါ်သော ဖြစ်ရပ်မဟုတ်ဘဲ ဖြည်းညင်းသော အကြမ်းဖက်မှုများ စုပုံလာခြင်းမှ ပေါ်ပေါက်လာသော ထပ်တလဲလဲ ဖြစ်ပေါ်သည့် ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း ထို့ကြောင့် နိုင်ငံတော်ဦးဆောင်သော စစ်အသွင်ဆောင်ဝင်ရောက်စွက်ဖက်မှုများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများနှစ်မျိုးလုံး၏ ဒဏ်ကို ခံရနိုင်ခြေရှိစေရန်လူမှုအသိုက်အဝန်းအား ပုံဖော်ပေးနေသည်ဟူ၍ ဖြစ်သည်။

ဤဆောင်းပါးသည် ကျွန်ုပ်၏ သုတေသနအတွက် အသုံးပြုခဲ့သော နည်းလမ်းများကို ဆွေးနွေးခြင်းဖြင့် အစပြုထားသည်။ ထို့နောက် ခလယ်လွီထူ ဒေသရှိ ပဋိပက္ခနှင့် စစ်ဘက်နှင့် နိုင်ငံတော်၏ အကြမ်းဖက်မှုတို့၏ သမိုင်းတစ်လျှောက်အတွေ့အကြုံများ၏ နောက်ခံ အခြေ

[16] Baird, 2021.

အနေကို ဖော်ပြထားသည်။ ထို့နောက်တွင် ရာသီဥတု ပြောင်းလဲမှု၏ဒဏ် ခံရနိုင်ခြေရှိမှုနှင့် လက်ရှိ ပဋိပက္ခ အခြေအနေများသည် နယ်စပ်ဒေသ အခြေအနေများတွင် နစ်မြုပ်တည်ရှိနေသည့် ဒေသအတွင်းဖြစ် အကြမ်းဖက်မှုအတွေ့အကြုံများနှင့် ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးအပြောင်းအလဲများတွင် မည်သို့ အမြစ်တွယ်နေပုံကို သရုပ်ပြလျက် ကျွန်ုပ်၏ ဖြစ်ရပ်လေ့လာမှုနှစ်ခုကို ဆွေးနွေးထားသည်။

သုတေသနနည်းလမ်း

ဤဆောင်းပါးသည် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ခရိုင် (၇) ခု အနက် တစ်ခုဖြစ်ပြီး ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ၏ တပ်မဟာ (၃) စစ်ဆင်ရေး နယ်မြေဖြစ်သော ခလယ်လွီထူဒေသတွင် ၂၀၂၃ ခုနှစ် မတ်လမှ မေလအထိ နှစ်လကြာ ကွင်းဆင်း သုတေသနပြုလုပ်မှုအပေါ် အခြေခံထားသည်။ ကျွန်ုပ်သည် ခလယ်လွီထူဒေသ၏ မတူညီသော မြို့နယ်များတွင် တည်ရှိပြီး အမည်လွှဲများအဖြစ် သုံးထားသော ကစယ်လားနှင့် ထီးဟီးကျေးရွာများတွင် တစ်ရွာလျှင် ခန့်မှန်းခြေ တစ်လခန့်စီ နေထိုင်ခဲ့သည်။ နောက်ပိုင်းတွင် ကျွန်ုပ်အသေးစိတ်ဖော်ပြမည့်အတိုင်း ထိုကျေးရွာများသည် ၎င်းတို့၏ အုပ်ချုပ်မှုသမိုင်း၊ စိုက်ပျိုးရေးလုပ်ထုံးလုပ်နည်းများနှင့် ဂေဟစနစ် ဖွဲ့စည်းပုံတို့တွင် ကွာခြားမှုရှိသည်။ ကစယ်လားကျေးရွာသည် တောင်ပေါ်ရွာတစ်ရွာဖြစ်ပြီး မိသားစုစားသုံးမှုအတွက် တောင်ယာလှည့်ပတ်စိုက်ပျိုးခြင်းဖြင့် ဆန်စပါးနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းကို အဓိက အားထားခဲ့သည်။ ၂၀၀၈ ခုနှစ်မှစ၍ ၎င်းသည် KNU ၏ အုပ်ချုပ်မှုအောက်တွင် အပြည့်အဝရှိနေခဲ့သည်။ ထီးဟီးကျေးရွာသည် မြေပြန့်ရွာတစ်ရွာဖြစ်ပြီး ထိုနေရာရှိ လူများသည် အစဉ်အလာအားဖြင့် လယ်စိုက်ပျိုးခြင်းကို အားထားခဲ့ကြသည်။ အာဏာမသိမ်းမီက ၎င်းသည် KNU နှင့် မြန်မာနိုင်ငံ ဗဟိုအစိုးရတို့၏ ရောနှောအုပ်ချုပ်မှုရှိသော အငြင်းပွားရာ နယ်မြေတစ်ခု ဖြစ်ခဲ့သည်။ KNLA နှင့် အသစ်ဖွဲ့စည်းလိုက်သော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ (PDF) ၏ ဖိအားပေးမှု ကြောင့် စစ်တပ်သည် ၂၀၂၂ အစောပိုင်းတွင် ထိုဒေသမှ ဆုတ်ခွာသွားခဲ့ သည်။ ဤဆောင်းပါး၏ နောက်ပိုင်းတွင် ကျွန်ုပ် ပြန်လည်ဆွေးနွေးမည့်အတိုင်း ၎င်းအချက်က ထီးဟီးကျေးရွာကို စစ်တပ်၏ တိုက်ခိုက်မှု ပစ်မှတ် တစ်ခု ဖြစ်သွားစေခဲ့သည်။

ကျွန်ုပ်၏ ကွင်းဆင်းသုတေသနကာလအတွင်း ကျေးရွာသူကျေးရွာသား နှစ်ဆယ်ဦးနှင့် အဓိ သတင်းပေးသူများ အင်တာဗျူးခြင်းများ (key informant interviews) ပြုလုပ်ခဲ့ပြီး ကျေးရွာနှစ်ရွာလုံးရှိ အခြားသူများနှင့်လည်း တရားမဝင်စကားပြောဆိုမှုများ ဒါဇင်ပေါင်းများစွာ ပြုလုပ်ခဲ့သည်။ ထို့အပြင် ကျေးရွာသူ ကျေးရွာသားများ၏ နေ့စဉ်ဘဝများနှင့် ပိုမို ပြင်းထန်လာသော အကြမ်းဖက် ပဋိပက္ခကြားမှ ၎င်းတို့၏ ရုန်းကန်မှုများကို ဖမ်းယူ မှတ်တမ်းတင်နိုင်ရန်အတွက် ပါဝင်သူများကို လေ့လာခြင်းနည်းလမ်းကို ကျွန်ုပ် အသုံးပြုခဲ့ပြီး ထိုပဋိပက္ခကို

ကျွန်ုပ်၏ သွားရောက်လည်ပတ်မှုများအတွင်း ကျွန်ုပ်ကိုယ်တိုင်လည်း ကြုံတွေ့ခဲ့ရသည်။ နှစ်လတာကာလအတွင်း ကျွန်ုပ် သည် ဒေသခံလူများနှင့်အတူ နေထိုင်ခဲ့ပြီး ၎င်းတို့၏ နေ့စဉ် လုပ်ငန်းဆောင်တာများတွင် ပါဝင်ခဲ့ကာ ပဋိပက္ခအခြေအနေက ခွင့်ပြုသလောက်နှင့် ကန့်သတ်သလောက် ကျေးရွာများအကြား ခရီးသွားလာခဲ့သည်။ ဤအချိန်အတွင်း လက်နက်ကိုင် ပဋိပက္ခ၏ နေ့စဉ်စိန်ခေါ်မှုများကို ကျေးရွာသူကျေးရွာသားများက မည်သို့တုံ့ပြန်ကြပုံကို ကျွန်ုပ် လေ့လာခဲ့သည်။ လက်နက်ကိုင် အာဏာပိုင်များကို လေ့လာခြင်းဖြင့် ဒေသတွင်းရှိ ပြောင်းလဲနေသော အာဏာအခင်းအကျင်းကို မှတ်သားခဲ့ပြီး ဖြစ်ပေါ်နေဆဲ တစ်ဆစ်ချိုး အပြောင်းအလဲများ ရှိနေသော်လည်း လူမှုအသိုက်အဝန်းများက ၎င်းတို့၏ ဘဝများကို မည်သို့ ဆက်လက်ရှင်သန်နေထိုင်ကြပုံကို ဆန်းစစ်ခဲ့သည်။ ကျေးရွာအဆင့် ကွင်းဆင်းသုတေသန အပြင် မြို့နယ်၊ ဘဏ္ဍာရေးနှင့် သစ်တောရေးရာအရာရှိများ ကဲ့သို့သော KNU အုပ်ချုပ်ရေး မှူးများနှင့် KNLA တပ်မဟာမှူးတစ်ဦးကိုလည်း အင်တာဗျူး ပြုလုပ်ခဲ့သည်။

ကျွန်ုပ်သည် ကရင်လူမျိုးတစ်ဦးဖြစ်ကြောင်း ဖော်ပြရန် အရေးကြီးပြီး ကျွန်ုပ်၏ လူမျိုး ဖြစ်မှုသည် ကျွန်ုပ်၏ သုတေသနတွင် ပါဝင်သူ ကရင်လူမျိုးများထံမှ ယုံကြည်မှု ရရှိရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၎င်းသည် ကျွန်ုပ် လူများထံ ချဉ်းကပ်ပုံနှင့် လက်ရှိ ပဋိပက္ခနှင့် သက်ဆိုင်သော ကိစ္စရပ်များ၊ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သော စစ်ဘက်နှင့် နိုင်ငံတော် အကြမ်းဖက်မှုတို့နှင့် ဆက်စပ်နေသည့် ယခင် စိတ်ဒဏ်ရာများကို ကျွန်ုပ် ချဉ်းကပ် ရာတွင် အသုံးပြုခဲ့သော အလေးအနက်ထားမှုအပေါ်တွင်လည်း သြဇာလွှမ်းမိုးမှုရှိခဲ့သည်။ ဤသို့ အတွင်းလူအဖြစ် တည်ရှိနေမှုနှင့် တစ်ချိန် တည်းမှာပင် ကျွန်ုပ်သည် ပိုးကရင် တစ်ဦးဖြစ်ပြီး ကရင်ပြည်နယ်၏ မတူညီသော ဒေသတစ်ခုမှ လာသောကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် အပြင်လူတစ်ဦးလည်း ဖြစ်နေခဲ့သည်။ ပထဝီဝင်အရ အပြင်လူနှင့် ယဉ်ကျေးမှုအရ အတွင်းလူ အဖြစ် ဤနှစ်မျိုးစလုံးဖြစ်နေမှုသည် ကျွန်ုပ်၏ သုတေသနချဉ်းကပ်ပုံနှင့် ပါဝင်သူများနှင့် ယုံကြည်မှု တည်ဆောက်ခြင်း လုပ်ငန်းစဉ်ကို သိသိသာသာ ပုံဖော်ပေးခဲ့သည်။

ကရင်သုတေသီတစ်ဦးအနေဖြင့် ကျွန်ုပ်သည် ကျွန်ုပ်၏ သုတေသန ပါဝင်သူများနှင့် အရေးပါသော ယဉ်ကျေးမှုဆိုင်ရာ နားလည်မှုနှင့် အတွေ့အကြုံများကို မျှဝေခံစားရသည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်ရခြင်းနှင့် မြန်မာနိုင်ငံ ဗဟိုအစိုးရနှင့် ဆက်ဆံရေးများကို ကျွမ်းကျင်စွာ ထိန်းကျောင်း သွားလာရခြင်း၏ ရှုပ်ထွေးမှုများနှင့် ပတ်သက်၍ဖြစ်သည်။ ကျွန်ုပ်၏ ဇာတိမြို့သည် အများ အားဖြင့် မြန်မာအာဏာပိုင်များ၏ အုပ်ချုပ်မှုအောက်တွင် ရှိသော်လည်း ထီးဟီးကျေးရွာက အာဏာမသိမ်းမီ ကြုံတွေ့ခဲ့ရသည့် သမိုင်းတစ်လျှောက် အုပ်ချုပ်မှုအခင်းအကျင်းကို ထင်ဟပ် စေသော ရောနှောထိန်းချုပ်သည့် ဧရိယာတစ်ခု ဖြစ်သည်။ ပြောင်းလဲနေသော အာဏာပိုင် များအောက်ရှိ အငြင်းပွားနေသော နယ်မြေများတွင် နေထိုင်ရသည့် ဤတူညီသော အတွေ့ အကြုံသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကြား ဆက်ဆံရေးနှင့် နယ်မြေထိန်းချုပ်မှုတို့နှင့်

ပတ်သက်သည့် ပါဝင်သူများ၏ ဇာတ်လမ်းများကို နားလည်ရန်အတွက် တူညီ သော အခြေခံကို ပေးစွမ်းနိုင်ခဲ့သည်။ သို့သော် အင်တာဗျူးများ ပြုလုပ်စဉ်အတွင်း ဗမာဘာသာစကားကို အဓိက ထားအသုံးပြုရခြင်းနှင့် အချို့အခြေအနေများတွင် ဒေသခံစကောကရင်စကားပြော စကားပြန် တစ်ဦးကို အသုံးပြု ရခြင်းတို့သည် ကျွန်ုပ် အင်တာဗျူးပြုလုပ်သူနှင့် လူမျိုးစု အမှတ်သညာ တူညီနေသော်လည်း ကျွန်ုပ်ကိုယ်တိုင် အပြင်လူတစ်ဦးကဲ့သို့ ခံစားရသည့် အခိုက်အတန့် များကို ဖန်တီးပေးခဲ့သည်။ အင်တာဗျူးပြုလုပ်ခံရသူ အများစုသည် စကားပြန် မပါဘဲ အင်တာဗျူး ပြုလုပ်နိုင်လောက်အောင် မြန်မာစကားကို လုံလောက်စွာ ကျွမ်းကျင်ကြသော် လည်း ဤဘာသာစကားဆိုင်ရာ အခင်းအကျင်းက ကျွန်ုပ်တို့၏ တူညီမှုများနှင့်အတူ တည်ရှိ နေသော ယဉ်ကျေးမှုဆိုင်ရာ ကွာဟမှုများကို ကျွန်ုပ်အား သတိရစေခဲ့သည်။ ဤအတွင်းလူနှင့် အပြင်လူ လွန်ဆွဲမှုသည် ပါဝင်သူများအား ၎င်းတို့၏ အတွေ့အကြုံများကို ယဉ်ကျေးမှုဆိုင်ရာ အလေးအနက်ထားမှုနှင့် သုံးသပ်မှုဆိုင်ရာ ခွဲခွာရှုမြင်မှု နှစ်မျိုးလုံးဖြင့် ကျွန်ုပ် ချဉ်းကပ်နိုင် စေရန်အခွင့်အလမ်း ပေးသည့်အပြင် ၎င်းတို့အား အသေးစိတ် ရှင်းလင်းချက်များပေးရန် တိုက်တွန်းခြင်းဖြင့် အဆုံးစွန်၌ ကျွန်ုပ်၏ သုတေသနကို ပိုမို ကြွယ်ဝစေခဲ့သည်။

ကွင်းဆင်းသုတေသနတစ်လျှောက် ကျွန်ုပ်၏ ကိုယ်ပိုင် ဘေးကင်းလုံခြုံမှုနှင့် သုတေသန ပါဝင်သူများ၏ ဘေးကင်းလုံခြုံမှုအတွက် လုံခြုံရေးနှင့် ကျင့်ဝတ်ဆိုင်ရာ တင်းကျပ်သော ချဉ်းကပ်မှုတစ်ခုကို ကျွန်ုပ် အသုံးပြုခဲ့သည်။ ကျွန်ုပ်က ချင်းမိုင်တက္ကသိုလ်၌ ပါရဂူတန်းတက် ရောက်နေသူ တစ်ဦးအဖြစ် ကျွန်ုပ်၏ ရပ်တည်မှုကို ဖော်ပြပြီး ကျွန်ုပ်၏ သုတေသနရည်ရွယ် ချက်ကို ရှင်းပြပြီးနောက် ပါဝင်သူအားလုံးက နှုတ်ဖြင့် သဘောတူညီမှု ပေးခဲ့ကြသည်။ ပါဝင်သူများသည် ယေဘုယျအားဖြင့် လက်ခံကြိုဆိုမှု ရှိကြပြီး အများစုမှာ ပါဝင်ခြင်းအပေါ် ကန့်ကွက်မှုများပြုလုပ်ခြင်းထက် ၎င်းတို့၏ အတွေ့အကြုံများက ကျွန်ုပ်၏ လေ့လာမှုအတွက် အသုံးဝင်မည် ဟုတ်၊ မဟုတ် ကိုသာ စိုးရိမ်မှု ပိုမိုဖော်ပြခဲ့ကြသည်။ ဒေသခံလူငယ်စကားပြန် များနှင့်အတူ ကျွန်ုပ် ရှိနေခြင်းသည် ပါဝင်သူများ၏ တုံ့ပြန်မှုများအပေါ် ဩဇာလွှမ်းမိုးနိုင် သော မည်သည့် ဆက်နွှယ်မှုမျိုးမှ ကျွန်ုပ်တို့တွင် မရှိသောကြောင့် အင်တာဗျူး ပြုလုပ်ခံရသူများ အပေါ် သိသာထင်ရှားသော အာဏာကွာဟမှုများကို မဖြစ် ပေါ်စေခဲ့ပေ။ ထိလွယ်ရှလွယ်သော လုံခြုံရေးအခြေအနေကြောင့် အသံဖမ်းစက်များကို အသုံးပြုမည့်အစား ကွင်းဆင်းမှတ်စု စာအုပ်များတွင် လက်ရေး မှတ်စုများအသုံးပြု၍ အင်တာဗျူးများကို မှတ်တမ်းတင်ခဲ့သည်။ အသေးစိတ်အချက်အလက်များ လတ်ဆတ်နေဆဲအချိန်တွင် တိကျမှန်ကန်မှုကို သေချာ စေရန် ဤမှတ်စုများကို ဖြစ်နိုင်သမျှ အမြန်ဆုံး စာစီကူးယူခဲ့သည်။ ပါဝင်သူ များ၏ လျှို့ဝှက်ချက်ကို ကာကွယ်ရန် ကျွန်ုပ်၏ စာစီကူးယူမှုများနှင့် ကွင်းဆင်း မှတ်စုများတွင် ဖြေဆိုသူအားလုံးနှင့် ကျေးရွာအမည်များအတွက် အမည်လွှဲ များကို ချက်ချင်းအသုံးပြုခဲ့သည်။ ဤဆောင်းပါးတွင် အသုံးပြုထားသော ပါဝင်သူများ၊ ကျေးရွာများနှင့် တိကျသော နေရာများ အပါအဝင် အမည်များ အားလုံးကို အမည်မသိစေရန် ပြောင်းလဲထားသည်။ ဖြေဆိုသူ

အများစုသည် မြန်မာစကားကို လုံလောက်စွာ ကျွမ်းကျင်ကြသောကြောင့် စကားပြန် မလိုအပ်ခဲ့ပေ။ အင်တာဗျူးများကို အများအားဖြင့် ပျဉ်ထောင်အိမ်များအောက်ရှိ လက်ဖက်ရည်ဝိုင်း ပတ်လည်မှ ခုံတန်းလျားများပေါ်တွင် ပြုလုပ်ခဲ့ပြီး ၎င်းက မှတ်စုရေးမှတ်ခြင်းနှင့် စကားပြောဆိုခြင်းနှစ်မျိုးလုံးအတွက် သက်သောင့် သက်သာရှိသော ပတ်ဝန်းကျင်ကို ပေးစွမ်းနိုင်ခဲ့သည်။ ဖြေဆိုသူများသည် ဤဆွေးနွေးမှုများအတွင်း ကွမ်းကို မကြာခဏ ဝါးလေ့ရှိပြီး ထိုအရာသည် ၎င်းတို့၏ ကိုယ်ပိုင်အိမ်များတွင် ပေါ့ပါးလွတ်လပ်သော အငွေ့အသက်ကို ရရှိစေရန် အထောက်အကူပြုခဲ့သည်။

ကျွန်ုပ်၏ သုတေသန၏ ကနဦးအာရုံစိုက်မှုမှာ ပဋိပက္ခကြားမှ ကျေးရွာသူကျေးရွာသားများ၏ ရာသီဥတုပြောင်းလဲမှုအတွေ့အကြုံများပေါ် တွင်ဖြစ်ကြောင်း သတိရှိရန်လိုသည်။ သို့သော် အဖွင့်မေးခွန်းများ (open-ended questions) နှင့် ပါဝင်သူများကိုလေ့လာခြင်းတို့ ပါဝင်သော ကျွန်ုပ်၏ လူမှုဘဝအလေ့အထဆိုင်ရာ ချဉ်းကပ်မှုသည် လူများအား ရာသီဥတုပြောင်းလဲမှုထက် များစွာ ကျော်လွန်သောကိစ္စရပ်များကို ဆွေးနွေးဖြစ်စေရန် မကြာခဏ ဦးတည် သွားစေခဲ့သည်။ အခါသမယ အများစုတွင် ရာသီဥတု ပြောင်းလဲမှုနှင့် သက်ဆိုင်သော မေးခွန်းများသည် စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများ၊ စားနပ်ရိက္ခာမလုံခြုံမှုနှင့် အတိတ်နှင့် လက်ရှိ အကြမ်းဖက်မှု၊ နေရပ်ရွှေ့ပြောင်း ခံရမှုနှင့် မြေယာ ဆုံးရှုံးမှု အတွေ့အကြုံများအကြောင်း ဆွေးနွေးမှုများအဖြစ်သို့ ပုံပြောင်းသွားခဲ့သည်။ ထို့ကြောင့် ဤဆောင်းပါးသည် ရာသီဥတု ပြောင်းလဲမှု အတွေ့အကြုံများနှင့် ၎င်း၏ဒဏ် ခံရနိုင်ခြေ ရှိမှုတို့ကို ပိုမိုကျယ်ပြန့်သော နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် အကြမ်းဖက်မှု သမိုင်းကြောင်းများမှ ခွဲထုတ်၍ မရနိုင်ပုံကိုလည်း ထင်ဟပ် ဖော်ပြနေသည်။[17] တစ်ခါတစ်ရံတွင် ၎င်းတို့၏ နေ့စဉ်ဘဝတွင် ရင်ဆိုင်နေရသော ဖြစ်ပေါ်ဆဲ မလုံခြုံမှုများနှင့် စစ်ရေး တိုက်ခိုက်မှုများကို ကြောင့် လူများ၏ ရာသီဥတု ပြောင်းလဲမှု အတွေ့အကြုံများနှင့် ၎င်းတို့၏ စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများ အပေါ်တွင်သာ စကားဝိုင်းကို အာရုံစိုက်ထားရန် ကြိုးပမ်းရသည်ကို ကျွန်ုပ် စိတ်မသက်မသာ ခံစားခဲ့ရသည်။ ရာသီဥတု ပြောင်းလဲမှုသည် ပတ်ဝန်းကျင် ဆိုင်ရာ စိန်ခေါ်မှုများကို ဖြစ်ပေါ်စေသော်လည်း ကွင်းဆင်း အထောက်အထား များကမူ အခြားသော ဂေဟစနစ် ဆိုင်ရာ တစ်ဆစ်ချိုးအပြောင်းအလဲများကို ပိုမို ချက်ချင်းသက်ရောက်မှုရှိသည့် အရာများအဖြစ် လူမှုအသိုက်အဝန်းများက တွေ့ကြုံခံစားရလေ့ရှိကြောင်းဖော်ပြနေသည်။ မြန်မာနိုင်ငံ၏ သံလွင်ငြိမ်းချမ်း ရေးဥယျာဉ်တွင် ကရင်လူမှုအသိုက်အဝန်းများသည် ရာသီဥတုဆိုင်ရာ စိုးရိမ်မှုများထက် လက်နက်ကိုင်ပဋိပက္ခနှင့် ဌာနေတိုင်းရင်းသားများ၏ ထိန်းသိမ်း စောင့်ရှောက်မှုအပေါ် ခြိမ်းခြောက်မှုများကို ဖြေရှင်းရန်ပိုမို ဦးစားပေးကြသည်။[18] ထိုနည်းတူ ကမ္ဘောဒီးယားနိုင်ငံရှိ

[17] Franco & Borris, 2019; Ribot, 2014.

[18] Paul et al., 2023.

မဲခေါင်မြစ်တစ်လျှောက်တွင် မြစ်ညာပိုင်းဆည်များသည် ပြောင်းလဲသွားသော ရေစီးဆင်းမှုများ မှတစ်ဆင့် ဒီရေတောများနှင့် ငါးလုပ်ငန်းများကို ဆိုးရွားစွာ ပျက်စီးစေခဲ့ပြီး ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများကိုပင် လွှမ်းမိုးသွားခဲ့သည်။[19] ဤဖြစ်ရပ်များမှ ဆည်တည် ဆောက်ခြင်း သစ်တောပြုန်းတီးခြင်းနှင့် သယံဇာတ ပဋိပက္ခ များကဲ့သို့သော ပတ်ဝန်းကျင်နှင့် ဂေဟာစနစ်ဆိုင်ရာ ပြောင်းလဲမှုများသည် ရာသီဥတုပြောင်းလဲမှုထက် နေ့စဉ်ဘဝအပေါ် ပိုမိုထင်ရှားပြီး ချက်ချင်း ဖြစ်ပေါ်သော သက်ရောက်မှုများရှိနေကြောင်း သက်သေပြနေသည်။ အထူး သဖြင့် ထီးဟီးကျေးရွာတွင် ကျွန်ုပ် ရောက်ရှိသည့် အခိုက်အတန့်ကတည်း ကပင် ပဋိပက္ခနှင့် မလုံခြုံမှုတို့သည် ရာသီဥတု ပြောင်းလဲမှုထက် လူများ၏ နေ့စဉ်ဘဝတွင် ပိုမို ဖိစီးမှု ရှိသော ကိစ္စရပ်များ ဖြစ်ကြောင်း ရှင်းလင်း ထင်ရှား နေခဲ့သည်။

ခလယ်လွီထူကို မိတ်ဆက်ခြင်း

မြန်မာနိုင်ငံ၏ နိုင်ငံတော်အုပ်ချုပ်ရေးက ပဲခူးတိုင်းဒေသကြီးဟု ရည်ညွှန်း သောဒေသ၏ အရှေ့ခြမ်းရှိ ကရင်ကျေးရွာ အများစုသည် စစ်တောင်းမြစ် တစ်လျှောက် သို့မဟုတ် ၎င်းနှင့် ပဲခူးရိုးမအရှေ့ခြမ်း၏ သစ်တောထူထပ်သော ဒေသများအကြားတွင် တည်ရှိကြသည်။ ဤ ဒေသသည် ၁၉၄၈ ခုနှစ်မှ စတင်၍ KNU/KNLA နှင့် မြန်မာစစ်တပ်တို့အကြား ကြိုးကြား ကြိုးကြား လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာ နေရာတစ်ခု ဖြစ်ခဲ့ပြီး နေထိုင်သူအများစုမှာ တိုက်ရိုက် အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခံစားခဲ့ကြရသည်။ အုပ်ချုပ်မှု ပိုင်းအရ တောင်ပေါ် သစ်တောထူထပ်သော ဒေသများကို KNU က ကြာမြင့်စွာအုပ်ချုပ်ခဲ့ပြီး စစ်တောင်းမြစ်ကမ်းတစ်လျှောက်ရှိ မြေပြန့် ကျေးရွာများမှာမူ နိုင်ငံတော်နှင့် KNU အုပ်ချုပ်ရေး တို့အကြား အများအားဖြင့် အငြင်းပွားဖွယ်ရာနှင့် ရောနှော ထိန်းချုပ်မှုရှိသော နေရာများ ဖြစ်ခဲ့ကြသည်။

ရောနှော ထိန်းချုပ်မှု ဧရိယာများဆိုင်ရာ အခြား သုတေသနများနှင့် အညီ[20] ကျွန်ုပ်၏ ကွင်းဆင်း သုတေသန ဧရိယာကို အငြင်းပွားဖွယ်ရာ အုပ်ချုပ်မှုရှုထောင့်မှ သာမက မြေယာနှင့် သယံဇာတ လုယူသိမ်းပိုက်ခြင်းများ ပါဝင်သည့် အရင်းရှင်စနစ် စုဆောင်းမှု ရှုထောင့်မှပါ အစဉ်အလာအားဖြင့် “နယ်စပ်ဒေသ” တစ်ခုအဖြစ် ဖွဲ့စည်း တည်ရှိ နေသည်ဟု ကျွန်ုပ် မှတ်ယူ သည်။[21] “Frontier” ဟူသည်မှာ တကယ့် လက်တွေ့ ဖြစ်သောနှင့် စိတ်ကူး ထဲကလူမှုနေရာ တစ်ခုအဖြစ် နှစ်မျိုးလုံးအတွက် လူမှုရေးသိပ္ပံ စာပေများတွင် အငြင်းပွားဖွယ်ရာ ဝေါဟာရ

[19] Baird & Thorne, 2023.
[20] See Kyed, 2021.
[21] Rasmussen & Lund, 2018.

တစ်ခု ဖြစ်သည်။[22] သို့သော် ဘော်လိဗ်[23] က ထောက်ပြငြင်းဆိုသကဲ့သို့ ၎င်းသည် အပြိုင်အဆိုင် ဖြစ်နေသော လက်နက်ကိုင်အုပ်စုများနှင့် အာဏာဆက်ဆံရေးများ၏ အစုအဖွဲ့အကြားရှိ အကြမ်းဖက် အငြင်းပွားမှုများမှတစ်ဆင့် နိုင်ငံတော် ဖွဲ့စည်းခြင်းမဏ္ဍာခဏ ဖြစ်ပေါ်လေ့ရှိသော နေရာတစ်ခုကို ရည်ညွှန်းနိုင်သည်။ ကိုလံဘီယာနိုင်ငံတွင် နယ်စပ်ဒေသများရှိ အရင်းအနှီး စုဆောင်းမှုနှင့် ဖွံ့ဖြိုးရေး ဝင်ရောက်စွက်ဖက်မှုများသည် အကြမ်းဖက်မှု သံသရာများ ထပ်တလဲလဲ ဖြစ်ပေါ်ခြင်းနှင့် မကြာခဏ ဆုံတွေ့ ယှက်နွယ်နေပုံ၊ (ထိုသို့ ယှက်နွယ်မှုက) မြေယာနှင့် သယံဇာတများမှ နှင်ထုတ် သိမ်းပိုက်ခြင်းကို ဖြစ်နိုင်စေပြီးတရားဝင် ဖြစ်စေပုံတို့ကို ဘော်လိဗ်က ဖော်ပြထားသည်။ ဤအရာကို လွယ်ကူချောမွေ့စေရန်အတွက် ရောမ ဆည်ကြီးများ၊ အဝေးပြေး လမ်းမကြီးများ၊ စက်မှုဇုန်များ၊ သစ်တော ထိန်းသိမ်းရေး လုပ်ငန်းများနှင့် ဆီအုန်း၊ ရော်ဘာ စသည်တို့အတွက် အကြီးစား စိုက်ပျိုးရေး စိုက်ခင်းကြီးများအပါအဝင် ပရောဂျက်မျိုးစုံကို အသုံးပြုနိုင်သည်။[24] ဘော်လိဗ် သည် "နယ်စပ်ဒေသ အကျိုးသက်ရောက်မှု" ဟူသော ဝေါဟာရကို အသုံးပြု၍ နယ်စပ်ဒေသများသည် အာဏာရှိသော အုပ်စုများက တိုးတက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်သာချောင်ချိရေးဟူသော ဘာသာစကား အသုံးအနှုန်းများမှတစ်ဆင့် အရင်းရှင်စနစ် စုဆောင်းမှု ပရောဂျက်များကို အသုံးချသည့် နေရာများအဖြစ် ဖန်တီးခြင်း ခံရပုံကို ပြသထားသည်။[25]

"နယ်စပ်ဒေသ" များအကြောင်း ဤဖော်ပြချက်များသည် ခလယ်လွီထူဒေသ၏ သမိုင်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို ကောင်းစွာ ထင်ဟပ်စေသည်။ အဘယ်ကြောင့်ဆိုသော် ထိုဒေသတွင် 'တိုးတက်မှု' နှင့် 'ဖွံ့ဖြိုးတိုးတက်မှု' အမည်ခံကာ စစ်ဘက်အကြမ်းဖက်မှု၊ အုပ်ချုပ်ရေးဆိုင်ရာ ချဲ့ထွင်မှုနှင့် မြေယာသိမ်းပိုက်မှုများသည် အချိန်ကာလ ကြာရှည်စွာ ဖြစ်ပေါ်နေခဲ့ သည်။ ကျွန်ုပ်၏ ကျေးရွာ သုတေသန နေရာနှစ်ခုလုံးတွင် လူများသည် ၎င်းတို့ ၏ ဘဝတစ်လျှောက် ကြုံကြုံခံ ခံစားခဲ့ရသော များစွာသော ဒုက္ခဆင်းရဲမှုများကို အသေးစိတ် ဖော်ပြခဲ့ကြသည်။ ၎င်းတို့သည် KNU ကဲ့သို့သော တော်လှန်ရေး အဖွဲ့များကို အစားအစာ၊ ရန်ပုံငွေ၊ သတင်းနှင့် လူသစ်စုဆောင်းမှုတို့မှ ဖြတ် တောက်ရန်ရည်ရွယ်၍ ၁၉၇၀ ပြည့်လွန်နှစ် နှောင်းပိုင်းမှစတင်ခဲ့သော စစ်တပ်၏ "ဖြတ်လေးဖြတ်" ပုန်ကန်မှု တန်ပြန်နှိမ်နင်းရေး စစ်ဆင်ရေးများ၏ ဆိုးရွား လှသော အကျိုးသက်ရောက်မှုများအကြောင်း ပြောပြခြင်းဖြင့် အစပြုလေ့ရှိသည်။ မြန်မာစစ်တပ်၏ စစ်ဆင်ရေးများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဓလေ့ထုံးတမ်းမြေများနှင့် စုပေါင်းပိုင်မြေများသည် မြေယာသိမ်းပိုက်မှုများ၏ ပစ် မှတ် ဖြစ်ခဲ့ကြပြီး

---

[22] Lefebvre, 1991.
[23] Ballvé, 2020.
[24] Barbier (2012)၊ Peluso & Lund (2011)၊ Rasmussen & Lund (2018)၊ Woods (2019) တို့သည် ဥပမာများ ဖြစ်ကြသည်။
[25] Ballvé, 2020.

လူများသည် ၎င်းတို့၏ နေရင်းမြေများမှ အတင်းအဓမ္မ ရွှေ့ ပြောင်း နေရာချထားခံခဲ့ရသည်။[26] ၎င်းသည် မြေယာပိုင်ဆိုင်မှုနှင့် မြေယာ ဆက်နွှယ်မှုများအပေါ် နက်ရှိုင်းသော သက်ရောက်မှုများရှိခဲ့သည်။

၂၀၁၁ တွင် စစ်တပ်က အရပ်သားတစ်ပိုင်းအစိုးရကို စတင် မိတ်ဆက် ပြီး မကြာမီ ၂၀၁၂ တွင် KNU မှ လက်မှတ်ရေးထိုးခဲ့သော နှစ်ဖက် ပဏာမ အပစ်အခတ်ရပ်စဲရေးသည် ကျေးလက်အသက်မွေးဝမ်းကျောင်းမှုများအပေါ် နည်းလမ်းများစွာဖြင့်သက်ရောက်မှု ရှိခဲ့သည်။ ၎င်းသည် ကရင် လူမှုအသိုက် အဝန်းများရှိ ပွင့်လင်းသော တိုက်ပွဲများကို ခေတ္တ ရပ်တန့်စေခဲ့ပြီး လွတ်လပ်စွာ သွားလာခွင့် တိုးလာခြင်း၊ အသက်မွေးဝမ်းကျောင်းမှုများ တိုးတက်လာခြင်း၊ ဝင်ငွေ ရှာဖွေနိုင်သည့် အခွင့်အလမ်း ပိုများလာခြင်း၊ ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများ တိုးမြှင့်လာခြင်းနှင့် တိုင်ကြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့ကျသွားခြင်း အပါအဝင် အခြားအကျိုးကျေးဇူးများကိုလည်း ယူဆောင်လာခဲ့သည်။[27] သို့သော်၎င်းအခြေ အနေသည် ပဲခူးတိုင်း အရှေ့ခြမ်းကဲ့သို့ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူနည်းစုနှင့် ဌာနေ လူမှုအသိုက် အဝန်းများအတွက် အပစ်အခတ်ရပ်စဲရေးသည် ကုမ္ပဏီများ ဦးဆောင်သော မြေယာသဘောတူညီမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ထိုးဖောက်မှုများ တိုးပွားလာခြင်းကို လည်း ဆိုလိုခဲ့ပြီး ၎င်းက အကြီးစား စိုက်ပျိုးရေးစီးပွားရေးလုပ်ငန်းများနှင့် သဘာဝ သယံဇာတ ထုတ်ယူခြင်းတို့၏ အကျိုးစီးပွားအတွက် မြေယာသိမ်းပိုက်မှုများနှင့် မြေယာများ ပြန်လည် ခွဲဝေချထားခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည်။[28] ၎င်းသည် ၂၀၁၁ နောက်ပိုင်း နိုင်ငံ (တံခါး) ဖွင့်လာ ပြီး အရပ်သားတစ်ပိုင်းအစိုးရက မြေယာသိမ်းပိုက်မှုများကို လွယ်ကူချောမွေ့စေသည့် သယံ ဇာတထုတ်ယူမှု အခြေပြုစီးပွားရေး တိုးတက်မှု ဖွံ့ဖြိုးရေးမော်ဒယ်ကို လိုက်စားခဲ့သည့် အချိန် တွင် ဖြစ်ပွားခဲ့သည်။ မြန်မာအစိုးရသည် "စိမ်းလန်းသော သိမ်းပိုက်မှု"[29] ကို တရားမျှတကြောင်းပြရန် သစ်တောထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဟူသော ဘာသာစကားကိုလည်း စတင်အသုံးပြုခဲ့ပြီး ဖွဲ့စည်းပုံဆိုင်ရာ အကြမ်းဖက်မှုနှင့် မညီမျှမှုစနစ်များကို ပိုမိုနက်ရှိုင်းစေကာ တစ်နိုင်တစ်ပိုင် တောင်သူအများအပြား ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှု

---

[26] Aung Naing, 2024; Ferguson, 2014; Woods, 2020; Woods & Naimark, 2020.

[27] Chambers & Butta (2019) တို့ကိုလည်း ကြည့်ရှုနိုင်သည်။ အပစ်အခတ်ရပ်စဲထားသော်လည်း KNLA တပ်မဟာ (၃) နှင့် (၅) တို့က မြန်မာစစ်တပ်၏ ထိုးစစ်များကို ပြင်းပြင်းထန်ထန် ခုခံကာကွယ်နေသည့် မူသယ်လမ်းမ ပေါ်တွင် ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေခဲ့သည်။

[28] Borras et al., 2020; Doi Ra & Khu Khu Ju, 2021; Franco & Borras, 2019; Jones, 2014; Kramer, 2021; Park, 2021; Sarma et al., 2021; Woods, 2020. Naw Htee Ku & Hoffmann (2026) [this issue] တို့ကိုလည်း ကြည့်ရှုနိုင်သည်။

[29] Fairhead et al., 2012.

များဆုံးရှုံးပြီး မြို့ကြီးများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အခြားအခွင့်အလမ်းများကို ရှာဖွေရစေခဲ့သည်။ အချို့ဒေသများတွင် စိမ်းလန်းသော သိမ်းပိုက်မှု သည် မြေယာ ပဋိပက္ခများနှင့် အာဏာအပေါ် အငြင်းပွား ရုန်းကန်မှုများကိုလည်း ပိုမို ဆိုးရွားစေခဲ့သည်။[30] အာဏာမသိမ်းမီ ခလယ်လွိုထူ အရှေ့ခြမ်းဒေသတွင် ပြုလုပ်ခဲ့သော သုတေသနတစ်ခုတွင်၊ ချိန်ဘာစ်နှင့် ဘူတာ[31]တို့က ကရင်ဓလေ့ထုံးတမ်းနှင့် စုပေါင်းပိုင်နယ်မြေများသည် စိုက်ပျိုးရေး စီးပွားရေးလုပ်ငန်းနှင့် သဘာဝ သယံဇာတ ထုတ်ယူခြင်းတို့၏ ခြိမ်းခြောက်မှုကို တိုး၍ခံနေရပုံကို ဖော်ပြထားသည်။

> သုတေသန နေရာအားလုံးရှိ လူများသည် အပစ်အခတ်ရပ်စဲရေး၏ အကျိုးကျေးဇူးမျိုးစုံအကြောင်း ပြောဆိုကြသော်လည်း ၎င်းသည် ၎င်းတို့၏ ဓလေ့ထုံးတမ်း စုပေါင်းပိုင်မြေများကို ကာကွယ်ခြင်းနှင့် သက်ဆိုင်သည့် စိန်ခေါ်မှုအစုံသစ်ကိုလည်း ဖြစ်ပေါ်စေခဲ့သည်ဟု ၎င်းတို့က မှတ်ချက်ပြုခဲ့ကြသည်။ ပေါ်ပေါက်လာသောပြဿနာများအနက် နှစ်ခုမှာ လူများ၏ "ရပ်ရွာပိုင်သစ်တော" များနှင့် "တောင်ယာလှည့်ပတ်စိုက်ပျိုးမြေ" များကို အသုံးပြုခွင့်ရှိရေးနှင့် အသုံးပြုမှုအပေါ် ကန့်သတ်ချက်များဖြစ်သည်။ ၂၀၁၂ အပစ်အခတ်ရပ်စဲရေးကတည်းက ဓလေ့ထုံးတမ်း စုပေါင်းပိုင်မြေများအဖြစ် အသုံးပြုခဲ့သော သစ်တောဧရိယာ အများအပြားကို ရော်ဘာနှင့် အခြား နှစ်ရှည်သီးနှံ စိုက်ခင်းများစိုက်ပျိုးရန်အတွက် ပုဂ္ဂလိကကုမ္ပဏီများက သိမ်းယူခဲ့ကြသည်။[32]

မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များရှိသော အခြားဒေသများနည်းတူ ကရင်လူမျိုးများ၏ မြေယာပိုင်ဆိုင်ခွင့်များသည် ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင်ပင် အကာအကွယ် မဲ့နေခဲ့ဆဲဖြစ်သည်။ KNU ၏ ၂၀၁၅ ခုနှစ် မြေယာမူဝါဒသည် လူများကို မြေပိုင်ရှင်များအဖြစ် အသိအမှတ်ပြုပြီး တောင်ယာ လှည့်ပတ် စိုက်ပျိုးမြေ၊ ရပ်ရွာပိုင်သစ်တော၊ သစ်သီးခြံမြေနှင့် စားကျက်မြေတို့ အပါအဝင် ဓလေ့ထုံးတမ်းနှင့် စုပေါင်းပိုင်ဆိုင်မှုကို အကာ အကွယ်ပေးသော် လည်း[33] ခလယ်လွိုထူနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ အခြားနယ်စပ်ဒေသများအပါအဝင် မြန်မာနိုင်ငံ အာဏာပိုင်များ၏ ထိန်းချုပ်မှု နှင့် ဩဇာလွှမ်းမိုးမှုရှိသော နေရာများတွင် ၎င်းကို အကောင်အထည်ဖော်ရန်

---

[30] Borras et al., 2020; Franco & Borras, 2019; Park, 2021; Woods, 2015; 2019.
[31] Chambers & Butta, 2019.
[32] Chambers & Butta, 2019, p. 79. South et al. (2018) တို့ကိုလည်း ကြည့်ရှုနိုင်သည်။ ကြားဖြတ်အစီအစဥ်များနှင့် ၎င်းတို့က မြေယာနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုအပေါ် မည်သို့ သက်ရောက်မှုရှိပုံကို အသေးစိတ် ဆွေးနွေးထားချက်အတွက်။
[33] Karen National Union, 2015.

ခက်ခဲခဲ့သည်။[34] မြန်မာအစိုးရသည် မြေယာ အသုံးပြုခွင့်ကိုသာ ခွင့်ပြုပြီး စုပေါင်းပိုင်နှင့် ဓလေ့ထုံးတမ်းမြေများကို "မြေလွတ်မြေရိုင်း" အဖြစ် မကြာခဏ သတ်မှတ်၍ နိုင်ငံတော် ဦးဆောင်သော ကျူးကျော်မှုအတွက် စွန့်ပစ်အသုံးပြုနိုင်သော မြေ အဖြစ် သတ်မှတ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ထိန်းသိမ်းရေး ပရောဂျက်များ၏ ကျော်လွှားခြင်းကို အလွယ်တကူ ခံရလေ့ရှိသည်။[35]

ပဲခူးတိုင်းအရှေ့ခြမ်းရှိ မြေယာအများစုသည် အပစ်အခတ်ရပ်စဲရေး မတိုင်မီ တစ်ချိန်က ပဋိပက္ခဇုန်များအဖြစ် သိခဲ့ကြသော တနင်္သာရီတိုင်းဒေသကြီး၏ အစိတ်အပိုင်းများ (နော်ထီးခူ နှင့် ဟော့ဖ်မန်း[36] တို့က ဖော်ပြခဲ့သော) နှင့် အလားတူ စီးပွားဖြစ် စိုက်ခင်း စီးပွားရေးနှင့် သတ္တု တူးဖော်ခြင်း တို့၏ အထိအတွေ့မခံရဘဲတည်ရှိခဲ့သည်။[37] သို့သော် ဒေသခံ ကျေးရွာသားများ နှင့် KNU အဖွဲ့ဝင်များ၏ အစီရင်ခံချက်များအရ ၂၀၁၂ အပစ်အခတ် ရပ်စဲရေး နောက်ပိုင်းတွင် ၎င်းအခြေအနေသည် သိသိသာသာ ပြောင်းလဲသွားခဲ့ပြီး အထူးသဖြင့် ရွှေတူးဖော်ခြင်းမှာ ရုတ်တရက် ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၀ ပြည့်လွန်နှစ်များအတွင်း ကရင်ဓလေ့ထုံးတမ်း မြေ များတွင် ရင်းနှီးမြှုပ် နှံမှုများ အရှိန်မြင့်လာခြင်းနှင့် စိုက်ပျိုးရေး စီးပွားရေးလုပ်ငန်းများ ချဲ့ထွင် လာခြင်းတို့သည်လည်း ကယ်ဗင်ဝုဒ်စ် က 'အပစ်အခတ်ရပ်စဲရေး အရင်းရှင်စနစ်' (ceasefire capitalism)[38] ဟု ဖော်ပြသည့် အရာနှင့် အလားတူတိုးချဲ့လာခဲ့ သည်။ KNU တပ်မဟာ (၅) ၏ အမာခံ နယ်မြေဖြစ်သော တနင်္သာရီတိုင်း ဒေသကြီးနှင့် ဖာပွန်ခရိုင်တို့နှင့် မတူဘဲ ပဲခူးတိုင်း အရှေ့ခြမ်းဒေသတွင် မြေပြင်၌ အခိုင်အမာရှိသော အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်း ကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းများမရှိသဖြင့် ဤစီးပွားဖြစ် လုပ်ငန်းဆောင်တာ များသည် ထိန်းကျောင်းမှု မခံရဘဲရှိနေခဲ့သည်။

ခလယ်လွိုထူဒေသရှိ ကရင်လူမှုအသိုက်အဝန်းများသည် ဆယ်စုနှစ်ပေါင်းများစွာ တိုက် ရိုက်နှင့် ဖွဲ့စည်းပုံဆိုင်ရာ အကြမ်းဖက်မှုများကို တွေ့ကြုံခံစားခဲ့ရသော်လည်း ၂၀၂၁ အာဏာ သိမ်းမှုကိုမူ "တစ်ဆစ်ချိုး အပြောင်းအလဲ" တစ်ခုအဖြစ် တွေ့ကြုံ ခံစားခဲ့ကြရဆဲဖြစ်သည်။ အာဏာသိမ်းပြီး မကြာမီ ခလယ်လွိုထူဒေသတွင် ဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီး KNU က အကြမ်း မဖက်ခုခံမှု ထို့နောက် လက်နက်ကိုင် ခုခံမှုတို့ကို ထောက်ခံခဲ့သည်။ KNLA သည် ဒေသအတွင်း အသစ်ဖွဲ့စည်းလိုက်သော PDF များနှင့် ပူးပေါင်းခဲ့သည်။ ထိုအချိန်မှစ၍ KNLA နှင့် PDF များ

[34] Kyed & Myat The Thitsar, 2020.

[35] Lue Htar, 2020.

[36] Saw Ner Dhu Da, 2026 [this issue].

[37] Karen Human Rights Group, 2013, pp. 74–86. အုပ်ချုပ်ရေး ရောထွေးသော နယ်မြေများရှိ မြေအချို့သည် ခရိုနီများနှင့် စစ်တပ်တို့၏ ဆည်တည်ဆောက်ခြင်းနှင့် သစ်ထုတ်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်။

[38] Woods, 2011.

သည် နယ်မြေ ပိုမိုရရှိခဲ့ကြသည်။ ကျွန်ုပ်၏ ကွင်းဆင်းသုတေသနနှင့် အင်တာဗျူးများ ပြု လုပ်ချိန်တွင် စစ်တောင်းမြစ် အရှေ့ဘက်ရှိ ကျေးရွာအများစုသည် KNU အုပ်ချုပ်မှုအောက်တွင် ရှိနေသည်ကို ကျွန်ုပ်မှတ်သားမိသည်။ အာဏာသိမ်းမှု ဆန့်ကျင်ရေး ခုခံလှုပ်ရှားမှုကျယ်ပြန့် လာသည်နှင့်အမျှ မြန်မာစစ်တပ်က လေကြောင်း တိုက်ခိုက်မှုများ၊ လက်နက်ကြီးများနှင့် မီးရှို့ မှုများကို အသုံးပြု၍ ကျေးရွာများအပေါ် ၎င်း၏တိုက်ခိုက်မှုများကို တိုးမြှင့်လက်တုံ့ပြန်လာ သောကြောင့် အထက်ပါအချက်က ကျေးရွာသူကျေးရွာသားများအတွက် ပိုမိုကြီးမားသော မလုံခြုံမှုကိုဆိုလိုနေသည်။ အတိတ်နှင့် ပစ္စုပ္ပန်တွင် ဤသို့ ထပ်ဆင့် ဖြစ်ပေါ်နေသော ရုန်းကန်မှုများနှင့် မလုံခြုံမှုများ အပြင် ကျွန်ုပ်၏ သုတေသနတွင်ပါဝင်သူများသည် စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများအပေါ် ၎င်းတို့၏ အလွန်အမင်း မှီခိုနေရမှုနှင့် နက်ရှိုင်းစွာ ဆက်စပ်နေသည့် ရာသီဥတု ပြောင်းလဲမှုမှ ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရ သည်။ နောက်လာမည့် အပိုင်း နှစ်ခုတွင် ကစယ်လား နှင့် ထီးဟီး ကျေးရွာများအကြောင်း ပိုမို အသေးစိတ် ဆွေးနွေးပြီး ထိုနေရာများရှိ အတိတ် ဖြစ်ရပ်များ ကို အဓိက ဖြစ်ရပ် လေ့လာမှု များအဖြစ် ဆွေးနွေးကာ အာဏာသိမ်းမှု နောက်ပိုင်းလူများ၏ နေ့စဉ် ရုန်းကန်နေရမှုများနှင့် ၎င်းတို့ မည်သို့ ဆက်စပ်နေပုံကို ရှင်းပြသွားပါမည်။

ကစယ်လားတွင် အကြမ်းပတမ်း တစ်ဆစ်ချိုးအပြောင်းအလဲဖြစ်စေခဲ့သည့် ဆည်တည်ဆောက်ခြင်း

ကစယ်လားကျေးရွာသည် သမိုင်းအရ ဒေါနတောင်တန်းအခြေတွင် ကရင်ပြည်နယ်နှင့် ပဲခူး တိုင်းဒေသကြီး နယ်စပ်အနီး၌ တည်ရှိခဲ့သည်။ ကျေးရွာသည် ဒေါနတောင်တန်း၏ ထူထပ် သော သစ်တောများနှင့် နီးကပ်မှုကြောင့် ၎င်းတို့က ကော့သူးလေအတွက် ဗဟိုအစိုးရကို ၁၉၄၉ ခုနှစ်တွင် စတင်ကြိုးပမ်းချိန် လွတ်လပ်ရေးရပြီးနှစ်များ အစောပိုင်းတွင် ထိုဒေသသည် KNU ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိခဲ့သည်။[39] ကစယ်လားတွင် နေထိုင်သူများ သည် 'ပွာကညော' (pgha k'nayaw) သို့မဟုတ် စကောကရင် လူမျိုးစုဝင်များ အဓိကဖြစ်ကြပြီး ယနေ့အခါတွင် အများစုမှာ ခရစ်ယာန် နှစ်ခြင်းများ ဖြစ်ကြသည်။ ခရစ်ယာန်ဘာသာ မရောက်ရှိလာမီ ကျေးရွာသားများသည် နတ်ကိုးကွယ်မှုကို ကျင့်သုံးခဲ့ကြပြီး မြေ၏ နတ်များ သို့မဟုတ် 'မြေပိုင်ရှင်များ' နှင့် ခိုင်မာသော ဆက်သွယ်မှုများကို ထိန်းသိမ်း ခဲ့ကြသည်။ ကျေးရွာသား များသည် ၎င်းတို့၏ အဓိက စားဝတ်နေရေး နည်းလမ်းအဖြစ် တောင်ယာ လှည့်ပတ် စိုက်ပျိုး ခြင်းကို လုပ်ကိုင်ခဲ့ကြသည်။ 'ပွာကညော' လူမျိုးများဆိုင်ရာ လေ့လာမှုများစွာတွင် ဖော်ပြထား

[39] KNU ၏ မြန်မာစစ်တပ်အပေါ်ဆန့်ကျင်သည့် နှစ်ရှည်လက်ကိုင်နှင့် နိုင်ငံရေးတိုက်ပွဲအကြောင်း အသေးစိတ်အချက်အလက်များအတွက် South (2011) တွင်ရှုပါ။

သည့်အတိုင်း 'ကော်' ဟု သိကြသော မြေသည် စိုက်ပျိုးရေး၊ စားနပ်ရိက္ခာ ဖူလုံမှုနှင့် မိသားစု ဘ၀တို့အတွက် အခြေခံတစ်ခု ဖြစ်သည်။ 'မြေပိုင်ရှင်များ'အပေါ် ဂရုစိုက်မှု ဆက်ဆံရေးသည် နေ့စဉ် လူမှုဆက်ဆံရေး၏ အဓိက အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်။[40] ကစယ်လား ဒေသခံများသည် စိုက်ပျိုးနိုင်သော လယ်ယာမြေများကိုလည်း ပိုင်ဆိုင်ခဲ့ကြပြီး အနီးအနား မြို့များရှိ လူများကို ရောင်းချရန် သစ်သီးပင် မျိုးစုံကို စိုက်ပျိုးခဲ့ကြသည်။ ရွာ၏ မြေပြန့် လယ်စပါး ထွက်ရှိမှုသည် အနီးအနားရှိ ပိုမို ဝေးလံခေါင်ဖျားသော တောင်ပေါ် သစ်တောများတွင် နေထိုင်သူများကို ထောက်ပံ့ပေးခဲ့ပြီး အထူးသဖြင့် ဤတောင်ပေါ် ကျေးရွာ သားများသည် ၎င်းတို့၏ ကိုယ်ပိုင် လိုအပ်ချက်များကို ဖြည့်ဆည်းရန်ဆန်စပါး လုံလောက်စွာ စိုက်ပျိုးနိုင်ခြင်း မရှိသည့်အခါ ဖြစ်ကြောင်း သိရှိခဲ့ရသည်။ ဤ တည်ငြိမ်နေသော အခြေအနေသည် ၁၉၈၀၊ ၁၉၉၀ နှင့် ၂၀၀၀ ပြည့်လွန်နှစ်များ တစ်လျှောက်လုံး စစ်တပ် စစ်ဆင်ရေးများ စတင် ပြင်းထန်လာချိန်အထိ အနှောင့်အယှက် မရှိခဲ့ပေ။ ဤဆယ်စုနှစ်များသည် ၂၀၁၁ ခုနှစ်တွင် မူလ ကစယ်လားကျေးရွာ နေရာ၌ ရွှေကျင်ဆည် တည်ဆောက်ခြင်းသို့ ဦးတည် သွားစေခဲ့သည်။

ဆည် မတည်ဆောက်မီ ၂၀၀၀ ပြည့်လွန်နှစ်များအတွင်း စစ်ဆင်ရေးများသည် ကစယ်လား ပတ်ဝန်းကျင်ဒေသများမှ KNU/KNLA ကို ရှင်းလင်းရန် ကြိုးပမ်းခဲ့သည်။ ကရင် အရပ်သားအများအပြားသည် ၎င်းတို့၏ လူမျိုးဖြစ်ခြင်း သက်သက်ကြောင့် 'နိုင်ငံတော်၏ ရန်သူများ' အဖြစ် သတ်မှတ်ခံခဲ့ရသည်။ ရွာနားမှသစ်တောသည် အတော် နက်ရှိုင်းပြီး KNLA မှ ကြာမြင့်စွာ ကျင့်သုံးခဲ့သောပြောက်ကျားစစ်ပုံစံအတွက် အလေးသာမှုရှိသည်။ ထို့ကြောင့် မြန်မာ စစ်တပ်သည် ဤမြေများနှင့် ထိုနေရာတွင် နေထိုင်သော လူများကို ဖျက်ဆီးရန် ကြိုးစားခဲ့သည်။ ကျေးရွာသား အများအပြားသည် လမ်းမကြီး များဘေးရှိ စစ်တပ် ထိန်းချုပ်သော နေရာများသို့ အတင်းအဓမ္မ ရွှေ့ပြောင်း ခဲ့ရပြီး အချို့မှာ KNU ထိန်းချုပ်မှုအောက်ရှိအနီးအနား တောင်ပေါ် ဒေသများသို့ ခိုလှုံခဲ့ရသည်။ ကျေးရွာသားများ သည် တောင်ပေါ်ဒေသများနှင့် ၎င်းတို့၏ မူလ စိုက်ပျိုးမြေများရှိရာ မြေပြန့်ဒေသများအကြား နေရာ နှစ်ခုလုံးတွင်လုံခြုံသော မြေယာ ပိုင်ဆိုင်မှုမရှိဘဲ မကြာခဏ ရွှေ့ပြောင်းခဲ့ ကြရသည်။ ထိုအချိန်က လူ့အခွင့်အရေး အစီရင်ခံစာတစ်စောင်တွင် ဖော်ပြခဲ့သည့်အတိုင်း[41] စစ်ရေး ထိုးစစ်များသည် နှစ်ပေါင်းများစွာကြိုးကြား ကြိုးကြား ဖြစ်ပွားခဲ့သော်လည်း ဗျူဟာကျ ရည်မှန်းချက်မှာ ခုခံမှု ပုံစံအားလုံးကို ဖြိုခွင်းပြီး အရပ်သား ပြည်သူလူထုနှင့် နယ်မြေအပေါ် အလုံးစုံ ထိန်းချုပ်မှုရယူရန် ဖြစ် သည်။ ထိုးစစ်များတွင် ကျေးရွာ အိမ်များ နှင့် လယ်ကွင်းများ မီးရှို့ခြင်း၊ မတရား ဖမ်းဆီး ထိန်းသိမ်းခြင်း၊ ငွေညှစ်ခြင်း၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းခြင်း၊

[40] See for example, Paul et al., 2021; Paul et al., 2023.
[41] Karen Human Rights Group, 2006.

သွားလာ လှုပ်ရှားမှုနှင့် ကုန်သွယ်မှု ကန့်သတ်ချက်များတို့ ပါဝင်ခဲ့ပြီး ၎င်းတို့သည် လူများ၏ အသက်မွေးဝမ်းကျောင်းမှုများကို ရေရှည်တည်တံ့စေရန် စွမ်းဆောင်နိုင်မှုကို အမြဲတစေ ထိခိုက် ပျက်စီးစေခဲ့သည်။[42]

ဤကာလသည် အလွန်အမင်းခက်ခဲခဲ့ကြောင်း ကစယ်လားရွာမှ ရွာသားများက ကျွန်ုပ်ကို ပြောပြခဲ့သည်။ လူအများအပြားသည် ဆန် ဝယ်ယူရန် ဆွေမျိုးများ နှင့် အိမ်နီးချင်းများထံမှ ငွေချေးငှားခဲ့ရပြီး ထို့နောက် တောင်ပေါ်ဒေသများတွင် ရာသီအလိုက် ပေါက်သော တောဖာလာစေ့များကို ခူးဆွတ်၍ ထိုချေးငွေကို ပြန်ဆပ်ရန် ကြိုးစားခဲ့ကြရသည်။ အကြမ်းဖက် မှုသည် မိသားစုများကိုလည်း ရေရှည်ပြိုကွဲစေခဲ့ပြီး ကလေးအချို့မှာ ၎င်းတို့၏ ပညာရေးကို ဆက်လက် သင်ယူနိုင်ရန် ထိုင်းနယ်စပ်တစ်လျှောက်ရှိ ဒုက္ခသည် စခန်းများသို့ ပြောင်းရွှေ့ခဲ့ရ သည်။ သို့သော် အခြားသူများမှာမူ ပညာရေး အခွင့်အလမ်းများ လုံးဝဆုံးရှုံးခဲ့ရသည်။ အကြမ်း ဖက်မှုသည် လူမှုဖွဲ့စည်းပုံများ၏ အစိတ်စိတ်အမွှာမွှာ ကွဲပြားခြင်းကို ဖြစ်ပေါ်စေခဲ့ပြီး လူမှုအသိုက်အဝန်း၏ ထိခိုက်လွယ်သော အခြေအနေကို ပိုမိုဆိုးရွားစေကာ နေရပ်ရွှေ့ပြောင်း ခံရခြင်းနှင့် ကြွေးမြီဝန်ထုပ်ဝန်ပိုးသံသရာကို ပိုမိုနက်ရှိုင်းစေခဲ့သည်။ ဤအခက်အခဲများ ရှိနေ သော်လည်းလူအများအပြားသည် အခြေအနေ ပေးသည့်အခါကစယ်လားသို့ ပြန်ရန် သန္နိဋ္ဌာန် ချထားဆဲ ဖြစ်သည်။ ဤသန္နိဋ္ဌာန်သည် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီသို့ 'အသွင်ကူးပြောင်းရေး' ဟု ခေါ်သော အချိန် မတိုင်မီ မကြာမီ တွင် ရွှေကျင်ဆည် တည်ဆောက်မှုကြောင့် သိသိသာသာ ပြတ်တောက် သွားခဲ့ရသည်။

ရွှေကျင်ဆည် ပရောဂျက်ကို စစ်တပ်၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (နအဖ) က ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သည်။ ၎င်းကို တရုတ်ကုမ္ပဏီတစ်ခုဖြစ်သော China Gezhouba Water and Power Group Co. Ltd. က တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။ နော်နိုရင်းက ကိုးကားထားသော သတင်း ဆောင်းပါးများအရ ရွှေကျင်မြစ်တွင် ကြီးမားသော ရေလွှမ်းမိုးမှုကြောင့် ကျေးရွာ နှစ်ဆယ်ခန့်ရေမြုပ်ခဲ့ရပြီး ဗမာတပ်များသည် ဆည် မပြီးစီးမီစိုက်ပျိုးမြေ၊ သီးနှံများ၊ နှင့် သစ်သီးခြံကေ ထောင်ပေါင်းများစွာကို ဖျက်ဆီးခဲ့ ကြသည်။[43] ကစယ်လားမှ ကျေးရွာသား အများအပြားသည် ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီး နောက်ရွာသို့ ပြန်ရန်ဆုံးဖြတ်ခဲ့ကြပြီး ဆည်တည်ဆောက်မှုကို သတိမမူမိ ခဲ့ကြပေ။ ၎င်းတို့ ပြန်ရောက်လာသောအခါ ၎င်းတို့၏ ယခင်အိမ်များနှင့် ၎င်းတို့ ဆန်စပါးနှင့် သစ်သီးပင်များ စိုက်ပျိုးခဲ့ရာဘိုးဘွားပိုင်မြေများသည် ယခုအခါ ရေအောက်သို့ ရောက်ရှိနေ သည်ကို တွေ့ရှိခဲ့ရသည်။ ကျေးရွာသားတစ်ဦး တစ်ယောက်မျှ ၎င်းတို့၏ ဆုံးရှုံးမှုအတွက်

---

[42] Free Burma Rangers, 2006; Karen Human Rights Group, 2006.

[43] Naw Noreen, 2010.

လျော်ကြေးတစ်စုံတစ်ရာ မရရှိခဲ့ကြပေ။ ၎င်းတို့သည် ၎င်းတို့၏ ရွာဟောင်းတည်ရှိခဲ့ရာ နေရာအနီး ဆည်၏ ကမ်းပါးပေါ်တွင် ၎င်းတို့၏ ကိုယ်ပိုင် သယံဇာတများဖြင့်သာ ကျေးရွာသစ်တစ်ရွာကို တည်ထောင်ခဲ့ကြရသည်။

ဒေသတွင်းရှိ KNLA တပ်မဟာမှူးတစ်ဦးက ကျွန်ုပ်အား ပြောကြား ရာတွင် ဤဆည်သည် KNLA က စစ်တပ်(၏ရန်)မှ အစဉ်အလာအတိုင်း ဆုတ်ခွာလေ့ရှိသော သစ်တောများနှင့် စားကျက်မြေများကို ရှင်းလင်း ဖယ်ရှားရန်စစ်တပ်၏ မဟာဗျူဟာမြောက် စစ်ရေးပရိယာယ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် သူ နားလည်ကြောင်း ပြောကြားခဲ့သည်။[44] နအဖက "ဖွံ့ဖြိုးတိုးတက်ရေး" အတွက်နှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ဆည်တည် ဆောက်သည်ဟု အခိုင်အမာပြောဆိုခဲ့သော်လည်း ၎င်းတို့ အမှန်တကယ် ရည်ရွယ်ခဲ့သည်မှာ သာမန် ကရင်ကျေးရွာသားများအပေါ် သက်ရောက်မှုကို အနည်းငယ်မျှ ဂရုမစိုက်ဘဲ KNLA ၏ သြဇာလွှမ်းမိုးရာ ဒေသများကို 'နှစ်မြှုပ်' ခြင်းဖြင့် ၎င်းတို့၏အုပ်ချုပ်မှုကို ခုခံမှုအား ထိခိုက် ပျက်စီးစေရန် ဖြစ်သည်ဟု သူက ပြောကြားခဲ့သည်။ အခြေခံ အဆောက်အအုံ အထူးသဖြင့် ဆည်များကို ပုန်ကန်မှု တန်ပြန်နှိမ်နင်းရေး လက်နက်အဖြစ် ဤသို့အသုံးပြုခြင်းသည် သမိုင်းဝင် ဖြစ်ရပ်တစ်ခုအဖြစ် အရှေ့တောင်အာရှတွင်ရှိခဲ့သည်။ စစ်အေးတိုက်ပွဲ ကာလ အတွင်း လာအိုနိုင်ငံရှိ နမ့်ငွန်ဆည်သည် ဤမဟာဗျူဟာကို ပုံဖော်ထားခြင်းကိုမြင်တွေ့နိုင်ပြီး ထိုနေရာတွင် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုသည် ကွန်မြူနစ် ချဲ့ထွင်မှုကို ဆန့်ကျင်သည့် ပထဝီ နိုင်ငံရေး ကိရိယာတစ်ခုအဖြစ် အသုံးတော်ခံခဲ့သည်။ အမေရိကန် ကျောထောက်နောက်ခံပြု စီမံကိန်းအောက်တွင် နိုင်ငံဆယ်နိုင်ငံ၏ အထောက်အပံ့ဖြင့် ၁၉၇၁ ခုနှစ်တွင် ပြီးစီးခဲ့သော ဤဆည်သည် စစ်အင်အားတစ်ခုတည်းဖြင့် မဟုတ်ဘဲ သီအိုရီအရ ကြွယ်ဝ ချမ်းသာမှုနှင့် အနောက်အုပ်စု လိုလားသော အစိုးရများအပေါ် သစ္စာစောင့်သိမှုတို့ကို တည်ဆောက်ပေးမည့် ခေတ်မီတိုးတက်ရေး ပရောဂျက်များမှတစ်ဆင့် ကွန်မြူနစ် သြဇာလွှမ်းမိုးမှုကို တားဆီးရန် ကြိုတင် တွက်ချက်ထားသော ကြိုးပမ်းမှုတစ်ခုကို ကိုယ်စားပြုခဲ့သည်။[45]

သို့သော် ဤဖြစ်ရပ် နှစ်ခုလုံးက သရုပ်ပြနေသည့်အတိုင်း "ဖွံ့ဖြိုးတိုးတက်ရေး" ပရောဂျက်များအဖြစ် ဈေးကွက်တင်ထားသော ဆည်များသည် မကြာခဏဆိုသလို ရည်ရွယ်ချက်နှစ်မျိုးကို ဆောင်ရွက် လေ့ရှိသည်။ ၎င်းတို့သည် လျှပ်စစ်ဓာတ်အားနှင့် စီးပွားရေး အကျိုးအမြတ်များကို အပေါ်ယံအားဖြင့်ပေးအပ်နေသော်လည်း တစ်ချိန်တည်းမှာပင် ၎င်းတို့သည် ရုပ်ပိုင်းဆိုင်ရာနှင့် နိုင်ငံရေး မြေပြင်အခင်းအကျင်းကို ဆန့်ကျင်ဘက် လှုပ်ရှားမှုများအား ထိခိုက်ပျက်စီးစေသောနည်းလမ်းများဖြင့် ပြန်လည် ပုံဖော်ပေးနေသည်။ ကရင်ပြည်နယ်ရှိ KNLA

---

[44] Motta et al. (2023) မှ ကရင်ဒေသများတွင် မြန်မာစစ်တပ်က ဆည်တည်ဆောက်ခြင်း၏ အခြေခံ အဆောက်အအုံဆိုင်ရာ အကြမ်းဖက်မှုကို သုံးသပ်ထားသည်။

[45] Hirsch, 2010, pp. 313-314.

ထိန်းချုပ်သော သစ်တောများကို ရေလွှမ်းမိုးစေသည်ဖြစ်စေ၊ လာအိုနိုင်ငံရှိ ကွန်မြူနစ် တပ်ဖွဲ့များကို ထောက်ခံနိုင်ဖွယ်ရှိသော ကျေးလက်လူထုကို နေရပ်ရွှေ့ပြောင်းစေသည်ဖြစ်စေ၊ ဤအခြေခံအဆောက်အအုံပရောဂျက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအဖြစ် ဟန်ဆောင်ထားသောနယ်မြေထိန်းချုပ်မှုဆိုင်ရာ ကိရိယာများအဖြစ် လုပ်ဆောင်ကြသည်။

ကျွန်ုပ်၏ လေ့လာမှု ဧရိယာတွင် ဆည်တည်ဆောက်ခြင်းသည် အမှန်တကယ်ပင် ဒေသခံပြည်သူများအပေါ် ဆိုးရွားသော ဒုက္ခဆင်းရဲမှုကို ကျရောက်စေခဲ့သည်။ ၎င်းသည် ကစယ်လားရွာနှင့် ၎င်း၏ဘိုးဘွားပိုင် လယ်ယာမြေများကို ဖျက်ဆီးခဲ့ပြီး ဒေသခံများ၏ စားနပ်ရိက္ခာစနစ်များ၊ မြေယာစီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးနှင့် ရှင်သန်မှု နည်းလမ်းများနှင့် အလှမ်းဝေးစေခဲ့သည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့ကို ကျန်းမာရေးနှင့် ပညာရေးတို့မှ ဖြတ်တောက်ခဲ့သည်။ ကစယ်လားတွင် ကျွန်ုပ် စကားပြောခဲ့ရသူများက ယခင် နေရပ်ရွှေ့ပြောင်းခံရမှု အတွေ့အကြုံများ ရှိခဲ့သော်လည်း ကြံ့ကြံ့ခံတည်ရှိနေခဲ့သော ၎င်းတို့၏ ဘိုးဘွားပိုင်မြေများ၊ ကျေးရွာနှင့် လူမှုအသိုက်အဝန်းတို့နှင့် ခိုင်မာသောဆက်သွယ်မှုများကိုလည်း ထိုဖျက်ဆီးမှုက ပြတ်တောက်စေခဲ့သည်ဟု ခံစားခဲ့ကြရသည်။ အတိတ်တွင် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများ ရှိခဲ့သော်လည်း စစ်တပ် ဆုတ်ခွာသွားသည်နှင့် တစ်ပြိုင်နက်၎င်းတို့၏ မြေများနှင့် အိမ်များသို့ ပြန်လာနိုင်သောကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများအတွက် လုံခြုံမှုရှိသည်ဟု ခံစားခဲ့ကြရသည်။ ဆည်ကြောင့် ဤအရာသည် ဖြစ်နိုင်ခြင်းမရှိတော့ပေ။

၂၀၁၂ အပစ်အခတ်ရပ်စဲရေးပြီးနောက် ကျေးရွာသားအချို့သည် မျှော်လင့်ချက်အပြည့်ဖြင့် ရွာပြန်ရန် ဆုံးဖြတ်ခဲ့ကြသော်လည်း ၎င်းတို့၏ မူလကျေးရွာကို ရေအောက်တွင်သာ တွေ့ရှိခဲ့ရကြောင်း ဖော်ပြခဲ့ကြသည်။ တောင်သူတစ်ဦးဖြစ်သူ တီးကလယ်က ဆည်၏ သက်ရောက်မှုသည် ရွာရှိ လူအများအပြားကို မည်သို့ အကြီးအကျယ် ပျက်စီးစေခဲ့ပုံကို ဖော်ပြခဲ့သည်။

> ကျွန်တော်တို့ မြေတွေက ဆည်ရေထဲမှာ နစ်မြုပ်သွားတယ်။ ကျွန်တော်တို့ ရွာက တောင်ခြေရင်းမှာ ရှိတာ။ (ကျွန်တော့် မိသားစု) က အဲဒီရွာမှာ မိဘဘိုးဘွားတွေ လက်ထက်ကတည်းက နေလာခဲ့ကြတာ။ သူတို့ (ဆည်) စဆောက်တော့ ဘယ်သူမှ ကျွန်တော်တို့ကို အကြောင်းမကြားဘူး။ ကျွန်တော့်မိသားစုမှာ တောင်ပေါ်မှာ ဧက (၂၀) ရှိပြီး မြေပြန့်မှာ လယ် (၅) ဧက ရှိတယ်။ တောင်ပေါ် ဧရိယာတွေမှာဆို ကျွန်တော်တို့ သံပုရာသီးနဲ့ တညင်းသီးတွေ စိုက်တယ်။ ကျွန်တော်တို့ ရွာဟောင်းမှာ ဆေးခန်းတစ်ခုနဲ့ ကျောင်းတစ်ခုလည်း ရှိခဲ့တယ်။ ကျွန်တော်တို့ ပြန်ရောက်လာတော့ အားလုံး ရေအောက်ရောက်နေပြီ။[46]

[46] တီးကလယ်၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်။

တီးကလယ်နှင့် ကျွန်ုပ်၏ စကားပြောဆိုမှုတွင် ဆည် (မတည်ဆောက်မီ) မတိုင်ခင်ကလည်း ၎င်းတို့ ငြိမ်းချမ်းစွာ နေထိုင်ခဲ့ရခြင်း မဟုတ်ကြောင်း သို့သော် အနည်းဆုံးတော့ ၎င်းတို့တွင် ၎င်းတို့၏ မြေများနှင့် မူလအိမ်များ ရှိနေသေးကြောင်း သူက ကျွန်ုပ်ကို ပြောပြခဲ့သည်။ ဤနောက်ခံအခြေအနေတွင် ဆည်တည်ဆောက်မှုသည် ယခင် ဆယ်စုနှစ်များစွာက အကြမ်းဖက်မှုနှင့် ထပ်ခါတလဲလဲ နေရပ် ရွှေ့ပြောင်းခံရမှု များအပေါ်ထပ်ဆင့်၍ တီးကလယ်နှင့် အခြားကျေးရွာသားများ၏ ဘဝများတွင် အကြီးမားဆုံး တစ်ဆစ်ချိုးပြောင်းလဲမှုများထဲမှ တစ်ခုအဖြစ် အမှတ်အသားပြုခဲ့သည်။

အခြား အင်တာဗျူးများတွင် ကျေးရွာသားများသည် ဆည် မတိုင်မီက မြေယာပေါ်တွင် ၎င်းတို့ လုပ်ကိုင်ခဲ့ကြသည့် သမိုင်းကြောင်းများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများကို ဖွင့်ဟပြောဆိုခဲ့ကြသည်။ အသက်ခြောက်ဆယ်အရွယ် အမျိုးသားတစ်ဦးဖြစ်သူ တီးထူးကပေါက ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးပြောင်းလဲမှုနှင့် ဖြည်းညင်းသော အကြမ်းဖက်မှုတို့၏ ဘဝတစ်ခုကို ဤသို့ ဖော်ပြခဲ့သည်။

> ကျွန်တော်က အခုရေအောက်ရောက်နေတဲ့ ရွာဟောင်းမှာ နေခဲ့တာ။ ၁၉၇၅ မှာ (ဖရော - မြန်မာစစ်တပ်) က သူတို့ရဲ့ ဖြတ်လေးဖြတ် မဟာဗျူဟာကို သုံးခဲ့တယ်။ ကျွန်တော်တို့ အမြဲတမ်း ထွက်ပြေးနေခဲ့ရတယ်။ အဲဒီတုန်းက ကျွန်တော်တို့ တောင်ယာ လှည့်ပတ် စိုက်ပျိုးတာရော၊ လယ်ကွင်းတွေထဲမှာ စပါးစိုက်တာရော နှစ်မျိုးလုံး လုပ်ခဲ့ကြတယ်။ ကျွန်တော်တို့ တောင်တွေပေါ်ကနေ သွားလိုက်ပြန်လိုက် ပြေးလွှားနေခဲ့ကြရပြီး နောက်ဆုံးတော့ ၁၉၉၇ မှာ မယ်လအူးဒုက္ခသည်စခန်းကို ရောက်သွားခဲ့တယ်။ ကျွန်တော့်မှာ မြေတွေ အများကြီး ရှိခဲ့တယ်၊ လေးကွက်… ကျွန်တော် ခန့်မှန်းရမယ်ဆိုရင် စုစုပေါင်း ဧရိယာက ဧက (၂၀) လောက်ရှိလိမ့်မယ်။ အားလုံး အခု ရေအောက်ရောက် ကုန်ပြီ။ ပဋိပက္ခ မရှိတော့တဲ့ ၂၀၁၄ ခုနှစ် လောက်မှာ ကျွန်တော်တို့ ရွာနေရာကို ပြန်လာခဲ့ကြတယ်။ ဘယ်သူမှ ကျွန်တော်တို့ကို ဒီမှာ ပြန်လာပြီး အခြေချနေထိုင်ဖို့ တိုက်တွန်းခဲ့တာ မရှိဘူး။ မယ်လမှာ နေရတာက သက်သောင့်သက်သာရှိပါတယ်။ ကျွန်တော်တို့ ရွာဟောင်းက မြေတွေ အကုန်လုံး မရှိတော့ဘူးဆိုတာ (ပြန်နှင့်သူတွေဆီက) ကျွန်တော်တို့ သိပြီးသား။ ဒါပေမဲ့ ကျွန်တော်တို့ ဒီမှာပဲ ပြန်လာပြီး နေချင်ခဲ့တယ်… ရွာဟောင်းမှာ နေခဲ့တဲ့ လူတော်တော်များများက အခု တခြားနိုင်ငံတွေကို ရောက်နေကြပြီ။ ကျွန်တော့်

> မှာလည်း (တခြားနိုင်ငံကို) သွားဖို့ အခွင့်အရေးရှိခဲ့တယ်၊ ဒါပေမဲ့ ကျွန်တော် နိုင်ငံခြားကို မသွားချင်ခဲ့ဘူး။ ကျွန်တော်က ကိုယ့်နေရာမှာပဲနေချင်တာ။[47]

အရှေ့တောင်အာရှ တစ်ဝန်းလုံးတွင် ပေါ်ပေါက်လာသော အကြီးစား ရေအားလျှပ်စစ်ဆည် ပရောဂျက်များ သည် အလွန်အမင်း အငြင်းပွားဖွယ်ရာဖြစ်ပြီး ၎င်းတို့နှင့် ဆက်စပ်နေသော ကြီးမားကျယ်ပြန့်သည့် မြေယာများမှ နှင်ထုတ်ခံရခြင်း၊ အတင်းအဓမ္မ နေရပ် ရွှေ့ပြောင်းခံရခြင်းနှင့် ဆိုးရွားလှသော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များကြောင့် အငြင်းပွားမှုများကို မကြာခဏဖြစ်ပွားစေသည်။[48] ကမ္ဘာပေါ်ရှိ အခြားဒေသများတွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း[49] ကစယ်လားရှိ ကရင်ကျေးရွာသားများ၏ ဘိုးဘွားပိုင်မြေများကို KNU နှင့် စစ်ဘက် နိုင်ငံ တော်နှစ်ဦးစလုံးက တည်ရှိဆဲ ဘဝနေထိုင်မှု ပုံစံများကို ဖျောက်ဖျက်ခြင်းဖြင့် နယ်မြေ ထိန်းချုပ်မှုအတွက် အပြိုင်အဆိုင်ကြိုးပမ်းရာ သယံဇာတ ထုတ်ယူမှု နယ်စပ်တစ်ခုအဖြစ်သို့ ပြောင်းလဲခံခဲ့ရသည်။ ဆည်တည်ဆောက်မှုသည် ဒေသခံ ပြည်သူများကို ၎င်းတို့၏ အိမ်များနှင့် လယ်ယာမြေများနှစ်ခုလုံးမှ နှင်ထုတ်ခြင်းဖြင့်သာ ဖြစ်နိုင်ခဲ့ပြီး ၎င်းကို KNU အား "အင်အား ချည့်နဲ့စေရန် သို့မဟုတ် ဖယ်ရှားပစ်ရန်" အတွက် နယ်မြေ သတ်မှတ်မှုဆိုင်ရာ မဟာဗျူဟာ ကိရိယာတစ်ခုအဖြစ် အသုံးပြုခဲ့သည်။[50] အကြမ်းဖက် ပဋိပက္ခ၊ နယ်မြေ သတ်မှတ်မှုနှင့် ဗဟို အစိုးရ၏ တိုင်းရင်းသား လူမျိုးများအပေါ် ဖြစ်ပေါ်ဆဲ နှင်ထုတ်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းတို့၏ ပိုမို ကျယ်ပြန့်သော သမိုင်းကြောင်းအတွင်း တည်ရှိနေသော ဤဆည်ကို "တစ်ဆစ်ချိုးပြောင်း လဲမှု"တစ်ခုအဖြစ် တွေ့ကြုံ ခံစားခဲ့ရပြီး အကြမ်းဖက်မှုသည် ထိုလုပ်ငန်းစဉ်၏ မရှိမဖြစ် အစိတ် အပိုင်းတစ်ခုအဖြစ် ပါဝင်ကာ ဒေသခံ ပြည်သူများ၏ တည်ရှိမှုနှင့် ပိုမို ကျယ်ပြန့်သော မြေနှင့် ၎င်းတို့၏ ဆက်သွယ်မှုကို ဖျောက်ဖျက်ပစ်ခဲ့သည်။

ရွှေကျင်ဆည်မှ ကစယ်လားပြည်သူများ၏ ဘဝများအပေါ် ဆိုးရွားလှသော သက်ရောက်မှုသည် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု၏ တစ်ဆစ်ချိုးအပြောင်းအလဲနှင့် ရာသီဥတု ပြောင်းလဲမှု၏ တိုးပွားလာသော သက်ရောက်မှုများကို ၎င်းတို့ရင်ဆိုင်ဖြေရှင်းရန် ကြိုးပမ်းပုံကို ဆက်လက် သက်ရောက်မှု ရှိနေသည်။ ဆည်တည်ဆောက်မှုသည် နာတာရှည် အကျပ်အတည်းတစ်ခု၏ အထွတ်အထိပ်ကို လည်းကောင်း၊ မြေယာနှင့် လူများ၏ အသက်မွေးဝမ်းကျောင်းမှုများအပေါ် နောက်ဆက်တွဲ ပြောင်းလဲမှုများအတွက် အရှိန်မြှင့်ပေးသည့် အရာကို လည်းကောင်း ကိုယ်စား

[47] တီးထူးကပေါ်၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် ဧပြီလ ၈ ရက်။

[48] Baird, 2021; Baird & Barney, 2017; Kiik, 2020; Lamb & Dao, 2017; Mahanty et al., 2023.

[49] Levien, 2013; Tsing, 2005.

[50] Tilly (1985, p. 181) တို့ကိုလည်း ကြည့်ရှုနိုင်သည်။

ပြုခဲ့သည်ဟု ကျွန်ုပ် အကြံပြုသည်။ ဤအခြေအနေတွင် ၂၀၂၁ အာဏာသိမ်းမှုသည် ရန်ကုန်ကဲ့သို့သော နေရာများတွင် နေထိုင်သူများအတွက် ဖြစ်ခဲ့သလောက် ကစယ်လား ကျေးရွာသားများအတွက် သိသိသာသာမဖြစ်ခဲ့ပါ။ ထိုသို့ မဟုတ်ဘဲအာဏာသိမ်းမှုသည် ကျေးရွာသားများ၏ ဘဝများနှင့် ၎င်းတို့ ကြာမြင့်စွာမှီခို ရှင်သန်ခဲ့ရသော ရိုးရာအသက်မွေးဝမ်းကျောင်းမှုများကို တဖြည်းဖြည်း ယိုယွင်း ပျက်စီးစေခဲ့သော ဆယ်စုနှစ်များစွာကြာ ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးပြောင်းလဲမှုနှင့် ဖြည်းညင်းသော အကြမ်းဖက်မှု တို့၏ အပေါ်တွင်တည်ရှိနေသည်။ ရာသီဥတု ပြောင်းလဲမှု၊ အပူချိန် တိုးလာမှု၊ မှုမမှန်သော မိုးရွာသွန်းမှုနှင့် သီးနှံအထွက်နှုန်းကို ထိခိုက်စေသော ပိုးမွှားများအကြောင်း ဒေသခံများနှင့် ကျွန်ုပ်၏ စကားပြောဆိုမှုများတွင် ၎င်းတို့၏ ရှင်သန်ရပ်တည်ရေးအကြောင်း တွေးခေါ်မှုကို ထိခိုက်စေသော အဓိက ပြတ်တောက်စေသည့် ဖြစ်ရပ်အဖြစ် ဆည်၏ အကြောင်းအရာသည် အကြိမ်ကြိမ်ပေါ်ပေါက်လာခဲ့သည်။

စကားဝိုင်းများတွင် အများအားဖြင့် ကြားရလေ့ရှိသော အခြားစိုးရိမ်ပူပန်မှုတစ်ခုဖြစ်သည့် စားနပ်ရိက္ခာ မလုံခြုံမှုသည် ဆည်၊ အာဏာသိမ်းမှု၊ ရာသီဥတုပြောင်းလဲမှုများနှင့် ဆက်စပ်နေခဲ့သည်။ ဆည်၏ ရေလှောင်ကန် အသစ်ရေလွှမ်းမိုးမှုကြောင့် ကျေးရွာသားများတွင် ရိုးရာ တောင်ယာ လှည့်ပတ် စိုက်ပျိုးခြင်းနှင့် သစ်သီးခြံများ စိုက်ပျိုးခြင်းတို့အတွက် နေရာ အလွန် အကန့်အသတ်ရှိလာသည်။ သဘာဝ မြေဩဇာကောင်းသော လယ်ကွင်းများ နှင့် သစ်သီးခြံများရေမြုပ်သွားမှုက တစ်သမတ်တည်း မရှိသောသီးနှံအထွက်များ ကိုသာ ထုတ်ပေး နိုင်သည့် မတည်ငြိမ်သောတောင်ပေါ် တောင်ယာ စိုက်ပျိုးမှု စနစ်သစ်တစ်ခုအတွင်းသို့ လူမှု အသိုက်အဝန်းများကို တွန်းပို့ခဲ့ပုံကို ကျွန်ုပ် မျက်မြင်တွေ့ရှိခဲ့ရသည်။ လူမှုအသိုက်အဝန်း၏ နေ့စဉ် လုပ်ငန်းဆောင်တာများတွင် ပါဝင်ခြင်းမှတစ်ဆင့် ဆည်နှင့် တောင်ကျချောင်းများ နှစ်ခုလုံးတွင် ငါးကောင်ရေ ကျဆင်းလာခြင်း၊ တောရိုင်း တိရစ္ဆာန်များ၏ နေရင်းဒေသများကို ဖျက်ဆီးခဲ့ပြီး အမဲလိုက်အခွင့်အလမ်းများကို လျော့နည်းစေခဲ့သော သစ်တော ပြုန်းတီးမှု၊ နှင့် ရိုးရာ ငါးဖမ်းနေရာများကို ပပျောက်စေခဲ့သော ချောင်းရေ ခန်းခြောက်မှုတို့ ပါဝင်သည့် တစ်ပြိုင်နက်တည်း ဖြစ်ပေါ်နေသော ဂေဟစနစ် ဆိုင်ရာ ပြတ်တောက် ပျက်စီးမှုများကိုလည်း ကျွန်ုပ် မြင်တွေ့နိုင်ခဲ့သည်။ ဖြေဆိုသူ တစ်ဦး က ကျွန်ုပ်ကို ပြောကြားခဲ့သည်မှာ "(အရင်ကနဲ့ ယှဉ်ရင် ရွာနားတစ်ဝိုက်က) ချောင်းတွေတဖြည်းဖြည်း ပျောက်ကွယ် လာတယ်၊ နောက်ဆို လူတွေ သောက်ရေ အခက်အခဲဖြစ်မှာကို ကျွန်တော် စိုးရိမ်တယ်"[51] ဟူ၍ ဖြစ်သည်။ သီးနှံများ မအောင်မြင်ခြင်း အကြောင်း ကျေးရွာသားများကို ကျွန်ုပ် အင်တာဗျူး ပြုလုပ်သောအခါ ရိုးရာ သယံဇာတ ရှာဖွေမှုအပေါ် အားကိုးမည့်အစား ရွှေတူးဖော်ခြင်းတွင် နေ့စား အလုပ်ထွက်ရှာရခြင်း သို့မဟုတ် ငွေချေး၍ ဆန်ဝယ်ရခြင်းများသို့ အတင်းအကျပ်ရောက်ရှိခဲ့ရပုံကို ၎င်းတို့က

[51] တီးဒို၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် ဧပြီလ ၁၇ ရက်။

တစိုက်မတ်မတ်ဖော်ပြခဲ့ကြသည်။ ၎င်းက ကြီးမားသော ပတ်ဝန်းကျင်ဆိုင်ရာ ဝင်ရောက်စွက်ဖက်မှုများက အဓိက စိုက်ပျိုးရေး စနစ်များနှင့် ကျွန်ုပ်က ၎င်းတို့ အသုံးပြုလိမ့်မည်ဟု ကနဦးမျှော်လင့်ထားခဲ့သော အရေးပေါ် တစ်နိုင်တစ်ပိုင် ရှင်သန်မှု နည်းလမ်းများ နှစ်မျိုးလုံးကို ဖျက်ဆီးခြင်းဖြင့် လူမှုအသိုက် အဝန်းများကို စားနပ်ရိက္ခာ မလုံခြုံမှု သံသရာများထဲတွင် မည်သို့ ထောင် ချောက်ဆင်နိုင်ပုံကို ဖော်ထုတ် ပြသနေသည်။ ဖြေဆိုသူ တစ်ဦးက မှတ်ချက်ပြုခဲ့သည်မှာ —

> (ထီးသမဲ) ဆည်ဆောက်ပြီးနောက်မှာ နေ့ကောင်းတွေ ပျောက်ဆုံးသွားခဲ့တယ်… (ဆည် မဆောက်ခင်က) ရွှေကျင် ချောင်း ကမ်းပါးတစ်လျှောက်မှာ ရွာသူရွာသားတွေရဲ့ လယ်ကွင်းတွေ ရှိခဲ့တယ်… ရွှေကျင်ချောင်းနားက လယ်ကွင်းတွေ… ပျောက်ကုန်ပြီ။ ရွာဟောင်းက လူတွေအားလုံး တောင်ပေါ်မှာ ရောက်နေကြပြီ။”[52]

ဘဲရ်ဒ်နှင့် သောန်းတို့က ကမ္ဘောဒီးယားနိုင်ငံအတွက် ဖော်ပြခဲ့သကဲ့သို့ပင် ဆည်ရေလျှံမှုများသည် အသက်မွေးဝမ်းကျောင်းမှုများကို ပြင်းထန်စွာ ထိခိုက် ပြီး ပြန်လည် ပုံဖော်ပေးသည့် စုပုံလာသောနှင့် ဆင့်ကဲ ဖြစ်ပေါ်သော ဂေဟ စနစ်ဆိုင်ရာ အကျိုးသက်ရောက်မှုများ ရှိသည်။[53] ကရင် ကျေးရွာသားများတွင် ဤအရာသည် ပဋိပက္ခနှင့် ရာသီဥတု ပြောင်းလဲမှုတို့နှင့် ထပ်မံ၍ အပြန်အလှန် သက်ရောက်နေသည်။

မူမမှန်သော ရာသီဥတု ပုံစံများ၊ အထူးသဖြင့် မိုးရွာသွန်းမှုသည် စိုက်ပျိုးရေး ထုတ်လုပ်နိုင်စွမ်းကို ထိခိုက်မှုရှိခဲ့သည်။ အချို့နှစ်များတွင် တောင်သူများသည် မိသားစု စားသုံးမှုအတွက် ဆန်စပါး လုံလောက်စွာ မရရှိကြဘဲ ၎င်းတို့၏ သစ်သီးပင်များကလည်း အရင်က လောက် သစ်သီးများစွာ မသီးကြတော့ပေ။ ကျေးရွာသားများသည် ကြက်နှင့် ဝက်များကို ဆက်လက် မွေးမြူကြပြီး အချို့က အမဲလိုက်ခြင်းကို ဆက်လက်ပြုလုပ်ကြသော်လည်း အသားစားသုံးမှုသည် စပါးစိုက်ပျိုးရန်မြေယာ ပြင်ဆင်ခြင်းနှင့် သက်ဆိုင် သောရိုးရာ ထုံးတမ်းများကဲ့သို့သောအထူး အခါသမယများနှင့် ပွဲလမ်းသဘင် များအတွက်သာဖြစ်သည်။ အမဲလိုက်ရန် တောရိုင်း တိရစ္ဆာန်များ ပျောက်ကွယ် လာနေပုံကိုလည်း ကျွန်ုပ်စကားပြောခဲ့သူများက ပြောပြကြသည်။ ကလေး နှစ်ယောက် ဖခင်၊ အသက် (၃၀) အရွယ် ကော်တာစေးက ရာသီဥတု ပြောင်းလဲမှု၊ ပိုးမွှားများ တိုးပွားလာမှု၊ မြေသြဇာ ဈေးနှုန်းများ မြင့်တက်လာမှု၊ နှင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြို့များသို့ သွားလာရန် အခက်အခဲများတို့၏ ပေါင်းစပ်

---

[52] တီးကညော်၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်။

[53] Baird & Thorne, 2023.

သက်ရောက်မှုများကြောင့် ကစယ်လားမှ လူများ ရင်ဆိုင်နေရသောအခက်အခဲများကို ဤသို့ ထုတ်ဖော် ပြောကြားခဲ့သည်။

> ကျွန်တော် အရမ်းငယ်ငယ်လေးကတည်းက မိဘတွေရဲ့ မြေပေါ်မှာ တောင်ယာလုပ်ပြီးစိုက်ပျိုးတဲ့ အလုပ်ကို လုပ်လာခဲ့တာ၊ အရင်ဆုံး မိဘတွေနဲ့ အတူ၊ ပြီးတော့ အိမ်ထောင်ကျပြီးနောက် ကိုယ့်မိသားစုနဲ့ အတူပေါ့။ ကျွန်တော်က စပါး၊ သံပုရာသီးနဲ့ ပဲတွေ စိုက်တယ်။ နောက်လာမယ့်နှစ်မှာတော့ ဒူးရင်းသီးနဲ့ ကွမ်းသီးစိုက်မယ်။ ဒါပေမဲ့ မကြာသေးမီနှစ်တွေမှာ ကျွန်တော်တို့ ယာခင်းမှာ ပြဿနာတွေ ပိုများလာတယ်၊ ကြွက်တွေ၊ ပုရွက်ဆိတ်တွေလိုမျိုး ပိုးမွှားတွေ ပိုများလာတာလိုပေါ့။ သူတို့က အပင်တွေကို ဖျက်ဆီးတယ်။ တကယ်ကို ခက်ခဲပါတယ်။ အရင်တုန်းကပိုးမွှား သိပ်မရှိဘူး။ ဒါပေမယ့် အခု အရမ်းများနေတယ်။ ကျွန်တော်တို့ ဒါကိုဖြေရှင်းလို့ မနိုင်ဘူး။ … တစ်ခုတည်းသော ဖြေရှင်းနည်းကတော့ မြို့ပေါ်ကနေ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေ ပိုဝယ်ရတာပဲ၊ ဒါကလည်း အရမ်းဈေးကြီးတယ် (ဘာလို့လဲဆိုတော့ သွားလာရတာ ကန့်သတ်ခံထားရပြီး အာဏာသိမ်းပြီးကတည်းက ဈေးတွေတက်လာလို့)။ ရွာက လူတိုင်းက ဓာတုဓာတ်မြေဩဇာဘာမှ မသုံးဘဲ ရိုးရာနည်းလမ်းအတိုင်းဆက်ပြီး စိုက်ပျိုးဖို့ ကြိုးစားကြတယ်၊ ဒါပေမဲ့ အဲဒါက ပိုးမွှားပြဿနာကို မဖြေရှင်းနိုင်ဘူး။[54]

ကော်တာစေးက ထပ်လောင်း ရှင်းပြသည်မှာ ၂၀၂၁ စစ်အာဏာသိမ်းပြီးနောက် ပဋိပက္ခများ တိုးမြင့်လာချိန် ကတည်းက ကစယ်လားရှိ လူအများအပြားအတွက် စိုက်ပျိုးရေးလုပ်ကိုင်ခြင်းသည် အလွန်အန္တရာယ်များလာခဲ့သည်ဟူသည့် အချက်ဖြစ်သည်။ သူ၏ မိဘပိုင်မြေသည် ယခုအခါ တိုက်ပွဲဖြစ်ပွားနေသော ဇုန်အတွင်း ရောက်ရှိနေပြီး ထိုနေရာတွင် မြေမြှုပ်မိုင်းများ ရှိနိုင်သည်ဟု သူက ရှင်းပြခဲ့သည်။ “ကျွန်တော့်မှာ အဲဒီသွားပြီး အဆုံးရှုံးခံဖို့ ခြေထောက် အပိုမပါဘူး” ဟု သူက အကျယ်ကြီး ရယ်မောရင်းနောက်ပြောင်ခဲ့သည်။ သူက ဆက်ပြောသည်မှာ —

> အာဏာမသိမ်းခင်တုန်းက ကျွန်တော်တို့ ရွာကို လာပြီး ကျွန်တော်တို့ စိုက်တဲ့ သစ်သီးတွေကို လာဝယ်တဲ့ပွဲစားတွေ ရှိခဲ့တယ်။ အခုတော့ လမ်းတွေက ပိတ်သွားပြီ။ သူတို့လည်း မလာကြတော့ဘူး။ ကျွန်တော်တို့ သစ်သီးတွေ ရောင်း

---

[54] ကော်တာစေး၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် ဧပြီလ (၁၀) ရက်။

> လို့ မရတော့ဘူး။ တောင်ပေါ်ဒေသက လူတွေလည်း ပြောင်းလဲလာကြတယ်။ သူတို့ အချင်းချင်းအရင်ကလို အကူအညီ မပေးကြတော့ဘူး။ ဘာကြောင့်လဲ တော့ ကျွန်တော်မသိဘူး။ ယဉ်ကျေးမှုက ပြောင်းလဲနေပြီ။ အရင်တုန်းကဆို လူတွေက မျိုးစေ့ပျိုးကြတဲ့အခါ အချင်းချင်း ကူညီကြတယ်။ အခုတော့ သူတို့ အချင်းချင်း ကူညီတာတဖြည်းဖြည်း နည်းနည်းလာကြပြီ။ လူတွေက လယ်ယာထဲမှာ အတူတူပျော်ပျော်ရွှင်ရွှင် အလုပ် မလုပ်ကြတော့ဘူး။ အရင်တုန်းကအခြေအနေက ကောင်းတာ မဟုတ်ခဲ့ပေမယ့် လူတွေမှာ အချင်းချင်းအပေါ် စေတနာရှိခဲ့ကြတယ်။ အခုလူတွေက အချင်းချင်းအပေါ် စေတနာနည်းလာကြပြီ။[55]

ဤကိုးကားချက်တွင် ထင်ဟပ်နေသည့်အတိုင်း ထပ်တလဲလဲဖြစ်ပေါ်သော တစ်ဆစ်ချိုးပြောင်းလဲမှုများ၏ သမိုင်းကြောင်းသည် လူများ၏ အသက်မွေးဝမ်းကျောင်းမှုများကို ထိခိုက်စေခဲ့ရုံသာမက လူမှုဆက်ဆံရေးများကိုပါ အက်ကွဲစေခဲ့သည်။ စစ်ပွဲများသည် သဘာဝတရားနှင့် ယဉ်ကျေးမှုတို့အပေါ် ထားရှိသော ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများအပေါ် ပြောင်းလဲမှုတစ်ခုကို မကြာခဏ ဖြစ်ပေါ်စေပြီး လူသားနှင့် ပတ်ဝန်းကျင်အကြား အသွင်ပြောင်းသွားသော အပြန်အလှန် ဆက်ဆံရေးတစ်ခုကို ဖြစ်ပေါ်စေသည်ဟု ပါ့ခ်က ထောက်ပြ ငြင်းဆိုထားသည်။[56] ကစယ်လားတွင် ပဋိပက္ခနှင့် နိုင်ငံတော်၏ နယ်မြေသတ်မှတ်မှုနှင့် သယံဇာတနယ်စပ်အတွင်း သို့ အရင်းရှင်စနစ်ချဲ့ထွင်မှု၏ ပရောဂျက်တစ်ခုဖြစ်သော ရွှေကျင်ဆည်တို့သည်[57] သိသာ ထင် ရှားသော ယဉ်ကျေးမှုနှင့် လူမှုရေးရာ ပျက်စီးမှုများကို ဖြစ်ပေါ်စေခဲ့ပြီး လူသားနှင့် လူသား မဟုတ်သော သက်ရှိတို့၏ တဖြည်းဖြည်း ယိုယွင်းပျက်စီးမှုသို့ ဦးတည်စေခဲ့သည်။ အာဏာ သိမ်းပြီးနောက် မတရားဖမ်းဆီးထိန်းသိမ်းမှုများ၊ လမ်းများပိတ်ထားခြင်းနှင့် ကြိုးကြားကြိုး ကြားလေကြောင်းတိုက်ခိုက်မှုများနှင့်အတူ အကြမ်းဖက်မှုနှင့် မလုံခြုံမှုတို့ တိုးလာခဲ့သည်။ ကျေးရွာသည် ပိုမိုသီးခြားဖြစ်လာခဲ့သည်။ ကစယ်လား ကျေးရွာသားများ တွေ့ကြုံခံစားနေရသော၊ အခါအားလျော်စွာပိုမိုမြင်သာသော အကျပ်အတည်းများအဖြစ်သို့ မကြာခဏ ဆိုသလို ပုဂ္ဂိုလ်ရေး သို့မဟုတ် အိမ်ထောင်စုအဆင့်တွင် ပေါက်ကွဲထွက်ပေါ်လေ့ရှိသည့် တည်တံ့ခိုင်မာနေသော ပြင်းထန်မှုနည်းပါးသည့် ပဋိပက္ခနှင့် ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုသည် မီးခဲကဲ့သို့ လောင်ကျွမ်းနေသော စပါးခွံမီးမှ တစ်ဆစ်ချိုးပြောင်းကာ ဝုန်းခနဲထတောက်လိုက်သည်နှင့် တူနေသည်။ ကြာရှည်သော နေရပ်ရွှေ့ပြောင်းခံရမှုနှင့် ဂေဟစနစ် ပျက်စီးမှုတို့ဖြင့် လက္ခဏာရပ်

[55] ကော်တာစေး၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် ဧပြီလ (၁၀) ရက်။

[56] Park, 2018.

[57] Wood, 2019.

ပေါ်လွင်နေသောဖြည်းညင်းသည့် အကြမ်းဖက်မှုသည် လူမှုအသိုက်အဝန်း၏ ထိခိုက်လွယ်သော အခြေအနေများကို ပိုမိုဆိုးရွားစေပြီး ဒုက္ခဆင်းရဲမှုနှင့် မတည်ငြိမ်မှု သံသရာတစ်ခုသို့ ဦးတည်စေကာ ၎င်းက ကျေးရွာသားများအတွက် ဒေသတွင်းရှိ ရာသီဥတု ပြောင်းလဲမှု သက်ရောက်မှုများအကြား ထိရောက်စွာလိုက်လျောညီထွေ နေထိုင်နိုင်ရန် ခက်ခဲစေသည်။

ထီးဟီးတွင် စားကျက်မြေများ ဆုံးရှုံးခဲ့ရခြင်း

ထီးဟီးကျေးရွာသည် စစ်တောင်းမြစ်ကမ်းပါးတစ်လျှောက် မြေပြန့်ဒေသတွင် တည်ရှိသည်။ ကစယ်လားရွာကဲ့သို့ပင် ၎င်းရွာတွင်လည်း ခရစ်ယာန် စကောကရင်များ အဓိကနေထိုင်ကြပြီး ထိုနေရာတွင် အခြေချ၍ ဒေသခံများနှင့် လက်ထပ်ခဲ့ကြသော ဗမာလူမျိုး အနည်းငယ်လည်း ရှိသည်။ ၎င်းရွာတွင် အိမ်ထောင်စု (၂၀၀) ခန့်ရှိပြီး နေထိုင်သူအများစုမှာ အဓိက သီးနှံများအဖြစ် ဆန်စပါးနှင့် ပဲတို့ကို စိုက်ပျိုးကာ လယ်ယာစိုက်ပျိုးခြင်းဖြင့် မိမိကိုယ်ကို ရပ်တည်ကြသည်။ ပတ်ဝန်းကျင်ဒေသများရှိ လက်နက်ကိုင် ပဋိပက္ခသည် ၂၀၀၀ ပြည့်နှစ်အထိကျေးရွာကို မကြာခဏ အနှောင့်အယှက်ပေးခဲ့ကာ ထိုနှစ်တွင် KNLA နှင့် မြန်မာ စစ်တပ်တို့အကြား တိုက်ပွဲများပိုမို နည်းပါးလာခဲ့ပြီး စစ်တပ်က အလုံးစုံ ထိန်းချုပ်မှုကို ထူထောင်ခဲ့သည်။ ၂၀၁၄ နှင့် ၂၀၂၁ ခုနှစ်အကြား ကျေးရွာသည် မြန်မာ စစ်တပ်၏ တိုက်ရိုက် ပါဝင်ပတ်သက်မှုလျော့ကျသွားသည့် အသွင်အပြင်ပါသော စပ်ပေါင်း ဒီမိုကရေစီစနစ်တစ်ခုကို တွေ့ကြုံခဲ့ရသည်။ ကျေးရွာသည် မြန်မာ အစိုးရကျောင်းပညာရေးကဲ့သို့သော ဗဟိုအစိုးရဝန်ဆောင်မှုများကို ရရှိခဲ့သော်လည်း KNU ကမူ ၎င်းတို့၏ တည်ရှိမှုကို ဆက်လက် ထိန်းသိမ်းထားခဲ့သည်။ ၂၀၂၁ အာဏာသိမ်းပြီးနောက် KNLA နှင့် PDF များက ကျေးရွာကို ထိန်းချုပ်လိုက်သည့် ၂၀၂၂ ခုနှစ်အထိ စစ်တပ်က ကျေးရွာကို အများစုထိန်းချုပ်ခဲ့သည်။

ထီးဟီးကျေးရွာသည် တော်လှန်ရေး တပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားပြီးနောက် ကျွန်ုပ်၏ ကွင်းဆင်းသုတေသနကာလအတွင်း အပါအဝင် မြန်မာစစ်တပ်၏ မကြာခဏ နေ့စဉ်နီးပါး လက်နက်ကြီး တိုက်ခိုက်မှုများ၏ ဒဏ်ကို ခံခဲ့ရသည်။ အောက်တွင် ကျွန်ုပ် ပိုမိုဆွေးနွေးမည့်အတိုင်း အာဏာသိမ်းမှုက ထုတ်လွှတ်လိုက်သော အကြမ်းဖက်မှုသည် ကျေးရွာသားများ၏ ဘဝများကို သိသိသာသာပြောင်းလဲစေခဲ့သည်။ သို့သော် ရာသီဥတုနှင့် တောင်သူများ ရင်ဆိုင်နေရသောအခြား စိန်ခေါ်မှုများအပါအဝင် တစ်ဦးချင်း အိမ်ထောင်စုများ၏ ဘဝများအကြောင်း ကျွန်ုပ် စုံစမ်း မေးမြန်းသောအခါ ဤအရာသည် ၎င်းတို့၏ ပထမဆုံး "တစ်ဆစ်ချိုး ပြောင်းလဲမှု" အတွေ့အကြုံမဟုတ်ကြောင်း ကျွန်ုပ်နားလည်ခဲ့ရသည်။ ထိုသို့မဟုတ်ဘဲ ရေရှည်အကြမ်းဖက်မှု သံသရာ၊ ပဋိပက္ခနှင့် ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးအပြောင်းအလဲများသည် ထီးဟီးမှ လူများအတွက် ဘဝ၏ကြုံတွေ့နေကျ ဖြစ်ပေါ်ဆဲ အသွင်အပြင်တစ်ခု ဖြစ်ခဲ့သည်။ ထီးဟီးရှိ လူများနှင့် ကျွန်ုပ်၏ စကားဝိုင်းအားလုံးတွင် ထပ်

တလဲလဲ ပေါ်ပေါက်လာသော အကြောင်းအရာများထဲမှ တစ်ခုမှာ စားနပ်ရိက္ခာ ဖူလုံမှုနှင့် ၁၉၉၀ ပြည့်လွန်နှစ်များက ကျေးရွာ၏ အရေးကြီးသော စားကျက်မြေများ ဆုံးရှုံးခဲ့ရမှုက ၎င်းတို့၏ လက်ရှိရှင်သန်ရပ်တည်မှုအပေါ် မည်သို့ထိခိုက်နေသနည်းဆိုသည့် အချက်ဖြစ်သည်။ အတိတ်က အကြမ်းဖက် ပဋိပက္ခများ ဖြစ်ပွားသည့်အခါ ၎င်းတို့၏ အခြေခံလိုအပ်ချက်များအတွက် ထိုစားကျက်မြေကို ၎င်းတို့ အမြဲတမ်းအားကိုးနိုင်ခဲ့ပုံကို လူများက ကျွန်ုပ်အား ရှင်းပြခဲ့ကြသည်။ သို့သော် ဤမြေများဆုံးရှုံးခဲ့ရမှုကြောင့် ယခုမျက်မှောက်ခေတ်တွင် ပဋိပက္ခကို ကြံ့ကြံ့ခံရန်ပိုမို ခက်ခဲလာခဲ့သည်။

"ဘောင်းဘီတိုတပ်" ဟု လူသိများသော (၎င်းတို့ ဘောင်းဘီတိုများ ဝတ်ဆင်သောကြောင့် ထိုသို့ ခေါ်တွင်ခြင်းဖြစ်) စစ်တပ်နှင့် နီးနွယ်သော ပြည်သူ့စစ်အဖွဲ့တစ်ခုက ဒေသတွင်း၌ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ပြီး ထင်တိုင်း ကြဲခဲ့ချိန်တွင် ကျေးရွာသည် ၎င်း၏ စားကျက်မြေကို ဆုံးရှုံးခဲ့ရသည်။ ထိုပြည်သူ့စစ်အဖွဲ့သည် အဆောက်အအုံများကို မီးရှို့ခဲ့ပြီးနောက် KNU/KNLA ဩဇာလွှမ်းမိုးမှုအောက်ရှိ အငြင်းပွားဖွယ်ရာ နေရာများကို နယ်မြေသတ်မှတ် ထိန်းချုပ်ရန် စစ်တပ်၏ မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထီးဟီးစားကျက်မြေကို သိမ်းပိုက်ခဲ့ပြီး အခြားကျေးရွာများမှ လူစိမ်းများကို ထိုစားကျက်မြေသို့ ပြန်လည်နေရာချထားခဲ့သည်။ KNLA သည် စားကျက်မြေ၏ သစ်တောထူထပ်သော အစိတ်အပိုင်းများကို မြန်မာစစ်သားများအား ချုံခိုတိုက်ခိုက်ရန် အသုံးပြုခဲ့သောကြောင့် ဤသို့အားဖြင့် စစ်တပ်က ကျေးရွာ၏စားကျက်မြေကို သိမ်းယူခြင်းသည် KNU/KNLA ကို အကျိုးပြုသို့မဟုတ် ပံ့ပိုးနေသော နေရာများ၏ အရွယ်အစားကို လျှော့ချရန် ကြိုတင်တွက်ချက်ထားသောနယ်မြေသတ်မှတ်ထိန်းချုပ်မှု၏ ဥပမာတစ်ခု ဖြစ်ခဲ့သည်။ ဤလုပ်ငန်းစဉ်သည် ဒေသခံ ပြည်သူများကို ၎င်းတို့၏ (ပိုင်ဆိုင်မှုများမှ) နှင်ထုတ်ခဲ့ရုံသာမက ၎င်းတို့ကို စားကျက်မြေ၏ အခြားအစိတ်အပိုင်းများတွင် သစ်တော ရှင်းလင်းခြင်းနှင့် နေအိမ်အဆောက်အအုံသစ်များ တည်ဆောက်ခြင်းတို့တွင် အတင်းအဓမ္မ စေခိုင်းခဲ့သည်။ အကျိုးဆက်အားဖြင့် အချိန်ကြာလာသည်နှင့်အမျှ စားကျက်မြေသည် အခြေချနေထိုင်မှုအသစ်များနှင့် လယ်ယာမြေများ၏ မြေနေရာတစ်ခုအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲသွားခဲ့သည်။ အများစုမှာ ကရင်များ ဖြစ်သော်လည်း ၎င်းတို့အထဲတွင် ဗမာအချို့ ပါဝင်သောအသစ် အခြေချနေထိုင်သူများသည် "ဘောင်းဘီတို" ပြည်သူ့စစ်၏ ထိန်းချုပ်မှုအောက်တွင် နေထိုင်ခဲ့ကြရသည်။

ကျေးရွာသားများ၏ ပြောကြားချက်များအရ ၁၉၉၀ ပြည့်လွန်နှစ်များ အထိ စားကျက်မြေသည် သစ်တော ဧရိယာများ အပါအဝင်ခန့်မှန်းခြေ ဧက (၈၀၀) အထိ ကျယ်ဝန်းခဲ့သည်။ ၎င်းသည် ဗြိတိသျှကိုလိုနီခေတ်ကတည်းက (ဖြစ်နိုင်သည်မှာ ထိုမတိုင်မီကတည်းက) ထီးဟီးနှင့် အနီးတစ်ဝိုက် ကျေးရွာများ၏ အုပ်ချုပ်မှုအောက်တွင်ရှိခဲ့သည်။ ကျေးရွာသားများက ကျွန်ုပ်ကို ပြောကြားသည်မှာ လူတိုင်းသည်ဆေးဝါး၊ ဆေးဖက်ဝင် အပင်များနှင့် စားကျက်မြေ အတွင်းရှိ ကန်မှ ငါးနှင့် သစ်တောထဲတွင် အမဲလိုက်ရသော အသားကဲ့သို့သော မရှိမဖြစ် အစား

အစာများအတွက် ထိုစားကျက်မြေကို ရိုးရာ အစဉ်အလာအရ မှီခိုခဲ့ကြရသည် ဟူ၍ဖြစ်သည်။ ၎င်းတို့သည် လောင်စာ၊ အဆောက်အအုံ ပစ္စည်းများနှင့် ကျွဲနွားများ ကျောင်းရန်အတွက်လည်း စားကျက်မြေကို အားကိုးခဲ့ကြရသည်။ စားကျက်မြေ ဆုံးရှုံးခဲ့ရခြင်းသည် လူအများစုအတွက် ၎င်းတို့တွင်ယခုအခါ မရှိမဖြစ်လိုအပ်သော ကျက်စားမြေ မရှိတော့သောကြောင့် ၎င်းတို့၏ ကျွဲ၊ နွားများကို အဆုံးတွင် ရောင်းချလိုက်ရ ခြင်းမှတပါးအခြား ရွေးချယ်စရာ မရှိတော့ခြင်းကို လည်း ဆိုလိုခဲ့သည်။ ဤအချက်က ၎င်းတို့သည် ၎င်းတို့၏ လယ်ကွင်းများအတွက် သဘာဝ မြေသြဇာအဖြစ် နွားချေးကို အသုံးမပြုနိုင်တော့ဘဲ ထိုအစား ဆန်စပါး စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းတို့အတွက် ဈေးကြီးသော ဓာတု မြေသြဇာ များနှင့် စက်များကို အားကိုးရန် တွန်းပို့ခဲ့သည်။ ထို့ကြောင့် စားကျက်မြေမှ နှင်ထုတ်ခံရခြင်းကြောင့် ဆယ်စုနှစ် နှစ်ခုအတွင်း ကျေးရွာသားများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ စိုက်ပျိုးရေးနှင့် မြေယာအသုံးပြုမှုများသည် အခြေခံကျကျပြောင်းလဲသွားခဲ့ရသည်။ ၎င်းသည် ကျေးရွာသားများကို စားနပ်ရိက္ခာဖူလုံမှု ပေးစွမ်းခဲ့သော ရိုးရာစိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများကို ပြောင်းပြန် လှန်လိုက်သည့် သိသာသော တစ်ဆစ်ချိုးပြောင်းလဲမှုတစ်ခုအဖြစ် တွေ့ကြုံခံစားခဲ့ရသည်။

ထီးဟီးကျေးရွာ၏ ရုန်းကန်မှုသည် ဈေးကွက်လွတ်လပ်မှုနှင့် အရင်းရှင်စနစ် စုဆောင်းမှု လုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကုမ္ပဏီ သို့မဟုတ် အကြီးစား စီးပွားရေး ပရောဂျက်တစ်ခုကို ဆန့်ကျင်ခြင်း မဟုတ်ဘဲ ဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှုနှင့် ကရင်လူမျိုး များ၏ စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုနှင့် ဒေသခံ ယုံကြည်မှုစနစ်များ နှစ်မျိုးလုံး အတွက် ၎င်း၏အရေးပါမှုကို လျစ်လျူရှုခဲ့သော စစ်ဘက် နိုင်ငံတော်၏ မြေယာများကို နယ်မြေ သတ်မှတ်ထိန်းချုပ်ခြင်းကို ဆန့်ကျင်ခြင်းဖြစ်သည်။ စားကျက်မြေမှ နှင်ထုတ်ခံရခြင်းတွင် အခြားများစွာသော အကျိုးဆက်များလည်းရှိခဲ့သည်။ လူငယ်အများအပြားသည် အခြားနေရာ များတွင် ပိုမိုရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းမှုများကို ရှာဖွေရန် ရွာမှထွက်ခွာ ရန် တွန်းအားပေး ခံခဲ့ရသည်ဟု ခံစားခဲ့ရပြီး ထိုင်း၊ မလေးရှားနှင့် အခြားနေရာများတွင် ရွှေ့ပြောင်း အလုပ်သမားများဖြစ်လာခဲ့ကြသည်။ အသက် (၂၂) နှစ်အရွယ် ထီးဟီးတွင် နေထိုင် သူတစ်ဦးက “ဒီရွာမှာ နှစ်ထပ်တိုက်တစ်လုံးကို ခင်ဗျား တွေ့တယ်ဆိုရင် အဲဒါ သူတို့ လယ် လုပ်လို့ ရတာမဟုတ်ဘူး၊ အဲဒါ နိုင်ငံခြားမှာ အလုပ်လုပ်နေတဲ့ မိသားစုဝင်တွေ သူတို့မှာရှိလို့” ဟု ခြောက်ကပ်ကပ်မှတ်ချက်ပြုခဲ့သည်။ မြန်မာနိုင်ငံ၏ အခြား ဒေသများရှိ စိုက်ပျိုးရေးဆိုင်ရာ ပြောင်းလဲမှု၏ သက်ရောက်မှုများနှင့်ဆက်စပ်သော သုတေသနများကလည်း လူငယ်များ၏ အပြင်သို့ ရွှေ့ပြောင်းထွက်ခွာမှုနှုန်း မြင့်မားခြင်းကို မှတ်တမ်းတင်ထားသည်။[58] ကျေးရွာသား များက ဖော်ပြသည်မှာ အတိတ်က လူငယ်များအခြားနေရာတွင် အလုပ်လုပ်ရန် ရွာမှ မထွက် ခွာမီ လူတိုင်းသည် စိုက်ပျိုးရာသီနှင့် ရိတ်သိမ်းရာသီများအတွင်း ၎င်းတို့၏ လုပ်အားကို စုပေါင်း

[58] Doi Ra et al., 2021, pp. 468-478.

ခြင်းဖြင့် အချင်းချင်းပံ့ပိုးခဲ့ကြပုံဖြစ်သည်။ သို့သော် စားကျက်မြေ ဆုံးရှုံးပြီးချိန်မှစ၍ မိသားစုများသည် မြေယာကို မှီခို၍ ဆက်လက် ရှင်သန်နိုင်ခြင်း မရှိတော့ပေ။

KNU နှင့် စစ်တပ်အကြား ၂၀၁၂ ပဏာမ အပစ်အခတ် ရပ်စဲရေးနှင့် မြန်မာနိုင်ငံရှိ အတော်အသင့် လွတ်လပ်ပွင့်လင်းလာသော နိုင်ငံရေး ရာသီဥတု၏ နောက်ပိုင်းတွင် ထီးဟီးကျေးရွာနေထိုင်သူများသည် ၎င်းတို့၏ စားကျက်မြေကို ပြန်လည် ရယူနိုင်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့သော် ၂၀၁၀ ပြည့်လွန်နှစ်များအတွင်း ထီးဟီး စားကျက်မြေများသို့ ပြန်လည် နေရာချထားခံခဲ့ရသော နေထိုင်သူအသစ်များကို မြန်မာအစိုးရက မြေယာလက်မှတ်များ ထုတ်ပေးခဲ့သည့်အခါ နှင်ထုတ်ခံရခြင်းသည် ပိုမိုဆိုးရွားလာခဲ့သည်။ ထီးဟီးကျေးရွာသားများက KNU ထံမှ အကူအညီရယူခဲ့သော်လည်း အဆိုပါအဖွဲ့အစည်းတွင် စားကျက်မြေအတွက်၎င်းတို့၏ တောင်းဆိုမှုများကို ပံ့ပိုးကူညီရန် လုံလောက်သော ဩဇာအာဏာ မရှိခဲ့ပေ။ ထို့အပြင် ပြန်လည်နေရာချထား ခံရသူအများအပြားသည် စားကျက်မြေပေါ်တွင် အိမ်များ ဆောက်လုပ်ပြီး စီးနေပြီဖြစ်ကာ စပါးကိုလည်း တက်ကြွစွာ စိုက်ပျိုးနေပြီ ဖြစ်သည်ကို ထောက်ရှု၍ KNU အာဏာပိုင်များက ထီးဟီးနေထိုင်သူများကို အမုန်းတရား ပွားများစေခြင်းကို ရပ်တန့်ရန်နှင့် လူမှုအသိုက်အဝန်းကြား တင်းမာမှုများကို ဖန်တီးသော လုပ်ဆောင်မှုများမှ ရှောင်ကြဉ်ရန် အကြံပေးခဲ့သည်။ KNU က ပြောကြားသည်မှာ ပြန်လည်နေရာချထားခံရသော လူဦးရေက အိမ်သစ်များ မဆောက်သေးသော နေရာများတွင် စားကျက်မြေကို ပြန်လည် အသက်သွင်းရန် စီစဉ်ထားသည်ဟူ၍ ဖြစ်သည်။ ထီးဟီးနှင့် အခြားကျေးရွာများရှိ လူများ၏ ဆက်လက်ကြိုးပမ်းမှုများရှိနေသော်လည်း ၂၀၂၁ တွင် စစ်အုပ်ချုပ်ရေး ပြန်လည် စတင်ခြင်းမတိုင်မီတွင် ထိုမြေကို ပြန်လည်ရယူရန် ၎င်းတို့ ပျက်ကွက်ခဲ့ကြသည်။ ကျွန်ုပ်သည် ဦးသိန်းစိန် ဦးဆောင်သော အရပ်သားတစ်ပိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီအစိုးရ (၂၀၁၁-၂၀၁၆) လက်ထက်နှင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ (၂၀၁၆-၂၀၂၁) လက်ထက် နှစ်ခုလုံးတွင် မြေယာပြန်လည်ရယူရေးလုပ်ငန်းစဉ်၌ ပါဝင်ခဲ့သော မြေယာလှုပ်ရှားသူတစ်ဦးနှင့် စကားပြောခဲ့သည်။ အာဏာပိုင်များကို ကျေးရွာသားများ၏ စိုးရိမ်မှုများကို နားထောင်စေရန်နှင့် ပြဿနာကို ဖြေရှင်းပေးရန်မှာ ဘယ်တုန်းကမှ မလွယ် ကူခဲ့ကြောင်း သူမက ပြောကြားခဲ့သည်။ အသစ်အခြေချနေထိုင်သူအချို့သည် အစိုးရထံမှ ပုံစံ (၇) မြေယာလက်မှတ်များကို ရရှိပြီး ဖြစ်နေသောကြောင့် စားကျက်မြေများသည် အစိတ်စိတ်အမြွှာမြွှာ ခွဲခြမ်းခြင်းခံခဲ့ရပြီး ကုန်ပစ္စည်းများအဖြစ် ပုဂ္ဂလိကပိုင်အဖြစ်သို့ ပြောင်းလဲခံခဲ့ရသည်။[59]

[59] ၂၀၁၀ ပြည့်လွန်နှစ်များအတွင်း မြန်မာနိုင်ငံရှိအစိုးရ၏ ပြန်လည်ပေးအပ်ခြင်းလုပ်ငန်းစဉ်များ၏ မအောင်မြင်မှုနှင့် မြေယာလက်မှတ်များနှင့် ဆက်စပ်သော ပြဿနာများ (အကြောင်း)အသေးစိတ် သုံးသပ်ချက်အတွက် Mark (2016) နှင့် Mark & Belton (2020) ကိုရှုပါ။

“ဘောင်းဘီတို” တို့၏ ရန်စမှုကြောင့် စတင်ခဲ့သော တစ်ဆစ်ချိုး အပြောင်းအလဲနှင့် ၁၉၉၀ ပြည့်လွန်နှစ်များ၏ နှင်ထုတ်မှုနှင့် နေရာရွှေ့ပြောင်း မှုများသည် ထီးဟီးကျေးရွာကို သိသိသာသာ တည်ငြိမ်မှုပျက်ပြားစေခဲ့ပြီး ၎င်း၏ စီးပွားရေး အခြေခံကို တိုက်စားကာ လူမှုအသိုက်အဝန်းအတွင်း၌ ရေရှည်တည်တံ့သောနက်ရှိုင်းသည့် ထိခိုက်လွယ်သော အခြေအနေများကို အမြစ်တွယ်စေခဲ့သည်။ ကျေးရွာသားများသည် ၎င်းတို့၏ မြေယာဆုံးရှုံးမှုနှင့် ရေရှည် မတည်တံ့သောစိုက်ပျိုးရေး လုပ်နည်းလုပ်ဟန် အသစ်များကို အတင်းအဓမ္မ ကျင့်သုံးလိုက်ရမှုတို့နှင့် ရုန်းကန်နေခဲ့ရသဖြင့် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်ရည်သည် ဆိုးရွားစွာ အားနည်းသွားခဲ့ပြီး နောက်ထပ် အကျပ်အတည်းအတွက် အခင်းအကျင်းကို ပြင်ဆင်ပေးခဲ့သည်။

၂၀၂၁ စစ်အာဏာသိမ်းမှု ဖြစ်ပွားသောအခါ ၎င်းသည် ကျေးရွာ၏ ရှိနှင့်ပြီးသား ထိခိုက်လွယ်သော အခြေအနေများကို ပိုမို ဆိုးရွားစေသည့် ဒုတိယမြောက်ဆိုးရွားလှသော တစ်ဆစ်ချိုးအပြောင်းအလဲအဖြစ် အမှတ်အသားပြုခဲ့သည်။ အာဏာသိမ်းမှုသည် အခြေခံအားဖြင့် အရင်ကတည်းက ရှိနေသောအကျပ်အတည်း အခြေအနေများကို ပိုမို ပြင်းထန်စေခဲ့သောကြောင့် စားနပ်ရိက္ခာ မလုံခြုံမှု၊ စီးပွားရေး မတည်ငြိမ်မှုနှင့် ရိုးရာ လုပ်ထုံးလုပ်နည်းများ ဆုံးရှုံးမှုတို့သည် ပိုမိုဆိုးရွားလာခဲ့သည်။ ၎င်းသည် ၂၀၂၂ ခုနှစ်တွင် KNLA နှင့် မဟာမိတ် PDF များက ထီးဟီးနှင့် ပတ်ဝန်းကျင် ဒေသများတွင် မြန်မာ စစ်တပ်ကို တိုက်ခိုက်ခဲ့ပြီး KNLA/PDF တို့၏ အောင်ပွဲသို့ ဦးတည်စေခဲ့သည့်အခါ အထူးသဖြင့် ထိုသို့ ဖြစ်ခဲ့သည်။ ဤပြောင်းလဲမှုရှိနေသော်လည်း မြန်မာစစ်တပ်သည် ကျွန်ုပ်၏ ကွင်းဆင်းသုတေသနကာလအတွင်း ကျေးရွာကို ပြန်လည် သိမ်းပိုက်ရန် မကြာခဏဆိုသလို အမြောက်များဖြင့် ထင်သလိုပစ်ခတ်မှုများကို အသုံးပြု၍ လည်းကောင်း၊ ကျေးရွာ၏ အစွန်အဖျားများပတ်လည်တွင် စစ်ရေး စစ်ဆင်မှုများ ပြုလုပ်၍ လည်းကောင်း အဆက်မပြတ် ကြိုးပမ်းနေခဲ့သည်။

ကျွန်ုပ် ထီးဟီးသို့ ပထမဆုံး ရောက်ရှိသည့်အခါ ပတ်ဝန်းကျင်တွင် အကြမ်းဖက် ပဋိပက္ခ၏ သက်ရောက်မှုများကို ချက်ချင်းသတိပြုမိခဲ့သည်။ ကျေးရွာကို မုန်းနှင့် ကျောက်ကြီးမြို့များနှင့် ဆက်သွယ်ထားသော လမ်းမကြီးမှ ကားဖြင့် မိနစ်အနည်းငယ်အကွာတွင် တော်လှန်ရေးစစ်သားများက တာဝန်ယူထားသော KNU စစ်ဆေးရေးဂိတ် အသစ်တစ်ခု ရှိနေပြီး ၎င်းက ကျေးရွာသားများ၏ ထိုမြို့များသို့ လွယ်ကူစွာသွားလာနိုင်ခွင့်ကို ကန့်သတ်ထားသည်။ မြေမြှုပ်မိုင်း သတိပေး ဆိုင်းဘုတ်များရှိနေခြင်း နှင့် လမ်းသွယ်များသို့ သွားလာခွင့်ကို ပိတ်ဆို့ထားသော ဝါးလုံး ကာရံမှုများက လူမှုအသိုက်အဝန်းအနေဖြင့် နေ့စဉ်စီမံခန့်ခွဲရန် အတင်းအကျပ်ကြုံတွေ့နေရသော အမြဲတစေ ရှိနေသည့်အကြမ်းဖက်မှု ခြိမ်းခြောက်မှုကို အထင်အရှားပြနေသည်။ အိမ်တိုင်းတွင် ဗုံးခိုကျင်းတစ်ခုစီရှိသည်။ ဤစစ်ပွဲလက္ခဏာများရှိနေသော်လည်း ထီးဟီး၏ ဗိသုကာဖွဲ့စည်းပုံမှာ ပျဉ်ထောင်အိမ်များဖြင့် ကရင်ကျေးရွာများ၏ ထူးခြားသော လက္ခဏာအတိုင်း ဖြစ်နေပြီး ပဋိပက္ခကြားမှ ပုံမှန် အခြေအနေနှင့် ကြံ့ကြံ့ခံနိုင်ရည်တစ်ခုကို (ရှိနေကြောင်း) ဖော်ပြနေသည်။ ထီးဟီးရှိ ဘဝ၏ နှစ်မျိုးစလုံး တည်ရှိနေသော လက်တွေ့ အခြေ

အနေများကို ကျွန်ုပ် မျက်မြင် တွေ့ရှိခဲ့ရသည်။ ထိုနေရာတွင် ရိုးရာကရင်လူနေမှုဘဝအစိတ် အပိုင်းများသည် ပဋိပက္ခထူပြောသော ပတ်ဝန်းကျင်တစ်ခု၏ လိုအပ်ချက်များနှင့်အတူ ယှဉ်တွဲ တည်ရှိနေပြီး ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်နေကြသည်။

ကျွန်ုပ်၏ နေ့စဉ်ပါဝင်လေ့လာမှုမှတစ်ဆင့် ဤခြိမ်းခြောက်မှုများအပေါ် ကျေးရွာသား များ၏ တုံ့ပြန်မှုသည် သိသိသာသာ ချင့်ချိန်လုပ်ဆောင်မှုဖြစ်ကြောင်း တွေ့ရသည်။ ၎င်းတို့ သည် စစ်တပ်၏ ဝင်ရောက် စီးနင်းမှုအလွန် နီးကပ်နေချိန် သို့မဟုတ် ချက်ချင်း ခြိမ်းခြောက်မှု ရှိကြောင်း ယုံကြည်ရသော သတင်းက ဖော်ပြချိန်မှလွဲ၍ ရွာမှပြောင်းရွှေ့ခြင်း မပြုလုပ်ရန် ရွေး ချယ်ခဲ့ကြသည်။ ဤသို့ ထင်ရှားသော ကြံ့ကြံ့ခံနိုင်ရည်ကို KNU နှင့် မဟာမိတ် တော်လှန်ရေး တပ်ဖွဲ့များ၏ ကာကွယ်ပေးနိုင်စွမ်းအပေါ် ကျေးရွာသားများ၏ ယုံကြည်မှုကြောင့်ဟု မှတ်ယူ နိုင်သည်။ ၎င်းတို့ နေထိုင်ရန်ဆုံးဖြတ်ခြင်းသည် ဖြစ်ပေါ်နေဆဲ ပဋိပက္ခကို ရင်ဆိုင်ရာတွင် ကြောက်ရွံ့မှု၊ ကြံ့ကြံ့ခံနိုင်ရည်၊ ခုခံမှုနှင့် လူမှုအသိုက်အဝန်း စည်းလုံးညီညွတ်မှုတို့၏ ရှုပ်ထွေး သော အပြန်အလှန် သက်ရောက်မှုတစ်ခုကိုလည်း အထင်အရှားပြနေသည်။

ဖြည်းညင်းသော အကြမ်းဖက်မှုနှင့် နာတာရှည် အကျပ်အတည်းတို့၏ စုပုံလာသော အကျိုးသက်ရောက်မှုများသည် အာဏာသိမ်းမှု၏ အစောပိုင်း ကာလကတည်းကပင် ထီးဟီး တွင် ပြည်သူ့ခုခံရေးလှုပ်ရှားမှုတစ်ခုကို ဖြစ်ပေါ်စေခဲ့သည်ဟု ကျွန်ုပ် ယူဆသည်။ ကျေးရွာသား များသည် အကြမ်းဖက်နှင့် အကြမ်းမဖက်နည်းလမ်းများနှစ်မျိုးလုံးကို အသုံးပြု၍ စစ်အာဏာ ရှင်ကို ခုခံခဲ့ကြသည်။ ကျေးရွာမှ လူငယ် အများစုသည် လက်နက်ကိုင် ခုခံမှုတွင် ပါဝင်ခဲ့ ကြသည်။ အစိုးရ ကျောင်းဆရာဟောင်းတစ်ဦးဖြစ်သူ လားဖိုးကဲ့သို့သောအချို့မှာ အသက် ဆုံးရှုံးခဲ့ရသည်။ သူသည် ၂၀၂၁ ခုနှစ် အစောပိုင်းတွင် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ခဲ့ ပြီး နောက်ပိုင်းတွင် စစ်တပ်ကို တိုက်ခိုက်ရန် KNU/KNLA သို့ ဝင်ရောက်ခဲ့ကာ သူ၏ ကျေးရွာ ကို မြန်မာ စစ်တပ်လက်အောက်မှ လွတ်မြောက်စေရန် တိုက်ပွဲတွင် ပါဝင်ခဲ့သည်။ ၂၀၂၃ ခုနှစ် အစောပိုင်း၌ သူသည် စစ်တပ်နှင့် ထိပ်တိုက် တွေ့ဆုံသည့်တိုက်ပွဲတစ်ခုတွင် ထီးဟီးကျေးရွာ အနီး၌ သေဆုံးခဲ့သည်။ သူ၏ သက်ကြီးရွယ်အို မိခင်သည် သားကိုဆုံးရှုံးမှုကြောင့် အကြီး အကျယ် ဝမ်းနည်းကြေကွဲခဲ့ရသော်လည်း တော်လှန်ရေး တပ်ဖွဲ့များအတွက် ထမင်းချက်ပေး ခြင်းဖြင့် တော်လှန်ရေးကို ဆက်လက်ထောက်ပံ့ခဲ့သည်။ သူမက ကျွန်ုပ်ကို ဝမ်းနည်းသော မျက်နှာဖြင့် ပြောကြားခဲ့သည်မှာ “မင်းရဲ့ အစ်ကို (ဤနေရာတွင် ကျွန်ုပ်နှင့် ရွယ်တူလောက် လိမ့်မည်ဖြစ်သော သူမ၏ သားကို ရည်ညွှန်းပါသည်) က ဒီရွာက တိုက်ပွဲတစ်ခုမှာ ဆုံးသွား တယ်။ ငါ နေ့တိုင်းဒီကလေးတွေအတွက် (တော်လှန်ရေးတပ်သား PDF နှင့် KNLA စစ်သား များကို ရည်ညွှန်းသည်) ထမင်းချက်ပေးတယ်။ အဲဒါတော်လှန်ရေးအတွက် ငါ အနည်းဆုံး လုပ်ပေးနိုင်တာပဲ။”[60]

---

60 လားဖိုး၏မိခင်၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် မတ်လ ၁၀ ရက်။

မကြာသေးမီ အာဏာသိမ်းပြီးနောက် ပဋိပက္ခသည် ကျေးရွာရှိ ရှိနှင့်ပြီးသား ထိခိုက်လွယ် သောဘာဝများနှင့် စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများအပေါ် သိသိသာသာ သက်ရောက် မှု ရှိခဲ့သည်။ တောင်သူတစ်ဦးဖြစ်သူ ထီးထူးက ရှင်းပြသည်မှာ တောင်သူအများစုသည် ၎င်းတို့ ၏ စပါးသီးနှံအသစ်များကို မျိုးစေ့ချရန် ပြင်ဆင်နေဆဲဖြစ်သော ထွန်ယက်ခြင်း ပြီးဆုံးခါနီး အချိန်တွင် ရွာ(သိမ်း)တိုက်ပွဲ ဖြစ်ပွားခဲ့သောကြောင့် ၂၀၂၂ ခုနှစ် စပါးရိတ်သိမ်းရာသီအတွက် သူ၏ လယ်ယာမြေတွင် သီးနှံများ အပြီး မစိုက်ပျိုးနိုင်ခဲ့ကြောင်း ရှင်းပြခဲ့သည်။ အချို့က မျိုးစေ့များ ကြဲပက်ခြင်းကို အပြီးသတ် နိုင်ခဲ့သော်လည်း အများအပြားမှာ မလုပ်နိုင်ခဲ့ကြဘဲ ၎င်းက ၂၀၂၃ ခုနှစ်တွင် ကျေးရွာ၌ စားနပ်ရိက္ခာ မလုံခြုံမှုကို ဖြစ်ပေါ်စေခဲ့သည်။ အာဏာ သိမ်းပြီးနောက်ပိုင်း ပဋိပက္ခနှင့် သွားလာမှု၊ ကုန်သွယ်မှုအပေါ် ကန့်သတ်ချက်များက စားနပ်ရိက္ခာ မလုံခြုံမှုကို ဖန်တီးခဲ့သော်လည်း လူအများအပြားက ၁၉၉၀ ပြည့်လွန်နှစ်များက ၎င်းတို့၏ စားကျက်မြေ အသိမ်းခံခဲ့ရသည့် ပြဿနာကိုလည်း ထုတ်ဖော် ပြောဆိုခဲ့ကြပြီး အကြောင်းမှာ ၎င်းတို့၏ ရိုးရာစားကျက်မြေသာရှိပါက စားနပ်ရိက္ခာမလုံခြုံမှုကို ပိုမိုကောင်းမွန် စွာ လျှော့ချနိုင်ပြီး ရာသီဥတုပြောင်းလဲမှုကိုလည်း တုံ့ပြန်နိုင်လိမ့်မည်ဟု ၎င်းတို့က ယုံကြည် ကြသောကြောင့် ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း ဓာတုမြေသြဇာများသည် ဈေးပိုကြီးလာပြီး ဝယ်ရန် ပိုခက်ခဲ လာခဲ့သည်။ အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံတော် စီးပွားရေး အကျပ်အတည်း မှ ဖြစ်ပေါ်လာသော ကုန်ကျစရိတ် ကြီးမြင့်မှုများအကြောင်း ကျေးရွာသား အများအပြားက ညည်းညူကြသည်။ ထီးဂေးက ကျွန်ုပ်ကို မှတ်ချက်ပြုသည်မှာ “ကျွန်တော်တို့ တောင်သူတွေ မှာ လစဉ်ဝင်ငွေမရှိဘူး၊ ရာသီအလိုက်ပဲ ရှိတာ၊ ဒါကြောင့် ခက်ခဲတယ်။”[61] အခြား တောင်သူ တစ်ဦးဖြစ်သူ ထီးဆယ်ကလည်း အလားတူ မှတ်ချက်ပြုသည်- “မနှစ်က သီးနှံအထွက်နှုန်းက နိုင်ငံရေးအခြေအနေကြောင့် သိပ်မကောင်းခဲ့ဘူး။ နှစ်တိုင်း ရာသီဥတု ပြောင်းလဲနေတာနဲ့အမျှ အရာအားလုံးက ဓာတုပစ္စည်းတွေ သုံးတာပေါ်မှာပဲ မူတည်နေတယ်။ ခင်ဗျား ပိုသုံးနိုင်ရင် အထွက်နှုန်းက မြင့်တယ်။ မသုံးနိုင်ရင် အထွက်နှုန်းက ညံ့တယ်။”[62] “ဒါဆို လယ်ကွင်းတွေကို မြေသြဇာကျွေးဖို့ ဓာတုပစ္စည်းတွေအစား ဘာလို့ ကျွဲနွား နဲ့ နွားချေးတွေကို မသုံးကြတာလဲ” လို့ ကျွန်တော်က ရိုးရှင်းတဲ့ မေးခွန်းကို မေးလိုက်တဲ့အခါ လူတွေက ၎င်းတို့မှာ ကျွဲနွားတွေကို ဆက်လက် မွေးမြူဖို့ လုံလောက်တဲ့ စားကျက်မြေရော ဝင်ငွေပါ မရှိဘူးလို့ ပြတ်ပြတ်သားသား ပြန်ဖြေကြသည်။ “နွားတစ်ကောင်ကို ထိန်းသိမ်းဖို့ တစ်လကို မြန်မာငွေ ကျပ် (၃၀,၀၀၀) လောက်ကုန်ကျတယ်” လို့ ထီးဂေးက ရှင်းပြသည်။

---

[61] ထီးဂေး၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် မတ်လ ၁၄ ရက်။

[62] ထီးဆယ်၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် မတ်လ ၁၂ ရက်။

> ကျွန်တော်တို့မှာ စားကျက်မြေသာ ရှိရင် ရွာက လူတိုင်းမှာ နွားတွေ၊ ကျွဲတွေ၊ ဆိတ်တွေ ဒါမှမဟုတ် တခြား တိရစ္ဆာန်တွေကို မွေးမြူဖို့ နေရာ ရှိကြမှာ။ အခု ဒီ တိရစ္ဆာန်တွေကို မွေးမြူဖို့ တကယ်ခက်ခဲတယ်။ စားကျက်မြေ မရှိတော့ သူတို့ကို ကျွေးဖို့အစာ အလုံအလောက် မရှိဘူး၊ ဝယ်နေရတယ်။

ညနေခင်းတစ်ခုတွင် ထီးဂေး၏ သူငယ်ချင်းတစ်ဦးက ကျွန်ုပ်ကို ဆိတ်သားဟင်းဖြင့် ဧည့်ခံကျွေးမွေးစဉ် ကျေးရွာတွင် မြေမြှုပ်မိုင်း ပြဿနာ မည်မျှကြီးမားသည်ကို ကျွန်ုပ် သဘောပေါက်သွားသည်။ အစပိုင်းတွင် ထိုအိမ်ထောင်စုသည် ဆိတ်သားကို မရောင်းဘဲ အဘယ်ကြောင့် ချက်စားလိုက်သနည်းဟု ကျွန်ုပ် တွေးမိနေခဲ့သော်လည်း ထီးဂေးက ထိုဆိတ်သည် မြေမြှုပ်မိုင်းနင်းမိ၍ သေဆုံးသွားခြင်းဖြစ်ကြောင်း ကျွန်ုပ်ကို ရှင်းပြခဲ့သည်။ ၎င်းနောက် ဆက်လက်၍ ထီးဂေးက သူ၏ လယ်မြေထဲတွင်လည်း မြေမြှုပ်မိုင်းများ ထောင်ထားဖွယ် ရှိသဖြင့် ထိုမြေတွင် လယ်ပြန်လုပ်ရန် ချီတုံချတုံ ဖြစ်နေကြောင်း ရှင်းပြခဲ့သည်။ ထို့အပြင် ကျေးရွာသားများသည် လက်နက်ကြီးကျည်များ၏ အဆက်မပြတ် ခြိမ်းခြောက်မှု အောက်တွင် ရှိနေပြီး လယ်ကွင်းများထဲတွင် ခိုအောင်းစရာလည်း မရှိပေ။ ဤမလုံခြုံမှုများကြောင့် ကျေးရွာသားများသည် ကျွန်ုပ် ကွင်းဆင်း သုတေသန မလုပ်မီ တစ်နှစ်ကတည်းက သိမ်းဆည်းထားသော ဆန်နှင့် ပဲ များကိုသာ အဓိက စားသုံးနေခဲ့ရသည်။[63] လာမည့်နှစ်တွင် ၎င်းတို့ မည်သို့ ဆန်ရှာဖွေကြမည်ကို ကျွန်ုပ် တွေးတောမိခဲ့သည်။

စကားပြောဆိုမှုများအတွင်း ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို ကျေးရွာသားများက အဓိကထား ပြောဆိုလေ့ မရှိသော်လည်း ကျွန်ုပ်က ၎င်းတို့အကြောင်း မေးမြန်းသည့်အခါ ကျေးရွာသားများသည် မူမမှန်သော ရာသီဥတုနှင့် ပြောင်းလဲနေသော ရာသီဥတု ပုံစံများအပေါ် ၎င်းတို့၏ စိုးရိမ်မှုကို မျှဝေပြောကြားခဲ့ကြကာ အထူးသဖြင့် မြန်မာနိုင်ငံ၏ အခြားဒေသများတွင် ကဲ့သို့ပင် တိုးပွားလာသော အပူချိန်နှင့် မူမမှန်သော မိုးရွာသွန်းမှုတို့က ၎င်းတို့၏ ထိခိုက်လွယ်သော အခြေအနေကို မည်သို့ ပိုမို ဆိုးရွားစေခဲ့ပုံကို မျှဝေခဲ့ကြသည်။[64] ထီးထူးက ပြောသည်မှာ "စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ အရာအားလုံး ပြောင်းလဲသွားပြီ။ မြေဆီလွှာ အရည်အသွေးလည်း မကောင်းတော့ဘူး။ မြေသြဇာ မပါဘဲ အပင်တွေက မကျန်းမာဘူး၊ အထွက်နှုန်းလည်း မမြင့်ဘူး။ အရင်က တစ်ခါမှ မကြားဖူး၊ မမြင်ဖူးတဲ့ ပိုးမွှားတွေလည်း ပိုများလာတယ်"[65] ဟူ၍ ဖြစ်သည်။ အလုပ်သမား ရှားပါးမှု၊ ဓာတု မြေသြဇာ နှင့် စိုက်ပျိုးရေးစက် ငှားရမ်းခ

---

[63] ရွာသူရွာသားသည် မိသားစုစားသုံးရန်နှင့် ဆီကြိတ်ရန်အတွက် ပဲအမျိုးမျိုးကို စိုက်ပျိုးကြသည်။

[64] See Kyed et al. (2026) [this issue].

[65] ထီးထူး၊ ပုဂ္ဂိုလ်ရေးဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ် မတ်လ ၁၀ ရက်။

ဈေးနှုန်း ကြီးမြင့်မှု၊ သစ်တောဖုံးလွှမ်းမှု ပြောင်းလဲမှုအပြင် မှုမမှန်သော မိုးရွာသွန်းမှု နှင့် အပူချိန် တို့ ကြောင့် ၎င်းတို့သည် စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများကို ဆက်လက် ထိန်းသိမ်းရန် ရုန်းကန်နေရပုံကို ကျေးရွာသားများက ဖော်ပြခဲ့ကြသည်။ အထူးသဖြင့် စားနပ်ရိက္ခာ ထောက်ပံ့ မှု၊ စားနပ်ရိက္ခာ စနစ် ပုံစံများ၊ နှင့် စားနပ်ရိက္ခာ ရရှိနိုင်မှုတို့နှင့် ပတ်သက်၍ ကျေးရွာသားများ သည် အနာဂတ်တွင် ထပ်ဆင့်ဖြတ်သန်းကြုံတွေ့ရမည် ဖြစ်သောပဋိပက္ခနှင့် ရာသီဥတု ပြောင်း လဲမှုတို့မှ ပိုမို များပြားသော အခက်အခဲများကို ရင်ဆိုင်ရမည် ဖြစ်သည်။

၂၀၂၄ မတ်လတွင် ကျွန်ုပ်၏ ကွင်းဆင်း သုတေသန ပြီးစီးပြီး တစ်နှစ်အကြာ၌ ထီးဟီးရှိ အိမ်ခြေ (၂၀၀) အနက် အလုံး (၈၀) ကျော်ကို စစ်တပ်က မီးရှို့ခဲ့ကာ ၎င်းတို့ထဲတွင် ကျွန်ုပ်၏ သုတေသနတွင်ပါဝင်သူများ ပိုင်ဆိုင်သော အိမ်အများအပြားလည်း ပါဝင်ခဲ့သည်။ ဤ ရည်ရွယ် ချက်ရှိရှိနှင့် ရွေးချယ် မီးရှို့မှုကို စစ်တပ်၏ အုပ်ချုပ်မှုကို ဆန့်ကျင်နေသည်ဟု သူ ထင်သော အိမ်ထောင်စုများကို ပစ်မှတ်ထားခဲ့သည့် စစ်တပ်က ခန့်အပ်ထားသော ကျေးရွာ အုပ်ချုပ်ရေး မှူးတစ်ဦး၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ တစ်ဆစ်ချိုးအပြောင်းအလဲများသို့ ဦးတည်စေပြီး ၎င်းတို့မှ ဖြစ်ပေါ်လာသည့် ဖြည်းညင်းသော အကြမ်းဖက်မှုနှင့် နာတာရှည် အကျပ်အတည်းတို့၏ သံသရာသည် ကျေးရွာများ၏ စိုက်ပျိုးရေး လုပ်ထုံးလုပ်နည်းများ နှင့် စားနပ်ရိက္ခာ ဖူလုံမှုအပေါ် သြဇာလွှမ်းမိုးခဲ့သည်။ စားကျက်မြေ ဆုံးရှုံးမှုမှ ဖြစ်ပေါ်လာသော ယခင် တစ်ဆစ်ချိုးပြောင်းလဲမှုသည် အချိန်နှင့်အမျှ စုပုံလာခဲ့သော ဖြည်းညင်းသော အကြမ်း ဖက်မှုနှင့် နာတာရှည်အကျပ်အတည်းများကို ဖြစ်ပေါ်စေခဲ့ပြီး နောက်ထပ် တစ်ဆစ်ချိုး အပြောင်းအလဲတစ်ခုဆီသို့ ဦးတည်စေခဲ့သည်။ ၎င်းက စုပုံလာသော ထိခိုက်လွယ်သည့် အခြေ အနေများသည် အသစ်နှင့် ပိုမို ဆိုးရွားသော အကျပ်အတည်းများအတွက် ဆုံမှတ်တစ်ခု အဖြစ်သို့ မည်သို့ ပြောင်းလဲနိုင်ပုံကို အထင်အရှား ပြသနေသည်။

နိဂုံး

ဤဆောင်းပါးသည် မြန်မာနိုင်ငံရှိ ကရင်လူမှုအသိုက်အဝန်းများက ပိုမို ရှည်လျားသော နိုင်ငံတော် အကြမ်းဖက်မှု၊ မြေယာမဲ့ နှင်ထုတ်ခံရခြင်းနှင့် နယ်မြေ သတ်မှတ် ထိန်းချုပ်ခြင်း တို့၏ သမိုင်းကြောင်းများ၏ အခြေအနေအတွင်းတွင် ပဋိပက္ခ-ရာသီဥတု ဆက်စပ်မှုကို တုံ့ပြန် ရန် မည်သို့ ရုန်းကန်နေရပုံကို ဆန်းစစ်ထားသည်။ ပဲခူးတိုင်း အရှေ့ခြမ်းရှိ ကျေးရွာ နှစ်ရွာမှ လူမှုအသိုက်အဝန်းများ၏ အတွေ့အကြုံများကို အခြေခံ၍ ၎င်းတို့ နေထိုင်ရာမြေကို ပြန်လည် ပုံသွင်းခဲ့ပြီး နာတာရှည် အကျပ်အတည်းကို ထုတ်လုပ်ခဲ့သော အကြမ်းဖက် တစ်ဆစ်ချိုး ပြောင်းလဲမှုများနှင့် ပိုမို ရေရှည် ဖြည်းညင်းသော အကြမ်းဖက်မှုလုပ်ငန်းစဉ်များ[66] ကြောင့်

[66] Nixon, 2011.

ရာသီဥတု ပြောင်းလဲမှုနှင့် ပဋိပက္ခ နှစ်မျိုးလုံးကို ရင်ဆိုင် ဖြေရှင်းရန် လူများ၏ ရိုးရာ အသက်မွေးဝမ်းကျောင်းမှုများ နှင့် နည်းဗျူဟာများ မည်သို့ ပြတ်တောက်ခဲ့ရပုံကို ကျွန်ုပ် ဖော်ပြထားသည်။[67] ဤရွှေ့လျားပြောင်းလဲမှုသည် ကျွန်ုပ်၏ ထပ်တလဲလဲဖြစ်ပေါ်သော တစ်ဆစ်ချိုးပြောင်းလဲမှုမူဘောင်၏ အနှစ်သာရကို သရုပ်ဖော်နေသည်။ တစ်ဆစ်ချိုးအပြောင်း အလဲများသည် ရိုးရှင်းစွာ အဆုံးသတ်သွားခြင်း မဟုတ်ဘဲ အနာဂတ် တစ်ဆစ်ချိုးပြောင်းလဲမှု များဆီသို့ စုပုံသွားစေမည့် ဖြည်းညင်းသော အကြမ်းဖက်မှု၏ အခြေအနေအသစ်များအဖြစ်သို့ အသွင်ပြောင်းသွားသည်။ ဘဲရ်ဒ်၏ သဘောတရား သတ်မှတ်မှုဖြစ်သော ကြီးမား ဆိုးရွားသည့် အကြမ်းဖက်မှုက မထင်မရှားသော ပုံစံဖြင့် "ဖြည်းညင်းသော အကြမ်းဖက်မှု ဖြစ်လာစေရန် အသွင်ကူးပြောင်း" သွားသည် ဆိုသည့် အချက်သည် အချိန်ကာလအပေါ် အခြေခံနေသော် လည်း ကျွန်ုပ်ကမူ ကျွန်ုပ်၏ ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးပြောင်းလဲမှု မူဘောင် အတွက် တောင်တန်း ဥပမာကို အသုံးပြုထားပြီး အကြောင်းမှာ ၎င်းသည် ထပ်တလဲလဲ ဖြစ်သော ပုံစံများထက် ပြောင်းလဲနိုင်သော ပြင်းထန်မှုနှင့် တဖြည်းဖြည်း ယိုယွင်း ပျက်စီးမှုကို အလေးပေးသောကြောင့် ဖြစ်သည်။ ကျွန်ုပ်၏ မူဘောင်က ငြင်းဆိုသည်မှာ တစ်ဆစ်ချိုးပြောင်း လဲမှုများသည် တောင်ထိပ်များကဲ့သို့ ပြင်းထန်မှု အပိုင်းတွင် သိသိသာသာ ကွဲပြားကြသည်။ ၂၀၁၁ ခုနှစ် ရွှေကျင်မြစ်ပေါ်ရှိ ဆည်တည်ဆောက်မှုသည် ကစယ်လားအတွက် ၁၉၉၀ ပြည့် လွန်နှစ်များက ထီးဟီးရှိ စားကျက်မြေ နှင်ထုတ်ခံရမှုထက် ပိုမိုမြင့်မားသော တစ်ဆစ်ချိုး ပြောင်းလဲမှု တောင်ထိပ်ကို ကိုယ်စားပြုပြီး ထိုနည်းတူ ၂၀၂၂ အာဏာသိမ်းမှုနှင့် ရာသီဥတု ပြောင်းလဲမှုတို့ ပေါင်းစပ်လိုက်ခြင်းမှဖြစ်ပေါ်လာသည့် စုပုံလာသော ဖြည်းညင်းသော အကြမ်း ဖက်မှုက ၎င်း၏သက်ရောက်မှုများကို ပိုမို ဆိုးရွားစေသောကြောင့် ပို၍ပင် ပြင်းထန်သော တောင်ထိပ်ကို ဖန်တီးသည်။ တောင်ထိပ်များကြားရှိ ချိုင့်ဝှမ်းများကို ဖြည်းညင်းသော အကြမ်း ဖက်မှုက အနည်များကဲ့သို့ စုပုံနေသည့် ကာလများအဖြစ် (ထိုသို့ စုပုံမှုက) အကျပ်အတည်း၏ အခြေခံအဆင့်ကို တဖြည်းဖြည်း မြှင့်တင်ပေးနေသဖြင့် လူမှုအသိုက်အဝန်းများသည် တစ်ဆစ် ချိုးပြောင်းလဲမှု တစ်ခုစီတိုင်း၏ နောက်တွင် ၎င်းတို့၏ မူလအခြေအနေသို့ ဘယ်တော့မှ ပြန်မရောက်နိုင်တော့ပုံအဖြစ် ကျွန်ုပ်က သဘောတရား ပုံဖော်ထားသည်။ ဤဥပမာသည် တစ်ဆစ်ချိုးပြောင်းလဲမှုဖြစ်စဉ်တစ်ခုစီတိုင်းက အတိတ်က တစ်ဆစ်ချိုးအပြောင်းအလဲများ သည် ပျောက်ကွယ်သွားမည့်အစား လူမှုအသိုက်အဝန်း၏ လူမှုရေး နှင့် ဂေဟစနစ် ပတ်ဝန်းကျင်တွင် နစ်မြုပ် ကျန်ရှိနေလျက် ယခင်ကထက် ပိုမို မြင့်မားသော ထိခိုက်လွယ်မှု အဆင့်တွင် တည်ရှိနေသော အခြေခံအဆင့်သစ်တစ်ခုကို ဖန်တီးပေးသည်ဟူသော ကျွန်ုပ်၏ အဓိကငြင်းဆိုချက်ကို သရုပ်ပြနေသည်။ ၂၀၁၁ ခုနှစ် ရွှေကျင်ဆည်သည် တရုတ်၏ ရင်းနှီး မြှုပ်နှံမှုနှင့် မြန်မာ စစ်တပ် မဟာဗျူဟာမှသည် ဒေသခံ ဂေဟစနစ် ကွန်ရက်များအထိ

[67] Vigh, 2008.

အတိုင်းအတာ မျိုးစုံတွင် တစ်ပြိုင်နက်တည်း မည်သို့လုပ်ဆောင်ခဲ့ပုံကို သရုပ်ပြခြင်းဖြင့် မဟာန်တီနှင့် အခြားသူများ[68]၏ ဆက်နွယ်မှု နှင့် အပြန်အလှန် သက်ရောက်မှု ရှုထောင့်မှ တစ်ဆင့် သဘောတရားပုံဖော်ထားသည့် တစ်ဆစ်ချိုးပြောင်းလဲမှုကို ပုံဖော်နေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ကစယ်လားကျေးရွာသားများ၏ ဘဝများကို ဖွဲ့စည်းထားသည့် လူမှုရေး ဆက်ဆံရေးများကို အခြေခံကျကျ ပြောင်းလဲစေခဲ့သည်။ ဤတစ်ဆစ်ချိုး ပြောင်းလဲမှုသည် ဆယ်စုနှစ်များစွာကြာ စစ်ဘက်အကြမ်းဖက်မှု အတွင်း၌ အချိန်ကာလအရ နစ်မြုပ်နေခဲ့ပြီး လူမှုအသိုက်အဝန်းက လက်ရှိ စိန်ခေါ်မှုများကို မည်သို့တွေ့ကြုံ ခံစားနေရပုံကို ဆက်လက် ပုံဖော်နေပြီး တစ်ချိန်တည်းမှာပင် ၎င်းက နိုင်ငံတော် အကြမ်းဖက်မှုကို ဖော်ထုတ်ခဲ့သည့် "မရေရာသော အခိုက်အတန့်များ" ကို ဖန်တီးခဲ့ပြီး ကျေးရွာသားများက အမြဲတမ်း နေရပ် ရွှေ့ပြောင်းခံရခြင်းကို လက်ခံမည့်အစား ဆည်နေရာအနီးတွင် ပြန်လည် တည်ဆောက်ရန် ရွေးချယ်ခဲ့ကြသဖြင့် ကန့်သတ်ချက်များ ရှိနေသော်လည်း ခုခံမှုနှင့် လိုက်လျောညီထွေ နေထိုင်မှု၏ ပုံစံသစ်များကို ဖြစ်ပေါ်စေခဲ့သည်။

ထို့ကြောင့် ဤဖြစ်ရပ် လေ့လာမှု နှစ်ခုသည် အာဏာသိမ်းမှုကြောင့် ဖြစ်ပွားခဲ့သော နိုင်ငံရေးနှင့် အကြမ်းပတမ်း တစ်ဆစ်ချိုးပြောင်းလဲမှု၏ မျက်မှောက်ခေတ် အတွေ့အကြုံ များကို ရေရှည်အကြမ်းဖက်မှု သမိုင်းကြောင်းများနှင့် ထပ်တလဲလဲဖြစ်ပေါ်သော တစ်ဆစ်ချိုး ပြောင်းလဲမှုဟု ကျွန်ုပ်ရည်ညွှန်းသည့်အရာတို့အတွင်း၌ နေရာချခြင်း၏ အရေးပါမှုကို မီးမောင်း ထိုးပြနေသည်။ ထို့အပြင် ၎င်းတို့သည် ရာသီဥတု ပြောင်းလဲမှု၏ ဒဏ်ခံရနိုင်ခြေရှိမှု၏ နက်ရှိုင်း သော နိုင်ငံရေးသမိုင်းကြောင်းများ[69] နှင့် လူနှင့် မြေ နှစ်မျိုးလုံးအပေါ် စစ်ပွဲဖန်တီးခြင်းနှင့် နိုင်ငံတော် ထူထောင်ခြင်းတို့၏ ဖျက်ဆီးနိုင်စွမ်းကိုလည်း ဖော်ပြနေသည်။[70] ကျေးရွာနှစ်ရွာလုံး ရှိ လူမှုအသိုက်အဝန်းဝင်များက ထောက်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် ပဋိပက္ခ နှင့် ရာသီဥတုပြောင်းလဲမှု နှစ်မျိုးလုံးကို ရှင်သန် ကျော်လွှားပြီး ကြံ့ကြံ့ခံနိုင်စွမ်းသည် ကျွန်ုပ်က မီးခဲကဲ့သို့ လောင်ကျွမ်းနေသောစပါးခွံမီးဟု နှိုင်းယှဉ်ခဲ့သော နိုင်ငံတော်အခြေပြု အကြမ်းဖက် မှု၏ ယခင် အတွေ့အကြုံများကြောင့် တိုက်စားခံခဲ့ရသည်။

ကစယ်လား ကျေးရွာသားများ၏ အတွေ့အကြုံသည် ဖြည်းညင်းသော အကြမ်းဖက်မှု၏ တဖြည်းဖြည်း တိုက်စားသွားသော သက်ရောက်မှုများကို သရုပ်ဖော်နေကာ ထိုနေရာတွင် ဘဝအခြေအနေများသည် ပဋိပက္ခ နှင့် နိုင်ငံတော်၏ နယ်မြေ သတ်မှတ် ထိန်းချုပ်ခြင်းတို့၏ ရေရှည် သမိုင်းကြောင်းများကြောင့် တဖြည်းဖြည်း ယိုယွင်း ပျက်စီးလာခဲ့ပြီး နာတာရှည် အကျပ်အတည်း အခြေအနေတစ်ခုကို ဖန်တီးပေးနေသည်။ ၂၀၁၁ က ဆည်တည်ဆောက်မှုနှင့် စစ်ဘက်ဖိနှိပ်မှုတို့၏ ချက်ချင်းဖြစ်ပေါ်သော ပြတ်တောက်စေသည့် အကြမ်းဖက်မှုသည်

[68] Mahanty et al., 2023.
[69] Franco & Borras 2019; Temudo & Cabral, 2023.
[70] Park, 2018.

ရပ်တန့်သွားခဲ့သော်လည်း ဖြည်းညင်းသော အကြမ်းဖက်မှုမှာမူ ပြတ်တောက်သွားသော အသက်မွေးဝမ်းကျောင်းမှုများ၊ ပြောင်းလဲသွားသော မြေယာအသုံးပြုမှုနှင့် ဘိုးဘွားပိုင်မြေများ အမြဲတမ်းဆုံးရှုံးမှုတို့ဖြင့် ထင်ရှားပေါ်လွင်စွာပင် ဆက်လက်တည်ရှိနေသည်။ တစ်ဆစ်ချိုး ပြောင်းလဲမှုတစ်ခုအဖြစ် တွေ့ကြုံခံစားခဲ့ရသော ဆည်တည်ဆောက်မှုသည် ၎င်းတို့၏ မြေများ နှင့် ရိုးရာ အသက်မွေးဝမ်းကျောင်းမှုများကို ဖျက်ဆီးခဲ့ရုံသာမက အချိန်ကြာလာသည်နှင့်အမျှ ဆိုးရွားသော အကျိုးဆက်များနှင့်အတူ တိတ်တဆိတ် သို့သော် ဖွဲကောင်းစွာ လောင်ကျွမ်းနေ သောစပါးခွံမီးကဲ့သို့ တည်တံ့ ခိုင်မြဲနေသော အကျပ်အတည်းများကိုလည်း ဆက်တိုက် စတင် ဖြစ်ပေါ်စေခဲ့သည်။ လက်ရှိ နိုင်ငံရေးတစ်ဆစ်ချိုးအပြောင်းအလဲနှင့် ပြောင်းလဲလာသော ရာသီဥတုဆက်စပ်အခြေအနေများမှ စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများအပေါ် တိုးပွားလာ သော ခြိမ်းခြောက်မှုများ၏ နောက်ခံအခြေအနေတွင် ကျေးရွာသားများသည် ၎င်းတို့၏ မိသားစုများကို ထောက်ပံ့နိုင်ဖို့ အခြားနေရာများသို့ရွှေ့ပြောင်းရန် အတင်းအကျပ်တွန်းပို့ခံခဲ့ရ သည်။ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး တစ်ဆစ်ချိုးပြောင်းလဲမှုအကြောင်း မီဒီယာတင်ဆက်မှု များတွင် လွှမ်းမိုးထားသော ထင်ရှားပေါ်လွင်သည့် အကြမ်းဖက်မှုပုံစံများနှင့် ဆန့်ကျင်လျက် ကရင်လူမှုအသိုက်အဝန်း၏ ဖြစ်ပေါ်ဆဲ ခံစားနေရမှုမှာမူ အများအားဖြင့် သတိမပြုမိ၊ မကြား သိခြင်း ခံနေရဆဲဖြစ်သည်။ သို့တိုင် ဤယခင် တစ်ဆစ်ချိုးပြောင်းမှုအတွေ့အကြုံများသည် လူမှုအသိုက်အဝန်း၏ ဖွဲ့စည်းတည်ရှိမှုကို နောင်လာမည့်မျိုးဆက်များထိတိုင် ဆက်လက်၍ ပုံတင်ထပ်နေမည့် နည်းလမ်းများဖြင့် အခြေခံကျကျဆက်လက် ပြောင်းလဲစေနေသည်။

ထီးဟီးကျေးရွာသားများ၏ အတွေ့အကြုံများသည်လည်း အချိန်နှင့်အမျှကြုံတွေ့ရသော နာတာရှည် အကျပ်အတည်းနှင့် ဖြည်းညင်းသော အကြမ်းဖက်မှုအတွေ့အကြုံများက ဤနိုင်ငံ ရေး တစ်ဆစ်ချိုး ပြောင်းလဲမှု၏ "မရေရာသောအခိုက်အတန့်" တွင် ရာသီဥတုပြောင်းလဲမှု နှင့် ပဋိပက္ခ နှစ်မျိုးလုံးကိုတုံ့ပြန်ရန် လူများ၏ စွမ်းဆောင်ရည်ကို မည်သို့ ယိုယွင်း ပျက်စီးစေပုံကို ပုံဖော်ပြနေသည်။[71] ထီးဟီးရှိ ကျွန်ုပ်၏ ကွင်းဆင်း သုတေသနသည် ကျေးရွာကို ထိန်းချုပ်ရန် တိုက်ပွဲဝင်နေသော မြန်မာ စစ်တပ် နှင့် KNU/KNLA နှင့် အခြား ခုခံရေး တပ်ဖွဲ့များအကြား အပြင်းအထန် အငြင်းပွားမှုဖြစ်နေချိန်နှင့် တိုက်ဆိုင်ခဲ့သည်။ သို့သော် ကျေးရွာသားများနှင့် စကားပြောဆိုရာတွင် ဤသည်မှာ ၎င်းတို့၏ ပထမဆုံးအကျပ်အတည်းနှင့် ပဋိပက္ခ အတွေ့ အကြုံ မဟုတ်ကြောင်း နှင့် ယခင် နိုင်ငံတော်အကြမ်းဖက်မှု အတွေ့အကြုံများက ၎င်းတို့၏ ရှင်သန်ရပ်တည်နိုင်စွမ်းကို နက်နက်ရှိုင်းရှိုင်း ပုံဖော်ခဲ့ကြောင်း ချက်ချင်းထင်ရှားခဲ့သည်။ စုပေါင်းပိုင် စားကျက်မြေဆုံးရှုံးမှု နှင့် စိုက်ပျိုးရေး စနစ်သစ်တစ်ခုကို အတင်းအကျပ် သတ်မှတ် လိုက်ခြင်းသည် ရာသီဥတု ပြောင်းလဲမှုကို တုံ့ပြန်ရန် ကျေးရွာသားများ၏ စွမ်းဆောင်ရည်ကိုပါ

71 Lund, 2016.

ပြောင်းလဲစေခဲ့သော တည်တံ့ ခိုင်မြဲသည့် သက်ရောက်မှုများရှိခဲ့သည်။ ပါ့ခ်[72] က တောင်ကိုရီးယား၏ အခြေအနေကို ဖော်ပြငြင်းဆိုသကဲ့သို့ ထီးဟီးရှိ လက်ရှိပဋိပက္ခသည် ကျေးရွာကိုယ်၌၏ ရုပ်ပိုင်းဆိုင်ရာ မြေပြင်အခင်းအကျင်းအပေါ်တွင်လည်း တိုက်ရိုက်နှင့် ဆိုးရွားလှသော သက်ရောက်မှုများရှိခဲ့ပြီး လူများ၏ စားနပ်ရိက္ခာ ဖူလုံမှုကို ပိုမို၍ တိုက်စားခဲ့သည်။ စပါးခွံမီး ဥပမာသည် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း တွေ့ကြုံခဲ့ရသည့် အရာများကဲ့သို့သော တစ်ဆစ်ချိုးပြောင်းလဲမှုများ၏ စုပုံလာသော သဘောသဘာဝနှင့် သမိုင်းဆိုင်ရာ အကျိုးဆက်ကို သရုပ်ဖော်နေကာ ၎င်းတို့သည် လူမှုအသိုက်အဝန်း အတွင်း၌ ဆက်လက် လောင်ကျွမ်းနေပြီး ယခု လက်ရှိ ဖြစ်ပေါ်နေသကဲ့သို့ မီးဟုန်းခနဲ ထတောက်လာတတ်သည်။

ကျွန်ုပ် သွားရောက်ခဲ့သည့် ကျေးရွာနှစ်ရွာလုံးတွင် စိုက်ပျိုးရေး အသက်မွေးဝမ်းကျောင်းမှုများနှင့် မြေယာ၊ သဘာဝ ပတ်ဝန်းကျင်တို့အပေါ် (ထားရှိသော) ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေးတို့သည် ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးပြောင်းလဲမှုကြောင့် အသွင်ပြောင်းခဲ့ရပြီး ၎င်း၏ နောက်ဆက်တွဲအဖြစ်နှင့် ရာသီဥတုပြောင်းလဲမှုအပါအဝင် ဖြည်းညင်းသော အကြမ်းဖက်မှုတို့နှင့် အပြန်အလှန် သက်ရောက်ခဲ့သည်။ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အင်အားစုနှစ်မျိုးလုံး၏ ရိုးရာစားနပ်ရိက္ခာစနစ်များကို ဖျက်ဆီးခြင်းသည် သဘာဝဘေးအန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခများ၏ ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးပြောင်းလဲမှုများထက် ပို၍မြင်သာမှု နည်းပါးသော်လည်း လူမှုအသိုက်အဝန်း၏ ရေရှည် တည်တံ့မှုနှင့် ကြံ့ကြံ့ခံနိုင်ရည်တို့ကို နက်နက်ရှိုင်းရှိုင်း ထိခိုက်စေသော ဖြည်းညင်းသော အကြမ်းဖက်မှုပုံစံတစ်ခုကို သရုပ်ဖော်နေသည်။ KNU ထိန်းချုပ်သော ဒေသများတွင် လက်ရှိ တစ်ဆစ်ချိုးအပြောင်းအလဲများက ဖျက်ဆီးမှုဆိုင်ရာ သို့မဟုတ် အပြုသဘောဆောင်သော အပြောင်းအလဲများဆီသို့ မည်မျှအထိ ဦးတည်နေသည်မှာ မသေချာသေးပေ။ အကျိုးဆက်များသည် လူမှုအသိုက်အဝန်းများ ကိုယ်တိုင်၊ KNU၊ နှင့် အခြား ဒေသဆိုင်ရာ အုပ်ချုပ်မှု အဖွဲ့အစည်းများနှင့် အာဏာပိုင်များ၏ တုံ့ပြန်မှုများအပေါ် အများစု မူတည်နေမည် ဖြစ်သည်။ ဤအကြမ်းဖက်ပဋိပက္ခဖြစ်စဉ်များနှင့် နယ်မြေအငြင်းပွားမှုများ၏ အလယ်တွင် လူမှုအသိုက်အဝန်းများသည် သီးနှံများကို ထိခိုက်စေသော ရာသီဥတု ပြောင်းလဲမှုများနှင့်အတူ ရှင်သန် ရပ်တည်နိုင်ရန်လည်း ရုန်းကန်နေကြရသည်။

ကစယ်လားနှင့် ထီးဟီးလူမှုအသိုက်အဝန်းများ၏ အတွေ့အကြုံများ သည် ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးပြောင်းလဲမှုနှင့် လူသားကိုယ်ပိုင် စွမ်းဆောင်နိုင်မှုတို့အကြား ရှုပ်ထွေးသော အပြန်အလှန် သက်ရောက်မှုကို အထင်အရှားပြနေသည်။ မဟန်တီနှင့် အခြားသူများ[73] အပါအဝင် အခြားပညာရှင်များက ထောက်ပြသကဲ့သို့ တစ်ဆစ်ချိုးအပြောင်းအလဲများ

[72] Park, 2018.
[73] Mahanty et al., 2023.

သည် လူမှုအသိုက်အဝန်းများကိုမစွမ်းဆောင်နိုင်အောင် လုပ်ရုံသက်သက် မဟုတ်ပေ။ ၎င်းတို့သည် စွမ်းဆောင်နိုင်မှုနှင့် ခုခံမှုပုံစံသစ်များအတွက် အခြေအနေ များကိုလည်း ဖန်တီးပေးနိုင်သည်။ ဥပမာအားဖြင့်ထီးဟီးတွင် ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးပြောင်းလဲမှုသည် နေထိုင်သူများ၏ နက်ရှိုင်းစွာ ခံစားရသော မကျေနပ်မှုကို ဖြစ်ပေါ်စေခဲ့ပြီး ၎င်းက တစ်နိုင်ငံလုံး နီးပါးရှိ တော်လှန်ရေးလှုပ်ရှားမှုတစ်ခု၏ အစိတ်အပိုင်းအဖြစ်သို့ ဖြစ်လာစေရန် ဩဇာလွှမ်းမိုးခဲ့သည်။ ၂၀၂၁ အာဏာသိမ်းမှုသည် ခေတ်ကူပစ္စည်း တစ်ခုအဖြစ် သို့မဟုတ် မီးလောင်ရာ လေပင့် သကဲ့သို့ ဆယ်စုနှစ်များစွာကြာ အကြမ်းဖက်မှု၏ နောက်ခံတွင် စစ်အာဏာရှင်ကို ဆန့်ကျင် သည့် လူမှုအသိုက်အဝန်း၏ ခုခံမှုကို မီးထိုးပေးသကဲ့သို့ဖြစ်ခဲ့သည်။ အာဏာသိမ်းမှုသည် ကျေးရွာသားများ၏ မကျေနပ်ချက်များကို ပိုမိုဆိုးရွားစေခဲ့ရုံသာမက ယခင် ဖြည်းညင်းသော အကြမ်းဖက်မှုပုံစံများ၏ အတွေ့အကြုံများကိုလည်း ပိုမိုပြင်းထန်စေခဲ့ပြီး အတိတ်နှင့် ပစ္စုပ္ပန် တစ်ဆစ်ချိုးပြောင်းလဲမှုများအကြား ရှုပ်ထွေးသော အပြန်အလှန် သက်ရောက်မှုကို မီးမောင်း ထိုးပြခဲ့သည်။ ခလယ်လွိဳထူဒေသရှိ ဤ လူမှုအသိုက်အဝန်း နှစ်ခု၏ အတွေ့အကြုံများသည် သမိုင်းဆိုင်ရာ နောက်ခံ အခြေအနေများကို နားလည်ခြင်း၏ အရေးပါမှုကို လည်းကောင်း၊ လက်ရှိ တစ်ဆစ်ချိုးပြောင်းလဲမှုများနှင့် ၎င်းတို့အပေါ် လူမှုအသိုက်အဝန်း၏ တုံ့ပြန်မှုများကို ပုံဖော်ပေးနေသော နာတာရှည် အကျပ်အတည်းအခြေအနေတစ်ခုကို ဖန်တီးနေသည့် တည်တံ့ခိုင်မြဲနေသော ဖြည်းညင်းသောအကြမ်းဖက်မှုနှင့် အတိတ်က ထပ်တလဲလဲ ဖြစ်ပေါ်သော တစ်ဆစ်ချိုးအပြောင်းအလဲများကို နားလည်ခြင်း၏ အရေးပါမှုကို လည်းကောင်း အထင်အရှား ပြနေသည်။ ဤချဉ်းကပ်မှုသည် တစ်ဆစ်ချိုးပြောင်းလဲမှုကို အချိန်နှင့် ဆက်စပ်၍ မည်သို့ ရှုမြင်ပြီး ဖြေရှင်းသည်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပြီး အကြမ်းဖက်မှုနှင့် ၎င်း၏ လူ၊ မြေနှင့် ပတ်ဝန်းကျင်အပေါ် တည်တံ့ခိုင်မြဲနေသော သက်ရောက်မှုများကို ပိုမိုကျယ်ပြန့်သော၊ အားလုံး ပိုမိုပါဝင်သောနှင့် အချိန်ကာလဆိုင်ရာနားလည်မှုတစ်ခုရှိရန်တိုက်တွန်းနေသည်။

ကိုးကားချက်များကို စာမျက်နှာ (၄၄၉) တွင် ဖော်ပြထားသည်။



Cyclone Mocha as a Theater of Power: Competitive State-making in Post-coup, Climate-vulnerable Myanmar

Justine Chambers, Saint Sann Aye, Helene Maria Kyed, Ah Lynn & Nway Kant Kaw

Abstract

This article examines competing responses to Cyclone Mocha, a category 5 cyclone that devastated Rakhine State in May 2023, within the context of ongoing political conflict and climate crisis. We analyze how different state-like actors—including the military's State Administration Council (SAC), the Arakan Army, and the National Unity Government—appropriated disaster response efforts as manifestations of pluralized state-making during a period of violent rupture following the 2021 military coup. Drawing on digital ethnography of media representations and interviews with affected Rohingya populations, we demonstrate how disaster responses were both materially impactful and inherently performative, functioning as theatrical displays of authority and legitimacy. Despite competing narratives of effective disaster management, the Rohingya people suffered the most yet received the least assistance, while being marginalized and neglected. Theoretically, we contribute to scholarship that challenges the framing of cyclones as merely 'natural' disasters by highlighting how vulnerabilities and responses are embedded in complex social, political, and historical processes. We argue that the politics of climate change in Myanmar exemplifies how disaster responses become sites for competitive state-making, where actors attempt to green their image while maintaining exploitative practices. This case illustrates how climate-related disasters become entangled with existing structures of violence and exclusion within contexts of chronic crisis and contested governance.

Introduction

On 14 May 2023, a devastating category 5 cyclone in the Bay of Bengal struck Myanmar's western Rakhine State, inflicting massive damage and loss of

lives.[1] The storm wiped out entire villages in Sittwe, Pauktaw, Rathedaung, Ponnagyun, Minbya, Kyauktaw, Mrauk-U, and Buthidaung townships. An estimated 400,000 buildings, including hospitals, schools and other public infrastructure were partially or completely destroyed.[2] The United Nations' Office for the Coordination of Humanitarian Affairs identified some 1.6 million people as in need of assistance. However, the military's SAC cancelled travel authorizations for international humanitarian relief operations and revoked approvals to provide relief, inhibiting support to vulnerable populations and displacement camps, where stateless and long-persecuted Rohingya people reside.[3] Despite this, photos and messages depicting the SAC responding to the storm and helping victims circulated on social media, as did similar representations of assistance efforts by the Arakan Army (AA), a competing actor in Rakhine State, and other resistance actors opposing the SAC.

This article explores these competing responses to a supposed 'natural' disaster. We ask, how do representations of disaster response by these competing actors unfold within a context of violent rupture and climate crisis? We contrast these representations to the on-the-ground experiences of those most affected by Cyclone Mocha, the Rohingya. We argue that the competitive appropriation of the 'natural' disaster serves as a manifestation of pluralized state-making during a time of profound rupture[4] wherein responses to climate change-induced crises are particularly politicized. This politicization is deeply entwined with the broader conflict between the junta and resistance groups, each contending for state-like control over people and territories. We further show that while the different disaster responses did have material effects, they were also inherently performative: portrayals of caring and effective states, capable of dispensing disaster management, concealed the neglect and further marginalization of Rohingya people. This concealment was particularly evident in the military-controlled media's representations of SAC activities, which aimed to create an impression of caring and effective governance. Media aligned with the SAC failed to report

[1] The official death toll published by the military-controlled media was 145. The United League of Arakan claimed 164 deaths, but reports from Rohingya communities indicated that the death toll was much closer to 500 ("Myanmar Junta says", 2023).

[2] Kyaw Hsan Hlaing, 2023a.

[3] Kamal et al., 2024; United Nations Office for the Coordination of Humanitarian Affairs, 2023b; Zahed, 2023.

[4] Holbraad et al., 2019; Lund, 2017.

accusations that it was hindering access to international humanitarian aid and disrupting the ability of local self-help groups to aid victims.[5]

လူမှုရေးဆိုင်ရာသဘောတူညီချက် (social contract) တွင် "အရေးပါသောအချိုးအကွေ့ တစ်ခု"[19]အဖြစ် အသားပေးဖော်ပြသည်။ ထိုအခြေအနေတွင် နိုင်ငံ တော်က ပြည်သူလူထု၏ တရားဝင်မှု အသိအမှတ်ပြုခြင်းကို ရရှိရန်အတွက် ၎င်း၏ "ရုပ်ပိုင်းဆိုင်ရာနှင့် ပြောဆိုရေးသား မှုဆိုင်ရာ အာဏာများ"[20] ကို စုစည်း အသုံးချသည်။[21] ဤအချက်သည် လူမှုရေးဆိုင်ရာ သဘော တူညီချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် နိုင်ငံတော်တွင် ၎င်း၏ နိုင်ငံသားများအပေါ် ရှင်း လင်းသော ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ဝတ္တရားရှိသည်ဟူသော နားလည်မှုအပေါ် အခြေခံ လေ့ရှိသည်။[22] ဟာ့တ်[23] နှင့် အိုလ်ဆန်နှင့် ဂေါ်ရွန်စကီ[24] တို့၏ ဘေးအန္တရာယ်များအပြီး နိုင်ငံ ရေးအာဏာကို သရုပ်ဆောင်ပြသမှုဆိုင်ရာ လေ့လာမှုများက နိုင်ငံတော်များနှင့် နိုင်ငံရေး ခေါင်းဆောင်များသည် ဝန်ဆောင်မှုများနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ပေးအပ် ရန် ၎င်းတို့၏ ဂရုစိုက်မှုနှင့် နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကို ပြသခြင်းမှ မည်သို့ အကျိုးအမြတ်ရရှိသည်ကို ဖော်ပြထားပြီး၊ ထို့နောက် ၎င်းသည် နိုင်ငံတော်၏ တရားဝင်မှုကို သရုပ်ဖော်ပြသခြင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။

ဟာ့တ်က မှတ်ချက်ပြုခဲ့သည့်အတိုင်း၊ ပုံရိပ်များ၊ အမှတ်သညာများ၊ ဒဏ္ဍာရီများ၊ ရိုးရာ ဓလေ့ထုံးတမ်းများနှင့် အခြားသော နိုင်ငံရေးဆိုင်ရာ ပြဇာတ်ဆန်သည့် လုပ်ဆောင်ချက်များ သည် အကျပ်အတည်းများအပေါ် နိုင်ငံတော်၏ တုံ့ပြန်မှုများတွင် အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်သည်။[25] ဤအချက်သည် နိုင်ငံတော်အုပ်ချုပ်မှုပညာ (statecraft) နှင့် နိုင်ငံတော် ဖွဲ့စည်း တည်ထောင်ခြင်း (state formation) ဆိုင်ရာ မနုဿဗေဒစာပေများမှ ထိုးထွင်းအမြင်များနှင့် သဟဇာတဖြစ်ပြီး[26] ၎င်းကို ဤဆောင်းပါးတွင် ဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှု နိုင်ငံ ရေးတို့နှင့် ပေါင်းစပ်တင်ပြထားသည်။ ဟန်ဆန်နှင့် စတက်ပူထက်တို့က "နိုင်ငံတော်သည် မိမိကိုယ်ကို အစစ်အမှန်ဖြစ်အောင် ကြိုးပမ်းသည်" ဟု အဆိုပြုကြပြီး၊ ၎င်းကို "နိုင်ငံတော် ဖြစ်ခြင်း၏ ဘာသာစကားများ" (languages of stateness) မျိုးစုံမှတစ်ဆင့် လုပ်ဆောင် သည်ဟု ဆိုသည်။ ၎င်းဘာသာစကားများတွင် ဥပဒေပြုခြင်း၊ ဗျူရို ကရေစီစနစ်များနှင့် နည်းပညာပိုင်းဆိုင်ရာ အုပ်ချုပ်မှုတို့အပြင်

---

[19] Pelling & Dill, 2010.
[20] Pelling & Dill, 2008.
[21] Healy & Malhotra, 2009; Olson, 2008; Pelling & Dill, 2008.
[22] Olson & Drury, 1997, pp. 227-228.
[23] Hart, 1993, p. 94
[24] Olson & Gawronski, 2010.
[25] Hart, 1993. Also see Boin (2008).
[26] Geertz, 1980; Hansen & Stepputat, 2001; Taussig, 1997; Wedeen, 2008.

"ပြည်သူလူထု နှင့် စီးပွားရေးကို ကာကွယ်စောင့် ရှောက်နိုင်ပြီး ပြုစုပျိုးထောင်နိုင်စွမ်းရှိသော ထိရောက်သည့် နယ်မြေပိုင်ဆိုင်မှု အချုပ်အခြာ အာဏာနှင့် အခွင့်အာဏာကို ဖော်ပြရန်" အတွက် လုပ်ထုံးလုပ်နည်းများ၊ ရိုးရာဓလေ့များ၊ ဒဏ္ဍာရီများနှင့် သရုပ်ဆောင်ပြသသည့် အမူအရာများလည်း ပါဝင်သည်။[27] ဂီရာ့ဇ်၏ ဘာလီကျွန်းပြဇာတ်နိုင်ငံတော် (theatre state) ဆိုင်ရာ[28] ဂန္ထဝင်လေ့လာမှုအရ၊ ဘုရင့်ခမ်းနားထည်ဝါမှု၊ နိုင်ငံတော်ဆိုင်ရာ ရိုးရာဓလေ့များ၊ အမှတ်သညာများနှင့် တခမ်းတနားပြသမှုများကို အသုံးပြုခြင်းသည် "နိုင်ငံတော်၏ မူလအစ ဖြစ်သော အခြေခံအုတ်မြစ်ဖြစ်သည့် အကြမ်းဖက်မှုကိုဖျောက်ဖျက်ဖုံးကွယ်ရန်" အထောက် အကူပြုသည်။[29]

အကြမ်းဖက်မှုကို ဖျောက်ဖျက်ဖုံးကွယ်ခြင်းအပြင်၊ နိုင်ငံတော်၏ သရုပ်ဆောင်ပြသမှုများ သည် အစိုးရတစ်ရပ်ကို ဝေဖန်သူများအား နှုတ်ပိတ်ရန်၊ မငြိမ်သက်မှုများကို နှိမ်နင်းရန် သို့မဟုတ် သီးခြားလူထုအုပ်စုများကို ဖယ်ကြဉ်ရန်လည်း လုပ်ဆောင်နိုင်သည်။ ဘေးအန္တရာယ် နိုင်ငံရေး လေ့လာမှုများတွင် မှတ်တမ်းတင်ထားသည့်အတိုင်း ဤသည်မှာ အာဏာရှင်ဆန် သောနှင့် ပဋိပက္ခ ဒဏ်သင့်သော အခြေအနေများတွင် မကြာခဏဆိုသလို ဖြစ်လေ့ရှိသည်။ ဥပမာအားဖြင့် မက်က်လီက တရုတ်ကွန်မြူနစ်ပါတီ (CCP) ကို ဆန့်ကျင်သည့် အုံကြွမှုကြီးများ ကာလရှည်ကြာ ဖြစ်ပွားခဲ့သော ဒေသတစ်ခုရှိ ၂၀၀၈ ခုနှစ် စီချွမ်ငလျင်ဒဏ်သင့် တိဘက် ဗုဒ္ဓဘာသာဝင် လူ့အဖွဲ့အစည်းများအတွက် တရုတ်နိုင်ငံတော်က "စေတနာ" ကို သရုပ်ဆောင် ပြသရန် လူသိရှင်ကြား ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်သော ရိုးရာဓလေ့များကို မည်သို့အသုံးပြုခဲ့ သည်ကို ဖော်ပြထားသည်။[30] ၎င်းသည် တိဘက်လူထု ခံစားနေရသော လူ့အခွင့်အရေးချိုး ဖောက်မှုများအပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှု တိုးပွားလာနေသည့် အခြေအနေတွင် ၂၀၀၈ ခုနှစ် အိုလံပစ်အားကစားပွဲ မတိုင်မီ ပြည်တွင်းနှင့် နိုင်ငံတကာ ပရိသတ်များထံ မိမိကိုယ်ကို "တရားဝင်လူထုထောက်ခံမှုရ" အချုပ်အခြာအာဏာပိုင် အုပ်စိုးသူနှင့် သနားကြင်နာတတ် သော နိုင်ငံတော်အဖြစ် ပုံဖော်ရန် CCP ၏ လှုံ့ဆော်စည်းရုံးမှု၏ အစိတ်အပိုင်းတစ်ခုဖြစ် သည်ဟု သူမက အဆိုပြုသည်။[31] အခြားသုတေသနများက အာဏာရှင်အစိုးရများ၏ ဘေး အန္တရာယ်များကို "လက်နက်သဖွယ်အသုံးချခြင်း" သည် လူသားချင်း စာနာမှုအကူအညီများကို မညီမမျှခွဲဝေမှု ဖြစ်ပေါ်စေပုံကို မီးမောင်းထိုးပြ သည်။[32] ခါးလ်က အဆိုပြုသည်မှာ လူမျိုးရေး ကွဲပြားမှုများ ပြင်းထန်သော နိုင်ငံများတွင် နိုင်ငံတော်အသိုက်အဝန်း၏ အဖွဲ့ဝင်ဖြစ်ခြင်းကို

[27] Hansen & Stepputat, 2001, pp. 5-7.
[28] Geertz, 1980.
[29] Hansen & Stepputat, 2001, p. 15.
[30] Makley, 2014.
[31] Makley, 2014, p. 377.
[32] Kahl, 2006; Passeri, 2022; Pelling & Dill, 2010.

အချက်ပြသည့် နည်းလမ်းတစ်ခုအဖြစ် သီးခြားအုပ်စုများကို ဘေးအန္တရာယ်ကယ်ဆယ်ရေး ရရှိခွင့်မှ တမင်တကာ ဖယ်ကြဉ်ထားသည်ဟု ဆိုသည်။[33] သောမတ်စ်နှင့် ဝါနာ[34] တို့ကလည်း အလားတူပင် လူ့အဖွဲ့အစည်း၏ ဘေးဖယ်ခံထားရသော အလွှာများအတွက် ဘေးအန္တရာယ်ကြုံတွေ့မှုသည် နိုင်ငံတော်အခြေပြု ခွဲခြား ဆက်ဆံမှုနှင့် ဘေးဖယ်ထုတ်မှု၏ အခြားပုံစံများနှင့် မကြာခဏ ထပ်တူကျပြီး ပိုမိုဆိုးရွားစေသည်ကို ပြသခဲ့သည်။ ဤလေ့လာမှုများကို အခြေခံ၍ ပဆယ်ရီက မြန်မာနိုင်ငံတွင် ၂၀၀၈ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကို "ပြည်တွင်းရန် သူများကို ချေမှုန်းရန်နှင့် အစိုးရပြောင်းလဲရေး အလားအလာများကို ဖျက်ဆီးရန် တိကျသော ရည်ရွယ်ချက်ဖြင့်" စစ်တပ်က လက်နက်သဖွယ် အသုံးချ ခဲ့သည်ဟု အဆိုပြုသည်။[35]

ယခင် သုတေသနများက နိုင်ငံတော်များသည် တရားဝင်မှုနှင့် နိုင်ငံရေး တည်ငြိမ်မှုကို ရရှိရန် ဘေးအန္တရာယ်များကို အသုံးချသည်ဟု ဖော်ပြခဲ့သော်လည်း၊ ဘေးအန္တရာယ်များသည် နိုင်ငံတော်များကို ဆန့်ကျင်သည့် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကိုလည်း ဖြစ်ပေါ်စေနိုင်ပြီး၊ ယှဉ်ပြိုင်နေသော နိုင်ငံတော်မဟုတ်သည့် အာဏာပိုင်များအတွက် ယုံကြည်ကိုးစားမှုနှင့် ပြည်သူလူထု၏ ထောက်ခံမှုကို ရရှိရန် အခွင့်အလမ်းများ ပေးနိုင်ကြောင်းလည်း ဖော်ပြခဲ့သည်။[36] ဤသည်မှာ ပြည်တွင်းစစ် အခြေအနေများတွင် အထူးသဖြင့် မှန်ကန်နေသည်။ ဥပမာအားဖြင့် ဟိုစိန်းက အရှေ့ပါကစ္စတန်တွင် ဖြစ်ပွားခဲ့ သော ၁၉၇၀ ဘိုလာဆိုင်ကလုန်းမုန်တိုင်းကို ပါကစ္စတန်အစိုးရက စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းသည် ၁၉၇၁ ခုနှစ် ဘင်္ဂလားဒေ့ရှ် လွတ်မြောက်ရေးစစ်ပွဲ[37]ကို အထောက်အကူဖြစ်စေခဲ့ပြီး၊ ၎င်းစစ်ပွဲက အရှေ့ပါကစ္စတန်မှ ဘင်္ဂလားဒေ့ရှ် နိုင်ငံတော်သစ် ပေါ်ပေါက်လာစေခဲ့သည်ဟု ထောက်ပြခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် ဂွတ်ဟန်းနှင့် ခလမ်းမ်[38] တို့က လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံရှိနေသည့် အခြေအနေတစ်ခုအတွင်း ကာလရှည်စစ်ပွဲဒဏ်သင့်နေသော သီရိလင်္ကာ နိုင်ငံကို တိုက်ခတ်ခဲ့သည့် ၂၀၀၄ ခုနှစ် ဆူနာမီသည် အကူအညီများ ဖြန့်ဝေရေး နှင့်ပတ်သက်၍ နိုင်ငံတော်နှင့် တမီးလ်အီလမ် လွတ်မြောက်ရေးကျားများ အကြား ယှဉ်ပြိုင်မှုဆီသို့ ဦးတည်စေခဲ့ပြီး ၎င်းက "နိုင်ငံတော်ကို ပို၍ တရားဝင် မှုမရှိအောင် အကျိုးသက်ရောက်စေခဲ့သည်"[39] ဟု ဖော်ပြပါသည်။ သူတို့က အောက်ပါအတိုင်း အဆိုပြုသည်။

---

[33] Kahl, 2006.
[34] Thomas & Warner, 2019.
[35] Passeri, 2022, p. 282.
[36] Furlan, 2023.
[37] Hossain, 2018.
[38] Goodhand & Klem, 2005.
[39] Goodhand & Klem, 2005, p. 59.

> ဆူနာမီအပေါ် တုံ့ပြန်မှုသည် သီရိလင်္ကာနိုင်ငံရှိ နိုင်ငံတော်၏ အတွင်းပိုင်းရှိ ချို့ယွင်းအားနည်းချက်များနှင့် ယှဉ်ပြိုင်နေသော အုပ်ချုပ်မှုစနစ်များကို ထင်ဟပ်စေခဲ့သည်။ အဖွဲ့အစည်းတစ်ခုချင်းစီက အရင်းအမြစ်များကို ထိန်းချုပ်ခြင်းနှင့် ဖြန့်ဝေခြင်း မှတစ်ဆင့် မိမိတို့၏ တရားဝင်မှုကို အားကောင်းခိုင်မာစေရန် ဆူနာမီကို အခွင့်အရေးတစ်ခုအဖြစ် ရှုမြင်ခဲ့ကြသည်။[40]

အမှန်စင်စစ် ပဋိပက္ခအခြေအနေတစ်ခုတွင် ဘေးအန္တရာယ်ဖြစ်ပွားသည့် နောက်ခံ၌ နိုင်ငံတော်မဟုတ်သော တော်လှန်ရေးအဖွဲ့အစည်းများကလည်း သီးခြားနယ်မြေများနှင့် ပြည်သူလူထုများအပေါ် ၎င်းတို့၏ အာဏာကို ပုံဖော်ပြသရန် နိုင်ငံတော်ဖြစ်ခြင်း၏ ဘာသာစကားများကို အသုံးပြုကြသည်။ ဤဆောင်းပါးတွင် ကျွန်ုပ်တို့ တင်ပြထားသည့်အတိုင်း နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးပြိုကွဲမှုကြားတွင် မိုခါဆိုင်ကလုန်းမုန်တိုင်းကို စစ်တပ်က နိုင်ငံတော် ဖြစ်ခြင်းကို သရုပ်ဆောင်ပြသရန် အသုံးချခဲ့သည်သာမက နိုင်ငံတော် မဟုတ်သော လက်နက်ကိုင်နှင့် အရပ်သားတော်လှန်ရေးအုပ်စုများကလည်း ၎င်းတို့၏ အငြင်းပွားဖွယ်ရာ အဆိုပြုတောင်းဆိုမှုများကို ထောက်ခံရန် အသုံးပြုခဲ့ကြသည်။ ထိုနည်းအားဖြင့် ဘေးအန္တရာယ်တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးသည် တော်လှန်ရေးအုပ်စုများအတွက် မိမိတို့ကိုယ်ကို ပိုမိုနှစ်သက်ဖွယ်ကောင်းပြီး အယုံကြည်ရဆုံး နိုင်ငံတော်သဏ္ဍာန်ဆောင် အဖွဲ့အစည်းများအဖြစ် တင်ပြရန် အကောင်းဆုံးဗျူဟာများ ဖြစ်လာသည်။ သို့ရာတွင် ဤဆောင်းပါးတွင် ကျွန်ုပ်တို့ဖော်ပြသော နိုင်ငံတော်ဖြစ်ခြင်းအပေါ် ယှဉ်ပြိုင်မှုသည် မိုခါဆိုင်ကလုန်းမုန်တိုင်း သို့မဟုတ် စစ်အာဏာသိမ်းမှုမှ ရုတ်တရက် ပေါ်ပေါက်လာခြင်းမဟုတ်ဘဲ ၎င်းသည် ပိုမိုရှည်လျားသော နိုင်ငံအပြိုင်တည်ဆောက်မှု သမိုင်းတွင် အမြစ်တွယ်နေသည့် အရာတစ်ခုဖြစ်သည်။

အမှန်စင်စစ်၊ ဘေးအန္တရာယ်တုံ့ပြန်မှု နောက်ခံရှိ နိုင်ငံအပြိုင်တည်ဆောက်မှုဆိုင်ရာ လေ့လာမှုများသည် အမြဲတစေ ဖြစ်ပေါ်တည်ဆောက်နေဆဲဖြစ်သော သမိုင်းဆိုင်ရာ အပြောင်းအလဲများ၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်-လူ့အဖွဲ့အစည်း ဆက်ဆံရေး၏ အငြင်းပွားဖွယ်ရာ သဘောသဘာဝများကို အသိအမှတ်ပြုရန် လိုအပ်သည်။[41] နိုင်ငံ၏ နိုင်ငံတကာမှ သတ်မှတ်ထားသော နယ်နိမိတ်အားလုံးအပေါ် အလုံးစုံထိန်းချုပ်နိုင်သော ဗဟိုအာဏာပိုင်အဖွဲ့အစည်း တစ်ခါမျှမရှိခဲ့ဖူးသည့် မြန်မာနိုင်ငံတွင် ဤအချက်သည် အထူးသဖြင့် အရေးပါသည်။ ၂၀၂၁ နိုင်ငံရေးပြိုကွဲမှုသည် သုတေသီများစွာက မှတ်တမ်းတင်ထားသည့်အတိုင်း အဓိကအားဖြင့် စစ်တပ်ထိန်းချုပ်သော ဗဟိုနိုင်ငံတော်နှင့် စင်ပြိုင် အုပ်ချုပ်ရေးစနစ်များနှင့် ပြည်သူ့ဝန်ဆောင်မှုပေးခြင်းများကို လုပ်ဆောင်ခဲ့သော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ (EROs) ၏ ဆယ်စုနှစ်များစွာကြာ တော်လှန်ရေးစစ်ပွဲများနှင့် တော်လှန်ရေးလုပ်ဆောင်မှုများ

[40] Goodhand & Klem, 2005, p. 58.

[41] Hansen & Stepputat, 2001; Lund, 2017, p. 1.

အပေါ် အခြေခံဖြစ်ပေါ်လာသည်။[42] သို့သော် ဤဆောင်းပါးတွင် ကျွန်ုပ်တို့ လေ့လာထားသကဲ့သို့ ERO များက ဘေးအန္တရာယ်များကို မည်သို့တုံ့ပြန်သည်ကိုမူ အာရုံစိုက်မှု နည်းပါးခဲ့သည်။ ဤအကြောင်းအရာကို မလေ့လာမီ ကျွန်ုပ်တို့သည် မိုခါဆိုင်ကလုန်းမုန်တိုင်းအပေါ် မြန်မာစစ်တပ်၏ သရုပ်ဆောင်ပြသသည့် တုံ့ပြန်မှုကို ဦးစွာ ဖော်ပြပါမည်။

မိုခါဆိုင်ကလုန်းမုန်တိုင်းအပေါ် စစ်တပ်၏ သရုပ်ပြတုံ့ပြန်မှု

မိုခါဆိုင်ကလုန်းမုန်တိုင်း ရခိုင်ပြည်နယ်သို့ မတိုက်ခတ်မီ၊ တိုက်ခတ်နေစဉ်နှင့် တိုက်ခတ်ပြီးနောက်ပိုင်းတွင် စစ်တပ်ထိန်းချုပ်ထားသော နိုင်ငံပိုင်မီဒီယာများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် စစ်ဘက်အရာရှိများ၏ ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများနှင့် တုံ့ပြန်ဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် သတင်းဖော်ပြခဲ့ကြသည်။ ဤစာစောင်တွင် မေသိရိက ဆွေးနွေးထားသည့်အတိုင်း[43] စစ်တပ်သည် ၎င်း၏ ပုံရိပ်နှင့် ခေါင်းဆောင်ဖြစ်သူ မင်းအောင်လှိုင်၏ ပုံရိပ်ကိုပါ "စိမ်းလန်းစိုပြေမှုကို အယောင်ပြ ဆောင်ရွက်ခြင်း ပြုလုပ်ရန်" နိုင်ငံပိုင်မီဒီယာကို အသုံးချသည်။ ထိုနည်းတူစွာ မိုခါဆိုင်ကလုန်းမုန်တိုင်း ဖြစ်ပွားပြီးနောက်တွင် မီဒီယာများက မင်းအောင်လှိုင်ကို ဂရုစိုက်တတ်သော၊ စေတနာကောင်းပြီး မေတ္တာကြီးမားသော နိုင်ငံတော်ခေါင်းဆောင်တစ်ဦးအဖြစ် ပုံဖော်ခဲ့ပြီး သူ၏ နိုင်ငံတော် ယန္တရားနှင့် စစ်မှုထမ်းများကိုလည်း 'သဘာဝ' ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရာတွင် ပြည်သူလူထု၏ လိုအပ်ချက်များကို ထိထိရောက်ရောက် တုံ့ပြန်နိုင်စွမ်းရှိသူများအဖြစ် ပုံဖော်ခဲ့ကြ သည်။

ဆိုင်ကလုန်းမုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ရာတွင် နိုင်ငံတော်အရာရှိများ၏ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုကို အသားပေးဖော်ပြသည့်အနေဖြင့် စစ်တပ်ထိန်းချုပ်မီဒီယာများက "ဘေးအန္တရာယ် ကျရောက်လာသည့်အခါ ၎င်း၏အကျိုးဆက်များကို တိုက်ဖျက်ရန် လိုအပ်သော အရင်းအမြစ်များနှင့် အသိပညာများ ရရှိစေရန်" ဒေသခံပြည်သူများကို စီမံကိန်းချခြင်း၊ စုစည်းခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် အထောက်အပံ့ပစ္စည်းများ တပ်ဆင်ပေးခြင်းများ အပါအဝင် နစက၏ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး လှုပ်ရှားမှုများကို ဖော်ပြခဲ့သည်။[44] နိုင်ငံရေး နှင့် မပတ်သက်သော နည်းပညာဆိုင်ရာ စကားလုံးများကို အသုံးပြု၍ ဆောင်းပါးများက ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လက်အောက်ရှိ 'ဘေးအန္တရာယ်တုံ့ပြန်ရေး ယန္တရားများ' ကို စတင်လည်ပတ်ခြင်းနှင့် နောက်ဆက်တွဲအနေဖြင့် စစ်မှုထမ်းများ၏ 'အရေးပေါ်စီမံခန့်ခွဲမှု လေ့ကျင့်ခန်းများ' ပြုလုပ်

---

[42] Brenner, 2017; Harrisson & Kyed, 2019; South, 2018.

[43] ဤစာစောင်တွင် Nway Kant Kaw ကို လေ့လာကြည့်ရှုနိုင်ပါသည်။

[44] Than Lwin Tun, 2023.

ခြင်းကို အသားပေးဖော်ပြခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်း မတိုင်မီကာလတွင် လူ့အဖွဲ့အစည်း အတွင်းရှိ အားနည်းသူများအပေါ် နစက ၏ ဂရုစိုက်မှုကို ပြသရန်အတွက် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၏ ကမ်းရိုးတန်းဒေသများရှိ မုန်တိုင်းခိုလှုံရာနေရာများနှင့် ဘုန်းကြီး ကျောင်းများသို့ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေသည့် ဓာတ်ပုံများလည်း ရှိခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်း ကုန်းတွင်းသို့ ဝင်ရောက်ပြီးနောက် စစ်တပ်ထိန်းချုပ် နိုင်ငံပိုင် မီဒီယာများက ဒုက္ခသည်များကို စားနပ်ရိက္ခာ၊ ဆေးဝါး၊ သောက်သုံးရေသန့်နှင့် ဆောက်လုပ် ရေးပစ္စည်းများဖြင့် ကူညီထောက်ပံ့သည့် စစ်တပ်ဦးဆောင်သော ကြိုးပမ်းမှုများကို အာရုံစိုက် ဖော်ပြခဲ့သည်။ မုန်တိုင်းကြောင့်ဖြစ်သော ပျက်စီးဆုံးရှုံးမှု ဓာတ်ပုံအချို့ကို ထုတ်ပြန်ခဲ့သော် လည်း ပုံအများစုမှာ စစ်တပ်တပ်ဖွဲ့အသီးသီးက အကူအညီများ ပေးပို့နေသည့်ပုံများ ဖြစ်သည်။ ၂၀၂၃ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတစ်လျှောက်လုံးတွင်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး ကြိုးပမ်းမှုများကို သိသိသာသာ သတင်းဖော်ပြခဲ့ကြသည်။ သတင်းခေါင်းစဉ် အများအပြားက အထောက်အပံ့ပစ္စည်းများကို ကြီးကြပ်ခြင်းနှင့် ပို့ဆောင်ခြင်း (အထူးသဖြင့် လေတပ်နှင့် ရေတပ်မှတစ်ဆင့်) နှစ်မျိုးလုံးတွင် စစ်တပ်၏ နည်းပညာပိုင်းဆိုင်ရာ ထိရောက်မှု ကို အလေးပေးရန် ထပ်တလဲလဲ သုံးနှုန်းသည့်စကားလုံးများကို အသုံးပြုခဲ့သည်။ ၎င်းတို့က နစကနှင့် စစ်ဘက်အဖွဲ့အစည်းများ၏ ကြိုတင်သတိပေးစနစ်များ၊ ဘေးလွတ်ရာရွှေ့ပြောင်း ရေး အစီအစဉ်များနှင့် လျင်မြန်သော ဘေးအန္တရာယ်တုံ့ပြန်မှုများ၏ အောင်မြင်မှုကို ဂုဏ်ပြု ဖော်ပြခဲ့ပြီး၊ ၎င်းတို့က အသက်ဆုံးရှုံးမှုများခြင်းကို တားဆီးနိုင်ခဲ့ပြီး ပစ္စည်းပျက်စီးမှုကို လျှော့ချ နိုင်ခဲ့သည်ဟု အဆိုပြုခဲ့ကြသည်။[45] ၂၀၂၃ ခုနှစ် ဇွန်လတွင် ထုတ်ပြန်သော ဆောင်းပါးများက မုန်တိုင်းပျက်စီးမှုဆိုင်ရာ အချက်အလက်များ စုဆောင်းနိုင်သည့် နစက ၏ စွမ်းဆောင်ရည်၊ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် ၎င်း၏ အောင်မြင်မှုနှင့် အနာဂတ်ဘေးအန္တရာယ် များမှ ဆုံးရှုံးပျက်စီးမှုများကို အနည်းဆုံးဖြစ်စေရန် ရေရှည်မဟာဗျူဟာများအတွက် ဒေသခံ များအား လေ့ကျင့်ပေးမှုနှင့် နည်းပညာအကူအညီပေးမှုတို့ကိုလည်း အသားပေးဖော်ပြခဲ့ သည်။[46] နိုင်ငံတော်ဦးဆောင်သော ကြိုးပမ်းမှုများ၏ အောင်မြင်မှုကို သရုပ်ပြသည့်အနေဖြင့် သတင်းခေါင်းစဉ်တစ်ခုက "ဘေးအန္တရာယ်အပြီး ရခိုင်ပြည်နယ်၏ ခရီးသွားလုပ်ငန်း (၇၀%) ကျော် လုပ်ငန်းများ ပြန်လည်စတင်" ဟု ဖော်ပြခဲ့သည်။[47]

မုန်တိုင်းဒဏ်သင့်သူများ၏ ရုန်းကန်နေရမှုများကို အသားပေးဖော်ပြခဲ့သည့် လွတ်လပ် သော မီဒီယာများနှင့် ဆန့်ကျင်ဘက်အားဖြင့် စစ်တပ်၏ နိုင်ငံပိုင်မီဒီယာများရှိ ဆောင်းပါး အများအပြားတွင် စစ်အစိုးရ၏ ကြိုးပမ်းမှုများကို ချီးကျူးကာ အားရရွှင်လန်းစွာ ဂုဏ်ပြုသည့်

[45] For example, see Myanmar News Agency (2023a).
[46] "Rehabilitate livelihoods", 2023.
[47] Myanmar News Agency, 2023b.

လေသံများ လွှမ်းမိုးနေခဲ့သည်။ ခြုံငုံကြည့်လျှင် နိုင်ငံပိုင်မီဒီယာများက ဘေးအန္တရာယ်အပေါ် တိုးတက်မှုနှင့် အမျိုးသားရေးအောင်ပွဲ ရရှိခဲ့သည်ဟူသော ကြီးကျယ်ခမ်းနားသည့် ဇာတ်ကြောင်းကို နိုင်ငံတော်အပေါ် နစက ၏ တရားဝင်မှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှု၏ သက်သေအဖြစ် အလေးပေးဖော်ပြခဲ့သည်။ ဤအချက်ကို ထောက်ခံသည့်အနေဖြင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဒုတိယသံရုံးအကြီးအကဲ ဦးသန်းထွေးက ထိုင်းမီဒီယာဖြစ်သော Bangkok Post တွင် မြန်မာစစ်တပ်အပေါ် ပြင်ပလူများ၏ အမြင်များကို ဝေဖန်ရင်း နစက၏ ကြိုးပမ်းမှုများကို အောက်ပါအတိုင်း ချီးကျူးပြောကြားခဲ့သည်။

> မုန်တိုင်းဒဏ်သင့်သူများအတွက် ပြန်လည်နေရာချထားရေး အစီအစဉ်တစ်ခုကို လျင်မြန်စွာ ရေးဆွဲခြင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၎င်း၏ စီမံခန့်ခွဲနိုင်စွမ်း၊ ထိရောက်သော လုပ်ဆောင်ချက်နှင့် ရေရှည် စီမံကိန်းချနိုင်စွမ်းတို့ကို ပြသခဲ့ပါသည်။ မယုံကြည်ရသော မီဒီယာများက ပုံဖော်ထားသည့် မြန်မာနိုင်ငံ၏ ပုံရိပ်သည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိခိုက်စေသော ချဲ့ကားပြောဆိုခြင်းတစ်ခုမျှသာဖြစ်ကြောင်း မိုခါဆိုင်ကလုန်းမုန်တိုင်းက ပြသခဲ့သည်။[48]

နစက၏ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကို ပြသခြင်းအပြင် စစ်တပ်ထိန်းချုပ် မီဒီယာများက အပြင်းအထန် အငြင်းပွားနေသော နယ်မြေဖြစ်သည့် ရခိုင်ပြည်နယ်အပေါ် နစက၏ သြဇာအာဏာနှင့် ထိန်းချုပ်မှုကိုလည်း ပြသရန် ကြိုးပမ်းခဲ့သည်။ ဤအထဲတွင် ကာလရှည်ကြာ ပြည်တွင်းစစ်၏ သားကောင်များဖြစ်ခဲ့ရသော ဒေသခံပြည်သူများအပေါ် စစ်ဘက်အရာရှိများနှင့် ၂၀၂၁ အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့၏ ဂရုစိုက်မှုနှင့် သနားကြင်နာမှုကို ဖော်ပြမှုပေါ်တွင် အဓိကထားသည့် အခမ်းအနားဆန်သော၊ ရိုးရာဓလေ့ဆန်သောနှင့် သရုပ်ဆောင်ပြသသည့် နိုင်ငံတော်ဖြစ်ခြင်း၏ ဘာသာစကားများကို အသုံးပြုခြင်းလည်း ပါဝင်သည်။

စစ်တပ်ထိန်းချုပ်မီဒီယာများရှိ ဓာတ်ပုံများက စစ်ဝတ်စုံများဝတ်ဆင်ထားသော စစ်ဗိုလ်ချုပ်များနှင့် အကြီးတန်းအရာရှိများ အလှူငွေများ ပေးအပ်နေပုံ နှင့် ဘေးသင့်ဒေသများရှိ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုများကို စစ်ဆေးနေပုံများကို ဖော်ပြခဲ့သည်။ ဓာတ်ပုံအများအပြားတွင် စစ်မှုထမ်းများကို ဖော်ရွေပြီး ဂရုစိုက်တတ်သော ‘နိုင်ငံတော်၏ဖခင်များ’ အဖြစ် ပုံဖော်ထားသည်။[49] ဆောင်းပါးအများစုသည် မင်းအောင်လှိုင်၏ နိုင်ငံတော်အကြီးအကဲပီသမှုကို အသားပေးဖော်ပြခဲ့သော်လည်း အချို့ဆောင်းပါးများတွင် ရှေ့တန်းရောက်ဝန်ထမ်းများနှင့် တွေ့ဆုံ

[48] Than Htwe, 2023.
[49] Myanmar News Agency, 2023c.

ခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် အလှူငွေပေးအပ်ခြင်း ပုံရိပ်များဖြင့် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကို အသားပေးဖော်ပြခဲ့သည်။[50] လမ်းများ၊ ဓာတ်တိုင်များ၊ ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများကို ပြုပြင်ခြင်းများ အပါအဝင် သန့်ရှင်းရေးလုပ်ငန်းများတွင် ပြည်သူများကို ကူညီနေသည့် ယူနီဖောင်းဝတ် စစ်သားများ၊ ရဲများနှင့် ကြက်ခြေနီဝန်ထမ်းများ၏ ဓာတ်ပုံ ရာပေါင်းများစွာလည်း ရှိခဲ့သည်။ သို့သော် ဆောင်းပါးအများစုမှာ တုံ့ပြန်မှုမြန်ဆန်သော၊ သနားကြင်နာတတ်ပြီး စွမ်းဆောင်ရည်ရှိသော နိုင်ငံတော်ခေါင်းဆောင်တစ်ဦးအဖြစ် မင်းအောင်လှိုင်၏ သရုပ်ဆောင်ပြသမှုများကို အာရုံစိုက်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်နေ့ဖြစ်သော မေလ (၁၅) ရက်နေ့တွင် မင်းအောင်လှိုင် စစ်တွေသို့ သွားရောက်ခဲ့သည့် ဓာတ်ပုံများက ဘေးအန္တရာယ်ကို အလွန်အလေးအနက်ထားဟန် ပြသခဲ့သည် (ပုံ ၁၊ ၂ နှင့် ၃ တွင်ရှုပါ)။

ပုံ (၁)

Global New Light of Myanmar သတင်းစာ တွင် ဖော်ပြခဲ့သည့် စေတနာရှင်များထံမှ လှူဒါန်းငွေများကို မင်းအောင်လှိုင် လက်ခံရယူနေသည့် ဓာတ်ပုံများ (၂၀၂၃ ခုနှစ်၊ မေလ ၁၆ ရက်)။[51]

[50] Myanmar News Agency, 2023d; 2023e; 2023f.
[51] Myanmar News Agency, 2023g.

ပုံ (၂)

Global New Light of Myanmar သတင်းစာတွင် ဖော်ပြခဲ့သည့် ရခိုင်ပြည်နယ်အတွက် အကူအညီအဖြစ် မြန်မာကျပ်ငွေ ခုနစ်ဘီလီယံကို မင်းအောင်လှိုင် ပေးအပ်နေသည့် ဓာတ်ပုံ။[52]

ပုံ (၃)

Global New Light of Myanmar သတင်းစာတွင် ဖော်ပြခဲ့သည့် မိုခါမုန်တိုင်းအပြီး စစ်တွေမြို့တွင် ပျက်စီးဆုံးရှုံးမှုများကို မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေးနေသည့် ဓာတ်ပုံ။[53]

မင်းအောင်လှိုင်သည် ဇနီးဖြစ်သူနှင့်အတူ ဇူလိုင်လ (၁၁) ရက်နေ့တွင် ရခိုင်ပြည်နယ်၏ အချို့နေရာများသို့ သွားရောက်ခဲ့ပြီး ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများကို ကြည့်ရှုစစ်ဆေးကာ ဘေးဒဏ်သင့် "မြို့နယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်" ဟု ကတိပြုခဲ့

[52] Myanmar News Agency, 2023h.
[53] Myanmar News Agency, 2023h.

သည်။[54] ပုံ (၄) သည် အခမ်းအနားဆိုင်ရာ တရားဝင်ဖြစ်မှုနှင့် စည်းကမ်းရှိမှု ပုံရိပ်ကို ဖော်ဆောင်ရန် တရားဝင်အခမ်းအနားဝတ်စုံများဖြင့် ကြိုဆိုနေသော လူအုပ်ကြီးကို အရပ်ဝတ်ဖြင့် ပြုံးပြနေသည့် မင်းအောင်လှိုင်နှင့် သူ၏ဇနီးတို့၏ ဓာတ်ပုံဥပမာတစ်ခု ဖြစ်သည်။

ပုံ (၄)

Global New Light of Myanmar သတင်းစာတွင် ဖော်ပြခဲ့သည့် တပ်မတော်မိသားစုဝင်များကို မင်းအောင်လှိုင်နှင့် ဇနီးဖြစ်သူ ဒေါ်ကြူကြူလှတို့က နှုတ်ဆက်နေသည့် ဓာတ်ပုံ။[55]

ဆောင်းပါးများက မင်းအောင်လှိုင်၏ မိန့်ခွန်းများကိုလည်း ကိုးကားဖော်ပြခဲ့သည်။ ခရီးစဉ်တစ်ခုတွင် သူက အခြေခံအဆောက်အအုံ ပြုပြင်မှုပုံစံအမျိုးမျိုး၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုပေးခြင်းနှင့် စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဝေခြင်းတို့ကို ဖော်ပြပြောဆိုရင်း ရခိုင်ပြည်နယ်လူထုအပေါ် နစက၏ ကတိကဝတ်ပြုမှုကို အလေးပေးပြောကြားခဲ့သည်။ စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် ကတိပြုရမည်ဟူသော သိသာထင်ရှားသည့် အတွင်းသဘောဖြင့် ယှဉ်ပြိုင်နေသော တော်လှန်ရေးအဖွဲ့အစည်းများနှင့် ဖြစ်ပွားနေသည့် ပဋိပက္ခနှင့် တင်းမာမှုများကို တစ်စုံတစ်ရာ ထည့်သွင်းပြောဆိုခြင်းမရှိဘဲ သူက “ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဒေသခံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ပါက ရခိုင်ပြည်နယ်သည် ယခင်အခြေအနေထက် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်” ဟု ပြောကြားခဲ့သည်။[56] ရသေ့တောင်နှင့်

---

[54] Myanmar News Agency, 2023i.
[55] Myanmar News Agency, 2023i.
[56] “Collaborative efforts called for”, 2023.

ဘူးသီးတောင်မြို့နယ်များရှိ စစ်စခန်းများသို့ သွားရောက်စဉ် သူက စည်းလုံးညီညွတ်မှု၊ အတွင်းအားနှင့် မျိုးချစ်စိတ်ဓာတ်တို့၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့သည်။[57] အလားတူပင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံ မြန်မာကျပ်ငွေ ခုနစ်ဘီလီယံ လှူဒါန်းသည့် မိန့်ခွန်းတွင် မင်းအောင်လှိုင်က "စည်းလုံးသော အား" နှင့် "ခိုင်မာသောစိတ်ဓာတ်" ရှိရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့ပြီး "ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အားလုံး ပူးပေါင်းဆောင်ရွက်ပါက ဘေးသင့်ဒေသများသည် မူလအခြေအနေသို့ အစောဆုံးပြန်လည်ရောက်ရှိမည်" ဟု ကြေညာခဲ့သည်။[58] စည်းလုံးညီညွတ်ရေးအတွက် ကတိပြုချက်များနှင့်အတူ မင်းအောင်လှိုင်က ရခိုင်ယဉ်ကျေးမှုနှင့် အမွေအနှစ်များကို ဂရုစိုက်ကြောင်း ပြသမှုများလည်း ရှိခဲ့သည်။ ဥပမာအားဖြင့် သူသည် ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်လည်ပတ်ခဲ့ပြီး ထိုနေရာတွင် ရခိုင်တို့၏ သီးခြား ရိုးရာဓလေ့များ၊ သမိုင်းနှင့် ယဉ်ကျေးမှုတို့ကို အသားပေး ဖော်ပြထားသည့် ပြခန်းများကို သွားရောက် ပြသခဲ့သည်။[59]

မိုခါဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်သည့် စစ်တပ်၏ မီဒီယာဖော်ပြမှုတွင် နောက်ထပ် အဓိကအကြောင်းအရာတစ်ခုမှာ စစ်တပ်၏ အလှူငွေပေးအပ်မှုများနှင့် ရန်ပုံငွေရှာဖွေမှုများကို အသားပေးဖော်ပြခြင်း ဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီး ရက်များနှင့် လများ အကြာတွင် နိုင်ငံပိုင်မီဒီယာများက မင်းအောင်လှိုင်နှင့် အခြား နစက အရာရှိများ မုန်တိုင်းဒဏ် သင့်သူများအတွက် အခမ်းအနားဖြင့် ရန်ပုံငွေရှာပွဲများ ကျင်းပနေပုံကို ထုတ်လွှင့်ပြသခဲ့သည်။ ဤခမ်းနားသော မြင်ကွင်းများမှ ဓာတ်ပုံများတွင် ထင်ရှားသော ယူနီဖောင်းများဝတ်ဆင်ထားသည့် နစက အရာရှိများက ငွေလှူဒါန်းနေပုံကို အသားပေးဖော်ပြခဲ့သည်။ မင်းအောင်လှိုင်ကို အလှူငွေပေးအပ်သူအဖြစ်ရော လက်ခံသူအဖြစ်ပါ ပုံများတွင် မကြာခဏ ဖော်ပြခဲ့သည် (ပုံ ၁ တွင်တွေ့ရသည့်အတိုင်း)။ အခြား အကြီးတန်း နစက အရာရှိများကိုလည်း အခြားအခမ်းအနား များတွင် ရက်ရောသော အလှူရှင်များအဖြစ် ပြသခဲ့သည်။[60] သတင်းစာများက လှူဒါန်းသည့် ပမာဏနှင့် မည်သူလှူဒါန်းသည်ကို အသေးစိတ်ဖော်ပြခဲ့ပြီး စစ်ဘက်လေယာဉ်များ၊ သင်္ဘော များဖြင့် ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးသည့် အလှူပစ္စည်းများ၏ ဓာတ်ပုံများနှင့်အတူ တပ်မတော် (အဖွဲ့အစည်းတစ်ခုအနေဖြင့်)၊ တပ်မတော်မိသားစုများနှင့် နစက အရာရှိများ၏ စေတနာကို အလေးပေးဖော်ပြခဲ့သည်။[61] ဤသတင်းဖော်ပြမှု၏ အဓိကလက္ခဏာတစ်ခုမှာ ဘေးသင့်အုပ်စုများထံ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပုံအသေးစိတ် မပါရှိခြင်းနှင့် မုန်တိုင်း

---

[57] Myanmar News Agency, 2023i.
[58] Myanmar News Agency, 2023h.
[59] "Senior General Min Aung Hlaing", 2023.
[60] "Fundraising concert", 2023; Myanmar News Agency, 2023j.
[61] See for instance: "Naval vessels deliver" (2023).

ဒဏ်သင့်သူများအပေါ် သက်ရောက်မှုကို အလေးပေးဖော်ပြလေ့မရှိခြင်း ဖြစ်သည်။ ထိုအစား စစ်တပ်နှင့် နစကကို စေတနာရှင်နှင့် သနားကြင်နာတတ်သော အဖွဲ့အစည်းများအဖြစ် ပြသရန်သာ အာရုံစိုက်ခဲ့သည်။ စစ်တပ်ပိုင်ကုမ္ပဏီများအတွက်လည်း ထိုနည်းၾင်းပင်ဖြစ်သည်။ ၎င်းတို့ကို မုန်တိုင်းဒဏ်သင့်သူများအား ဂရုစိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးနှင့် ကြက်ဥများ အပါအဝင် ပစ္စည်းများကို ဈေးကွက်ပေါက်ဈေးအောက် သတ်မှတ်ရောင်းချခဲ့သည့်အတွက် ဂုဏ်ပြုဖော်ပြခြင်းခံခဲ့ရသည်။[62] သို့သော် ရခိုင်ပြည်နယ်မှ လွတ်လပ်သော သတင်းများအရ ထိုကဲ့သို့သော ကမ်းလှမ်းမှုများသည် နစကဝန်ထမ်းများအတွက်သာ ရရှိနိုင်ပြီး မုန်တိုင်းဒဏ်သင့် ပြည်သူအများအပြားမှာ အခြေခံကုန်ပစ္စည်းများကို ငွေကြေးဖောင်းပွမှုအတိုင်း ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူခဲ့ရသည်ဟု ဆိုသည်။[63]

စစ်တပ်၏ အလှူဒါနများနှင့် ရက်ရောမှုဆိုင်ရာ သတင်းဖော်ပြချက်များတွင် စစ်တပ်နှင့် ဗုဒ္ဓဘာသာအကြား ဆက်စပ်မှုများကို မကြာခဏ ဖော်ပြခဲ့သည်။ ဥပမာအားဖြင့် ဆောင်းပါးအများအပြားက စိုးဝင်းနှင့် မင်းအောင်လှိုင်တို့ပါဝင်သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သော ဘုန်းကြီးကျောင်းများနှင့် အခြားဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများအတွက် အလှူပေးပွဲများနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို မှတ်တမ်းတင် ဖော်ပြခဲ့သည် (ပုံ ၅ တွင်ရှုပါ)။[64] ဆိုင်ကလုန်းမုန်တိုင်း မတိုင်မီက စစ်ဘက်အရာရှိများနှင့် သံဃာတော်များအကြား ရင်းနှီးသောဆက်ဆံရေးကို ပြသသည့်အနေဖြင့် စစ်တပ်သည် ထင်ရှားသော ဗုဒ္ဓဘာသာ ဘာသာရေးခေါင်းဆောင်များနှင့်အတူ လူသိရှင်ကြား ဆုတောင်းပွဲများစွာကို ကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင် ရှေးရိုးအစဉ်အလာတစ်ရပ်ဖြစ်သော ဗုဒ္ဓဘာသာဝင် နိုင်ငံအကြီးအကဲဖြစ်ခြင်းနှင့် မင်္ဂလာရှိသော အုပ်စိုးမှု၏ ပြယုဂ်အဖြစ်[65] ကိုယ်ကျင့်တရား ဆိုင်ရာ အခွင့်အာဏာကို သရုပ်ဆောင်ပြသခြင်းတို့ကို အခြေခံ၍ ရခိုင်ပြည်နယ်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းရှိ နစကအရာရှိများက မုန်တိုင်း၏ လမ်းကြောင်းကို လွှမ်းမိုးရန်အတွက် ထင်ရှားသော သံဃာတော်များကို ပင့်ဖိတ်ကာ ဆုတောင်းပွဲများ ပြုလုပ်ခြင်း၊ ပရိတ် ရွတ်ဖတ်ခြင်း နှင့် နဂါးစာကျွေးပွဲကဲ့သို့သော ကြိုတင်ကာကွယ်သည့် ရိုးရာဓလေ့များကို ပြုလုပ်စေခဲ့သည်။[66]

[62] "Affordable essentials offered in Cyclone-hit Sittway", 2023.
[63] "Low-income families", 2023.
[64] "Donation ceremony held", 2023.
[65] Chambers & Cheesman, 2019.
[66] "Patthana recitation conducted", 2023.

ပုံ (၅)

Global New Light of Myanmar သတင်းစာတွင် ဖော်ပြခဲ့သည့် မြောက်ဦးမြို့တွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆန်နှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းနေသည့် ဓာတ်ပုံ။[67]

နိုင်ငံတော်အဖွဲ့အစည်းများအဖြစ် ၎င်းတို့၏ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကို အသားပေးဖော်ပြခြင်းနှင့်အတူ စစ်တပ်သည် ဆိုင်ကလုန်းမုန်တိုင်းအပေါ် ၎င်းတို့၏ တုံ့ပြန်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဗုဒ္ဓဘာသာဆိုင်ရာ ဘာသာစကား၊ အမှတ်သညာများနှင့် ဘုရင်စနစ် သရုပ်ဆောင်ပြသမှုများကို အသုံးပြုခဲ့သည်။ ဤသည်မှာ အသစ်အဆန်းမဟုတ်ပါ။ ဂျော့ထ်[68] နှင့် စကိုဘာ[69] တို့က မြန်မာနိုင်ငံ၏ ဗုဒ္ဓဘာသာနှင့် အာဏာတည်ဆောက်မှုဆိုင်ရာ ၎င်းတို့၏ သုံးသပ်ချက်များတွင် ဖော်ပြထားသည့်အတိုင်း စစ်ဗိုလ်ချုပ်များသည် ၎င်းတို့၏ အုပ်ချုပ်မှုကို တရားဝင်ဖြစ်စေရန်နှင့် မိမိတို့ကိုယ်ကို တရားနည်းလမ်းကျသော ဗုဒ္ဓဘာသာဘုရင်များ (ဓမ္မရာဇာ) အဖြစ် ပုံဖော်ရန် ဗုဒ္ဓဘာသာဆိုင်ရာ ပြောဆိုမှုများနှင့် အမှတ်သညာများကို ကာလရှည်ကြာကတည်းက အသုံးချခဲ့ကြသည်။ ဤအချက်သည် အသောကမင်း၏ ဘုရင် စနစ်ပုံစံကို အခြေခံပြီး ၎င်းသည် မြန်မာနိုင်ငံ၏ စစ်ဘက်နှင့်

[67] Myanmar News Agency, 2023f.
[68] Jordt, 2003; 2007.
[69] Schober, 2005; 2011.

အရပ်ဘက်ခေါင်းဆောင်များ နိုင်ငံရေးအာဏာကို ရှာဖွေရန်နှင့် ခိုင်မာစေရန် အသုံးပြုခဲ့သော အဓိကကျသည့် အဆိုတစ်ခု ဖြစ်သည်။[70]

မိုခါဆိုင်ကလုန်းမုန်တိုင်းအကြောင်းဖော်ပြထားသည့် စစ်တပ်၏ မီဒီယာဆောင်းပါးများတွင် ထင်ရှားစွာမြင်ရသည့်အတိုင်း စစ်တပ်သည် ဆိုင်ကလုန်းမုန်တိုင်းအပေါ် ပြည်သူလူထု၏ စိတ်ဝင်စားမှုကို အခွင့်ကောင်းယူကာ တစ်ဖက်တွင် မြန်မာပြည်သူလူထုနှင့် နိုင်ငံတော်၏ တစ်ကမ္ဘာလုံးဆိုင်ရာနှင့် ဗုဒ္ဓဘာသာအရောင်ဆိုးထားသော ‘စေတနာ’၊ ‘ရက်ရောမှု’၊ ‘သီလ’ တရားများကို အခြားတစ်ဖက်တွင် စစ်တပ်ပုံစံ နိုင်ငံတော်စီမံခန့်ခွဲမှုနှင့် ချိတ်ဆက်ဖော်ပြခဲ့သည်။ ဥပမာတစ်ခုမှာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတစ်ခုမှ အောက်ပါကိုးကားချက် ဖြစ်သည်။

> မြန်မာပြည်သူပြည်သားများသည် ကိုးကွယ်ယုံကြည်မှု၊ ဘာသာစကား၊ လူမျိုး မခွဲခြားဘဲ မုန်တိုင်းဒဏ်သင့်သူများထံသို့ ၎င်းတို့၏ ကရုဏာတရား၊ ကိုယ် ချင်းစာတရားနှင့် စေတနာတရားများကို တစ်စုတစ်စည်းတည်း ပူးပေါင်းပေး အပ်ခဲ့ကြသည်။ ဤစစ်မှန်သော စေတနာတရားသည် နိုင်ငံတော်က အခက် အခဲများနှင့် ရင်ဆိုင်ရတိုင်း ထင်ရှားခဲ့ပြီး မိုခါမုန်တိုင်း၏ သက်ရောက်မှုသည် တစ်ဦးချင်းစီက ၎င်းတို့၏ ပင်ကိုရက်ရောမှုနှင့် သီလတရားများကို ပြသခြင်း ဖြင့် မြန်မာ့လူ့အဖွဲ့အစည်းကို ပြန်လည်နုပျိုလန်းဆန်းလာစေရန် တွန်းအား တစ်ခုအဖြစ် ဆောင်ရွက်ခဲ့သည်။ အဖျက်စွမ်းအားကြီးမားသော မိုခါမုန်တိုင်း အပေါ် ဖော်ပြခဲ့သော ကျေးဇူးတင်မှုသည် ဘဝအလှူပေါင်းစုံမှ ပြည်သူများ အတွက် ၎င်းတို့၏ ကရုဏာတရား၊ ကိုယ်ချင်းစာတရား၊ ဗြဟ္မစိုရ်တရား လေးပါးနှင့် စစ်မှန်သော စေတနာတရားတို့ကို ပြသရန် ၎င်းက ပေးအပ်ခဲ့ သော အခွင့်အရေးတွင် အမြစ်တွယ်နေပါသည်။[71]

အထက်ပါ ကိုးကားချက်နှင့် ယေဘုယျအားဖြင့် နိုင်ငံပိုင်မီဒီယာ သတင်းဖော်ပြမှုများသည် မုန်တိုင်းဒဏ်သင့် ဧရိယာအများအပြားမှာ AA ၏ ထိန်းချုပ်မှုအောက်တွင် ရှိခဲ့ပြီး ရှိနေဆဲ ဖြစ်သည်ဟူသော အချက်အပါအဝင် ရခိုင်ပြည်နယ်ရှိ ဖြစ်ပွားနေဆဲ တင်းမာမှုများနှင့် ပဋိပက္ခများကို ဖျောက်ဖျက်ရန် ကြိုးပမ်းခဲ့သည်။ စစ်ဘက်မီဒီယာများက ကယ်ဆယ်ရေး ကြိုးပမ်းမှုများ တည်ရှိနေသည့် နိုင်ငံအပြိုင်တည်ဆောက်မှု နောက်ခံအခြေအနေကို အရေးမပါ သကဲ့သို့ လျှော့ချဖော်ပြခဲ့သည်။ AA သို့မဟုတ် အခြားတော်လှန်ရေးအဖွဲ့အစည်းများက

[70] Also see: Houtman (1999); Turner (2014); Walton (2016).
[71] “Soonest rehabilitate”, 2023.

ဒုက္ခသည်များကို အကူအညီပေးနေခြင်းကို ဖော်ပြခြင်းမရှိခဲ့သလို နိုင်ငံတကာ လူသားချင်းစာနာမှုအဖွဲ့အစည်းများ မုန်တိုင်းသင့်ဒေသများသို့ ဝင်ရောက်ခြင်းကို တားဆီးရန် နစက က ချမှတ်ထားသော ကန့်သတ်ချက်များကိုလည်း ဆွေးနွေးဖော်ပြခြင်း မရှိခဲ့ပေ။[72] ကျွန်ုပ်တို့တွေ့ရှိခဲ့သော ဆောင်းပါးတစ်ပုဒ်တည်းတွင်သာ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ရန် ကမ္ဘာ့ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs) ၏ ကမ်းလှမ်းမှုများကို ဖော်ပြခဲ့သည်။ အခြားဆောင်းပါးတစ်ပုဒ်တွင် စစ်တပ်နှင့် မဟာမိတ်ဖြစ်သည်ဟု သိထားသော ဒုတိယမြိုင်ကြီးငူဆရာတော်၏ ကွပ်ကဲမှုအောက်တွင် ကရင်နယ်ခြားစောင့်တပ်မှ မြန်မာကျပ်ငွေ သန်း (၁၅၀) လှူဒါန်းမှုကို အသားပေးဖော်ပြခဲ့သည်။[73] ရုရှား၊ ဂျပန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) တို့ထံမှ လူသားချင်းစာနာမှု အကူအညီကမ်းလှမ်းမှုများကို သတင်းဆောင်းပါးများစွာတွင် ဖော် ပြခဲ့သော်လည်း ၎င်းမှာ အစိုးရကို နိုင်ငံတကာက အသိအမှတ်ပြုကြောင်း သွယ်ဝိုက်ဖော်ပြ သည့် နည်းလမ်းဖြင့်သာ ဖော်ပြခဲ့ခြင်းဖြစ်သည်။

မုန်တိုင်းဒဏ်သင့်သူများ၊ အထူးသဖြင့် ရိုဟင်ဂျာတို့၏ ဒုက္ခဝေဒနာများနှင့် တွေ့ကြုံခံစားမှုများကို ဖုံးကွယ်ထားပြီး စစ်တပ်၏ လုပ်ဆောင်ချက်များနှင့် ဟန်ဆောင်စေတနာကောင်းများကိုသာ ပြသရန် ဦးစားပေးခဲ့သည်။ အချို့သော ဆောင်းပါးများက စစ်တွေမြို့ရှိ ပြည်တွင်းနေရပ်စွန့်ခွာသူ (IDP) စခန်းများသို့ နစက ၏ သွားရောက်လည်ပတ်မှုများနှင့် ၎င်းတို့အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းရေး အစီအစဉ်များကို ဖော်ပြခဲ့သော်လည်း ထိုအစီအစဉ်များ အမှန်တကယ် အကောင်အထည်ဖော်ခြင်း ရှိမရှိ သတင်းအချက်အလက် မပါရှိခဲ့သလို ထိုစခန်းများတွင် နေထိုင်သူများသည် ရိုဟင်ဂျာများဖြစ်သည်ဟူသော အချက်ကိုလည်း ဖော်ပြခဲ့ခြင်း မရှိပေ။[74] မင်းအောင်လှိုင်သည် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် လူမျိုးစုများအကြား အကြမ်းဖက်မှုများနှင့် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်ရှင်းလင်းသည့် စစ်ဆင်ရေးများ ပြုလုပ်ခဲ့ရာနေရာတစ်ခု ဖြစ်သည့် ဘူးသီးတောင်မြို့သို့ သွားရောက်ခဲ့သည်။ ထိုနေရာတွင် စကားပြောဆိုရာ၌ သူသည် ရိုဟင်ဂျာဒုက္ခသည်များအကြောင်း ထည့်သွင်းပြောဆိုခဲ့ခြင်း မရှိသလို ဒေသတွင်းရှိ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များနှင့် ပဋိပက္ခများအတွက် တာဝန်ယူခဲ့ခြင်းလည်း မရှိခဲ့ပါ။ ထိုအစား သူသည် ပြည်သူလူထုအပေါ် အပြစ်တင်ရန်သာ အာရုံစိုက်ခဲ့သည်။ သူ၏ ပြောစကားကို အောက်ပါအတိုင်း ကိုးကားဖော်ပြထားသည်။

---

[72] ရခိုင်အရပ်ဘက်အဖွဲ့အစည်းများက နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီများ ပေးပို့ခြင်းကို ပိတ်ပင်ခြင်းအား "လုံးဝ တာဝန်မဲ့ပြီး လူမဆန်သော လုပ်ရပ်" အဖြစ် ရှုတ်ချကာ စစ်တပ်၏ ကြိုးပမ်းမှုများကို ဝေဖန်ခဲ့ကြသည် (Visual Rebellion Myanmar, 2023)။

[73] Myanmar News Agency, 2023l.

[74] Myanmar News Agency, 2023h.

ဤဒေသ (ဘူးသီးတောင်) ကို မျိုးချစ်စိတ်ဓာတ်ဖြင့် ကာကွယ်ရန် လိုအပ်ပါတယ်။ ပြည်သူများဟာ မြန်မာနိုင်ငံတွင် နေထိုင်ကြသည့်အတွက် မိမိတို့၏မြေကို သစ္စာရှိရမှာဖြစ်ပါတယ်။ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုသာလျှင် ဒေသခံများဟာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။[75]

သူက တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကိုလည်း "ဒေသခံပြည်သူများသည် နိုင်ငံတော်၏ တိုင်းရင်းသားများဖြစ်သည့်အလျောက်၊ အေးအတူပူအမျှ အတူတကွ နေထိုင်ကြသည် ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်ရန် အားလုံးက ညီရင်းအစ်ကိုစိတ်ဓာတ်ဖြင့် အချင်းချင်း ကူညီစောင့်ရှောက်ရမည်" ဟု အလေးပေးပြောကြားခဲ့သည်။[76] သူ၏ ခရီးစဉ်များအတွင်း အခြားမိန့်ခွန်းများတွင်လည်း သူက ရင်းနှီးပြီးဖြစ်သော စစ်ဘက်သုံးစကားလုံးများကို အသုံးပြုခဲ့ပြီး၊ "နိုင်ငံ၏ အင်အားသည် ပြည်တွင်း၌သာရှိသည်" ဟု ကြွေးကြော်ခဲ့သည့်အပြင် "နိုင်ငံတော်က လိုအပ်နေချိန်တွင် ပြည်သူအားလုံး စည်းလုံးညီညွတ်ပါက ... နိုင်ငံတော်သည် ချောမွေ့သောလမ်းအတိုင်း ပန်းတိုင်သို့ ရှေ့ဆက်သွားနိုင်မည်" ဟုလည်း ပြောကြားခဲ့သည်။[77]

စည်းလုံးညီညွတ်မှုဆိုင်ရာ ဤဖော်ပြချက်များသည် တစ်နိုင်ငံလုံးတွင် ဖြစ်ပွားနေသော ပဋိပက္ခများနှင့် အရပ်သားများအပေါ် စစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများနှင့်သာမက ကျွန်ုပ်တို့ ဆက်လက်တင်ပြမည့် အထူးသဖြင့် AA နှင့် NUG ကဲ့သို့သော တော်လှန်ရေးအဖွဲ့အစည်းများ၏ ဆိုင်ကလုန်းမုန်တိုင်း အထောက်အပံ့ပေးအပ်မှုများနှင့်ပါ သိသိသာသာ ကွဲလွဲနေသည်။ ထို့နောက်တွင် မုန်တိုင်းဒဏ်သင့်သူများထံ အကူအညီများ ပေးအပ်ရာတွင် စစ်တပ်၏ ရက်ရောမှုနှင့် နိုင်ငံတော်၏ ထိရောက်မှုကို စစ်ဘက်မီဒီယာများက ဂုဏ်ပြုဖော်ပြခြင်းသည် မုန်တိုင်းဒဏ် အပြင်းထန်ဆုံးခံစားရသူများ၏ တွေ့ကြုံခံစားမှုများကို ကိုယ်စားမပြုပုံကို ကျွန်ုပ်တို့ ဖော်ပြပါမည်။

တော်လှန်ရေးအဖွဲ့များ၏ မုန်တိုင်းအပေါ် အပြိုင်အဆိုင်တုံ့ပြန်မှုများ

မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဧရိယာအများအပြားကို AA နှင့် ၎င်း၏ နိုင်ငံရေးအဖွဲ့ခွဲဖြစ်သော ULA က အုပ်ချုပ်လျက်ရှိပြီး ၎င်းတို့တွင် ကိုယ်ပိုင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ်များ ရှိသည်။ ရခိုင်ပြည်သူလူထု၏ ကိုယ် ပိုင်အုပ်ချုပ်ခွင့်ရရှိရေး ရည်မှန်းချက်ဖြင့် ၂၀၀၉

[75] Myanmar News Agency, 2023i.
[76] Myanmar News Agency, 2023i.
[77] Myanmar News Agency, 2023k.

ခုနှစ်တွင် တည်ထောင်ခဲ့သော AA/ULA သည် ယခုအခါ မြန်မာနိုင်ငံတွင် အင်အားအကြီးဆုံး တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်း (EROs) များထဲမှ တစ်ခုဖြစ်သည်။[78] ၂၀၁၉ ခုနှစ်မှ စ၍ AA သည် စစ်တပ်နှင့် ပေါ်ပေါ်ထင်ထင် တိုက်ပွဲဖြစ်ပွားခဲ့သော်လည်း ၂၀၂၀ ခုနှစ် အာဏာ မသိမ်းမီလေးတွင် ခိုင်မာမှုမရှိသော လူသားချင်းစာနာမှု ဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးခဲ့ပြီး မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ချိန်တွင် ၎င်းမှာ အာဏာတည်နေဆဲ ဖြစ်သည်။ ဤအပစ်အခတ်ရပ်စဲရေးကြောင့် AA/ULA ကို နစကာ၏ အကြမ်းဖက်အဖွဲ့အစည်း များ စာရင်းမှ ပယ်ဖျက်ခဲ့ပြီး အခြား ERO များကဲ့သို့ စစ်အာဏာသိမ်းမှုကို အစပိုင်း တွင် တက်ကြွစွာ မခုခံခဲ့ပေ။ ဤအချက်က ULA အနေဖြင့် ရခိုင်ပြည်နယ်တွင် ၎င်း၏ အုပ်ချုပ် ရေးနှင့် တရားစီရင်ရေးဆိုင်ရာ တည်ရှိမှုကို တိုးချဲ့နိုင်စေခဲ့ သည်။[79] သို့သော်လည်း ၁၀၂၇ စစ်ဆင်ရေးအပြီး ၂၀၂၃ ခုနှစ်နှောင်းပိုင်းတွင် အပစ်အခတ်ရပ်စဲရေး ပျက်ပြားခဲ့ပြီး ၂၀၂၄ ခုနှစ် နိဝင်ဘာလ စာတမ်းရေးသားချိန်အထိ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားကာ AA ၏ နယ်မြေ ချဲ့ထွင်မှုများမှာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။

မိုခါဆိုင်ကလုန်းမုန်တိုင်းအပေါ် AA/ULA ၏ တုံ့ပြန်မှုများက ရင်းနှီးပြီးဖြစ်သော နိုင်ငံတော်ဖြစ်ခြင်း၏ ဘာသာစကားများကို အသုံးပြု၍ ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း ၎င်းတို့၏ အုပ်ချုပ်ရေးဆိုင်ရာ ထိန်းချုပ်မှုနှင့် စည်းရုံးဖွဲ့စည်းမှု တိုးတက်လာမှုကိုသာမက ရခိုင်ပြည်နယ်တွင် နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုအဖြစ် ၎င်းတို့၏ ရည်မှန်းချက်များကို ပါ ပြသခဲ့သည်။[80] AA/ULA ၏ လူမှုကွန်ရက်စာမျက်နှာများက ဆိုင်ကလုန်းမုန်တိုင်း သတိပေး ချက်များနှင့် “လိုက်နာရန်နှင့် ရှောင်ကြဉ်ရန် အချက်များ” ဆိုင်ရာ အများအပြားကို ထုတ်ပြန် ခဲ့ပြီး ၎င်းတို့ကို Signal နှင့် Telegram ကဲ့သို့သော စာတိုပေးပို့ရေး ပလက်ဖောင်းများမှ တစ်ဆင့် ရခိုင်ပြည်နယ်တစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခဲ့ကြသည်။[81] နိုင်ငံတော်သဏ္ဍာန် ဆောင်သည့် ၎င်း၏ လက္ခဏာကို ပြသသည့်အနေဖြင့် AA/ULA ၏ လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ညှိနှိုင်းရေးရုံးက

[78] Kyaw Hsan Hlaing, 2023a. ၂၀၁၀ ပြည့်နှစ်များတစ်လျှောက်တွင် AA/ULA သည် ရခိုင် ပြည်နယ်၌ အဓိကကျသော နိုင်ငံရေးအင်အားစုတစ်ခု ဖြစ်လာခဲ့ပြီး၊ ၎င်းတို့၏ နေရပ် မြေအပေါ် အာရကန်လွတ်မြောက်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်ရေး မျှော်မှန်းချက်အပေါ် အာရုံစိုက်သည့် "ရက္ခိတလမ်းစဉ်" အတွေးအခေါ်ကို အခြေခံ၍ "အာရကန်အိပ်မက်" ကို အကောင်အထည်ဖော်ရန် ရခိုင် တိုင်းရင်းသားပြည်သူများကို တိုက်တွန်းအားပေးခဲ့သည်။

[79] Kyaw Hsan Hlaing, 2021.

[80] Hansen & Stepputat, 2001.

[81] Humanitarian and Development Coordination Office, 2023.

ပြည်သူလူထုသို့ အသိပေးကြေညာချက် များစွာ ထုတ်ပြန်ခဲ့ပြီး[82] သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို အထူးဦးစား ပေးကာ မုန်တိုင်းလမ်းကြောင်းရှိ လူပေါင်း တစ်သိန်း ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ပေးခဲ့ကြောင်း ကြေညာခဲ့သည် (ပုံ ၆ နှင့် ၇ တွင်ရှုပါ)။[83]

ပုံ (၆)

မြေပုံမြို့မှ ဒေသခံများကို AA တပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေသည့် ဓာတ်ပုံ (Development Media Group က ထုတ်ပြန်သည်)။ [84]

[82] See e.g. United League of Arakan (2023).
[83] "AA assists evacuation", 2023; "Thousands flee homes", 2023.
[84] "AA assists evacuation", 2023.

ပုံ (၇)

မိုခါမုန်တိုင်းမတိုင်မီ နေရာနိမ့်ပိုင်းများမှ ပြည်သူများကို AA စစ်သားများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေသည့် ဓာတ်ပုံ (Development Media Group က ထုတ်ပြန်သည်)။[85]

ULA သည် ၎င်း၏ ဘေးအန္တရာယ်ဆိုင်ရာ ကြိုးပမ်းမှုများကို ညှိနှိုင်း ဆောင်ရွက်ရန်အတွက် မိုခါမုန်တိုင်းဆိုင်ရာ ရခိုင်ဒေသ အရေးပေါ်ကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ (ERRCA) ကို ဖွဲ့စည်းတည်ထောင် ခဲ့သည်။ ERRCA ၏ Facebook စာမျက်နှာသည် ၎င်း၏ လှုပ်ရှားမှုများကို မှတ်တမ်းတင်ဖော်ပြခဲ့ပြီး AA တပ်ဖွဲ့ဝင်များက အိမ်ခေါင်မိုးများ၊ လမ်းများကို ပြုပြင်ခြင်းနှင့် လူထုအသိုင်းအဝိုင်းအမျိုးမျိုး၏ သန့်ရှင်းရေးတွင် ကူညီပေးနေသည့် ဓာတ်ပုံများကို ပြသခဲ့သည်။ နစကနှင့်အပြိုင် AA/ULA ကလည်း နေအိမ်များ၊ ကျောင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများနှင့် ဘာသာရေးအဆောက်အအုံများ၏ ပျက်စီးဆုံးရှုံးမှုများကို စာရင်းကောက်ယူခဲ့ပြီး နစကထက် မုန်တိုင်းပျက်စီးမှု ကိန်းဂဏန်းများကို ပိုမိုမြင့်မားစွာ ဖော်ပြ လေ့ရှိသည်။[86] နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုအဖြစ် AA/ULA ၏ ထိရောက်မှုကို အသားပေးဖော်ပြရန် ရှင်းလင်းသော ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ERRCA က မုန်တိုင်းတိုက်ခတ်ပြီး နှစ်လအကြာတွင် (အင်္ဂလိပ်၊ မြန်မာ ဘာသာဖြင့်) ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ရာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

ကျွန်ုပ်တို့အဖွဲ့အစည်း၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာဌာနများမှရော ပြည်တွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများထံမှပါ

---

[85] “AA: Myanmar Junta”, 2023.
[86] “AA offers its own accounting”, 2023.

ရရှိသော လူ့စွမ်းအားနှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များကို အသုံးချပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အောင်မြင်စွာ စီမံခန့်ခွဲနိုင်ခဲ့ပါသည်။[87]

ထိုကြေညာချက်တွင် ဘေးဒဏ်သင့် ပြည်သူလူထု၏ (၇၅) ရာခိုင်နှုန်းကို ပြန်လည်နေရာချထားပေးပြီးဖြစ်ကြောင်းနှင့် ULA က မုန်တိုင်းဒဏ်သင့်သူ များကို စပါးမျိုးစေ့များ၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ အခြေခံစားသောက်ကုန်များနှင့် အဝတ်အထည်များဖြင့် ကူညီထောက်ပံ့လျက်ရှိကြောင်း ဆက်လက် ဖော်ပြထားသည်။

ဘေးအန္တရာယ်တုံ့ပြန်ရာတွင် ၎င်း၏ ထိရောက်မှုကို အသားပေးဖော်ပြခြင်းအပြင် AA/ULA သည် မိမိကိုယ်ကို နိုင်ငံရေးအကျိုးစီးပွားများနှင့် လူမျိုးရေး၊ ဘာသာရေး ကွဲပြားမှုများအထက်တွင် ရှိသော စာနာထောက်ထားတတ်သည့် နိုင်ငံတော်အဆင့် အဖွဲ့အစည်း တစ်ခုအဖြစ် ပုံဖော်ခဲ့သည်။ သရုပ်ဖော်ပြသမှုအလွန်ဆန်သော ပြသမှုများတွင် AA/ULA မှ ထုတ်ပြန်သော သတင်းအချက်အလက်နှင့် ဓာတ်ပုံများသည် မွတ်စလင်အသိုင်းအဝိုင်းများအား ၎င်းတို့၏ ထောက်ပံ့မှုကို ပြသခဲ့သည် (ပုံ ၈ တွင်ရှုပါ)။[88] ERRCA မှ တာဝန်ရှိ သူတစ်ဦးက ကြေညာချက်တစ်ခုတွင် "ကျွန်ုပ်တို့သည် လူမျိုး၊ ဘာသာ မခွဲခြားဘဲ မုန်တိုင်းဒဏ်သင့်သူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးနေပါသည် … ကျွန်ုပ်တို့သည် မွတ်စလင်များအတွက် နေအိမ်များကိုလည်း ပြုပြင် ပေးပါသည်" ဟု မှတ်ချက်ပြုခဲ့သည်။[89] နိုင်ငံတော်အဆင့် အဖွဲ့အစည်း တစ်ခုကဲ့သို့ပင် AA က စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ဈေးဆိုင်ပိုင်ရှင်များကို အခြေခံကုန်ပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို "တရားမျှတသောဈေးနှုန်း" ဖြင့် ရောင်းချရန် တိုက်တွန်းခဲ့သည်။[90] ဆိုင်ကလုန်းမုန်တိုင်း အပြီး မီဒီယာတွေ့ဆုံမေးမြန်းမှုများတွင် AA က နစက အပါအဝင် ဒုက္ခသည် များ၏ လိုအပ်ချက်များကို ကူညီရာ၌ အာဏာပိုင်အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် ၎င်း၏ ကတိကဝတ်ကို အခိုင်အမာ ပြောကြားခဲ့သည်။[91]

---

[87] Cyclone Mocha ERRCA, 2023.

[88] "Arakan Army provides relief", 2023.

[89] AA/ULA သည် ၎င်းတို့၏ ထုတ်ပြန်ချက်များတွင် အာရကန် (ရခိုင်) မှ 'မွတ်စလင်' အသိုင်းအဝိုင်းများဟု ရည်ညွှန်းပြီး၊ 'ရိုဟင်ဂျာ' ဟူသော အသုံးအနှုန်းကို တိုက်ရိုက် အသုံးမပြုသည်ကို သတိပြုရန် အရေးကြီးသည်။ အကြောင်းမှာ ၎င်းတို့က ထိုအသုံးအနှုန်းသည် ဒေသခံတိုင်းရင်းသားအဖြစ် အခိုင်အမာဆိုမှုများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် နိုင်ငံရပ်ခြားတွင် ပျံ့နှံ့နေထိုင်သူများနှင့် အထက်လွှာ အသိုင်းအဝိုင်းများက နိုင်ငံရေးအရ တည်ဆောက်ထားသည့်အရာတစ်ခု ဖြစ်သည်ဟု အခိုင်အမာ ဆိုသောကြောင့် ဖြစ်သည်။ Latifi (2024) ကို လေ့လာကြည့်ရှုနိုင်ပါသည်။

[90] Arakan Army, 2023b.

[91] ဥပမာအားဖြင့် "AA: Myanmar Junta" (2023) ကို ကြည့်ရှုနိုင်ပါသည်။

ပုံ (၈)

မုန်တိုင်းဒဏ်သင့်သူများကို AA/ULA က စားနပ်ရိက္ခာများ လှူဒါန်းနေသည့် ဓာတ်ပုံ။ [92]

ဘေးအန္တရာယ်အပေါ် AA/ULA ၏ တုံ့ပြန်မှုတွင် ပြည်ပနှင့် ပြည်တွင်း အဖွဲ့အစည်းများထံမှ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့နှင့် အသိအမှတ်ပြုမှု ရရှိရန် ကြိုးပမ်းမှုများလည်း ပါဝင်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်နေ့ဖြစ်သော မေလ (၁၅) ရက်နေ့တွင် ULA က (အင်္ဂလိပ်၊ မြန်မာဘာသာဖြင့်) ကြေညာချက်တစ်စောင် ထုတ်ပြန်ကာ နိုင်ငံခြားတိုင်းပြည်များ၊ အာဆီယံအဖွဲ့ဝင်များနှင့် နိုင်ငံတကာ အကူအညီပေးရေးအေဂျင်စီများကို ၎င်း၏ လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုကို ပံ့ပိုးကူညီရန် တိုက်တွန်းခဲ့သည်။[93] နိုင်ငံတော်အဆင့် အခွင့်အာဏာကို ပြသသည့်အနေဖြင့် AA စစ်ဦးစီးချုပ် ဗိုလ်ချုပ်ထွန်းမြတ်နိုင်ကလည်း အမိုးအကာ၊ သောက်သုံးရေ၊ အစားအစာနှင့် ဆေးဝါးများအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် INGOs များထံမှ အကူအညီရရှိရန် အထူးဗီဒီယိုဖြင့် မေတ္တာရပ်ခံချက်တစ်ခုကို ပြုလုပ်ခဲ့သည်။[94] နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ပေးပို့သော အကူအညီများကို ကျွန်ုပ်တို့ သိရှိသလောက် AA/ULA က လက်လှမ်းမမီခဲ့ခြင်းသည် နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုအဖြစ် ၎င်းတို့အပေါ် နိုင်ငံခြားအသိအမှတ်ပြုမှု မရှိခြင်းကို ထင်ဟပ်စေသော်လည်း အခြား တော်လှန်ရေးအဖွဲ့အစည်းများ၊ အထူးသဖြင့် အခြား EROs များနှင့် NUG ထံမှ စုစုပေါင်း မြန်မာကျပ်ငွေ နှစ်ဘီလီယံခန့် ရှိဟန်တူသော

[92] "One billion kyats donated", 2023.
[93] United League of Arakan, 2023.
[94] Arakan Army, 2023a.

အလှူငွေ များကိုမူ လက်ခံရရှိခဲ့သည်။[95] AA/ULA ၏ ဝဘ်ဆိုဒ်များနှင့် Telegram ချန်နယ်များတွင် 'ရခိုင်ပြည်သူလူထုကိုယ်စား' ဟု AA စစ်ဦးစီးချုပ်က မကြာခဏ လက်မှတ်ရေးထိုးထားသော ကျေးဇူးတင်လွှာများနှင့်အတူ EROs များထံမှ အလှူငွေပမာဏကို ဖော်ပြခဲ့သည်။ ဂျာမနီ၊ ဩစတြေးလျနှင့် ဒိန်းမတ်နိုင်ငံများ အခြေစိုက် ရခိုင်အသိုင်းအဝိုင်းအဖွဲ့အစည်းများမှ စုဆောင်း ရရှိသော အလှူငွေများအတွက် ဂုဏ်ပြုလွှာများကိုလည်း တင်ခဲ့သည်။ ဖက်ဒရယ်မူများကို ထောက်ခံမှု၏ ပြယုဂ်အဖြစ် NUG က AA/ULA ထံ ကျပ်သန်း (၁၀၀) လှူဒါန်းခဲ့သည်။

ဤတော်လှန်ရေးအဖွဲ့အစည်းများက AA/ULA ထံသို့ တရားဝင်မှုနှင့် အသိအမှတ်ပြုမှု အတိုင်းအတာတစ်ခုကို ပေးအပ်ခဲ့သည်မှာ ထင်ရှားသည်။ ဆိုင်ကလုန်းမုန်တိုင်းနှင့် ပတ်သက်၍ ERO များထံမှ ထုတ်ပြန်ချက် အများ အပြားသည် ၎င်းတို့ကိုယ်တိုင်လည်း ပတ်သက်နေသော နစကနှင့် နိုင်ငံတော် ဖြစ်တည်မှုနှင့် အခွင့်အာဏာအပေါ် ယှဉ်ပြိုင်မှု၏ လှုပ်ရှားပြောင်းလဲမှုများကို အထောက်အကူပြုခဲ့သည်။ ဤအချက်ကို AA/ULA ၏ ညီနောင်မဟာမိတ် သုံးဖွဲ့ဝင်များဖြစ်ကြသော တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) တို့၏ ထုတ်ပြန်ချက်များတွင် အထူးသဖြင့် ထင်ရှားစွာ တွေ့မြင်ရသည်။ ၂၀၂၃ ခုနှစ်၊ မေလ (၁၈) ရက်နေ့တွင် ဤမဟာမိတ်များက ရခိုင်ပြည်သူများအတွက် ၎င်းတို့၏ ကရုဏာနှင့် AA/ULA အပေါ် ၎င်းတို့၏ ထောက်ခံမှုကို ဖော်ပြခဲ့သည်။ ရခိုင်ပြည်သူများအတွက် အုပ်ချုပ်ရေးအဖွဲ့ အစည်းတစ်ခုအဖြစ် AA/ULA အပေါ် ၎င်းတို့၏ ယုံကြည်မှု၏ ပြယုဂ်အဖြစ် သူတို့က အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။

> ကျွန်ုပ်တို့ ညီနောင်မဟာမိတ်အဖွဲ့က မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် အရေးပေါ်အကူအညီနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရာတွင် AA/ULA အနေဖြင့် ပြည်သူလူထု၊

[95] "FPNCC, UWSA donate", 2023. ၎င်းတွင် Federal Political Negotiation and Consultative Committee (ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ)၊ မွန်ပြည်သစ်ပါတီ၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA)၊ 'ဝ' ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့ထံမှ သိသာထင်ရှားသည့်ပမာဏရှိသော အလှူငွေများ ပါဝင်သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းများကို ဦးဆောင်ကာ အကောင်းဆုံး လုပ်ဆောင်နိုင်မည်ဟု လေးနက်စွာ ယုံကြည်ပါသည်။[96]

စစ်တပ်ကဲ့သို့ပင် AA/ULA သည် ၎င်း၏ လှုပ်ရှားမှုများကို လူသိရှင်ကြား ဖြစ်စေရန် ၎င်း၏ ကိုယ်ပိုင်မီဒီယာ ကြိုးပမ်းမှုများကို အားကိုးခဲ့သည်။ သို့သော် စစ်တပ်နှင့်မတူဘဲ၊ မိမိကိုယ်ကို ထိရောက်ပြီး ယုံကြည်စိတ်ချရသော နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုအဖြစ် ပုံဖော်ရန် လွတ်လပ်သော မီဒီယာများနှင့်လည်း ထိတွေ့ဆက်ဆံခဲ့သည်။ ၎င်းကို တော်လှန်ရေးလိုလားသော မီဒီယာများ၊ အထူးသဖြင့် နိရဉ္စရာ တီဗီသတင်းနှင့် Development Media Group တို့က အခိုင်အမာ ထောက်ခံခဲ့သည်။ ဤမီဒီယာများနှင့် အခြားတော်လှန်ရေးလိုလားသော မီဒီယာများက AA/ULA ၏ ဘေးအန္တရာယ် အတွက် ကြိုတင်ပြင်ဆင်မှုများနှင့် တုံ့ပြန်မှုများကို ချီးကျူးခဲ့ပြီး ၎င်းတို့၏ လှုပ်ရှားမှုများကိုသာ သီးသန့်နီးပါး ဖော်ပြခဲ့သည်။[97] မိုခါဆိုင်ကလုန်း ERRCA အဖွဲ့မှ ဓာတ်ပုံများ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ခဲ့ပြီး မုန်တိုင်းဒဏ် အပြင်းထန်ဆုံးခံရသော ကျေးရွာများသို့ AA စစ်သားများက ဆန်၊ တာလပတ်များ၊ စားသုံး ဆီနှင့် အခြားလိုအပ်သော ပစ္စည်းများကို ပေးပို့နေပုံကို ပြသခဲ့သည်။[98] လွတ်လပ်သောနှင့် တော်လှန်ရေးလိုလားသော မီဒီယာသတင်းဆောင်းပါးများက၊ နိုင်ငံတကာအကူအညီရရှိရေး အဟန့်အတားများနှင့် ထောက်ပံ့ပို့ဆောင်ရေး အရင်းအမြစ်များ အကန့်အသတ်ရှိသော်လည်း၊ မြောက်ဦး၊ ကျောက်တော်၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့နယ်များရှိ မွတ်စလင်ကျေးရွာသားများကဲ့သို့သော် ထိခိုက်လွယ်သော ဒုက္ခသည်များထံသို့ AA/ULA က ရောက်ရှိနိုင်ခဲ့ကြောင်း အသားပေးဖော်ပြခဲ့သည်။[99] ဆောင်းပါးများက AA တပ်ဖွဲ့များက တစ်အိမ်တက်ဆင်း၊ တစ်ရွာဝင်ထွက် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှု များ၊ လမ်းများရှင်းလင်းခြင်းနှင့် အမိုးအကာ၊ ဆန်နှင့် အခြားလိုအပ်သော ပစ္စည်းများ ပံ့ပိုးပေးနေသည့် လုပ်ငန်းများကို အသားပေးဖော်ပြခဲ့သည်။[100] နိရဉ္စရာက အနာဂတ်ဘေးအန္တရာယ်များ၏ သက်ရောက်မှုများကို လျော့ပါးစေရန် သစ်ပင်များ ပြန်လည်စိုက်ပျိုးသည့် AA/ULA ၏ ကြိုးပမ်းမှုများကို ထုတ်လွှင့်ခြင်းဖြင့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုအဖြစ် ၎င်း၏ တာဝန်ယူမှုကို ထပ်မံပြသခဲ့သည်။[101] တော်လှန်ရေးလိုလားသောနှင့် လွတ်လပ်သော မီဒီယာများက စစ်တပ်

[96] Myanmar Peace Monitor, 2023.
[97] See for example, “Arakan Army is” (2023); Kyaw Hsan Hlaing (2023a; 2023b); Naw Theresa (2023).
[98] “One billion kyats donated”, 2023.
[99] See e.g. “Thousands of Pauk Taw”, 2023.
[100] “Arakan Army is actively doing rehabilitation work”, 2023.
[101] “ULA/AA replants shade trees”, 2023.

ကို နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခု အဖြစ် အသိအမှတ်ပြုသော်လည်း နိုင်ငံတကာ အကူအညီများအပေါ် နစကေ၏ ကန့်သတ်ချက် များနှင့် အဆိုးရွားဆုံးဒဏ်ခံရသော ဒေသများ၊ အထူးသဖြင့် IDP စခန်းများရှိ ပြည်သူများထံ ကယ်ဆယ်ရေးပစ္စည်းများ ပို့ပိုးရန် ပျက်ကွက်မှု ကို အသားပေးဖော်ပြလျက် နစကကို မကြာခဏဝေဖန်ခဲ့သည်။[102] AA/ULA သည် မုန်တိုင်း ဒဏ်သင့်သူများ၏ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိခဲ့သော်လည်း ၎င်းတို့ကို ပိုမိုကောင်းမွန်သော အမြင်ဖြင့် ပုံဖော်ခဲ့ကြသည်။

ဆိုင်ကလုန်းမုန်တိုင်းအပေါ် ၎င်းတို့၏ တုံ့ပြန်မှုနှင့် ပတ်သက်၍ AA အပေါ် ပြည်သူ လူထု၏ ထောက်ခံမှုကို ကျွန်ုပ်တို့အနေဖြင့် တိကျစွာ မသုံးသပ် နိုင်သော်လည်း အချို့သော နိုင်ငံရေးလေ့လာသုံးသပ်သူများက ၎င်းတို့သည် "ကြီးမားသော ဝါဒဖြန့်ချိရေးအောင်ပွဲ" တစ်ခု ရရှိခဲ့သည်ဟု သုံးသပ်ခဲ့သည်။[103] AA ၏ ကောင်းမွန်သော လုပ်ဆောင်မှုများအတွက် ဂုဏ်ပြု သည့် လူအများ၏ လူမှုကွန်ရက် မှတ်ချက်များကလည်း ကျယ်ပြန့်သော ထောက်ခံမှုရှိ ကြောင်းကို ဖော်ပြခဲ့သည်။ ဥပမာအားဖြင့် နိုင်ငံရေးသုံးသပ်သူ ကျော်ဆန်းလှိုင်က AA/ ULA ကို ချီးကျူးခဲ့ပြီး စစ်တပ်ကိုမူ ဒုက္ခသည်များထံ လူသားချင်းစာနာမှု အကူ အညီများ ပေးပို့ ရေးအတွက် နိုင်ငံရေးကစားကာ အတားအဆီးများ ဖန်တီးနေ သည့် မယုံကြည်ရသော နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုအဖြစ် ပုံဖော်ခဲ့သည်။[104] ဖာလန်[105] က နိုင်ငံတော် မဟုတ်သော လက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်သည့် အခြားအခြေအနေများတွင် ဖော်ပြ ထားသည့်အတိုင်း မြန်မာစစ်တပ်အနေဖြင့် ဆိုင်ကလုန်းဒုက္ခသည်များ၏ လိုအပ်ချက်များကို "အကြွင်းမဲ့" တာဝန်ယူဖြေရှင်းရန် မျှော်လင့်ခံရသည့်နေရာတွင် အရေးပေါ်အခြေအနေသည် AA/ULA အတွက် နိုင်ငံတော်ကို "နှိုင်းယှဉ်ချက်အရ" သာလွန်ကောင်း မွန်အောင် စွမ်းဆောင် ရန် အခွင့်အလမ်းတစ်ခု ဖြစ်လာခဲ့သည်။ အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း နှိုင်းယှဉ်ချက် အရ ဤစွမ်းဆောင်ရည်တွင် NUG နှင့် EROs များ၏ AA/ULA အပေါ် အသိအမှတ်ပြုမှုလည်း ပါဝင်ခဲ့ပြီး ၎င်းတို့က AA/ULA *မှတစ်ဆင့်* အလှူငွေများ ပေးအပ်ခဲ့ပုံက သက်သေသာဓက ဖြစ်သည်။

---

[102] ဥပမာအားဖြင့် "Arakan State residents" (2024), "Ban on aid deliveries" (2023), "Dozens of storm-hit villages" (2023), "Junta bars collection of donations" (2023), "Junta falls woefully short" (2023), Maung Khaing Tun (2023), "Myanmar junta bars aid" (2023) ကို ကြည့်ရှုနိုင်ပါသည်။

[103] Naw Theresa, 2023.

[104] Kyaw Hsan Hlaing, 2023a; 2023b.

[105] Furlan, 2023, p. 1446.

သို့သော် NUG နှင့် EROs များက AA/ULA မှတစ်ဆင့် လှူဒါန်းခဲ့သည့် နည်းလမ်းများအကြား ကွာခြားချက်တစ်ခု ရှိသည်။ EROs များနှင့်မတူဘဲ NUG သည် နိုင်ငံတော်အဆင့် အဖွဲ့အစည်းနှင့် တရားဝင်အာဏာပိုင်အဖြစ် မိမိကိုယ်ကို ပုံဖော်ခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် (ကျွန်ုပ်တို့သုံးသပ်သည်)၊ မိုခါဆိုင်ကလုန်းမုန်တိုင်းကို လူသိရှင်ကြား ပြသမှုများစွာဖြင့် တုံ့ပြန်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုသော် ၎င်းသည် AA/ULA မှတစ်ဆင့် လှူဒါန်းခြင်း တစ်ခုတည်းကိုသာ ကန့်သတ်မထားဘဲ စင်ပြိုင် နိုင်ငံတော်အဆင့် အဖွဲ့အစည်း တစ်ခုအဖြစ် ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ပံ့ပိုးပေးခဲ့သည်။ နစက ကဲ့သို့ပင် ၎င်းသည် ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ်မဟုတ်ဘဲ *အမျိုးသားအဆင့်* အဖွဲ့အစည်းတစ်ခုအဖြစ် ထိုသို့လုပ်ဆောင်ခဲ့သည်။ NUG သည် ၂၀၂၀ ရွေးကောက်ပွဲတွင် လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံခဲ့ရသော ဝန်ကြီးအများအပြားဖြင့် ဖွဲ့စည်းထားသောကြောင့် မြန်မာနိုင်ငံ၏ တရားဝင်အမျိုးသားအစိုးရဖြစ်သည်ဟု အခိုင်အမာဆိုထားသည်။[106]

AA နှင့်မတူဘဲ NUG သည် ထိုနေရာတွင် မည်သည့်နယ်မြေကိုမျှ မထိန်းချုပ်ထားသောကြောင့် ရခိုင်ပြည်နယ်ရှိ ဆိုင်ကလုန်းဒုက္ခသည်များထံ ကွင်းဆင်း၍ အလွယ်တကူ မရောက်ရှိနိုင်ခဲ့ပေ။ သို့သော် မုန်တိုင်းမတိုင်မီက ၎င်းသည် လူမှုကွန်ရက်ကို အသုံးပြု၍ လာမည့်ဘေးအန္တရာယ်၏ အန္တရာယ်များကို ကျယ်ပြန့်သော ပြည်သူလူထုထံ အသိပေးခဲ့ပြီး အန္တရာယ်ရှိသောဇုန်များရှိ ဒေသခံများကို ကြိုတင်ပြင်ဆင်ရန်နှင့် လုံခြုံသော ဘေးလွတ်ရာလမ်းကြောင်းများကို ရှာဖွေဖော်ထုတ်ရန် တိုက်တွန်းခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်း မတိုက်ခတ်မီတစ်ရက်အလိုတွင် NUG ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ၎င်းတို့၏ Facebook စာမျက်နှာတွင် စကားဝိုင်းဆွေးနွေးပွဲတစ်ခုကို စီစဉ်ခဲ့ပြီး ဘေးအန္တရာယ်လျော့ပါးရေးကို ဆွေးနွေးရန် NUG ၏ လူသားချင်းစာနာမှုဆိုင်ရာနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန (NUG-MoHaDM) ဝန်ကြီးကို ဖိတ်ကြားခဲ့သည်။ NUG က နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းများကို နစက ကို အားကိုးမည့်အစား ၎င်းတို့နှင့် ချိတ်ဆက်ရန်နှင့် ရခိုင်ပြည်နယ်ရှိ ၎င်းတို့၏ ယုံကြည်စိတ်ချရသော ကွန်ရက်များကို အသုံးပြုရန် တောင်းဆိုခဲ့သည်။ တော်လှန်ရေးအဖွဲ့အစည်းများကို လျစ်လျူရှုခဲ့သော စစ်တပ်ထိန်း

---

106 Renshaw, 2023. အာဏာသိမ်းပြီးနောက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ရွေးကောက်ခံ ကိုယ်စားလှယ်များသည် မြန်မာပြည်သူတို့၏ အကျိုးစီးပွားကို ကိုယ်စားပြုရန်အတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့ကြသည်၊ ၎င်းအဖွဲ့သည် အဖွဲ့ဝင်အများစု ပုန်းအောင်းနေရ သို့မဟုတ် ပြည်ပတွင် တိမ်းရှောင်နေရသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့နောက် မကြာမီတွင် CRPH အဖွဲ့ဝင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ အခြားကိုယ်စားလှယ်များက မြန်မာပြည်သူတို့၏ တရားဝင် အစိုးရကိုယ်စားလှယ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့ကြသည်။

ချုပ် မီဒီယာများနှင့်မတူဘဲ NUG က နစက ကို ဆိုင်ကလုန်းမုန်တိုင်းအပြီးတွင် ရခိုင် ပြည်နယ် ပြည်သူလူထုအတွက် ဒုက္ခဖြစ်စေသည့် အကျင့်ပျက်ခြစားပြီး အဟန့်အတားပြုလုပ်သော နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ခုအဖြစ် ပုံဖော်ခဲ့သည်။

NUG သည် ၎င်း၏ကိုယ်ပိုင်အလှူငွေများကိုလည်း ကတိပြုခဲ့သည်။ ရခိုင်ရှိ AA/ULA နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် မြန်မာကျပ်ငွေတစ်သန်း ရန်ပုံငွေရှာဖွေပေးခြင်း အပြင် မုန်တိုင်းဒဏ်သင့်သူများအတွက် ၎င်း၏ အခွန်ဝင်ငွေစုစုပေါင်း၏ ဆယ်ရာခိုင်နှုန်းကို လှူဒါန်းမည်ဟု ကတိပြုခဲ့သည်။[107] ရိုဟင်ဂျာဒုက္ခသည်များ၏ သီးခြားထိခိုက်လွယ်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် NUG သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ပြည်တွင်းအဖွဲ့အစည်းများမှတစ်ဆင့် အရေးပေါ်အခြေအနေအတွက် ကြိုတင် ပြင်ဆင်ရေးပစ္စည်းများကို ဖြန့်ဝေခဲ့သည်။ NUG သည် လူထုရန်ပုံငွေရှာဖွေပွဲ များကိုလည်း ကျင်းပခဲ့သည်။ ဥပမာအားဖြင့် ၂၀၂၃ ဇွန်လ (၁၉) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုသောအားဖြင့် NUG သည် “အမေ့လက်ဆောင် အမေ့ယပ်တောင်” ရန်ပုံငွေရှာဖွေရေး လှုပ်ရှားမှုကို ကျင်းပခဲ့သည်။ NUG-MoHaDM ကလည်း အလှူငွေများ မည်သည့်နေရာသို့ ရောက်ရှိသည်ကို အသေးစိတ်အစီရင်ခံစာများ အပါအဝင် (ပုံ ၉ တွင်ရှုပါ) ဘေးသင့်ဒေသများရှိ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံလူသားချင်းစာနာမှု အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများအကြောင်း ၎င်းတို့၏ Facebook စာမျက်နှာတွင် အစီရင်ခံစာများ တင်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် NUG ၏ ယာယီသမ္မတ ဒူဝါလရှီးလသည် နေရာဖော်ပြမထားသော လွတ်မြောက်နယ်မြေတစ်ခုတွင် (ရခိုင်ပြည်နယ်တွင် ဖြစ်ဖွယ်မရှိ) မုန်တိုင်းဒဏ်သင့် ပြည်သူများကို သွားရောက်တွေ့ဆုံနေသည့် ဓာတ်ပုံများကို တင်ခဲ့ပြီး ဒုက္ခသည် များအပေါ် ၎င်း၏ ထောက်ခံမှုနှင့် ဂရုစိုက်မှုကို ပြသခဲ့သည်။ ဤအကူအညီကို စစ်အုပ်ချုပ်ရေးအား ခုခံတော်လှန်ခြင်းနှင့် ချိတ်ဆက်ကာ သူက ခရီးစဉ် အတွင်း “တော်လှန်ရေး မုချအောင်ရမည်” ဟု ကြွေးကြော်ခဲ့သည်။[108] ၎င်းတို့၏ တရားဝင်အာဏာပိုင်ဖြစ်မှုကို အခြားသော ပြယုဂ်တစ်ရပ် အဖြစ် ပြသရာတွင် NUG-MoHaDM ဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ပြင်သစ်နိုင်ငံ နိုင်ငံ ခြားရေးဝန်ကြီးဌာနနှင့် တွေ့ဆုံကာ မိုခါဆိုင်ကလုန်းမုန်တိုင်း၏ သက်ရောက်မှု များနှင့် ပြင်သစ်နိုင်ငံက ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများကို အကောင်းဆုံး မည်သို့ပံ့ပိုးနိုင်မည်ကို ဆွေးနွေးခဲ့သည်။

[107] National Unity Government of Myanmar, 2023; Naw Theresa, 2023.
[108] Acting President Duwa Lashi La, 2023.

ပုံ (၉)

မိုခါဆိုင်ကလုန်းမုန်တိုင်းအတွက် NUG-MoHaDM ၏ လူသားချင်းစာနာမှု အကူအညီများ ပံ့ပိုးပေးမှုဆိုင်ရာ အစီရင်ခံစာများ။[109]


The Republic of Union of Myanmar
National Unity Government
Ministry of Humanitarian Affairs and Disaster Management
mohadm@nugmyanmar.org

Emergency Humanitarian Aid Provision for Cyclone Mocha as of 19th May 2023

Sr. No	State/ Region	Township	Description	Initial Fund Support (MMK)
1.	Rakhine	Arakan Heritage Foundation	Initial Fund Support	10,000,000
		Maungdaw, Gwa & Kyauktaw	Food and Shelter support for storm affected communities	22,000,000
2.	Chin	(9) Townships	Initial Fund Support	10,000,000
3.	Cox's Bazar, Bangladesh	Rohingya Camps	Cyclone Emergency Preparedness Kits Support for (140) vulnerable families	7,600,000
4.	Magway	(8) Townships	Emergency Support for Food & Fatality	21,707,000
5.	Sagaing	(3) Townships	Emergency Support for Food	13,450,000
6.	Yangon	(1) Township	Support for (1) Injured Person	100,000
		Total		84,857,000

နိုင်ငံတွင်းရှိ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ဘေးသင့်ဒေသများရှိ နစက မဟုတ်သော တော်လှန်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အသိအမှတ်မပြုခဲ့ သော စစ်တပ်နှင့်မတူဘဲ NUG က ဘေးသင့်ပြည်သူလူထုထံသို့ လူသားချင်း စာနာမှုအကူအညီများ မလုံလောက်မှုအတွက် နစကကို တိုက်ရိုက် အပြစ်တင်ခဲ့သည်။ ထို့ကြောင့် AA/ULA ကဲ့သို့ NUG သည် ရခိုင်ပြည်နယ်တွင် နစက နှင့် ကွင်းဆင်း၍ တိုက်ရိုက်ယှဉ်ပြိုင်နေခြင်း မဟုတ်သော်လည်း NUG သည် ၎င်း၏ အခန်းကဏ္ဍကို နစက၏ အခန်းကဏ္ဍနှင့် တိုက်ရိုက် ယှဉ်တွဲ ပြသကာ ဂရုစိုက်တတ်ပြီးတာဝန်ယူမှုရှိသော အစိုးရတစ်ရပ်အဖြစ် ၎င်း၏ အခန်းကဏ္ဍကို ပြသရန် ဘေးအန္တရာယ်ကို အသုံးချခဲ့သည်။ သို့သော် NUG ၏ ဤယှဉ်ပြိုင်ပါဝင်မှုက ဆိုင်ကလုန်း

---

[109] Public Voice Television, 2023.

မုန်တိုင်း၏ အထိခိုက်လွယ်ဆုံး ဒုက္ခသည်များဖြစ်သော ရိုဟင်ဂျာများကို မည်မျှအတိုင်းအတာ အထိ အကျိုးပြုခဲ့သည်မှာ ငြင်းခုံဖွယ်ရာဖြစ်ပြီး ၎င်းကို ကျွန်ုပ်တို့ ဆက်လက်တင်ပြပါမည်။

ရိုဟင်ဂျာရွာတစ်ရွာမှ လျစ်လျူရှုခံ ဒုက္ခသည်များ၏ အတွေ့အကြုံများ

မိုခါဆိုင်ကလုန်းမုန်တိုင်းသည် ရခိုင်ပြည်နယ်တွင် ပျက်စီးဆုံးရှုံးမှုများကို ချန်ထားခဲ့ပြီး အထူး သဖြင့် ၂၀၁၂ ခုနှစ် လူမျိုးစုများအကြား အကြမ်းဖက်မှုလှိုင်း များအပြီးတွင် တည်ထောင်ခဲ့သော နေရပ်စွန့်ခွာရသူများအတွက် စခန်းများနှင့် IDP ကျေးရွာများတွင် နေထိုင်ကြသော ရိုဟင်ဂျာ များအတွက် ပို၍ပင် ဆိုးရွားခဲ့သည်။ နစက နှင့် AA/ULA တို့က လူမျိုးရေးနှင့် ဘာသာရေး နယ်နိမိတ်များကို ကျော်လွှား၍ စစ်မှန်သော ကြင်နာမှုဖြင့် ဆိုင်ကလုန်းမုန်တိုင်းကို တုံ့ပြန် နေသည်ဟု မီဒီယာများမှတစ်ဆင့် မိမိတို့ကိုယ်ကို ပုံဖော်ခဲ့သော်လည်း ကျွန်ုပ်တို့က စွယ်တော်ဟု အမည်ပေးထားသော ကမ်းရိုးတန်း IDP ရွာတစ်ရွာ မှ ဒေသခံများထံမှ ကျွန်ုပ်တို့ ကြားသိခဲ့ရသော ပြောဆိုချက်များက ရိုဟင်ဂျာ ပြည်သူများသည် ဤအဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်သူများ၏ ကျယ်ကျယ်ပြန့်ပြန့် လျစ်လျူရှုခြင်းကို ခံခဲ့ရကြောင်း သရုပ်ဖော်နေသည်။ ကျေးရွာတစ်ရွာ၏ အတွေ့အကြုံများမှ ယေဘုယျကောက်ချက်မချရန် အရေးကြီးသော်လည်း ကျွန်ုပ်တို့၏ အင်တာဗျူးများသည် လွတ်လပ်သော မီဒီယာများနှင့် နိုင်ငံတကာ NGO များမှ အခြားနေရာများမှ အစီရင်ခံစာများနှင့် ယေဘုယျအားဖြင့် ကိုက်ညီနေသည်။[110] စွယ်တော်ရွာမှ ဒေသခံများသည် နစကနှင့် AA နှစ်ဖွဲ့လုံးက ရိုဟင်ဂျာများအပေါ် ချမှတ်ထားသော ခရီးသွား ခွင့်ပြုချက်ဆိုင်ရာ အထူးလို အပ်ချက်များကို ရုပ်သိမ်းရန် ပျက်ကွက်မှုကြောင့် ဘေးလွတ်ရာသို့ မပြောင်း ရွှေ့နိုင်ခဲ့ကြဘဲ အကူအညီ အလွန်နည်းပါးစွာသာ ရရှိခဲ့ပြီး ၎င်းတို့၏ နေအိမ်များကို ပြန်လည်တည်ဆောက်ခွင့်မှ ကန့်သတ်ခံခဲ့ရကာ မုန်တိုင်းအပြီးတွင် ၎င်းတို့၏ အဓိကအသက် မွေးဝမ်းကျောင်းလုပ်ငန်းများသို့ ပြန်မသွားနိုင်ခဲ့ကြပေ။ ထိုအချိန်တွင် အိမ်နီးချင်းကျေးရွာများ ရှိ ရခိုင်တိုင်းရင်းသား ဒေသခံများမှာမူ နစကနှင့် AA တို့၏ သီးခြားကြေညာချက်များအရ ဘေးလွတ်ရာနေရာ များသို့ လွတ်လပ်စွာ ပြောင်းရွှေ့နိုင်ခဲ့ကြသည်။

လက်ရှိ စွယ်တော်ရွာတွင် အိမ်ခြေ (၁၈၅) လုံးရှိပြီး ကျောက်တော် မြို့နယ်ထဲ၌ ပါဝင်ပါ သည်။ ဤရွာသည် ဒုက္ခသည်စခန်းအဖြစ် တည်ဆောက်ထားသည့် ရွာဖြစ်ပြီး ၂၀၁၂ လူမျိုးရေး ပဋိပက္ခတွင် ရခိုင်လူမျိုးများ၏ မီးရှို့ ဖျက်ဆီးခံရပြီးနောက် မြန်မာစစ်အစိုးရမှ မူလစွယ်တော်

---

[110] ဥပမာအားဖြင့် "They ignore us" (2023) နှင့် Amnesty International (2023) ကို ကြည့်ရှုနိုင် ပါသည်။

ရွာအစား ပြန်လည်တည်ဆောက်ပေးထားခြင်းဖြစ်သည်။[111] ၂၀၁၉ ခုနှစ်အထိ စွယ်တော်ရွာမှ ရိုဟင်ဂျာရွာသားများကို ခရီးသွားလာခွင့် ပိတ်ပင်ထားခဲ့သည်။ ၂၀၁၉ ခုနှစ် နှောင်းပိုင်းတွင် ၎င်းတို့အား ခရီးသွားလာခွင့် ပြုခဲ့သော်လည်း လူဝင်မှုကြီးကြပ် ရေး အရာရှိတစ်ဦးက ၎င်းတို့အား Form D ဟုခေါ်သော စာရွက်စာတမ်း ထုတ်ပေးမှသာ သွားလာခွင့်ရသည်။ ထို့အပြင် ရိုဟင်ဂျာရွာသားများသည် အနီးအနားကျေးရွာများတွင် နေထိုင်သော တိုင်းရင်းသား ရခိုင်ရွာသားများ အသုံးပြုသည့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကို အသုံးပြုခွင့် ပိတ်ပင်ခံခဲ့ရသည်။ ၎င်းတို့၏ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များသည် လုံခြုံရေးတပ် ဖွဲ့များနှင့် ပွဲစားများထံ အပိုငွေပေးချေမှုများ မကြာခဏ ပါဝင်သောကြောင့် သိသိသာသာ ပိုမိုမြင့်မားပြီး ခရီးသွားလာမှုကို ခက်ခဲကာ စရိတ်ကြီးမြင့်စေသည်။ ဤကုန်ကျစရိတ်များကြောင့် ရခိုင်ပြည်နယ်ပြင်ပသို့ ခရီးသွားလာခြင်း သည် လုံးဝနီးပါး မဖြစ်နိုင်ပေ။ ၂၀၂၀ ခုနှစ်မှစ၍ စွယ်တော်ရွာသည် AA နှင့် နစက တို့၏ ရောနှောထိန်းချုပ်မှုအောက်တွင် ရှိခဲ့ပြီး ဒေသခံခေါင်းဆောင်များက AA နှင့် နစက နှစ်ဖွဲ့လုံးထံ သတင်းပို့ခဲ့ရသည်။ သို့သော် မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ချိန်တွင် နစက အရာရှိအများစု ထွက်ခွာသွားသောကြောင့် ၎င်းသည် အဓိကအားဖြင့် AA ၏ ထိန်းချုပ်မှုအောက်တွင် ရှိခဲ့သည်။[112] သို့သော် မိုခါဆိုင်ကလုန်းမုန်တိုင်း မတိုင်မီ ရက်များတွင် စွယ်တော်ရွာမှ ဒေသခံများကို မုန်တိုင်းအတွက် ၎င်းတို့ဘာသာ ပြင်ဆင်ရန် ပစ်ထားခဲ့သည်။

ဒေသခံအများအပြားသည် ကျရောက်လာမည့် မုန်တိုင်းအကြောင်းကို WhatsApp အဖွဲ့တစ်ခုမှတစ်ဆင့် သိရှိခဲ့ကြသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဘာသာရေးခေါင်းဆောင်တစ်ဦးထံမှ သတိပေးချက်ရရှိခဲ့သည်။ မေလ (၁၁) ရက်နေ့ ဗလီတွင် သောကြာနေ့ ဝတ်ပြုဆုတောင်းချိန်အတွင်း သူတို့က မုန်တိုင်းအကြောင်း သတိပေးခဲ့ပြီး ဒေသခံများကို ပင်လယ်နှင့် လယ်ကွင်းများသို့ မသွားရန် အကြံပြုခဲ့သည်။ AA ကလည်း ကျေးရွာအုပ်ချုပ်ရေးမှူးကို မေလ (၁၂) ရက်မှ (၁၄) ရက်အထိ ကျေးရွာအတွင်း၌သာ နေထိုင်ရန်နှင့် အစားအစာ၊ ဆေးဝါးနှင့် အရေးကြီးစာရွက်စာတမ်းများ အပါအဝင် အရေးပေါ်ထောက်ပံ့ပစ္စည်းများ ပြင်ဆင်ထားရန် ရွာသားများအား အကြံပြုရန် အကြောင်းကြားခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ နစကသည် စွယ်တော်ရွာမှ ရိုဟင်ဂျာဒေသခံများအတွက် မုန်တိုင်း၏ သက်ရောက်မှုကို လျော့ပါးစေရန် သတင်းအချက်အလက်ပေးခြင်း သို့မဟုတ် လုံလောက်သော ပြင်ဆင်မှုများ ပြုလုပ်ခဲ့ခြင်း မရှိဘဲ အိမ်နီးချင်းကျေးရွာများရှိ ရခိုင်တိုင်းရင်းသားများကို ဘုန်းကြီးကျောင်းများ၊ တက္ကသိုလ်များနှင့် ကျောင်းများရှိ ခိုလှုံရာများသို့ ရွှေ့ပြောင်းပေးခြင်း အပါအဝင် ဦးစား

[111] ၂၀၁၂ ခုနှစ် လူမျိုးရေးပဋိပက္ခနှင့် ပတ်သက်၍ အသေးစိတ်ကို Cheesman (2017) တွင် ကြည့်ရှုနိုင်ပါသည်။

[112] ၂၀၂၄ ခုနှစ်၊ မေလလယ်ကတည်းက ကျောက်တော်မြို့နယ်သည် AA/ULA ၏ ထိန်းချုပ်မှု အောက်တွင် အပြည့်အဝ ရှိနေသည်။

ပေးခဲ့သည်။ အချို့သော ရိုဟင်ဂျာ IDP များကို အစိုးရအရာရှိများက စစ်တွေတက္ကသိုလ်တွင် နေထိုင်ရန် ဖိတ်ကြား ခဲ့သော်လည်း၊ နစကက မုန်တိုင်းကို အကြောင်းပြချက်အဖြစ် အသုံးပြု၍ ၎င်းတို့ကို နေရာရွှေ့ပြောင်းမည်ကို စိုးရိမ်သောကြောင့် သူတို့က ထိုသို့ လုပ်ဆောင်ရန် တွန့်ဆုတ်ခဲ့ကြသည်။ ထို့အပြင် ခရီးသွားခွင့်ပြုချက်ဆိုင်ရာ ရှင်းလင်းပြတ်သားမှု မရှိခြင်းက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းကို အမှန်တကယ် ခွင့်ပြုထားခြင်း ရှိ၊ မရှိ ရှုပ်ထွေးမှုကို ပိုမိုဖြစ်စေခဲ့သည်။ ဤအခြေအနေကို ထင်ဟပ်လျက် ဗွယ်တော်ရွာမှ ရိုဟင်ဂျာ ကျောင်းဆရာ တစ်ဦးက ကျွန်ုပ်တို့အား “စစ်တွေက ရခိုင်လူမျိုးအများအပြားဟာ ဘေးကင်းတဲ့နေရာ တွေကို ပြောင်းရွှေ့နိုင်ခဲ့ကြတယ် ဘာလို့လဲဆိုတော့ သူတို့က မုန်တိုင်းအကြောင်း သတင်းအချက် အလက်တွေကို သတင်းရင်းမြစ်အမျိုးမျိုးကနေ ရရှိခဲ့ကြတာကိုး။ ဒါပေမဲ့ ကျွန်တော်တို့ ရိုဟင်ဂျာတွေကတော့ အဲဒီလို မလုပ်နိုင်ခဲ့ဘူး။ ကျွန်တော်တို့ကို ခရီးသွားခွင့် မပြုခဲ့ဘူး” ဟု ပြောကြားခဲ့သည်။[113]

ဆိုင်ကလုန်းမုန်တိုင်း ကုန်းတွင်းသို့ ဝင်ရောက်တိုက်ခတ်သောအခါ ဗွယ်တော်ရွာသည် သိသာထင်ရှားသော ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ နေအိမ် ခုနစ်ဆယ်ခန့်မှာ လုံးဝ ပျက်စီးခဲ့ပြီး ကျန်ရှိသော နေအိမ်များမှာ အိမ်ခေါင်မိုးအများအပြား လွင့်ထွက်သွားကာ တစ်စိတ် တစ်ပိုင်း ပျက်စီးခဲ့သည်။ (၂၀၁၂ ခုနှစ် လူမျိုးစုများအကြား အကြမ်းဖက်မှုများအပြီး) နိုင်ငံ တကာ အလှူရှင်များက တည်ဆောက်ပေးခဲ့သော ဗလီတစ်လုံး၊ မူကြိုကျောင်းတစ် ကျောင်း နှင့် မူလတန်းကျောင်းနှစ်ကျောင်း အပါအဝင် အများပြည်သူဆိုင်ရာ အဆောက်အအုံများလည်း ပျက်စီးခဲ့သည်။ နှစ်ရှည်ပင်များ၊ စက်လှေများနှင့် မွေးမြူရေးတိရစ္ဆာန်များကဲ့သို့သော အရေး ကြီးသည့် အရင်းအမြစ်များ ပျက်စီးခဲ့သည်။ ကျေးရွာအတွင်း လူသေဆုံးမှု မရှိခဲ့သော်လည်း မုန်တိုင်းကြောင့် လှေအစင်း (၇၀) ကျော် ပျောက်ဆုံးခဲ့ပြီး နောက်ပိုင်းတွင် အစင်း (၆၀) ကို ပြန် လည်တွေ့ရှိခဲ့သည်။ ဒေသခံအများအပြားသည် မုန်တိုင်းဒဏ်သင့်သည့် အခြား IDP ကျေးရွာ များရှိ ၎င်းတို့၏ ဆွေမျိုးများကိုလည်း ဆုံးရှုံးခဲ့ကြသည်။

အပြင်းအထန် ပျက်စီးဆုံးရှုံးခဲ့သော်လည်း AA၊ နစက နှင့် ကမ္ဘာ့စားနပ် ရိက္ခာအစီအစဉ် (WFP) တို့ထံတွင် ပျက်စီးမှုဆိုင်ရာ အချက်အလက်များ ရှိနေ ပါလျက် ဗွယ်တော်ရွာ ဒေသခံ များသည် အထောက်အပံ့ သို့မဟုတ် နိုင်ငံတကာအကူအညီကို လုံးဝနီးပါး မရရှိခဲ့ကြပါ။ မေလ (၁၄) ရက်နေ့တွင် AA က VA ကို ပျက်စီးမှုအစီရင်ခံစာများ စုဆောင်းရန် ညွှန်ကြားခဲ့သော် လည်း AA ဝန်ထမ်းများ ကျေးရွာသို့ လာရောက်ခြင်းမရှိသလို အကူအညီလည်း မပေးခဲ့ပေ။ မေ လ (၂၁) ရက်နေ့တွင် WFP မှ ဝန်ထမ်းများက ပျက်စီးမှုစာရင်း ကောက် ယူမှု ပြုလုပ်ခဲ့ပြီး မေလ (၂၅) ရက်နေ့တွင် နစကက VA ၏ ကြီးကြပ်မှုအောက်တွင် ကျောင်းဆရာများနှင့် ကျောင်းသား

[113] ဗွယ်တော်ရွာသား၊ ပုဂ္ဂိုလ်ရေးအရ ဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၈ ရက်။

များကို အချက်အလက်များ စုဆောင်းရန် ညွှန်ကြားခဲ့သည်။ နစက က ရွာတစ်ရွာလုံးအတွက် စောင်တစ်ထည်၊ ဆန်တစ်အိတ်၊ ဆပ်ပြာတစ်တောင့်နှင့် အမျိုးသားဝတ်နှင့် အမျိုးသမီးဝတ် လုံချည် တစ်ထည်စီကိုသာ ပံ့ပိုးပေးခဲ့သည်။ တစ်ခုတည်းသော နောက်ထပ်အကူအညီမှာ ကျွန်ုပ်တို့ သုတေသီအဖွဲ့က စီစဉ်ပေးသော ငွေသားအလှူငွေများဖြစ်ပြီး ထိုငွေကို ရွာသားများ က အရေးပေါ်ခိုလှုံရန် တာလပတ်များ ဝယ်ယူရန် အသုံးပြုခဲ့ကြသည်။ ၂၀၂၄ ဩဂုတ်လအထိ ကျေးရွာသည် AA သို့မဟုတ် နစကထံမှ နောက်ထပ်အကူအညီများ မရရှိခဲ့ပေ။ နှိုင်းယှဉ်ကြည့် လျှင် အနီးအနားရှိ ရခိုင်တိုင်းရင်းသားကျေးရွာတစ်ခုသည် ကျေးရွာဘုန်းကြီး ကျောင်းမှတစ် ဆင့် အကူအညီများကို စုစည်းနိုင်ခဲ့သော ဒေသခံ ပရဟိတအဖွဲ့ အစည်းများထံမှ များပြားသော အကူအညီများ ရရှိခဲ့ရာ ဤအချက်က စွယ်တော်ရွာသားများအကြား စိတ်ပျက်အားငယ်မှုကို ဖြစ်စေခဲ့သည်။

အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း စွယ်တော်ရွာ ဒေသခံများအပေါ် ဆိုင်ကလုန်း မုန်တိုင်း၏ သက်ရောက်မှုသည် ဆယ်စုနှစ်များစွာကြာ နိုင်ငံတော်၏ ဖိနှိပ်ညှဉ်းပန်းမှုများနှင့် ၂၀၁၂ ခုနှစ် လူမျိုးစုများအကြား အကြမ်းဖက်မှု၏ ဆိုးရွားသော သက်ရောက်မှုများအပေါ်တွင် ထပ်ဆင့်ကျရောက်ခဲ့သည်။[114] စွယ်တော်ရွာမှ ကျွန်ုပ်တို့ အင်တာဗျူးခဲ့သော ဖြေဆိုသူတစ်ဦးက ၂၀၁၂ က ရခိုင်နှင့် ရိုဟင်ဂျာ အသိုင်းအဝိုင်းများအကြား ဖြစ်ပွားခဲ့သော လူမျိုးစုအကြမ်းဖက်မှု သည် ၎င်းတို့၏ အသိုင်းအဝိုင်းအတွက် ဆိုင်ကလုန်းမုန်တိုင်း၏ သက်ရောက်မှုကို ပိုမိုဆိုးရွား စေပုံကို အသားပေးပြောကြားခဲ့သည်။ သူတို့က ရိုဟင်ဂျာများသည် သွားလာခွင့် ကန့်သတ် ချက်များဖြင့် ဘေးအန္တရာယ် မကင်း သော၊ ရေလွှမ်းမိုးလွယ်သော နေရာများတွင် မကြာခဏ နေထိုင်ရန် ဖိအားပေးခံရပြီး ၎င်းမှာ မုန်တိုင်းဒဏ်မှ လွတ်မြောက်နိုင်စွမ်းကို အဟန့်အတား ဖြစ်စေကြောင်း သုံးသပ်ပြောကြားခဲ့သည်။

> ကျွန်တော့်ရပ်ကွက်တစ်ခုလုံး ပျက်စီးသွားတယ်။ AA ဆီကရော နစက ဆီက ရော ဘာကြိုတင်သတိပေးချက်မှ ကျွန်တော် မရခဲ့ဘူး။ ဆိုင်ကလုန်းမုန်တိုင်း အကြောင်းကို လူမှုကွန်ရက်ပေါ်မှာပဲ ကျွန်တော် ဖတ်ခဲ့ရတယ်။ ကျွန်တော်တို့ မှာ ကိုယ့်အိမ်မှာပဲ နေရုံကလွဲပြီး ရွေးချယ်စရာ မရှိခဲ့ဘူး၊ ဘယ်ကိုမှလည်း ပြောင်းလို့မရခဲ့ဘူး။ မုန်တိုင်းကို ရှောင်ရှားဖို့အတွက် ကျွန်တော်တို့ ပြင်ဆင် ချိန်မရခဲ့ဘူး … ဒီနေ့အထိ ဘယ်အဖွဲ့ အစည်းဆီကမှ ကျွန်တော်တို့ ဘာအကူ အညီမှ မရခဲ့ဘူး။[115]

---

[114] ၂၀၁၂ လူမျိုးရေးပဋိပက္ခနှင့် ပတ်သက်၍ အသေးစိတ်ကို Cheesman (2017) တွင် ကြည့်ရှုနိုင်သည်။

[115] စွယ်တော်ရွာသား၊ ပုဂ္ဂိုလ်ရေးအရ ဆက်သွယ်ပြောကြားချက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်။

ဤဖြေဆိုသူက နစကသည် မိုခါဆိုင်ကလုန်းမုန်တိုင်း မတိုင်မီနှင့် မုန်တိုင်းအပြီးတွင် ရိုဟင်ဂျာများကို တမင်တကာ လျစ်လျူရှုခဲ့ပြီး ၎င်းကြောင့် ရိုဟင်ဂျာ အသိုင်းအဝိုင်းတွင် သေဆုံးသူမြင့်မားခဲ့ရသည်ဟု ယုံကြည်သည်။ ဖြေဆိုသူက နစက၏ အထောက်အပံ့မရှိခြင်းကိုရော ရိုဟင်ဂျာတို့၏ အသက်ကို တန်ဖိုး မထားဟု ယူဆရသည့်အပေါ် ကိုပါ ဝေဖန်ခဲ့သည်။

ကျွန်ုပ်တို့ အင်တာဗျူးခဲ့သော ရခိုင်တိုင်းရင်းသား သုတေသီတစ်ဦးက AA က ၎င်းတို့ ထိန်းချုပ်ရာဒေသများတွင် အရေးပေါ်အကူအညီအချို့ ပေးခဲ့သော်လည်း ဆိုင်ကလုန်းမုန်တိုင်း၏ အလုံးစုံသက်ရောက်မှုမှာ အလွန်ပြင်းထန် သဖြင့် ၎င်းတို့တွင် လုံလောက်စွာ တုံ့ပြန်နိုင်သည့် စွမ်းဆောင်ရည် မရှိခဲ့ဘဲ ဤအချက်က ၎င်းတို့ကို ရခိုင်တိုင်းရင်းသားများကို ဦးစားပေးရန် ဖြစ်စေခဲ့သည်ဟု မှတ်ချက်ပြုခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်း တုံ့ပြန်မှုအပေါ် နစက နှင့် AA အကြား ယှဉ်ပြိုင်မှုသည် ပူးပေါင်းညှိနှိုင်းမှုမရှိခြင်းကို ဖြစ်စေခဲ့ပြီး ၎င်းက ရိုဟင်ဂျာများအပေါ် အပြင်းထန်ဆုံး သက်ရောက်မှုရှိခဲ့သည်ဟုလည်း သူက မှတ်ချက်ပြုခဲ့သည်။ သူက ပြည်ပအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့များအပေါ် ၎င်း၏ ကန့်သတ်ချက်များအတွက် နစက ကို အဓိက အပြစ်တင်ခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို ရိုဟင်ဂျာတို့၏ နက်ရှိုင်းစွာ ခံစားရနိုင်ခြေနှင့် ယှဉ်ပြိုင်နေသော နိုင်ငံတော်တည်ထောင်သူများက ၎င်းတို့ကို လျစ်လျူ ရှုခဲ့ပုံများကို နားလည်သဘောပေါက်ရန် နောက်ခံတွင် အရင်းခံနေသော ပိုမို နက်ရှိုင်းသည့် သမိုင်းဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ လှုပ်ရှားပြောင်းလဲမှုများကို အလေးပေးဖော်ပြရန် အရေးကြီးသည်။ ၁၉၈၂ ခုနှစ်တွင် ၎င်းတို့၏ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခံရပြီးနောက် ရိုဟင်ဂျာများသည် ကြီးမားသော နေရပ်စွန့်ခွာရသည့် လှိုင်းများအပါအဝင် ဆယ်စုနှစ်များစွာကြာ နိုင်ငံတော်၏ စနစ်တကျ ဖယ်ကြဉ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ဖိနှိပ်မှုများကို ရင်ဆိုင်ခဲ့ရပြီး၊ ၎င်းက သူတို့ကို နိုင်ငံရေးနှင့် လူမှုရေးနယ်ပယ်အားလုံးတွင် ဘေးဖယ်ထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်း ခံရစေခဲ့သည်။[116] ဂျွန်ဆန် နှင့် အဖွဲ့မှ ဖော်ပြသည့်အတိုင်း[117] ဤအချက်သည် သွားလာမှုကန့်သတ်ချက်များ၊ ဆင်းရဲမွဲတေမှု၊ ညံ့ဖျင်းသောအိမ်ရာ၊ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများမရှိခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းများ၏ သက်ရောက်မှုကို ခံရလွယ်သော အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများအပေါ် မှီခိုနေရခြင်းတို့နှင့် ပေါင်းစပ်ကာ ရိုဟင်ဂျာများကို ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များအား အထူးသဖြင့် ပိုမိုထိခိုက်ခံစားရလွယ် ကူစေခဲ့သည်။[118]

ဤအချက်က မိုခါဆိုင်ကလုန်းမုန်တိုင်းသည် သာမန် 'သဘာဝ' ဘေး အန္တရာယ်တစ်ခုမျှသာ မဟုတ်ဘဲ၊ နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှု နှင့် ဘေးဖယ်ထားမှု ပုံစံများတွင်

[116] De Chickera, 2021; Gehlot, 2021; Nyana Yoni, 2021; Zahed, 2023.
[117] Johnson et al., 2019.
[118] Johnson et al., 2019, p. 86.

နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော ဘေး အန္တရာယ်တစ်ခုဖြစ်ကြောင်း ထင်ဟပ်စေသည်။[119] နစကနှင့် အထူးသဖြင့် AA နှစ်ဖွဲ့လုံးက ဘာသာရေးနှင့် လူမျိုးရေးကွဲပြားမှုများအထက်တွင် ရှိသော ကြားနေ နိုင်ငံတော်အဆင့် အဖွဲ့အစည်းများဟူသော အထင်အမြင်ကို ပေးခဲ့သော် လည်း ဆိုင်ကလုန်းမုန်တိုင်းအပေါ် ၎င်းတို့၏ ယှဉ်ပြိုင်တုံ့ပြန်မှုများတွင် လက်တွေ့၌ ၎င်းတို့၏ လုပ်ဆောင်ချက်များသည် နိုင်ငံမဲ့ပြည်သူများအဖြစ် ရိုဟင်ဂျာတို့၏ ဘေးဖယ်ခံရမှုကို ပိုမိုခိုင်မာစေခဲ့သည်။ ဤအကြောင်းကြောင့် မိုခါဆိုင်ကလုန်းမုန်တိုင်းသည် 'အာဏာပြဇာတ်ခုံ' တစ်ခု ဖြစ်လာခဲ့ပြီး၊ ၎င်းအတွင်း၌ မုန်တိုင်းဒဏ်သင့်သူများအတွက် စစ်မှန်သော စိုးရိမ်မှုများသည် အာဏာပြသရန်နှင့် နိုင်ငံတော်သဏ္ဌာန် ထိန်းချုပ်မှုကို အခိုင်အမာပြသရန် ရည်မှန်းချက်များကြောင့် နောက်ဆုံးတွင် အားနည်းသွားခဲ့ရသည်။

နိဂုံး

မိုခါဆိုင်ကလုန်းမုန်တိုင်း ဖြစ်ရပ်သည် ဘေးအန္တရာယ်များ ဖြစ်ပွားပြီး တုံ့ပြန်ကြသည့် နိုင်ငံရေးနှင့် လူမှုရေးဖြစ်စဉ်များနှင့် ပိုမိုစဉ်ဆက်မပြတ်ပြီး ဝေဖန်ပိုင်းခြားမှုရှိစွာ ထိတွေ့ ဆက်ဆံရန် တောင်းဆိုနေသော ဘေးအန္တရာယ်များ၏ နိုင်ငံရေးဆိုင်ရာ တိုးပွားလာသော လေ့လာမှုစာပေများကို အားဖြည့်ပေးသည်။[120] မိုခါဆိုင်ကလုန်းမုန်တိုင်းကဲ့သို့သော ဘေးအန္တရာယ်တစ်ခုကို တစ်ခု တည်းသော၊ အမြဲတမ်းဖြစ်သော၊ သို့မဟုတ် အလိုအလျောက်ဖြစ်သော ဖြစ်ရပ် တစ်ခုအဖြစ် ရှုမြင်ခြင်းထက် နိုင်ငံရေးဂေဟဗေဒနှင့် မနုဿဗေဒဆိုင်ရာ လေ့လာမှုများက ဘေးအန္တရာယ်များသည် ရှုပ်ထွေးပြီး အာဏာနှင့် ဆက်နွယ် သော လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် သမိုင်းဆိုင်ရာ ဖြစ်စဉ်များတွင် မည်သို့ အမြစ်တွယ်နေသည်ကို ပြသနေသည်။[121] ဤဆောင်းပါးတွင် ကျွန်ုပ်တို့သည် ကြီးမားသော နိုင်ငံရေးပြိုကွဲမှု၊ ဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက် ပဋိပက္ခများနှင့် နယ်မြေထိန်းချုပ်မှုအပေါ် အငြင်းပွားမှုများ ဖြစ်ပေါ်နေချိန်တွင် ယှဉ်ပြိုင်နေသော နိုင်ငံတော်တည်ထောင်သူ အဖွဲ့အစည်းများက ဘေး အန္တရာယ်တုံ့ပြန်မှုများ မှတစ်ဆင့် ၎င်းတို့၏ ထိရောက်မှုနှင့် တရားဝင်မှုကို ပြသရန် အသုံးချခဲ့သောကြောင့် မိုခါ ဆိုင်ကလုန်းမုန်တိုင်းသည် 'အာဏာဇာတ်ခုံ' တစ်ခုဖြစ်လာခဲ့ကြောင်း အဆိုပြုခဲ့သည်။ စစ်ကောင်စီသည် မုန်တိုင်း၏ ကြေကွဲဖွယ်အဖြစ်ကို အသုံးပြု၍ ၎င်းတို့ကိုယ်ကို ထိရောက်သော နိုင်ငံတော်ယန္တရားတစ်ခုအဖြစ်သာမက ရက်ရောပြီး ဂရုစိုက်တတ်သော အဖွဲ့အစည်းတစ်ခု အဖြစ်ပါ ကျယ်ပြန့်သော မီဒီယာပြသမှုများ ပြုလုပ်ခဲ့ပုံကို ကျွန်ုပ်တို့ ပြသခဲ့သည်။ ၎င်းတို့သည်

[119] Siddiqi, 2018; Walch, 2014; 2018.
[120] Makley, 2014; Siddiqi, 2014; 2018; Venugopal & Yasir, 2017; Walch, 2015.
[121] Branch, 2018; Paprocki, 2021; Passeri, 2022; Siddiqi, 2018.

ဗုဒ္ဓဘာသာဆိုင်ရာ ဘာသာရေးအမှတ်သညာများနှင့် ဘာသာစကားများကို မကြာခဏ အသုံးပြုခဲ့ပြီး တော်လှန်ရေးအဖွဲ့များနှင့် ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများ၊ အရပ်သားများအပေါ် ရက်စက်ကြမ်းကြုတ်မှုများနှင့် တစ်နိုင်ငံလုံးတွင် နယ်မြေထိန်းချုပ်မှု ကျဆင်းလာခြင်းတို့ကိုမူ ဖုံးကွယ်ထားခဲ့သည်။ AA/ULA က ဆိုင်ကလုန်းဒုက္ခသည်များကို မည်သို့ မည်ပုံ ကူညီခြင်းနှင့် ၎င်း၏ တိုးတက်ပြောင်းလဲနေသော အုပ်ချုပ်မှုစနစ်ကို အသုံးပြု၍ ၎င်း၏ တိုးမြင့်လာသော တည်ရှိမှုကို အခိုင်အမာပြသပြီး အားဖြည့် ခဲ့ပုံကိုလည်း ကျွန်ုပ်တို့ လေ့လာဆန်းစစ်ခဲ့သည်။ ၎င်းသည် ရခိုင်ပြည်သူများနှင့် တော်လှန်ရေးလှုပ်ရှားမှုအတွင်းရှိ အခြားအဖွဲ့အစည်းများထံမှ နိုင်ငံတော် အဆင့် အဖွဲ့အစည်းတစ်ခုအဖြစ် အသိအမှတ်ပြုမှု ရရှိခဲ့သည်။ NUG သည် ဘေးသင့်ဒေသများသို့ ကိုယ်ထိလက်ရောက် ကွင်းဆင်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့သော်လည်း မုန်တိုင်းဒဏ်သင့်သူများအတွက် ဂရုစိုက်မှုနှင့် အထောက်အပံ့ကို ပြသခြင်းဖြင့် ဤအာဏာဇာတ်ခုံတွင် ပါဝင်ခဲ့သည်။ ကျွန်ုပ်တို့ ဖော်ပြခဲ့ သည့်အတိုင်း နစက၊ AA/ULA နှင့် NUG တို့သည် တရားဝင်မှုနှင့် အုပ်ချုပ်မှု စွမ်းရည်များကို ပြသရန် ကြိုးပမ်းရာတွင် နိုင်ငံတော်အာဏာ၏ မတူညီသော ထုံးတမ်းစဉ်လာများနှင့် ပြကွက်များကို အသီးသီး အသုံးပြုခဲ့ကြသည်။ ဤ နည်းဖြင့် နိုင်ငံရေးပြိုကွဲချိန်အတွင်း 'သဘာဝ' ဘေးအန္တရာယ်များသည် တည် ဆောက်ဆဲ နိုင်ငံတော်အာဏာကို အကောင်အထည်ဖော်ပြသနိုင်သည့် ထူးခြားသော ပြကွက် သို့မဟုတ် 'ဇာတ်ခုံ' တစ်ခု ဖြစ်လာနိုင်ပုံကို ကျွန်ုပ်တို့ သရုပ်ဖော် ပြသထားသည်။

သို့သော် ဤအာဏာဇာတ်ခုံတွင် ဘေးအန္တရာယ်တုံ့ပြန်မှုအား နိုင်ငံရေး ဆန်စေခြင်းသည် အပြင်းအထန်ဆုံး ထိခိုက်ခံစားခဲ့ရသော ဒုက္ခသည်များဖြစ် သည့် ရိုဟင်ဂျာတို့၏ အကျိုးစီးပွားကို နစ်နာစေခဲ့သည်။ မီဒီယာနှင့် လူမှု ကွန်ရက် ကိုယ်စားပြုမှုများဆိုင်ရာ ကျွန်ုပ်တို့၏ ခွဲခြမ်းစိတ်ဖြာချက်တွင် စစ်တပ်ထိန်းချုပ်မီဒီယာများ၌ စစ်ကောင်စီ၏ အောင်မြင်သော ဘေးအန္တရာယ် တုံ့ပြန်မှု၊ အလှူငွေများနှင့် အရပ်သားများအပေါ် ဂရုစိုက်သည်ဟုဆိုသော အကြောင်းအရာများကို ဂုဏ်ပြုဖော်ပြခြင်းအပေါ် အာရုံစိုက်နေသောကြောင့် ရိုဟင်ဂျာဒုက္ခသည်များ၏ ဒုက္ခသည် ထင်ထင်ရှားရှား ပျောက်ဆုံးနေခဲ့သည်။ နေရပ်စွန့်ခွာရသူများအတွက် စခန်းများရှိ မွတ်စလင်အသိုင်းအဝိုင်း၏ ထူးခြား သော ထိခိုက်လွယ်မှုအပေါ် AA/ULA ဘက်မှ အသိအမှတ်ပြုမှုအချို့ ရှိခဲ့သော် လည်း ၎င်းတို့က ထိုသူများကို ရိုဟင်ဂျာဟု မည်သည့်အခါမျှ ရည်ညွှန်း ပြောဆိုခဲ့ခြင်း မရှိဘဲ စွယ်တော်ရွာ ဖြစ်ရပ်ဖြင့် ကျွန်ုပ်တို့ ပြသခဲ့သည့်အတိုင်း ၎င်းတို့၏ တုံ့ပြန်မှုများတွင် ရခိုင်တိုင်းရင်းသားတို့၏ လိုအပ်ချက်များကို ရှင်းလင်းစွာ ဦးစားပေးခဲ့သည်။

ဤအဖြစ်အပျက်ကို နားလည်ရန် မိုခါဆိုင်ကလုန်းမုန်တိုင်းအား နိုင်ငံရေး ဆန်စေခြင်းကို အာဏာသိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ပြိုကွဲမှုနောက်ပိုင်း အပြောင်းအလဲများနှင့် ဆက်စပ်၍ သာမက ရိုဟင်ဂျာများအပေါ် ဆယ်စုနှစ်များစွာ ကြာ နိုင်ငံတော်၏ ဖိနှိပ်ညှဉ်းပန်းမှု၊ လူမျိုးစု အကြမ်းဖက်မှုနှင့် လူမျိုးတုံး သတ်ဖြတ်မှုတို့အပေါ် ထပ်ဆင့်ကျရောက်နေသည်ဟု ရှုမြင်ရန်

လိုအပ်သည်။ ဤဆောင်းပါး၏ တွေ့ရှိချက်များနှင့်အညီ လဘီးယွန် နှင့် ဝိုက်ဇ်နက်ဂါ[122] တို့က နိုင်ငံရေးအရ ဘေးဖယ်ခံထားရသော အုပ်စုများအတွက် ရှိရင်းစွဲ အက်ကြောင်းများကို ပိုမို ခိုင်မာစေသည့် သီရိလင်္ကာနှင့် အာချေးတွင် အိန္ဒိယသမုဒ္ဒရာဆူနာမီ၏ မညီမျှသော သက်ရောက်မှုများကို သရုပ်ပြခဲ့သည်။ ထို့အပြင် ပဲလင်း နှင့် ဒေးလ်[123] တို့က ပြည်တွင်းစစ် ကာလများအတွင်း နိုင်ငံတော်သည် အချို့သော အုပ်စုများနှင့် ဒေသများကို သိသိသာသာခွဲခြား ဆက်ဆံကြောင်း ပြသသည်။ ဘရန့်ချ်[124]က ယူဂန်ဒါမြောက်ပိုင်း ပဋိပက္ခဒေသများရှိ မိုးခေါင် ရေရှားဒဏ်သင့် အသိုင်းအဝိုင်းများအကြောင်း ပြောပြသကဲ့သို့ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ အသိုင်းအဝိုင်းများအတွက် ဆိုင်ကလုန်းမုန်တိုင်းကို နိုင်ငံတော်၏ အကြမ်းဖက်မှုနှင့် လျစ်လျူ ရှုမှု၏ အဆက်အဖြစ် ရှုမြင်ခံစားခဲ့ရသည်။ ဂျော်ဂျီယို အဂမ်ဘမ်၏ လေ့လာမှု[125]ကို အမှတ်ပြု၍ ဘေးအန္တရာယ်များနှင့် အကျပ်အတည်းများ၏ အခြေအနေတွင် လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်ရေးသည် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများအား 'အခြားသူ' များကို မည်သည့် အရာမျှ ပေးဆပ်ရန်မလိုသော 'အကာအကွယ်မဲ့' သို့မဟုတ် 'နှင်ထုတ်ခံ' ဘဝအဖြစ် သဘော ထားရန် ထိရောက်စွာ ခွင့်ပြုနေသည်။ မိုခါ ဆိုင်ကလုန်းမုန်တိုင်းအပြီး ရိုဟင်ဂျာတို့၏ ဖြစ်ရပ် သည် ဤအဆိုကို သက်သေပြနေသည်။ သူတို့သည် စစ်တပ်နှင့် AA နှစ်ဖွဲ့လုံးအတွက် လူ့အဖွဲ့ အစည်းမှ ဖယ်ကြဉ်ခံထားရသော အခြားသူများအဖြစ် ရှည်ကြာစွာ ရှိနေခဲ့ပြီးဖြစ်သည်။[126]

ကိုးကားချက်များကို စာမျက်နှာ (၅၂၅) တွင် ဖော်ပြထားသည်။

[122] Le Billon & Waizenegger, 2007.
[123] Pelling & Dill, 2010.
[124] Branch, 2018.
[125] Agamben, 1998.
[126] မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်း၊ SAC (နစက) နှင့် AA တို့ကြား စစ်ပွဲ ပိုမိုပြင်းထန်လာသည်နှင့်အမျှ ရိုဟင်ဂျာအသိုင်းအဝိုင်းများအပေါ် ကျူးလွန်သော အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများဆိုင်ရာ သတင်းများ တိုးပွားလာခဲ့သည်။ See "Fog of War" (2024) for more details.

Depoliticizing Vulnerability & Climate Action in Conflict Contexts: Reflections from Southeast Myanmar

Marianne Mosberg

Abstract

Climate change adaptation is often framed as a technical, apolitical process, yet adaptation policies and projects can deepen social inequities, perpetuate injustices, and intensify existing conflicts. This paper examines how violent conflict, vulnerability, and climate actions intersected in southeastern Myanmar in the years leading up to the 2021 military coup, drawing on in-depth interviews from multi-sited fieldwork conducted in 2018–2019, combined with critical policy analysis. By analyzing lived experiences of climate change and conflict in Karen State and Tanintharyi Region, the study highlights how structural violence undermines community resilience. The paper also argues that the depoliticization of climate actions obscures inherent political contestations and may legitimize interventions that (re)produce social injustices and perpetuate underlying grievances. These findings emphasize the need to integrate conflict considerations into climate policies and projects, and to place climate justice principles at the heart of climate actions to ensure equitable and effective adaptation efforts.

Introduction

The impacts of climate change are particularly severe in contexts affected by violent conflict, where people are already confronted with a multitude of risks to their lives and livelihoods. Yet conflict considerations are rarely incorporated into climate policies and adaptation strategies.[1] This disconnect was particularly evident in Myanmar during the 2010s when the semi-civilian government intensified engagement with climate change initiatives while navigating a contentious peace process. During this decade, the government developed seven national climate policies and strategies, and the country received more than US $6.6 billion in climate-related development finance.[2] Even though environmental governance and control over natural resources are closely tied to the country's conflict dynamics, climate-related

[1] Remling & Meijer, 2025.
[2] Organization for Economic Cooperation and Development, 2024.

initiatives were entirely disconnected from the peacebuilding processes. The climate policies of the incumbent Myanmar governments during this period, for instance, made negligible references to ongoing armed conflicts or the fragile peace process—key factors in shaping vulnerability dynamics in many parts of the country.

Building on the critical adaptation studies literature useful for studying the politics of climate change[3] and the depoliticization of climate actions,[4] I examine in this article how conflict considerations were addressed—or neglected—in Myanmar's climate policies, and one climate-related project in Tanintharyi Region, during the "political reforms era" of the 2010s. I also explore how these climate actions intersected with conflict dynamics in the years leading up to the 2021 military coup. To deepen this analysis, I engage with the concepts of chronic crisis[5] and rupture[6] to investigate how the protracted armed conflict in southeastern Myanmar contributed to produce vulnerability to climate change.

To examine the interplay between climate actions and conflict dynamics, research for this article focused on Karen State and Tanintharyi Region, where the world's longest-running civil war continues between the Karen National Liberation Army (KNLA) and the Myanmar military. In 2012, the KNLA's political wing, the Karen National Union (KNU), signed a bilateral ceasefire agreement with Myanmar's Union Solidarity and Development Party (USDP) government, which was extended by the Nationwide Ceasefire Agreement (NCA) in 2015. Despite these agreements, and the KNU's active participation in the peace process, political grievances remained unresolved and southeast Myanmar remained far from peaceful during the ceasefire period. [7]

However, the political reforms and ceasefire agreements during the 2010s did prompt an influx of international organizations into southeast Myanmar, seeking to protect biodiversity and forest landscapes.[8] One of the most prominent was the "Ridge to Reef: Integrated Protected Area Land and Seascape Management in Tanintharyi" project (henceforth just "R2R"), a large-scale environmental conservation initiative with climate mitigation and adaptation objectives. While the project was framed as a technical and

[3] Eriksen et al., 2021.
[4] Mikulewicz, 2018.
[5] Vigh, 2008.
[6] Holbraad et al., 2019; Lund, 2016.
[7] Stokke et al., 2022.
[8] See Naw Htee Ku & Hoffman (2026) [this issue].

apolitical initiative, it aimed to place one-third of Tanintharyi Region under an integrated land and seascape management scheme, effectively extending Myanmar government authority into KNU-controlled areas. The lack of information and sufficient consultation with local communities and key stakeholders in the region led to significant concern. Karen communities displaced by conflict in the 1990s were particularly concerned about their ability to return to their ancestral lands and continue their traditional livelihood practices.[9]

Some civil society organizations (CSOs) and the KNU then rallied in opposition to the project, advocating on behalf of communities to be affected by the scheme.[10] In 2018, just as the project was about to begin, the Conservation Alliance of Tanawthari (CAT), a coalition of local CSOs, submitted a formal complaint to the project's implementing agency and the donor, the Global Environment Facility (GEF). The complaint argued that the project violated provisions of the NCA, posed a significant risk to the fragile peace process, and disregarded the rights of affected populations.[11] The complaint led to a formal suspension and investigation of the project, which confirmed that the necessary steps had not been taken to ensure free prior informed consent, and that there was a failure to take the political context into sufficient consideration.[12]

This case highlights the tensions between climate initiatives and unresolved conflict dynamics in Myanmar during the 2010s, serving as a critical example of how climate policies and projects can unintentionally deepen existing drivers of conflict and vulnerability. By framing adaptation and mitigation efforts as purely technical endeavors, such initiatives can obscure the sociopolitical dimensions of vulnerability and render existing conflicts invisible. Yet, ignoring conflicts does not make them go away. On the contrary, overlooking political contestations can legitimize and promote climate actions that perpetuate social injustices, extend government control over people, territories, and resources, and inadvertently fuel underlying grievances.

The findings presented in this article thereby challenge the notion that climate change adaptation can, or should, be apolitical and technical.[13] Instead, it emphasizes the risks of depoliticizing climate actions in conflict-affected contexts, and highlights the need to take into consideration political

---

[9] Woods & Naimark, 2020; Woods, 2021.

[10] Sekine, 2021.

[11] Conservation Alliance Tanawthari, 2018.

[12] UNDP SECU, 2022a.

[13] Raleigh et al., 2024.

contestations, conflict dynamics, and social justice concerns when designing and implementing climate policies and projects.

In the next section, I situate this study within theoretical debates on the politics of climate change and vulnerability in conflict-affected contexts. I then follow with a brief outline of the methodological approach used in this research, before presenting the empirical findings in three parts. First, I examine whether and how Myanmar government climate policies took into consideration prevailing conflict dynamics and framed vulnerability to climate change. Second, I contrast this framing with realities on the ground in four villages in Karen State and Tanintharyi Region, emphasizing how vulnerability is sociopolitically produced. Finally, I use the R2R project as a case study to investigate how a climate-related initiative—aligned with objectives outlined in the climate policies—unfolded within the fragile ceasefire context of southeast Myanmar.

The Politics of Climate Change and Vulnerability in Conflict Contexts

This research is grounded in the understanding that vulnerability and adaptation to climate change are deeply sociopolitical processes, shaped by power asymmetries and struggles for authority and recognition.[14] This premise is rooted in the field of critical adaptation studies, which emerged in the early 2000s as a critique of biophysical and technical approaches to adaptation that overlook the sociopolitical dimensions of vulnerability.[15] In contrast, critical adaptation scholarship emphasizes how adaptation processes can reinforce inequitable power structures, perpetuate injustices, and lead to maladaptive outcomes.[16]

Vulnerability is here conceptualized as the predisposition to be negatively affected by climate change and other stressors,[17] due to a combination of sociopolitical processes, historical legacies, and power imbalances operating across temporal and spatial scales.[18] This perspective emphasizes that vulnerability is sociopolitically produced, not simply an outcome of exposure to biophysical climate events. As Ribot succinctly noted, "vulnerability

[14] Eriksen et al., 2015; Nightingale, 2017.
[15] Klepp & Chavez-Rodriguez, 2018; Leichenko & O'Brien, 2019; Webber, 2016.
[16] Eriksen et al., 2021; O'Brien et al., 2007; Schipper, 2020.
[17] Intergovernmental Panel on Climate Change, 2022.
[18] Eriksen et al., 2021; Thomas et al., 2019; Thomas & Warner, 2019.

does not just fall from the sky."[19] Rather, as Mikulewicz highlights, "vulnerability is, in essence, political."[20] This reflects the ways in which systemic inequities place some people in more vulnerable situations than others.

Armed conflict is increasingly recognized as a significant driver of vulnerability to climate change, as they often have profound implications for food security, socioeconomic conditions, health and education systems, social protection schemes and so on.[21] For example, qualitative research conducted in Gaza by Mason et al. revealed that participants perceived the impacts of political decisions related to the Israel-Palestine conflict as more significant contributors to their vulnerability than climate risks themselves.[22] According to Mason et al., vulnerability to climate change in this context "arise from, or are compounded by, Israeli sanctions on, and blockade of, the Gaza Strip."[23] Similarly, in Mindanao, the Philippines, Chandra et al. found that decades of armed conflict have had enduring effects on vulnerability.[24] These include malnutrition, disruption of education, and the erosion of traditional knowledge, sociocultural practices, and social cohesion—factors that are often overlooked in climate-related policies and projects.[25]

This article contributes to this growing body of research on vulnerability and conflict by leveraging the concepts of chronic crisis[26] and rupture[27] to explore contextual vulnerability in southeast Myanmar. Vigh argues that in many parts of the world, crisis is not an isolated or episodic event but an endemic, cyclical condition.[28] In such contexts, crisis becomes a chronic state where the threat of renewed conflict and political instability is ever-present.[29] Some events are so profound that they constitute moments of rupture, however. Holbraad et al. define a rupture as a "radical and often forceful form of discontinuity" that brings about significant transformations in social and political landscapes.[30] In southeast Myanmar, decades of armed

[19] Ribot 2013, p. 164.
[20] Mikulewicz, 2018, p. 29.
[21] Buhaug & von Uexkull, 2021.
[22] Mason et al., 2011.
[23] Mason et al., 2011, p. 289.
[24] Chandra et al., 2017.
[25] Chandra et al., 2017.
[26] Vigh, 2008.
[27] Holbraad et al., 2019; Lund, 2016.
[28] Vigh, 2008.
[29] Vigh, 2008.
[30] Holbraad et al., 2019, p. 1.

conflict and authoritarian governance have created a chronic crisis, which has been punctuated by moments of rupture. For instance, a military offensive in Kasuh Hpathaw, one of this study's research sites in Tanintharyi Region, in 1996–1997, stands as a clear example of such a rupture, fundamentally altering local social and political dynamics.

In line with Kyed and Chambers,[31] the politics of climate change is conceptualized in this article as discourses, policies, and actions related to climate change that are appropriated by different actors seeking authority in a contested political landscape. In this context, climate actions are defined as formalized policies and projects aimed at climate change adaptation and/or mitigation. By emphasizing the political dimensions of actions undertaken "in the name of" climate change, this perspective underscores that these initiatives are not developed or implemented in a sociopolitical vacuum. Instead, they are deeply embedded in societal and historical contexts and must be understood within broader structural dynamics that shape vulnerability patterns and influence how individuals and communities manage change.[32] For example, Dodman & Mitlin demonstrate how climate actions in Zimbabwe have become intertwined with national politics, and influenced relationships between citizens and state authorities.[33] Similarly, Funder et al. illustrate how, in Zambia, climate initiatives serve as a tool for political elites to assert authority over natural resources and present themselves favorably to external stakeholders.[34] In Myanmar, Borras et al. found that climate objectives have been used to legitimize state-led development projects, such as hydropower dams and climate-smart agriculture, thus demonstrating the close relationship between climate actions and national politics.[35]

This perspective challenges the tendency to depoliticize climate actions, especially in policymaking processes and development aid.[36] In this article, depoliticization is defined as the discursive process of framing a topic as an apolitical, technical, and managerial issue, and removing it from its political context.[37] This conceptualization also draws on the growing literature on the anti-politics, or post-politics, of climate change.[38] The anti-politics

[31] See Kyed & Chambers (2026) [this issue].
[32] Adger et al., 2014, Hartmann, 2013.
[33] Dodman & Mitlin, 2015.
[34] Funder et al., 2018.
[35] Borras et al., 2020.
[36] Desportes & Moyo-Nyoni, 2022; Remling, 2018; Swyngedouw, 2011.
[37] Wood & Flinders, 2014.
[38] Mikulewicz, 2017; Scoville-Simonds et al., 2020; Symons, 2014.

concept, popularized by Ferguson's seminal work *The Anti-Politics Machine*,[39] critiques how development aid depoliticizes issues by reducing them to technical problems detached from their political contexts. Similarly, the post-politics perspective, originating in political ecology and human geography literature, describes the reduction of political issues to consensual, managerial governance.[40]

This article also builds on the recognition that climate actions may end up exacerbating the problems they aim to address—commonly referred to as maladaptation.[41] Schipper argues that maladaptation is often a result of poorly designed adaptation interventions implemented by external actors who lack a deep understanding of the social and environmental contexts in which they unfold.[42] Similarly, Eriksen et al. assert that inequitable stakeholder participation, a lack of critical engagement with defining what "adaptation success" means, and the tendency to retrofit adaptation into existing development initiatives, are key sources of maladaptive outcomes.[43] It is not only adaptation interventions that might have negative social and environmental impacts, however. Climate change mitigation efforts that neglect or harm the well-being of affected communities or ignore local realities may also lead to malmitigation.[44]

The negative impacts of climate action on sociopolitical relations can be particularly acute in contexts of conflict. Scholars have highlighted how climate change adaptation and mitigation interventions can inadvertently trigger or intensify existing conflicts, for instance by altering power relations and shifting patterns of authority in environmental governance,[45] limiting the access or control that certain individuals or groups have over land and natural resources,[46] undermining established institutions or traditional cooperation mechanisms,[47] reinforcing processes of marginalization or exacerbating prevailing intergroup inequalities,[48] or deepening grievances related to cultural values or place attachments.[49] By situating vulnerability and

[39] Ferguson, 1990.
[40] Swyngedouw, 2011.
[41] Barnett & O'Neill, 2010.
[42] Schipper, 2020.
[43] Eriksen et al., 2021.
[44] Aall et al., 2023; Kongsager & Corbera, 2015.
[45] Nightingale, 2017.
[46] Froese & Schilling, 2019; Milman & Arsano, 2014; Work et al., 2018.
[47] Ngaruiya & Scheffran, 2016; Smucker et al., 2015.
[48] Ensor et al., 2018; Krampe et al., 2021; Sovacool, 2018.
[49] Jeffers, 2019.

climate actions within broader sociopolitical and historical contexts, this article thereby underscores how well-intentioned initiatives can inadvertently exacerbate social inequalities and conflicts unless the sociopolitical context and justice concerns are taken properly into consideration.

Methodology

This article draws on insights from 147 in-depth interviews conducted during multi-sited fieldwork in Myanmar in 2018 and 2019 as well as a critical analysis of climate policies and project documents. I characterize my interviews as being at the national (Yangon, Nay Pyi Taw), regional (Dawei, Hpa-an), and local levels (four villages in Karen State and Tanintharyi Region). A few of the interviews were also held online, while I was in Chiang Mai, Thailand, and in Norway.

At the national and regional level in Myanmar, I held semi-structured interviews with development practitioners including members of the United Nations (UN) and non-governmental organizations (NGOs), civil society actors with CSOs and community-based organizations, government staff, ethnic armed organization (EAO) representatives, embassy staff, international consultants, and experienced researchers. The participants were identified through a combination of snowball sampling and targeted outreach. While most participants were men, about one-third were women, spanning diverse professional and cultural backgrounds. The interviews were conversational and flexible, following semi-structured interview guides.

At the local level, I conducted life story narrative interviews with villagers and community leaders. This technique allowed for a deeper understanding of people's lived experiences and situated knowledge. It proved particularly useful in the prevailing context of conflict and with the sensitivities of discussing political topics in Myanmar. Additionally, this method allowed for the exploration of non-predetermined topics. The interviewees were identified through a mix of stratified, strategic, and convenience sampling.

The research site selection was guided by a desire to follow the cross-scalar politics of climate change and gain an understanding of vulnerability dynamics from multiple perspectives. The four villages (Myit Ywa and Thae Hpathaw Thawaw in Karen State, and Thaung Ywa and Kasuh Hpathaw Thawaw in Tanintharyi Region)[50] were selected based on relevance and logistical practicalities. This enabled me to explore differences between villages

[50] The village names are pseudonyms to protect research participants' identity.

located in government-controlled areas and mixed-control areas, each with different experiences of conflict, climate risks, and climate-related aid. Local research assistants, who go unnamed for security reasons, were essential to this project. They facilitated communication by translating interviews, helped me navigate the complex sociopolitical dynamics of the field, and provided valuable reflections and interpretations of participants' responses. Their contributions greatly enriched this research. For further details regarding the methodology and ethical considerations of this study, please refer to Mosberg.[51]

Rendering Conflicts Invisible in Myanmar's Climate Policies

During the "political reforms era" of the 2010s, the USDP (2011-2016) and National League for Democracy (2016-2021) governments of Myanmar developed seven national policies in response to the emerging climate crisis.[52] These climate policies established clear targets and aspirations regarding efforts to adapt to and mitigate the effects of climate change, focusing primarily on the forestry, agriculture, and energy sectors. Although some of the targets outlined in the policies, such as extending protected areas and increasing hydropower capacity, were highly controversial, references to ongoing conflicts in the country were conspicuously absent.

Notably, none of the policy documents mentioned the NCA, the interim arrangements, or the ongoing peace process. The word "conflict" appeared only sporadically across the documents, and solely in reference to localized disputes, such as those between artisanal fishermen and trawlers,[53] shrimp farmers and other land and water users,[54] and potential resource conflicts linked to displacement from sea-level rise.[55] There was also no mention of the necessity for conflict sensitivity or "do no harm" measures when implementing climate actions in conflict-affected areas of the country. Importantly, conflict was also not mentioned as a key driver of vulnerability.

---

[51] Mosberg, 2024.

[52] These included the 2012 Initial National Communication, 2012 Myanmar National Adaptation Plan of Action, 2015 Myanmar Intended Nationally Determined Contribution, 2015 Myanmar Climate Smart Agriculture Strategy, 2019 Myanmar Climate Change Master Plan, 2019 Myanmar Climate Change Strategy and the 2019 Myanmar Climate Change Policy.

[53] Ministry of Environmental Conservation and Forestry, 2012a.

[54] Ministry of Environmental Conservation and Forestry, 2012b.

[55] Ministry of Natural Resources and Environmental Conservation, 2019b.

Instead, the climate policies framed climate change as an urgent and severe external threat to (economic) development, and vulnerability as a potential future outcome of physical exposure and "over-reliance" on climate-sensitive livelihoods. The climate policies did acknowledge a few other drivers of vulnerability, such as limited access to healthcare and high poverty levels,[56] social norms affecting children with disabilities, women's limited access to natural resources, land ownership, and decision-making processes.[57] However, these factors receive significantly less attention compared to the emphasis on exposure, climate-sensitive livelihoods, and individual adaptive capacities. Importantly, the policies overlooked the sociopolitical drivers of vulnerability outlined in the next section of this article.

It appears that in these policies conflict was kept "out of frame," as something not given special attention, subordinated to what was placed within the frame and defined as the main topic.[58] Interviews with actors involved in the policy development processes suggests that this neglect of conflict-related issues resulted from the technocratic nature of the formulation processes and the depoliticized ways of framing key policy issues. In an interview with a development practitioner and member of the drafting team of one of these climate policies, I asked if there were any discussions about conflicts or the peace process when the policy was developed. "No," the interviewee responded. I followed up by asking if there were any discussions about how to think about non-government-controlled areas. "Oh, no, there was no discussion on that at all. It wasn't even mentioned. It was just, I think, the assumption was just, "this covers Myanmar as a whole." Later in the interview, I inquired whether the drafter had to navigate any political sensitivities during the policy development process, or if there were instances of censorship or self-censorship that influenced what the drafting team included in the policy document. This prompted the following reflection:

> *I feel like it was more self-censorship ... I remember we had to really closely manage the information about vulnerable groups. It's not like anyone said, we don't want these particular ethnic groups included in the policy. But I do remember that this was obviously something all of us were aware of ... So, we had to put in some wording that was not too specific, but that covered that, because obviously that was the*

---

[56] Ministry of Natural Resources and Environmental Conservation, 2019c.
[57] Ministry of Natural Resources and Environmental Conservation, 2019a.
[58] Goffman, 1974, p. 210.

> *very, well, not at the start, but it was like, yeah, we were in the middle of the Rohingya crisis. So that was in our minds.*[59]

Ngaruiya, G. W., & Scheffran, J. (2016). Actors and networks in resource conflict resolution under climate change in rural Kenya. *Earth System Dynamics*, *7*(2), 441-452. https://doi.org/10.5194/esd-7-441-2016

Nightingale, A. J. (2017). Power and politics in climate change adaptation efforts: Struggles over authority and recognition in the context of political instability. *Geoforum*, *84*, 11-20. https://doi.org/10.1016/j.geoforum.2017.05.011

O'Brien, K., Eriksen, S., Nygaard, L. P., & Schjolden, A. (2007). Why different interpretations of vulnerability matter in climate change discourses. *Climate Policy*, *7*(1), 73-88. https://doi.org/10.1080/14693062.2007.9685639

Organization for Economic Cooperation and Development. (2024). *Dataset: Climate-related development finance at the activity level, Recipient perspective, all years: 2000-2021. The OECD Development Assistance Committee (DAC) External Development Finance Statistics.* https://webfs.oecd.org/climate/RecipientPerspective/CRDF-RP-2000-2021.xlsx

Raleigh, C., Linke, A., Barrett, S., & Kazemi, E. (2024). Climate finance and conflict: Adaptation amid instability. *The Lancet Planetary Health*, *8*(1), e51-e60. https://doi.org/10.1016/S2542-5196(23)00256-5.

Remling, E. (2018). Depoliticizing adaptation: A critical analysis of EU climate adaptation policy. *Environmental Politics*, *27*(3), 477-497. https://doi.org/10.1080/09644016.2018.1429207

Remling, E., & Meijer, K. (2025). Conflict considerations in the United Nations Framework Convention on Climate Change's National Adaptation Plans. *Climate and Development*, *17*(1), 37–51. https://doi.org/10.1080/17565529.2024.2321156

Ribot, J. (2013). Vulnerability does not just fall from the sky: Toward multiscale pro-poor climate policy. In M. R. Redclift & M. Grasso (Eds.), *Handbook on Climate Change and Human Security* (pp. 164-172). Edward Elgar Publishing.

Schipper, E. L. F. (2020). Maladaptation: When adaptation to climate change goes very wrong. *One Earth*, 3(4), 409-414. https://doi.org/10.1016/j.oneear.2020.09.014

Scoville-Simonds, M., Jamali, H., & Hufty, M. (2020). The hazards of mainstreaming: Climate change adaptation politics in three dimensions. *World Development*, 125, 104683. https://10.1016/j.worlddev.2019.104683

Sekine, Y. (2021). Emerging 'agrarian climate justice' struggles in Myanmar. *The Journal of Peasant Studies*, *48*(3), 517-540. https://doi.org/10.1080/03066150.2020.1839054

Selth, A. (1998). Burma's defence expenditure and arms industries. *Contemporary Security Policy*, *19*(2), 23-49. https://10.1080/13523269808404189

Smucker, T. A., Wisner, B., Mascarenhas, A., Munishi, P., Wangui, E. E., Sinha, G., Weiner, D., Bwenge, C. & Lovell, E. (2015). Differentiated livelihoods, local institutions, and the adaptation imperative: Assessing climate change adaptation policy in Tanzania. *Geoforum*, *59*, 39-50. https://doi.org/10.1016/j.geoforum.2014.11.018

Sovacool, B. K. (2018). Bamboo beating bandits: Conflict, inequality, and vulnerability in the political ecology of climate change adaptation in Bangladesh. *World Development*, *102*, 183-194. https//doi.org/10.1016/j.worlddev.2017.10.014

Stokke, K., Klo Kwe Moo Kham, Nang K. L. Nge, & Kvanvik, S. H. (2022). Illiberal peacebuilding in a hybrid regime. Authoritarian strategies for conflict containment in Myanmar. *Political Geography*, *93*, 102551. https://doi.org/10.1016/j.polgeo.2021.102551

Suhardiman, D., Kenney-Lazar, M., & Meinzen-Dick, R. (2019). The contested terrain of land governance reform in Myanmar. *Critical Asian Studies*, *51*(3), 368-385. https://doi.org/10.1080/14672715.2019.1630845

Swyngedouw, E. (2011). Depoliticized environments: The end of nature, climate change and the post-political condition. *Royal Institute of Philosophy Supplement*, *69*, 253-274. https://doi.org/10.1017/S1358246111000300

Symons, K. (2014). Anti-politics, apocalypse and adaptation in Kenya's National Climate Change Response Strategy. *Scottish Geographical Journal*, *130*(4), 266-278. https://doi.org/10.1080/14702541.2014.907442

Thomas, K., Hardy, R. D., Lazrus, H., Mendez, M., Orlove, B., Rivera-Collazo, I., Roberts, J. T., Rockman, M., Warner, B. P., & Winthrop, R. (2019). Explaining differential vulnerability to climate change: A social science review. *Wiley Interdisciplinary Reviews. Climate Change*, *10*(2), e565. https://doi.org/10.1002/wcc.565

Thomas, K., & Warner, B. P. (2019). Weaponizing vulnerability to climate change. *Global Environmental Change*, *57*, 101928. https://10.1016/j.gloenvcha.2019.101928

Turnell, S. (2011). Fundamentals of Myanmar's Macroeconomy: A Political Economy Perspective. *Asian Economic Policy Review*, *6*(1), 136-153. https://doi.org/10.1111/j.1748-3131.2011.01190.x

UNDP. (2017). *Project Document - Ridge to Reef: Integrated Protected Area Land and Seascape Management in Tanintharyi.*

UNDP. (2018, July 16). *Media Advisory: Inception Workshop for the Ridge to Reef - Integrated Protected Area Land and Seascape Management in Tanintharyi Project.*

UNDP SECU. (2018, December 13). *Eligibility determination: Complaintant: Indigenous Communities represented by the Conservation Alliance Tanawthari (CAT) regarding the Ridge to Reef project in Myanmar.* Case no. SECU0010. UNDP Social and Environmental Compliance Unit.

UNDP SECU. (2022a, February 9). *Draft Investigation Report Part 1 of 2, Investigating allegations of non-compliance with UNDP social and environmental commitments relating to the Ridge to Reef project in Tanintharyi.* Case no. SECU0010. UNDP Social and Environmental Compliance Unit.

UNDP SECU. (2022b). *Case File - SECU0010 - Integrated Protected Area Land and Seascape Management in Tanintharyi (Ridge to Reef).* https://info.undp.org/sites/registry/secu/SECUPages/CaseFile.aspx?ItemID=28

UN Office for the Coordination of Humanitarian Affairs. (2024). *Humanitarian needs and response plan Myanmar.*

Vigh, H. (2008). Crisis and Chronicity: Anthropological Perspectives on Continuous Conflict and Decline. *Ethnos*, *73* (1), 5-24. https://doi.org/10.1080/00141840801927509

Webber, S. (2016). Climate change adaptation as a growing development priority: Towards critical adaptation scholarship. *Geography Compass*, *10*(10), 401-413. https://doi.org/10.1111/gec3.12278

Wells, T., & Lamb, V. (2021). The imaginary of a modern city: Post-politics and Myanmar's urban development. *Urban Studies*, *59*(14), 2875-2892. https://doi.org/10.1177/00420980211044006

Woods, K., & Naimark, J. (2020). Conservation as counterinsurgency: A case of ceasefire in a rebel forest in southeast Myanmsar. *Political Geography*, *83*, 102251. https://doi.org/10.1016/j.polgeo.2020.102251

Woods, K. (2021). Rebel territory in a resource frontier: Commodification and spatialized orders of rule in Tanintharyi Region, Myanmar. *Geoforum*, *124*, 371-380. https://doi.org/10.1016/j.geoforum.2021.04.030

Wood, M., & Flinders, M. (2014). Rethinking depoliticisation: Beyond the governmental. *Policy & Politics*, 42(2), 151-70.

Work, C., Rong, V., Song, D. & Scheidel, A. (2018). Maladaptation and development as usual? Investigating climate change mitigation and adaptation projects in Cambodia. *Climate Policy*, *19*, S47-S62. https://doi.org/10.1080/14693062.2018.1527677

World Bank. (2020). *Public Expenditure and Financial Accountability (PEFA) Assessment Report 2020*. World Bank Group and the Myanmar Ministry of Planning, Finance and Industry.

ထိခိုက်လွယ်မှုကို နိုင်ငံရေးနှင့် မဆိုင်သယောင်ပြုခြင်းနှင့် ပဋိပက္ခအခြေအနေများအတွင်း ရာသီဥတုဆိုင်ရာဆောင်ရွက်ချက်များ မြန်မာပြည်အရှေ့တောင်ပိုင်းမှ သုံးသပ်ချက်များ

မာရီအန်းမော့စ်ဘာ့ဂ်

အကျဉ်းချုပ်

ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးကို နည်းပညာပိုင်းဆိုင်ရာ၊ နိုင်ငံရေးကင်းလွတ်သော (နိုင်ငံရေးနှင့် သက်ဆိုင်မှု မရှိသော) ဖြစ်စဉ်တစ်ခုအဖြစ် မကြာခဏ ပုံဖော်လေ့ရှိသော်လည်း လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းများသည် လူမှုရေး မညီမျှမှုများကို ပိုမိုနက်ရှိုင်းစေကာ မတရားမှုများကို ဆက်လက်တည်တံ့စေပြီး ရှိရင်းစွဲ ပဋိပက္ခများကို ပိုမိုပြင်းထန်စေနိုင်သည်။ ဤစာတမ်းသည် ၂၀၁၈-၂၀၁၉ ခုနှစ်များတွင် နေရာဒေသအများအပြား၌ ကွင်းဆင်းလေ့လာမှုမှ ရရှိသော အတွင်းကျကျ တွေ့ဆုံမေးမြန်းမှုများနှင့် မူဝါဒပိုင်းဆိုင်ရာ ဝေဖန်ဆန်းစစ်လေ့လာမှုကို ပေါင်းစပ်အသုံးပြု၍ ၂၀၂၁ စစ်အာဏာသိမ်းမှု မတိုင်မီနှစ်များအတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌ အပြင်းအထန် ဖြစ်ပွားသော ပဋိပက္ခ၊ ထိခိုက်လွယ်မှုနှင့် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များ မည်သို့ အပြန် အလှန် သက်ရောက်ဆက်စပ်ခဲ့သည်ကို ဆန်းစစ်ထားသည်။ ကရင်ပြည်နယ်နှင့် တနင်္သာရီ တိုင်းဒေသကြီးရှိ ရာသီဥတုပြောင်းလဲမှုနှင့် ပဋိပက္ခဆိုင်ရာ ဖြတ်သန်းကြုံတွေ့ခဲ့ရသော ဘဝ အတွေ့အကြုံများကို ဆန်းစစ်ခြင်းဖြင့် ဤလေ့လာမှုသည် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ အကြမ်းဖက်မှုက အသိုင်းအဝိုင်း၏ ကြံ့ကြံ့ခံနိုင်စွမ်းကို မည်သို့ ပျက်စီးစေသည်ကို မီးမောင်းထိုး ပြထားသည်။ ဤစာတမ်းက ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို နိုင်ငံရေးနှင့် ခွဲထုတ် ခြင်းသည် ပင်ကိုရှိရင်းစွဲ နိုင်ငံရေးဆိုင်ရာ အငြင်းပွားမှုများကို ဖုံးကွယ်ထားပြီး လူမှုရေးဆိုင်ရာ မတရားမှုများကို (ပြန်လည်) ဖြစ်ပေါ်စေကာ အရင်းခံ မကျေနပ်မှုများကို ဆက်လက်တည်တံ့ စေသည့် ကြားဝင်ဆောင်ရွက်မှုများကို တရားဝင်ဖြစ်စေနိုင်သည်ဟု ဝေဖန်တင်ပြထားသည်။ ဤတွေ့ရှိချက်များသည် ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းများတွင် ပဋိပက္ခဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို ပေါင်းစပ်ရန် လိုအပ်ချက်နှင့် တရားမျှတပြီး ထိရောက်သော လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေး ကြိုးပမ်းမှုများကို သေချာစေရန် ရာသီဥတုဆိုင်ရာ တရားမျှတမှု၏ အခြေခံမူများကို ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များ၏ အဓိကဗဟိုတွင် ထားရှိရန် လိုအပ်ချက်ကို အလေးပေးဖော်ပြထားသည်။

နိဒါန်း

ဒေသခံများအနေဖြင့် ၎င်းတို့၏ဘဝများနှင့် အသက်ရှင်ရပ်တည်ရေးအတွက် များစွာသော အန္တရာယ်များနှင့် ရင်ဆိုင်နေရပြီးဖြစ်သည့် ကြမ်းတမ်းသော ပဋိပက္ခဖြစ်ပွားနေသည့် အခြေအနေများတွင် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများသည် အထူးသဖြင့်ပြင်းထန်စွာ ဖြစ်ပွားလေ့ရှိသည်။ သို့ပေကာမူ ပဋိပက္ခဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအား ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်စေရန် နေထိုင်ရေး နည်းဗျူဟာများထဲတွင် ပေါင်းစပ်ထည့်သွင်းမှုပြုလုပ်သည်မှာ လွန်စွာမှရှားပါးသည်။[1] ဤအချိတ်အဆက်မမိမှုကို မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်များအတွင်း၌ အရပ်သားတစ်ပိုင်းအစိုးရမှ ရာသီဥတုဆိုင်ရာ စီမံဆောင်ရွက်ချက်များကို အရှိန်အဟုန်မြှင့်တင်ပြီး အငြင်းပွားဖွယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ဆောင်ရွက်နေခဲ့စဉ်ကာလအတွင်းတွင် အထူးသဖြင့် ထင်ရှားစွာတွေ့မြင်ရသည်။ ဤဆယ်စုနှစ်အတွင်းတွင် အစိုးရမှ နိုင်ငံတော်အဆင့် ရာသီဥတုဆိုင်ရာမူဝါဒနှင့် နည်းဗျူဟာ ခုနှစ်ရပ်ဖန်တီးချမှတ်ခဲ့ပြီး တိုင်းပြည်အနေဖြင့် အမေရိကန်ဒေါ်လာ (၆ ဒသမ ၆) ဘီလီယံ ထက်ကျော်လွန်သောပမာဏကို ရာသီဥတုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဘဏ္ဍာငွေအဖြစ် ရရှိခဲ့သည်။[2] သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်ရေးနှင့် သဘာဝအရင်းအမြစ်များအား ထိန်းချုပ်မှုသည် တိုင်းပြည်၏ ပဋိပက္ခအခြေအနေများနှင့် နီးကပ်စွာဆက်နွယ်လျက်ရှိသော်လည်း ရာသီဥတုဆိုင်ရာစီမံချက်များသည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်မှ လုံးလုံးလျားလျား အချိတ်အဆက်ဖြတ်တောက်ခံထားခဲ့ရသည်။ သာဓကအားဖြင့် ဤကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့သော မြန်မာအစိုးရများ၏ ရာသီဥတုဆိုင်ရာ မူဝါဒများတွင် နိုင်ငံ၏ နေရာဒေသများစွာ၌ ထိခိုက်လွယ်မှုအခြေအနေများကို ပုံဖော်နေသည့် အဓိကအကြောင်းရင်းများဖြစ်သော ဖြစ်ပွားနေဆဲ လက်နက်ကိုင်ပဋိပက္ခများ သို့မဟုတ် သိမ်မွေ့ပျက်စီးလွယ်သော ငြိမ်းချမ်းရေးဖြစ်စဉ်ကို လျစ်လျူရှုထားသလောက်နီးပါးသာ ရည်ညွှန်းခဲ့သည်။

ရာသီဥတုပြောင်းလဲမှု၏ နိုင်ငံရေး[3]နှင့် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို နိုင်ငံရေးနှင့် ခွဲထုတ်ခြင်း[4]တို့ကို လေ့လာရာတွင် အသုံးဝင်သော ဝေဖန်ဆန်းစစ်သည့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးဆိုင်ရာ လေ့လာမှု စာပေများကို အခြေခံ၍၊ ဤဆောင်းပါးတွင် ၂၀၁၀ ပြည့်နှစ်များ၏ “နိုင်ငံရေးပြုပြင်ပြောင်းလဲရေးခေတ်” အတွင်း မြန်မာနိုင်ငံ၏ ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ရာသီဥတုနှင့်ဆက်စပ်သော စီမံကိန်းတစ်ခုတွင် ပဋိပက္ခဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို မည်သို့ ကိုင်တွယ်ဖြေရှင်းခဲ့သည်

---

[1] Remling & Meijer, 2025.

[2] Organization for Economic Cooperation and Development, 2024.

[3] Eriksen et al., 2021.

[4] Mikulewicz, 2018.

သို့မဟုတ် လျစ်လျူရှုခဲ့သည်ကို ဆန်းစစ်ထားသည်။ ၂၀၂၁ စစ်အာဏာသိမ်းမှု မတိုင်မီနှစ်များ အတွင်း ဤရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များသည် ပဋိပက္ခအခြေအနေများနှင့် မည်သို့ အပြန်အလှန် သက်ရောက်ဆက်စပ်ခဲ့သည်ကိုလည်း စူးစမ်းလေ့လာထားသည်။ ဤဆန်းစစ် လေ့လာမှုကို ပိုမိုနက်ရှိုင်းစေရန် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ကြာရှည်နေသော လက်နက် ကိုင်ပဋိပက္ခက ရာသီဥတုပြောင်းလဲမှုအပေါ် ထိခိုက်လွယ်မှုကို ဖြစ်ပေါ်စေရန် မည်သို့ အထောက်အကူပြုခဲ့သည်ကို စုံစမ်းစစ်ဆေးရန် သက်ဆိုးရှည်အကျပ်အတည်း (chronic crisis)[5] နှင့် တစ်ဆစ်ချိုးအပြောင်းအလဲ (rupture)[6] ဟူသော သဘောတရားများကို အသုံးပြု ထားသည်။

ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ပဋိပက္ခအသွားအလာများ ကြားမှ ဆက်စပ် ယှက်နွယ်မှုများကို စူးစမ်းလေ့လာမှုပြုလုပ်ရန် ဤဆောင်းပါးအတွက် သုတေသနအား ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် မြန်မာစစ်တပ်အကြားဖြစ်ပွားနေသည့် ကမ္ဘာ့အရှည်ကြာဆုံး ပြည်တွင်းစစ်တည်နေရာဖြစ်သော ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း တို့တွင် အဓိကထားဆောင်ရွက်ထားသည်။ ၂၀၁၂ ခုနှစ်တွင် KNLA ၏ နိုင်ငံရေးအပိုင်း ဖြစ် သည့် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ မြန်မာနိုင်ငံ၏ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပါတီ (USDP) နှင့် နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို လက်မှတ်ထိုးခဲ့ပြီး ၎င်းသည် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီမှုစာချုပ် (NCA) ဖြင့် ဆက်လက်သက်တမ်းတိုးခဲ့သည်။ ဤကဲ့သို့သဘောတူညီမှုများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် KNU ၏ တက်ကြွစွာပါဝင်ဆောင်ရွက်မှုကြားကပင် နိုင်ငံရေး မကျေနပ်မှု များအား ဖြေရှင်းနိုင်ခဲ့ခြင်းမရှိဘဲ အပစ်အခတ်ရပ်စဲရေးကာလ အတွင်းတွင် မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းသည် ငြိမ်းချမ်းရေးနှင့် ဝေးကွာနေခဲ့ ဆဲဖြစ်သည်။[7]

သို့သော် ၂၀၁၀ ခုနှစ်များအတွင်း နိုင်ငံရေးအသွင်ပြောင်းလဲမှုများနှင့် အပစ်အခတ်ရပ်စဲ ရေးသဘောတူညီမှုများမှ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောဧရိယာများကို ကာကွယ်ရန် ကြိုးပမ်းသော နိုင်ငံတကာအဖွဲ့အစည်းများ မြန်မာ နိုင်ငံအရှေ့တောင်ပိုင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာစေရန် စေ့ဆော်မှုပြုပေးနိုင်ခဲ့သည်။[8] ၎င်းတို့အနက် အထင်ရှားဆုံး စီမံကိန်း များထဲမှ တစ်ခုမှာ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေး ရည်ရွယ်ချက်များပါရှိသည့် ကြီးမားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကမကထပြုမှုတစ်ခုဖြစ်သည့် “တောင်တန်းမှသည် သန္တာကျောက်တန်းဆီသို့၊ တနင်္သာရီ

---

[5] Vigh, 2008.
[6] Holbraad et al., 2019; Lund, 2016.
[7] Stokke et al., 2022.
[8] နော်ထီးခူနှင့် ဟော့ဖ်မန်း (ဤစာစောင်) တွင်ရှုရန်။

ဒေသရှိ ကာကွယ်စောင့်ရှောက်ထားသော ကုန်းမြေနှင့် ပင်လယ်ဧရိယာများကို ဘက်စုံပေါင်းစပ်စီမံခန့်ခွဲခြင်း” (ဤမှစ၍ “R2R” ဟုရည်ညွှန်းဖော်ပြမည့်) စီမံကိန်းဖြစ်သည်။ ဤစီမံကိန်းကို နည်းပညာပိုင်းဆိုင်ရာနှင့် နိုင်ငံရေးကင်းလွတ်သော ကမကထပြုမှုတစ်ခုအဖြစ် ပုံဖော်ထားသော်လည်း ၎င်း၏ရည်ရွယ်ချက်မှာ တနင်္သာရီတိုင်းဒေသကြီး၏ သုံးပုံတစ်ပုံကို ဘက်စုံပေါင်းစပ် ကုန်းမြေနှင့် ပင်လယ်ဧရိယာ စီမံခန့်ခွဲမှုအစီအစဉ်အောက်တွင် ထားရှိခြင်းဖြင့် မြန်မာအစိုးရ၏ အာဏာစက်ကို KNU ထိန်းချုပ်နယ်မြေများအတွင်းသို့ ထိထိရောက်ရောက် တိုးချဲ့ရန်ဖြစ်သည်။ ဒေသတွင်းရှိ ဒေသခံပြည်သူလူထုများနှင့် အဓိကသက်ဆိုင်သူများထံ သတင်းအချက်အလက်ပေးမှုအားနည်းခြင်းနှင့် လုံလောက်သော ဆွေးနွေးတိုင်ပင်မှုများ မရှိသောကြောင့် သိသာထင်ရှားသော စိုးရိမ်ပူပန်မှုများ ဖြစ်ပွားခဲ့သည်။ ၁၉၉၀ ပြည့်နှစ်များအတွင်း ပဋိပက္ခကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ကရင်တိုင်းရင်းသား အသိုင်းအဝိုင်းများမှာ ၎င်းတို့၏ ဘိုးဘွားပိုင်မြေများသို့ ပြန်လည်အခြေချနိုင်ရေးနှင့် ရိုးရာအသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ရေးတို့အတွက် အထူးသဖြင့် စိုးရိမ်ပူပန်ခဲ့ကြသည်။[9]

အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) အချို့နှင့် KNU တို့သည် အဆိုပါအစီအစဉ်ကြောင့် ထိခိုက်နစ်နာရမည့် အသိုင်းအဝိုင်းများကိုယ်စား နှိုးဆော်တိုက်တွန်းကာ စီမံကိန်းကို စုပေါင်းဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။[10] ၂၀၁၈ ခုနှစ် စီမံကိန်း မစတင်မီလေးတွင် ဒေသခံ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ မဟာမိတ်အဖွဲ့တစ်ခုဖြစ်သော တနေသာရီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မဟာမိတ်ဖက်အဖွဲ့ (CAT) က စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အေဂျင်စီနှင့် အလှူရှင်ဖြစ်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ရန်ပုံငွေအဖွဲ့ (GEF) တို့ထံသို့ တရားဝင်တိုင်ကြားစာတစ်စောင် တင်သွင်းခဲ့သည်။ အဆိုပါတိုင်ကြားစာတွင် စီမံကိန်းသည် NCA ၏ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ကြောင်း၊ သိမ်မွေ့ပျက်စီးလွယ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သိသာထင်ရှားသည့် စိန်ခေါ်မှုများ ဖြစ်ပေါ်စေကြောင်းနှင့် ထိခိုက်နစ်နာရမည့် ပြည်သူလူထု၏ အခွင့်အရေးများကို မျက်ကွယ်ပြုကြောင်း ဖော်ပြထားသည်။[11] ထိုတိုင်ကြားစာကြောင့် စီမံကိန်းကို တရားဝင်ဆိုင်းငံ့ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ထိုစစ်ဆေးမှုများအရ လွတ်လပ်စွာ ကြိုတင်၍ သိရှိသဘောတူညီခွင့်ရရှိရန် လိုအပ်သည့် အဆင့်များကို ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်းနှင့် နိုင်ငံရေးနောက်ခံအခြေအနေကို လုံလောက်စွာ ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ခဲ့ကြောင်းကို အတည်ပြုနိုင်ခဲ့သည်။[12]

---

[9] Woods & Naimark, 2020; Woods, 2021.
[10] Sekine, 2021.
[11] Conservation Alliance Tanawthari, 2018.
[12] UNDP SECU, 2022a.

ဤဖြစ်ရပ်သည် ၂၀၁၀ ပြည့်နှစ်များအတွင်း မြန်မာနိုင်ငံ၌ ရာသီဥတုဆိုင်ရာ ကမကထပြုမှုများနှင့် မပြေလည်သေးသော ပဋိပက္ခအခြေအနေများအကြားရှိ တင်းမာမှုများကို မီးမောင်းထိုးပြနေပြီး ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းများက လက်ရှိပဋိပက္ခနှင့် ထိခိုက်လွယ်မှုတို့ကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများကို မရည်ရွယ်ဘဲ မည်သို့ ပိုမိုနက်ရှိုင်းစေနိုင်သည်ကိုပြသနေသည့် အရေးကြီးသော သာဓကတစ်ခုအဖြစ်လည်း ရှိနေသည်။ လိုက်လျောညီထွေဖြစ်စေရေးနှင့် လျော့ပါးသက်သာစေရေး ကြိုးပမ်းမှုများကို နည်းပညာသက်သက်ကြိုးပမ်းဆောင်ရွက်မှုများအဖြစ် ပုံဖော်ခြင်းအားဖြင့် အဆိုပါ ကမကထပြုမှုများသည် ထိခိုက်လွယ်မှု၏ လူမှု-နိုင်ငံရေးဆိုင်ရာ အတိုင်းအတာများကို ဖုံးကွယ်ထားနိုင်ပြီး လက်ရှိပဋိပက္ခများကိုလည်း မမြင်အောင် ပြုလုပ်ထားနိုင်သည်။ သို့သော်လည်း ပဋိပက္ခများကို မျက်ကွယ်ပြုလိုက်ရုံဖြင့် ၎င်းတို့က ပျောက်ကွယ်သွားမည်မဟုတ်ဘဲ ၎င်းနှင့် ဆန့်ကျင်ဘက်သာ ဖြစ်လာနိုင်သည်။ နိုင်ငံရေးဆိုင်ရာ အငြင်းပွားမှုများကို လျစ်လျူရှုခြင်းသည် လူမှုရေးဆိုင်ရာ မတရားမှုများကို ဆက်လက်တည်တံ့စေကာ ပြည်သူလူထု၊ နယ်မြေနှင့် သယံဇာတများအပေါ် အစိုးရ၏ ထိန်းချုပ်မှုကို တိုးချဲ့စေပြီး အရင်းခံ မကျေနပ်မှုများကို မရည်ရွယ်ဘဲ ပိုမိုဆိုးရွားစေသည့် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို တရားဝင်ဖြစ်စေကာ အားပေးမြှင့်တင်ရာ ရောက်နိုင်သည်။

သို့ဖြစ်ရာ ဤဆောင်းပါးပါ တွေ့ရှိချက်များက ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးသည် နိုင်ငံရေးကင်းလွတ်ပြီး နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်တစ်ခုဖြစ်နိုင် သို့မဟုတ် ဖြစ်သင့်သည်ဟူသော အယူအဆကို စိန်ခေါ်လျက်ရှိသည်။[13] ၎င်းအစား ဤဆောင်းပါးသည် ပဋိပက္ခသက်ရောက်မှုရှိသော အခြေအနေများတွင် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို နိုင်ငံရေးနှင့် ခွဲထုတ်ခြင်း၏ အန္တရာယ်များကို အလေးပေးဖော်ပြထားပြီး ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်သည့်အခါ နိုင်ငံရေးဆိုင်ရာ အငြင်းပွားမှုများ၊ ပဋိပက္ခအခြေအနေများနှင့် လူမှုရေးတရားမျှတမှုဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန် လိုကြောင်းကိုလည်း မီးမောင်းထိုးပြထားသည်။

နောက်အခန်းတွင် ဤလေ့လာမှုကို ပဋိပက္ခသက်ရောက်မှုရှိသော အခြေအနေများအတွင်းရှိ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံရေးနှင့် ထိခိုက်လွယ်မှုဆိုင်ရာ သီအိုရီပိုင်းငြင်းခုံဆွေးနွေးချက်များ၏ ဘောင်အတွင်း၌ တည်ဆောက်သုံးသပ်သွားမည်ဖြစ်သည်။ ထို့နောက် လက်တွေ့ ကွင်းဆင်းလေ့လာမှုမှ တွေ့ရှိချက်များကို အပိုင်းသုံးပိုင်းခွဲ၍ မတင်ပြမီ ဤသုတေသနတွင် အသုံးပြုခဲ့သော နည်းစနစ်ပိုင်းဆိုင်ရာ ချဉ်းကပ်မှုကို အကျဉ်းချုံး ဖော်ပြပါမည်။ ပထမဦးစွာ မြန်မာအစိုးရ၏ ရာသီဥတုဆိုင်ရာ မူဝါဒများက လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်းရှိ၊ မရှိနှင့် ရာသီဥတုပြောင်းလဲမှုကြောင့်

[13] Raleigh et al., 2024.

ဖြစ်သော ထိခိုက်လွယ်မှုကို မည်သို့ပုံဖော်ခဲ့သည်ကို ဆန်းစစ်ပါမည်။ ဒုတိယအနေဖြင့် အစိုးရ မူဝါဒများ၏ ပုံဖော်မှုကို ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးရွာလေးရွာမှ လက်တွေ့အခြေအနေများနှင့် နှိုင်းယှဉ်ပြခြင်းဖြင့် ထိခိုက်လွယ်မှုသည် လူမှု-နိုင်ငံရေးအရ မည်သို့ ဖြစ်ပေါ်လာသည်ကို အလေးပေးဖော်ပြပါမည်။ နောက်ဆုံးအနေဖြင့် ရာသီဥတုဆိုင်ရာ မူဝါဒများတွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များနှင့်အညီ လုပ်ဆောင်သော ရာသီဥတုနှင့် ဆက်စပ်သည့် ကမကထပြုမှုတစ်ခုက မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၏ သိမ်မွေ့ပျက်စီးလွယ် သော အပစ်အခတ်ရပ်စဲရေး အခြေအနေအတွင်း မည်သို့ဖြစ်ပေါ်လာခဲ့သည်ကို စုံစမ်းလေ့လာ ရန် R2R စီမံကိန်းကို ဖြစ်ရပ်လေ့လာမှုအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

ပဋိပက္ခအခြေအနေများတွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံရေးနှင့် ထိခိုက်လွယ်မှု

ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော ထိခိုက်လွယ်မှုနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးသည် တန်းတူညီမျှမရှိသော အာဏာဖွဲ့စည်းပုံများ၊ အခွင့်အာဏာနှင့် အသိအမှတ်ပြုမှုအတွက် ရုန်းကန်ကြိုးပမ်းမှုများက ပုံဖော်သည့် နက်နဲသော လူမှု-နိုင်ငံရေးဆိုင်ရာ ဖြစ်စဉ်များဖြစ်သည်ဟူသော နားလည်မှုအပေါ် ဤသုတေသနက အခြေတည်ထားသည်။[14] ဤအခြေခံယူဆချက်သည် ၂၀၁၀ ပြည့်နှစ်များအစောပိုင်းတွင် ပေါ်ပေါက်ခဲ့သော လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးကို နိုင်ငံရေးအမြင်ဖြင့် လေ့လာ ခြင်း နယ်ပယ်၌ အမြစ်တွယ်နေသည်။ အဆိုပါလေ့လာမှုနယ်ပယ်သည် ထိခိုက်လွယ်မှု၏ လူမှု-နိုင်ငံရေးဆိုင်ရာ အတိုင်းအတာများကို မျက်ကွယ်ပြုသည့် ဇီဝရုပ်ပိုင်းဆိုင်ရာနှင့် နည်းပညာ ပိုင်းဆိုင်ရာ ချဉ်းကပ်မှုများကို ဝေဖန်သုံးသပ်ရာမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။[15] လိုက်လျော ညီထွေဖြစ်အောင် နေထိုင်ရေးကိုနိုင်ငံရေးအမြင်ဖြင့်လေ့လာခြင်း ပညာရပ်ကမူ လိုက်လျောညီ ထွေဖြစ်အောင် နေထိုင်ရေး ဖြစ်စဉ်များသည် တန်းတူညီမျှမရှိသော အာဏာဖွဲ့စည်းပုံများကို ပိုမိုခိုင်မာစေနိုင်ပုံ၊ မတရားမှုများကို ဆက်လက်တည်တံ့စေနိုင်ပုံနှင့် မှန်ကန်မှုမရှိသော လိုက်လျောညီမှုများ (maladaptive outcomes) ဆီသို့ ဦးတည်သွားစေနိုင်ပုံတို့ကို အလေးပေးဖော်ပြသည်။[16]

ဤနေရာတွင် ထိခိုက်လွယ်မှု (vulnerability) ကို အချိန်ကာလနှင့် နေရာဒေသ အတိုင်းအတာအမျိုးမျိုးတွင် ဖြစ်ပေါ်လည်ပတ်နေသော လူမှု-နိုင်ငံရေးဆိုင်ရာ ဖြစ်စဉ်များ၊

[14] Eriksen et al., 2015; Nightingale, 2017.
[15] Klepp & Chavez-Rodriguez, 2018; Leichenko & O'Brien, 2019; Webber, 2016.
[16] Eriksen et al., 2021; O'Brien et al., 2007; Schipper, 2020.

သမိုင်းတစ်လျှောက် အခြေအနေများနှင့် တန်းတူညီမျှမရှိသော အာဏာဖွဲ့စည်းပုံများ ပေါင်းစပ်မှုကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် အခြားသော ဖိအားပေးသည့် အကြောင်းအရာများ[17]၏ ဆိုးကျိုးသက်ရောက်မှုကို ခံရနိုင်ခြေရှိသည့် အခြေအနေတစ်ရပ်အဖြစ် အယူအဆသဘောတရားအရ သတ်မှတ်ထားသည်။[18] ဤရှုထောင့်မှ ထိခိုက်လွယ်မှုသည် လူမှု-နိုင်ငံရေးအရ ဖန်တီးဖြစ်ပေါ်လာခြင်းဖြစ်ပြီး ဇီဝရုပ်ပိုင်းဆိုင်ရာ ရာသီဥတုဖြစ်စဉ်များနှင့် ထိတွေ့ရုံမျှဖြင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်တစ်ခု မဟုတ်ကြောင်းကို အလေးပေးဖော်ပြနေသည်။ ရီဘော့က တိုတိုနှင့်လိုရင်း ထောက်ပြခဲ့သလိုပင် "ထိခိုက်လွယ်မှုဆိုသည်မှာ အလိုလိုနေရင်း ကောင်းကင်ပေါ်က ကျလာသည့်အရာ မဟုတ်ပါ။"[19] ထိုသို့မဟုတ်ဘဲ မခီလူဝိဇ်က မီးမောင်းထိုးပြသကဲ့သို့ "ထိခိုက်လွယ်မှု၏ အခြေအမြစ်သည် နိုင်ငံရေးပင်ဖြစ်သည်"[20]။ ဤအချက်သည် စနစ်တကျရှိနေသော မညီမျှမှုများက လူတချို့ကို အခြားသူများထက် ပိုမိုထိခိုက်လွယ်သော အခြေအနေများသို့ မည်သို့ တွန်းပို့နေသည်ကို ထင်ဟပ်စေသည်။

လက်နက်ကိုင်ပဋိပက္ခများသည် စားနပ်ရိက္ခာဖူလုံမှု၊ လူမှု-စီးပွား အခြေအနေများ၊ ကျန်းမာရေးနှင့် ပညာရေးစနစ်များ၊ လူမှုအကာအကွယ်ပေးရေး အစီအစဉ်များ စသည်တို့အပေါ် နက်ရှိုင်းသော သက်ရောက်မှုများ ရှိတတ်သောကြောင့် ၎င်းတို့ကို ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော ထိခိုက်လွယ်မှုကို ဖြစ်ပေါ်စေသည့် အဓိကတွန်းအားတစ်ခုအဖြစ် တဖြည်းဖြည်း ပိုမိုအသိအမှတ်ပြုလာကြသည်။[21] ဥပမာအားဖြင့် မေဆင်နှင့် အဖွဲ့က ဂါဇာတွင် ပြုလုပ်ခဲ့သော အရည်အသွေးအခြေပြု သုတေသနတစ်ခုအရ ပါဝင်သူများက ၎င်းတို့၏ ထိခိုက်လွယ်မှုအပေါ် ရာသီဥတုဆိုင်ရာ အန္တရာယ်များထက် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခနှင့် ဆက်စပ်သော နိုင်ငံရေးဆုံးဖြတ်ချက်များ၏ သက်ရောက်မှုများက ပို၍ အဓိက ကျသည်ဟု ရှုမြင်ကြကြောင်း တွေ့ရှိရသည်။[22] မေဆင်နှင့်အဖွဲ့၏ အဆိုအရ ဤအခြေအနေတွင် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သော ထိခိုက်လွယ်မှုသည် "ဂါဇာကမ်းမြောင်ဒေသအပေါ် အစ္စရေး၏ ပိတ်ဆို့အရေးယူမှုများနှင့် ဝိုင်းဝန်းပိတ်ဆို့ထားမှုတို့မှ ဖြစ်ပေါ်လာခြင်း သို့မဟုတ် ၎င်းတို့ကြောင့် ပိုမိုဆိုးရွားလာခြင်း" ဖြစ်သည်။[23] အလားတူပင် ဖိလစ်ပိုင်နိုင်ငံ၊ မင်ဒါနာအိုဒေသတွင် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော လက်နက်ကိုင်ပဋိပက္ခသည် ထိခိုက်လွယ်မှုအပေါ်

[17] Intergovernmental Panel on Climate Change, 2022.
[18] Eriksen et al., 2021; Thomas et al., 2019; Thomas & Warner, 2019.
[19] Ribot 2013, p. 164.
[20] Mikulewicz, 2018, p. 29.
[21] Buhaug & von Uexkull, 2021.
[22] Mason et al., 2011.
[23] Mason et al., 2011, p. 289.

ကြာရှည်စွာ သက်ရောက်မှုများ ရှိခဲ့ကြောင်း ချန်ဒရာ နှင့် အဖွဲ့က တွေ့ရှိခဲ့သည်။[24] ၎င်းတို့တွင် အာဟာရချို့တဲ့မှု၊ ပညာရေး ပြတ်တောက်မှု၊ ရိုးရာအသိပညာများ၊ လူမှု-ယဉ်ကျေးမှုဆိုင်ရာ ကျင့်ထုံးများနှင့် လူမှုအသိုက်အဝန်း စည်းလုံးညီညွတ်မှုတို့ တိုက်စား ပျက်စီးလာခြင်းများ ပါဝင်ပြီး ထိုအချက်များသည် ရာသီဥတုနှင့်ဆက်စပ်သော မူဝါဒများနှင့် စီမံကိန်းများတွင် မကြာခဏ မျက်ကွယ်ပြုခံရလေ့ရှိသည်။[25]

ဤဆောင်းပါးသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ နောက်ခံအခြေအနေအလိုက် ဖြစ်ပေါ်သော ထိခိုက်လွယ်မှုကို လေ့လာစူးစမ်းရာတွင် သက်ဆိုးရှည်အကျပ်အတည်း[26] နှင့် တစ်ဆစ်ချိုးပြောင်းလဲမှု[27] ဟူသော အယူအဆများကို အသုံးပြုခြင်းဖြင့် ထိခိုက်လွယ်မှုနှင့် ပဋိပက္ခဆိုင်ရာ တိုးပွားလာသော သုတေသနများကို အထောက်အကူပြုထားသည်။ ဗင်းဂ်ဟ်၏ အဆိုအရ ကမ္ဘာ့နေရာအများအပြားတွင် အကျပ်အတည်းဆိုသည်မှာ သီးခြားဖြစ်ပေါ်သည့် သို့မဟုတ် အပိုင်းလိုက်ဖြစ်ပေါ်သည့် ဖြစ်ရပ်တစ်ခုမဟုတ်ဘဲ ဒေသတစ်ခုအတွင်း အမြစ်တွယ်နေပြီး သံသရာလည်နေသည့် အခြေအနေတစ်ခု ဖြစ်သည်။[28] ထိုကဲ့သို့သော အခြေအနေများတွင် အကျပ်အတည်းသည် ပဋိပက္ခများ ပြန်လည်ဖြစ်ပွားမည့်အန္တရာယ်နှင့် နိုင်ငံရေး မတည်ငြိမ်မှုတို့ အမြဲတစေ ရှိနေသည့် နာတာရှည်အခြေအနေတစ်ရပ် ဖြစ်လာသည်။[29] သို့သော်လည်း အချို့ဖြစ်ရပ်များသည် အလွန်နက်ရှိုင်းသောကြောင့် တစ်ဆစ်ချိုး ပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်။ ဟိုးလ်ဘရက်ဒ်နှင့် အဖွဲ့က တစ်ဆစ်ချိုးပြောင်းလဲမှုကို လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အခင်းအကျင်းများတွင် သိသာထင်ရှားသော အသွင်ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည့် "အခြေခံကျပြီး အင်အားသုံးရလေ့ရှိသော ဆက်တိုက်မဖြစ်မှုပုံစံတစ်ခု" ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။[30] မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော လက်နက်ကိုင်ပဋိပက္ခနှင့် အာဏာရှင်အုပ်ချုပ်မှုတို့က သက်ဆိုးရှည်အကျပ်အတည်း တစ်ခုကို ဖန်တီးခဲ့ပြီး ၎င်းအကျပ်အတည်းအတွင်း တစ်ဆစ်ချိုးပြောင်းလဲမှုများလည်း ကြိုးကြားကြိုးကြား ဖြစ်ပေါ်စေခဲ့သည်။ ဥပမာအားဖြင့် ဤလေ့လာမှု၏ သုတေသနပြုရာ တနင်္သာရီတိုင်းဒေသကြီးရှိ နေရာတစ်ခုဖြစ်သော ကစူးဖသောတွင် ၁၉၉၆-၁၉၉၇ ခုနှစ်အတွင်းက ဖြစ်ပွားခဲ့သော စစ်တပ်၏ထိုးစစ်သည် ဒေသဆိုင်ရာ လူမှုရေးနှင့် နိုင်ငံရေး အခြေ

[24] Chandra et al., 2017.
[25] Chandra et al., 2017.
[26] Vigh, 2008.
[27] Holbraad et al., 2019; Lund, 2016.
[28] Vigh, 2008.
[29] Vigh, 2008.
[30] Holbraad et al., 2019, p. 1.

အနေများကို အခြေခံကျကျ ပြောင်းလဲစေခဲ့ပြီး ထိုကဲ့သို့သော တစ်ဆစ်ချိုးပြောင်းလဲမှုတစ်ခု၏ ရှင်းလင်းသော ဥပမာတစ်ခုအဖြစ် ရှိနေသည်။

ကူးနှင့် ချိန်းဘားစ်တို့၏ အဆိုနှင့်အညီ[31] ဤဆောင်းပါးတွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံရေးကို အငြင်းပွားဖွယ်ရာ နိုင်ငံရေးအခင်းအကျင်းတစ်ခုတွင် အခွင့်အာဏာရရှိရန် ကြိုးပမ်းနေသော မတူညီသည့်ပုဂ္ဂိုလ်အဖွဲ့အစည်းများက အသုံးချသည့် ရာသီဥတု ပြောင်းလဲမှုနှင့် ဆက်စပ်သော အယူအဆစကားဝိုင်းအခင်းအကျင်းများ၊ မူဝါဒများနှင့် လုပ်ဆောင်ချက်များအဖြစ် အယူအဆသဘောတရားအရ သတ်မှတ်ထားသည်။ ဤအခြေအနေတွင် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေး နှင့်/သို့မဟုတ် လျော့ပါးသက်သာစေရေးကို ရည်ရွယ်သည့် တရားဝင် ပုံစံချမှတ်ထားသော မူဝါဒများနှင့် စီမံကိန်းများဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ရာသီဥတုပြောင်းလဲခြင်း "အမည်ကို အသုံးပြု၍" ဆောင်ရွက်သော လုပ်ဆောင်ချက်များ၏ နိုင်ငံရေးဆိုင်ရာ အတိုင်းအတာများကို အလေးပေးခြင်းဖြင့် ဤရှုမြင်ပုံက အဆိုပါ ကမကထပြုမှုများသည် လူမှု-နိုင်ငံရေးဆိုင်ရာ လေဟာနယ်တစ်ခုအတွင်း ရေးဆွဲအကောင်အထည်ဖော်ခြင်း မဟုတ်ကြောင်း မီးမောင်းထိုးပြနေသည်။ ယင်းအစား ၎င်းတို့သည် လူမှုအဖွဲ့အစည်းဆိုင်ရာနှင့် သမိုင်းဆိုင်ရာ အခြေအနေများတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေပြီး ထိခိုက်လွယ်မှု ပုံစံများကို ပုံဖော်ပေးကာ လူတစ်ဦးချင်းနှင့် အသိုင်းအဝိုင်းများက အပြောင်းအလဲကို မည်သို့ စီမံခန့်ခွဲသည်ကို လွှမ်းမိုးသည့် ပိုမိုကျယ်ပြန့်သော ဖွဲ့စည်းပုံဆိုင်ရာ အခြေအနေများအတွင်း နားလည်သဘောပေါက်ရမည် ဖြစ်သည်။[32] ဥပမာ ဇင်ဘာဘွေနိုင်ငံရှိ ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များသည် နိုင်ငံတော်အဆင့်နိုင်ငံရေးနှင့် မည်သို့ ယှက်နွယ်လာပုံနှင့် နိုင်ငံသားများနှင့် နိုင်ငံတော်အာဏာပိုင်များအကြား ဆက်ဆံရေးကို လွှမ်းမိုးခဲ့ပုံတို့ကို ဒေါ့ဒ်မန်း နှင့် မင့်တ်လင်းတို့က သရုပ်ဖော်ပြထားသည်။[33] အလားတူပင် ဇမ်ဘီယာနိုင်ငံတွင် ရာသီဥတုဆိုင်ရာ ကမကထပြုမှုများသည် နိုင်ငံရေးအထက်တန်းလွှာများအတွက် သဘာဝသယံဇာတများအပေါ် အခွင့်အာဏာ သက်ရောက်စေရန်နှင့် ပြင်ပသက်ဆိုင်သူများထံ ၎င်းတို့ကိုယ်ကို မျက်နှာသာရအောင် တင်ပြရန် ကိရိယာတစ်ခုအဖြစ် မည်သို့အသုံးတော်ခံပုံကို ဖန်ဒါနှင့်အဖွဲ့က သရုပ်ဖော်ပြထားသည်။[34] မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဆည်များနှင့် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးကဲ့သို့သော နိုင်ငံတော်ဦးဆောင်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို တရားဝင် ဖြစ်စေရန် ရာသီဥတုဆိုင်ရာ ရည်ရွယ်ချက်များကို အသုံးပြုခဲ့ကြောင်း ဘောရက်ဖ်နှင့်အဖွဲ့က တွေ့ရှိခဲ့ပြီး ၎င်းမှာ

[31] ကူးနှင့် ချိန်းဘားစ် (ဤစာစောင်)။

[32] Adger et al., 2014, Hartmann, 2013.

[33] Dodman & Mitlin, 2015.

[34] Funder et al., 2018.

ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်နိုင်ငံရေးအကြား နီးကပ်သော ဆက်စပ်မှုကို ပြသနေသည်။[35]

ဤရှုမြင်ပုံသည် အထူးသဖြင့် မူဝါဒချမှတ်သည့် ဖြစ်စဉ်များနှင့် ဖွံ့ဖြိုးရေးအကူအညီများတွင် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို နိုင်ငံရေးနှင့် ခွဲထုတ်လေ့ရှိမှုကို စိန်ခေါ်မှုပြုနေသည်။[36] ဤဆောင်းပါးတွင် နိုင်ငံရေးနှင့် ခွဲထုတ်ခြင်း (depoliticization) ကို အကြောင်းအရာတစ်ခုအား နိုင်ငံရေးကင်းလွတ်ပြီး နည်းပညာပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်တစ်ခုအဖြစ် ပုံဖော်ကာ ၎င်း၏ နိုင်ငံရေးနောက်ခံအခြေအနေမှ ဖယ်ထုတ်သည့် အယူအဆစကားဆိုင်ရာ ဖြစ်စဉ်တစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။[37] ဤအယူအဆသဘောတရားသတ်မှတ်ချက်သည် ရာသီဥတုပြောင်းလဲခြင်း၏ နိုင်ငံရေးဆန့်ကျင်မှု (anti-politics) သို့မဟုတ် နိုင်ငံရေးလွန်ဝါဒ (post-politics) ဆိုင်ရာ တိုးပွားလာသော စာပေများကိုလည်း အခြေခံထားသည်။[38] Ferguson ၏ ထင်ရှားသော လက်ရာဖြစ်သည့် The Anti-Politics Machine[39] စာအုပ်ကြောင့် လူသိများလာခဲ့သော နိုင်ငံရေးဆန့်ကျင်မှု အယူအဆသည် ဖွံ့ဖြိုးရေးအကူအညီများက ကိစ္စရပ်များကို ၎င်းတို့၏ နိုင်ငံရေးနောက်ခံအခြေအနေများနှင့် သီးခြားခွဲထုတ်ကာ နည်းပညာပိုင်းဆိုင်ရာ ပြဿနာများအဖြစ်သို့ လျှော့ချခြင်းဖြင့် နိုင်ငံရေးနှင့် မည်သို့ခွဲထုတ်ပုံကို ဝေဖန်ထားသည်။ အလားတူပင် နိုင်ငံရေးဂေဟဗေဒနှင့် လူမှုပထဝီဝင်စာပေများမှ အစပြုခဲ့သော နိုင်ငံရေးလွန်ဝါဒ ရှုမြင်ပုံက နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များကို အများသဘောတူညီမှုဖြင့် စီမံခန့်ခွဲ အုပ်ချုပ်မှုအဖြစ်သို့ လျှော့ချခြင်းကို ဖော်ပြထားသည်။[40]

ဤဆောင်းပါးသည် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များက ၎င်းတို့ ဖြေရှင်းရန် ရည်ရွယ်သည့် ပြဿနာများကိုပင် ပိုမိုဆိုးရွားစေနိုင်သည်ဟူသော အသိအမှတ်ပြုထားမှုအပေါ်တွင်လည်း အခြေခံထားသည်။ ၎င်းကို လိုက်လျောညီထွေမဖြစ်မှု (maladaptation) ဟု အများအားဖြင့် ရည်ညွှန်းကြသည်။[41] ရှစ်ပါ ၏ အဆိုအရ လိုက်လျောညီထွေမဖြစ်မှုသည် ကိစ္စရပ်ဖြစ်ပေါ်ရာ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နောက်ခံအခြေအနေများကို နက်နက်နဲနဲ နားလည်မှုမရှိသော ပြင်ပမှ ဆောင်ရွက်အကောင်ထည်ဖော်သူများက အကောင်အထည်ဖော်သည့် ဒီဇိုင်းညံ့ဖျင်းသော လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးဆိုင်ရာ ကြားဝင်ဆောင်

[35] Borras et al., 2020.
[36] Desportes & Moyo-Nyoni, 2022; Remling, 2018; Swyngedouw, 2011.
[37] Wood & Flinders, 2014.
[38] Mikulewicz, 2017; Scoville-Simonds et al., 2020; Symons, 2014.
[39] Ferguson, 1990.
[40] Swyngedouw, 2011.
[41] Barnett & O'Neill, 2010.

ရွက်မှုများ၏ ရလဒ်တစ်ခုဖြစ်လေ့ရှိသည်ဟုဆိုသည်။[42] အလားတူပင် အဲရစ်ခ်ဆင်နှင့်အဖွဲ့ ကလည်း သက်ဆိုင်သူများ တန်းတူညီမျှမရှိဘဲ ပါဝင်မှု "လိုက်လျောညီထွေဖြစ်အောင် နေထိုင် ရေးဆိုင်ရာ အောင်မြင်မှု" ဆိုသည်မှာ ဘာလဲဟု အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဝေဖန်ဆန်းစစ်သည့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းမှု နှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးကို လက်ရှိ ဖွံ့ဖြိုးရေးဆိုင်ရာ ကမကထပြုမှုများတွင် အံဝင်ခွင်ကျဖြစ်အောင် ထည့်သွင်းလေ့ရှိမှုတို့သည် လိုက်လျောညီထွေမဖြစ်သည့် အကျိုးဆက်များ၏ အဓိက အရင်းအမြစ်များ ဖြစ်ကြသည်ဟု အခိုင်အမာဆိုထားသည်။[43] သို့သော် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု များ ရှိနိုင်သည်မှာ လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးဆိုင်ရာ ကြားဝင်ဆောင်ရွက်မှု များတစ်ခုတည်း မဟုတ်ပေ။ ထိခိုက်နစ်နာရသော အသိုင်းအဝိုင်းများ၏ သုခချမ်းသာကို မျက် ကွယ်ပြုသော သို့မဟုတ် ထိခိုက်စေသော သို့မဟုတ် ဒေသဆိုင်ရာ လက်တွေ့အခြေအနေများ ကို လျစ်လျူရှုသော ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေရေး ကြိုးပမ်းမှုများသည် လည်း လျော့ပါးသက်သာစေမှုလွဲချော်ခြင်း (malmitigation) ကို ဖြစ်ပေါ်စေနိုင်သည်။[44]

ပဋိပက္ခအခြေအနေများတွင် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များက လူမှု-နိုင်ငံရေး ဆိုင်ရာ ဆက်ဆံရေးများအပေါ် အထူးသဖြင့် ပြင်းထန်သော ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင် သည်။ ပညာရှင်များက ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးနှင့် လျော့ပါးသက်သာစေရေးဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများက လက်ရှိပဋိပက္ခများကို မရည် ရွယ်ဘဲ မည်သို့ ဖြစ်ပေါ်စေနိုင် သို့မဟုတ် ပိုမိုပြင်းထန်စေနိုင်သည်ကို မီးမောင်းထိုးပြခဲ့ကြ သည်။ ဥပမာအားဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုတွင် အာဏာဆက်ဆံရေးများကို ပြောင်း လဲစေပြီး အခွင့်အာဏာ ပုံစံများကို ရွှေ့ပြောင်းစေခြင်း[45]၊ အချို့သော လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ၏ မြေယာနှင့် သဘာဝသယံဇာတများအပေါ် ရယူသုံးစွဲခွင့် သို့မဟုတ် ထိန်းချုပ် ခွင့်ကို ကန့်သတ်ခြင်း[46]၊ အခိုင်အမာတည်ရှိနေသော အဖွဲ့အစည်းများ သို့မဟုတ် အစဉ်အလာ အရပူးပေါင်းဆောင်ရွက်မှု ယန္တရားများကို အားနည်းစေခြင်း[47]၊ ဘေးဖယ်ထုတ်ခြင်းဆိုင်ရာ ဖြစ်စဉ်များကို အားဖြည့်ပေးခြင်း သို့မဟုတ် လက်ရှိဖြစ်ပေါ်နေသော အုပ်စုများအကြား မညီမျှ မှုများကို ပိုမိုဆိုးရွားစေခြင်း[48]၊ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများ သို့မဟုတ် နေရာဒေသဆိုင်ရာ တွယ်တာမှုများနှင့် ဆက်စပ်သော မကျေနပ်မှုများကို ပိုမိုနက်ရှိုင်းစေ

---

[42] Schipper, 2020.
[43] Eriksen et al., 2021.
[44] Aall et al., 2023; Kongsager & Corbera, 2015.
[45] Nightingale, 2017.
[46] Froese & Schilling, 2019; Milman & Arsano, 2014; Work et al., 2018.
[47] Ngaruiya & Scheffran, 2016; Smucker et al., 2015.
[48] Ensor et al., 2018; Krampe et al., 2021; Sovacool, 2018.

ခြင်း[49]တို့ ဖြစ်စေနိုင်သည်။ သို့ဖြစ်ရာ ထိခိုက်လွယ်မှုနှင့် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို ပိုမိုကျယ်ပြန့်သော လူမှု-နိုင်ငံရေးနှင့် သမိုင်းဆိုင်ရာ နောက်ခံအခြေအနေများအတွင်း နေရာချထားခြင်းဖြင့် ဤဆောင်းပါးသည် လူမှု-နိုင်ငံရေး နောက်ခံအခြေအနေနှင့် တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များကို ကောင်းစွာ ထည့်သွင်းစဉ်းစားခြင်း မပြုပါက စေတနာကောင်းဖြင့် ပြုလုပ်သော ကမကထပြုမှုများကပင် လူမှုရေးမညီမျှမှုများနှင့် ပဋိပက္ခများကို မရည်ရွယ်ဘဲ မည်သို့ ပိုမိုဆိုးရွားစေနိုင်သည်ကို မီးမောင်းထိုးပြထားသည်။

သုတေသနနည်းလမ်း

ဤဆောင်းပါးသည် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်များအတွင်း မြန်မာနိုင်ငံရှိ နေရာဒေသအများအပြားတွင် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်စဉ် ဆောင်ရွက်ခဲ့သော နက်နဲကျယ်ပြန့်သည့် တွေ့ဆုံမေးမြန်းမှု (၁၄၇) ခုမှ ရရှိသည့် အတွေးအမြင်များနှင့် ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများကို ဝေဖန်ဆန်းစစ်လေ့လာမှုတို့အပေါ် အခြေခံထားသည်။ ကျွန်ုပ်၏ တွေ့ဆုံမေးမြန်းမှုများကို အမျိုးသားအဆင့် (ရန်ကုန်၊ နေပြည်တော်)၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် (ထားဝယ်၊ ဘားအံ) နှင့် ဒေသအဆင့် (ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးရွာလေးရွာ) ဟူ၍ အဆင့်သုံးဆင့်ခွဲခြား ဆောင်ရွက်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှု အချို့ကိုမူ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့နှင့် နော်ဝေနိုင်ငံတို့တွင် ကျွန်ုပ်ရှိနေစဉ် အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံရှိ အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် ကုလသမဂ္ဂ (UN) နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) မှ အဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများမှ အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များ၊ အစိုးရဝန်ထမ်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO) ကိုယ်စားလှယ်များ၊ သံရုံးဝန်ထမ်းများ၊ နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ်များနှင့် အတွေ့အကြုံရှိ သုတေသီများ အပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်သူများနှင့်အတူ ပုံစံတစ်ဝက်ကျ မေးမြန်းသည့် တွေ့ဆုံမေးမြန်းမှုများ (semi-structured interviews) ပြုလုပ်ခဲ့သည်။ ပါဝင်သူများကို ဆီးနှင်းဘောလုံး နမူနာကောက်ယူနည်း (snowball sampling) နှင့် ပစ်မှတ်ထား ဆက်သွယ်မေးမြန်းခြင်းတို့ကို ပေါင်းစပ်အသုံးပြု၍ ရွေးချယ်ခဲ့သည်။ ပါဝင်သူအများစုမှာ အမျိုးသားများဖြစ်ကြသော်လည်း သုံးပုံတစ်ပုံခန့်မှာ အမျိုးသမီးများ ဖြစ်ကြပြီး ၎င်းတို့သည် စုံလင်ကွဲပြားသော အသက်မွေးဝမ်းကျောင်းနှင့် ယဉ်ကျေးမှု နောက်ခံများမှလာကြသူများ ဖြစ်သည်။

[49] Jeffers, 2019.

တွေ့ဆုံမေးမြန်းမှုများကို ပုံစံတစ်ဝက်ကျ မေးမြန်းသည့် လမ်းညွှန်ချက်များအတိုင်း စကားပြောဆိုသည့်ပုံစံဖြင့် ပျော့ပျောင်းမှုရှိစွာ ပြုလုပ်ခဲ့ပါသည်။

ဒေသအဆင့်တွင်မူ ကျေးရွာသားများ၊ ရပ်ရွာခေါင်းဆောင်များနှင့်အတူ ဘဝဇာတ်ကြောင်း ပြန်လည်ပြောပြသည့် တွေ့ဆုံမေးမြန်းမှုများ (life story narrative interviews) ကို ပြုလုပ်ခဲ့သည်။ ဤနည်းစနစ်သည် လူပုဂ္ဂိုလ်များ၏ ဖြတ်သန်းကြုံတွေ့ခဲ့ရသော ဘဝအတွေ့အကြုံများနှင့် နေရာဒေသအလိုက် အခြေအနေအရ ဖြစ်ပေါ်လာသော အသိပညာတို့ကို ပိုမိုနက်ရှိုင်းစွာ နားလည်နိုင်စေခဲ့သည်။ ဤနည်းလမ်းသည် လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခအခြေအနေနှင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကြောင်းအရာများ ဆွေးနွေးရာ၌ ရှိသော သိမ်မွေ့နူးညံ့သည့် အခြေအနေများတွင် အထူးသဖြင့် အသုံးဝင်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့အပြင် ဤနည်းလမ်းသည် ကြိုတင်သတ်မှတ်မထားသော အကြောင်းအရာများကို လေ့လာစူးစမ်းနိုင်စေခဲ့သည်။ တွေ့ဆုံမေးမြန်းခံရသူများကို အလွှာလိုက် နမူနာကောက်ယူနည်း (stratified sampling)၊ မဟာဗျူဟာမြောက် နမူနာကောက်ယူနည်း (strategic sampling) နှင့် အဆင်ပြေလွယ်ကူသည့် နမူနာကောက်ယူနည်း (convenience sampling) တို့ကို ရောနှောအသုံးပြု၍ ရွေးချယ်ခဲ့သည်။

သုတေသနပြုလုပ်ရာ နေရာဒေသများ ရွေးချယ်မှုကို အတိုင်းအတာအမျိုးမျိုးနှင့် သက်ဆိုင်သည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံရေးကို လေ့လာလိုက်စားကာ ထိခိုက်လွယ်မှု အခြေအနေများကို ရှုထောင့်ပေါင်းစုံမှ နားလည်သဘောပေါက်လိုသည့် စိတ်ဆန္ဒမှ လမ်းညွှန်လုပ်ဆောင်ပေးခဲ့သည်။ ကျေးရွာလေးရွာဖြစ်သည့် (ကရင်ပြည်နယ်ရှိ မြစ်ရွာနှင့် သေ့ဖသောရွာ၊ တနင်္သာရီတိုင်းဒေသကြီးရှိ သောင်းရွာနှင့် ကစူးဖသောရွာ)[50] တို့ကို ဆက်စပ်သက်ဆိုင်မှုနှင့် လက်တွေ့လုပ်ဆောင်ရန် လွယ်ကူမှုတို့အပေါ် အခြေခံ၍ ရွေးချယ်ခဲ့သည်။ ဤသို့ရွေးချယ်ခြင်းက ပဋိပက္ခ၊ ရာသီဥတုဆိုင်ရာ အန္တရာယ်များနှင့် ရာသီဥတုနှင့် ဆက်စပ်သော အကူအညီများဆိုင်ရာ အတွေ့အကြုံများ မတူညီကြသည့် အစိုးရထိန်းချုပ်နယ်မြေများနှင့် ထိန်းချုပ်မှုရောထွေးနေသော နယ်မြေများတွင် တည်ရှိသော ကျေးရွာများအကြား ကွာခြားချက်များကို လေ့လာစူးစမ်းနိုင်စေခဲ့သည်။ လုံခြုံရေးအကြောင်းပြချက်များကြောင့် အမည်မဖော်ပြထားသော ဒေသခံ သုတေသနလက်ထောက်များသည် ဤစီမံကိန်းအတွက် အလွန်အရေးပါခဲ့သည်။ ၎င်းတို့သည် တွေ့ဆုံမေးမြန်းမှုများကို ဘာသာပြန်ပေးခြင်းဖြင့် ဆက်သွယ်ရေးကို လွယ်ကူချောမွေ့စေခဲ့ပြီး ကွင်းဆင်းလေ့လာရာတွင် ရှုပ်ထွေးသော လူမှု-နိုင်ငံရေး အခြေအနေများကို ကျော်လွှားနိုင်ရန် ကူညီပေးကာ ပါဝင်သူများ၏ တုံ့ပြန်ချက် များအပေါ် တန်ဖိုးရှိသော သုံးသပ်ချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပေးခဲ့ကြသည်။ ၎င်းတို့၏ ပံ့ပိုးကူညီမှုများက ဤသုတေသနကို အလွန်အနှစ်သာရပြည့်ဝစေခဲ့သည်။ ဤလေ့လာမှု၏

[50] သုတေသနတွင် ပါဝင်သူများကို ကာကွယ်ရန်အတွက် ကျေးရွာအမည်များကို အမည်လွှဲထားသည်။

နည်းစနစ်နှင့် ကျင့်ဝတ်ဆိုင်ရာ စဉ်းစားသုံးသပ်ချက်များနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များအတွက် မော့စ်ဘာ့ဂ်၏ စာတမ်းကို ဖတ်ရှုကိုးကားနိုင်ပါသည်။[51]

မြန်မာနိုင်ငံ၏ ရာသီဥတုဆိုင်ရာ မူဝါဒများတွင် ပဋိပက္ခများကို မျက်ကွယ်ဖြစ်စေရန် လုပ်ဆောင်ထားခြင်း

၂၀၁၀ ပြည့်နှစ်များ၏ "နိုင်ငံရေးပြုပြင်ပြောင်းလဲရေးခေတ်" အတွင်း၊ မြန်မာနိုင်ငံ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) (၂၀၁၁-၂၀၁၆) နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) (၂၀၁၆-၂၀၂၁) အစိုးရတို့သည် ပေါ်ပေါက်လာသော ရာသီဥတု အကျပ် အတည်းကို တုံ့ပြန်ရန်အတွက် အမျိုးသားအဆင့် မူဝါဒ ခုနစ်ရပ်ကို ရေးဆွဲခဲ့ကြသည်။[52] ဤ ရာသီဥတုဆိုင်ရာ မူဝါဒများသည် သစ်တော၊ စိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍများကို အဓိကထား အာရုံစိုက်ပြီး ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို လိုက်လျောညီထွေဖြစ်အောင် နေထိုင်ရေးနှင့် လျော့ပါးသက်သာစေရေး ကြိုးပမ်းမှုများနှင့် ပတ်သက်၍ ရှင်းလင်းသော ပစ်မှတ်များနှင့် မျှော်မှန်းချက်များကို ချမှတ်ခဲ့သည်။ ကာကွယ်စောင့်ရှောက်ထားသော ဧရိယာ များ တိုးချဲ့ခြင်းနှင့် ရေအားလျှပ်စစ်စွမ်းရည် တိုးမြှင့်ခြင်းကဲ့သို့သော မူဝါဒများတွင် ဖော်ပြထား သည့် ရည်မှန်းထားချက်အချို့မှာ အလွန်အငြင်းပွားဖွယ်ရာ ဖြစ်ခဲ့သော်လည်း နိုင်ငံအတွင်း ဖြစ်ပွားနေသော ပဋိပက္ခများနှင့် ပတ်သက်သည့် ရည်ညွှန်းဖော်ပြချက်များမှာမူ သိသိသာသာ ပျောက်ဆုံးနေခဲ့သည်။

မှတ်သားဖွယ်ရာအချက်မှာ မူဝါဒဆိုင်ရာ စာရွက်စာတမ်းများတွင် တစ်ခုမှ NCA၊ ကြား ဖြတ်ကာလ စီစဉ်ဆောင်ရွက်မှုများ သို့မဟုတ် ဆက်လက်ဖြစ်ပေါ်နေဆဲ ငြိမ်းချမ်းရေးဖြစ်စဉ် တို့ကို ဖော်ပြထားမှု မရှိခဲ့ခြင်း ဖြစ်သည်။ "ပဋိပက္ခ" ဟူသော စကားလုံးသည် စာရွက်စာတမ်း များတစ်လျှောက် ကြိုကြားကြိုကြားသာ ပါဝင်ခဲ့ပြီး မိရိုးဖလာငါးဖမ်းသမားများနှင့် ငါးဖမ်း သင်္ဘောကြီးများအကြား[53]၊ ပုစွန်မွေးမြူသူများနှင့် အခြားသော မြေယာနှင့် ရေအသုံးပြုသူများ

[51] Mosberg, 2024.

[52] ၎င်းတို့တွင် ကနဦး အမျိုးသားအဆင့် ဆက်သွယ်တင်ပြချက် (၂၀၁၂)၊ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၁၂)၊ မြန်မာနိုင်ငံ၏ ရည်ရွယ်ထားသော အမျိုးသားအဆင့် သတ်မှတ်ထားသည့် ထည့်ဝင်ဆောင်ရွက်မှု (၂၀၁၅)၊ မြန်မာနိုင်ငံ ၏ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာ (၂၀၁၅)၊ မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာစီမံကိန်း (၂၀၁၉)၊ မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၉) နှင့် မြန်မာနိုင်ငံ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ (၂၀၁၉) တို့ ပါဝင်သည်။

[53] Ministry of Environmental Conservation and Forestry, 2012a.

အကြား[54] နှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် နေရပ်စွန့်ခွာရခြင်းနှင့် ဆက်စပ်နေသော ဖြစ်နိုင်ခြေရှိသည့် သယံဇာတဆိုင်ရာ ပဋိပက္ခများ[55]ကဲ့သို့သော ဒေသဆိုင်ရာ အပြောင်းအလဲများကိုသာ ရည်ညွှန်းရာတွင် အသုံးပြုခဲ့သည်။ ထို့အပြင် နိုင်ငံ၏ ပဋိပက္ခ သက်ရောက်မှုရှိသော နေရာများတွင် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်သည့်အခါ ပဋိပက္ခအခြေအနေကို သတိပြုကိုင်တွယ်ရန် လိုအပ်ချက် (conflict sensitivity) သို့မဟုတ် "ထိခိုက်မှုမရှိစေရ" (do no harm) ဟူသော ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း ဖော်ပြထားခြင်း မရှိခဲ့ပေ။ အရေးကြီးသည်မှာ ပဋိပက္ခကို ထိခိုက်လွယ်မှု၏ အဓိကတွန်းအားပေးသည့် အကြောင်းရင်းတစ်ခုအဖြစ်လည်း ဖော်ပြထားခြင်း မရှိခဲ့ခြင်း ဖြစ်သည်။

၎င်းအစား ရာသီဥတုဆိုင်ရာ မူဝါဒများက ရာသီဥတုပြောင်းလဲမှုကို (စီးပွားရေး) ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပေါ်နှင့် ပြင်းထန်သော ပြင်ပခြိမ်းခြောက်မှုတစ်ခုအဖြစ် ပုံဖော်ခဲ့ပြီး ထိခိုက်လွယ်မှုကိုမူ ရုပ်ပိုင်းဆိုင်ရာ ထိတွေ့နေမှုနှင့် ရာသီဥတုအပေါ် ထိခိုက်လွယ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို "အလွန်အမင်းမှီခိုခြင်း" တို့၏ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်တစ်ခုအဖြစ် ပုံဖော်ခဲ့သည်။ ရာသီဥတုဆိုင်ရာ မူဝါဒများက ကျန်းမာရေးစောင့်ရှောက်မှု ရရှိမှု အကန့်အသတ်ရှိခြင်းနှင့် ဆင်းရဲမွဲတေမှုနှုန်း မြင့်မားခြင်း[56]၊ မသန်စွမ်းကလေးသူငယ်များအပေါ် သက်ရောက်မှုရှိသော လူမှုစံနှုန်းများ၊ အမျိုးသမီးများ သဘာဝသယံဇာတများ ရယူသုံးစွဲခွင့်၊ မြေယာပိုင်ဆိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့် အကန့်အသတ်ရှိခြင်း[57]ကဲ့သို့သော ထိခိုက်လွယ်မှုကို ဖြစ်ပေါ်စေသည့် အခြားသော တွန်းအားအချို့ကိုမူ အသိအမှတ်ပြုခဲ့သည်။ သို့သော်လည်း၊ ဤအချက်များသည် ထိတွေ့မှု၊ ရာသီဥတုအပေါ် ထိခိုက်လွယ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် တစ်ဦး ချင်းစီ၏ လိုက်လျောညီထွေဖြစ်အောင် နေထိုင်နိုင်စွမ်းတို့အပေါ် အလေးပေးမှုနှင့် နှိုင်းယှဉ် လျှင် သိသိသာသာ အာရုံစိုက်မှု နည်းပါးစွာ ရရှိခဲ့သည်။ အရေးကြီးသည်မှာ အဆိုပါ မူဝါဒ များသည် ဤဆောင်းပါး၏ နောက်အခန်းတွင် ဖော်ပြမည့် ထိခိုက်လွယ်မှု၏ လူမှု-နိုင်ငံရေး ဆိုင်ရာ တွန်းအားများကို မျက်ကွယ်ပြုခဲ့ခြင်း ဖြစ်သည်။

ဤမူဝါဒများတွင် ပဋိပက္ခကို အထူးအာရုံစိုက်မှု မရရှိသည့်အရာတစ်ခုအဖြစ် အဓိက အကြောင်းအရာအဖြစ်ဘောင်သွင်း သတ်မှတ်ထားသည့်အရာ၏ လက်အောက်သို့ ရောက်စေကာ "မူဘောင်အပြင်ဘက်" တွင် ထားရှိခဲ့သည်ဟု ထင်ရသည်။[58] မူဝါဒရေးဆွဲသည့် လုပ်

[54] Ministry of Environmental Conservation and Forestry, 2012b.
[55] Ministry of Natural Resources and Environmental Conservation, 2019b.
[56] Ministry of Natural Resources and Environmental Conservation, 2019c.
[57] Ministry of Natural Resources and Environmental Conservation, 2019a.
[58] Goffman, 1974, p. 210.

ငန်းစဉ်များတွင် ပါဝင်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းမှုများအရ ပဋိပက္ခနှင့်ဆက်စပ်သော ကိစ္စရပ်များကို ဤသို့ မျက်ကွယ်ပြုခြင်းသည် ရေးဆွဲသည့် လုပ်ငန်းစဉ်များတွင် နည်းပညာရှင်များသာ ဦးဆောင်သည့် သဘောသဘာဝနှင့် အဓိကမူဝါဒဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံရေးနှင့် ခွဲထုတ်၍ ပုံဖော်သည့် နည်းလမ်းများကြောင့် ဖြစ်သည်ဟု ညွှန်ပြနေသည်။ ဤရာသီဥတုဆိုင်ရာ မူဝါဒများထဲမှ တစ်ခုကို ရေးဆွဲသည့်အဖွဲ့တွင် ပါဝင်ခဲ့သူ ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်သူတစ်ဦးနှင့် တွေ့ဆုံမေးမြန်းရာတွင် မူဝါဒရေးဆွဲစဉ် ပဋိပက္ခများ သို့မဟုတ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆွေးနွေးမှုများ ရှိခဲ့သလားဟု ကျွန်ုပ်က မေးမြန်းခဲ့သည်။ "မရှိခဲ့ပါဘူး" ဟု ၎င်းက ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် အစိုးရထိန်းချုပ်မှုအောက်တွင် မရှိသော နယ်မြေများနှင့် ပတ်သက်၍ မည်သို့စဉ်းစားရမည်ကို ဆွေးနွေးမှုများ ရှိခဲ့သလားဟု ကျွန်ုပ်က ဆက်လက်မေးမြန်းခဲ့ရာ သူက ဤသို့ပြန်ဖြေသည်။ "အိုး... မရှိပါဘူး၊ အဲဒီအကြောင်း လုံးဝဆွေးနွေးခဲ့တာ မရှိပါဘူး။ ပြောတောင် မပြောခဲ့ကြဘူး။ ကျွန်တော် ထင်တာကတော့ ယူဆချက်က 'ဒါကမြန်မာတစ်နိုင်ငံလုံးကိုလွှမ်းခြုံတယ်' ဆိုတာပဲဖြစ်လိမ့်မယ်" တွေ့ဆုံမေးမြန်းမှု၏ နောက်ပိုင်းတွင် မူဝါဒရေးဆွဲသည့် ဖြစ်စဉ်အတွင်း နိုင်ငံရေးဆိုင်ရာ သိမ်မွေ့နူးညံ့သည့် အခြေအနေများကို ကျော်လွှားခဲ့ရခြင်း ရှိ၊ မရှိ သို့မဟုတ် မူဝါဒရေးဆွဲသည့်အဖွဲ့က မူဝါဒစာတမ်းတွင် ထည့်သွင်းမည့်အရာကို လွှမ်းမိုးခဲ့သော ဆင်ဆာဖြတ်တောက်မှု သို့မဟုတ် မိမိကိုယ်ကို ဆင်ဆာဖြတ်တောက်မှု ဖြစ်ရပ်များ ရှိခဲ့သလားဟု ကျွန်ုပ်က မေးမြန်းခဲ့သည်။ ဤသို့မေးမြန်းမှုမှ အောက်ပါပြန်လည်သုံးသပ်ပြောဆိုမှုကို ရရှိခဲ့သည်။

> ဒါက မိမိကိုယ်ကို ဆင်ဆာဖြတ်တောက်မှု ပိုဆန်တယ်လို့ ငါတို့ခံစားရတယ်... ထိခိုက်လွယ်တဲ့ အုပ်စုတွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို ငါတို့ အရမ်းကို သတိထားပြီး ကိုင်တွယ်ခဲ့ရတာကို မှတ်မိနေတယ်။ ဘယ်သူကမှ ဒီအချို့အချို့သောတိုင်းရင်းသားအုပ်စုတွေကို မူဝါဒထဲမှာ မထည့်ချင်ဘူးလို့ လာပြောတာမျိုးတော့ မဟုတ်ဘူး။ ဒါပေမဲ့ ဒါက ငါတို့အားလုံးသိနေတဲ့ကိစ္စဆိုတာကိုတော့ မှတ်မိနေတယ်... ဒါကြောင့် ငါတို့က သိပ်ပြီး တိတိကျကျမဖြစ်တဲ့၊ ဒါပေမဲ့ အဲဒီအကြောင်းအရာကို လွှမ်းခြုံမိတဲ့ စကားလုံးအသုံးအနှုန်းတချို့ကို ထည့်ခဲ့ရတယ်။ ဘာလို့လဲဆိုတော့ အဲဒီအချိန်က... အင်း... အစပိုင်းတော့ မဟုတ်ပေမဲ့၊ ဟုတ်တယ်၊ ငါတို့က ရိုဟင်ဂျာအရေးအခင်းရဲ့ အလယ်မှာ ရောက်နေခဲ့တာကိုး။ ဒါကြောင့် အဲဒီကိစ္စက ငါတို့စိတ်ထဲမှာ ရှိနေခဲ့တယ်။[59]

[59] Member of policy drafting team, personal communication, December 2, 2019.

ဤတုံ့ပြန်ချက်အရ ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်သူများအကြားတွင် အစိုးရသည် ပဋိပက္ခနှင့် တိုင်းရင်းသားအုပ်စုများကိစ္စကို အဆိုပါ လုပ်ငန်းစဉ်များတွင် ရှောင်ရှား သို့မဟုတ် သတိဖြင့် ကိုင်တွယ်ရမည့် သိမ်မွေ့နူးညံ့သော အကြောင်းအရာများအဖြစ် ရှုမြင်သည်ဟူသော ယေဘုယျယူဆချက်တစ်ခု ရှိခဲ့ကြောင်း သိနိုင်သည်။

၂၀၁၀ ပြည့်နှစ်များ နှောင်းပိုင်းတွင် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ ရှိနေသော နိုင်ငံရေးအရ သိမ်မွေ့နူးညံ့မှုကို အထူးသဖြင့် တနင်္သာရီ တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်ရှိ ကျွန်ုပ် တွေ့ဆုံမေးမြန်းခဲ့သော အရပ်ဘက်လူမှုအဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများကလည်း မကြာခဏ ထောက်ပြပြောဆိုခဲ့ကြသည်။ ဥပမာအားဖြင့် ဘားအံအခြေစိုက် အရပ်ဘက်လူမှုအဖွဲ့အစည်း တက်ကြွလှုပ်ရှားသူတစ်ဦးက NCA ကြောင့် ထိန်းချုပ်မှုရောထွေးနေသော နယ်မြေများတွင်နှင့် KNU နှင့် လုပ်ဆောင်ရာ၌ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလွယ်ကူလာသော်လည်း ငြိမ်းချမ်းရေးနှင့် ဆက်စပ်သော အကြောင်းအရာများကို လုပ်ဆောင်ရန် ကြိုးပမ်းသည့်အခါတွင်မူ ကန့်သတ်ချက်များနှင့် ကြုံတွေ့နေရဆဲဖြစ်ကြောင်း ပြောပြသည်။ "အစိုးရနဲ့ဆိုရင်တော့ ငြိမ်းချမ်းရေးအကြောင်းကို လွတ်လွတ်လပ်လပ် ဆွေးနွေးလို့မရဘူး။ ခင်ဗျားက ငြိမ်းချမ်းရေးအကြောင်း ဒါမှမဟုတ် ငြိမ်းချမ်းရေးစကားဝိုင်းတွေအကြောင်း ပွဲတစ်ခုခုလုပ်မယ်ဆိုရင် ခွင့်ပြုချက်ရဖို့ဆိုတာ မလွယ်ဘူး" ဟု အဆိုပါ တက်ကြွလှုပ်ရှားသူကပြောပြီး အစိုးရက "ဒါက သိမ်မွေ့နူးညံ့တဲ့ အကြောင်းအရာဖြစ်တယ်၊ ဒါကြောင့် ဒီကိစ္စကို လုပ်ဆောင်တဲ့အခါ၊ ဒီအကြောင်းကို ပြောဆိုတဲ့အခါ ငါတို့ သတိထားရမယ်လို့ ပြောတယ်" ဟု ရှင်းပြသည်။[60]

သို့ဖြစ်ရာ ရှိနေဆဲ နိုင်ငံရေးအရ သိမ်မွေ့နူးညံ့မှုများက ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သော ကိစ္စရပ်များကို နိုင်ငံရေးနှင့် ခွဲထုတ်ရာတွင် အထောက်အကူပြုခဲ့သည်ဟု ထင်ရသည်။ အယူအဆစကား (discourses) ဆိုင်ရာ နိုင်ငံရေးအခင်းအကျင်းတွင် မမြင်နိုင်သော စည်းမျဉ်းနီများကို မကျော်လွန်စေရန် နိုင်ငံတကာနှင့် ပြည်တွင်းမှ နိုင်ငံတော်မဟုတ်သော အကောင်အထည်ဖော်ဆောင်ရွက်သူများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပိတ်ဆို့အရေးယူမှုများ သို့မဟုတ် ကန့်သတ်ချက်များကို ဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများကို ရှောင်ရှားခဲ့ကြသည်ဟု ထင်ရသည်။ ဤသို့ မိမိကိုယ်တိုင် ချမှတ်သော ကန့်သတ်ချုပ်ချယ်မှုများသည် တိုင်းရင်းသားနှင့် ဘာသာရေးဆိုင်ရာ လူနည်းစုများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးများဆိုင်ရာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှု နည်းပါးခြင်းကို ဖြစ်ပေါ်စေခဲ့ဖွယ်ရှိပြီး ၎င်းကတစ်ဆင့် အပြီးသတ်ရေးဆွဲလိုက်သော ရာသီဥတုဆိုင်ရာ မူဝါဒများက ပဋိပက္ခကို လုံးဝ မျက်ကွယ်ပြုသွားစေရန် အထောက်အကူပြုခဲ့ဖွယ် ရှိသည်။

---

[60] Hpa-an civil society activist, personal communication, March 13, 2019.

ရာသီဥတုဆိုင်ရာ မူဝါဒများတွင် ပဋိပက္ခဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ ချန်လှပ်ထားခဲ့ခြင်းသည် ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် သို့မဟုတ် ပိုမိုကျယ်ပြန့်သော ပဋိပက္ခအခြေအနေများသည် တစ်ခုနှင့်တစ်ခု သိပ်မသက်ဆိုင်ဟူသော အများက ယူဆလေ့ရှိသည့် ယူဆချက်ကြောင့်လည်း ဖြစ်နိုင်ဖွယ်ရှိသည်။ ဤသဘောထားကို ကျွန်ုပ်၏ တွေ့ဆုံမေးမြန်းမှု အများအပြားတွင် တွေ့မြင်နိုင်ခဲ့သလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများကို တွေ့ဆုံမေးမြန်းရန် ကြိုးပမ်းမှုများတွင်လည်း တွေ့မြင်နိုင်ခဲ့သည်။ ၎င်းတို့ထဲမှ အများအပြားမှာ ၎င်းတို့၏ ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းများသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ နိုင်ငံရေးနှင့်ပတ်သက်သော ကျွန်ုပ်၏ သုတေသနနှင့် သက်ဆိုင်ခြင်းမရှိဟု ပြောဆိုကာ ကျွန်ုပ်နှင့် စကားပြောရန် ငြင်းဆိုခဲ့ကြသည်။ အလားတူပင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းများကို လုပ်ဆောင်နေသော ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်သူအများအပြားသည်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ပဋိပက္ခအခြေအနေများနှင့် နိုင်ငံတွင်းရှိ တိုင်းရင်းသားလူနည်းစုအုပ်စုများ၏ အရင်းခံ မကျေနပ်မှုများကို နားလည်သဘောပေါက်မှုတွင် အကန့်အသတ်ရှိနေသည်ဟု ထင်ရသည်။

နိုင်ငံရေးနောက်ခံအခြေအနေသည် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ပါဝင်ဆောင်ရွက်နိုင်မှု အတိုင်းအတာတို့ကို ပုံဖော်ခြင်းဖြင့် မူဝါဒရေးဆွဲသည့် ဖြစ်စဉ်များကိုလည်း လွှမ်းမိုးခဲ့သည်။ ရာသီဥတုဆိုင်ရာ မူဝါဒအချို့အတွက် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်စဉ် အမျိုးသားအဆင့်နှင့် ပြည်နယ်နှင့်တိုင်းအဆင့် နှစ်ခုစလုံးတွင် သက်ဆိုင်သူများ ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သော်လည်း ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်အာဏာသည် ဤဖြစ်စဉ်များကို ရေးဆွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့တွင် ပါဝင်သော အစိုးရအရာရှိများနှင့် နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သူများ၏ လက်ထဲတွင်သာ အဓိကအားဖြင့် စုစည်းနေခဲ့သည်။ အရေးကြီးသည်မှာ ဤဆွေးနွေးတိုင်ပင်မှုများတွင် EAO များမှ ကိုယ်စားလှယ်များကို ပါဝင်ရန် ဖိတ်ကြားခဲ့ခြင်း မရှိမှုဖြစ်သည်။ ဤစာရွက်စာတမ်းအများစုကို နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ်များ သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်သူများက ရေးသားခဲ့ကြသည်။ ၎င်းတို့သည် အများအားဖြင့် မူဝါဒများ၏ ကနဦးမူကြမ်းများကို ရေးဆွဲရန်နှင့် အစိုးရအရာရှိများ၊ အခြားသော ဖိတ်ကြားထားသည့် သုံးသပ်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများမှ ရရှိသော အကြံပြုချက်များအပေါ် အခြေခံ၍ ပြန်လည်ပြင်ဆင်ရန် တာဝန်ယူခဲ့ကြသည်။ ထို့နောက် အပြီးသတ်စာရွက်စာတမ်းများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြရာ အဓိကအသုံးအနှုန်းများကို တိကျမှန်ကန်စွာ ဘာသာပြန်ဆိုရန် အရေးကြီးသောကြောင့် ၎င်းမှာ အချိန်များစွာ လိုအပ်လေ့ရှိသော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။[61] ဤလုပ်ငန်းစဉ်သည် စာရွက်စာတမ်းများလက်ဝယ်ရှိထားသူများကို မည်သည့်မှတ်ချက်များကို ထည့်သွင်းမည်၊ မည်သည့်မှတ်ချက်များကို ပယ်ချမည်ကို

[61] International development consultant, personal communication, December 2, 2022.

ဆုံးဖြတ်ရန် အာဏာကို အပ်နှင်းထားသကဲ့သို့ ဖြစ်စေခဲ့သည်။ သို့သော်လည်း နောက်ဆုံးတွင်မူ မူဝါဒကို ရေးဆွဲရန် တာဝန်ရှိသော အစိုးရဝန်ကြီးဌာနကသာ ၎င်းတို့၏ ရည်ရွယ်ချက်များနှင့် နိုင်ငံရေးရှုမြင်ပုံတို့နှင့် ကိုက်ညီမှုရှိစေရန် သေချာစေလျက် ပါဝင်စေမည့်အကြောင်းအရာများကို အတည်ပြုရန် အခွင့်အာဏာရှိခဲ့သည်။

ဤတွေ့ရှိချက်များသည် ဝဲလ်စ်နှင့် လမ်းဘ်တို့က ၂၀၁၆-၂၀၂၁ ခုနှစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်၏ "နိုင်ငံရေးလွှန်ဝါဒ" ဖြစ်နိုင်ခြေအလားအလာများအဖြစ် သတ်မှတ်ဖော်ထုတ်သည့်အရာနှင့် ကောင်းစွာ ကိုက်ညီမှုရှိနေသည်။[62] ရန်ကုန်မြို့သစ်စီမံကိန်းဆိုင်ရာ လေ့လာမှုတစ်ခုတွင် ၂၀၁၀ ပြည့်နှစ်များအတွင်း ပါဝင်ဆောင်ရွက်မှုနှင့် အားလုံးအကျုံးဝင်မှုကို တိုးမြှင့်အလေးပေးလာသော်လည်း နည်းပညာရှင်များသာ ဦးဆောင်သည့် ဖြစ်စဉ်များနှင့် အကြံပေးကုမ္ပဏီများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းတို့က ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံရေးနှင့် ခွဲထုတ်ရာတွင် အထောက်အကူပြုခဲ့ပြီး မူဝါဒဆိုင်ရာ သဘောထားကွဲလွဲမှုများကို ပျက်ပြယ်သွားစေခဲ့ကြောင်း ၎င်းတို့က တွေ့ရှိခဲ့သည်။ ဝဲလ်စ် နှင့် လမ်းဘ်တို့က ဤအချက်သည် "အစိုးရ၏ ဖိနှိပ်မှုကြောင့်သာမကဘဲ ဒီမိုကရေစီနည်းကျသည်ဟု ယူဆရသော စီမံကိန်းရေးဆွဲသည့် ဖြစ်စဉ်များကို နိုင်ငံရေးနှင့် ခွဲထုတ်သည့် ဖြစ်စဉ်များ၊ နည်းဗျူဟာများနှင့်လည်း ဆက်စပ်နေနိုင်သည်"[63] ဟု ညွှန်ပြခဲ့သည်။

၂၀၁၀ ပြည့်နှစ်များ နှောင်းပိုင်းတွင် မြန်မာနိုင်ငံ၌ ရာသီဥတုဆိုင်ရာ မူဝါဒများ ရေးဆွဲရာ၌ သက်ဆိုင်သူများနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရန် အထူးတလည်ကြိုးပမ်းခြင်းဖြင့် ပါဝင်ဆောင်ရွက်မှုအခြေပြု ချဉ်းကပ်နည်းများအပေါ် တိုးမြှင့်အာရုံစိုက်လာသည်ကို တွေ့ရသည်။ သို့သော်လည်း ဤလုပ်ငန်းစဉ်များကို ပံ့ပိုးကူညီသူများက ဆွေးနွေးမှုများ၏ အတိုင်းအတာကို အဓိကအားဖြင့် သတ်မှတ်ပိုင်းခြားခဲ့ပြီး မည်သူ့ကို ပါဝင်ခွင့်ပြုမည်၊ မည်သူ့ကို ဖယ်ထုတ်မည်ကို ဆုံးဖြတ်ခဲ့သောကြောင့် တိုင်းရင်းသားနှင့် ဘာသာရေးဆိုင်ရာ လူနည်းစုများကဲ့သို့သော ဘေးဖယ်ထုတ်ခံထားရသည့် အုပ်စုများ၏ အဓိပ္ပာယ်ရှိသော ပါဝင်ဆောင်ရွက်မှုကို သေချာစေရန် ပျက်ကွက်ခဲ့သည်။ ထို့အပြင် ရှိနှင့်ပြီးဖြစ်သော အာဏာဆက်ဆံရေးများနှင့် မသေချာမရေရာမှုများက ဤလုပ်ငန်းစဉ်များတွင် နိုင်ငံရေးအရ သိမ်မွေ့နူးညံ့သော အကြောင်းအရာများကို ရှောင်ရှားရာ၌ အထောက်အကူပြုခဲ့သည်။ ဤအချက်က ရာသီဥတုဆိုင်ရာ မူဝါဒများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များအကြား ပိုမို ကင်းကွာသွားစေခဲ့ဖွယ် ရှိသည်။

[62] Wells & Lamb, 2021.
[63] Wells & Lamb, 2021, p. 287.

မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် လူမှု-နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ထိခိုက်လွယ်မှု

ဤလေ့လာမှု ပြုလုပ်ချိန်တွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌ ရာသီဥတုပြောင်းလဲမှုသည် လူတို့၏ ဘဝများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ရှိနေနှင့်ပြီဖြစ်သည်။ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးရွာလေးရွာမှ ကွန့်ပ် စကားပြောခဲ့သူတိုင်းနီးပါးက ၎င်းတို့၏ သက်တမ်းအတွင်းတွင်ပင် ရာသီဥတုသည် ပြောင်းလဲလာခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။ ရာသီဥတုပုံစံများသည် ပိုမိုခန့်မှန်းရခက်ပြီး ပုံမှန်မဟုတ်တော့ဘဲ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်းနှင့် အပူလှိုင်းဖြတ်ခြင်းကဲ့သို့သော ပြင်းထန်သည့် ရာသီဥတုဖြစ်စဉ်များမှာလည်း မကြာခဏ ပိုမို ဖြစ်ပွားလာကာ ပိုမိုကြာမြင့်ပြီး ပိုမိုပြင်းထန်လာခဲ့သည်။ ရာသီဥတုသည် "တည်ငြိမ်မှု" သို့မဟုတ် "ပုံမှန်" မရှိတော့ကြောင်း လူအများက ပြောဆိုကြသည်။ ဤသို့ ပိုမိုပြောင်းလဲလွယ်ပြီး ခန့်မှန်းရခက်လာမှုသည် သီးနှံအထွက်နှုန်း မကောင်းခြင်းကို ပိုမို၍မကြာခဏ ဖြစ်ပေါ်စေခဲ့ပြီး ရေကြီးမှုကို အချိန်မီ ကြိုတင်ခန့်မှန်းရန်နှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင်လည်း အခက်အခဲများ ဖြစ်ပေါ်စေခဲ့သည်။

ကျေးရွာလေးရွာတွင် ပြောင်းလဲလာသော အပူချိန်ပုံစံများ၌ ရာသီဥတုပြောင်းလဲမှုကို အထူးသဖြင့် ထင်ထင်ရှားရှား တွေ့မြင်နိုင်သည်။ ကွန့်ပ် စကားပြောခဲ့သူများ၏ အဆိုအရ လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း အပူချိန်သည် သိသိသာသာ မြင့်တက်လာခဲ့ပြီး အပူလှိုင်းဖြတ်ခြင်းမှာလည်း မကြာခဏ ပိုမိုဖြစ်ပွားလာကာ ပိုမိုပြင်းထန်လာခဲ့သည်။ ကရင်ပြည်နယ်၊ သေ့ဖသောရွာမှ သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးက မကြာသေးမီနှစ်များအတွင်း အလွန်အမင်း ပူပြင်းလာခဲ့ပြီး နေ၏ ပြင်းထန်လောင်ကျွမ်းသော အပူရှိန်က သူ၏ အရေပြားကို လောင်မြိုက်နေသကဲ့သို့ ခံစားရကြောင်း ဖော်ပြပြောဆိုခဲ့သည်။[64] ဤသို့ မြင့်တက်လာသော အပူချိန်များသည် သက်ကြီးရွယ်အိုများ၊ နာမကျန်းသူများနှင့် ကလေးသူငယ်များအတွက်သာမက တစ်နေ့လုံး နေပူထဲတွင် အလုပ်လုပ်ရသော နေ့စားအလုပ်သမားများအတွက်ပါ အထူးသဖြင့် အန္တရာယ်ရှိသည်။ မြစ်ရွာမှ တံငါသည်တစ်ဦးက အပူရှိန်ကြောင့် ခေါင်းကိုက်ပြီး အလုပ်မလုပ်နိုင်တော့ကြောင်း ပြောဆိုခဲ့သည်။ "အခုတလော အရမ်းပူတယ်။ ကျွန်တော် ခေါင်းကိုက်တယ်။ ငါးဖမ်းသွားချင်ရင်တောင် တစ်ခါတလေ မသွားနိုင်ဘူး။ အရမ်းပူတော့ ခေါင်းကိုက်တာပဲ။"[65] မြင့်တက်လာသော အပူချိန်များသည် စိုက်ပျိုးရေးထုတ်လုပ်မှုနှင့် သစ်သီးပင် စိုက်ပျိုးခြင်းအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုများ ရှိနေသည်။ ပိုမို

[64] Thae Hpathaw small business owner, personal communication, March 11, 2019.
[65] Myit Ywar fisherman, personal communication, February 28, 2019.

ပူပြင်းလာသည်နှင့်အမျှ သီဟိုဠ်ပင်နှင့် ကွမ်းသီးပင်များ၏ အရွက်များမှာ ဝါလာပြီး အသီးများမှာ ခြောက်သွေ့လာခဲ့သည်။

တွေ့ဆုံမေးမြန်းခံရသူများ၏ အဆိုအရ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် မိုးရွာသွန်းမှုပုံစံများမှာလည်း ပိုမိုခန့်မှန်းရခက်လာကာ ပုံမှန်မဟုတ်တော့ဘဲ ပိုမိုပြင်းထန်လာသည်။ ယခင်က မိုးရာသီတွင် မိုးမှန်မှန်ရွာသွန်းလေ့ရှိသော်လည်း ယခုအခါ ပိုမိုဖောက်ပြန်လာခဲ့ပြီး မိုးရာသီအစမှာလည်း မကြာခဏဆိုသလို နောက်ကျလာခဲ့သည်။ ကရင်ပြည်နယ်၊ မြစ်ရွာမှ နေ့စားအလုပ်သမားတစ်ဦးက "မိုးမရွာသင့်တဲ့အချိန်မှာ ရွာတယ်"[66] ဟု တိုတိုနှင့်လိုရင်း ပြောဆိုခဲ့သည်။ ကျေးရွာလေးရွာလုံးတွင် ပါဝင်သူများက မိုးရွာသွန်းမှု ပိုမိုပြင်းထန်လာသည်ဟု ၎င်းတို့ ခံစားရပုံနှင့် မကြာခဏပိုမိုဖြစ်ပွားပြီး ပိုမိုကြာရှည်သော ရေကြီးမှုများကိုလည်း ထောက်ပြပြောဆိုခဲ့ကြသည်။ ဥပမာအားဖြင့် ၂၀၁၈ ဇူလိုင်လနှင့် ဩဂုတ်လတွင် ပုံမှန်မဟုတ်သော မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုများအပြီး မြန်မာနိုင်ငံအရှေ့တောင်ပိုင်းသည် စံချိန်တင် ရေကြီးမှုဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရသည်။ စုစုပေါင်း လူဦးရေတစ်သိန်းခွဲနီးပါး ယာယီနေရပ်စွန့်ခွာခဲ့ရပြီး လူအများအပြား သေဆုံးခဲ့သည်။[67] ဤဖြတ်သန်းကြုံတွေ့ခဲ့ရသော ဘဝအတွေ့အကြုံများသည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ အပူချိန်နှင့် မိုးရွာသွန်းမှု ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ရရှိနိုင်သော မိုးလေဝသဆိုင်ရာ စာရင်းအင်းအချက်အလက်များနှင့် ကိုက်ညီပြီး အပြန်အလှန် ဖြည့်စွက်ပေးနေပါသည်။[68]

သို့သော်လည်း ဤရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို လူတို့၏ နေထိုင်မှုအခြေအနေများကိုပုံဖော်နေသည့် အခြားသော လူမှု-နိုင်ငံရေးဆိုင်ရာ ဖြစ်စဉ်များနှင့် သီးခြားစီကြုံတွေ့ခဲ့ရခြင်း မဟုတ်ဘဲ ၎င်းတို့သည် လူတို့ ကြုံတွေ့နေရပြီးဖြစ်သော အခက်အခဲများကို ပိုမိုဆိုးရွားစေခဲ့သည်။ အောက်ပါအခန်းတွင် ဤလေ့လာမှုထဲ၌ ဖော်ထုတ်တွေ့ရှိခဲ့သော ထိခိုက်လွယ်မှု၏ အဓိကကျသည့် လူမှု-နိုင်ငံရေးဆိုင်ရာ တွန်းအားနှစ်ခုဖြစ်သည့် လူမှုဝန်ဆောင်မှုပေးခြင်း ချို့တဲ့မှုနှင့် ပဋိပက္ခ၏ ကြာရှည်စွာကျန်ရစ်သော အမွေအနှစ်များကို အလေးပေးတင်ပြပါမည်။[69]

[66] Myit Ywa laborer, personal communication, March 10, 2019.

[67] International Federation of Red Cross and Red Crescent Societies, 2018.

[68] ဤအကြောင်းကို သီးခြားအနေဖြင့် ထပ်မံအသေးစိတ်ဖော်ပြထားပါသည် (Mosberg, 2024)။

[69] ကျေးရွာလေးရွာရှိ ထိခိုက်လွယ်မှု အခြေအနေဆိုင်ရာ ပိုမိုပြည့်စုံသော သုံးသပ်ချက်အတွက် Mosberg (2024) တွင် ကြည့်ရှုနိုင်ပါသည်။

လူမှုရေးကဏ္ဍများတွင် အစိုးရ၏ မလုံလောက်သော ရင်းနှီးမြှုပ်နှံမှုများ

ဤလေ့လာမှုတွင် ပါဝင်သော ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ကျေးရွာလေးရွာတွင် လူမှုဝန်ဆောင်မှုများ (ကျန်းမာရေး၊ ပညာရေး၊ လူမှုအကာအကွယ်ပေးရေး အစီအစဉ်များ) နှင့် အခြေခံအဆောက်အအုံများ (လမ်း၊ လျှပ်စစ်မီး၊ ဘေးကင်းသော သန့်ရှင်းရေးနှင့် ရေရရှိရေး အထောက်အပံ့များ) ရရှိမှု အကန့်အသတ်ရှိခြင်းသည် ဘဝဇာတ်ကြောင်း ပြန်လည်ပြောပြမှုများတွင် ထပ်တလဲလဲ ပါဝင်နေသော အကြောင်းအရာတစ်ခု ဖြစ်နေခဲ့သည်။ ကျွန်ုပ် တွေ့ဆုံမေးမြန်းခဲ့သူတိုင်းနီးပါးသည် ၎င်းတို့၏ မိသားစုဝင်များ ဖျားနာမှု၊ ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် သေဆုံးမှုကို ကြုံတွေ့ခဲ့ရခြင်း သို့မဟုတ် ၎င်းတို့ကိုယ်တိုင် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများကို ခံစားခဲ့ရခြင်းတို့ကြောင့် ၎င်းတို့နှင့် ၎င်းတို့၏ အိမ်ထောင်စုများအတွက် ကြာရှည်စွာ တည်ရှိနေသော ငွေကြေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ရုန်းကန်ရမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ဤအချက်က ဤကျေးရွာများရှိ အိမ်ထောင်စုများအတွင်းနှင့် အိမ်ထောင်စုများအကြား နီးကပ်စွာ အပြန်အလှန် မှီခိုနေရမှုနှင့် လိုအပ်သည့်အခါ အချင်းချင်း ကူညီစောင့်ရှောက်ရသည့် တာဝန်ရှိမှုကို သရုပ်ဖော်နေသည်။

ယခင်မျိုးဆက်ဟောင်းများ ကြီးပြင်းလာစဉ်က ကျေးရွာလေးရွာလုံးတွင် ကျန်းမာရေးစောင့်ရှောက်မှု အထောက်အပံ့များ၊ ကျောင်းများ၊ လမ်းများ သို့မဟုတ် လျှပ်စစ်မီး မရှိခဲ့သော်လည်း မကြာသေးမီနှစ်များအတွင်း ဤအထောက်အပံ့များကို လက်လှမ်းမီနိုင်မှု တိုးတက်လာခဲ့သော်ငြား ဤဝန်ဆောင်မှုများကို လူတိုင်း လက်လှမ်းမီရရှိနိုင်ခြင်း မရှိသေးဘဲ အိမ်ထောင်စုများ၏ လူမှု-စီးပွားအခြေအနေအပေါ် များစွာ မူတည်နေခဲ့သည်။ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကျေးရွာလေးရွာအနက် တစ်ရွာတည်းတွင်သာ ၎င်း၏ကိုယ်ပိုင် ကျန်းမာရေးဆေးခန်းငယ်တစ်ခုရှိပြီး အခြားကျေးရွာများမှ လူများသည် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန် အခြားနေရာများသို့ ခရီးသွားခဲ့ကြရသည်။ အစိုးရကျန်းမာရေးစောင့်ရှောက်မှုဌာနများသို့ သွားရောက်ရာတွင် မကြာခဏဆိုသလို မိမိအိတ်ထဲမှ ငွေကြေး အတော်အတန် မြင့်မားစွာ စိုက်ထုတ်သုံးစွဲရန် လိုအပ်ပြီး လူနာများသည် ယေဘုယျအားဖြင့် ၎င်းတို့၏ကိုယ်ပိုင် အစားအသောက်၊ အဝတ်အထည်နှင့် အခြားလိုအပ်သော ပစ္စည်းများကို ယူဆောင်လာရန် လိုအပ်သည်။ ၎င်းတို့၏ မိသားစုဝင်များသည်လည်း ၎င်းတို့ကို ကူညီစောင့်ရှောက်ရန်အတွက် အတူတကွနေထိုင်ပေးရန် မျှော်လင့်ခြင်းခံရလေ့ရှိရာ ၎င်းအချက်က ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှ အချိန်ဖဲ့ပေးရစေသည်။ လူတိုင်းက ဤကုန်ကျစရိတ်ကို မတတ်နိုင်ကြပေ။ ဥပမာအားဖြင့် ဝင်ငွေနည်းမိသားစုများမှ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ခရီးသွားပြီး ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအတွက် ငွေကြေးပေးချေမည့်အစား ရိုးရာလက်သည်များနှင့် ၎င်းတို့၏ ကျေးရွာများတွင်သာ ဆက်လက်မီးဖွားခဲ့ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအတွက် ငွေကြေးမတတ်နိုင်ခြင်းသည် အချို့သော လူပုဂ္ဂိုလ်များအတွက် ကုသ၍ပျောက်ကင်းနိုင်သော ရောဂါများကို အချိန်မီ ဆေးကုသမှု ခံယူနိုင်ခြင်းမှ တားဆီးသည့် အဓိကအတားအဆီးတစ်ခု ဖြစ်ခဲ့ပြီး နောက်ဆက်တွဲ အနေဖြင့် ၎င်းတို့၏ ရောဂါအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့သည်။ ဤအခြေအနေက အထူး သဖြင့် နေ့စားအလုပ်မှ ရရှိသော ဝင်ငွေကို မှီခိုနေရသူများအတွက် ဆင့်ကဲဆင့်ကဲ သက်ရောက် မှုများ ရှိခဲ့သည်၊ အကြောင်းမှာ ကျန်းမာရေးပြဿနာများက ၎င်းတို့၏ အလုပ်လုပ်နိုင်စွမ်းကို အဟန့်အတားဖြစ်စေပြီး ထပ်ဆောင်းငွေကြေးဆိုင်ရာ ရုန်းကန်ရမှုများကို ဖြစ်ပေါ်စေခဲ့သော ကြောင့် ဖြစ်သည်။ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအကြား အပြန်အလှန် ဆက်စပ်မှုကို လူမှုအကာအကွယ်ပေးရေး အစီအစဉ်များ မရှိခြင်းက ပိုမိုဆိုးရွားစေခဲ့သည်။ မြစ်ရွာမှ အသက် (၃၉) နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပိုမိုကျယ်ပြန့်သော ကောင်းကျိုး ချမ်းသာအတွက် ကောင်းမွန်သော ကျန်းမာရေး၏ အရေးပါမှုကို ဤသို့ မီးမောင်းထိုးပြခဲ့သည်။ "ကျွန်မတို့ နွေရာသီမှာ ပိုက်ဆံပိုရှာနိုင်ပြီး စုမိရင် မိုးရာသီမှာ အခက်အခဲ သိပ်ရှိမှာမဟုတ်ဘူး… (ဒါပေမဲ့ အဲဒီလိုလုပ်နိုင်ဖို့) ကျွန်မတို့မှာ အင်အားလိုတယ်။ အဓိကက ကျန်းမာရေးပဲ။ ကျွန်မတို့ ကျန်းမာနေရင် ဘာမဆို လုပ်နိုင်တယ်လေ။"[70]

ထို့အပြင် (ကမ္ဘာ့ကပ်ရောဂါနှင့် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုက ဤတိုးတက်မှုများကို နောက်ပြန်ဆွဲမသွားမီ) ၂၀၁၀ ပြည့်နှစ်များတွင် မြန်မာနိုင်ငံ၌ ပညာရေးနှုန်းထားများ တိုးတက် လာခဲ့သော်လည်း လေ့လာမှုပြုလုပ်ခဲ့သော ကျေးရွာလေးရွာတွင် အရွယ်မတိုင်မီ ကျောင်းထွက် ခြင်းသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေဆဲဖြစ်သည်။ ကျွန်ုပ် တွေ့ဆုံမေးမြန်းခဲ့သူများထဲမှ လက်တစ်ဆုပ်စာမျှသာ ဆယ်တန်းအလွန် ပညာရေးကို ဆက်လက်သင်ယူခဲ့ကြပြီး အများစုမှာ ခုနစ်တန်း သို့မဟုတ် လေးတန်းပြီးနောက် ကျောင်းထွက်ခဲ့ကြသည်။ မျိုးဆက်သစ်များသည် မျိုးဆက်ဟောင်းများထက် ပျမ်းမျှအားဖြင့် ပညာရေးအနည်းငယ် ပိုမြင့်မားသော်လည်း ကွာခြားမှုမှာ ကျွန်ုပ် မျှော်လင့်ထားသလောက် မထင်ရှားခဲ့ပေ။ တွေ့ဆုံမေးမြန်းခဲ့သူများက ကျောင်းထွက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ ငွေကြေးအခက်အခဲဖြစ်ကြောင်း ဖော်ပြခဲ့ကြ သည်။ အစိုးရကျောင်းများသည် သဘောတရားအရ အခမဲ့ပညာရေးကို ပေးသည်ဟု ဆိုသော် လည်း မိဘများက ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ စာအုပ်များ၊ သွားလာရေးနှင့် စားစရိတ် များအတွက် ပေးချေရန် လိုအပ်သည်ဟု ပြောဆိုကြသည်။ ထို့အပြင် အထူးသဖြင့် စာမေးပွဲ များအတွက် ပြင်ဆင်ရန် အထက်တန်းအဆင့်များတွင် အပိုအထောက်အပံ့ရရှိရန် ဆရာ၊ ဆရာမများ သို့မဟုတ် ကျူရှင်ဆရာများအတွက် ကျူရှင်ခပေးရခြင်းမှာလည်း အလေ့အထ

[70] Young person with disabilities in Thae Hpathaw village, personal communication, February 28, 2019.

တစ်ခု ဖြစ်သည်။ ဤစုပေါင်းကုန်ကျစရိတ်များသည် ငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်နေရသော မိသားစုများအတွက် မကျော်လွှားနိုင်သော ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ခဲ့သည်။ ထို့အပြင် မူလတန်းအဆင့်ထက်မြင့်သော ပညာရေးအဆောက်အအုံများသည် လေ့လာမှုပြုလုပ်ခဲ့သော ကျေးရွာလေးရွာမှ လွယ်ကူစွာ သွားရောက်နိုင်ခြင်းမရှိရာ ၎င်းမှာ နောက်ထပ် အတားအဆီး တစ်ခု ဖြစ်ခဲ့သည်။

ဤသို့ လူမှုဝန်ဆောင်မှုများ ပေးအပ်မှု ညံ့ဖျင်းခြင်းသည် ၎င်း၏ သဘောသဘာဝအရ နိုင်ငံရေးနှင့် သက်ဆိုင်နေသည်။ ဆယ်စုနှစ်ပေါင်းများစွာ မြန်မာနိုင်ငံတွင် အစိုးရ၏ ဘတ်ဂျက်ခွဲဝေမှုများ၌ လူမှုရေးကဏ္ဍများအတွက် ခွဲဝေမှုသည် ကာကွယ်ရေးကဏ္ဍအတွက် ခွဲဝေမှုများထက် သိသိသာသာ နည်းပါးခဲ့ပြီး လူသားအရင်းအနှီးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စစ်ရေးစွမ်းရည်တွင် ရင်းနှီးမြှုပ်နှံမှုတို့အကြား မှတ်သားဖွယ်ရာ မညီမျှမှုတစ်ခု ရှိခဲ့သည်။[71] ၂၀၁၁ ခုနှစ်တွင် တာနယ် က ဤသို့ မီးမောင်းထိုးပြခဲ့သည်။

> မြန်မာနိုင်ငံ၏ နိုင်ငံတော်အသုံးစရိတ်၏ အလွန်များပြားသော အချိုးအစားသည် စစ်တပ်အတွက် ဖြစ်သည်။ စစ်ရေးအသုံးစရိတ်သည် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍနှစ်ခုပေါင်းအတွက် အသုံးပြုသည့် အသုံးစရိတ်ထက် အမြဲတစေ ပိုများနေပြီး ၎င်းမှာ အရှေ့တောင်အာရှနိုင်ငံများအကြားတွင် မြန်မာနိုင်ငံအတွက်သာ ထူးခြားသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ ဤအချက်သည် အစိုးရအဖွဲ့၏ လက်ရှိ ဦးစားပေးမှုများ သို့မဟုတ် ၎င်းအုပ်ချုပ်သော ပြည်သူများအကြား ကြီးမားသော လူသားဒုက္ခကို ဆက်လက်တည်ရှိနေစေလိုသည့် ၎င်း၏ ဆန္ဒကို ဖော်ထုတ်ပြသနေသည့်အတွက်ကြောင့်သာမက နိုင်ငံ၏ (လက်ရှိနှင့် အနာဂတ်) လူသားအရင်းအနှီးကို ဤသို့ တမင်တကာ မျက်ကွယ်ပြုမှုကြောင့် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် ဖြစ်ပေါ်လာမည့် သက်ရောက်မှုများကြောင့်လည်း အရေးကြီးပါသည်။[72]

ဥပမာအားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အာဏာရှင်အုပ်ချုပ်မှုအောက်ရှိ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၏ (၂၂) ရာခိုင်နှုန်းကျော်ကို စစ်တပ်အတွက် တရားဝင် ခွဲဝေချထားခဲ့ပြီး ကျန်းမာရေးနှင့် ပညာရေးကဏ္ဍနှစ်ခုပေါင်းအတွက်မှု (၁၇) ရာခိုင်နှုန်းသာ သုံးစွဲခဲ့သည်။[73] နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ဆယ်စုနှစ်အတွင်း လူမှုရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးလာခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှု အပါအဝင် ပတ်ဝန်း

---

[71] Asian Development Bank, 2015; Selth, 1998.
[72] Turnell, 2011, p. 141.
[73] Turnell, 2011, p. 141.

ကျင်ထိန်းသိမ်းရေးအတွက် အစိုးရ၏ ခွဲဝေချထားမှုများမှာ နည်းပါးနေခဲ့ဆဲဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၏ (၂၆ ဒသမ ၂) ရာခိုင်နှုန်းသည် ကာကွယ်ရေးကဏ္ဍအတွက် ဖြစ်ခဲ့ပြီး နှိုင်းယှဥ်မည်ဆိုပါက ကျန်းမာရေးအတွက် (၆ ဒသမ ၈) ရာခိုင်နှုန်း၊ ပညာရေးအတွက် (၁၃ ဒသမ ၇) ရာခိုင်နှုန်း၊ လူမှုဖူလုံရေးအတွက် (၅ ဒသမ ၇) ရာခိုင်နှုန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်မူ (၀ ဒသမ ၄) ရာခိုင်နှုန်းမျှသာ ရှိခဲ့သည်။[74] ဤကိန်းဂဏန်းများသည် မြန်မာနိုင်ငံ၏ အဆက်ဆက်သော အစိုးရများက ရာသီဥတုပြောင်းလဲမှုနှင့် အခြားသော ဖိအားပေးသည့် အကြောင်းအရာများကို ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ရန်အတွက် အရေးပါသော ကဏ္ဍများတွင် ဆက်တိုက် ရင်းနှီးမြှုပ်နှံမှု အားနည်းနေခြင်းကို ဖော်ပြနေသည်။ ၎င်းတို့က စစ်တပ်အတွက် အချိုးအစားမညီမျှသော သယံဇာတခွဲဝေချထားမှုကိုလည်း မီးမောင်းထိုးပြနေသည်။ ထို့ကြောင့် အောက်ပါအခန်းတွင် ဆက်လက်လေ့လာဖော်ပြမည့်အတိုင်း လူ့အသိုင်းအဝိုင်းများစွာကို သက်ဆိုးရှည်အကျပ်အတည်းနှင့် ထိခိုက်လွယ်မှုအခြေအနေတွင် ကျန်ရစ်စေခဲ့သည့် တန်ပြန်သူပုန်ထမှု စစ်ဆင်ရေးများကို အားပေးလောင်စာထည့်ပေးသကဲ့သို့ ဖြစ်ခဲ့သည်။

ပဋိပက္ခ၏ ကြာရှည်စွာကျန်ရစ်သော အမွေအနှစ်များ

ဤသုတေသနစီမံကိန်းတွင် လေ့လာခဲ့သော ကျေးရွာလေးရွာသည် ပဋိပက္ခနှင့်ပတ်သက်၍ မတူညီသော အတွေ့အကြုံများ ရှိခဲ့ကြသည်။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံကျွန်းဆွယ် ၏ ကမ်းရိုးတန်းတွင် တည်ရှိသော သောင်းရွာသည် လက်နက်ကိုင်ပဋိပက္ခ၏ တိုက်ရိုက် သက်ရောက်မှုကို မခံခဲ့ရသော်လည်း အခြားကျေးရွာသုံးရွာမှာမူ လွန်ခဲ့သော ဆယ်စုနှစ် အနည်းငယ်အတွင်း အတိုင်းအတာအမျိုးမျိုးရှိသော အကြမ်းဖက်မှုများနှင့် နေရပ်စွန့်ခွာရမှု များကို ကြုံတွေ့ခဲ့ရသည်။ ဤအခန်းတွင် ပဋိပက္ခ၏ ကြာရှည်စွာကျန်ရစ်သော အမွေ အနှစ်များက ဤလေ့လာမှု ပြုလုပ်ချိန်တွင် ထိခိုက်လွယ်မှု နောက်ခံအခြေအနေကို မည်သို့ ဆက်လက်ပုံဖော်နေသည်ကို ဆန်းစစ်လေ့လာရန် တနင်္သာရီတိုင်းဒေသကြီး၏ တောင်တန်းထူထပ်သော အရှေ့ဘက်ခြမ်းရှိ ကျေးရွာလေးရွာအနက် ပဋိပက္ခဒဏ် အများဆုံးခံခဲ့ရသော ကစူးဖသောရွာကို အလေးပေးတင်ပြပါမည်။

၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ကစူးဖသောရွာမှ ရွာခေါင်းဆောင်များကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (နဝတ) မှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးတစ်ခုသို့ ဆင့်ခေါ်ခဲ့ပြီး ထိုနေရာတွင် လူတိုင်း အနီးအနားရှိ နဝတ ထိန်းချုပ်ထားသော

[74] World Bank, 2020, p. 27.

ပြောင်းရွှေ့နေရာများသို့ ပြောင်းရွှေ့ကြရမည်ဟု ၎င်းတို့အား အသိပေးခဲ့သည်။ ရွာခေါင်းဆောင် များ အစည်းအဝေးမှ ထွက်ခွာလာစဉ်မှာပင် ပထမဆုံး သေနတ်သံများကို ကြားလိုက်ရသည်။ စစ်တပ်မှ စစ်သားများက ရွာကို စတင်ဝိုင်းရံနေပြီ ဖြစ်သည်။ ရွာခေါင်းဆောင်များက အော် ဟစ်ကာ လူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် လိုက်လံပြောဆိုကြသည်။ လူများက ၎င်းတို့၏ မိသားစုဝင်များကို စုစည်းပြီး ကိုယ်ပိုင်ပစ္စည်းများကို ယူဆောင်ရန် အိမ်များထဲတွင် ရှာဖွေနေစဉ်မှာပင် မီးရှို့ခံလိုက်ရသည့် ပထမဆုံး အိမ်များမှ မီးခိုးမည်းများ တက်လာနေသ ည်ကို တွေ့မြင်ခဲ့ကြရသည်။ လူအချို့မှာ KNU ထိန်းချုပ်နယ်မြေများရှိသည့်ဘက် တောနက်ထဲသို့ ဦးတည်ထွက်ပြေးခဲ့ကြပြီး အခြားသူ များမှာမူ ပြောင်းရွှေ့နေရာများဘက်သို့ ဦးတည်ခဲ့ကြ သည်။

ထိုနေ့တွင် တစ်ရွာလုံး မီးရှို့ဖျက်ဆီးခြင်း ခံခဲ့ရသည်။ အိမ်များ၊ လယ်ကွင်းများ၊ ခြံများ၊ တိရစ္ဆာန်ခြံများအပါအဝင် အရာအားလုံးကို စစ်တပ်မှ စစ်သားများက မီးရှို့ဖျက်ဆီးခဲ့သည်။ ဤတိုက်ခိုက်မှုသည် ၁၉၆၀ ပြည့်နှစ်များတွင် နေဝင်း၏ တော်လှန်ရေးကောင်စီမှ စတင်ခဲ့ သော မြန်မာစစ်တပ်၏ နာမည်ဆိုးဖြင့်ကျော်ကြားသည့် "ဖြတ်လေးဖြတ်" တန်ပြန်သူပုန်ထမှု နှိမ်နင်းရေး မဟာဗျူဟာ၏ ဥပမာတစ်ခု ဖြစ်သည်။ ဤမဟာဗျူဟာ၏ အဓိကရည်ရွယ်ချက် မှာ သူပုန်အဖွဲ့များ၏ အစားအစာ၊ ရန်ပုံငွေ၊ လူသစ်စုဆောင်းမှုနှင့် သတင်းအချက်အလက် ရရှိမှုကို နှောင့်ယှက်ဖြတ်တောက်ခြင်းဖြင့် အရပ်သားပြည်သူများထံမှ ရရှိသော မရှိမဖြစ်လို အပ်သည့် အထောက်အပံ့များနှင့် အဆက်အသွယ်ဖြတ်တောက်ရန် ဖြစ်သည်။[75] ဤသို့အောင် မြင်စေရန် နယ်မြေများကို ဇုန်သုံးမျိုး ခွဲခြားခဲ့သည်။ KNU ကဲ့သို့သော သူပုန်အဖွဲ့များ ထိန်းချုပ်ထားသည့် "အနက်ရောင်" နယ်မြေများ၊ စစ်တပ်ထိန်းချုပ်မှုအောက်ရှိ "အဖြူရောင်" နယ်မြေများနှင့် ထိန်းချုပ်မှု အငြင်းပွားနေဆဲဖြစ်သော "အညိုရောင်" နယ်မြေများ ဟူ၍ ဖြစ်သည်။ အနက်ရောင်နယ်မြေတစ်ခုအနေဖြင့် ကစူးဖသောရွာကို "လွတ်လပ်စွာ ပစ်ခတ်ခွင့် ရှိသောဇုန်" အဖြစ် အခြေခံအားဖြင့် သတ်မှတ်ခဲ့ပြီး ထိုနေရာတွင် စစ်တပ်သည် KNU သူပုန် သို့မဟုတ် ထောက်ခံသူဟု သံသယရှိသူ မည်သူ့ကိုမဆို ဖမ်းဆီးရန် သို့မဟုတ် သုတ်သင် ရှင်းလင်းရန် အခွင့် အာဏာရှိကာ ကျန်ရှိသော နေထိုင်သူများကို "အဖြူရောင်" နယ်မြေများရှိ ပြောင်းရွှေ့နေရာများ သို့မဟုတ် မဟာဗျူဟာကျကျ တည်ဆောက်ထားသော ရွာများ (ဖြူလုရွာသစ်) သို့ အတင်းအကျပ် ပြောင်းရွှေ့စေခဲ့သည်။[76]

ပြောင်းရွှေ့နေရာများတွင် ကရင်ကျေးရွာသားများသည် အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ စစ်တပ်အတွက် ပေါ်တာထမ်းခိုင်းခြင်း၊ သွားလာလှုပ်ရှားမှု ကန့်သတ်ခြင်းနှင့် ပြည်သူ့စစ်ဟု သိကြသော အရပ်သား စစ်မှုထမ်းအဖွဲ့သို့ အတင်းအကျပ် စုဆောင်းခံရခြင်းကဲ့သို့သော ပုံစံ

[75] Ferguson, 2014.
[76] Ferguson, 2014.

မျိုးစုံသည့် အကြမ်းဖက်မှုများနှင့် ဖိနှိပ်မှုများကို ကြုံတွေ့ခဲ့ရသည်။ နေရပ်စွန့်ခွာခဲ့ရသော ကျေးရွာ သားများသည် ၎င်းတို့၏ လယ်ယာများကို စွန့်လွှတ်ခဲ့ရပြီး ပြောင်းရွှေ့နေရာများတွင် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ အကန့်အသတ်ဖြင့်သာ ရရှိခဲ့သောကြောင့် ၎င်းတို့၏ နေထိုင်မှုအခြေအနေများတွင် အစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားသော အခြေခံလိုအပ်ချက်များ အမြဲတစေ ချို့တဲ့ခြင်းစသည့် လက္ခဏာရပ်များ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉ အစောပိုင်းတွင် ကျွန်ုပ် ကစူးဖသောရွာသို့ သွားရောက်လည်ပတ်ခဲ့စဉ် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အဓမ္မပြောင်းရွှေ့စေခြင်းတို့က ဖြစ်ပေါ်စေခဲ့သော တစ်ဆစ်ချိုးပြောင်းလဲမှု၏ အကျိုးဆက်များကို ထိုနေရာတွင် နေထိုင်သူများအပေါ်တွင် ထင်ထင်ရှားရှား မြင်တွေ့နေရဆဲဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် KNU နှင့် မြန်မာအစိုးရ/စစ်တပ်အကြား နှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချုပ်ဆိုခဲ့ပြီး ၎င်းကို ၂၀၁၅ ခုနှစ်တွင် NCA ဖြင့် ထပ်မံတိုးချဲ့ခဲ့သော်လည်း ပဋိပက္ခ၏ အမွေအနှစ်များက လူတို့၏ ဘဝများနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဆက်လက်ပုံဖော်နေဆဲဖြစ်သည်။ ဤအချက်က နာတာရှည် ထိခိုက်လွယ်မှု အခြေအနေကို အဓိကနည်းလမ်းနှစ်သွယ်ဖြင့် ထောက်ကူမှုပြုခဲ့သည်။

ပထမအချက်အနေဖြင့် ပဋိပက္ခသည် နိုင်ငံအတွင်း ကြာရှည်စွာတည်ရှိနေသော ပြဿနာတစ်ခုဖြစ်သည့် မြေယာပိုင်ဆိုင်မှု မခိုင်မာခြင်းကို ပိုမိုဆိုးရွားစေခဲ့သည်။[77] ကစူးဖသောရွာတွင် နေထိုင်သူ အနည်းငယ်သာ မြန်မာအစိုးရ သို့မဟုတ် KNU မှ ထုတ်ပေးသော မြေယာ စာရွက်စာတမ်းများ ပိုင်ဆိုင်ကြသည်ဟု ထင်ရသည်။ သို့သော်လည်း ဤစာရွက်စာတမ်းများသည် ၎င်းတို့၏ မူလမြေယာပိုင်ဆိုင်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သူများအတွက်သာ အဓိကအားဖြင့် ဖြစ်သည်။ ၁၉၉၆-၁၉၉၇ ခုနှစ် တိုက်ခိုက်မှုများအပြီး အခြားဒေသများသို့ သို့မဟုတ် ထိုင်းနိုင်ငံတွင်းသို့ နယ်စပ်ဖြတ်ကျော် ထွက်ပြေးခဲ့ရသူများအတွက်မူ အခြေအနေမှာ ပိုမိုစိန်ခေါ်မှုများ ရှိခဲ့သည်၊ အကြောင်းမှာ ၎င်းတို့သည် ၎င်းတို့၏ မူလမြေယာပိုင်ဆိုင်ခွင့်ကို ဆုံးရှုံးခဲ့ရပြီး ပြန်လာလိုသည့်အခါတွင် ရွာရှိ ရရှိနိုင်သော မြေအားလုံးမှာ လူနေထိုင်ပြီး ဖြစ်နေခဲ့သောကြောင့် ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးအပြီးတွင် မြေဈေးများလည်း ရုတ်ချည်း မြင့်တက်လာခဲ့ရာ "နေရပ်ပြန်လာသူများ" အတွက် မြေဝယ်ရန် ခက်ခဲစေခဲ့သည်။ ပြောင်းရွှေ့နေရာများတွင် နေထိုင်နေဆဲဖြစ်သော လူအချို့က လည်း ၎င်းတို့ နေထိုင်နေသော မြေ၏ မူလပိုင်ရှင်က ပြန်လည်သိမ်းယူရန်ကြိုးပမ်းမည်ကို ၎င်းတို့ကိုယ်တိုင်မြေမဲ့ယာမဲ့ ဖြစ်သွားမည်ကို စိုးရိမ်ခဲ့ကြသည်။

မာခန်နှင့် ဂေါ်နော့တို့က မီးမောင်းထိုးပြခဲ့သလို မြေယာပိုင်ဆိုင်မှု မခိုင်မာခြင်းသည် လူပုဂ္ဂိုလ်များကို ရင်းမြစ်များနှင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ရုတ်တရက် ဆုံးရှုံးနိုင်သည့် ထိခိုက်လွယ်သောအခြေအနေသို့ ရောက်စေရုံသာမက ရေရှည် ကြံ့ကြံ့ခံနိုင်စွမ်း

[77] Kenney-Lazar et al., 2022; Suhardiman et al., 2019.

အပေါ်တွင်လည်း သက်ရောက်မှုများ ရှိစေနိုင်သည်။[78] ကစူးဖသောရွာတွင် လူများသည် မြေယာကို လပ်ထားပါက အာဏာပိုင်များ သို့မဟုတ် အခြားသူများက သိမ်းယူသွားမည်ကို စိုးရိမ်သောကြောင့် တောင်ယာအလှည့်ကျစိုက်ပျိုးခြင်းကို လုပ်ဆောင်ရန် ပိုမိုတွန့်ဆုတ်လာကြသည်ဟု ထင်ရသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအပြီးတွင် ဤစိုးရိမ်မှုမှာ အထူးသဖြင့် ပိုမိုထင်ရှားလာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အစိုးရက ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်ချက်များ ပြဋ္ဌာန်းခဲ့ပြီး တောင်သူများအား ခြောက်လအတွင်း ၎င်းတို့၏ မြေယာကို မှတ်ပုံတင်ရန် လိုအပ်စေကာ သို့မဟုတ်ပါက “မိမိတို့၏ ကိုယ်ပိုင်မြေပေါ်တွင် ကျူးကျော်မှု” ဖြင့် နေအိမ်မှ ဖယ်ရှားခံရခြင်း၊ ထောင်ဒဏ်ကျခံရခြင်း သို့မဟုတ် ဒဏ်ငွေပေးဆောင်ရခြင်းအန္တရာယ်နှင့် ရင်ဆိုင်ရမည် ဖြစ်သောကြောင့်ဖြစ်သည်။[79] သီဟိုဠ်၊ ကွမ်းသီး သို့မဟုတ် ရာဘာပင်များဖြင့် ဥယျာဉ်ခြံများ စိုက်ပျိုးခြင်းသည် အလေ့အထ ပိုမိုဖြစ်လာခဲ့သည်။ ရွာခေါင်းဆောင်တစ်ဦး၏ရှင်းပြချက်အရ ဥပမာအားဖြင့် ၎င်းတို့သည် ၎င်းတို့၏ မြေယာကို တက်ကြွစွာ အသုံးပြုနေကြောင်း ပြသရန်နှင့် အစိုးရက “ဤရွာသည် အလွတ်ဖြစ်သည်ဟု မယူဆစေရန်” သို့မဟုတ် “မြေလပ်အဖြစ် မသတ်မှတ်စေရန်” လူများကို ၎င်းတို့၏ ယာခင်းများသို့ ပြန်လည်လုပ်ကိုင်ကြရန် ၎င်းမှတိုက်တွန်းနေခဲ့ရသည်။[80] သို့ဖြစ်ရာ ခင်ထက်ထက်ပြုံးနှင့်အဖွဲ့က မှတ်တမ်းတင်ခဲ့သကဲ့သို့ မြေယာဆုံးရှုံးမည်ကို စိုးရိမ်မှုက တောင်သူများကို ရိုးရာတောင်ယာအလှည့်ကျစိုက်ပျိုးခြင်းကို စွန့်လွှတ်ကာ အမြဲတမ်းသစ်ပင်စိုက်ခင်းများနှင့် စီးပွားဖြစ် ငွေပေါ်သီးနှံစိုက်ပျိုးခြင်းဘက်သို့ ပြောင်းလဲရန် တွန်းအားပေးခဲ့သည်ဟု ထင်ရသည်။[81] သို့သော်လည်း ယခုအခါ ဒေသအတွင်း ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးလာကြသော ကွမ်းသီးနှင့် သီဟိုဠ်ပင်များကဲ့သို့သော သီးနှံများသည် ရိုးရာစားဝတ်နေရေးအတွက် စိုက်ပျိုးခြင်းနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာသော အပူချိန်နှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ပိုမိုထိခိုက်လွယ်သည်ဟု ထင်ရသည်။ ထို့အပြင် ခူစကာဘေးနှင့် မြေ့တို့က ဆွေးနွေးခဲ့သကဲ့သို့ ငွေပေါ်သီးနှံများသည် မတည်ငြိမ်သော ဈေးကွက်အခြေအနေများနှင့်လည်း မကြာခဏ ပိုမို ရင်ဆိုင်ကြရသည်။[82]

ဒုတိယအချက်အနေဖြင့် ဤလေ့လာမှုအရ ပဋိပက္ခသည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှစ်မျိုးစလုံးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိခဲ့ပြီး ထို့ကြောင့် လူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပါဝင်နိုင်စွမ်းနှင့် ရုတ်တရက်ကြုံတွေ့ရသည့်

[78] Murken & Gornott, 2022.
[79] Kenney-Lazar et al., 2022, p. 9.
[80] KNU village leader in Kasuh Hpathaw village, personal communication, March 20, 2019.
[81] Khin Htet Htet Pyone et al., 2024.
[82] Kusakabe & Myae, 2019.

အခက်အခဲများနှင့် ဖိအားပေးသည့် အကြောင်းအရာများကို ရင်ဆိုင်ဖြေရှင်းရန်နှင့် လိုက်လျော ညီထွေဖြစ်အောင် နေထိုင်ရန် ကူညီပေးမည့် နည်းဗျူဟာများကို လိုက်စားနိုင်စွမ်းတို့ကို ကန့်သတ်ခဲ့သည်ကို တွေ့ရှိရသည်။ မေလာနှင့် ရက်စ်မာဆန် တို့၏ အဆိုအရ လက်နက်ကိုင် ပဋိပက္ခ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် သက်ရောက်သည့် အကျိုးဆက်များကို ပဋိပက္ခ ဖြစ်ပွားနေသော အခြေအနေတစ်ခုတွင် စစ်ပွဲနှင့် တိုက်ရိုက်ထိတွေ့မှုနှင့် နေ့စဉ်ဘဝ၏ ဖိစီးမှုများသော လူမှုရေးနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေအနေများ (နေ့စဉ်ဖိအားများ) တို့ ပေါင်း စပ်မှုက ဆုံးဖြတ်သည်။[83] ထို့ကြောင့် စိတ်ဒဏ်ရာသည် တိုက်ရိုက်အကြမ်းဖက်မှုများကြောင့် သာမက ပိုမိုစနစ်ကျသော အကြမ်းဖက်မှုပုံစံများကြောင့်လည်း ဖြစ်ပေါ်လာသည်။ မြန်မာနိုင်ငံ ၏ အခြားဒေသများမှာကဲ့သို့ပင် ကစူးဖသောရွာမှ နေထိုင်သူများသည် အကြမ်းဖက်မှု အမျိုး အစားနှစ်ခုစလုံးကို အချိန်ကြာမြင့်စွာ ကြုံတွေ့ခဲ့ရပြီး ပဋိပက္ခသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် အဆုံးသတ်သွားပြီးနောက်တွင်လည်း မည်သည့် စိတ်ပိုင်းဆိုင်ရာ လူမှု ရေးအထောက်အပံ့ သို့မဟုတ် စိတ်ဒဏ်ရာကုစားမှုဆိုင်ရာ အကြံဉာဏ်ပေးခြင်းတို့ကိုမျှ မရရှိခဲ့ပေ။ အနာဂတ်နှင့်ပတ်သက်၍ အမြဲတစေ မသေချာမရေရာမှုများနှင့် ပဋိပက္ခပြန်လည် ဖြစ်ပွားလာနိုင်သည့်အပေါ် စိုးရိမ်ကြောက်ရွံ့မှုတို့ကလည်း လူများကို စစ်ပွဲ၏ ကြောက်မက် ဖွယ်ရာများမှ ပြန်လည်နာလန်ထူနိုင်ခြင်းမှ တားဆီးထားသည်ဟု ထင်ရသည်။

သို့ဖြစ်ရာ ပြည်တွင်း ရာသီဥတုဆိုင်ရာ မူဝါဒများက ညွှန်ပြနေသကဲ့သို့ ရာသီဥတု ပြောင်းလဲမှု၏ ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှုများနှင့် ထိတွေ့ရခြင်း သို့မဟုတ် ရာသီဥတု အပေါ် ထိခိုက်လွယ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မှီခိုနေရခြင်းတို့သည် မြန်မာနိုင်ငံ (အရှေ့တောင်ပိုင်း) တွင် ထိခိုက်လွယ်မှု၏ အဓိကတွန်းအားပေးသည့် အကြောင်း ရင်းများ မဟုတ်ပေ။ ထိုသို့မဟုတ်ဘဲ ထိခိုက်လွယ်မှုသည် အထူးသဖြင့် နိုင်ငံရေးဦးစားပေးမှု များနှင့် စစ်ရေးဆိုင်ရာ ရည်မှန်းချက်များနှင့် ဆက်စပ်နေသော လူမှု-နိုင်ငံရေးဆိုင်ရာ အကြောင်းအချက်များက ပုံဖော်ခြင်း ဖြစ်သည်။ ဤအတွင်းကျကျ သိမြင်မှုများသည် ၂၀၁၈ ခုနှစ်တွင် လူသားချင်းစာနာမှုအကူအညီနှင့် ကြံ့ကြံ့ခံနိုင်စွမ်းဆိုင်ရာ အစီအစဉ် (Humanitarian Assistance and Resilience Programme Facility) နှင့် မြန်မာနိုင်ငံသတင်းအချက် အလက် စီမံခန့်ခွဲရေးယူနစ် (Myanmar Information Management Unit) တို့က ပြုလုပ်ခဲ့ သော မြန်မာနိုင်ငံရှိ ထိခိုက်လွယ်မှုဆိုင်ရာ ဘက်စုံလွှမ်းခြုံသည့် အကဲဖြတ်မှုတစ်ခုနှင့် ကိုက်ညီ ပြီး အပြန်အလှန် ဖြည့်စွက်ပေးနေသည်။ အဆိုပါ အကဲဖြတ်မှုတွင် ကရင်ပြည်နယ်ရှိ လူဦးရေ၏ (၅၈.၈) ရာခိုင်နှုန်းနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ လူဦးရေ၏ (၄၉.၄) ရာခိုင်နှုန်းကို ရာသီဥတုပြောင်းလဲမှုကဲ့သို့သော ရုတ်တရက်ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဖိအားပေး သည့် အကြောင်းအရာများအပေါ် ‘ထိခိုက်လွယ်သူများ’ အဖြစ် သတ်မှတ်ခဲ့သည်။ အဆိုပါ

[83] Miller & Rasmussen, 2014.

အကဲဖြတ်မှုအရ ပဋိပက္ခ၊ နေရပ်စွန့်ခွာရခြင်းနှင့် အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ ရရှိမှုနည်းပါးခြင်းတို့သည် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ထိခိုက်လွယ်မှု၏ အဓိက တွန်းအားများဖြစ်ကြကြောင်း တွေ့ရှိခဲ့သည်။ ထို့အပြင် ပဋိပက္ခသက်ရောက်မှုမရှိသော နေရာများထက် ပဋိပက္ခသက်ရောက်မှုရှိသော နေရာများတွင် နေထိုင်မှုအခြေအနေများနှင့် ပညာရေးလက်လှမ်းမီရရှိမှုတို့မှာ သိသိသာသာ နိမ့်ကျနေသည်ကိုလည်း တွေ့ရှိခဲ့သည်။

အထက်မှ နိုင်ငံရေးနှင့် ခွဲထုတ်ခြင်းနှင့် အောက်ခြေမှ ခုခံတွန်းလှန်မှု "တောင်တန်းမှ သန္တာကျွန်းတန်းဆီသို့" စီမံကိန်း

အရှေ့တောင်အာရှ၏ အကြီးဆုံး ကျန်ရှိနေသေးသော မြေနိမ့်ပိုင်း စိုစွတ်ထိုင်းမှိုင်းသည့် အမြဲစိမ်းတောများထဲမှ တစ်ခု၏ နေရပ်ဖြစ်သော တနင်္သာရီတိုင်းဒေသကြီးကို "ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထူးခြားပေါများရာနေရာ" (global biodiversity hotspot) အဖြစ် တဖြည်းဖြည်း ပိုမိုအသိအမှတ်ပြုလာကြသည်။[84] ၂၀၁၀ ပြည့်နှစ်များတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များက ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော လက်နက်ကိုင်ပဋိပက္ခကြောင့် ယခင်က ကန့်သတ်ထားခဲ့သည့် အဆိုပါဒေသကို နိုင်ငံတကာအဖွဲ့အစည်းများအတွက် ဖွင့်လှစ်ပေးခဲ့သည်။ ဆယ်စုနှစ်အကုန်ပိုင်းတွင် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာ NGO များက ဦးဆောင်ကာ မြန်မာအစိုးရဌာနများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် အတိုင်းအတာကြီးမားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံကိန်းအများအပြားကို အကောင်အထည်ဖော်ရန် စီစဉ်ခဲ့ကြသည်။

ဤကမကထပြုမှုများအနက် အထင်ရှားဆုံးနှင့် အငြင်းပွားဖွယ်ရာအကောင်းဆုံးမှာ ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ လုပ်ဆောင်ရန် စီစဉ်ထားသော R2R စီမံကိန်း ဖြစ်သည်။[85] အဆိုပါစီမံကိန်းသည် ပါရီသဘောတူညီချက်အတွက် မြန်မာနိုင်ငံ၏ ရည်မှန်းထားသော အမျိုးသားအဆင့် သတ်မှတ်ထားသည့် ထည့်ဝင်ဆောင်ရွက်မှုများ (Intended Nationally Determined Contribution) တွင် ဖော်ပြထားသော ပစ်မှတ်တစ်ခုနှင့် တိတိကျကျ ကိုက်ညီခဲ့သည်။ အဆိုပါပစ်မှတ်မှာ ကာကွယ်စောင့်ရှောက်ထားသော ဧရိယာစနစ်များ (၁၀) ရာခိုင်နှုန်း အပါအဝင် နိုင်ငံ၏ အမြဲတမ်းသစ်တောဧရိယာကို နိုင်ငံ့စုစုပေါင်း ဧရိယာ၏ (၃၀) ရာခိုင်နှုန်းအထိ တိုးချဲ့ရန် ဖြစ်သည်။ R2R စီမံကိန်းသည် ကနဦးတွင် စတုရန်းကီလိုမီတာ

---

[84] Allendorf et al., 2018; Connette et al., 2016; Mandle et al., 2017; Nay Myo Shwe et al., 2023.

[85] The relevant agreement was signed on 8 December 2017 by the Myanmar government and on 11 December 2017 by UNDP Myanmar (UNDP, 2017).

(၁၄,၅၂၀)ကို လွှမ်းခြုံရန် ရည်ရွယ်ခဲ့သည်။ ၎င်းမှာ ဒိန်းမတ်နိုင်ငံထက် အနည်းငယ်ပိုကြီးပြီး တနင်္သာရီတိုင်းဒေသကြီး၏ (၃၃.၅) ရာခိုင်နှုန်းနှင့် ညီမျှသော နယ်မြေဖြစ်သည်။[86]

R2R စီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီးတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်မှုကို မြှင့်တင်ရန်နှင့် ရာသီဥတုဆိုင်ရာ ရည်မှန်းချက်များကို အထောက်အကူပြုရန် ခေတ်မီနည်းပညာနှင့် သိပ္ပံပညာအသိပညာ အသုံးပြုမှုကို အလေးပေးသည့် နည်းပညာပိုင်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအဖြစ် အဓိကအားဖြင့် ပုံဖော်ခဲ့သည်။ ဤအချက်ကို သရုပ်ဖော်ရလျှင် အဓိကစီမံကိန်းစာတမ်းတွင် "နည်းပညာပိုင်းဆိုင်ရာ" ဟူသော စကားလုံးသည် (၄၂) ကြိမ် ပါဝင်ပြီး အများအားဖြင့် အထောက်အပံ့၊ အကူအညီ၊ လမ်းညွှန်မှု၊ ကျွမ်းကျင်မှု၊ နောက်ခံပံ့ပိုးမှု သို့မဟုတ် အကြံဉာဏ်ကဲ့သို့သော စကားလုံးများနှင့် တွဲဖက်အသုံးပြုထားသည်။[87] ဤနည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့ကို စီမံကိန်းမိတ်ဖက်များက ဒေသခံအသိုင်းအဝိုင်းများနှင့် မြန်မာ့ရေတပ်မတော် အပါအဝင် မြန်မာအစိုးရထံသို့ ပေးအပ်ရန် ဖြစ်သည်။

စီမံကိန်းစာတမ်းများက ရာသီဥတုပြောင်းလဲမှုကို တနင်္သာရီတိုင်းဒေသကြီးရှိ ဇီဝမျိုးစုံမျိုးကွဲများအတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် အဓိကအားဖြင့် ပုံဖော်ခဲ့သည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှုသည် မကြာခဏပိုမိုဖြစ်ပွားသော တောမီးလောင်မှုများ၊ ကမ်းခြေနှင့် ကမ်းရိုးတန်း တိုက်စားမှုကို အရှိန်မြင့်လာခြင်းနှင့် မြစ်ဝဒေသ[88] လူမှုအဖွဲ့အစည်းများ၊ ဒီရေတောများနှင့် သန္တာကျောက်တန်းများ ပျက်စီးယိုယွင်းမှုကို ဖြစ်ပေါ်စေမည်ဟု ခန့်မှန်းခဲ့သည်။ ဤသက်ရောက်မှုများကို စီမံခန့်ခွဲရန် စီမံကိန်းက ကာကွယ်စောင့်ရှောက်ထားသော ဧရိယာစီမံခန့်ခွဲမှုနှင့် နယ်မြေဧရိယာဆက်စပ်ချိတ်ဆက်မှုများကို တိုးတက်စေရန်၊ ဂေဟစနစ်၏ ကြံ့ကြံ့ခံနိုင်စွမ်းကို ထိန်းသိမ်းရန်၊ နှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ ရေရှည်တည်တံ့စွာ စီးဆင်းမှုကို သေချာစေရန် ကြိုးပမ်းခဲ့သည်။[89] ရာသီဥတုပြောင်းလဲမှုကို ဤသို့ ပုံဖော်ခြင်းသည် စီမံကိန်းက မျှော်မှန်းထားသော နည်းပညာ-စီမံခန့်ခွဲမှုဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများကို လွယ်ကူစွာ ဖြစ်ပေါ်စေခဲ့သည်။

အခြားတစ်ဖက်တွင် စီမံကိန်းစာတမ်းများက ထိခိုက်လွယ်မှုကို အနာဂတ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ၊ အထူးသဖြင့် ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များနှင့် ထိတွေ့ရခြင်းအဖြစ် ပုံဖော်ထားသည်။ သို့သော်လည်း လူသားတို့၏ ထိခိုက်လွယ်မှုထက် ရာသီဥတုပြောင်းလဲမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် ကမ်းရိုးတန်းဒေသ နေရင်းနေရာများ၏

---

[86] UNDP, 2017.

[87] UNDP, 2017.

[88] မြစ်ဝဒေသများ (estuaries) ဆိုသည်မှာ များသောအားဖြင့် မြစ်ချောင်းများ ပင်လယ်နှင့် ဆုံတွေ့ရာ နေရာများတွင် တွေ့ရှိရလေ့ရှိသည့် ရေပြင်များဖြစ်ပြီး ၎င်းတို့တွင် ထူးခြားသော အပင်များနှင့် သက်ရှိမျိုးစိတ်များ ကျက်စားလေ့ရှိကြသည်။

[89] UNDP, 2017.

ထိခိုက်လွယ်မှုကို ပိုမိုအလေးပေးခဲ့ပြီး စာတမ်းများက ထိခိုက်လွယ်သော လူများကို ပတ်ဝန်းကျင်အတွက် ခြိမ်းခြောက်မှုများအဖြစ် အဓိကအားဖြင့် ပုံဖော်ခဲ့သည်။ အထူးသဖြင့် စီမံကိန်းက ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော ဒုက္ခသည်များသည် ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုအတွက် အထူးသဖြင့် တာဝန်ရှိသည်ဟု အချေအတင်ဆိုတင်ပြခဲ့သည်။ "သိန်းပေါင်းများစွာသော ဒုက္ခသည် နေရပ်ပြန်လာသူများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် ဆင်းရဲမွဲတေမှုတို့သည်လည်း တနင်္သာရီတောင်တန်း၏ ဇီဝမျိုးစုံမျိုးကွဲများအတွက် ခြိမ်းခြောက်မှုများကို ပိုမိုဆိုးရွားစေပြီး သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားမှု၊ နုန်းပို့ချမှုတို့ကို တိုးပွားစေသည်"။[90] ဤအချက်က ပြန်လည်ဝင်ရောက်လာသော ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာသူများ အလုံးအရင်းလိုက် တနင်္သာရီတိုင်းဒေသကြီး၏ သစ်တောထူထပ်သော နေရာများသို့ စီးဝင်ကာ ကြီးမားသော ပတ်ဝန်းကျင်ပျက်စီးမှုကို ဖြစ်ပေါ်စေနေသည်ဟူသော ထင်မြင်ယူဆချက်ကို ဖြစ်ပေါ်စေသည်။ ဤဇာတ်ကြောင်းကို နောက်ပိုင်းတွင် R2R စီမံကိန်း၌ ဇီဝမျိုးစုံမျိုးကွဲ၏ တန်ဖိုးများနှင့် တိုးတက်ကောင်းမွန်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအကြောင်း လူများကို ပညာပေးရန်ရည်ရွယ်သော ပြင်ပမှ ကြားဝင်ဆောင်ရွက်မှုအတွက် အကြောင်းပြချက်အဖြစ် အသုံးပြုခဲ့သည်။

ပဋိပက္ခနှင့် ပတ်သက်လာလျှင် R2R စီမံကိန်းစာတမ်းများက တနင်္သာရီတိုင်းဒေသကြီးကို ပဋိပက္ခလွန်ဒေသအဖြစ် သတ်မှတ်ဖော်ပြခဲ့ပြီး KNU ပဋိပက္ခကို "ဖြစ်ပေါ်နေဆဲ ပဋိပက္ခလွန် ညှိနှိုင်းဆွေးနွေးမှုများ" မှတစ်ဆင့် ဖြေရှင်းနေသော "နိုင်ငံရေးတင်းမာမှု" အဖြစ် ပုံဖော်ခဲ့သည်။[91] ၎င်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို "ငြိမ်းချမ်းရေး သဘောတူညီချက်" ဟု မှားယွင်းစွာ ရည်ညွှန်းခဲ့သည်။[92] ဤအချက်က အမှန်တကယ်တွင် သိမ်မွေ့ ပျက်စီးလွယ်သော အပစ်အခတ်ရပ်စဲရေးတစ်ခုသာ ရှိနေချိန်တွင် တနင်္သာရီတိုင်းဒေသကြီးရှိ ပဋိပက္ခသည် အများအားဖြင့် ဖြေရှင်းပြီးဖြစ်သည်ဟူသော ထင်မြင်ချက်ကို ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် ပဋိပက္ခကို "အတွင်းပိုင်း တိုင်းရင်းသားပဋိပက္ခ"[93] ဟု ရည်ညွှန်းခဲ့ရာ၊ ၎င်းမှာ နိုင်ငံတော်နှင့် နိုင်ငံတော်မဟုတ်သော သူပုန်အဖွဲ့များအကြား ကြာရှည်နေသော လက်နက်ကိုင်ပဋိပက္ခတစ်ခု မဟုတ်ဘဲ မတူညီသော တိုင်းရင်းသားအုပ်စုများအကြား ဒေသအဆင့် အငြင်းပွားမှုတစ်ခုဖြစ်သည်ဟု ဆိုလိုနေသည်။ ဤအချက်က အဓိကစီမံကိန်းမိတ်ဖက်ဖြစ်သော မြန်မာအစိုးရသည် ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့တစ်ဖွဲ့ဖြစ်သည်ဟူသော အဖြစ်မှန်ကို ဖုံးကွယ်ထားခဲ့သည်။ အရေးကြီးသည်မှာ R2R စာတမ်းများက NCA ကို ဖော်ပြရန်

---

[90] UNDP, 2017, p. 12.

[91] UNDP, 2017, p. 26.

[92] UNDP, 2017, p. 42.

[93] UNDP, 2017, p. 38.

ပျက်ကွက်ခဲ့ခြင်း ဖြစ်သည်။ ဤသို့ မျက်ကွယ်ပြုမှုက စီမံကိန်းဒီဇိုင်းသည် ထိုအချိန်က ရှိနေသော ပဋိပက္ခအခြေအနေများကို မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုနားလည်မှုအပေါ် အခြေခံထားကြောင်း ညွှန်ပြနေသည်။ ၎င်းသည် NCA ကို လိုက်နာရန် လိုအပ်ချက်ကိုလည်း မျက်ကွယ်ပြုခဲ့ပြီး KNU နှင့် ကရင်လူမျိုးတို့၏ မကျေနပ်မှုများအပေါ် သတိပြုကိုင်တွယ်မှု အားနည်းကြောင်းကိုလည်း ပြသခဲ့သည်။ ဤအချက်က နောက်ပိုင်းတွင် စီမံကိန်းအပေါ်ဆန့်ကျင်ပေါ်ပေါက်လာခဲ့သော ခုခံတွန်းလှန်မှုအတွက် လမ်းခင်းပေးခဲ့သည်။

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် CAT အဖွဲ့က R2R စီမံကိန်းနှင့် ပတ်သက်၍ GEF နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) တို့ထံသို့ တရားဝင် တိုင်ကြားစာတစ်စောင် ပေးပို့ခဲ့သည်။ ဤစာကို ထားဝယ်မြို့တွင် စီမံကိန်းအတွက် စတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ တစ်ခု မကျင်းပမီ တစ်ရက်အလိုတွင် ပေးပို့ခဲ့ခြင်း ဖြစ်သည်။[94] ၎င်းတို့၏ စာတွင် CAT က အဆိုပါစီမံကိန်းသည် တနင်္သာရီတိုင်းရှိ ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ အခွင့်အရေးများကို ချိုးဖောက်ရုံသာမက KNU နှင့် မြန်မာအစိုးရအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကိုပါ ခြိမ်းခြောက်နေသည်ဟု အဆိုပြုတင်ပြခဲ့သည်။ စီမံကိန်းကို ဆိုင်းငံ့ရန်နှင့် ပြန်လည်ဒီဇိုင်းရေးဆွဲရန် တောင်းဆိုလျက် CAT က ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြိုးပမ်းမှုများတွင် တိုင်းရင်းသားမျိုးနွယ်စုများကို ဖယ်ထုတ်မည့်အစား ၎င်းတို့၏ အခွင့်အရေးများကို ဦးစားပေးရန် လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။[95] ထိုနေ့မှာပင် စီမံကိန်းနှင့် ပတ်သက်၍ KNU ၏ ကော်သူးလေသစ်တောဌာနမှ မြန်မာနိုင်ငံဆိုင်ရာ UNDP ဌာနေညွှန်ကြားရေးမှူးနှင့် GEF ၏ ပဋိပက္ခဖြေရှင်းရေး ကော်မရှင်နာမင်းကြီးတို့ထံသို့ စိုးရိမ်ကြောင်းဖော်ပြသည့် စာတစ်စောင်[96]ကိုလည်း ပေးပို့ခဲ့သည်။

သို့ဖြစ်ရာ R2R စီမံကိန်း၏ နိုင်ငံရေးနှင့် ခွဲထုတ်ထားသော သဘောသဘာဝကို အဆိုပါကြားဝင်ဆောင်ရွက်မှုနှင့် ၎င်း၏ ဖြစ်ပေါ်လာနိုင်သော နိုင်ငံရေးဆိုင်ရာ အကျိုးဆက်များကို "နိုင်ငံရေးနှင့် ပြန်လည်ဆက်စပ်ရန်" ကြိုးပမ်းမှုဖြင့် တန်ပြန်ခဲ့သည်။ အထူးသဖြင့် စီမံကိန်းအပေါ် တိုင်ကြားမှုများသည် NCA ၏ ပုဒ်မ ၂၅(က) နှင့် ၂၅(ခ) တို့ကို လိုက်နာရန် ပျက်ကွက်မှုအပေါ် အဓိကထားခဲ့သည်။ ဤပုဒ်မများက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည့်အချိန်နှင့် နောက်ဆုံး ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိမည့်အချိန်ကြား ကြားဖြတ်ကာလအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်များနှင့် စီမံကိန်းများကို အကောင်အထည်ဖော်ရန် မြန်မာအစိုးရနှင့် EAO များသည် အချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပြီး အပစ်အခတ်ရပ်စဲရေးဒေသများတွင် နေထိုင်သော

[94] UNDP, 2018.
[95] Conservation Alliance Tanawthari, 2018.
[96] ဤစာကို ကျွန်ုပ်ထံ ပုဂ္ဂိုလ်ရေးအရ ဝေမျှပေးခဲ့သည်။

အရပ်သားများကို သိသိသာသာ သက်ရောက်မှုရှိနိုင်သည့် စီမံကိန်းများကို ဒေသခံအသိုင်းအဝိုင်းများနှင့် ဆွေးနွေးတိုင်ပင်၍ စီစဉ်သင့်သည်ဟုလည်း ပြဋ္ဌာန်းထားသည်။[97] KNU က ဤပြဋ္ဌာန်းချက်နှစ်ခုလုံးကို ကျေနပ်ဖွယ်ရာ လိုက်နာခဲ့ခြင်းမရှိကြောင်း ချေပပြတင်ပြခဲ့သည်၊ အကြောင်းမှာ "စီမံကိန်းကို KNU နှင့်ဖြစ်စေ၊ ဒေသခံအသိုင်းအဝိုင်းနှင့်ဖြစ်စေ ဆွေးနွေးတိုင်ပင်၍ ရေးဆွဲခဲ့ခြင်း မဟုတ်သောကြောင့်" ဖြစ်သည်။[98]

ဤတရားဝင် တိုင်ကြားစာများကို လက်ခံရရှိပြီးနောက်၊ R2R စီမံကိန်းကို ယာယီရပ်ဆိုင်းခဲ့ပြီး အဆိုပါအမှုကို UNDP ၏ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှုစိစစ်ရေးယူနစ် (SECU) သို့ လွှဲပြောင်းပေးခဲ့သည်။[99] ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် SECU က တိုင်ကြားစာအပေါ် "လက်ခံနိုင်ခြေရှိ၊ မရှိ ဆုံးဖြတ်ခြင်း" သုံးသပ်ချက်တစ်ခု ပြုလုပ်ခဲ့ပြီး တိုင်ကြားသူများအပေါ် ဖြစ်နိုင်ခြေရှိသော ထိခိုက်မှုနှင့် UNDP ၏ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကတိကဝတ်များကို ဖြစ်နိုင်ခြေရှိသော ချိုးဖောက်မှုတို့ကြောင့် ၎င်းသည် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာမှု စိစစ်သုံးသပ်မှုတစ်ခုအတွက် လက်ခံနိုင်ခြေရှိသည်ဟု ကောက်ချက်ချခဲ့သည်။[100] ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် SECU က မြန်မာနိုင်ငံသို့ ကွင်းဆင်းလေ့လာမှုတစ်ခု ပြုလုပ်ခဲ့သော်လည်း ဒုတိယအကြိမ် စီစဉ်ထားသော ကွင်းဆင်းလေ့လာမှုကို COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် ဖျက်သိမ်းခဲ့ရပြီး ထို့နောက် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုအပြီး နိုင်ငံရေးမငြိမ်သက်မှုများကြောင့် ထပ်မံ ဖျက်သိမ်းခဲ့ရသည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် SECU က ၎င်းတို့၏ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာမူကြမ်း၏ အပိုင်းတစ်ကို ထုတ်ပြန်ခဲ့ပြီး သုံးသပ်ချက်ကို အပြီးသတ်ရန် မြန်မာနိုင်ငံသို့ နောက်တစ်ကြိမ် ခရီးသွားရန် ဖြစ်နိုင်သည့်အခါ ဒုတိယပိုင်းကို ထုတ်ပြန်ပေးမည်ဟု ကြေညာခဲ့သည်။[101] ၎င်းမှာ ယနေ့အချိန်အထိ မဖြစ်နိုင်သေးပေ။ စီမံကိန်း၏ အတိုင်းအတာကို ပြန်လည်ဒီဇိုင်းရေးဆွဲရန်နှင့် ပြန်လည်ညှိနှိုင်းရန် ကြိုးပမ်းမှုများသည်လည်း ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနှင့် နိုင်ငံကို လွှမ်းခြုံသွားသော နောက်ဆက်တွဲ အကြမ်းဖက်မှုများကြောင့် အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ ဤစာတမ်းကို ရေးသားနေချိန်တွင် စီမံကိန်းမှာ ဆိုင်းငံ့ထားဆဲ ဖြစ်သည်။

---

[97] Government of Myanmar and Ethnic Armed Organizations, 2015.
[98] KNU representative, personal communication, December 13, 2018.
[99] UNDP SECU, 2022b.
[100] UNDP SECU, 2018.
[101] UNDP SECU, 2022a.

နိဂုံးချုပ်သုံးသပ်ချက်များ

ဤဆောင်းပါးသည် ၂၀၁၀ ပြည့်နှစ်များ နှောင်းပိုင်းတွင် မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌ ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များ၊ ထိခိုက်လွယ်မှုနှင့် ပဋိပက္ခအခြေအနေများအကြား ရှုပ်ထွေးသော အပြန်အလှန် သက်ရောက်မှုများကို လေ့လာစူးစမ်းခဲ့ပြီး လိုက်လျောညီထွေ ဖြစ်အောင် နေထိုင်ရေးသည် နိုင်ငံရေးကင်းလွတ်ပြီး နည်းပညာပိုင်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုတစ်ခု ဖြစ်နိုင်သည် သို့မဟုတ် ဖြစ်သင့်သည်ဟူသော အယူအဆကို စိန်ခေါ်ခဲ့သည်။ ထိုသို့မဟုတ်ဘဲ ဤဆောင်းပါးက လူမှု-နိုင်ငံရေးဆိုင်ရာ အတိုင်းအတာများကို မျက်ကွယ်ပြုပါက ရာသီဥတုနှင့်ဆက်စပ်သော မူဝါဒများနှင့် စီမံကိန်းများသည် လိုက်လျောညီထွေမဖြစ်မှု (maladaptation) သို့မဟုတ် လျော့ပါးသက်သာစေမှု လွဲချော်ခြင်း (malmitigation) သို့ ဦးတည်သွားစေနိုင်ကြောင်းကို သရုပ်ဖော်ပြသထားသည်။ လူမှုရေးဆိုင်ရာ မတရားမှုများကို ထပ်မံဖြစ်ပေါ်စေခြင်းနှင့် အရင်းခံ မကျေနပ်မှုများကို ပိုမိုခိုင်မာစေခြင်းတို့ဖြင့် ထိုကဲ့သို့သော ကြားဝင်ဆောင်ရွက်မှုများသည် ပဋိပက္ခအခြေအနေများကို ပိုမိုဆိုးရွားစေပြီး ထိခိုက်လွယ်မှုများကို ပိုမိုနက်ရှိုင်းစေနိုင်ကာ နောက်ဆုံးတွင် ၎င်းတို့၏ ရည်ရွယ်ရင်းဖြစ်သော ရည်မှန်းချက်များကို ပျက်စီးစေပါသည်။

သို့သော်လည်း အချို့အခြေအနေများတွင် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များကို နိုင်ငံရေးနှင့် ခွဲထုတ်ခြင်းသည် နိုင်ငံတော်မဟုတ်သော ဆောင်ရွက်သူများကို ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ဖြစ်နိုင်ခြေရှိသော ပိတ်ဆို့အရေးယူမှုများ သို့မဟုတ် ကန့်သတ်ချက်များမှ ကာကွယ်ရန်နှင့် ရှိနေဆဲ နိုင်ငံရေးအရ သိမ်မွေ့နူးညံ့မှုများကို ကျော်လွှားနိုင်စေရန်အတွက် လက်တွေ့ကျသော နည်းဗျူဟာတစ်ခု ဖြစ်နိုင်သည်။ ဒက်စ်ပိုးတေးစ်နှင့် မိုယို-ညိုနီတို့က အာဏာရှင်ဆန်ပြီး ပဋိပက္ခသက်ရောက်မှုရှိသော အခြေအနေများတွင် "နိုင်ငံရေးနှင့် ခွဲထုတ်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံတော်မဟုတ်သော ဆောင်ရွက်သူများကို သိမ်မွေ့နူးညံ့သော ကိစ္စရပ်များနှင့် ဆောင်ရွက်သူများအကြား ဆက်ဆံရေးများကို တင်းမာမှု လျှော့ချရန်နှင့် ဘေးကင်းစွာ ဆက်လက်ရပ်တည်နိုင်ရန် မဟာဗျူဟာကျကျ ခွင့်ပြုပေးပုံ" ကို မီးမောင်းထိုးပြထားသည်။[102] ဤအချက်သည် ယနေ့မြန်မာနိုင်ငံအတွက် အထူးသဖြင့် သက်ဆိုင်နေသည်။ ၂၀၂၁ စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေး အကူအညီများ ပေးအပ်မှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က ချမှတ်သော စနစ်ကျသည့် ကန့်သတ်ချက်များဖြင့် ဆိုးရွားစွာ ကန့်သတ်ထားသည်။ ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက မှတ်ချက်ပြုသကဲ့သို့[103] အကူအညီများသည် အလွန်အမင်း

[102] Desportes & Moyo-Nyoni (2022, p. 1098).
[103] UN Office for the Coordination of Humanitarian Affairs, 2024.

နိုင်ငံရေးဆန်လာခဲ့ပြီး မတူညီသော ဆောင်ရွက်သူများက တရားဝင်မှုရရှိရန် ကိရိယာ တစ်ခုအဖြစ် အသုံးပြုနေကြသည်။ ဤအခြေအနေတွင် ရာသီဥတုနှင့်ဆက်စပ်သော အကူအညီများကို မဟာဗျူဟာကျကျ နိုင်ငံရေးနှင့် ခွဲထုတ်ခြင်းသည် အကူအညီပေးရေးဝန်ထမ်းများကို ကာကွယ်စောင့်ရှောက်ရန်နှင့် အကူအညီလိုအပ်သူများထံ အထောက်အပံ့များ ရောက်ရှိရန် သေချာစေရေးအတွက် အထောက်အကူပြုနိုင်သည်။

မည်သို့ပင်ဖြစ်စေ ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များသည် အငြင်းပွားဖွယ်ရာ လူမှု-နိုင်ငံရေး အခင်းအကျင်းများအတွင်း၌ ဖြစ်ပေါ်ပြီး ထိုနေရာများတွင် ၎င်းတို့က အချို့သော ဆောင်ရွက်သူများ၏ အခွင့်အာဏာနှင့် တရားဝင်မှုကို မရည်ရွယ်ဘဲ အားဖြည့်ပေးနိုင်သလို အခြားသူများကိုလည်း ဘေးဖယ်ထုတ်နိုင်သည်ကို အသိအမှတ်ပြုရန် အလွန်အရေးကြီးသည်။ စေတနာကောင်းဖြင့် ပြုလုပ်သော ကြားဝင်ဆောင်ရွက်မှုများပင်လျှင် လူမှုရေးဆိုင်ရာ မတရားမှုများကို ထပ်မံဖြစ်ပေါ်စေပြီး အရင်းခံ မကျေနပ်မှုများကို ပိုမိုဆိုးရွားစေကာ ပဋိပက္ခအခြေအနေများကို ပိုမိုပြင်းထန်စေနိုင်သည့် အန္တရာယ်ရှိသည်။ ဤအကျိုးဆက်များကို ရှောင်ရှားရန် ရာသီဥတုဆိုင်ရာ ဆောင်ရွက်ချက်များအား ရာသီဥတုဆိုင်ရာ တရားမျှတမှု (climate justice) ၏ အခြေခံမူများဖြင့် လမ်းညွှန်ထားရမည်ဖြစ်ပြီး လက်တွေ့ကျင့်သုံးရမည့် ကျင့်ဝတ်တစ်ခုအဖြစ် ပဋိပက္ခအခြေအနေကို သတိပြုကိုင်တွယ်မှု (conflict sensitivity) အပေါ် ကတိကဝတ်ပြုမှုတွင် အခြေပြုရမည် ဖြစ်သည်။

ကိုးကားချက်များကို စာမျက်နှာ (၆၀၁) တွင် ဖော်ပြထားပါသည်။